အဋ္ဌကထာသံဂါယနာ

ပဉ္စမသင်္ဂါယနာ

# သံဂါယနာစိစစ်ခဏ်း

ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု, မဟာဝိဇယာရာမ-ဆရာတော်ဘုရားကြီး၊
အဂ္ဂမဟာပဏ္ဍိတ, မဟာဝိသုတာရာမ-ဆရာတော်ဘုရားကြီး နှစ်ပါး
ဟောပြောတော်မူချက်များနှင့် ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ, မဟာစည်
ဆရာတော် စိစစ်ခဏ်းများ ပါဝင်သည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၂ ကောဇာနှစ် ၁၃၂၀

၂၉၄·၃
မ၁
၁/၆၀

၂၀၄၃၅

အဋ္ဌကထာသံဂါယနာ


ပဉ္စမသန္နိပါတ

# သံဂါယနာစိစစ်ခဏ်း

ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု, မဟာဝိဇယာရာမ-ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ, မဟာဝိသုတာရာမ-ဆရာတော်ဘုရားကြီး နှစ်ပါး ဟောပြောတော်မူချက်များနှင့် ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ, မဟာစည် ဆရာတော် စိစစ်ခဏ်းများ ပါဝင်သည်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့


သာသနာနှစ် ၂၅၀၂ ကောဇာနှစ် ၁၃၂၀



အဋ္ဌကထာသံဂါယနာ ပဌမသန္နိပါတ မဟာဓမ္မသဘင်၌ သံဃနာယကအဖြစ် ဆောင်ရွက်စဉ် ဟောပြောတော်မူသော ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မဟာဝိဇယာရာမ-အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီးပုံတော်။



အဋ္ဌကထာသံဂါယနာ ပဌမသန္နိပါတမဟာဓမ္မသဘင်၌သံဃနာယကအဖြစ် ဆောင်ရွက်စဉ် ဟောပြောတော်မူသော ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မဟာဝိသုတာရာမ အနောက်တိုက် ဆရာတော်ဘုရားကြီး ပုံတော်။



အဋ္ဌကထာသံဂါယနာ ပဌမသန္နိပါတ မဟာမဓ္ဓသဘင်၌ စိစစ်လျှောက်ကြားတော်မူသော ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားပုံတော်။

## အဋ္ဌကထာသံဂါယနာစီစစ်ခဏ်း

# နိဒါန်း

**ဆဋ္ဌသံဂါယနာတင်ခြင်း**

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် သုတ်ဝိနည်းအဘိဓမ္မာ ဟူသော ပိဋကတ်သုံးဖြာ တရားရတနာကို နှစ်ကြာတည်တံ့ အရှည်ခံ့ရန် မြော်ငံ့ရှုယ်ရည်လျက် ရှေးရှေး သာသနာပြုမင်းတို့သည် ပိဋကတ်သုံးပုံဆောင် မဟာထေရ်မြတ်ကြီးများကို အားထားရှေးရှု အမှီပြု၍ စတုပစ္စယမြှောက်ချီးလျက် ကြီးကျယ်သော သံဂါယနာဓမ္မသဘင်ကြီးများကို ငါးကြိမ်တိုင်တိုင် ဆင်ယင်စေခဲ့ကြဘိသကဲ့သို့ ယခုခေတ်တွင် ဗုဒ္ဓသာသနာတော် အထွန်းကားအစည်ပင်ဆုံးဟု ဆိုအပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၌ နိုင်ငံတော်သမ္မတကြီးမှအစ တောင်သူလယ်သမား အလုပ်သမားအဆုံး လူတန်းစားအားလုံး အများဆုံးသော ဗုဒ္ဓဘာသာနွယ်ဝင်တို့ကလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်၏ နှစ်ကြာစည်ပင် ကြည်လင်ထွန်းလင်းနိုင်ရေးကို ရှေးရှုနှလုံးသွင်းကြလျက် နိုင်ငံတော်တွင်းရှိ ပိဋကတ္တယဆောက ဂန္ထန္တရပါရဂူ နေလအတူ ထင်ရှားတော်မူကြသော ဆရာတော်ဘုရားကြီးများကို လျှောက်ထား၍ ထေရဝါဒငါးနိုင်ငံလုံးရှိ ရဟန်းရှင်လူတို့နှင့် တိုင်ပင်ညီညွတ်လျက် ၁၃၁၆-ခုနှစ်မှစ၍ နှစ်နှစ်တိုင်တိုင် ရန်ကုန်မြို့ သိရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ဝယ် ထွဋ်မြတ်ကြီးကျယ် အံ့ဘွယ်သရဲ ထူးကဲစည်ကားလှသော ဆဋ္ဌသံဂီတိ ပါဠိတော်သံဂါယနာကို ငါးရာ ငါးရာစီသော ထေရဝါဒ သံဂီတိကာရက အရှင်မြတ်တို့ တညီတညွတ်တည်း ရွတ်ဖတ်လျက် ငါးရပ် ငါးကြိမ်သော သန္နိပါတတို့ဖြင့် ဓမ္မသဘင် ဆင်ယင်နိုင်ခဲ့လေသည်။

**အဋ္ဌကထာသံဂါယနာ**

ထိုသန္နိပါတ ငါးကဏ္ဍဝေဘန်၍ သံဂါယနာတင်ခဲ့ကြသည့် ပိဋကတ္တယ ဓမ္မတော်အစဉ်သည်—

(၁) ဓမ္မဂမ္ဘီရ = သဘာဝနိရုတ္တိပါဠိ၏ နက်နဲခြင်း။

(၂) အတ္ထဂမ္ဘီရ = ယထာဘူတသဘာဝတ္ထ၏ နက်နဲခြင်း။

(၃) ဒေသနာဂမ္ဘီရ = ထိုဓမ္မအတ္ထ နှစ်ဌာနတို့ကို သဘာဝအလျောက် ရွေးကောက် ဟောပြောမှု၏ နက်နဲခြင်း။

(၄) ပဋိဝေဓေါ ဗြိရ = ထိုသုံးဖြာကို ယထာဘူတ ကျနထင်ရှူ သိမြင်မှု၏ နက်နဲခြင်း-ဟု ဆိုအပ်သော နက်နဲခြင်းလေးဝကြောင့် ပါဠိတော်၏ သဘာဝတ္ထ အလင်းပြဖြစ်သော ပကိဏ္ဏကဒေသနာ အဋ္ဌကထာကို မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူသောအတိုင်း ရှေးရှေးသံဂါယနာသဘင်တို့ဝယ် တင်တော်မူခဲ့ကြသည့် ထုံးတမ်းစဉ်လာအရ ဤဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ရာ၌လည်း အဋ္ဌကထာသံဂါယနာသဘင်ကို ၁၃၁၈-ခု နတ်တော်လပြည့်ကျော် ၉-ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဆက်လက် ဆင်ယင်နဲ့ကြပေသည်။

**အဋ္ဌကထာစိစစ်ချက်များ စိစဉ်ဟောကြားရပုံ**

ဤသို့ အဋ္ဌကထာသံဂါယနာတင် ဆင်ယင်ကျင်းပရာဝယ် ယခင်ပါဠိတော်သံဂါယနာတွင် ပါဠိတော်ဆိုင်ရာ ခဲရာခက်ဆစ် စိစစ်ဝေဘန်စရာတို့ကို အမေးအဖြေပြုလုပ်၍ ထုတ်ပြရှင်းလင်းခဲ့ကြရသကဲ့သို့ အဋ္ဌကထာဆိုင်ရာ ဝေဘန်စရာ အသွယ်သွယ် အဓိပ္ပါယ်ပုဒ်နက် စိစစ်ချက်တို့ကို ထုတ်နုတ်ဟောကြားခြင်းဖြင့် တိက္ခပုဂ္ဂိုလ်တို့ သံသယကင်းရှင်းခြင်း, မန္ဒပုဂ္ဂိုလ်တို့ သိသာထင်ရှားသဒ္ဓါပွါးခြင်းစသော အကျိုးတို့ကို မြော်ကိုးထောက်ရှုတော်မူလျက် ဟောပြောခြင်းငှါ စွမ်းနိုင်သော ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရမဟာထေရ်နှင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်တို့အား ဆဋ္ဌသံဂါယနာ သံဃာ့ဝန်ဆောင်အဖွဲ့က ဟောပြောရေးအတွက် တာဝန်ဆော ်နှင်းတော်မူခဲ့သည့်အတိုင်း အထက်ပါ ဆရာတော်တို့က အဋ္ဌကထာ သံဂါယနာ ပဌမသန္နိပါတမှစ၍ အဋ္ဌကထာစိစစ်ချက်တို့ကို သက်ဆိုင်ရာအဖွင့် သံဝဏ္ဏနာ ့မှတ်သားဘွယ်ရာဝတ္ထု အကိုးအကားတို့ဖြင့် သန္နိပါတတိုင်း နေ့လယ် တနာရီမှ တနာရီ၄၅-မိနစ်အထိ စိစစ်ဟောကြားတော်မူခဲ့ရာ ဓမ္မသဘင်သို တက်ရောက်သော သံဃာတော် အရှင်မြတ်များနှင့် တရားတော်နာ လာရောက်ကြသည့် လူပရိသတ်တို့မှာ မပြတ်သဒ္ဓါပွါး၍ အားရရွှင်လန်း ဝမ်းပန်းတသာ ရှိကြရပေသည်။

**စိစစ်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း**

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကလည်း အဋ္ဌကထာကျမ်းတို့၏ အနှစ်မြုတေဖြစ်သော ယင်းစိစစ်ချက်တို့ကို မပျောက်မပျက်ရန်နှင့် ဓမ္မသဘင်သို့ မဝင်ရောက်မနာ

ကြားနိုင်သော နိုင်ငံတော်တွင်းရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများတို့ ထင်ရှားသိသာ လေ့လာ ကျင့်သုံးနိုင်ကြရေး အတွက် ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန် စီစဉ်ဆုံးဖြတ်ခဲ့သည် ဖြစ်သောကြောင့် ဤအဌကထာ စီစစ်ချက်များကို အသံသွင်းခေတ်ကိုးမှ ကိုးကိုးစားစား ကူးယူလျက် စက်တင်ပုံနှိပ်ခဲ့ခြင်းဖြင့် ဤအဌကထာစီစစ်ချက်ဟူသော ကျမ်းစာတဆူသည် ထွက်ပြူဖြစ်ပေါ်၍ လာခဲ့ရပေသည်။

**ဤကျမ်းစာဖြင့် သာသနာစောင့် ရှောက်နိုင်ပါစေ**

ဤအဌကထာ စီစစ်ချက် ကျမ်းစာကို ဖတ်ရှုခြင်းဖြင့် အဌကထာ ကျမ်းတို့ဝယ် မြုပ်ကွယ်နေသော အနက် အဓိပ္ပါယ်တို့ကို အလွယ်တကူ သိမြင်နိုင်သဖြင့် ယခင်က ထွက်ပေါ်ပြီးသော ပါဠိတော် အမေးအဖြေ ဖြစ်သည့် သံဂါယနာအမေးအဖြေကျမ်းနှင့် ပါဠိတော် မြန်မာပြန်ခေါ် မြန်မာပိဋကတ် ကျမ်းစာများ၏ အဓိပ္ပါယ်အခက်အခဲတို့ကို နက်နဲသလောက် ထိရောက်စွာ စိတ်ဖြာလျက် သိသာပွင့်လင်းအောင် သန့်ရှင်းစွာ စီစစ်ထားသည်ဖြစ်ရကား ယခင်ကျမ်းများကို ကြည့်ရှုဘူးသူတို့အဖို့ ပိုမို၍အသိဉာဏ် တိုးပွါးလျက်၊ ယခင်ကျမ်းများကို မကြည့်ရှုရသူတို့ အဖို့လည်း အဌကထာ ဗုဒ္ဓဘာသိတ ပကိဏ္ဏကဒေသနာအဓိပ္ပါယတ္ထတို့ကို ကျကျနန သိမြင်နိုင်မည် ဖြစ်သဖြင့်၊ မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍နေကြကုန်သော ရတနာခုနစ်ပါးတို့ကို လွယ်လင့်တကူ ယူဆောင်သုံးစွဲနိုင်သကဲ့သို့၊ အံ့ဘွယ်ရှစ်ဖြာ မဟာသမုဒ္ဒရာ အလား မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးမှ ဝိမုတ္တိရသ အမတ အမြိုက် ချမ်းသာတိုက်ကြီးကို နှိုက်ယူသုံးစွဲနိုင်ကြမည်ဖြစ်သောကြောင့်၊ ဤ အဌကထာ စီစစ်ချက်ကျမ်းစာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်း မှီတင်းနေထိုင်ကြသူ ရဟန်းရှင်လူတိုင်း ရှင်ဖြူနှစ်သိမ့် ပီတိစိမ့်အောင် တမြိန့် မြိန့်လေ့လာကြပြီးလျှင် ဗုဒ္ဓဘာသာ သာသနာကို နှစ်ကြာတိုးတက် ရောင်ဝါ ထွက်အောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

အဂ္ဂမဟာပဏ္ဍိတ အရှင်နာဂဝံသာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ
အကျိုးတော်ဆောင် ဆရာတော်များ
ဆဌသံဂါယနာ ဝန်ဆောင်သံဃာအဖွဲ့။

ပဥ္စမသန္နိပါတ

အဋ္ဌကထာသံဂါယနာစီစစ်ခဏ်း

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **မဟာဝိဇယာရာမ တရားပွဲ** | |
| အဋ္ဌကထာသည် ဘုရားဟော .... .... .... .... | ၁ |
| ပါဠိဆရာတဦး၏ လျှောက်ပြောင်မှု .... .... .... | ၂ |
| ငါလည်း မင်းလိုပါဘဲ .... .... .... .... | ၂ |
| ရေးချင်ရာ ရေးထားသည်မဟုတ် .... .... .... | ၂ |
| အစုအပုံကြီး ဥပမာ .... .... .... .... | ၃ |
| ရှေးသံဂါယနာသုံးတန်နှင့် အဋ္ဌကထာ.... .... .... | ၃ |
| ပိဋကတ်တော်ကို တာဝန်ခွဲဝေခြင်း .... .... .... | ၄ |
| အဋ္ဌကထာများ ပြုခဲ့ကြခြင်း .... .... .... .... | ၄ |
| ဆရာဗုဒ္ဓဃောသ အဋ္ဌကထာသစ်များ .... .... .... | ၅ |
| ပဥ္စမ-နှင့် ဆဋ္ဌသံဂါယနာ .... .... .... .... | ၆ |
| **မဟာဝိသုတာရာမ တရားပွဲ** | |
| သံဂါယနာတင်ရခြင်း .... .... .... .... | ၇ |
| ဘာသာလက်ဆောင်ပေးပါ .... .... .... .... | ၉ |
| သံဂါယနာမှ အကျိုးထူးအမြတ်များ .... .... .... | ၁၂ |
| စားအုပ်ကောင်းတွေ .... .... .... .... | ၁၂ |
| ရင်းနှီးမှု အမြတ် .... .... .... .... | ၁၃ |
| အမေရိကန်ရဲ့ မေးခွန်း .... .... .... .... | ၁၄ |
| ဗမာကို ကမ္ဘာကအမြင် .... .... .... .... | ၁၅ |
| နတ်ပြည်သွားမည့်သူတွေ .... .... .... .... | ၁၅ |
| သိပြီးလျှင် ကျင့်ကြပါ .... .... .... .... | ၁၆ |
| သုဒ္ဓိလေးပါး .... .... .... .... | ၁၇ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| **မဟာစည်ဆရာတော် စီစစ်ခဏ်းများ** | |
| **ဝိနည်းအဋ္ဌကထာနိဒါန်း** .... .... .... .... | ၂၁ |
| **ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်ခြင်း** | |
| **(၁) ကသ္မီရဂန္ဓာရတိုင်း သာသနာပြုအဖွဲ့** .... .... .... | ၂၃ |
| အာသီဝိသောပမသုတ်တော် .... .... .... .... | ၂၇ |
| ပဌမ ဥပမာ .... .... .... .... | ၂၉ |
| ဒုတိယ ဥပမာ .... .... .... .... | ၃၂ |
| တတိယ ဥပမာ .... .... .... .... | ၃၄ |
| စတုတ္ထ ဥပမာ .... .... .... .... | ၃၆ |
| ပဉ္စမ ဥပမာ .... .... .... .... | ၃၈ |
| ဆဋ္ဌ ဥပမာ .... .... .... .... | ၄၀ |
| ဒိဘက်ကမ်း .... .... .... .... | ၄၂ |
| ဟိုဘက်ကမ်း .... .... .... .... | ၄၄ |
| နိဗ္ဗာန် အချောင်သမားတွေ .... .... .... .... | ၄၅ |
| **(၂) မဟိံသကတိုင်း သာသနာပြုအဖွဲ့** .... .... .... | ၄၈ |
| **(၃) ဝနဝါသီတိုင်း သာသနာပြုအဖွဲ့** .... .... .... | ၄၇ |
| **(၄) အပရန္တတိုင်း သာသနာပြုအဖွဲ့** .... .... .... | ၄၉ |
| ဒါရုစီရိယ .... .... .... .... | ၄၉ |
| **(၅) မဟာရဋ္ဌတိုင်း သာသနာပြုအဖွဲ့** .... .... .... | ၅၁ |
| မဟာနာရဒဇာတ်တော် .... .... .... .... | ၅၂ |
| အာဒါတ စစ်သူကြီး .... .... .... .... | ၅၄ |
| ဗီဇကဖြစ်ထွေ .... .... .... .... | ၅၅ |
| ဥစ္စေဒဝါဒီတို့ နှုတ်ဆက်နည်း .... .... .... .... | ၅၆ |
| သမီးတော် ရုစာဒေဝီ .... .... .... .... | ၅၇ |
| အတိတ်က အကြောင်း .... .... .... .... | ၆၁ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| ယောကျ်ားဘဝ လိုချင်လျှင် | ၆၅ |
| မိန်းမဘဝ | ၆၆ |
| သစ္စာအဓိဋ္ဌာန်ပြုခြင်း | ၆၈ |
| နတ်ဆိုတာ ရှိသလား | ၆၈ |
| ဇာတ်ပေါင်းခန်း | ၇၀ |
| **(၆) ယောနကတိုင်း သာသနာပြုအဖွဲ့** | ၇၀ |
| ကာဋ္ဌကာရာမသုတ်တော် | ၇၁ |
| ဂုဏ်တော်အနန္တ | ၇၂ |
| ကာဋ္ဌ လေးပါး | ၇၃ |
| တာဒိ ပုဂ္ဂိုလ် | ၇၄ |
| **(၇) ဟိမဝန္တာအရပ် သာသနာပြုအဖွဲ့** | ၇၅ |
| **(၈) သုဝဏ္ဏဘူမိ သာသနာပြုအဖွဲ့** | ၇၇ |
| **(၉) သီဟိုဠ် သာသနာပြုအဖွဲ့** | ၈၂ |
| တောလည်ထွက်သည့် ဓလေ့ | ၈၄ |
| ကျောင်းသားနှင့်သာမဏေ | ၈၈ |
| မဟာဝိဟာရကျောင်းတိုက် | ၈၉ |
| ထူပါရုံစေတီတော်ကြီး | ၉၀ |
| ဘိက္ခုနီ သာသနာ | ၉၀ |
| မဟာစေတီ တည်မည့်နေရာ | ၉၁ |
| သာသနာ အမြစ်တွယ်မှု | ၉၁ |
| **အဇ္ဈတ္တိကနိဒါန်း** | |
| အဋ္ဌကထာသစ်၏ ဂုဏ်ရည် | ၉၅ |
| အရဟံဂုဏ်တော် ငါးနည်း | ၉၇ |
| ရဟန္တာများ | ၉၈ |
| အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကြီး | ၉၉ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| အရိန် ဟတတ္တာ အရဟံ .... .... .... .... | ၁၀၂ |
| အရ-ဟံ .... .... .... .... | ၁၀၃ |
| အ-ရဟံ .... .... .... .... | ၁၀၅ |
| အရဟံ .... .... .... .... | ၁၀၆ |
| မြင်းမိုရ်တောင်လောက် ပန်းကုံးကြီး .... .... .... | ၁၀၇ |
| ပူဇော်ထိုက်မှ အရဟံ မည်သည် .... .... .... | ၁၀၈ |
| မြေကောင်းမှ စိုက်ပျိုးရသလို.... .... .... .... | ၁၀၈ |
| ဘာဖြစ်လို့ ပူဇော်သလဲ .... .... .... .... | ၁၀၉ |


## သိက္ခာပုဒ်တော်


| | |
|---|---|
| ပါတိမောက္ခသံဝရ သီလ .... .... .... .... | ၁၁၁ |
| လောကဥပဒေများလို .... .... .... .... | ၁၁၂ |
| ရဟန်းရှစ်မျိုး .... .... .... .... | ၁၁၃ |
| ဖေဟိဘိက္ခု ရဟန်း .... .... .... .... | ၁၁၃ |
| သရဏဂုံ ရဟန်း .... .... .... .... | ၁၁၅ |
| ဩဝါဒခံ ရဟန်း .... .... .... .... | ၁၁၅ |
| ပြဿနာဖြေ ရဟန်း .... .... .... .... | ၁၁၅ |
| ဂရုခံ ရဟန်း .... .... .... .... | ၁၁၅ |
| ဒူတ ရဟန်း နှင့် အဋ္ဌဝါစိက ရဟန်း .... .... .... | ၁၁၅ |
| ဉတ္တိစတုတ္ထ ရဟန်း .... .... .... .... | ၁၁၆ |
| သမညာယဘိက္ခု .... .... .... .... | ၁၁၇ |
| ပဋိညာယဘိက္ခု .... .... .... .... | ၁၁၈ |
| ကောင်းတဲ့အကျင့်ရှိလျှင် ရဟန်း .... .... .... | ၁၂၀ |
| သုတ်နှင့်ဆိုင်တဲ့ရဟန်း .... .... .... .... | ၁၂၁ |
| သိက္ခာ သုံးပါး .... .... .... .... | ၁၂၂ |
| ရိုးရိုး သီလ .... .... .... .... | ၁၂၃ |
| ဘာသာခြားက နှိုင်းယှဉ်မှု .... .... .... .... | ၁၂၄ |
| သီလရဲ့ အကျိုးတွေ .... .... .... .... | ၁၂၅ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| အဓိသီလ .... .... .... .... | ၁၂၆ |
| ရိုးရိုး စိတ္တ .... .... .... .... | ၁၂၇ |
| အဓိစိတ္တ .... .... .... .... | ၁၂၈ |
| ရိုးရိုး ပညာ .... .... .... .... | ၁၂၉ |
| ပညာနှင့်သညာ .... .... .... .... | ၁၃၀ |
| သာသနာပ အခါ .... .... .... .... | ၁၃၁ |
| အင်္ကုရ ဝတ္ထု .... .... .... .... | ၁၃၂ |
| အင်္ကုရနှင့် ဣန္ဒက .... .... .... .... | ၁၃၆ |
| အဓိပညာ .... .... .... .... | ၁၃၇ |
| သာဇီဝ ပြည့်စုံခြင်း .... .... .... .... | ၁၃၈ |
| **သာသနာ ငါးထောင်** .... .... .... .... | ၁၃၉ |
| ယုဂ ငါးမျိုး .... .... .... .... | ၁၄၄ |
| ထေရဝါဒ .... .... .... .... | ၁၄၆ |
| ဝိနည်း နိဂုံး .... .... .... .... | ၁၄၇ |
| ဥပဒ္ဒဝေါ .... .... .... .... | ၁၄၉ |
| ဝိသုဒ္ဓိမဂ် ခြောက်လ .... .... .... .... | ၁၅၀ |


## ဒီဃနိကာယ် မာတိကာ


| | |
| --- | --- |
| ပဏ္ဏာမ ဂါထာ .... .... .... .... | ၁၅၅ |
| မဟာကရုဏာတော် .... .... .... .... | ၁၅၅ |
| ဘုရားကိုယ်တိုင် ဖွင့်ခြင်း .... .... .... .... | ၁၅၈ |
| ဝိသုဒ္ဓိမဂ် ဂုဏ်ရည် .... .... .... .... | ၁၆၁ |
| သုတ္တန် အဓိပ္ပါယ် .... .... .... .... | ၁၆၅ |
| အရေးအကြီးဆုံး တရား .... .... .... .... | ၁၆၆ |
| ဗမာပြည်နှင့် သုတ္တန်တရား .... .... .... .... | ၁၆၇ |
| အကျိုးတရားတွေ .... .... .... .... | ၁၆၈ |
| သိက္ခာသုံးပါးစုံတဲ့သုတ် .... .... .... .... | ၁၇၀ |
| အနာနှင့်ဆေး ကိုက်အောင်ပေး .... .... .... | ၁၇၂ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| သဘာဝဓမ္မကိုလဲ ဟောသည် .... .... .... .... | ၁၇၂ |
| စာသင်ကျောင်းများလို .... .... .... .... | ၁၇၃ |
| အနုပုဗ္ဗ သူဌေးသား .... .... .... .... | ၁၇၄ |
| သုတ်တရားဆိုတာ မလွယ် .... .... .... .... | ၁၈၀ |

**သာမညဖလသုတ်တော်**

| | |
|---|---|
| သာမညဖလသုတ် ဟောသည့်နှစ် .... .... .... | ၁၈၃ |
| သမ္ဗောဇ္ဈင် တရား .... .... .... .... | ၁၈၄ |
| အဘိက္ကန္တေ ပဋိက္ကန္တေ .... .... .... .... | ၁၈၅ |
| သာတ္ထကသမ္ပဇဉ် .... .... .... .... | ၁၈၈ |
| ဘုရားနှင့် စေတီ .... .... .... .... | ၁၈၉ |
| ဘုရားအာရုံပြုသည့် ပီတိ .... .... .... .... | ၁၉၀ |
| ပီတိကို ဝိပဿနာရှု .... .... .... .... | ၁၉၂ |
| ကေစိဝါဒ မဆိုးလှ .... .... .... .... | ၁၉၆ |
| သပ္ပါယ သမ္ပဇဉ် .... .... .... .... | ၁၉၈ |
| အသုဘရှုလုပ်ငန်း .... .... .... .... | ၁၉၉ |
| ဝိသဘာဂ အာရုံ .... .... .... .... | ၂၀၃ |
| အချင်းချင်း အပြန်အလှန် .... .... .... .... | ၂၀၄ |
| ဂေါစရ သမ္ပဇဉ် .... .... .... .... | ၂၀၇ |
| ပုဂ္ဂိုလ် လေးမျိုး .... .... .... .... | ၂၀၉ |
| (၁) အသွားပါ၍ အပြန်မပါတဲ့ပုဂ္ဂိုလ် .... .... | ၂၀၉ |
| စေတီနှင့် ဗောဓိပင် .... .... .... .... | ၂၁၀ |
| ကမ္မဋ္ဌာန်းကို အဦးမူ၍ .... .... .... .... | ၂၁၂ |
| (၂) အပြန်ကျမှ ကမ္မဋ္ဌာန်းပါတဲ့ပုဂ္ဂိုလ် .... .... | ၂၁၅ |
| သီဟိုဠ်ကျွန်းမှာ .... .... .... .... | ၂၁၆ |
| (၃) အသွားအပြန် မပါတဲ့ပုဂ္ဂိုလ် .... .... .... | ၂၁၇ |
| စေတောခီလ ငါးပါး .... .... .... .... | ၂၁၈ |
| စေတောဝိနိဗန္ဓ ငါးပါး .... .... .... .... | ၂၁၈ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| (၄) အသွားအပြန် ကမ္မဋ္ဌာန်းပါတဲ့ပုဂ္ဂိုလ် | ၂၂၀ |
| စိတ်ကို ရှုနည်း | ၂၂၁ |
| မဟာဖုဿဒေဝ မထေရ် | ၂၂၃ |
| မဟာနာဂ မထေရ်ကြီး | ၂၂၃ |
| မထေရ် ငါးကျိပ် | ၂၂၄ |
| မနှေးမမြန် ခြေလှမ်း | ၂၂၅ |
| အကျိုးထူးတွေ | ၂၂၆ |
| အသမ္မောဟ သမ္ပဇဉ် | ၂၂၆ |
| အတ္တစွဲကြီး | ၂၂၇ |
| အဋ္ဌိသင်္ခါတော | ၂၂၉ |


## အဘိဓမ္မပိဋကတော် မာတိကာ


| | |
| --- | --- |
| ဂန္ဓာရမ္ဘ ကျမ်းဦးဂါထာများ.... | ၂၃၁ |
| ပဏ္ဏသာတိမင်း | ၂၃၃ |
| အစေလကဿပ | ၂၃၃ |
| ကိုးကွယ်ရာ ဒေဝ | ၂၃၈ |
| မြတ်စွာဘုရားလျှင် အရင်းခံရှိသည် | ၂၄၀ |
| အဘိဓမ္မာဆိုတာ ဘာလဲ | ၂၄၃ |
| အဘိဓမ္မာနှင့် ဝိနည်း | ၂၄၆ |
| သုတ္တန်ထက်သာပုံ | ၂၄၇ |
| သုတ္တန်မှာလဲ ပရမတ်ဟောသည် | ၂၄၈ |
| ပုတ်ခတ်ရာရောက်သည် | ၂၅၀ |
| ဓမ္မသင်္ဂဏီ ဝေဘန်ပုံ | ၂၅၁ |
| ပတိပူဇိကာ ဝတ္ထု | ၂၅၃ |
| ခြေတလှမ်း ကုသိုလ်-၅၆ | ၂၅၄ |
| ဓမ္မပဒဋ္ဌိကာ | ၂၅၅ |
| အနှစ်တရာနှင့် တရက် | ၂၅၆ |
| အဘိဓမ္မာ ပရိစ္ဆေဒ | ၂၅၉ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|
| ဝိတဏ္ဍာဝါဒီ | ၂၅၉ |
| ၂၁၈-နှင့် ၂၃၄ | ၂၆၀ |
| နည်းပေးလမ်းပြ ဟောခဲ့သည် | ၂၆၁ |
| မဓုပိဏ္ဍိကသုတ် ထုံး | ၂၆၂ |
| အရှင်မဟာကစ္စည်း | ၂၆၃ |
| အကျယ်ချဲ့ ဟောခြင်း | ၂၆၆ |
| မန္ဒာတ်စကြဝတေးမင်းကြီး | ၂၆၇ |
| ငြိမ်းတယ်ဆိုတာ နှစ်မျိုး | ၂၆၉ |
| ဝိပဿနာ အမြင်သန်တဲ့ပုဂ္ဂိုလ် | ၂၇၀ |
| ဋီကာရှင်းချက် | ၂၇၁ |
| သမုဒ္ဒရာကြီးလေးမျိုး | ၂၇၂ |
| (၁) သံသရာ ပင်လယ်ကြီး | ၂၇၃ |
| သံသရာအစ ရှိသတဲ့ | ၂၇၄ |
| (၂) ရေ ပင်လယ်ကြီး | ၂၇၅ |
| (၃) နည်း ပင်လယ်ကြီး | ၂၇၅ |
| တိဿဒတ္တ မထေရ်ကြီး | ၂၇၆ |
| (၄) ဉာဏ် ပင်လယ်ကြီး | ၂၇၇ |
| ပြလိုရင်းမှာ နယသာဂရ | ၂၇၈ |
| ရတနာဃရ | ၂၇၉ |
| သမုဒ္ဒရာ ငါးကြီးများလို | ၂၈၀ |
| ရောင်ခြည်တော်တွေ | ၂၈၁ |
| အဘိဓမ္မာ ဟောချိန် | ၂၈၂ |
| လင်းနို့သား ရဟန်းငါးရာ | ၂၈၄ |

**ကာယဝိညတ် စီစစ်ခြင်း**

| | |
|---|---|
| လှုပ်ရှားလာနိုင်ပုံ | ၂၈၇ |
| နွားခုနစ်ရှဉ်း ဥပမာ | ၂၈၈ |
| ဒိဿနိကာယ်တုန်းက စကားဆက် | ၂၈၉ |

| အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- |
| ခေါက်လေးပါး၏ အချင်းချင်း ဦးဆောင်ချိန် .... .... | ၂၉၁ |
| အကြွ,အချီ ရှုနည်း .... .... .... .... | ၂၉၃ |
| ရုပ်နာမ် လျှင်မြန်ပုံ ဥပမာ .... .... .... .... | ၂၉၅ |
| ရုပ်သိလျှင် နာမ်ပါသိ၏ .... .... .... .... | ၂၉၆ |
| လက္ခဏာရေးဖြင့်သိလျှင် အသမ္မောဟ .... .... | ၂၉၈ |

**နိယာမတရားဖြင့် စိစစ်ခဏ်း**

| | |
| --- | --- |
| (၁) ဗီဇနိယာမ .... .... .... .... | ၂၉၉ |
| (၂) ဥတုနိယာမ .... .... .... .... | ၃၀၀ |
| (၃) ကမ္မနိယာမ .... .... .... .... | ၃၀၀ |
| ကံနှင့်တူသော အကျိုး .... .... .... .... | ၃၀၁ |
| ကျိုးတကောင် ဖြစ်ထွေ .... .... .... .... | ၃၀၂ |
| သဘော်သူကြီးကတော်ကလေး .... .... .... | ၃၀၂ |
| ရဟန်းတော် ခုနစ်ပါး .... .... .... .... | ၃၀၄ |
| ကျိုး၏ အတိတ်ကံ .... .... .... .... | ၃၀၅ |
| သဘော်သူကြီးကတော်၏ အတိတ်ကံ .... .... .... | ၃၀၅ |
| ရဟန်းတော်ခုနစ်ပါး၏ အတိတ်ကံ .... .... .... | ၃၀၆ |
| အကုသိုလ်ကံဆိုက်လျှင် ပြေးမလွတ် .... .... .... | ၃၀၇ |
| ကုသိုလ်ကံအကျိုးပေး .... .... .... .... | ၃၀၈ |
| (၄) ဓမ္မနိယာမ .... .... .... .... | ၃၀၉ |
| (၅) စိတ္တနိယာမ .... .... .... .... | ၃၀၉ |
| အဋ္ဌသာလိနီ နိဂုံး .... .... .... .... | ၃၁၀ |

မာတိကာ ပြီး၏။

အဋ္ဌကထာ

# သံဂါယနာစိစစ်ခြင်း

ပခုက္ကူမြို့
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
မဟာဝိဇယာရာမ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၏

## ဟောပြောတော်မူချက်

အဋ္ဌကထာ သံဂါယနာ ပဋ္ဌမသန္နိပါတ (၂-၁-၅၇)နေ့နှင့် (၃-၁-၅၇) နေ့များ၌ သံဃနာယကအဖြစ် ဆောင်ရွက်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ **ပခုက္ကူမြို့ မဟာဝိဇယာရာမ အရှေ့တိုက်သစ်ဆရာတော်ဘုရားကြီး**က အဋ္ဌကထာများသည် သဗ္ဗညုမြတ်စွာဘုရားကိုယ်တိုင် ဟောတော်မူခဲ့သည့် ဗုဒ္ဓဘာသိတ ပကိဏ္ဏကဒေသနာမျိုးဖြစ်၍ ပဋ္ဌမ ဒုတိယ တတိယ သံဂါယနာ တင်စဉ်အခါက သံဂီတိကာရက ရဟန္တာမထေရ်မြတ်တို့ကိုယ်တိုင် သံဂါယနာတင်ထားခဲ့ကြောင်းကို ဆိုင်ရာ ဆိုင်ရာ နိကာယ်တခု၏ အစ၌ အဋ္ဌကထာဆရာကိုယ်တိုင် မိန့်မြွက်ဖွင့်ဆိုထားခဲ့ပုံစသော မှတ်သင့်မှတ်ရာ အကြောင်းများကို ဟောကြားတော်မူလေသည်၊ ထိုဟောကြားချက်များကို အတိုချုံး၍ အောက်တွင် ဖော်ပြလိုက်ပါကြောင်း။

### အဋ္ဌကထာသည် ဘုရားဟော

အဋ္ဌကထာ ဟူသည် ထိုထိုသိက္ခာပုဒ် ထိုထိုသုတ်တို့၌ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားအပ်၊ ဖြစ်စေအပ်သော ဒေသနာတော်မျိုးဖြစ်၍ ဘဂဝံ မူလက, ဗုဒ္ဓဘာသိတ, ပကိဏ္ဏက ဒေသနာတော်မျိုးပင် ဖြစ်ကြောင်းကို သာရတ္ထဒီပနီဋီကာ၌ ဝိဂြိဟ်ဝစနတ္ထနှင့်တကွ မိန့်ဆိုတော်မူခဲ့သည်။

## ပါဠိဆရာတဦး၏လှောင်ပြောင်မှု

လွန်ခဲ့သော အနှစ် ၃၀-လောက်က ရန်ကုန်သို့ ကိစ္စတခုရှိ၍ ဆရာတော်ကိုယ်တိုင် ကြွလာခဲ့ရာ၌ စာပုံနှိပ်တိုက် တခုမှ ပါဠိဆရာတဦးက လာရောက်ဖူးမျှော်ကြောင်း၊ ထိုပါဠိဆရာအား မိမိက အဋ္ဌကထာဆိုတာဟာ ဘုရားဟောဒေသနာတော်ဘဲ ဟု ပြောလိုက်ရာ ထိုပါဠိဆရာက မိမိအား လှောင်ပြောင်သည့် သဘောဖြင့် ဟတ်ဟက်ပက်ပက် ရယ်မောပြီး ဆရာတော်ဘုရား တပည့်တော်ဟာ မန္တလေးမှာ ပညာသင်ကြားခဲ့တာ ဆယ်နှစ်ကြာပါသည်၊ ဆရာတော်ဘုရား ယခုပြောသလို အဋ္ဌကထာဆိုတာ ဘုရားဟောဒေသနာပင် ဖြစ်ကြောင်း ဘယ်ဆရာတော်ဘုရားကြီးများကမှ မိန့်ကြားသံကို မကြားဘူးခဲ့ပါ ဟု လျှောက်ထားကြောင်း။

## ငါလည်းမင်းလိုပါဘဲ

ထိုအခါ မိမိက အေးကွဲ့....ဒကာ....ငါလည်း မန္တလေးမှာ ၆-နှစ်ခွဲကြာပါတယ်၊ မင့်လိုဘဲ ဘယ်ဆရာတော်ကြီးများကမှ မိန့်ကြားလိုက်သည်ကို မကြားရပါဘူး၊ သို့ပေမဲ့ သာရတ္ထဒီပနီဋီကာမှာ တတ္ထ တတ္ထ ဘဂဝတာ ပဝတ္တာပိတာ ပကိဏ္ဏကဒေသနာယေဝ ဟိ အဋ္ဌကထာ ဟု အထင်အရှားရှိသားဘဲ ဟု ပြောလိုက်တော့ ထိုဒကာ သတိရသွားဟန်တူပြီး မှန်ပါတယ်ဘုရား ဒီပါဠိကို တပည့်တော်တို့လည်း တွေ့မိသားဘဲ၊ သို့ပေမဲ့ ရုတ်တရက်ဆိုတော့ အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားပြီး ဆရာတော်ဘုရားကို လှောင်ပြောင်သလို ပြုမိပါသဖြင့် အပြစ်မှ ခွင့်လွှတ်တော်မူပါ ဟု ကန်တော့ဝန်ချသည်ကို ကြုံခဲ့ရဘူးကြောင်း။

## ရေးချင်ရာရေးထားသည်မဟုတ်

အဋ္ဌကထာဆိုတာ ဘုရားအလိုတော်ကိုသိတဲ့ ဗုဒ္ဓမတညုအဋ္ဌကထာကျမ်းပြုပုဂ္ဂိုလ်များက ပြုစုရေးသားသွားတယ် ဟု နားလယ်နေကြတော့ ရုတ်တရက်အနေ အမှုမဲ့ အမှတ်မဲ့အားဖြင့် ဘုရားဟောမဟုတ်ဘူးလို့ အထက်က ဖော်ပြခဲ့တဲ့ ပါဠိဆရာလိုဘဲ အထင်မှားတတ်ကြသည်၊ အဲဒါကို သတိပြုပြီး အဋ္ဌကထာဆရာများက သူတို့ရေးချင်ရာ ရေးတာမဟုတ်ဘူး၊ ဘုရားဟောထားတဲ့ ပကိဏ္ဏကဒေသနာတွေ စုပေါင်းပြီး တခဏ်းစီ တခဏ်းစီ သီးသန့်ရေးသားခဲ့တယ်ဆိုတာကို သဘောပေါက်ဖို့ လိုအပ်ပါသည်။

## အစုအပုံကြီးဥပမာ

ဥပမာတခုပြောရလျှင် ဘုရားမှာ လှူထားတဲ့ ပန်းတွေဟာ အရောင်အမျိုးမျိုးနှင့် အစုအပုံကြီးရှိပါလိမ့်မည်၊ အဲသည် အစုအပုံကြီးဟာ ဘုရားရှင်ရဲ့ အစုအပုံ ဘုရားရှင်ရဲ့ ပန်းတွေပါဘဲ၊ အဲသည်ပန်းတွေကို ပန်းသီကုံးတဲ့ ပုဂ္ဂိုလ်က အဝါပန်းကုံးမျိုး၊ အနီပန်းကုံးမျိုး၊ အဖြူပန်းကုံးမျိုး ဟု သီးသန့်ရွေးချယ်လိုက်တဲ့အခါ အရောင်ချင်း အမျိုးချင်း ခြားသွားတဲ့ ပန်းကုံးတွေဖြစ်လာပါတယ်၊ အဲဒီပန်းကုံးတွေကို သီကုံးတဲ့လူရဲ့ပန်းကုံးလို့ မဆိုရဘဲ ဘုရားရှင်ရဲ့ ပန်းကုံးလို့သာ ဆိုရပါလိမ့်မည်။

ထို့အတူ ဘုရားဟော ပကိဏ္ဏက ဒေသနာတော် အပုံကြီးထည်းက အဋ္ဌကထာ ဆရာများက ဝိနည်းနှင့် ဆိုင်ရာကို ဝိနည်းမှာပြခဲ့တယ်၊ ဒီဃနိကာယ်နှင့် ဆိုင်ရာကို ဒီဃနိကာယ်မှာ ပြခဲ့တယ်၊ မဇ္ဈိမနိကာယ်နှင့်ဆိုင်ရာကို မဇ္ဈိမနိကာယ်မှာ ပြခဲ့တယ်၊ သံယုတ္တနိကာယ်နှင့်ဆိုင်ရာကို သံယုတ္တနိကာယ်မှာ ပြခဲ့တယ်၊ အင်္ဂုတ္တရနိကာယ်နှင့်ဆိုင်ရာကို အင်္ဂုတ္တရနိကာယ်မှာ ပြခဲ့တယ်၊ အဲဒီလို သီးသန့်ခြားနားပြီး ဘုရားရှင်ရဲ့ ပကိဏ္ဏကဒေသနာတော်တွေကို ရွေးထုတ် သီကုံးပြလိုက်တော့ ဝိနယအဋ္ဌကထာ၊ ဒီဃနိကာယအဋ္ဌကထာ၊ မဇ္ဈိမနိကာယအဋ္ဌကထာ၊ သံယုတ္တနိကာယအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယအဋ္ဌကထာ စသည်ဖြင့် အဋ္ဌကထာ အမည်တွေနှင့် ပေါ်လာကြတာပါဘဲ။

## ရှေးသံဂါယနာသုံးတန်နှင့်အဋ္ဌကထာ

အဋ္ဌကထာများသည် ဘုရားဟောပကိဏ္ဏက ဒေသနာတော်အစစ် ဖြစ်လို့ ပဌမ၊ ဒုတိယ၊ တတိယ သံဂါယနာသုံးတန် တင်စဉ်အခါကပင် ရဟန္တာမထေရ်မြတ်တို့သည် ပါဠိတော် သံဂါယနာတင်ပြီးလျှင် အဋ္ဌကထာများကိုပါ သံဂါယနာတင်ထားခဲ့ကြကြောင်းကို ဒီဃနိကာယ်အဋ္ဌကထာ အစမှာလည်း မိန့်ခဲ့သည်၊ မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် အဋ္ဌကထာများရဲ့ အစမှာလည်း အခိုင်အမာ မိန့်ဆိုထားလျက်ရှိပုံ စသော အဋ္ဌကထာနှင့် ပတ်သက်၍ မှတ်သားဖွယ်များကို ဟောကြားမိန့်မြွက် သွားတော်မူကြောင်း။

## ပိဋကတော်ကိုတာဝန်ခွဲဝေခြင်း

(၃-၁-၅၇ နေ့ ဟောတော်မူချက်များ)

ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိလိုဏ်ဂူတော်ကြီး၌ အရှင်မဟာကဿပအစရှိသော ရဟန္တာမထေရ်မြတ်ကြီး ငါးရာတို့ ပဌမသံဂါယနာသဘင်ကြီး ဆင်ယင်ကျင်းပပြီးစီးကြသောအခါ ပိဋကတော်များကို စောင့်ရှောက်ထိန်းသိမ်းတော်မူကြရန် သာသနာ့ရှေ့ဆောင် မထေရ်မြတ်ကြီးတို့အား တာဝန်အသီးသီး ခွဲဝေ၍ အပ်နှင်းတော်မူလိုက်ကြကုန်၏။

ထိုသို့ အပ်နှင်းခံရသည့် တာဝန်ခံမထေရ်တို့မှာ ဝိနယပိဋကကို အရှင်ဥပါလိမထေရ်နှင့်တပည့်များတို့အား အပ်နှင်းလိုက်ကြကုန်၏၊ ဒီဃနိကာယ်ကို ဓမ္မဘဏ္ဍာဂါရိကကြီး အရှင်အာနန္ဒာမထေရ်နှင့် တပည့်တပန်း ရဟန္တာ မထေရ်တို့အား အပ်နှင်းလိုက်ကြကုန်၏၊ မဇ္ဈိမနိကာယ်ကို ဓမ္မသေနာပတိကြီးအရှင်သာရိပုတ္တရာ၏ တပည့် ရဟန်းတော်တို့အား အပ်နှင်းလိုက်ကြကုန်၏၊ (ထိုအချိန်၌ အရှင်သာရိပုတ္တရာ မရှိပြီ)။ သံယုတ္တနိကာယ်ကို အရှင်မဟာကဿပမထေရ်နှင့် တပည့်ရဟန်းတော်တို့အား အပ်နှင်းလိုက်ကြကုန်၏၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါ မထေရ်နှင့် တပည့်ရဟန်းတော်တို့အား အပ်နှင်းလိုက်ကြကုန်၏။

## အဋ္ဌကထာများပြုခဲ့ကြခြင်း

ဖော်ပြခဲ့သလို ပိဋကတော်တွေကို တာဝန်ခွဲဝေ၍ စောင့်ရှောက်လာခဲ့ကြသည်ဟု ပိဋကတော်တွေမှာ အခိုင်အမာ ဖော်ပြခဲ့သည့် အချက်ကို ထောက်ထားပြီးတော့ ရှေးဆရာစဉ်ဆက် ပြောရိုးပြောစဉ် ရှိတဲ့ အချက်တခုမှာ ဝိနယအဋ္ဌကထာကို (မဟာအဋ္ဌကထာကြီးကို ဆိုလိုသည်) အရှင်ဥပါလိ၏ တပည့်ရဟန္တာ မထေရ်တွေကပင် ဘုရားဟောခဲ့သည့် ပကိဏ္ဏက ဒေသနာတော်တွေထည်းက ထုတ်နုတ်သီးသန့်ပြီး ပြုစုခဲ့ကြသည်၊ ဒီဃနိကာယ် အဋ္ဌကထာကိုတော့ အရှင်အာနန္ဒာ၏ တပည့်ရဟန္တာမထေရ်တွေကပင် ပြုစုခဲ့ကြသည်၊ မဇ္ဈိမနိကာယ် အဋ္ဌကထာကိုတော့ အရှင်သာရိပုတ္တရာ၏ တပည့်ရဟန္တာတွေကပင် ပြုစုခဲ့ကြသည်၊ သံယုတ္တနိကာယ် အဋ္ဌကထာကိုတော့ အရှင်မဟာကဿပကြီး၏ တပည့်ရဟန္တာတွေက ပြုစုခဲ့ကြသည်၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာကို အရှင်အနုရုဒ္ဓါမထေရ်၏ တပည့်ရဟန္တာမထေရ်တွေက

ပကိဏ္ဏက ဒေသနာတော်တွေကို စုစည်းပြီး ပြုစုခဲ့ကြသည်ဟု ပြောရိုးပြောစဉ်ရှိခဲ့၏၊ ထိုအချက်များကို ထောက်လိုက်လျှင် အဋ္ဌကထာဆိုတာ ဘုရားဟောခဲ့သည့် ပကိဏ္ဏက ဒေသနာတော် တွေကိုပင် ဆိုင်ရာ ဆိုင်ရာ ပိဋကတာဝန်ခံ မထေရ်များက စုစည်းထားကြသည့် ဒေသနာတော်တရပ် ဖြစ်ကြောင်း ထင်ရှား သိသာလှပါသည်။

## ဆရာဗုဒ္ဓဃောသ အဋ္ဌကထာသစ်များ

သိဆိုလျှင် စောဒကတက်ရန် ကိစ္စတခုက ရှိနေခဲ့သည်၊ ဘယ်လိုတက်နိုင်သနည်းဆိုတော့ အထက်က ဖော်ပြခဲ့သလို ရဟန္တာမထေရ်တွေ ပြုစုခဲ့ကြတယ်ဆိုတာ ယခုရှိတဲ့ အရှင်မဟာဗုဒ္ဓဃောသရေးသည့် အဋ္ဌကထာသစ်ကို ဆိုတာမဟုတ်ပါဘူး၊ ရှေးတုန်းကရှိတဲ့ မဟာအဋ္ဌကထာကြီးကို ဆိုတာ ဖြစ်ပါတယ်၊ ပဌမ-ဒုတိယ-တတိယ သံဂါယနာသုံးတန်မှာ အဋ္ဌကထာများကိုပါ သံဂါယနာတင်ခဲ့သည် ဆိုတာကလည်း အဲဒီအဋ္ဌကထာကြီးများကို တင်တာပါ၊ ယခုရှိတဲ့ အဋ္ဌကထာတွေက သံဂါယနာ သုံးတန်ရဲ့ နောက် အတော်ကြာမှ အရှင်မဟာဗုဒ္ဓဃောသ ရေးသားခဲ့တဲ့ အဋ္ဌကထာသစ်တွေပါ ဟု ဆင်ခြေတက် စောဒကတက်နိုင်ပါသည်။

အဲသည် စောဒကကို ဖြေဘို့ရန် အလွယ်ကလေးပါဘဲ၊ ရှေးအဋ္ဌကထာကြီးတွေမှာ ဖွင့်တယ်ဆိုတာဟာ အလွန်တရာ ကျယ်ဝန်းတယ်၊ ဥပမာ-ယော ပန ဘိက္ခု-လို့ ပုဒ်တရာ တွေ့လျှင် တရာလုံးထပ်ပြီး ဖွင့်တာဘဲ၊ ဟိုမှာလည်းဖွင့် သည်မှာလည်းဖွင့် ဆိုတော့ လွန်စွာ ကျယ်သွားပါသည်၊ရှင်မဟာဗုဒ္ဓဃောသမထေရ်က မဟာအဋ္ဌကထာကြီးကို မှီရာ ကိုယ်ထည်ပြု၍ ချုံးပြီး ဖွင့်ပြီးသား ပုဒ်ကို မဖွင့်တော့ဘူး ချန်ပစ်ခဲ့တယ်။ သည့်ပြင် အဋ္ဌကထာများကဆိုတဲ့ အဓိပ္ပါယ်ကိုလည်း ကြားညှပ်ထည့်သွင်းပြီး မဟာအဋ္ဌကထာကြီးကိုပင် အကျဉ်းချုံး ဖွင့်လိုက်တော့ အတိုချုံးတဲ့ သင်္ဂဟ အဋ္ဌကထာ ဟူ၍ ဖြစ်ပေါ်လာတာပါဘဲ၊ ရှင်ဗုဒ္ဓဃောသမထေရ်ချုံးလိုက်တယ် ဆိုဘာဟာ ချန်ပစ်ခဲ့တာ မဟုတ်ဘူး၊ တခါဖွင့်ပြီးတဲ့ပုဒ်ကို ထပ်မဖွင့်တော့ ချုံးတာ ဖြစ်သွားတာပါဘဲ၊ အဲဒါကြောင့် ယခုရှိတဲ့ အဋ္ဌကထာများဟာ မဟာအဋ္ဌကထာကျဉ်းများပင် ဖြစ်ကြပါသည်။

## ပဥ္စမနှင့်ဆဋ္ဌသံဂါယနာ

ပဥ္စမသံဂါယနာတင်စဉ်က ယခုအဋ္ဌကထာသစ်များ ပါဝင်ခဲ့သည် ဟု မြန်မာစာတမ်းများ တွေ့ရဘူးကြောင်း၊ ယခု ဆဋ္ဌသံဂါယနာနှင့် ပဥ္စမသံဂါ ယနာ ကွာခြားချက်မှာ ပဥ္စမတုန်းက ကျောက်ထက် အက္ခရာဖြစ်၍ ကျောက် ကို ထုခွဲ ဖျက်ဆီးပစ်သူ ပေါ် လျှင် ပျက်စီးနိုင်ကြောင်း။

ရှမ်းသိုဟန်ဘွား လက်ထက်က ပိဋကတွေ မီးရှို့ဖျက်ဆီးပစ်ခဲ့ရာ အရေး တော်ပုံ ငြိမ်းအေးသော အခါ၌ ဆရာတော် သံဃာတော်တို့မှာ ပိဋကတွေ ဟိုကျောင်းမှာတကျမ်း ဒီကျောင်းမှာတကျမ်း စသည်ဖြင့် နိုင်ငံတဝှမ်းလုံး ရှိသမျှကျောင်းတွေကို လိုက်လံရှာဖွေပြီး ဓမ္မက္ခန္ဓာ အစုံအလင်ရရှိအောင် မနည်း ကြိုးစား၍ စုခဲ့ရဘူးကြောင်း၊ မိမိစာချစဉ်က စာအနေအထား နေရာ မကျသည့် ဝါကျများ တွေ့ရလျှင် သိုဟန်ဘွားလက်ထက်က ပျက်စီးယိုယွင်းခဲ့ သည်ဟုပင် ထင်မြင်မိကြောင်း၊ ဆဋ္ဌသံဂါယနာပိဋကတော်များကို ကမ္ဘာ့ ပြည်ထောင်စု နိုင်ငံအသီးသီးသို့ တင်ပို့ထားသဖြင့် အကယ်၍ တိုင်းပြည်တခု၌ အန္တရာယ်ကြုံစေကာမူ အခြားတိုင်းပြည်တခုမှာ ရှိနိုင်သဖြင့် အနာဂတ် အရေးအတွက် ပိဋကတော်များအဘို့ ပျက်စီး တိမ်းပါးသွားမှာကို မပူမပင် ရတော့ဘဲ စိတ်ချနိုင်ကြောင်း စသည်တို့ကို ဟောကြားတော်မူကြောင်း။

**မှတ်ချက်။** ။ဆရာတော်ဘုရားကြီး ဟောကြားစဉ်က အသံဖမ်းစက်ဖြင့် အသံမဖမ်းခဲ့ပါ၊ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး ဟောကြားချက်များကို အတိုချုံးပြီး မှတ်တမ်းရေး အယ်ဒီတာ ဦးစိန်မောင်က သတင်းစာနှင့် သာသနာ့ရောင်ခြည် စာစောင် အတွဲ-၆။ အမှတ် ၁-၌ ဖော်ပြခဲ့လေသည်။ ထိုဖော်ပြချက်ကို ဆရာတော်ဘုရားကြီးကိုယ်တိုင် အတည်ပြု ပြင်ဆင်ပေးချက်အရ ဤစာအုပ်၌ ဖော်ပြလိုက်ပါကြောင်း။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံဆိပ်တော်ရ ဆရာတော်ဘုရားကြီး ဦးသုန္ဒရ၏

# ဟောပြောတော်မူချက်

ယခုအခါ—
သံဃာယနာတင်ခြင်း၏ အကြောင်း၊
သံဃာယနာတင်၍ ရအပ်သော အကျိုး၊
သံဃာယနာတင်ပြီးသော အခါ ပရိယတ် ပဋိပတ် လုပ်ငန်းစဉ်ကို တိုးတက်၍ အားထုတ်ကြရန် တိုက်တွန်းခြင်း ဥယျောဇဉ်၊
ဤသုံးမျိုးကို အနည်းငယ် ဟောကြားလိုတယ်။

## သံဃာယနာတင်ရခြင်း

ဆဋ္ဌသံဃာယနာ ပေါ်လာခြင်း၏ အကြောင်းမှာ—ပဌမမူလ ဆရာတော် သံဃာတော် (၅၃)ပါး စတင်၍ အစည်းအဝေး ဖွင့်လှစ်ပါ၏၊ ဤကဲ့သို့ အစည်းအဝေး ဖွင့်လှစ်တဲ့အခါ မိမိ ဗဟုသုတ ရှိသလောက်နှင့် အစိုးရဌာနက လျှောက်ထားချက်မှာ—

တပည့်တော်များသည် ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအဝေးကြီး သီဟိုဠ်ကျွန်းမှာ ကျင်းပတဲ့အခါ ထိုအစည်းအဝေးသို့ သွားရောက် တက်ကြပါသည်၊ ဤအခါမှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော ဗြဟ္မစိုရ်ရ တရားလေးပါး မင်္ဂလာ တရားတော်များကို မိမိတို့ တတ်စွမ်းသလောက် ဟောပြောခဲ့ကြပါသည်။

ဤလို ဟောပြောတဲ့အခါမှာ ကမ္ဘာ့ဗုဒ္ဓဘာသာ အသင်းကြီး (၃၂) နိုင်ငံ တက်ရောက်၍ ဤ (၃၂)နိုင်ငံမှ တက်ရောက်သော လူအပေါင်းက ဗုဒ္ဓဘာသာတရားတော် ဟောပြောချက်ကို လွန်စွာမှ နှစ်သက်ကြပါသည်။

ထိုအခါမှာလည်း အိန္ဒိယနိုင်ငံက ဝန်ကြီးချုပ်နေရူးက ကမ္ဘာစစ်ကြီး ပြီးခါစ အခြေအနေမှာ တကမ္ဘာလုံး ကြားလောက်အောင် ကြေညာထားတဲ့ အချက်ကလည်း ရှိနေပါတယ်၊ အဲဒီ အချက်က—

ကမ္ဘာကြီး ငြိမ်းချမ်းရေးရမှုဟာ ဗုဒ္ဓဂေါတမ၏ ဩဝါဒကို နာခံကြမှသာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး ရမည် လို့ ကြေညာထားသည်။

ဒီတော့ ဗုဒ္ဓဂေါတမ၏ ဩဝါဒကို တကမ္ဘာလုံး နာခံလျှင် အကုန်လုံး စစ်တိုက်ကြမှာ မဟုတ်ဘူး၊ ဗုဒ္ဓဂေါတမက သူ၏ အသက်ကို မသတ်ရဘူးလို့ အဆုံးအမ ဩဝါဒ ပေးထားတော်မူတယ်။

ဒီတော့ ဗုဒ္ဓဂေါတမ၏ ဩဝါဒကို နာခံကြလျှင် သူကလည်း မသတ်ဘူး၊ ငါကလည်း မသတ်ဘူး၊ ဟိုနိုင်ငံသွားပြီးတော့ စစ်မတိုက်ဘူး၊ ဒီနိုင်ငံလာပြီးတော့ စစ်မတိုက်ဘူး၊ ကမ္ဘာလောကကြီးမှာ စစ်မတိုက်လို့ရှိလျှင် ကမ္ဘာ အရပ်ရပ် သတ္တဝါအများ ချမ်းသာကြမှာဘဲ၊ ယခုတော့ စစ်ပြိုင်ပြီးတော့ တိုက်နေကြတယ်၊ ဗုဒ္ဓဂေါတမ၏ စကားကို နားမထောင်သ၍ ကာလပတ်လုံး ငြိမ်းချမ်းရေးကို မရဘူး၊ ဗုဒ္ဓဂေါတမ၏ စကားကို နားထောင်ခဲ့ပါလျှင် တနိုင်ငံနှင့် တနိုင်ငံလည်း စစ်တိုက်ကြတော့မှာ မဟုတ်ဘူး၊ သူ၏အသက်ကိုလည်း သတ်ကြတော့မှာ မဟုတ်ဘူး၊ တနိုင်ငံနှင့် တနိုင်ငံ စစ်မတိုက်ကြဘူးလို့ ဆိုပါလျှင် ယခုရှိတဲ့ လက်နက်တွေကို ဘာမျှ သုံးနိုင်မှာ မဟုတ်ဘူး၊ ရေထည်း လွှင့်ပစ်ဘို့ ရှိတာဘဲ၊ နောက်ကို ထပ်မံပြီးတော့ လက်နက် လုပ်စရာလည်း မလိုဘူး၊ ငွေလည်း မကုန်တော့ဘူး၊ ငွေမကုန်တော့ကာ အားလုံးသော ကမ္ဘာ အရပ်ရပ်မှာ ပစ္စည်းအင်အားဖြင့်လည်း ချမ်းသာလာကြမည်၊ တဦးနှင့်တဦးလည်း တိုက်ခိုက်ခြင်းမရှိလို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာလည်း ရှိကြမည်၊ သူသူငါငါ ဗုဒ္ဓဂေါတမ၏ ဩဝါဒကို နာခံဘို့ကောင်းတယ် ဆိုတာကို အိန္ဒိယနိုင်ငံက ဝန်ကြီးချုပ်နေရူးက ကမ္ဘာကြားလောက်အောင် အသံလွှင့်ထားတဲ့ အခါကြီး ဖြစ်တယ်။

ၡင်းနောက်ကို ဗုဒ္ဓဂေါတမက သူ၏ ဥစ္စာကို မခိုးရဘူး လို့ ဟောတယ်၊ သူ့ဥစ္စာ မခိုးကြနှင့် မခိုးရဘူးလို့ ဒီလိုဟောပြောတော့ကာ အားလုံး ကမ္ဘာရှိ လူထုသတ္တဝါ အများက ဗုဒ္ဓဂေါတမ၏ စကားကို နားထောင်ပြီး သူ့ဥစ္စာခိုးမှုကို ရှောင်ကြဉ်ကြမယ်ဆိုလျှင် လူတွေမှာ အားကြီးဘဲ စိတ်ချမ်းသာမည်၊ ကိုယ်ချမ်းသာမည်၊ ပစ္စည်းပစ္စယ ကုးသန်းရောင်းဝယ်မှုလည်း အနှောင့်အရှက်မရှိ၊ ကိုယ့်အိမ်လည်း တံခါးပိတ်စရာ မလိုဘူး၊ တံခါးမပိတ်ဘဲနှင့် သော့မခတ်ဘဲနှင့် အိပ်နိုင်တယ် သွားနိုင်တယ် လာနိုင်တယ် လွတ်လွတ်လပ်လပ်ရှိမယ် ၊ဒီတော့ ပစ္စည်းအင်အား ရှာဖွေလို့လည်း ရမည်၊ အဲသလို

ချမ်းသာသုခ အများကြီး ရမည်ဆိုတာ ကမ္ဘာကို ကြေညာထားတာဖြစ်တော့ ထိုအစည်းအဝေးကြီးက လက်စနှင့် ဗုဒ္ဓဘာသာစကားလို့ဆိုလျှင်ဖြင့် သူသူငါငါ နာကြားချင်ကြတယ်။

## ဘာသာလက်ဆောင်ပေးပါ

အဲ ကြားချင်ကြတာ ဖြစ်တော့ သီဟိုဠ်မှာ အဲသည် အစည်းအဝေးကြီး ပြီးတဲ့အခါကျတော့ မြန်မာပြည်က သွားတဲ့ အစိုးရပိုင်းဆိုင်ရာ ကိုယ်စားလှယ်များ အခြားတိုင်းပြည် သွားတဲ့အခါရောက်တော့——

"မိတ်ဆွေ ကျွန်ုပ်တို့ကို ဘာသာလက်ဆောင်များ ပေးနိုင်လျှင် ပေးခဲ့ပါ" လို့ သူတို့က ဝိုင်းဝိုင်းပြီး တောင်းနေကြတယ်တဲ့။

ဒီတော့ ဘာသာလက်ဆောင်ဆိုတာ ဘယ်လိုဟာတုံးဆိုတော့ ဘာသာရေးဆိုင်ရာ စာဖြင့် ရေးထားတဲ့ ကျမ်းစာလို့ဆိုတယ်၊ ဘာသာရေးကျမ်းစာတွေ သူတို့တောင်းနေတော့ကာ မြန်မာပြည်မှာလည်း ဒီလိုဘာသာလက်ဆောင်ပေးဘို့ရန် စာအုပ်ကလည်း မရှိဘူး၊ စာအုပ်မရှိတော့ သူတို့မှာ ဒီလိုလက်ပိုက်ပြီးတော့ သင့်တင့်အောင်ပြောပြီး လာခဲ့ရတယ်၊ ဗုဒ္ဓဘာသာနှင့် ပတ်သက်တဲ့စကားကို ပြောမယ်ဆိုလို့ရှိလျှင် သူသူငါငါ အင်မတန်မှ နားထောင်ချင်ကြတယ်။

သီဟိုဠ်ကျွန်း အစည်းအဝေးကြီး ပြီးတဲ့နောက် သူတို့ အိန္ဒိယနိုင်ငံသို့ သွားပါတယ်တဲ့၊ အိန္ဒိယနိုင်ငံမှာလဲ ဇာတ်နိမ့်တဲ့လူပေါင်း ဆယ်ကုဋေလောက်ရှိတယ်၊ အဲဒီ ဆယ်ကုဋေလောက် ရှိတဲ့ အထည်းမှာ အချို့က ဒီလိုဘဲ ဘာသာလက်ဆောင်ပေးဘို့ရန် မြန်မာပြည်က ကိုယ်စားလှယ်တွေကို သူတို့တောင်းနေကြပါတယ်တဲ့၊ ရေငတ်တဲ့လူ ရေတောင်းသလို ထမင်းဆာတဲ့လူ ထမင်းတောင်းသလို လက်ထိုးခံနေကြပါတယ်တဲ့။

ဒီတော့ ဘာသာလက်ဆောင်ဟာ မိမိတို့ နိုင်ငံက ဘာမျှပေးစရာ မရှိလို့ ဒီအတိုင်း လက်ပိုက်ပြန်လာခဲ့ကြရပါတယ်တဲ့၊ အင်္ဂလန် သွားတဲ့အခါမှာလဲ ဒီလိုဘဲ ဘာသာလက်ဆောင်တောင်းတယ်၊ ဘာသာရေးစကား ပြောကြားချင်တယ်၊ အမေရိကန်သွားလျှင်လည်း ဘာသာလက်ဆောင်တောင်းတယ်၊ ဘာသာရေးစကား နားထောင်ချင်ကြတယ်။

အဲဒီလို ဖြစ်နေလို့ ဘာသာတော့ တော်တော်အရေး စိုက်နေကြတယ် ဆိုပြီးတော့၊ သူတို့ မြန်မာပြည် ပြန်ရောက်တဲ့အခါ ကျတော့ ဒိ ပြင် နိုင်ငံတွေက ဘာသာလက်ဆောင်တောင်းနေတယ်၊ ဒီတော့ဘာသာလက်ဆောင် ပေးဘို့ရာ ဘယ်လိုလုပ်ပါ့မလဲလို့ အစိုးရအဖွဲ့ဆိုင်ရာက တိုင်ပင်ကြတဲ့အခါကျတော့—

"မြတ်စွာဘုရား၏ ပါဠိတော်တွေကို ဘာသာပြန်ပြီး စာအုပ်ရိုက်၊ စာအုပ်ရိုက်ပြီးတော့ နိုင်ငံတိုင်း နိုင်ငံတိုင်း ဖြန့်ဝေ"

ဖြန့်ဝေလို့ရှိလျှင် သူတို့ ဘတ်လို့ရှိလျှင် တဖြေးဖြေး ပညာရှိတဲ့လူတွေများတော့ ဘာသာကို ယုံကြည်နှစ်သက်လာဘို့ရှိတယ်၊ တယောက်ကစ တရာဆိုသလို တဖြေးဖြေး ပြန့်ပွါးဘို့ရှိတယ်၊ ဘာသာလက်ဆောင်ပေးဘို့ရာ စာအုပ်တွေ ရိုက်ရလျှင် ကောင်းမှာဘဲလို့ ဒီလို အကြံတွေ ဖြစ်လာပါတယ်တဲ့။

အဲသလို အကြံတွေ ဖြစ်ပြီးတဲ့ အခါကျတော့ကာ ဘာသာပြန်ရေးဘို့ရာလို့ ဆိုပြန်လျှင် ယခုအခါမှာ ကျမ်းစာတွေက စာအုပ်တွေအဆင့်ဆင့်ကူထားသောကြောင့် မှားနေတဲ့ ကျမ်းစာအုပ်တွေလဲ ရှိတယ် မှန်တာလည်းရှိတယ်၊ ဤစာအုပ်တွေကို ရှေးဦးစွာ မှန်အောင် သုတ်သင်ခြင်း အမှုပြုပြီး သံဂါယနာတင်ကြရလျှင် မှန်မှန်ကန်ကန် ဖြစ်လာရမှာဘဲ၊ သံဂါယနာတင်ပြီးမှ ဘာသာပြန်၊ မြန်မာလိုပြန်၊ မြန်မာလိုပြန်ပြီးမှ အင်္ဂလိပ်လိုပြန်၊ ဟိန္ဒူဘာသာပြန်၊ ဒီလိုစာအုပ်တွေ ရိုက်ရလျှင်ဖြင့် ပိုကောင်းမှာဘဲလို့ အကြံအစည် ဖြစ်ပြန်ပါတယ်တဲ့။

ဤလို အကြံအစည်တွေ ဖြစ်ပြန်တော့ သံဂါယနာတင် ဆိုတဲ့ လုပ်ငန်းတခုဟာ လူသားလုပ်လို့ ဖြစ်တာမဟုတ်ဘူး၊ ရဟန်းတော်များ သံဃာတော်များ ဆောင်ရွက်မှသာလျှင် ဖြစ်ထာဘဲ၊ သံဃာတော်များ ဆရာတော်ကြီးများကို လျှောက်ရလျှင်ဖြင့် သင့်တော်မှာဘဲလို့ အကြံအစည် ဖြစ်တော့ကာ ဆရာတော်ကြီးတွေ ပင့်ပြီးတော့ လျှောက်တယ်၊ ပင့်တဲ့အခါကျတော့လဲ နိုင်ငံမှာ ဆရာတော်တွေကလည်း အများကြီး ရှိတော့ ဘယ်လိုပုဂ္ဂိုလ် အချိုးအစား ပင့်ပါ့မလဲလို့ သူတို့ကြံစည်ပြန်တော့ (အဲဒီစဉ်အခါက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များ နည်းနည်းဘဲရှိတယ်) အဂ္ဂမဟာပဏ္ဍိတဆရာတော်များနှင့် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်များ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်

များကို ပင့်ပြီးတော့ လျှောက်ထားရလျှင်တော့ ကောင်းမှာဘဲလို့ ဒီလို အကြံ အစည် ဖြစ်ပြီး ဤအကြံအစည်အတိုင်း အဂ္ဂမဟာပဏ္ဍိတဆရာတော်များနှင့် နိုင်ငံတော် သြဝါဒါစရိယ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများကို ပင့် တော့ကာ ပဌမအစည်းအဝေးမှာ (၅၃)ပါးသာ ရရှိပါတယ်။

အဲဒီ(၅၃)ပါး ရရှိလို့ အစည်းအဝေး စည်းဝေးတဲ့အခါကျတော့ ခုတင်က ပြောတဲ့အတိုင်း သူတို့နောက်က အကြောင်းတွေ ပြန်ပြောင်းပြီး အကုန်လုံး လျှောက်တယ်၊ လျှောက်ပြီးတဲ့ အခါကျတော့ တပည့်တော်တို့က သံဂါယနာ တင်ချင်တယ် ဆိုပေမဲ့ တပည့်တော်တို့ လုပ်ငန်း မဟုတ်ပါဘူးတဲ့၊ တပည့်တော် တို့ လုပ်နိုင်တဲ့ စွမ်းရည်သတ္တိရှိတာ မဟုတ်ပါဘူးတဲ့၊ ဆရာတော်များက ဆောင်ရွက်မှ ဤသံဂါယနာတင် ကိစ္စကြီး ထမြောက်အောင်မြင်မှာ ဖြစ်၍ ဆရာတော်များ မဆင်းရဲ မငြိုမငြင် မပင်မပန်းဘဲနှင့် လွယ်လွယ်ကူကူ ဆောင် ရွက်မယ်လို့ ဆိုပါလျှင် ပစ္စည်းလေးပါး ကုန်ခန်းမှုတော့ တပည့်တော်တို့၏ တာဝန်ရှိပါစေ၊ ဘယ်လောက်ဘဲကုန်ကုန် တပည့်တော်တို့က ပစ္စည်းအတွက် တော့ ဆောင်ရွက်ပါမယ်၊ အရှင်ဘုရားများ၏ ဆောင်ရွက်မှုတာဝန် ဝန်မလေး လို့ ယူနိုင်ပါလျှင် တပည့်တော်များ သိပ်ပြီးတော့ ဝမ်းသာတဲ့အကြောင်းနှင့် လျှောက်လို့ (၅၃)ပါးသော အစည်းအဝေးပါ သံဃာထုက ဒါဖြင့်လျှင် စာပေ ပိဋကတွေမှာလည်း ပုဒ်ပါဌ် အက္ခရာ ပျက်ကွက်ပြီးတော့ နေတာ များနေပြီ၊ ပုဒ် ပါဌ်အက္ခရာတွေကို ကျကျနန ပြင်ဘို့ ဆင်ဘို့ရာ အရေးကြီးတယ်၊ ပုဒ် ပါဌ် အက္ခရာ ပြင်ပြီးတော့ကာ သံဂါယနာတင်ဘို့ ဆိုတာကို အစည်းအဝေးပါ အားလုံးသော သံဃာတော်တို့က တာဝန်ယူလိုက်ကြတယ်။

အဲသလို တာဝန်ယူလိုက်တဲ့ အခါကစပြီးတော့ သံဂါယနာတင်တဲ့ကိစ္စ သည် လူတို့၏ ကိစ္စမဟုတ်တော့ဘူး၊ သံဃာတော်များ၏ အမှုကိစ္စသာ ဖြစ် တော့သည်၊ သူတို့ကတော့ ပစ္စည်းလေးပါး ထောက်ပံ့မှုသာ ရှိတယ်၊ သံဃာ တော်များ ဒီတာဝန်ကို ဆောင်နိုင်ပါတယ် လုပ်ပါ့မယ် အားထုတ်ပါ့မယ်လို့ တာဝန်ယူလာတော့ ဒီကိစ္စကြီးဟာ မည်သူ့ကိစ္စတုံးလို့ ဆိုလျှင် သံဃာ တော်များ၏ ကိစ္စဖြစ်တယ်၊ လူတို့၏ကိစ္စက သူတို့ပစ္စည်းလေးပါး ထောက်ပံ့ မှုသာရှိတယ်၊ ဒီလုပ်ငန်းသည် လူတို့၏ လုပ်ငန်းမဟုတ်၊ အစိုးရ လုပ်ငန်း မဟုတ်၊ သံဃာတော်များ၏ လုပ်ငန်းသာ ဖြစ်သည်၊ ဤကား သံဂါယနာတင် ခြင်းမှာ အကြောင်းရင်းမူလ တချက်ဘဲ။

## သံဂါယနာမှအကျိုးထူးအမြတ်များ

ပြီးတော့ သံဂါယနာတင်တဲ့အခါ တင်ပြီးတဲ့အခါ ရတဲ့ အကျိုးထူးတွေက ဘာတွေရနေတုံးဆိုတော့ ယခုသံဂါယနာတင်တဲ့ သီရိမင်္ဂလာ ကုန်းမြေမှာ ဆောက်လုပ်ထားတဲ့ ဤပါသာဏလိုဏ်ဂူကြီးက စပြီးတော့ အဆောက်အဦ အမျိုးမျိုးတွေ (သိန်းပေါင်းများစွာ အကုန်ခံပြီးတော့ ဆောက်လုပ်ထားတဲ့ အဆောက်အဦကြီးတွေ)ဟာ သံဂါယနာတင်တဲ့အတွက် မြန်မာပြည်မှာ သော်၎င်း သာသနာတော်မှာသော်၎င်း ဒါဟာ အမြတ်ရတဲ့ လုပ်ငန်းကြီး တွေဘဲ၊ သံဂါယနာမတင်လို့ရှိလျှင် ဤအဆောက်အဦတွေ မြန်မာပြည်မှာ ပေါ်ပေါက်လာလိမ့်မည် မဟုတ်ဘူး၊ ယခုတော့ သံဂါယနာတင်သည့်အတွက် အဆောက်အဦကြီးတွေ ကုန်းမြေမှာ ပြည့်နေအောင် သိန်းပေါင်းများစွာ အကုန်ခံပြီးလုပ်ထားတော့ မြန်မာပြည်က ကမ္ဘာ့စံချိန်မှီလောက်အောင် အမြတ်အစွန်းရတဲ့ လုပ်ငန်းကြီးတခုဘဲလို့ သူသူငါငါ ဝမ်းသာရမည်၊ ပစ္စည်း တွေကုန်ပေတယ်လို့ ဘာသာရေးအတွက် ဒို့အမြတ်ရတယ်၊ ဒီပစ္စည်းတွေဟာ သူပိုင် ငါပိုင် တဦးတည်းပိုင် မဟုတ်ဘူး၊ တနိုင်ငံလုံး ပိုင်ဆိုင်နေတဲ့ ကုန်းမြေ အဆောက်အဦတွေဘဲ၊ ဒါတွေ ဒို့ဥစ္စာမဟုတ်ဘူးလို့ ဆိုစရာမလိုဘူး၊ တနိုင်ငံ လုံး ပိုင်ဆိုင်တယ်၊အဲဒီလို ဖြစ်လို့ သည်အဆောက်အဦကြီးတွေ မြင်ရသည့် အတွက် အကျိုးထူးဝိသေသ ငါတို့မှာ အမြတ်အစွန်း အများကြီးရတာဘဲ လို့ စိတ်ထည်းမှာ အောင့်မေ့ရမယ်တဲ့။

## စာအုပ်ကောင်းတွေ

ပြီးတဲ့နောက် သာသနာရေးနှင့် ပတ်သက်ပြီးတော့ စာအုပ်တွေ ထွက် လာလိုက်တာ သာသနာဘက်မှာ ကျေးဇူးများဘို့ရာဘဲ၊ဒီစာအုပ်တွေ ပင်ကိုယ် ရင်း မူဟောင်းတွေကို မူအထပ်ထပ်နှင့် ဝိသောဓက ပုဂ္ဂိုလ်တွေ သုံးမျိုးသုံးစား လောက် ထားပြီး ပြင်တော့ ပုဒ် ပါဌ် အက္ခရာကလည်း ကျကျနန သေသေ ဝပ်ဝပ် ပိပိပြားပြားဖြစ်ပြီး ပုဒ်စ ပုဒ်န စက္ကူကောင်း မင်ကောင်းနှင့် ရိုက်ပြီး တော့ ထားတဲ့ စာအုပ်ကောင်းတွေ ဖြစ်လာတယ်၊ ယခုအခါ အစုံပေါင်း (၅၀၀၀) ငါးထောင်လောက် ရှိလောက်ပြီ၊ အစုံငါးထောင်ကျော်လောက် ဟာလည်း သာသနာတော်မှာ အမြတ်ရတာတွေဘဲ၊ သံဂါယနာတင်လို့ သာလျှင် ဒီစာအုပ်တွေ ထွက်ပေါ်လာတယ်၊ သံဂါယနာမတင်လျှင် ဤ

စာအုပ်မျိုးတွေ ထွက်ပေါ် လာမယ် မဟုတ်ဘူး၊ ဒီစာအုပ်တွေလဲဘဲ သာသနာတော်မှာ အမြတ်အစွန်းရတဲ့ စာအုပ်တွေဘဲ၊ မူမှန် မူကောင်းတွေ ဖြစ်ပြီးတော့ လာတယ်၊ စာအုပ်တွေ ကြည့်ရှုမယ်လို့ဆိုလျှင် သေသေချာချာ ပြင်ထားတဲ့အတွက် ကြည့်လို့လည်း အင်မတန်ကောင်းပါတယ်၊ ပင်ကိုယ်ရင်းနှင့် အချိုးအစား သိပ်ပြီးတော့ကွာတယ်။

အဘိဓမ္မာဘက်က ကထာဝတ္ထုဆိုတဲ့ ကျမ်းစာများမှာ ပင်ကိုယ်ရင်းက ကြည့်လိုက်လျှင် သကဝါဒီပက္ခ ပရဝါဒီပက္ခကွဲဘို့ရန် အင်မတန်မှ ခဲယဉ်းတဲ့စာ၊ တော်တော်နှင့်ဘဲ စဉ်းစားလို့မရနိုင်ဘူး၊ ယခုအခါမှာ ဒီစာအုပ် ကြည့်လိုက်တဲ့အခါ သူတို့ သင်္ကေတ လုံးတွေနှင့် သကပက္ခ ဆိုလျှင် (သ)ကလေးထားလိုက်တယ်၊ ပရပက္ခ ဆိုလျှင် (ပ)ကလေး ထားလိုက်တယ်၊ အဲသည်လိုထားလိုက်တော့ ဝါကျတွေ ဝါဒတွေ ကွဲပြီးတော့ သွားတယ်၊ အဲသလိုကျမ်းစာတွေမှာ ဆိုလျှင် ပိုမိုတိုးတက်၍ ချဘို့ရာ ကြည့်ဘို့ရာ သိပ်ပြီးတော့ကောင်းလာတာဘဲ၊ အဲဒီကျမ်းစာတွေ သာသနာတော်မှာ အမြတ်အစွန်းရတာ အဘိုးထိုက်တန်လှတယ် မဖြတ်နိုင်လောက်အောင်ဘဲ အဘိုးတန်ပါတယ်၊ ဒီစာတွေ ရပြီးတဲ့အခါရောက်တော့ သံဃာတော်များမှာလည်း ဒီစာတွေဟာ အလကားထားဘို့မဟုတ်ဘူး၊ ပရိယတ် လုပ်ငန်းကို ဒီကျမ်းစာတွေကြည့်ပြီးတော့ သူသူငါငါ လေ့လာဘို့ အားထုတ်ဘို့ရာ လုပ်တဲ့စာအုပ်တွေဖြစ်တယ်၊ ကိုယ်စီရလာလို့ရှိလျှင်ဖြင့် သူသူငါငါ ပရိယတ္တိလုပ်ငန်းကို တနေ့ထက်တနေ့ တိုးတက်ပြီး ကြီးပွါးလာအောင် ယခုကစပြီးတော့ နောက်ပိုမိုတိုးတက် အားထုတ်ဘို့ အားလုံးဘဲ သင့်ကြပါတယ်၊ အဲဒီ ပရိယတ်အတွက်စာအုပ်တွေကို ဒိုအလကား ထားလို့ မတော်ဘူးဆိုပြီးတော့ သူသူငါငါ အားထုတ်ကြဘို့ ကြည့်ကြဘို့ပါဘဲ၊ အဲသလို အမြတ်အစွန်းတွေလည်း အများကြီးရပါတယ်။

## ရင်းနှီးမှုအမြတ်

သံဂါယနာ တင်လိုက်သည့် အတွက် ယခုထေရဝါဒ နိုင်ငံတွေနှင့် စပ်သွယ်ပြီးတော့ တဦးနှင့်တဦး လူချင်းလည်း အလွန်ဘဲ မေတ္တာရှိလာကြတယ်၊ ဒီသံဃာဘက်က စပ်သွယ်ကြည့်လိုက်တော့ သံဃာချင်းလည်း ညီလို အစ်ကိုလိုဖြစ်ပြီးတော့ ရင်းရင်းနှီးနှီး ဖြစ်သွားတယ်၊ အကယ်၍ သံဂါယနာ မတင်ဘူးဆိုလျှင် ဒီလို သံဃာချင်းလည်း ဆက်စပ်လို့ ရမယ်မဟုတ်ဘူး၊ လူချင်းလည်း

ဆက်စပ်လို့ ရမယ် မဟုတ်ဘူး၊ သံဂါယနာတင်လိုက်သည့် အတွက် ဒီကိစ္စတွေဟာ အင်မတန်မှ အကျိုးများတယ်၊ ဒီလို ကမ္ဘာအရပ်ရပ်ကလည်း မြန်မာပြည် သံဂါယနာ တင်တဲ့အတွက် မြန်မာပြည်ဆိုတာ အင်မတန်ကျော်စောထင်ရှားပြီးလာတယ်။

## အမေရိကန်ရဲ့မေးခွန်း

အလျင် တတိယအပတ်လောက်တုန်းက အမေရိကန် အရာရှိကြီး တယောက် ကမ္ဘာအေးကို လာတယ်၊ အင်ဒိုချိုင်းနား အစည်းအဝေးက ပြန်ပြီးတော့လာတာ မြန်မာပြည်မှာ သံဂါယနာတင်ဆိုတာ ဘယ်လိုဟာပါလဲလို့ စိတ်ထည်းမှာ ထင်နေလို့ လေယာဥ်ပျံကျလျှင် ဆင်းပြီး ကမ္ဘာအေးရောက်လာလို့ အဲဒီအမေရိကန် အရာရှိကြီးက ဆရာတော်တို့နေတဲ့ အဆောင်လာပြီး စကားပြန်နှင့် မေးတယ်၊ ဘယ့်နှယ်မေးတုံးဆိုတော့—

"ယခု မြန်မာပြည် ဘုန်းကြီးတွေ သံဂါယနာ တင်နေတယ်၊ အဲဒီ သံဂါယနာတင်တာဟာ ကမ္ဘာမှာ ငြိမ်းချမ်းရေး ဘယ်လောက်ထိအောင် ရမှာတုံးလို့ မေးတယ်"။

အဲသလို မေးတဲ့အခါကျတော့ အဖြေက ကမ္ဘာ့ငြိမ်းချမ်းရေးဟာ ကမ္ဘာမှာ တည်ရှိတဲ လူတို့၏ ယဉ်ကျေးမှုအပေါ်မှာ တည်တယ်၊ လူတို့အပေါ်မှာ တည်တယ်၊ ဘယ်လောက်ရလိမ့်မယ်လို့ ဒီလိုမပြောနိုင်ဘူးလို့ ပြန်ပြီးတော့ ဖြေတယ်။

နောက်ပြီးတော့ ဗုဒ္ဓဘာသာအယူရှိတဲ့ လူမျိုးနှင့် ဗုဒ္ဓဘာသာမဟုတ်တဲ့ လူမျိုး တဦးနှင့်တဦး ပေါင်းသင်းဆက်ဆံတော့ ဘယ်လိုဆက်ဆံပေါင်းသင်းရပါမတုံးလို့ မေးပြန်တယ်၊ ဒီလိုမေးတဲ့အခါကျတော့—

ဒို့ ဗုဒ္ဓဘာသာ ဆိုတာက မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်ရတရားလေးပါး ရှိတယ်၊ အဲဒီဗြဟ္မစိုရ်ရ တရားလေးပါးအတိုင်း ဒို့ဗုဒ္ဓဘာသာ လူမျိုးက ဘာသာ မရွေးဘူး၊ ဘယ်ဘာသာယူယူ တဦးနှင့် တဦး မေတ္တာရှိရမယ်လို့ ဘုရားက ဟောထားတယ်၊ တဦးနှင့်တဦးဟာ သနားစရာရှိလျှင် သနားရမယ်လို့ ဟောထားတယ်၊ ဒီတော့ ဗုဒ္ဓဘာသာ လူမျိုးက ဘယ်လိုလူမျိုးလာလာ ဒီလူမျိုး ဒို့မပေါင်းနိုင်ဘူး၊ ဘယ်လိုလူမျိုးမှ ပေါင်းနိုင်တယ်လို့ ဒီလို ဗုဒ္ဓဘာသာမှာ မရှိဘူး၊ မည်သူလာလာ မေတ္တာအလျောက်

ပေါင်းမှာဘဲ ကရုဏာအလျောက် ပေါင်းနိုင်တယ် ဆက်ဆံနိုင်တယ်လို့ ပြောလိုက်ရတယ်။

## ဗမာကို ကမ္ဘာကအမြင်

ဒီလိုပြောလိုက်တော့ အမေရိကန် အရာရှိကြီး၏ အထင်က သံဃာယနာတင် လုပ်ငန်းဟာ ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးရအောင် လုပ်နေတယ်လို့ သူ ယူဆသွားပုံရတယ်၊ အဲသည်လို သူတို့နိုင်ငံက ယူဆသလို ဒီ့ပြင် ဒီ့ပြင် နိုင်ငံ တွေကလည်း ဒီလိုဘဲ ငြိမ်းချမ်းရေးရအောင် လုပ်နေတယ်လို့ ယူဆကြမှာ အမှန်ဖြစ်တယ်၊ ဒီတော့ သံဃာယနာ လုပ်ငန်းကြီးက ကမ္ဘာအရပ်ရပ်မှာ အကုန်လုံး ကျော်ကြားသွားတဲ့ အတွက် မြန်မာပြည်မှာ သံဃာယနာတင်လိုက် တာဟာ သိပ်ပြီးတော့ ဂုဏ်တက်လာတယ်၊ ကောင်းကင်မှာ မီးအိုးကြီးများ တင်ထားသလိုဘဲ၊ အရောင်တောက်ပြီး နေသလို ဤလို သန့်ရှင်း ထင်ပေါ်ပြီး လာတယ်၊ ဒါတွေလည်း သံဃာယနာတင်တဲ့အတွက် အကျိုးဘဲ။

## နတ်ပြည်သွားမည့်သူတွေ

ၿငင်းပြင် သံဃာယနာတင်ပွဲကို မိမိ သဘော်လမ်းကလည်း လာဘူးသည်၊ ရထားလမ်းကလည်း လာဘူးသည်။ ရထားလမ်းကလာတဲ့အခါရောက်တော့ သံဃာယနာတင်ကိုယ်တော်တွေ ဆိုပြီးတော့ တထောင်ဘဲ နှစ်ထောင်ဘဲ ဒီလို ကြွလာတဲ့အခါ လမ်းတလျှောက်မှာ မိန်းမ ယောကျ်ား သူ့ထက်ငါ သာ အောင် ဆွမ်းကျွေးတဲ့အခါမှာ အလုအယက် ကျွေးနေတာတွေ ဝမ်းသာ အားရ လုပ်တာတွေကို ရထားပေါ်က မြင်ခဲ့တယ်၊ အဲသလို ရထားပေါ်က မြင်ခဲ့တဲ့အခါ သြော်....သူတို့တော့ အူယားဖားယားနှင့် သိပ်ပြီးတော့ ဝမ်း သာ အားရ လုပ်ကြတာဘဲ၊ ဤဒါယကာ ဒါယိကာမတွေလို ဆိုလျှင်ဖြင့် နတ်ပြည်ရောက်ဘို့ရာ သေချာပေါက်ဖြစ်နေတာဘဲလို့ မိမိစိတ်ထည်းမှာ ဒီလိုဘဲ အောက်မေ့ခဲ့ပါတယ်။

ပြီးတော့ ဒီရောက်ပြန်တော့လည်း ဒီလိုတရားနာကြတာတွေ၊ ဆွမ်း လှူကြတာတွေ လူတွေဘက်က ကြည့်လိုက်မယ် ဆိုလို့ရှိလျှင် နတ်ပြည်ရောက် ဘို့ရာလုပ်ငန်းစဉ်က သူတို့မှာ တော်တော့်ကို များတာဘဲ၊ နတ်ပြည်သေချာ ပေါက်ရောက်လောက်တဲ့ အခြေအနေကို ရှိတယ်။

လူတွေသာလားလို့ ဆိုတော့ ဘုန်းကြီးတွေဘက်က သံဃာတော်တွေဘက်က ကြည့်လိုက်တော့ လူတွေ၏ လုပ်ငန်းစဉ်က သူတို့မှာ လှူတယ် တန်းတယ် ဆိုပေမယ်လို့ အာမိသဒါနကုသိုလ်သာ ရတယ်၊ ရဟန်းတော်တွေဘက်က ပဋ္ဌမစပြီးတော့ စာတွေပြင်ရတယ်၊ ပြီးတော့ စာတွေကို အချို့ ပါဠိအာဂုမ် ကျက်ရတယ်၊ တချို့ ဒီမှာ သံဂါယနာတင် ဘတ်ရတယ်၊ အဲဒီလုပ်ငန်းစဉ်တွေက ဘာတွေတုံးဆိုတော့ ဓမ္မဒါနကုသိုလ်တွေဘဲ၊ အဲသည် ဓမ္မဒါနကုသိုလ်နှင့် အာမိသဒါန ကုသိုလ်နှစ်မျိုး ချိန်ဆလိုက်တယ် ဆိုလို့ရှိလျှင် အာမိသဒါနထက် ဓမ္မဒါနက အဆအရာ အဆအထောင် မက မြတ်တယ် အဆအရာ အထောင်မက မြတ်သောကြောင့် လူတွေ နတ်ရွာ သုဂတိ ရောက်တယ်လို့ ဆိုလျှင် လူတွေ၏ နတ်ရွာသုဂတိ ရောက်တဲ့ အဆင့်အတန်းထက် တိုးမြင့်ပြီးတော့ သံဃာဘက် ဘုန်းကြီးဘက်က စေတနာကောင်းမယ်ဆိုလျှင် သူတို့ အထက်တန်းက အပုံကြီး မြင့်တက်ပြီးတော့ ရောက်ဘို့ရာ အကြောင်း ရှိတယ်လို့ မိမိစိတ်ထည်းမှာ ထင်မြင်ချက်ရှိပါတယ်။

## သိပြီးလျှင် ကျင့်ကြပါ

အဲဒီ သံဂါယနာ တင်ခြင်း၏ အကျိုးတွေဟာ ဘုန်းကြီးဘက်ကရော လူဘက်ကရော အလွန်ဘဲ အကျိုးများတယ်၊ ပြီးတော့ သံဂါယနာတင်ရုံနှင့် ကိစ္စပြီးသလားလို့ ဆိုတော့ သာသနာတော်ထမ်း ရဟန်းတို့မှာ သံဂါယနာ တင်ပြီးတဲ့အခါ စာအုပ်တွေကလည်း ပရိယတ္တိလုပ်ငန်းကို လုပ်ဘို့ရာ အတွက် ဖြစ်တယ်၊ အစိုးရနှင့်ဘက္က တိုင်းပြည်က လှူထားတဲ့ ငွေတွေဟာလဲ ဒီစာအုပ်တွေကို တွင်တွင်ပါအောင် ကိုရင်ကလေး ကျောင်းသားကလေးကစပြီး သာသနာ ကြီးပွါးရေး ရှေးရှုပြီးတော့ သူက ငါက ကြိုးစား မင်းစား သင်ကြားအားထုတ်ကြဘို့ကို ရည်ရွယ်တယ်၊ ကာလ အချိန် အချည်းနှီး မဖြစ်ရအောင် ပရိယတ္တိသာသနာ အားထုတ်တော့ အားထုတ်သည့်အတွက် သိလာရမယ်၊ သိတော့ ဒါနအရာ ဒါန၊ သီလအရာ သီလ ဆိုသလိုဘဲ ကျင့်တတ်လာမယ်၊ စာသင်ဆိုတာ သိအောင် တတ်အောင် သင်တယ်၊ သိအောင် တတ်အောင် သင်ပြီးတော့ သိတယ်တတ်တယ် ဘာလုပ်ရမတုံး၊ သိပြီ တတ်ပြီ နားလည်ပြီ ဆိုလျှင် ကျင့်ရမည်၊ သင်ပြီးတဲ့အခါ ကျင့်ဘို့ရာ လိုတယ်၊ ကျင့်ဘို့ရာ ရဟန်းတော်များမှာ ဘာရှိတုံးလို့ဆို မြတ်စွာဘုရားက ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ဟူ၍ သီလ

ကြီး လေးပါး ဟောထားပါတယ်၊ အဲဒီ သီလကြီးလေးပါးကို လုံခြုံစွာ စောင့် ထိန်းမှသာလျှင် သာသနာမှာ နေကျိုးနပ်မည်။

## သုဒ္ဓိလေးပါး

ပါတိမောက္ခသံဝရသီလ ဆိုတာက အင်မတန်မှ နယ်ကျယ်တယ်၊ ပါတိ မောက္ခ သံဝရသီလဆိုတဲ့ (၂၂၇)သွယ်သော သိက္ခာပုဒ်တို့ကို လွန်ကျူး ကျော်နင်းလျှင် အပြစ်ရှိ၏၊ စောင့်ထိန်းလျှင် အကျိုးရှိ၏၊ အဲဒီ ပါတိမောက္ခ သံဝရသီလ ကျိုးပေါက် ပျက်ပြားနေတဲ့အခါ ရောက်တော့ မြတ်စွာဘုရားက ကုစားဘို့ရန် သုဒ္ဓိလေးပါးကို ဟောပြန်သည်၊ ဒေသနာသုဒ္ဓိ သံဝရသုဒ္ဓိ ပရိယေဋ္ဌိသုဒ္ဓိ ပစ္စဝေက္ခဏာသုဒ္ဓိ လို့ စင်ကြယ်ခြင်း၏ အကြောင်း လေးပါး ဟောတယ်။

အဲဒီ ပါတိမောက္ခသံဝရသီလပျက်ကွက်တဲ့ရဟန်းတော်များမှာဒေသနာ သုဒ္ဓိနှင့် စင်ကြယ်အောင် ဆေးလျှော်ပစ်ပါတဲ့၊ ဒေသနာကြားပစ်လို့ရှိလျှင် မိမိမှာ ပါတိမောက္ခ သံဝရသီလပျက်၍ အာပတ်သင့်နေစေကာမူ စင်ကြယ် သန့်ရှင်းပြီးတော့ လဇ္ဇီအဖြစ် ရောက်လာလိမ့်မည်။

အဲဒီ ပါတိမောက္ခသံဝရသီလကို စင်ကြယ်အောင်ဆေးကြောသုတ်သင် ပစ်ထာကို ဒေသနာသုဒ္ဓိလို့ခေါ်သည်၊ ဆေးကြောသုတ်သင်ဆိုသည်ကား ဒေသနာကြားရမည်၊ ဒေသနာ ကြားတဲ့အခါမှာ[၁] အာယတိံသံဝရရှိမှ ထတဲ့အာပတ်, အာယတိံသံဝရမရှိသော်လည်း ထတဲ့အာပတ် ဟု နှစ်မျိုး နှစ်စားရှိတယ်။

အာယတိံသံဝရရှိမှ ထတဲ့ အာပတ်ဆိုတာက ဘိက္ခုနီမှာ အဋ္ဌဝတ္ထုက အာပတ်မျိုးဟာ အာယတိံသံဝရရှိမှထတယ်၊ အာယတိံသံဝရ မရှိလျှင် ထိုအာပတ်မျိုးဟာ ဒေသနာအခါတရာ ကြားသော်လည်း မထဘူး မစင် ကြယ်ဘူး ဒေသနာသုဒ္ဓိမဖြစ်ဘူး ဒီလိုဟောတယ်၊ ဋီကာများမှာလည်း ဖွင့် တယ်။

ပြီးသည့်နောက်ကို ဆီခိုးတဲ့ ဝတ္ထုများမှာ အာယတိံသံဝရ ရှိမှဘဲ ထတယ်၊ ဆီခိုးတဲ့ ဝတ္ထုမှာ တနေ့ တပဲ တပဲ ခိုးတယ်ဆိုလို့ရှိလျှင် ငါးရက်ရှ

---

၁။ အာယတိံသံဝရ။ နောင်အခါ စောင့်စည်းတော့မည်ဟု စိတ်စေတနာရှိခြင်း။

ငါးပဲ ဖြစ်၍ အာယတိံသံဝရမရှိလျှင် ပါရာဇိကကျနိုင်တယ်၊ ကြားထည်းမှာ အာယတိံသံဝရနှင့် ကြားလို့ရှိလျှင် အာပတ်တွေ ပျောက်ကင်းနိုင်တယ်၊ ဒါကြောင့် အဲဒီ ဆိခိုးတဲ့ ဝတ္ထုများမှာလည်း အာယတိံသံဝရရှိမှ ထတယ်လို့ ဆိုတယ်။

ပြီးတော့ နိဿဂ္ဂိယထိုက်သော သက်န်းအစရှိသော နိဿဂ္ဂိယဝတ္ထုမှာ လဲဘဲ စွန့်ခြင်းဝိနည်းကံ ဖျေးရှိတဲ့ အာပတ်သင့်တယ်၊ နိဿဂ္ဂိထိုက်သော ဝတ္ထု ကို မစွန့်ဘဲနှင့် ဘယ်လောက်ပင် ဒေသနာကြားကြား မထဘူး၊ အခါတရာ ကြားပေမဲ့ မထဘူး၊ နိဿဂ္ဂိယပစ္စည်းကို စွန့်ပြီး ဒေသနာကြားမှ ထတယ်။

အဲသလို အာယတိံသံဝရရှိမှ ထတယ်ဆိုတဲ့ အာပတ် အပိုင်းအခြား ကျမ်းဂန်မှာလည်း အထိုက်အလျောက်ရှိတယ်။

ဒီပြင် သဟသေယျ အစရှိသော အာပတ်အစုဆိုလျှင်ဖြင့် အာယတိံ သံဝရမရှိသော်လည်း ထတဲ့ အာပတ်မျိုးက ယူရမည်၊ ဂဏနူပိကအာပတ် အဂဏနူပိကအာပတ် နှစ်မျိုးတွင် ဂဏနူပိကအာပတ်ထည်းက ဖြစ်တယ်၊ ပြီးတဲ့နောက် သံဃာဒိသိသ် အာပတ်သင့်တဲ့အခါ ဝုဋ္ဌာနကံအရာ ပရိဝါသ် မာနတ်ဆောက်တည်တဲ့အခါမှာ အာယတိံသံဝရရှိမှ ထိုအာပတ် ငြိမ်းတယ် ပျောက်တယ်လို့ ဒီလိုစာဆိုမရှိဘူး၊ မြတ်စွာဘုရား၏ အမိန့်တော်ကမ္မဝါစာ ဖြင့်ဘတ်လိုက်တဲ့အခါကျတော့ ကမ္မဝါစာပြီးဆုံးသည်နှင့် တပြိုင်နက် ရှိပြီး သားအာပတ်ဟာ ပျောက်ကင်းစင်ကြယ်သွားနိုင်တာဘဲ၊ အဲသလို ပျောက် ကင်းစင်ကြယ်ခြင်းဟာ ဒေသနာသုဒ္ဓိအဖြစ်ဖြင့် ပျောက်ကင်းစင်ကြယ်တာ ဖြစ်၍ ဤသုဒ္ဓိလေးပါးထည်းက ဒေသနာသုဒ္ဓိဆိုတာ သူ့သူ့ငါငါ အင်မတန်ဘဲ အရေးကြီးကြပါတယ်။

သံဝရသုဒ္ဓိဆိုတာက စက္ခုန္ဒြေ သောတိန္ဒြေ အစရှိသည့် ချိုးဖောက်မှု ပျက်စီးမှု ပျက်ကွက်မှု ရှိလျှင်လဲဘဲ ငါ နောင်ကို စောင့်စည်းတော့မယ်ဆို လျှင် ပြန်ပြီးတော့ သန့်ရှင်းသွားတော့တာဘဲ။

ပရိယေဋ္ဌိသုဒ္ဓိ ဆိုတာက ကုလဒူသန အနေသန စသည်ဘို့ဖြင့် ရှာမှီးပြီး စားသောက်တယ်ဆိုလျှင် မိစ္ဆာဇီဝဖြစ်တယ်၊ ဒီအမှုမျိုး ငါမပြုတော့ဘူး၊ တရားနှင့်အညီ ရှာမှီးပြီး သုံးဆောင်မှီဝဲတော့မည်လို့ ဆိုပါလျှင် ပရိယေဋ္ဌိသုဒ္ဓိ သီလ စင်ကြယ်သွားတော့တာဘဲ။

ပစ္စဝေက္ခဏာသုဒ္ဓိ ဆိုတာကတော့ ပစ္စည်းလေးပါး သုံးစွဲရာ၌ မဆင်ခြင်မှု ဣဏပရိဘောဂ ဖြစ်မှုကို ပြန်ပြီး ဆင်ခြင်လိုက်လို့ရှိလျှင် ပစ္စဝေက္ခဏာသုဒ္ဓိ စင်ကြယ်မှု ဖြစ်သွားတာဘဲ။

ဒါကြောင့် ဤသီလလေးပါးကို မြတ်စွာဘုရား ဟောတော်မူသည့် အတိုင်း မိမိအသက်ကို ချစ်မြတ်နိုးသကဲ့သို့ မကျိုးမပေါက် မပြောက်မကျား ရအောင် သူသူငါငါ စောင့်ရှောက်ကြကုန်ရာ၏၊ မကျိုးမပေါက် မပြောက် မကျားရအောင် စောင့်ရှောက်ကြပါကုန်စို့၊ မကျိုးမပေါက် မပြောက်မကျား ရအောင် စောင့်ရှောက်လျက် သံဂါယနာတင်ကြပါကုန်စို့။

ရန်ကုန်မြို့
အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်

# မိစ္ဆာဒိဋ္ဌိမိစ်မဟာပြောဓဝါဒမှုချက်များ

အဋ္ဌကထာကို သံဂါယနာတင်တဲ့အခါမှာ ပါဠိတော်များလို နေ့စဉ် မေးဘို့ ဖြေဘို့ မလိုတဲ့အတွက် ကြည်ညိုဖွယ် မှတ်သားဖွယ်ကောင်းတဲ့ အချက်များကိုသာ ထုတ်ဆောင်၍ စိစစ်ပြောဆိုရမယ်လို့ ဝန်ဆောင်သံဃာ အဖွဲ့က ဆုံးဖြတ်ချက် ချထားတဲ့အတိုင်း စိစစ်ပြောဆိုခဲ့သည်မှာ ခုနစ်ရက် ရှိပါပြီ။

အဲဒီ ခုနစ်ရက်အတွင်းမှာ ပဌမ, ဒုတိယ, တတိယ သံဂါယနာသုံးတန် တင်တုန်းက အဋ္ဌကထာနှင့်တကွ ပါဠိတော်များကို သံဂါယနာတင်ခဲ့တဲ့ အကြောင်း ရှင်းလင်းပြောဆိုလို့ ပြီးသွားပါပြီ။

ဒီကနေ့ ပြောဘို့ရာ အလှည့်ကျနေတာကတော့ တတိယသံဂါယနာ တင်ပြီးစက ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု လွှတ်ခဲ့တဲ့ အတွက် ယခုလက်ရှိ **ထေရဝါဒ ငါးနိုင်ငံမှာ** အဆက်မပြတ် သာသနာတော်တည်ထွန်းပြီး သာသနာ တာဝန်ကို ဆောင်ရွက်နေတဲ့အကြောင်း ပြောဘို့ အလှည့်ကျနေပါတယ်။

ဒါကြောင့် ယခု သံဂါယနာတင်နေဆဲ ဖြစ်တဲ့ **သမန္တပါသာဒိကာ ဝိနည်း အဋ္ဌကထာမှာ** ပြဆိုထားပုံကို စိစစ်လျှောက်ထားပါတော့မယ်ဘုရား။

တတိယ သံဂါယနာတင်ပြီးတဲ့နောက် **အရှင်မဟိန္ဒမထေရ်က** ဝိနည်း ပိဋကတော်ကို သီဟိုဠ်ကျွန်းသို့ဆောင်ယူလာကာ သာသနာပြုခဲ့တဲ့အ ကြောင်း၊ အရှင်မဟိန္ဒမထေရ်မှ တဆင့် သင်ယူပြီးတော့ အရှင်အရိဋ္ဌအစရှိ သော နှစ်ဆယ့်ရှစ်ပါးသော သီဟိုဠ်ကျွန်းသားမထေရ်တို့ အဆက်ဆက် ဆောင်လာခဲ့တဲ့အကြောင်းများကို အဋ္ဌကထာမှာ ရှေးဦးစွာ ဖော်ပြထား ပါတယ်။

အဲဒီ အကြောင်းတွေကတော့ **ပရိဝါပါဠိတော်မှာ** တိုက်ရိုက်လာရှိတဲ့ စကားတွေ ဖြစ်ပါတယ်၊ ထို့နောင်လဲဘဲ အဲဒီမထေရ်တို့မှ ဆက်လက်ပြီး အဋ္ဌကထာဆရာများရဲ့ လက်ထက်တိုင်အောင် ဆရာ တပည့် အဆက်ဆက် ဝိနည်းပိဋကတော်ကို ဆောင်ရွက်လာခဲ့[illegible]

၂၀၄၃၅

ယခု ဘုရားတပည့်တော်တို့က ပြောရမယ်ဆိုလို့ရှိလျှင်လဲဘဲ အဲဒီ တတိယသံဂါယနာတင် မထေရ်များမှစပြီး ယခုထက်ထိ ဆရာတပည့်အဆက် ဆက် ဆောင်ရွက်လာခဲ့တယ်လို့ ပြောရမှာပါဘဲ။

ဒီတော့ အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ ကြွရောက်ပြီး သာသနာ ပြုခဲ့တဲ့အကြောင်းကို အပြည့်အစုံ ဖော်ပြဘို့ရန် လိုပါတယ်၊ ဒါကြောင့် အဌကထာမှာ **တတြာယံ အနုပုဗ္ဗိကထာ။** တတြ၊ ထိုသီဟိုဠ်ကျွန်းသို့ အရှင် မဟိန္ဒမထေရ် ကြွရောက်လာကာ သာသနာပြုခဲ့တယ်ဆိုတဲ့ စကားရပ်၌။ အယံ၊ ယခုပြောပြမည့် စကားသည်။ အနုပုဗ္ဗိကထာ၊ အစဉ်အတိုင်း ဖော်ပြ သည့် စကားပေတည်းလို့ ဒီလိုစကားပလ္လင်ပျိုးပြီးတော့ အကျယ်တဝင့် ဖော်ပြ သွားပါတယ်။

## ကိုးတိုင်းကိုးဌာန သာသနာပြုလွှတ်ခြင်း

ဖော်ပြသွားပုံကတော့ **အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်ဟာ** တတိ ယ သံဂါယနာတင်ပြီး မျက်မှောက် ပစ္စုပ္ပန် သာသနာရေးကို ပြုစုတော်မူပြီးတဲ့ အခါကာလမှာ အနာဂတ်သာသနာရေးကိုလဲ မြော်တွေးပြီး ဆင်ခြင်တော်မူ ပါတယ်၊ နောင်အခါ ကာလမှာ မြတ်စွာဘုရား၏ သာသနာတော်ဟာ အဘယ်အရပ်၌ ကောင်းကောင်း တည်တံ့ပါမလဲဆိုတာကို မြော်တွေးပြီးကြည့် တဲ့အခါ ပစ္စန္တိမဇနပဒလို့ ခေါ်တဲ့ အစွန်အဖျားအရပ်ဒေသတွေမှာမြတ်စွာ ဘုရား၏ သာသနာတော် ကောင်းစွာ တည်တံ့မယ်ဆိုတဲ့ အကြောင်းကို မြင်တော်မူတဲ့အတွက် ထိုစဉ် အခါကာလက သာသနာပြုလွှတ်ရန်အတွက် အရည်အချင်းနှင့် ပြည့်စုံတော်မူကြတဲ့ မထေရ်မြတ်တွေကို ရွေးချယ်ပြီးတော့ **ကိုးပါးသော တိုင်းဌာနအရပ်ဒေသတွေသို့** စေလွှတ်တော်မူခဲ့ပါတယ်။

**မဇ္ဈန္တိက** မထေရ်ကို **ကသ္မီရဂန္ဓာရ**တိုင်းသို့ စေလွှတ်တော်မူခဲ့ပါတယ်၊ **မဟာဒေဝ** မထေရ်ကို **မဟိံသက**တိုင်းသို့၊ **ရက္ခိတ**မထေရ်ကို **ဝနဝါသီ**တိုင်းသို့၊ **ယောနက**မထေရ်ကို **အပရန္တ**တိုင်းသို့၊ **မဟာဓမ္မရက္ခိတ**မထေရ်ကို **မဟာရဋ္ဌ** တိုင်းသို့၊ **မဟာရက္ခိတ**မထေရ်ကို **ယောနက**တိုင်းသို့၊ **မဇ္ဈိမ**မထေရ်ကို **ဟိမ ဝန္တာ** အရပ်ဒေသသို့ စေလွှတ်ခဲ့ပါတယ်၊ **အရှင်သောဏ**မထေရ်နှင့် အရှင် **ဥတ္တရ**မထေရ်ကို **သုဝဏ္ဏဘူမိ** အရပ်သို့ စေလွှတ်ခဲ့ပါတယ်၊ မိမိ၏ သဒ္ဓိဝိဟာရိက

တပည့်ကြီးဖြစ်တဲ့ အရှင်**မဟိန္ဒ**မထေရ်ကို နောက်ပါ လေးပါးနှင့် တကွ တမ္ဗပါဏိ ခေါ်သော သီဟိုဠ်ကျွန်းသို့ စေလွှတ်ခဲ့ပါတယ်။

ထိုသို့ စေလွှတ်လိုက်တဲ့ မထေရ်တွေကလဲ မိမိတို့ ကျရောက်ရာ အရပ်ဒေသတွေကို နောက်ပါ ရဟန်းတော် လေးပါးနှင့်တကွ ငါးပါးစီ ငါးပါးစီ ကြွရောက်တော်မူကြပါတယ်၊ ဒီလို ငါးပါးစီ ကြွရောက်ရခြင်း၏ အကြောင်းကတော့ တိုင်းစွန်ပြည်ဖျားဖြစ်တဲ့ အရပ်ဒေသတွေမှာ ငါးပါးဆိုရင် ဥပသမ္ပဒကံ ဆောင်လို့ ရဟန်းပဉ္စင်းခံ ပေးနိုင်ပါတယ်၊ ဒါကြောင့် ဥပသမ္ပဒကံ ဆောင်နိုင်ဘို့ရန်အတွက် နောက်ပါလေးပါးနှင့်တကွ ငါးပါးစီ အပြည့်အစုံ ကြွရောက်တော်မူကြရခြင်း ဖြစ်ပါတယ်။

## (၁) ကသ္မီရဂန္ဓာရတိုင်းသာသနာပြုအဖွဲ့

အဲဒီလို ကြွရောက်တော်မူကြတဲ့ ကိုးဌာနထဲမှာ ရှေးဦးစွာ ပြောရမည့် ကသ္မီရဂန္ဓာရတိုင်း ဆိုတာဟာ ယခုအခါကာလမှာ ဘယ်အရပ်ဒေသပါလဲ ဆိုတာကို ရှေးဦးစွာ ပြောပြဘို့ လိုပါတယ်။

ဒါကြောင့် ကသ္မီရဆိုတဲ့ပုဒ်ကို ဗမာလိုတော့ ကသ္မီရလို့ဘဲ အသံထွက်ပြီး ဘတ်ရပါတယ်၊ အိန္ဒိယအသံနှင့် ဘတ်လိုက်လျှင်တော့ ကက်ရှ်မီရ လို့ အသံထွက်နေပါတယ်၊ ဒီတော့ ယခု ကက်ရှ်မီးယားလို့ခေါ်တဲ့ ဒီနေရာဌာနဟာ အိန္ဒိယမှာ အထင်အရှားရှိပြီးနေပါတယ်၊ မကြာမီကာလက အိန္ဒိယနှင့် ပါကစ္စတန် အငြင်းပွါးပြီးနေလို့ သတင်းစာထဲမှာ အင်မတန်ထင်ရှားနေတဲ့ နေရာဌာန ဖြစ်ပါတယ်။

ဂန္ဓာရဆိုတဲ့ နေရာကလဲဘဲ အဲဒီ ကသ္မီရနိုင်ငံနှင့် တစပ်တည်း အနောက်ဖက် အရပ်မှာရှိပါတယ်၊ ပန်ဂျပ်နယ်ရဲ့ မြောက်ပိုင်းမှာ ပက်ရှဝါဒိစတြိတ်နှင့် ရာဝါပန္ဒီ ဒိစတြိတ်ဟာ ဂန္ဓာရတိုင်းဘဲလို့ ကျောက်စာဌာနတွေက သက်သေအခိုင်အလုံနှင့်တကွ ဖော်ပြထားပါတယ်။

အဲဒီ ကသ္မီရ ဂန္ဓာရတိုင်းမှာ **အရဝါဠ**ဆိုတဲ့ အမည်နဲ့ ထင်ရှားတဲ့ ရေအိုင်ကြီး ရှိပါတယ်၊ အဲဒီ အရဝါဠ ရေအိုင်မှာ **အရဝါဠ** အမည်ရှိတဲ့ နဂါးမင်းကြီးဟာ ကောက်ပဲသီးနှံများ မှည့်တဲ့ အချိန်ကျလျှင် မိုးသီး မိုးသီးများ ရွာချစေပြီးတော့ ကောက်ပဲသီးနှံများကို ဖျက်ဆီးပြီး သမုဒ္ဒရာသို့ မျောစေပါတယ်။

**မဇ္ဈန္တိက** မထေရ်ကလည်း ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ရဲ့ အမိန့်အတိုင်း ပါဠိလိပုတ်ပြည်မှနေပြီး စျာန်အဘိညာဉ်ဖြင့် ကောင်းကင်ခရီးက ကြွသွားပါတယ်၊ ကြွသွားပြီးတော့ ဟိမဝန္တာ အရပ်ဒေသဖြစ်တဲ့ အဲဒီ ကသ္မီရ နယ်ထည်းမှာ ရှိတဲ့ အရဝါဠ ရေကန်ကြီးရဲ့ ရေပြင်ပေါ်မှာ သက်ဆင်းပြီးတော့ ရေပြင်ပေါ်မှာ စင်္ကြံသွားလိုက် ရပ်လိုက် ထိုင်လိုက် လျောင်းလိုက် အိပ်လိုက်နှင့် ပြုလုပ်နေပါတယ်။

ဒီလို ပြုလုပ်ပြီးနေတာကို နဂါးလုလင်တွေက တွေ့မြင်သွားတော့ အရဝါဠ အမည်ရှိတဲ့ နဂါးမင်းကြီးအား တိုင်ကြားကြပါတယ်။ "အရှင်မင်းကြီး.... အစုတ်စုတ် အပြတ်ပြတ် ဖန်ရည်ဆိုးထားတဲ့ အဝတ်ကို ဝတ်ထားတဲ့ ဦးပြည်း လူသားတယောက်ဟာ ကျွန်ုပ်တို့ရဲ့ ရေကန်ကရေတွေ ပျက်စီးအောင် လုပ်နေပါတယ်" လို့ ဒီလိုတိုင်ကြားတော့ နဂါးမင်းကြီးက အမျက်ဒေါသထွက်ပြီး ကြည့်ရှုတဲ့အခါ မထေရ်မြတ်ကို တွေ့မြင်ပါတယ်၊ ဒီတော့ မိမိမှာ သည်းထန်စွာ ဖြစ်ပေါ်လာတဲ့ အမျက်ဒေါသကို သည်းမခံနိုင်တာနှင့် ကောင်းကင်အပြင်မှာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ အာရုံတွေကို ဖန်ဆင်းပြီးတော့ ခြောက်လှန့်ပါတယ်။

ထိုထိုအရပ်မှ အင်မတန်ပြင်းထန်တဲ့ လေမုန်တိုင်းကြီးတွေကို တိုက်စေပါတယ်၊ ဒီလေမုန်တိုင်းကြီးတွေ တိုက်တဲ့အတွက် သစ်ပင်တွေလဲ အပိုင်းပိုင်း ပြတ်ကျ တောင်ထွဋ်တွေလဲ ပြိုကျ မိုးကြိုးတွေလဲချုန်း လျှပ်စီးတွေလဲပြက် မိုးကြိုး များလဲကျ ကောင်းကင်တခုလုံးလဲ ကွဲအက်ပြီးကျသကဲ့သို့ မိုးရေတွေဟာလဲ တသွင်သွင် ယိုစီးကျနေပါတယ်တဲ့။

နဂါးလုလင်တွေကလဲ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ ရုပ်အဆင်းတွေကို ဖန်ဆင်းပြီးတော့ စုဝေးပြီး ကြည့်နေကြပါတယ်၊ နဂါးမင်းကြီးကလဲ မိမိကိုယ်တိုင် မီးခိုးတွေလွှတ်လို့ လက်နက်မိုးတွေလဲ ရွာချပြီး ခြိမ်းခြောက်ပါတယ်၊ အစုတ်စုတ်အပြတ်ပြတ် အဝတ်ကိုဝတ်ထားတဲ့ ဦးပြည်းဟာ ဘာလဲ စသည်ဖြင့် ကြောက်မက်ဖွယ် ဖြစ်သော ကြမ်းတမ်းသော စကားတို့ဖြင့်လဲ ခြိမ်းခြောက်ပါတယ်၊ လာကြဟေ့....ဒီရဟန်းကို ဘမ်းကြဟ၊ သတ်ကြဟ နှင်ထုတ်ကြဟ စသည်ဖြင့် ဒီလိုလဲ နဂါးစစ်သည်အပေါင်းအား အမိန့်အာဏာ ပေးပါတယ်။

ထိုအခါ ကာလမှာ မဇ္ဈန္တိက မထေရ်က ကြောက်မက်ဖွယ်ရာ အာရုံအလုံးစုံတွေကို မိမိ၏ဈာန် အဘိညာဉ်တန်ခိုးဖြင့် ပယ်ရှားပြီးတော့ နဂါးမင်းကြီးကို ဒီလိုမိန့်တော်မူပါတယ်—

သဒေဝကောပိ စေ လောကော၊ အာဂန္ တွာ တာသယေယျ မံ။
န မေ ပဋိဗလော အဿ၊ ဇနေတုံ ဘယဘေရဝံ။

နာဂရာဇ၊ နဂါးမင်းကြီး။ သဒေဝကော၊ နတ်နှင့်တကွသော။ လောကော၊ တလောကလုံးသည်။ အာဂန္တွာ၊ လာလတ်၍။ မံ၊ ငါ့ကို။ စေပိတာသယေယျ၊ အကယ်၍ ခြောက်လှန့်စေကာမူ။ မေ၊ ငါ့အား။ ဘယဘေရဝံ၊ ကြောက်ခြင်း လန့်ခြင်းကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ န ပဋိဗလော အဿ၊ မစွမ်းနိုင်သည်သာတည်း။

သစေပိ တွံ မဟိံ သဗ္ဗံ၊ သသမုဒ္ဒံ သပဗ္ဗတံ။
ဥက္ခိပိတွာ မဟာနာဂ၊ ခိပေယျာသိ မမူပရိ။
နေဝ မေ သက္ကုဏေယျာသိ၊ ဇနေတုံ ဘယဘေရဝံ။
အညဒတ္ထု တဝေဿ၊ ဝိဃာတော ဥရဂါဓိပ။

မဟာနာဂ၊ နဂါးမင်းကြီး။ သသမုဒ္ဒံ၊ သမုဒ္ဒရာနှင့်တကွသော။ သပဗ္ဗတံ၊ တောင်နှင့်တကွသော။ သဗ္ဗံမဟိံ၊ အလုံးစုံသော မြေပြင်အလုံးကို။ ဥက္ခိ-ပိတွာ၊ ပင့်မြှောက်ချီလာ၍။ တွံ၊ သင်သည်။ မမူပရိ၊ ငါ၏အထက်၌။ သစေပိ ခိပေယျာသိ၊ အကယ်၍ ပစ်ချစေကာမူ။ မေ၊ ငါ့အား။ ဘယဘေရဝံ၊ ကြောက်ခြင်း လန့်ခြင်းကို။ ဇနေတုံ၊ ဖြစ်စေခြင်းငှါ။ နေဝသက္ကုဏေယျာသိ၊ မစွမ်းနိုင်သည်သာတည်း။ ဥရဂါဓိပ၊ နဂါးတို့၏ အကြီးအကဲ အရှင်သခင် ဖြစ်ပေသော အရဝါဠ နဂါးမင်း။ အညဒတ္ထု၊ အမှန်စင်စစ်အားဖြင့်မူကား။ တဝေဝ-တဝေ၊ သင်၏သာလျှင်။ ဝိဃာတော၊ ပင်ပန်းခြင်းသည်။ အဿ၊ ဖြစ်လေရာ၏ လို့ မဇ္ဈန္တိက မထေရ်က အမိန့်ရှိတဲ့အခါ နဂါးမင်းကြီးမှာ တန်ခိုးအာနုဘော် အစွမ်းသတ္တိတွေကုန်လို့ မိမိအားထုတ်သမျှ ကြိုးစားသမျှတွေဟာ အကျိုးအာနိသင် ဘာမှမထင်တဲ့အတွက် စိတ်နှလုံး မသာမယာ ဖြစ်ပြီး နေပါတယ်။

အဲဒီလို အခါမှာ မဇ္ဈန္တိက မထေရ်က သင့်လျော်တဲ့ တရားစကားဖြင့် ထိုနဂါးမင်းကြီးကို တက်ကြွစေပြီးတော့ စိတ်မျှားကိုလည်း ရွှင်လန်းစေပါတယ်၊ ကြည်ညိုစေပါတယ်၊ ရှစ်သောင်းလေးထောင်သော နဂါးအပေါင်းနှင့်

တကွ နဂါးမင်းကြီးကို သရဏဂုံသုံးပါး၌လဲ တည်စေပါတယ်၊ ငါးပါးသီလ၌လဲ တည်စေပါတယ်၊ ထို့ပြင် ဟိမဝန္တာ အရပ်မှာ နေကြတဲ့ ဘီလူးတွေ ဂန္ဓဗ္ဗတွေ ကုမ္ဘဏ်တွေလဲဘဲ မဇ္ဈန္တိကမထေရ်မြတ်၏ တရားစကားကို ကြားနာရတာနှင့် သရဏဂုံသုံးပါး ငါးပါးသီလမှာ တည်ကြပါတယ်၊ ထူးခြားတာကတော့ ပဉ္စကဆိုတဲ့ ဘီလူးကတော့ သူ၏သား ငါးယောက်ရယ် ခင်ပွန်းမ ဖြစ်တဲ့ ဘီလူးမရယ် အဲဒီ သားမယား အားလုံးနှင့်တကွ သောတာပတ္တိဖိုလ်ရောက်ပြီး သောတာပန် ဖြစ်ကြပါတယ်။

ထိုအခါမှာ အသျှင်မဇ္ဈန္တိက မထေရ်က အလုံးစုံသောနဂါး ရက္ခိုသ် ဘီလူးတွေကို ခေါ်ဘော်မူပြီး ဒီလို အဆုံးအမ သြဝါဒပေးတော်မူပြန်ပါ ကယ်——

မာ ဒါနိ ကောဓံ ဇနယိတ္ထ၊ ဣတော ဥဒ္ဓံ ယထာ ပုရေ။
သဿဃာတဥ္စ မာကတ္ထ၊ သုခကာမာ ဟိ ပါဏိနော။
ကရောထ မေတ္တံ သတ္တေသု၊ ဝသန္တု မနုဇာ သုခံ။

ဘောန္တော၊ အို နဂါး ရက္ခိုသ် ဘီလူးအပေါင်းတို့....။ ဣဒါနိ၊ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒတော်ကို ကြားရ နာရသော ယခုအခါကာလ၌။ ကောဓံ၊ မကောင်းကျိုးကိုသာ ပေးတတ်သည့် အမျက်ထွက်ခြင်းကို။ မာဇနယိတ္ထ၊ မဖြစ်စေကြပါကုန်လင့်။ ဣတောဥဒ္ဓံ၊ ယခုအခါမှ နောင်ကာလ၌။ သဿဃာတဥ္စ၊ လူတဖက်သား စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံ ဖျက်ဆီးခြင်းကိုလည်း။ ယထာပုရေ၊ ရှေးကကဲ့သို့။ မာအကတ္ထ၊ မပြုမလုပ်ကြပါကုန်လင့်။ ဟိ၊ အကြောင်းကို ပြရလျှင်။ ပါဏိနော၊ အလုံးစုံသော သတ္တဝါတို့သည်။ သုခကာမာ၊ သင်တို့ကဲ့သို့ပင် ချမ်းသာကိုလိုလားကြသူတို့ချည်းသာလျှင် ဖြစ်ကြပါပေသည်။ တသ္မာ၊ ထို့ကြောင့်။ သတ္တေသု၊ သတ္တဝါတို့၌။ မေတ္တံ၊ ချမ်းသာစေလိုသောမေတ္တာစိတ်ကို။ ကရောထ၊ ပွါးကြပါကုန်လော့။ မနုဇာ၊ လူအပေါင်းတို့သည်။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ ဝသန္တု၊ နေထိုင်ကြပါစေကုန်သတည်း လို့ ဒီလို အဆုံးအမ သြဝါဒပေးတော်မူပါတယ်။

အဲဒီ အဆုံးအမသြဝါဒကိုလဲ ကောင်းပါပြီလို့ အားလုံးက ဝန်ခံပြီးတော့ မထေရ်မြတ်၏ အဆုံးအမ သြဝါဒအတွင်း လိုက်နာပြီး ကျင့်ကြပါတယ်။

ထိုနေ့ဟာ သာသနာတော် နှစ်အားဖြင့် ဆိုလျှင် နှစ်ရာ့သုံးဆယ်နှင့် ငါး (၂၃၅)ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်ပါတယ်၊ အဲဒီတန်ဆောင်မုန်း

လပြည့်နေ့ဟာ ထိုကဿီရဂန္ဓာရတိုင်းမှာ နဂါးမင်းကြီးကို ပူဇော်ပွဲ ကျင်းပတဲ့ နေ့ဖြစ်ပါတယ်၊ နဂါးမင်းကြီးက မိမိသုံးဆောင်နေတဲ့ ရတနာပလ္လင်ကို ထုတ်ဆောင်ပြီးတော့ မထေရ်မြတ်အား ခင်းပေးပါတယ်၊ မထေရ်မြတ်ကလဲ ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေပြီး တင့်တယ်စွာ ထိုင်နေတော်မူပါတယ်၊ နဂါးမင်းကြီးကလဲ မထေရ်မြတ်ကို ယပ်လေများ ခပ်ပြီးတော့ အနီးအပါးမှ အရိုအသေပြုနေပါတယ်။

ထိုစဉ် အခိုက်အတန့်မှာဘဲ ကဿီရတိုင်း ဂန္ဓာရတိုင်းသား နဂါးကိုးကွယ်တဲ့ လူတွေက နဂါးမင်းကြီးကို ပူဇော်ကြမယ်လို့ လာရောက်ပြီး ကြည့်ရှုကြတဲ့ အခါကာလမှာ မိမိတို့ ကိုးကွယ်တဲ့ နဂါးမင်းကြီးက မထေရ်မြတ်အား အရိုအသေပြုနေတာကို တွေ့ကြရပါတယ်။

ဒါကြောင့် ဒီမထေရ်ဟာ ငါတို့ ကိုးကွယ်တဲ့ နဂါးမင်းကြီးထက်ပဲ ပိုပြီးတော့ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားတဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပေလိမ့်မယ်လို့ အောက်မေ့ယုံကြည်ပြီးတော့ မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးပြီး ထိုင်နေကြပါတယ်။

မထေရ်မြတ်က သာသနာပြု ကြွလာတဲ့အခါမှာ ဒီနဂါးကြီးကို တန်ခိုးပြပြီး ရှေးဦးစွာ ဆုံးမရတာဟာ ဒီလူတွေရိုသေလေးစားဘို့ရန်အတွက်ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီလို မထေရ်မြတ်ကို ရိုရိုသေသေလေးလေးစားစားနှင့် ထိုင်နေကြတဲ့အခါမှာ မထေရ်မြတ်က သဋ္ဌာယတနသံယုတ်က ထုတ်ဆောင်ပြီးတော့ **အာသီဝိသောပမ**ဆိုတဲ့ သုတ္တန်ဒေသနာတရားတော်ကြီးကို ဟောတော်မူပါတယ်၊ အဲဒီသုတ္တန် တရားတော်ကြီးကို ကြားနာရတဲ့အခါ ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တွေဟာ ဓမ္မာဘိသမယဖြစ်ပြီး အကျွတ်တရား ရသွားကြပါတယ်၊ အမျိုးသားပေါင်းတထောင်ဟာလဲ ရဟန်းပြုကြတယ်လို့ မိန့်ဆိုထားပါတယ်။

ဒီနေရာမှာ ဒီလောက် များတဲ့ လူတွေ တရားနာရုံနှင့် ကျွတ်ပြီး သွားတဲ့ အာသီဝိသောပမသုတ်ကြီးမှာ ဘာတွေများ ဟောထားပါလိမ့်မတုံး ဆိုတာကို သိချင်ကြပေလိမ့်မယ်၊ ဒီတော့ ဒါတွေလဲ ပြောစရာတော့ကောင်းတာဘဲ၊ သို့သော်လဲ ဒီကနေ့တော့ကာ ဒီတွင်ဘဲရပ်ပြီးတော့ နောက်နေ့များကျမှ ဆက်ပြီးတော့ လျှောက်ထား ပြောဆိုပါတော့မယ်ဘုရား။

မနေ့က ဘုရားတပည့်တော် လျှောက်ထားခဲ့တဲ့ အတိုင်း အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်က ကိုးဟိုင်း ကိုးဌာန သာသနာပြုစေလွှတ်တဲ့ အတွက် အရှင်မဇ္ဈန္တိက မထေရ်ဟာ မိမိတာဝန်ကျရောက်ရာဖြစ်တဲ့ ကသ္မီရ ဂန္ဓာရတိုင်းကို ကြွခဲ့ပါတယ်။

အဲဒီလို ကြွရောက်လို့ ကသ္မီရတိုင်းမှာရှိတဲ့ အရဝါဠရေအိုင်မှ အရဝါဠ နဂါးမင်းကြီးနှင့် တွေ့ဆုံပြီး တန်ခိုးဣဒ္ဓိပါဒ်နှင့် နှိပ်နှင်း ဆုံးမလို့ သရဏဂုံ သီလတွေမှာ တည်စေပြီးတဲ့အခါ နဂါးမင်းကြီးက အရိုအသေပြုပြီး မိမိနေထိုင်တဲ့ နေရာပလ္လင်ကို ခင်းပေးလို့ မထေရ်မြတ်က အဲဒီပလ္လင်ပေါ်မှာ ထက်ဝယ်ဖွဲ့ခွေတင့်တယ်စွာ ထိုင်နေတော်မူတဲ့အခါမှာ နဂါးမင်းကြီးကလဲ ယပ်လေခပ်ပေးပြီးတော့ အရိုအသေပြုနေပါတယ်။

အဲဒီ အချိန်အခါဟာ သာသနာသက္ကရာဇ်အလိုအားဖြင့် နှစ်ရာနှင့် သုံးဆယ်ငါး (၂၃၅)ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်ပါတယ်၊ အဲဒီ တန်ဆောင်မုန်း လပြည့်နေ့ဟာ ကသ္မီရဂန္ဓာရတိုင်းသားတွေက သူတို့ကိုးကွယ်ဆည်းကပ်နေတဲ့ အဲဒီနဂါးမင်းကြီးကို အရိုအသေပြုတဲ့နေ့ဖြစ်လို့ နဂါးမင်းကြီးကို အရိုအသေပြုဘို့ရန် ပူဇော်ပသဘို့ရန် လာကြတော့ နဂါးမင်းကြီးက မထေရ်မြတ်ကို အရိုအသေပြုနေတာ မြင်တွေ့တာနှင့် မထေရ်မြတ်ဟာ ဒို့ကိုးကွယ်တဲ့ နဂါးမင်းကြီးထက် ပိုပြီးတော့ တန်ခိုးဣဒ္ဓိပါဒ်ပြည့်စုံတာဘဲလို့ ယုံကြည်ပြီး မထေရ်မြတ်ကိုရိုရိုသေသေလေးလေးစားစားနှင့် ဆည်းကပ်ထိုင်နေကြပါတယ်၊ အဲဒီအခါကာလမှာ အာသီဝိသောပမသုတ္တန်ကြီး ဆိုတာကို မထေရ်မြတ်က ဟောကြား ခဲ့ပါတယ်၊ ဟောကြားလို့ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့မှာ သစ္စာလေးပါးကို သိပြီး အကျွတ်တရား ရခဲ့တယ်ဆိုတဲ့ အကြောင်းကို မနေ့ကပြောခဲ့ပါတယ်။

အဲဒီလို အကျွတ်တရား ရစေနိုင်တဲ့ အာသီဝိသောပမသုတ္တန်ကြီး ဆိုတာ ဘယ်လို ဘယ်လို ဟာတွေဟောထားတယ်ဆိုတာကို မပြောဘဲသွားလို့ရှိလျှင် အဲဒါတွေဟာ မရှင်းမလင်းဘဲဖြစ်နေပါလိမ့်မယ်၊ ဒါကြောင့် ဒီနေ့အဲဒီအာသီဝိသောပမသုတ်ကြီးမှာ မြတ်စွာဘုရားဟောကြားထားတော်မူပုံ အကျဉ်းချုပ်ကလေးတွေကို ခေါင်းစဉ်လောက်ပဲ လျှောက်ပြီးတော့ပြောသွားပါမယ်။

## ပဌမ ဥပမာ

သေယျထာပိ ဘိက္ခဝေ စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာ အစရှိသည်ဖြင့် အာသီဝိသောပမ သုတ္တန်ကြီးကို မြတ်စွာဘုရား ဟောထားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ရဟန်းတို့။သေယျထာပိ၊ ဥပမာအားဖြင့် ပြောရမည်ဆိုလျှင်။ ဥဂ္ဂတေဇာ၊ထက်မြက်သော တန်ခိုးတေဇော် ရှိကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ် ရှိကုန်သော။ စတ္တာရော အာသီဝိသာ၊ လေးကောင်သော မြွေကြီးတို့သည်။ သိယုံ၊ရှိသည်ဖြစ်ကုန်ရာ၏ စသည်ဖြင့် မြွေကြီး လေးကောင် ရှိပါတယ်တဲ့။

အဲဒီ အာသီဝိသောပမသုတ်မှာ တိုက်ရိုက်လာတဲ့ ဥပမာ ဥပမေယျတွေ တဆယ်နှင့် တခု ရှိပါတယ်၊ အဲဒီ တဆယ်နှင့် တခုကို တပိုင်းချင်း တပိုင်းချင်း ပိုင်းခြားပြီး ဥပမာ ဥပမေယျ အကျဉ်းချုပ် ကလေးတွေကို ပြောပြီးသွားပါမယ်။

ဥပမာအားဖြင့် တိုင်းပြည်တခုမှာ အာဏာပိုင် အုပ်စိုးနေတဲ့ ဘုရင်မင်းမြတ်တဦး ရှိပါတယ်တဲ့၊ အဲဒီ ဘုရင်က မိမိနိုင်ငံမှာ မှုပြစ်မထင်ရှားအောင် ပိပိရိရိလျှို့ဝှက်ပြီး အလွန် ဆိုးသွမ်းနေတဲ့ ယောကျ်ားတယောက်ကို ဥပဒေနှင့် စွဲချက်တင်ပြီး အထင်အရှား အပြစ်ဒဏ် မပေးနိုင်တဲ့အတွက် မြွေအကိုက်ခံရပြီး သေသွားအောင်လို့၊ မြွေဆိုးကြီးလေးကောင်ကို ထိန်းဘို့ မြွေထိန်းအဖြစ် ရာဇပရိယာယ်နှင့် ခန့်ထားလိုက်ပါတယ်တဲ့။

မောင်မင်း....ဟောဒီမြွေကြီး လေးကောင်ကို ထိန်းရမယ်၊ စောင့်ရှောက်ရမယ်၊ ကျွေးမွေးရမယ်၊ အိပ်ချိန်တန်လည်း အိပ်လို့ စားချိန်တန်လည်းကျွေးလို့ ရေချိုးချိန်တန်လည်း ရေချိုးပေးလို့ မြွေကြီးတွေကို ကျေနပ်အောင် ပြုစုရမယ်လို့ ဆိုပြီး မြွေထိန်းရာထူးကို ပေးလိုက်ပါတယ်၊ မြွေကြီးလေးကောင်ကိုလဲ ဒီလူဟာ မင်းတို့ရဲ့ အပြုအစု ပုဂ္ဂိုလ်ဘဲဆိုပြီးတော့ အပ်နှင်းလိုက်ပါတယ်၊ ဒီလိုအပ်လိုက်တဲ့အခါမှာ မြွေကြီး လေးကောင်ဟာ အဲဒီပုဂ္ဂိုလ်ရဲ့အပေါ်မှာ တက်ပြီး မိမိတို့သဘောကျအတိုင်း ရစ်ပတ် ခွေပြီး နေကြပါတယ်တဲ့။

ဒီလိုဥပမာထည်း ပါတာတွေကိုတော့ ယုတ္တိရှိတယ် မရှိဘူးလို့ မစဉ်းစား ရဘူး၊ ဥပမာဆိုတာက ဥပမေယျအနက်ကို နားလယ်အောင် လို့ ဖော်ပြတာ ဘဲ၊ တကယ်ဖြစ်နိုင်တယ်, မဖြစ်နိုင်ဘူး ဆိုဒါကိုတော့ စဉ်းစားဘို့မလိုပါဘူး၊ အဲဒီလိုအခါမှာ မြွေထိန်းယောကျ်ားက မိမိအပေါ်မှာ တက်ပြီးတော့ နေတဲ့ မြွေကြီးတွေကိုလှုပတယ်တင့်တယ်တယ်လို့သဘောကျပြီ့တော့နေပါတယ်တဲ့။

ဒီအခါမှာ မြွေထိန်းယောကျ်ားရဲ့ အကျိုးစီးပွါးကို လိုလားတဲ့ ကိုယ် စောင့်နတ်က လာရောက်ပြီးတော့ ပြောကြားပါတယ်။

"မောင်မင်း....မင်းဟာ အလွန်ဆိုးသွမ်းနေတဲ့ ပုဂ္ဂိုလ်တယောက်ဘဲ၊ ဘုရင်မင်းမြတ်က မင့်ကို မြွေကိုက်ပြီးသေအောင်လို့ ဒီမြွေကြီးတွေ မင့်ပေး ထားတာ၊ အကောင်း မဟုတ်ဘူး၊ ဒီမြွေကြီးတွေကို သာယာနှစ်သက် သဘော ကျ မနေနှင့်၊ တနေ့ကျလျှင် မင်းဟာ ဒီမြွေကြီးတွေ အကိုက်ခံရပြီး သေလိမ့် မယ်၊ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ပြီးတော့ ပြေးမှ ကောင်း မယ်" လို့ ပြောတော့ မြွေထိန်းယောကျ်ားက စဉ်းစားကြည့်မိသတဲ့၊ "ဒီမြွေ ကြီးတွေ ကိုက်လျှင် သေမှာဘဲ"လို့လဲ စိတ်ထဲထင်လာသတဲ့။ ဒီတော့ အဲဒီ မြွေထိန်းယောကျ်ားဟာ အလွန်ကြောက်ပြီးတော့ မြွေကြီးတွေလဲ အိပ်ပျော် နေတုန်း၊ အစောင့်အရှောက်တွေလဲ လစ်လပ်နေတုန်း မြွေကြီးတွေကို အသာ ကလေး ဖြုတ်ချပြီးတော့ လွတ်ရာ လွတ်ကြောင်း ထွက်ပြေးပါတယ်တဲ့။

မြွေကြီးတွေကလဲ ငါတို့ရဲ့ အစေခံကျွန်ဖြင့် ထွက်ပြေးပြီဟ ဆိုပြီးတော့ ကိုက်ဘို့ရန် တချူးရှူးနှင့် နောက်က အစဉ်မပြတ် လိုက်ကြပါတယ်တဲ့၊ အဲဒီမှာ ဒါကလေးကို တပိုင်းဖြတ်ပြီးတော့ ဥပမာ ဥပမေယျ နှိုးနှောပြီး ပြော ပါဦးမယ်။

စတ္တာရော အာသီဝိသာ ဥဂ္ဂတေဇာ ဃောရဝိသာတိ ခေါ ဘိက္ခဝေ စတုန္နေတံ မဟာဘူတာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဂ္ဂတေဇာ၊ ထက်မြက်သော တန်ခိုးတေဇော် ရှိကြကုန်သော။ ဃောရဝိသာ၊ ကြမ်းတမ်းသော အဆိပ်ရှိကြကုန်သော။ စတ္တာရော အာသီဝိသာတိ ခေါ ဧတံ၊ မြွေကြီးလေးကောင်တို့ ဟူသော ဤ အမည်သည်။ စတုန္နံ၊ လေးပါးကုန်သော။ မဟာဘူတာနံ၊ သတ္တဝါတို့၏ ကိုယ် တွင်းသန္တာန်မှာ ရှိကြသော မဟာဘုတ် ရုပ်တို့၏။အဓိဝစနံ၊အမည်ပေတည်း။

မြွေကြီးလေးကောင် ဆိုတာ ဥပမာ ပြုထားတာတဲ့၊ ဆိုလိုတာကတော့ ဘာတုံးဆိုလို့ရှိလျှင် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ သန္တာန်မှာ ကိုယ်တွင်းက ရှိပြီးနေတဲ့ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးရဲ့ အမည်ပါဘဲတဲ့။

မြွေကြီးလေးကောင်ထဲက တကောင်ကောင်က ကိုက်လျှင် သေနိုင်တာ လိုဘဲ ဒီဓာတ်ကြီးလေးပါးထည်းကလဲ တခုခု ဖောက်ပြန်လို့ရှိလျှင် သေနိုင်ပါတယ်၊ လောကမှာ သတ္တဝါတွေဟာ ဓားနှင့် ခုတ်လို့ တုတ်နှင့်ရိုက်လို့ ဘေးဒဏ် တစုံတရာ သင့်လို့ သေတာတွေကိုဖယ်ထား၊ ရိုးရိုးတမ်းတမ်း သေကြတယ်ဆိုလျှင် ဒီဓာတ်ကြီးလေးပါးထဲက တပါးပါးဖောက်ပြန်ပြီးတော့ ရောဂါဝေဒနာ တမျိုးမျိုးဖြစ်ပြီး သေကြရတာပါဘဲ၊ အဲဒါတွေကဘဲ များပါတယ်၊ အဲဒါကြောင့် ဒီဓာတ်ကြီးလေးပါးဟာ မြွေဆိုးကြီးလေးကောင်နှင့် တူပါတယ်။

မြွေထိန်းယောကျ်ားဟာ မူလပဌမတုန်းက မြွေကြီးတွေလိုဘဲ လှပတယ် တင့်တယ်တယ်လို့ သာယာနေသလို လူတွေကလဲ ဓာတ်ကြီးလေးပါး တည်းဟူသော မိမိတို့ ကိုယ်ကြီးကို သာယာပြီးနေကြပါတယ်၊ ဒီလိုသာယာနေတာဟာ အဲဒီ မြွေထိန်း ယောကျ်ား၏ အထင်အမြင်နှင့် တူနေပါတယ်၊ ကိုယ့်ကိုယ်ကို သာယာပြီးတော့ သဘောကျနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြွေကြီးတွေကို သာယာနေတဲ မြွေထိန်းယောကျ်ားနှင့် တူနေပါတယ်။

မြွေထိန်းယောကျ်ားကို အကျိုးစီးပွါးလိုလားတဲ့ ကိုယ်စောင့်နတ်က လာပြီးတော့ အကျိုးသင့် အကြောင်းသင့် ပြောပြသကဲ့သို့ မြတ်စွာဘုရားက မိမိ၏တပည့်သားဖြစ်တဲ့ ပုဂ္ဂိုလ်တွေအား မိမိတို့ သန္တာန်မှာရှိတဲ့ မဟာဘုတ်လေးပါး တည်းဟူသော တရားဆိုးကြီးတွေကို အကျွမ်းတဝင် စိတ်ချ လက်ချ ဖြစ်ပြီးတော့ မနေကြဘို့ ဒီတရားဆိုးကြီးတွေကို ရှုမှတ်ပြီးတော့ ဒီတရားဆိုးကြီးတွေက လွတ်မြောက်အောင် အားထုတ်ကြဘို့ မြတ်စွာဘုရားက ဟောကြားပါတယ်။

အဲဒီလို ဟောကြားတာဟာ ခုတင်က မြွေထိန်းယောကျ်ားကို သတိပေးစကား လာပြီးတော့ ပြောကြားနေတာနှင့် တူပါတယ်တဲ့၊ ဒီလို မြတ်စွာဘုရား ဟောတဲ့တရားကို ကြားနာရတဲ့အတွက် မြတ်စွာဘုရား၏ တပည့်သားဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဒီဓာတ်ကြီးလေးပါးကို ရွံမုန်းစက်ဆုပ် ကြောက်လန့်ပြီးတော့ ဓာတ်ကြီးလေးပါးမှ လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်တရားကို ရအောင်လို့

ဘာဝနာတရားတွေကို အားထုတ်ကြပါတယ်၊ အဲဒါကတော့ မြွေကြီးလေး ကောင်ကို ကြောက်လို့ ထွက်ပြေးတာနှင့် တူပါတယ်တဲ့။

အဲဒီလို ထွက်ပြေးတဲ့ အနေအားဖြင့် ဘာဝနာတွေ အားထုတ်ပြီးတော့ နေပေမယ်လို့ မိမိတို့၏ ကိုယ်တွင်းသန္တာန်က ဓာတ်ကြီးလေးပါးကတော့ မကင်းကြသေးပါဘူး၊ ရဟန္တာမဖြစ်သေးမချင်း ဒီဓာတ်ကြီးလေးပါးက နောက်က လိုက်နေတုန်းဘဲ ရှိပါသေးတယ်၊ ဒါဟာ မြွေကြီးလေးကောင် လိုက်နေတာနှင့် တူနေပါတယ်တဲ့၊ ဒါကို ရည်ရွယ်ပြီးတော့ အကျဉ်းချုပ် ဥပမာအားဖြင့် မြွေကြီးလေးကောင်နှင့် ဓာတ်ကြီးလေးပါး တူတယ်ဆိုတာကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

အဲဒီ ဒေသနာတော်ကို ဒီ ကသ္မီရဂန္ဓာရတိုင်းမှာ မဇ္ဈန္တိကမထေရ်က အကျယ်တဝင့် ဟောကြားတော်မူပါတယ်။

ဒီလို ဟောကြားတော်မူတဲ့အခါကာလမှာ နဂါးကြီးတွေ မြွေဆိုးကြီး တွေကို ကိုးကွယ်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီမြွေကြီးလေးပါးနှင့် ဟောလိုက်တော့ ဒီမြွေကြီးလေးပါးကို ကြောက်ရွံ့ရသလိုဘဲ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ ဓာတ်ကြီး လေးပါးဟာလဲ အင်မတန်ကြောက်စရာကောင်းတဲ့ တရားတွေဘဲလို့ အင်မတန် ပေါ်လွင်ထင်ရှားပြီး နားလယ်သွားဘို့ အကြောင်းရှိပါတယ်၊ ဒါကြောင့်မို့ လဲဘဲ ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တွေဟာ အကျွတ်တရားရသွားနိုင် တယ်ဆိုတာ ယူဆနိုင်ပါတယ်။

## ဒုတိယ ဥပမာ

ပြီးတော့ အဲဒီ မြွေထိန်းယောကျ်ား ဥပမာထဲမှာ "မြွေထိန်းယောကျ်ား က ထွက်ပြေးဘော့ မြွေကြီးတွေက ကိုက်မယ်လို့ နောက်ကလိုက်နေကြတယ်၊ ဒါပေမဲ့ မြွေထိန်းယောကျ်ားက မြွေကြီးတွေ မမှီနိုင်အောင် ရှောင်ရှားပြီး ပြေးနေတယ်" ဆိုတဲ့ အကြောင်းကို ဘုရင်မင်းမြတ်က ကြားရတဲ့အခါမှာ မြွေထိန်းယောကျ်ားဟာ ငါ၏အာဏာကို ဖီဆန်တာဘဲ၊ မြွေထိန်းဘို့ဆိုတာကို သူမထိန်းဘူး၊ ဒီတော့ အာဏာဖီဆန်မှုနဲ့ သူ့ကို သတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ စေလွှတ်ပြီး သတ်စေမှဘဲလို့ ဆိုပြီး သတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ရွေးထုတ်လိုက်တဲ့ အခါမှာ အဲဒီမြွေထိန်းယောကျ်ားနှင့် ငယ်ငယ်ကတည်းက မသင့်မြတ်တဲ့ တကယ့် ရန်သူကြီးတွေ, သတ်ဖြတ်ဘို့ရန် အခွင့်အရေးကို ရှာကြံနေကြတဲ့

တကယ့်ရန်သူကြီးတွေ ငါးဦးထွက်ပေါ် လာကြတယ်၊ အဲဒီ ငါးဦးကို ဘုရင်မင်းမြတ်က ဆုတော် လာဘ်တော်တွေ ပေးပြီးတော့ တွေ့ရာ သင်းချိုင်း သတ်စေဆိုတဲ့ အမိန့်နဲ့ စေလွှတ်လိုက်တယ်၊ အဲဒီတော့ မြွေကြီးလေးကောင်ကလဲ နောက်က လိုက်လို့ ရန်သူငါးယောက်ကလဲ တွေ့ရာမှာသတ်ဘို့ နောက်ထပ်လိုက်လာပြန်တဲ့အတွက် မြွေထိန်းယောကျ်ားမှာ တဖားဖားနှင့် ပြေးလွှားပြီးတော့ နေရပါတယ်တဲ့။

အဲဒါကတော့ ဥပမာ တဆယ်တခုထဲမှာ ဒုတိယအဆင့်ပါဘဲ။

ပဉ္စ ဝဓကာ ပစ္စတ္ထိကာတိ ခေါ ဘိက္ခဝေ ပဉ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးယောက်ကုန်သော။ ပစ္စတ္ထိကာဝဓကာ-တိခေါ ဧတံ၊ ရန်သူတော်ကြီးဖြစ်သော သူသတ်ယောကျ်ားတို့ ဟူသော ဤအမည်သည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ကိုယ်တွင်းသန္တာန်၌ ဖြစ်ကြကုန်သော ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဉ် ဟူသော ဥပါဒါနက္ခန္ဓာတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

တွေ့ရာသင်းချိုင်း သတ်မည် ဆိုပြီး လိုက်နေတဲ့ ရန်သူကြီး ငါးဦးဆိုတာ တခြားမဟုတ်ဘူး၊ သတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်မှာ ရှိနေတဲ့ ဥပါဒါနက္ခန္ဓာ တရား ငါးပါးပါဘဲ၊ ရုပ်ခန္ဓာ ဝေဒနာခန္ဓာ သညာခန္ဓာ သင်္ခါရခန္ဓာ ဝိညာဉ်ခန္ဓာဆိုတဲ့ ဒီဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေပါဘဲတဲ့၊ ဥပါဒါနက္ခန္ဓာ ငါးပါးတွေ ရှိနေတဲ့ အာတွက်ဘဲ သတ္တဝါတွေဟာ ဘဝတိုင်း၊ ဘဝတိုင်း သေနေရပါတယ်၊ ဒီဥပါဒါနက္ခန္ဓာ ငါးပါးမရှိလျှင်တော့ သေခြင်းဆိုတာလဲ မရှိနိုင်ပါဘူး၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ ဥပါဒါနက္ခန္ဓာ ငါးပါးမရှိတော့တဲ့အတက် ဘယ်တော့မှ သေရခြင်း မရှိတော့ဘဲ သေခြင်းကင်းတဲ နိဗ္ဗာန်ကို ရောက်နေပါတယ်၊ နိဗ္ဗာန်မရောက်သေးတဲ့ သုံးဆယ့်တဘုံသားတွေမှာတော့ ဥပါဒါနက္ခန္ဓာ ငါးပါး ရှိနေတဲ့ အတွက်ကြောင့် လူဖြစ်တဲ့အခါမှာ လူ့ဥပါဒါနက္ခန္ဓာ ငါးပါး ပျက်စီးပြီးသေရပါတယ်။

နတ်ဖြစ်တဲ့အခါမှာ နတ်ဥပါဒါနက္ခန္ဓာ ငါးပါး ပျက်စီးပြီး သေရပါတယ်၊ ဒါကြောင့် ကိုယ်တွင်းမှာရှိနေတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါးတွေဟာ တွေ့ရာသင်းချိုင်း သတ်ဘို့ရာ လိုက်နေတဲ့ ရန်သူကြီး ငါးဦးနှင့် အတူတူဘဲလို့ နှလုံး

သွင်းပြီးတော့ ဒီဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေကိုလဲ အမှန်အတိုင်း သိအောင်လို ရှုဘို့ရန် မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါတယ်။

ဒီဥပမာထဲမှာ ပြထားတဲ့ မြွေထိန်းယောကျ်ားဟာ ရန်သူကြီး ငါးဦးကို ကြောက်လို့ ပြေးနေရသလို ထို့အတူဘဲ ဥပါဒါနက္ခန္ဓာ ငါးပါးမှ လွတ်မြောက်ရန် အတွက် ဥပါဒါနက္ခန္ဓာ ငါးပါး တရားတွေကိုဘဲ အမှန်အတိုင်းသိအောင် ဘာဝနာတရား အားထုတ်ရမယ် ဆိုတာကို ဒီဒေသနာ၏ အစိတ်အပိုင်းကနေ ပြီး ဩဝါဒ ပေးပါတယ်။

အဲဒါကိုလဲ မဇ္ဈန္တိက မထေရ်က ကသ္မီရဂန္ဓာရ တိုင်းသားတွေကို ဆက်လက်ပြီး ဟောပြောသွားပါတယ်။

## တတိယ ဥပမာ

ထိနောက် တတိယအစိတ်အပိုင်းကတော့ အဲဒီလို မြွေကြီးလေးကောင် ကလဲလိုက် ရန်သူကြီးငါးယောက်ကလဲ နောက်ကလိုက်နေတော့ မြွေထိန်း ယောကျ်ားက အင်မတန်ကြောက်ပြီး ပြေးနေတဲ့အခါမှာ ဘုရင်မင်းမြတ်က စဉ်းစားပြန်တယ် "အော် ဒီလူမှာ မြွေကြီးလေးကောင်ဆိုတာကလဲ ကြောက် စရာကောင်းတယ်၊ ရန်သူကြီး ငါးယောက်ကလဲ အစ လာကတည်းက သူ့ရန် ဘက်ဆိုတော့ ကြောက်စရာ ကောင်းတယ်၊ ဒီတော့ သူက အနားအကပ်ခံ မှာမဟုတ်ဘူး၊ ပြေးနေမှာဘဲ၊ ဒါကြောင့် အနားမှာ ပူးကပ်ပြီး သတ်နိုင်တဲ့ လူတယောက်တော့ ရှာဦးမှဘဲ"လို့ ကြံပြီးတော့ ရှာတဲ့အခါမှာ အဲဒီမြွေထိန်း ယောကျ်ားနှင့် ငယ်ငယ်ကတည်းက ကစားဖော် ကစားဖက် အင်မတန် ရင်း နှီးဘဲ အတွင်းအပြင် သိပြီးဖြစ်တဲ့ သူ့မိတ်ဆွေ သူငယ်ချင်းတယောက်ကို ရလာတယ်၊ အဲဒီ သူ့သူငယ်ချင်းကို ဆုလာဘ်တွေ ပေးပြီးတော့ မြွေထိန်း ယောကျ်ားကို တွေ့ရာသင်းချိုင်း လိုက်ပြီး သတ်စေလို့ အမိန့်ထုတ်လိုက်သတဲ့။

အဲဒီလို အမိန့်ထုတ်လိုက်တဲ့အခါမှာ ရှေးကမိတ်ဆွေ၊ ယခုတော့ ရန်သူဖြစ် နေတဲ့ အဲဒီ သူငယ်ချင်းကလဲ မြွေထိန်းယောကျ်ားဆီကို လိုက်လာပြီးတော့ "မိတ်ဆွေ....မင်းဘာပြုလို့ ပြေးနေသလဲကွယ်၊ မင်းအိမ်က အိမ်သူ အိမ်သား တွေလဲဘဲ မျှော်နေကြတယ်၊ မင်းဘာမှ ကြောက်စရာ မရှိပါဘူး၊ ငါတာဝန် ခံပါတယ်၊ လာသာ လာပါ" စသည်ဖြင့် အားပေးစကားနှင့်အတွင်းသွင်းပြီး ခေါ်ပါတယ်၊ ခေါ်တဲ့အခါမှာ ကိုယ်စောင့်နတ်က "ဟေ့ မြွေထိန်း

ယောကျ်ား....ရှေးတုန်းကတော့ ဒီလူဟာ မင်းရဲ့မိတ်ဆွေဘဲ၊ အခုတော့ မိတ်ဆွေမဟုတ်ဘူး၊မင်းကို ပူးကပ်ပြီး သတ်မလို့လိုက်လာတာ မင်းလွတ်အောင်သာ ပြေးပေတော့”ဆိုတာကို သတိပေးစကား ပြောကြားပါတယ်တဲ့။

ဒီအချက်ကို ဥပမာ ဥပမေယျ ဆက်စပ်ပြီး မြတ်စွာဘုရားက ဒီလိုဟောတော်မူပြန်ပါတယ်——

> ဆဋ္ဌော အန္တရစရော ဝဓကော ဥက္ခိတ္တာသိကောတိ ခေါ ဘိက္ခဝေ နန္ဒိရာဂဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဥက္ခိတ္တာသိကော၊ ချီမိုးထားသော် သန်လျက်ရှိသော။ ဝါ။ သန်လျက်ဓားကို ထမ်းလျက်လိုက်သော။ အန္တရစရော၊အတွင်းသား ဖြစ်သော။ ဆဋ္ဌော ဝဓကောတိ၊ ခြောက်ယောက်မြောက် သူသတ်ယောကျ်ားဟူသော ဤအမည်သည်။ နန္ဒိရာဂဿ၊ နှစ်သိမ့်ပျော်မွေ့တတ်တပ်မက် စွဲလမ်းတတ်သော နန္ဒိရာဂ၏။ အဓိဝစနံ၊ အမည်ပေတည်း။

အတွင်းသား အနေနှင့် ပူးပေါင်းပြီး သတ်ဘို့လိုက်လာတဲ့ ရန်သူကြီးဆိုတာ တခြား မဟုတ်ပါဘူးတဲ့၊ သတ္တဝါတွေ သန္တာန်မှာ ရှိနေတဲ့နန္ဒိရာဂဘဲတဲ့၊ နန္ဒိရာဂဆိုတာဟာ နှစ်သက်သာယာ ပျော်မွေ့စွဲလမ်းတတ်တဲ့ တဏှာဘဲ၊ သူက အာရုံကောင်းကလေးတွေ ရတိုင်း ရတိုင်း နှစ်သက်သာယာစွဲလမ်းပြီး နေတယ်၊ အဲဒီသာယာနှစ်သက် စွဲလမ်းနေတဲ့ နန္ဒိရာဂကိုလဲ သတ္တဝါတွေက ကြိုက်နေကြတယ်၊ မကောင်းတဲ့အာရုံတွေ မကောင်းတာတွေ ဆိုလျှင်တော့ အဲဒါတွေကို မကြိုက်ကြဘူး၊ အကောင်းကလေးတွေရပြီး နှစ်သက်သာယာပျော်မွေ့နေရတာကလေးကိုတော့ ပျော်စရာကောင်းတယ်လို့ ထင်နေကြတယ်။

ဒီ နန္ဒိရာဂဆိုတဲ့ နှစ်သက် သာယာမှုကလေးတွေ ဖြစ်နေမှဘဲ လောကထဲမှာ စည်းစိမ်ရှိတယ်လို့ ထင်နေကြတယ်၊ ဒါကြောင့် လူတွေဟာ ဒီလိုသာယာမှုတွေရအောင်လို့ သာယာမှုကလေးတွေမဖြစ် ဖြစ်အောင် ကြိုးစားနေကြတယ်၊ သာယာမှုကလေးတွေများသထက်များအောင်လဲ ကြိုးစားနေကြတယ်၊ ပွါးသထက်ပွါးအောင်လဲ ကြိုးစားနေကြတယ်။

ယခု လောကမှာ သာယာ နှစ်သက်ဖွယ်ကောင်းတဲ့ ပွဲတွေလမ်းတွေဘာတွေ ညာတွေလုပ်ကြတယ် ဆိုတာဟာ ဒီနန္ဒိရာဂတွေ များသထက်များအောင် အားထုတ်နေကြတာဘဲ၊ အဲဒါတွေရှိရာကိုဘဲ လူတွေကသွားနေကြ

တယ်၊ အဲဒါဟာ အတွင်းမှာ ပူးပေါင်းပြီး သတ်တဲ့ ရန်သူတွေဘဲတဲ့၊ ဒီ နန္ဒီရာဂ ဖြစ်လာကဘည်းကိုက ကုသိုလ်တရားတွေဆိုတာ တခါတည်း ပျောက်သွား တော့တာဘဲ၊ သဒ္ဓါသတိ အစရှိသော တရားတွေဆိုတာ မဖြစ်နိုင်တော့ဘူး၊ ကုသိုလ် တရားတွေပျက်ပြီး နန္ဒီရာဂ ရှိနေသမျှ ကာလပတ်လုံး ဘဝထဲမှာ ထပ်ကာထပ်ကာ ဖြစ်ပြီးတော့ နေကြရတယ်၊ ဖြစ်တိုင်းဖြစ်တိုင်းလဲ ဖြစ်ရာဘဝ မှာ တခါတခါသေပြီးတော့ နေကြရတယ်၊ အဲဒါဟာ ဘယ်သူကသတ်ထာလဲ ဆိုလို့ရှိလျှင် နန္ဒီရာဂက ပူးပြီးတော့ သတ်နေတာပါဘဲတဲ့။

ဒါကြောင့် နန္ဒီရာဂဟာဖြင့် မိတ်ဆွေယောင် ဆောင်ပြီးတော့ အတွင်းက ပူးသဘ်ဘဘ်တဲ့ ခြောက်ယောက်မြောက်ရန်သူကြီးဘဲလို့ သိမြင်ပြီး ဒီနန္ဒီရာဂမှ လွတ်မြောက်အောင် ရုပ်နာမ်တရားတွေကို ရှုသွားရမယ်၊ ဒီ နန္ဒီရာဂတရား ဖြစ်ပေါ်လာလျှင်လဲ သူ့ကို ရှုပြီးတော့ ပယ်သွားရမယ် ဆိုတာကို မြတ်စွာ ဘုရားက ဒီဒေသနာမှာ ဩဝါဒပေးတော်မူပါတယ်။

မဇ္ဈန္တိကမထေရ်မြတ်ကလည်း ကသ္မီရဂန္ဓာရတိုင်းသားတွေကို တတိယ ကမ္မဋ္ဌာန်းအနေနှင့် ဒီဒေသနာကို ဆက်လက်ပြီး ဟောသွားပါတယ်။

## စတုတ္ထ ဉပမာ

ဟော စတုတ္ထအပိုဒ်ရောက်လာပါပြီ၊ အဲဒါကတော့မြွေထိန်းယောကျာ်း ဟာ မြွေကြီးတွေကိုလဲကြောက်၊ ရန်သူငါးယောက်ကိုလဲကြောက်၊ အတွင်းမှာ ပူးသဘ်မဲ့ ခြောက်ယောက်မြောက်ဖြစ်တဲ့ ရန်သူကိုလဲကြောက်တဲ့အတွက် အဘင်းပြေးနေရတဲ့အခါမှာ ရွာတခုကို ရောက်သွားပါတယ်တဲ့၊ အဲဒီရွာမှာ အိမ် ခြောက်ခု ရှိပါတယ်တဲ့၊ဒီရွာကလဲ လူတွေမနေနိုင်လို့ စွန့်ပစ်ပြီးထားတဲ့ ရွာပျက် ကြီးဖြစ်လို့ ဒီရွာမှာ ဘာမျှမရှိပါဘူးတဲ့၊ ဒါပေမယ်လို့ ရွာရောက်သွားတော့ မောမော ပန်းပန်းနှင့် ဒီရွာမှာ စားစရာသုံးစရာ ရမှာဘဲလို့ထင်ပြီး တအိမ်တက် တအိမ်ဆင်း ရှာလိုက်တာ ဘယ်အိမ်ကမျှ နှစ်သက်သာယာဖွယ် သုံးဆောင် ဖွယ်ဆိုလျှင် ဘာတခုမျှ မရပါဘူးတဲ့။

ဒီမှာလဲ ဉပမာနှိုးနှောပြီး မြတ်စွာဘုရားက ဟောပြန်ပါတယ်။

သုညော ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ သုညောဂါမောတိ ဧတံ၊ လူဆိတ်သုဉ်းနေတဲ့ရွာဟူသော ဤအမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကာနံ အာယတနာနံ၊ ကိုယ်တွင်း၌ဖြစ်သော အာယတနတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

အဇ္ဈတ္တိကာယတန ခြောက်ပါးဆိုတာ မျက်စိ,နား,နှာ,လျှာ,ကိုယ်,စိတ် ဆိုတဲ့ ဒွါရခြောက်ပါး တရားတွေပါဘဲ၊ အဲဒါတွေဟာ ဝိပဿနာဉာဏ်အမြင်မရှိဘဲ ပကတိအတိုင်း ဆိုလို့ရှိလျှင် သာယာစရာတွေချည်းဖြစ်နေပါတယ်၊ မျက်စိကလဲ ကိုယ့်မျက်စိနှင့်ကိုယ် သာယာစရာကောင်း၊ နား,နှာခေါင်း,လျှာ ကိုယ်,စိတ် အကုန်လုံး တကိုယ်လုံး ကိုယ့်ဟာနှင့်ကိုယ် သာယာစရာတွေချည်းဘဲ ဖြစ်နေပါတယ်။

အဲဒါကို မြတ်စွာဘုရား၏ နည်းနှင့် ဝိပဿနာရှုပြီး ကြည့်လျှင်ဘော့၊ မျက်စိကလဲ သာယာစရာ မရှိပါဘူး၊ မြဲတဲ့ အနှစ်သာရ မရှိဘူး၊ ချမ်းသာတဲ့ အနှစ်သာရ မရှိဘူး၊ ကောင်းတဲ့ အနှစ်သာရမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်ဆိုလောက်ဘဲ့ အနှစ်သာရမရှိဘူး၊ နား,နှာခေါင်း,လျှာ,ကိုယ်,စိတ် ဒွါရခြောက်ပါး လုံး ဘယ်ကမှ နှစ်သက်ဖွယ် သာယာဖွယ် မရှိဘူး၊ နိစ္စ တည်းဟူသော အနှစ်သာရ,သုခတည်းဟူသော အနှစ်သာရ,အတ္တတည်းဟူသော အနှစ်သာရ ဘာတခုမျှ မရှိဘဲ အနှစ်သာရတွေ အကုန်လုံး ဆိတ်သုဉ်းနေတာကို တွေ့ရပါတယ်။

ဒါကြောင့် ရွာပျက်ကုန်းဆိုတာဟာလဲ ကိုယ်တွင်းမှာရှိတဲ့ အဇ္ဈတ္တိကာယတနခြောက်ပါးဘဲတဲ့၊ အဲဒါတွေကိုလဲ ရွာပျက်ကုန်းကဲ့သို့ နှစ်သက်သာယာဖွယ်မှ ဆိတ်သုဉ်းနေတာတွေကို မြင်အောင်လို့ ရှုရမယ် ဆိုတာကို ဒီဒေသနာအစိတ်အပိုင်းမှာ ဟောကြားသွားပါတယ်။

မဇ္ဈန္တိကမထေရ်ကလဲ ကသ္မီရဂန္ဓာရတိုင်းသားတို့အား လေးခုမြောက်ကမ္မဋ္ဌာန်းအနေဖြင့် ဒီ ဒေသနာကို ဟောကြားခဲ့ပါတယ်။

ဒီ သုတ်မှာ ဆက်ပြီးဟောစရာတွေက တဝက်လောက် ကျန်ပါသေးတယ်၊ ဒါကြောင့် ဒီကနေ့ စီစစ်ခဏ်းကို ဒီနေရာတွင်ဘဲ ရပ်ပြီးတော့ ကျန်တဲ့ အပိုင်းများကို နောက်ရက်ကျမှဘဲ ဆက်ပြီး လျှောက်ထား ပြောကြားပါတော့မယ်ဘုရား။

## ပဥ္စမ ဥပမာ

မနေ့က လျှောက်ထားခဲ့တဲ့အတိုင်း အာသီဝိသောပမသုတ်မှာ ငါးဆင့်မြောက် ဖြစ်တဲ ဒေသနာအပိုင်းကို ရောက်နေပါပြီဘုရား။

မြွေထိန်းယောကျ်ားဟာ ရွာပျက်ကုန်းရောက်ပြီးတော့ အဲဒီရွာပျက်ကုန်းမှာ တအိမ်ဆင်း တအိမ်တက် လိုက်ပြီးရှာလို့ စားဖွယ် သောက်ဖွယ် သုံးဆောင်ဖွယ် ဆိုလျှင် ဘာမျှ မတွေ့တာနဲ့ ခဏတဖြုတ်လောက် အမောအပန်းဖြေပြီးတော့ နားနေတုန်းမှာ အဲဒီ ရွာကို တိုက်ဘို့ ခိုက်ဘို့ ရွာထည်းမှာ ပစ္စည်းရှိလျှင်လဲ ယူဘို့ ပစ္စည်းမရှိလို့ လူကိုသာတွေ့ရလျှင်လဲ လူကိုသတ်ဘို့ဆိုတဲ့ ရည်ရွယ်ချက်နှင့် ရွာဖျက် ခိုးပြကြီးခြောက်ယောက် အပြင်ဘက်က လာနေကြပြီ ဆိုတဲ့ သတင်းကို ကိုယ်စောင့်နတ်က ပြောလို့ ကြားရပါတယ်တဲ့။ အဲဒီလို ကြားရတဲ့ အခါကာလ ရွာဖျက် ခိုးပြကြီး ခြောက်ယောက်နှင့် တွေ့မှာကြောက်လို့ ရွာတွင်းက အဆောတလျင်ထွက်ပြီး ပြေးရပါတယ်။

အဲဒီလို ပြေးတဲ့အခါမှာ မြွေကြီးလေးကောင်ကလဲ နောက်ကလိုက်နေရင်း လူသတ်သမားကလဲ နောက်ကလိုက်နေရင်း သူ့ရဲ့အတွင်းသား လူယုံဖြစ်တဲ့ သူသတ်သမားကလဲ နောက်ကလိုက်နေရင်းဘဲ ရှိပါတယ်၊ ယခုတိုးလာတာက တော့ ရွာကို တိုက်ဘို့ ခိုက်ဘို့ ဖျက်ဆီးဘို့လာတဲ့ ခိုးပြကြီးတွေကလဲ လူထွက်ပြေးတာမြင်တော့ အဲဒီလူကိုဘဲ သတ်မယ်ဆိုပြီး နောက်က အပြင်းလိုက်ပြီး လာကြပြန်ပါတယ်တဲ့။

အဲဒီနေရာမှာ မြတ်စွာဘုရားက ရွာပျက်ခိုးပြကြီးတွေဆိုတာ ဘာကို ရည်ရွယ်ပြီး ဟောပါသလဲလို့ ဆိုလို့ရှိလျှင်——

စောရာ ဂါမဃာတကာတိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယ- တနာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ စောရာဂါမဃာတကာတိ ဇော်၊ရွာပျက်ခိုးပြကြီးတို့ ဟူသော ဤအမည်သည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံ အာယတနာ နံ၊ အပြင်အပ အာယတနတို့၏ ။အဓိဝစနံ၊ အမည်ပေတည်း။

ရွာကို ဖျက်တတ်တဲ့ ခိုးပြကြီးခြောက်ယောက် ဆိုတာဟာ တခြား မဟုတ်ဘူး၊ ဒွါရခြောက်ပါးမှာ ကျရောက်ပြီး လာတဲ့ အာရုံခြောက်ပါးဘဲ၊ အပြင် အာယတန ခြောက်ပါးဘဲလို့ မြတ်စွာဘုရား ဟောတော်မူပါတယ်။

အဲဒီ အပြင် အာယတန အာရုံခြောက်ပါးဟာ ခိုးပြကြီးတွေနှင့် ဘယ်လို တူနေသလဲ ဆိုလို့ရှိလျှင် အပြင်က အာရုံခြောက်ပါးဟာ ဒွါရခြောက်ပါးမှာ ကျလာလျှင် နှစ်သက်သာယာဖွယ်ရှိတဲ့ အာရုံကို နှစ်သက်သာယာပါတယ်၊ ဒီလို နှစ်သက်သာယာတဲ့ ရာဂ လောဘ ဖြစ်လိုက်တယ် ဆိုတာနှင့် တပြိုင်နက်

အဲဒီ ပုဂ္ဂိုလ်၏ သန္တာန်မှာ မူလကရှိနေတဲ့ သဒ္ဓါ၊သတိ အစရှိတဲ့ သူတော်ကောင်း တရားတွေဟာ တခါတည်း ပျက်စီး သွားကြပါတယ်။

အဲဒီ အာရုံနောက်ကို လိုက်ပြီးတော့ နှစ်သက်သာယာမှု တိုက်တွန်းရာကို လျှောက်ပြီးပြုမိလို့ရှိလျှင်ကာယကံ ဝစီကံတွေမြောက်ပြီးတော့၊ရဟန်းဆိုလျှင်လဲ အာပတ်အပြစ်တွေကို ကျူးလွန်သွားနိုင်ပါတယ်၊ လူမှာလဲ လူ့အလိုက် ဒုစရိုက် မှုတွေ ဖြစ်သွားနိုင်ပါတယ်၊ အဲဒီလို ဖြစ်သွားပြီးတော့ ဒီအမှုအပြစ်တွေက အကျိုးပေးတဲ့ အခါမှာ အပါယ်ငရဲသို့လဲ ကျသွားနိုင်ပါတယ်၊ ဒါဟာ အာရုံ ခေးပြကြီးတွေက တိုက်ခိုက် သတ်ဖြတ်လိုက်လို့ ဒုက္ခရောက်သွားရတာပါဘဲတဲ့။

အဲဒီ အာရုံက အနိဋ္ဌာရုံဖြစ်လျှင်လဲ မကောင်းတဲ့ အာရုံ အကြောင်းပြုပြီး တော့ ဒေါသဖြစ်ပြန်ပါတယ်၊ အဲဒီ ဒေါသဖြစ်လျှင်လဲ သူတော်ကောင်းတရားတွေ ပျက်စီးပြီး မကောင်းမှု အကုသိုလ်တွေ ပွါးသွားပြန်တာပါဘဲ၊ ဣဋ္ဌာရုံလည်းမ ဟုတ် အနိဋ္ဌာရုံလည်းမဟုတ် အလယ်အလတ် အာရုံဖြစ်ပြန်လျှင်လဲ အဲဒီအာရုံကို အနိစ္စ, ဒုက္ခ, အနတ္တလို့ မသိတော့ နိစ္စ, သုခ, အတ္တ အနေနှင့် ထင်မြင်စွဲလမ်းပြီး အဝိဇ္ဇာတွေ ဖြစ်ပြန်ပါတယ်၊ အဲဒီ အဝိဇ္ဇာအကြောင်းပြုပြီးတော့လဲ အကုသိုလ် တရားတွေ ပွါးသွားပြန်ပါတယ်၊ အဲဒီအကုသိုလ်တွေက အကျိုးပေးတဲ့ အခါမှာ အပါယ်လေးပါးကျရောက်သွားရပါတယ်၊ ဒါလဲ အာရုံခေးပြကြီးတွေက တိုက်ခိုက် သတ်ဖြတ်လိုက်လို့ ဒုက္ခရောက်သွားရတာပါဘဲ။

ဒါကြောင့် အာရုံခြောက်ပါးဟာ ရွာဖျက် ခေးပြကြီးများနှင့် တူတယ်လို့ မြတ်စွာဘုရား ဟောတော်မူတာပါဘဲ။

ဒါကြောင့် ဒီရွာဖျက် ခေးပြကြီးတွေ အနှိပ်စက် အသတ်ဖြတ် မခံရအောင် အာရုံခြောက်ပါး ကျရောက်လာတိုင်း အာရုံတွေက ရှောင်ကွင်းဘို့ရာပါဘဲ၊ အသုဘ်ဆုံးအားဖြင့် ဣန္ဒြိယသံဝရဖြင့် ဣန္ဒြေခြောက်ပါးမှ ကိလေသာတွေမဖြစ် ရအောင် စောင့်စည်းပြီးနေဘို့ပါဘဲ၊ ဒါထက် တိုးတက်ပြီး တတ်နိုင်လို့ရှိလျှင် ဒွါရခြောက်ပါးမှာ ကျလာတဲ့ အာရုံတွေကို ကျရောက်လာတိုင်း ဝိပဿနာဖြင့် ရှုမှတ်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို သိအောင် အားထုတ်ဘို့ပါဘဲ တကယ်ရှုလို့ရှိလျှင် ဒွါရခြောက်ပါးမှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သိလဲ သိနိုင်ပါတယ်။

အဲဒီလို မြင်တိုင်း ကြားတိုင်း သိတိုင်း ဒွါရခြောက်ပါးမှာ ကျရောက်လာ သမျှ အာရုံတွေကို ဖမ်းပြီး ရှုလို့ မြင်တိုင်း ကြားတိုင်း သိတိုင်း အာရုံတွေဟာ

ချက်ခြင်း ချက်ခြင်းဘဲ ပျောက်သွားလို့ မမြဲတဲ့ တရားတွေချည်းဘဲ၊ ဆင်းရဲတွေချည်းဘဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ သဘောတရားတွေချည်းဘဲလို့ ဒီလိုသာ သိသိသွားမယ်ဆိုလျှင် အဲဒီ ကျရောက်လာတဲ့ အာရုံနှင့် စပ်ပြီး ကိလေသာတွေ မဖြစ်ရတော့ပါဘူး၊ အကုသိုလ်ကံ ဒုစရိုက်ဆိုတာ သာပြီး မဖြစ်တော့တာပေါ့၊ အလွန် ဝေးသွားပါတယ်။

အဲဒီလို ဖြစ်နေမယ် ဆိုလျှင် ရွာဖျက် ခားပြကြီးတွေရဲ့ ဘေးရန်မှ လွတ်ကင်းပြီး သွားတာဘဲတဲ့၊ ဒီလို လွတ်ကင်းအောင်ဟာ ခြောက်ပါးသော ဒွါရမှာ ကျရောက်လာတဲ့ အာရုံခြောက်ပါးတွေကို ဣန္ဒြိယသံဝရနှင့် ဖြစ်စေ ဝိပဿနာနှင့် ဖြစ်စေ ရှုမှတ်ပြီးတော့ ရှောင်ကွင်းရမယ် လွတ်မြောက်အောင် အားထုတ်ရမယ်ဆိုတဲ့ အဓိပ္ပါယ် ရည်ရွယ်ပြီးတော့ အာရုံခြောက်ပါးဟာ ရွာဖျက် ခားပြကြီးတွေနှင့် တူတယ်ဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားက ဟောကြားတော်မူပါတယ်။

အဲဒါကို အရှင်မဇ္ဈန္တိက မထေရ်ကလဲ ကသ္မီရဂန္ဓာရတိုင်းသားတွေကို ဟောကြားတော်မူခဲ့ပါသည်။

## ဆင္ဌ ဥပမာ

ပြီးတော့ အဲဒီ ရွာဖျက်ခားပြကြီးတွေကလဲလိုက် ဟိုမြေကြီးလေးကောင်ကလဲလိုက် ရန်သူငါးဦးကလဲလိုက် အတွင်းသားဖြစ်တဲ့ ခြောက်ယောက်မြောက် ရန်သူကလဲ သတ်မလို့ အတင်းလိုက်နေတဲ့အတွက် မြွေထိန်းယောကျ်ားဟာ အဲဒီ ရွာပျက်ကုန်းက ထွက်ပြေးပြန်တော့ ရေပြင်ကျယ်မြစ်ကြီးသို့ ရောက်သွားပါတယ်တဲ့။

အဲဒီ ရေပြင်ကျယ် မြစ်ကြီးမှာ ဒီဘက်ကမ်းတွင် နေမယ်ဆိုလို့ရှိလျှင် နောက်က ရန်သူတွေက မကြာခင်ဘဲ ရောက်လာကြ မှီလာကြမယ်၊ မှီလာလျှင်လဲ သူတို့၏ နှိပ်စက်သတ်ဖြတ်ခြင်း ခံရလိမ့်မယ်၊ ဟိုဘက်ကမ်း ရောက်သွားတယ်ဆိုလျှင်တော့ ဘေးရန်တွေ အကုန်လုံး လွတ်ကင်းပြီး ငြိမ်းအေးသွားမယ်တဲ့။

သို့ပေမယ်လို့ အဲဒီရေပြင်ကျယ်ကြီးကို ကူးဘို့ရန် လှေဖောင်ကလဲ အသင့်မရှိဘူး၊ မြန်မြန်ကူးဘို့ရန်ကလဲ လိုနေတယ်၊ ဒါကြောင့် အသင့်ရှိနေတဲ့

မြက်သစ်ချက်တို့ သစ်ခက် သစ်သားတို့ နွယ်ဘို့ ဒီလို ရရာတွေကို စုပေါင်းပြီးတော့ လူတကိုယ်နိုင်ရုံ ဖောင်ကလေး ဖွဲ့ရပါတယ်၊ အဲဒီလို ဖောင်ကလေးဖွဲ့ပြီးတော့ လက်ချား ခြေများနှင့် ကူးယက်ပြီး ဟိုဘက်ကမ်းရောက်အောင် ထွက်ပြေးပါတယ်ဘဲ့။

ဟိုဘက်ကမ်း ရောက်တဲ့အခါကျတော့ နောက်က လိုက်နေတဲ့ဘေးရန်တွေ အကုန်လုံး ကင်းလို့မှုလက ဖြစ်ခဲ့တဲ့ ရာဇဝတ်ပြစ်မှုတွေလဲ အကုန်လုံး လွတ်ကင်းပြီး အပြစ်မဲ့ သန့်ရှင်း စင်ကြယ်တဲ့ ပုဂ္ဂိုလ် ဖြစ်သွားပါတယ်တဲ့။

အဲဒီ စကားရပ်ထဲမှာ ရေပြင်ကျယ်ကြီးဆိုတာ ဘာလဲဆိုလို့ရှိလျှင် အဲဒါကို မြတ်စွာဘုရားက ဒီလိုဖော်ပြထားပါတယ်——

မဟာဥဒကဏ္ဏဝေါ တိ ခေါ ဘိက္ခဝေ စတုန္နေတံ ဩဃာနံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့။ မဟာဥဒကဏ္ဏဝေါတိ တော၊ ရေပြင်ကျယ်ကြီး ဟူသော ဤအမည်သည်။ စတုန္နံ၊ လေးပါးကုန်သော။ ဩဃာနံ၊ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဟူသော တရားတို့၏။ အဓိဝစနံ၊ အမည်ပေတည်း။

ရေပြင်ကျယ်ကြီးဆိုတာ ဩဃလေးပါးရဲ့ အမည်ပါဘဲတဲ့၊ ဩဃဆိုတာဟာ လောက ဝေါဟာရအားဖြင့် ရေစီးကြောင်းပါဘဲ၊ ရေစီးကြောင်းထဲကို ကျရောက်သွားလို့ရှိလျှင် ကူးနိုင်လျှင်ကူး၊ မကူးနိုင်လျှင်တော့ ရေစီးကြောင်းက နှစ်မြှုပ်ပြီး သတ်တတ်ပါတယ်။

အဲဒါလိုဘဲ သတ္တဝါတို့၏ သန္တာန်မှာ ရှိနေတဲ့ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဆိုဘဲ့ ကိလေသာတရားတွေကလဲ သူတို့ဆီကို ရောက်လာတဲ့ပုဂ္ဂိုလ်ကို နှစ်မြှုပ်ပြီးတော့သတ်တတ်ပါတယ်၊ သူတို့ဆီကိုရောက်လာတဲ့ ပုဂ္ဂိုလ်ကို အကုသိုလ်တရားတွေ အကုသိုလ်ကံတွေ ဖြစ်ပွါးစေပြီးတော့ အပါယ်လေးပါးမှာ နှစ်မြှုပ်ပြီး သတ်တတ်ပါတယ်၊ အပါယ်လေးပါးမှာ မနှစ်မြှုပ်တောင်မှ ကုသိုလ်ကံတွေ ဖြစ်ပွါးစေပြီးတော့ သုဂတိ ဘုံဘဝတွေမှာ ဖြစ်စေပြီး လူ့အဖြစ် နတ်အဖြစ်နှင့် သေစေတတ်ပါတယ်။

ဒါကြောင့် တချို့သော ဩဃတရားတွေက အပါယ်လေးပါးဆီကို စီးပြီးတော့ နေတဲ့ ရေစီးကြောင်းကြီးများနှင့် တူပါတယ်၊ အဲဒီ အပါယ်ရေစီးကြောင်း ဩဃထဲ ကျရောက်သွားလို့ရှိလျှင် အပါယ်လေးပါးထဲ မျောပြီး ကျရောက်သွားပါတယ်။

တချို့ သြဃတွေကတော့ လူ့ဘုံနတ်ဘုံတွေဆီကို စီးနေတဲ့ ရေစီးကြောင်းကြီးများနှင့် တူပါတယ်၊ အဲဒီ လူနတ် ရေစီးကြောင်း သြဃထဲ ကျရောက်သွားလို့ရှိလျှင် လူ့ဘဝ နတ်ဘဝတွေမှာ ဖြစ်ပြီးတော့ လူ့အဖြစ် နတ်အဖြစ်နှင့် သေရပါတယ်။

ဘဝေါဃ ဆိုတဲ့ တချို့သြဃတွေကတော့ ဗြဟ္မာ့ပြည်ဆီကို စီးနေတဲ့ ရေစီးကြောင်းများနှင့် တူပါတယ်၊ အဲဒီ ဘဝေါဃထဲ ကျရောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ဗြဟ္မာ့ဘဝရောက်ပြီးတော့ ဗြဟ္မာအဖြစ်နှင့် သေရပြန်တာပါဘဲ။

ဒါကြောင့် ဒီ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဆိုတဲ့ သြဃတရားလေးပါးကိုလဲ လွန်မြောက်သွားအောင် အားထုတ်ရမယ်ဆိုတာကို မြတ်စွာဘုရားက ဒီဒေသနာ အစိတ်အပိုင်းမှာ ဟောကြားတော်မူပါတယ်။

အရှင်မဇ္ဈန္တိကမထေရ်ကလည်း ကသ္မီရဂန္ဓာရတိုင်းသားတို့အား ဒီဒေသနာကို ဟောကြားတော်မူခဲ့ပါသည်။

### ဒီဘက်ကမ်း

ပြီးတော့ ဒီမှာဘက်ကမ်းမှာ ဘေးအန္တရာယ်တွေ ရှိနေတယ် ဆိုတာက ဘာလဲဆိုလို့ရှိလျှင် အဲဒါကိုလည်း မြတ်စွာဘုရားက ဒီလိုဖော်ပြထားပါတယ်——

သြရိမံ တီရံ သာသင်္ကံ သပ္ပဋိဘယန္တိ ခေါ ဘိက္ခဝေ သက္ကာယဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတိ။ သာသင်္ကံ၊ ရွံရှာဖွယ်ရှိသော။ သပ္ပဋိဘယံ၊ ကြောက်မက်ဖွယ် ဘေးရှိသော။ သြရိမံ တီရံတိ ခေါ တော၊ ဤဘက်ကမ်း ဟူသော ဤအမည်သည်။ သက္ကာယဿ၊ သက္ကာယ ဟု ခေါ်သော ဥပါဒါနက္ခန္ဓာ ငါးပါး တရား၏ ။ အဓိဝစနံ၊ အမည်ပေတည်း-လို့ ဟောထားပါတယ်။

ဒီ ဘက်ကမ်းမှာ နေလို့ရှိလျှင် အခုန မြွေထိန်းယောကျ်ားမှာ နောက်က လိုက်လာတဲ့ ရန်သူတွေက မှီလာလို့ အသတ်အဖြတ်ခံရခြင်းဘေးတွေနှင့် တွေ့ရမလိုဘဲ၊ ဒီသက္ကာယ ဆိုတဲ့ တရားရှိနေသမျှ ကာလပတ်လုံး သတ္တဝါတွေမှာ ဘေးရန်အန္တရာယ်တွေကို တွေ့နေရပါတယ်။

သက္ကာယ ဆိုတဲ့ ခန္ဓာ ၅-ပါး တွေ ရှိနေလျှင် အဲဒီပုဂ္ဂိုလ်ဟာ မြွေကြီး လေးကောင်နှင့် တူတဲ့ ခတ်ကြီးလေးပါး ဖောက်ပြန်ပြီးလဲသေရပါလိမ့်မည်၊ ခန္ဓာငါးပါး တည်းဟူသော သူသတ်သမားကြီးတွေ ပျက်စီးပြီးတော့ သူတို့က သတ်ဖြတ်လဲ သေရပါလိမ့်မည်၊ ခြောက်ခုမြောက်သော အတွင်းသား ရန်သူ နှင့် တူတဲ့ နန္ဒီရာဂ၏ သတ်ဖြတ်ခြင်းကိုလဲ ခံရပါလိမ့်မည်၊ ရွာဖျက်ခားပြကြီး ခြောက်ယောက်နှင့် အလားတူတဲ့ အာရုံခြောက်ပါးတွေ အကြောင်းပြုပြီး တော့လဲ အကုသိုလ်တရားတွေပွါး ဒုစရိုက်တွေပွါး ဘဝတွေမှာ ဖြစ်ပြီးတော့ ဒီလိုလဲ အသတ်အဖြတ်ခံရပါလိမ့်မည်တဲ့။

သက္ကာယဆိုတဲ့ ရုပ်နာမ်ခန္ဓာတွေ ရှိနေသမျှ ကာလပတ်လုံးဟာဖြင့် မအိုချင် မနာချင် မသေချင်ပေမယ်လို့ ဘယ်နည်းနှင့်မျှ မရပါဘူး။

**သို့သော်လဲဘဲ လောကမှာ သတ္တဝါတွေအလိုကတော့ ရုပ်နာမ်တွေလဲ ရှိလျက်သားနှင့် ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်တွေလဲ ရှိလျက်သားနှင့် ပင် မအို မနာ မသေဘဲနှင့် နေလိုကြပါတယ်။**

**ရုပ်နာမ် ဓမ္မ သင်္ခါရတွေ လုံးဝ ချုပ်ငြိမ်းသွားတယ်ဆိုတာကိုတော့ တယ်ပြီး အလိုမရှိကြပါဘူး။**

ဒါကြောင့် ဗုဒ္ဓဘာသာမှ တခြားတပါးဖြစ်တဲ့ ဘာသာခြားတွေကတော့ လူတွေရဲ့အကြိုက် သတ္တဝါတွေရဲ့ အကြိုက်ကို လိုက်ပြီး တီထွင်ထားပါတယ်၊ ကောင်းကင်ဘုံမှာ ကမ္ဘာကို ဖန်ဆင်းတဲ့ ထာဝရဘုရားသခင်ကြီးရှိတယ်၊ အဲဒီ ဘုရားသခင်ကြီးက သူ့ကိုးကွယ်လို့ရှိလျှင် ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေကို သေဘဲ့အခါမှာ ကောင်းကင်ဘုံသို့ ကယ်တင်ပြီးတော့ ထားလို့ ကိုယ့်ဆွေမျိုး တွေ အခြွေအရံ ပရိသတ်တွေနှင့် တသိုက်တဝိုက်ကြီး ကောင်းကင်ဘုံမှာ နေရတယ် ဆိုပြီးတော့ သူတို့ ဟောပြောထားပါတယ်၊ အဲဒါကို ကြိုက်တဲ့ ပုဂ္ဂိုလ်တွေက ကြိုက်ကြပါတယ်။

**မြတ်စွာဘုရား ဟောကြားတဲ့အတိုင်း ဆိုလျှင်တော့ ဒီလို လူတွေ အလို ရှိတဲ့ အတိုင်း ရုပ်နာမ်ခန္ဓာတွေ တင်းလင်းနှင့် မအိုမနာမသေဘဲ တည်နေတဲ့ နေရာရယ်လို့ ဘယ်မှာမှ မရှိပါဘူး။**

သက္ကာယဆိုတဲ့ ဉပါဒါနက္ခန္ဓာ ငါးပါးရှိနေလျှင်တော့ သူ့အချိန်ကျလျှင် သေရမှာချည်းပါဘဲ၊ အင်မတန် အသက်တမ်းရှည်တဲ့ ဗြဟ္မာ့ဘုံကြီးရောက်နေ

လဲဘဲ အဲဒီ ပြဟ္မာရဲ့ အသက်တမ်းကုန်တဲ့အခါ ကာလကျလျှင် သေရမှာပါဘဲ၊ အမြင့်ဆုံး ဖြစ်တဲ့ နေဝသညာ နာသညာယတနဆိုတဲ့ ပြဟ္မာဟာ ကမ္ဘာလောကထဲမှာ အသက်အရှည်ဆုံးပါဘဲ၊ ဒါပေမဲ့ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် အသက်ဘမ်းကုန်တဲ့ အခါကာလကျတော့ သူလဲ သေရပြန်တာပါဘဲ။

ဒါကြောင့် သက္ကာယဆိုတဲ့ ဥပါဒါနက္ခန္ဓာ ငါးပါး ရှိနေလျှင်တော့ ဆိုခဲ့ပြီးတဲ့ မြွေကြီးလေးကောင်နှင့် တူတဲ့ ဓာတ်ကြီး လေးပါး၊ ရန်သူ ငါးယောက်နှင့်တူတဲ့ ခန္ဓာ ငါးပါး၊ အတွင်းရန်သူနှင့် တူတဲ့ နန္ဒီရာဂ၊ ဓားပြကြီးခြောက်ယောက်နှင့်တူတဲ့ အာရုံခြောက်ပါးဆိုတဲ့ ဒိတရားဆိုးတွေရဲ့ အနှိပ်အစက်အသတ် အဖြတ်ခံရလိမ့်ဦးမည်။

ဒါကြောင့် သက္ကာယဆိုတဲ့ ဒီ ဘက်ကမ်းကို ကျော်လွန်ပြီး ဒီသက္ကာယမည်ဘဲ့ ဥပါဒါနက္ခန္ဓာငါးပါး လုံးဝမရှိရာ ဖြစ်တဲ့ ဟိုဘက်ကမ်းကို ရောက်သွားမှအေးချမ်းမယ် ဆိုတာ ထင်ရှားသိရပါတယ်။

## ဟိုဘက်ကမ်း

ဒီတော့ ဟိုဘက်ကမ်း ဆိုတာက ဘာလဲဆိုလို့ရှိလျှင်——

ပါရိမံ တီရံ ခေမံ အပ္ပဋိဘယန္တိ ခေါ ဘိက္ခဝေ နိဗ္ဗာနဿေတံ အဓိဝစနံ။

ဘိက္ခဝေ၊ ရဟန်းတို့....။ ခေမံ၊ ဘေးငြိမ်းရာ ဖြစ်သော။ အပ္ပဋိဘယံ၊ ဘေးမရှိသော။ပါရိမံတီရန္တိ ခေါ တော်၊ဟိုဘက်ကမ်း ဟူသော ဤအမည်သည်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်တရား၏။ အဓိဝစနံ၊ အမည်ပေတည်းလို့ ဟောထားပါတယ်။

ဟိုဘက်ကမ်း ဆိုတာဟာ နိဗ္ဗာန်ပါဘဲ၊ နိဗ္ဗာန်ဆိုတာဟာလဲ ဥပါဒါနက္ခန္ဓာ ငါးပါး လုံးဝချုပ်ငြိမ်းတဲ့ သဘောပါဘဲ၊ ဥပါဒါနက္ခန္ဓာ ငါးပါး လုံးဝချုပ်ငြိမ်းသွားလျှင် ဘယ်လိုဘေးရန်မှ မရှိတော့ပါဘူး၊ အခုနက ပြောခဲ့တဲ့ မြွေကြီးလေးကောင်နှင့် တူတဲ့ ဓာတ်ကြီးလေးပါးလဲ မနှိပ်စက်နိုင်တော့ပါဘူး၊ ရန်သူကြီး ငါးယောက်နှင့် တူတဲ့ ခန္ဓာငါးပါးလဲ လိုက်ပြီး မနှိပ်စက်နိုင်တော့ပါဘူး၊ အတွင်းရန်သူနှင့် တူတဲ့ နန္ဒီရာဂလဲ လိုက်ပြီး မနှိပ်စက်နိုင်တော့ပါဘူး၊ ဓားပြကြီးခြောက်ယောက်နှင့်တူတဲ့ အာရုံခြောက်ပါးလဲ လိုက်ပြီးတော့

မနိုပ်စက် မသတ်ဖြတ်နိုင်တော့ပါဘူး၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ ဘေးရန်ကင်းနေတဲ့ ဟိုမှာဘက်ကမ်းနှင့် တူတယ်လို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။

ပြီးတော့ အဲဒီ ဟိုဘက်ကမ်းရောက်အောင် ကူးဘို့ရန် ဖောင်ဆိုတာက ဘာလဲဆိုတော့ အရိယမဂ္ဂင်ရှစ်ပါးပါဘဲလို့ ဟောထားပါတယ်။

အဲဒီ မဂ္ဂင်ရှစ်ပါးနှင့် ဟိုဘက်ကမ်းရောက်အောင် ကူးတယ်ဆိုတာက ဘာတုန်းဆိုလို့ရှိလျှင် သမ္မပ္ပဓာန် ဝီရိယနှင့် အားထုတ်ရတာပါဘဲတဲ့။

ဝီရိယာရမ္ဘသောတ် အဓိဝစနံ၊

တေ၊ ဟိုဘက်ကမ်းသို့ ရောက်အောင် ကူးသွားသည် ဆိုတဲ့ စကားသည်။ ဝီရိယာရမ္ဘဿ၊ သမ္မပ္ပဓာန်လုံ့လဖြင့် အားထုတ်ခြင်း၏။ အဓိဝစနံ၊ အမည်ပေတည်းလို့ ဟောထားပါတယ်။ ဟိုဘက်ကမ်းဆိုတဲ့ နိဗ္ဗာန်ကို ရောက်ချင်လျှင် သမ္မပ္ပဓာန် ဝီရိယနှင့် အားထုတ်မှဘဲ ရောက်နိုင်ပါတယ်၊ အားမထုတ်ဘဲနှင့်တော့ မရောက်နိုင်ပါဘူး။

## နိဗ္ဗာန် အချောင်သမားတွေ

တချို့က တရားဆိုတာ အားထုတ်ဘို့ရန် မလိုဘူးဆိုပြီးတော့ ပြောဟောနေကြပါတယ်၊ အဲဒါကတော့ အားမထုတ်ဘဲနဲ့ နိဗ္ဗာန်ကို အချောင်ရောက်ချင်တဲ့ သူတွေအတွက် ကြိုက်လုံးပေးပြီး ဟောတဲ့ တရားတွေပါဘဲ၊ အမှန်မှာတော့ အားမထုတ်လျှင် ဘယ်တော့မှ မရောက်နိုင်ပါဘူး၊ မြတ်စွာဘုရားကိုက အားထုတ်မှ ရောက်မယ်လို့ ဟောထားတာဘဲ။

ပြီးတော့ ဟိုဘက်ကမ်း ကူးမြောက်ပြီးတော့ ဘေးရန် လွတ်ကင်းသွားတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘာလဲ ဆိုလို့ရှိလျှင်-အရဟတော တေ အဓိဝစနံ၊ ရဟန္တာပုဂ္ဂိုလ်ရဲ့ အမည်ပါဘဲတဲ့။ ဒီအတိုင်း ကျင့်ကြံ အားထုတ်ပြီးတော့ သွားလို့ရှိလျှင် နောက်ဆုံးတနေ့ကျတော့ ရဟန္တာ ဖြစ်သွားမယ်၊ အဲဒီလို ရဟန္တာဖြစ်အောင် အားထုတ်ရမယ် ဆိုတာကို ဒီဒေသနာက ဟောကြားတော်မူပါတယ်။

ဟိုတုန်းက အရှင်မဇ္ဈန္တိက မထေရ်ကလဲ ကသ္မီရတိုင်းသား ဂန္ဓာရတိုင်းသားတို့အား ဒီဒေသနာတွေကို အကျယ်တဝင့် ဟောပြတော်မူပါတယ်။

ယခုတော့ အချိန်ရှိသလောက်ကလေးမှာ ခေါင်းစဉ်ကလေးလောက်ဘဲ လျှောက်ပြီးတော့ ပြောသွားရခြင်း ဖြစ်ပါတယ်၊ အင်မတန် လေးနက်တဲ့ တရားတော်ကြီး ဖြစ်ပါတယ်၊ အင်မတန် လေးနက်တဲ့ တရားတော်ကြီး ဖြစ်လို့ ဒီတရားတော်အတိုင်း နှလုံးသွင်းပြီး အားထုတ်မယ် ဆိုလိုရှိလျှင် ရဟန္တာ ဖြစ်နိုင်တဲ့ အပိုဒ်တွေကို ဒီ အာသီဝိသောပမသုတ်တော်ကြီးထဲမှာခုနစ်ဌာန ပါပါတယ်။

အဲဒီ ခုနစ်ဌာန တရားဒေသနာတွေကို အရှင်မဇ္ဈန္တိက မထေရ်က အား လုံး နားလယ်အောင်လို ဟိုတုန်းက အကျယ်တဝင့် ဟောပြလိုက်တဲ့ အတွက် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား သစ္စာလေးပါးကို သိမြင်ပြီး ဓမ္မာဘိသမယကို ရသွားတယ်၊ အကျွတ်တရား ရသွားတယ်လို့ ဆိုပါတယ်။

ထိုအခါကာလမှစပြီးတော့ ကသ္မီရဂန္ဓာရတိုင်းမှာ အဋ္ဌကထာ ဆရာများ လက်ထက်တိုင်အောင် သက်န်းရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပပြီး တော့ ရဟန်းတော်တို့၏ အသွားအလာကြောင့် ဖြစ်တဲ့လေတို့ဖြင့် လူးလာ ဆန်ခတ် ဖြစ်ပြီးတော့နေတယ်ဆိုတဲ့ အကြောင်းကိုလဲ ဒီအဋ္ဌကထာမှာ ပြ သွားပါတယ်။

အဲဒီလို အကျယ်တဝင့်ပြပြီးတော့ အဆုံးသတ်မှာ အကျဉ်းချုပ် မှတ်ဘို့ ရန် ဂီတိအနေအားဖြင့် ဂါထာကလေးလဲ ဒီအဋ္ဌကထာမှာ ရေးသား စီရင် ထားခဲ့ပါတယ်၊ ဒါဟာလဲ ဒီအဋ္ဌကထာရဲ့ ကြည်ညိုဖွယ် ဂုဏ်တခုပါဘဲ။ အကျယ်ကြီးကို မမှတ်နိုင်တဲ့ ပုဂ္ဂိုလ်မှာ ၊ဒီအကျဉ်းကလေးကို မှတ်ထားလျှင် ပြခဲ့တဲ့ အဓိပ္ပါယ်အကျယ်တွေကို အကုန်လုံး နားလည်နိုင်ပါတယ်။

> ဂန္ဓာ ကသ္မီရဂန္ဓာရံ၊ ဣသိ မဇ္ဈန္တိကော တဒါ။
> ဒုဋ္ဌံ နာဂံ ပသာဒေတွာ၊ မောစေသိ ဗန္ဓနာ ဗဟူ။

တဒါ၊ ထိုအခါကာလ၌။ တဒါ၊ သာသနာ သက္ကရာဇ် ၂၃၅-ခုနှစ် တန် ဆောင်မုန်းလပြည့်နေ့ဖြစ်သော ထိုအခါကာလ၌။မဇ္ဈန္တိကော ဣသိ၊ မဇ္ဈန္တိက အမည်ရှိသော သာသနာပြု မထေရ် အရှင်မြတ်သည်။ ကသ္မီရဂန္ဓာရံ၊ ကသ္မီရတိုင်း ဂန္ဓရတိုင်းသို့။ ဂန္ဓာ၊ ကြွသွားတော်မူ၍။ ဒုဋ္ဌံ၊ ဆိုးသွမ်းလှစွာ သော။ နာဂံ၊ အရဝါဠ အမည်ရှိသော နဂါးမင်းကို။ ပသာဒေတွာ၊ မြတ်စွာ ဘုရား၏ သာသနာတော်၌ ကြည်ညိုသဒ္ဓါဖြစ်စေပြီး၍ ။ ဗဟူ၊ များစွာသော

သတ္တဝါတို့ကို။ဝါ၊ ရှစ်သောင်း လေးထောင်သော သတ္တဝါအပေါင်းတို့ကို။ ဗန္ဓနာ၊ ကိလေသာတည်းဟူသော အနှောင် အဖွဲ့မှ။ မောစေသိ၊ လွတ်မြောက်စေခဲ့ပါသတည်း လို့ ဟောဒီ ဂါထာကလေးကိုလဲ ဒီအဋ္ဌကထာမှာ ရေးသားဖော်ပြထားပါတယ်။

ဒါကြောင့် ကိုးတိုင်း ကိုးဌာန သာသနာပြုသွားတဲ့ အစီအစဉ်မှာ ယနေ့ ပဌမပိုင်း ပြီးသွားပါပြီ၊ ဒုတိယပိုင်း တတိယပိုင်း စသည့် နောက်ပိုင်း တွေကို နောက်ရက်တွေမျှား ကျမှ ဘုရားတပည့်တော် ဆက်လက် လျှောက်ထားပါဦးမည် ဘုရား။

ကသ္မီရဂန္ဓာရတိုင်း သာသနာပြုအဖွဲ့ ပြီး၏

---

## (၂) မဟိံသကတိုင်း သာသနာပြုအဖွဲ့

ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ကြွတော်မူကြတဲ့ သာသနာပြု ဆရာတော်များ ကိုးပါးရှိသည့်အနက်က ပဌမဆုံး သာသနာပြု မဇ္ဈန္တိက မဟာထေရ်မြတ် အကြောင်းကို ပြောလို့ ပြီးခဲ့ပါပြီ။

ယနေ့ ဒုတိယ သာသနာပြု မထေရ်ကစပြီး ပြောဘို့ပါဘဲ၊ ဒုတိယသာသနာပြု မထေရ်က မဟာဒေဝ မထေရ်ဖြစ်ပါတယ်၊ သာသနာပြုရာ ဌာနကတော့ မဟိံသကတိုင်း ဖြစ်ပါတယ်၊ မဟိံသကတိုင်း ဆိုတာ ဘယ်အရပ်လဲ ဆိုလို့ ရှိလျှင် အိန္ဒိယတောင်ပိုင်း မိုက်ဆိုးလို့ခေါ်တဲ့ နယ်ပယ်ဘဲလို့ ကျောက်စာဌာနက ဖော်ပြလျက် ထားပါတယ်။ **မဟိံသော** ဆိုတဲ့ ပါဠိကို အိန္ဒိယအသံနှင့် ဖတ်လို့ရှိလျှင် **မဟိဆို** လို့ဘဲ ဖြစ်ပါတယ်၊ **မဟိဆို** ကနေပြီးတော့ **မိုက်ဆိုး**လို့ ပြောင်းလဲလာတယ်လို ယူဆကြပါတယ်။

မဟာဒေဝမထေရ်ဟာ အဲဒီ မဟိံသကတိုင်း အရပ်သို့ ကြွသွားတော်မူပြီး တော့ ဒေဝဒူတ သုတ္တန်ကြီးကို ဟောကြားတော်မူပါတယ်၊ ဒီ ဒေဝဒူတ သုတ္တန်ကတော့ ဥပရိပဏ္ဏာသပါဠိတော်နှင့် အင်္ဂုတ္တရပါဠိတော်မှာ ရှိပါတယ်၊ အင်္ဂုတ္တရနိကာယ်ကို သံဂါယနာတင်စဉ် (တတိယသန္နိပါတ)အခါကာလတုန်းက မေးခဲ့ ဖြေခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီ ဒေဝဒူတသုတ္တန်ကြီးကို ဟောကြားတဲ့ အခါကာလမှာ အကျွတ်တရား ရသွားတဲ့ ပုဂ္ဂိုလ်ပေါင်းက လေးသောင်းရှိတယ်လို့ အဋ္ဌကထာမှာ ပြထားပါတယ်။

အဋ္ဌကထာဆရာက ပဌမသာသနာပြု ဌာနတုန်းကတော့ အကျွတ်တရား ရတဲ့ အသုံးအနှုန်းကို ဓမ္မာဘိသမယော အဟောသိ လို့ သုံးခဲ့ပါတယ်၊ အခု ဒီ ဒုတိယဌာနကျတော့ အဲဒီ ဓမ္မာဘိသမယော အစား ဓမ္မစက္ခုံ ပဋိလဘိံသု လို့ ဗဟုဿုတရစေရန် အလို့ငှါ ပြောင်းလဲပြီး သုံးသွားပါတယ်၊ ဓမ္မစက္ခု လို့ ဆိုတာဟာ အရိယာမဂ်ဉာဏ်ကို ရည်ရွယ်ပြီး ဆိုတာပါဘဲ၊ အရိယာမဂ်ဉာဏ် တည်းဟူသော တရားမျက်စိကို ရသွားကြတယ်လို့ ဒီမှာ ပြောင်းလဲပြီး ပြဆိုသွားပါတယ်၊ ဒါလဲဘဲ အဋ္ဌကထာဆရာ၏ ရေးသားချက်မှာ ကြည့်ညို ဖွယ် မှတ်သားဖွယ် တခုပါဘဲ၊ ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ပေါင်းလဲ လေးသောင်းရှိ တယ်လို့ ဆိုပါတယ်။

မဟိံသကတိုင်းသာသနာပြုအဖွဲ့ ပြီး၏

---

## (၃) ဝနဝါသီတိုင်း သာသနာပြုအဖွဲ့

တတိယသာသနာပြု မထေရ်ကတော့ ရက္ခိတ မထေရ် ဖြစ်ပါတယ်၊ သာသနာပြုရာ ဌာနကတော့ ဝနဝါသီတိုင်း ဖြစ်ပါတယ်၊ ဝနဝါသီတိုင်း ဆိုတာဟာ ဘယ်အရပ်လဲ ဆိုလို့ရှိလျှင် အဲဒီ မိုက်ဆိုးနယ်ရဲ့ မြောက်ဘက်စ ဘုံဘေနယ်စပ်ဆီမှာ ကျောက်စာဌာနက ဖော်ပြထားပါတယ်၊ ယခုထက်ထိ အဲဒီအရပ်မှာ ဝနဝါသီဆိုတဲ့ မြို့ဟာ ရှေးအမည်မပျောက်ဘဲနှင့် ရှိနေတယ်လို့ ဖော်ပြထားပါတယ်။

အရှင်ရက္ခိတ မထေရ်ဟာ အဲဒီ ဝနဝါသီ အရပ်ကို ကောင်းကင်ခရီးဖြင့် ကြွသွားပြီးတော့ ကောင်းကင်မှာဘဲ ရပ်တည်တော်မူလျက် အနမတဂ္ဂိယ သုတ္တန်တရားတော်များကို ဟောကြားတော်မူခဲ့ပါတယ်၊ အနမတဂ္ဂိယသုတ္တန် ဆိုတာ သံယုတ်ပါဠိတော်မှာ ရှိပါတယ်၊ ဒါလဲဘဲ သံယုတ်ပါဠိတော် သံဂါယနာ ယနာတင်စဉ် (ဒုတိယသန္နိပါတ)အခါကာလတုန်းက မေးပြီး ဖြေပြီးသား ဖြစ်နေပါတယ်။

ဒေသနာ၏ အဆုံးမှာ အကျွတ်တရား ရသွားတဲ့ ပုဂ္ဂိုလ်ပေါင်း ခြောက်သောင်းရှိတယ်လို့ဆိုပါတယ်၊ ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေလဲ ခုနစ်သောင်းရှိတယ်လို့ ဆိုပါတယ်၊ ငါးရာသော ကျောင်းအဆောက်အဦများကိုလဲ ဆောက်တည်ပြီးတော့ ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ကြတယ်လို့ ဆိုပါတယ်။

ဝနဝါသီတိုင်းသာသနာပြုအဖွဲ့ ပြီး၏

---

## (၄) အပရန္တတိုင်းသာသနာပြုအဖွဲ့

စတုတ္ထဖြစ်တဲ့ သာသနာပြုမထေရ်ကတော့ ယောနက ဓမ္မရက္ခိတမထေရ် ဖြစ်ပါတယ်၊ ယောနကတိုင်းသား ဖြစ်တဲ့ ဓမ္မရက္ခိတမထေရ်လို့ ဆိုလိုပါတယ်၊ သာသနာပြုရာဌာနက အပရန္တအရပ် ဖြစ်ပါတယ်၊ အပရန္တ ဆိုတာဟာ ယခုနေအခါ ဘယ်အရပ်လဲလို့ ဆိုလို့ရှိလျှင် ဘုံဘေမြို့က နေပြီ တော့ မြောက်ဖက်ကမ်းရိုးတန်းတလျှောက်ကို အပရန္တတိုင်းဘဲဆိုပြီးတော့ ကျောက်စာဌာနက ဖော်ပြထားပါတယ်။

အပရ—အန္တ ဆိုတဲ့ ဒီ ၂-ပုဒ်ထဲမှာ အပရ ဆိုတာ အနောက်ဖက် ဖြစ်ပါတယ်၊ အန္တ ဆိုတာ အစွန်း ဖြစ်ပါတယ်၊ အပရနှင့် အန္တ နှစ်ခုပေါင်းထားတဲ့ အပရန္တ-ပုဒ်က အနောက်ဖက်အစွန်းလို့ အဓိပ္ပါယ်ထွက်နေပါတယ်၊ အိန္ဒိယနိုင်ငံကနေ ကြည့်မယ်ဆိုလို့ရှိလျှင် ဘုံဘေမြို့ ကမ်းရိုးတန်းဟာ အနောက်ဖက် အစွန်း မှန်နေပါတယ်၊ ပြီးတော့ အဲဒီ အပရန္တ ဆိုတဲ့ အရပ်မှာ သုပ္ပါရက သင်္ဘောဆိပ်ရှိတယ်လို ကျမ်းဂန်များမှာ ဆိုထားပါတယ်၊ အဲဒီအရပ်မှာ **သောပါရာ** ဆိုတဲ့ သင်္ဘောဆိပ် အခေါ်အဝေါ်ဟာ ယခုထက်တိုင် ထင်ရှား ရှိနေပါတယ်။

### ဒါရုစိရိယ

မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက **ဒါရုစိရိယ** ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ရွက်လှေသင်္ဘောနှင့် ပင်လယ်ခရီးသွားရာမှာ သင်္ဘောပျက်ရာက ကံကောင်းထောက်မလို့ အသက်မသေဘဲ အဲဒီ သုပ္ပါရကဆိပ်ကမ်းကို ရောက်လာခဲ့ပါတယ်၊ ရောက်လာတဲ့အခါမှာ အဝတ်မရှိဘဲ ဖြစ်နေလို့ သစ်သားပျဉ်

ချပ်များကို လျော်နှင့်သီပြီး ဟိရိသြတ္တပ္ပလုံရုံ ကိုယ်မှာ ဖုံးဖိပြီးတော့ မြို့ထဲ ထမင်းတောင်းဘိ ဝင်သွားပါတယ်၊ ထိုအခါမှာ လူတွေက သူ့ကို ရဟန္တာလို့ သမုတ်ပြီး ရိုရိုသေသေနဲ့ လှူဒါန်းပူဇော်ကြပါတယ်၊ သူကလဲ အဝတ်မဝတ်ဘဲနဲ့ ဒီသို့ပျဉ်ချပ်ကို ဝတ်ထားတဲ့အတွက် အများက ရိုသေကြတယ်ဆိုတာကို သိရလို့ ပေးကမ်းကြတဲ့ အဝတ်အထည်များကိုလဲ မဝတ်မရုံတော့ဘဲ သူ့ ပျဉ်ချပ်ကိုသာ ဝတ်နေခဲ့ပါတယ်။

အဲဒါနဲ့ နောက်ကြာလာတော့ သူများက ရဟန္တာလို့ အခေါ်များနေတာနှင့် သူ့ကိုယ်သူလဲ ရဟန္တာလို့ ထင်လာပါတယ်၊ အဲဒီလို အထင်မှားနေတာကို ရှေးကဿပဘုရားလက်ထက်တုန်းက တရားကျင့်ဖော်ကျင့်ဖက်ဖြစ်ခဲ့တဲ့ ဗြဟ္မာကြီးက သိတာနဲ့ လာပြီးတော့ သတိပေးပါတယ်၊ သင်ဟာ ရဟန္တာ မဟုတ်သေးဘူးဆိုတဲ့ အကြောင်းကို သတိပေးပါတယ်။

သတိပေးတဲ့အခါမှ "ဒါဖြင့် ရဟန္တာ ဆိုတာက ဘယ်မှာရှိပါသလဲ"လို့ သူက မေးပါတယ်။ ဒီတော့ ဗြဟ္မာကြီးက "ရဟန္တာဆိုတာ ရှိတယ်၊ အခုဒီ (သုပ္ပါရကသဘောဆိပ်)အရပ်ကနေပြီးတော့ ဟို အိန္ဒိယမြောက်ပိုင်းမှာ (ဥတ္တရေသု ဇနပဒေသုလို့ ပါဠိမှာ လာပါတယ်)သာဝတ္ထိမြို့ ဆိုတာ ရှိတယ်၊ အဲဒီမြို့အနီး ဇေတဝန်ကျောင်းတော်မှာ ဂေါတမမြတ်စွာဘုရား ရှိတယ်ဆိုတာကို ဗြဟ္မာကြီးက ပြောပါတယ်။

အဲဒီလို ပြောတဲ့စကားထဲမှာ ဥတ္တရေသု ဇနပဒေသု အရကို အဋ္ဌကထာက ဘယ့်နှယ် ဖွင့်သလဲဆိုတော့ (ဥတ္တရေ သုတိသုပ္ပါရကပဋ္ဋနတော ပုဗ္ဗုတ္တ-ရဒိသာဘာဂံ သန္ဓာယ ဝုတ္တံ) သုပ္ပါရက သဘောဆိပ်ကနေပြီးတော့ အရှေ့မြောက်အရပ်ကို ရည်ရွယ်ပြီး ဥတ္တရေသုလို့ ဆိုထားပါတယ်တဲ့၊ သူဆိုလိုတာကတော့ သုပ္ပါရက သဘောဆိပ်မှ အရှေ့မြောက်အရပ်မှာ သာဝတ္ထိမြို့ဆိုတာ ရှိတယ်၊ သာဝတ္ထိမြို့က အရှေ့မြောက် သုပ္ပါရကသဘောဆိပ်က အနောက်တောင်၊ အဲဒီလို တည်ရှိနေတယ်လို့ အဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။

အခု ဘုံဘေမြို့ ဆိပ်ကမ်းနှင့် သာဝတ္ထိမြို့ တည်ရာ ဌာန ဆိုလျှင် အဲဒီ အဋ္ဌကထာအဆိုအတိုင်း ကိုက်ညီနေပါတယ်၊ ဘုံဘေမြို့ ဆိပ်ကမ်းက အနောက်တောင်မှာရှိလို့ သာဝတ္ထိက အရှေ့မြောက်မှာ ရှိနေပါတယ်။

ဒါကြောင့် ကျောက်စာဌာနက ပြတဲ့ စကားဟာ အဋ္ဌကထာနှင့်လဲ ညီညွတ်နေတယ်လို့ မှတ်သားစရာပါဘဲ။

ယောနက ဓမ္မရက္ခိတမထေရ်က အဲဒီ အပရန္တတိုင်းဆိုတာကို သွားပြီးတော့ အဂ္ဂိခန္ဓောပမသုတ်ကို ဟောကြားတော်မူခဲ့ပါတယ်၊ အဂ္ဂိခန္ဓောပမသုတ်ဆိုတာ သတ္တက်ဂုတ္တရ ပါဠိတော်မှာ ရှိပါတယ်၊ ရဟန်းတော်များအတွက် သီလသိက္ခာပုဒ်ကို စောင့်စည်းဘို့ရန် သတိပေးဟောကြားထားတဲ့ တရားတော်ဖြစ်ပါတယ်။

အဲသည် တရားကို နာရလို့ အကျွတ်တရားရတဲ့ ပုဂ္ဂိုလ်ပေါင်းဟာ ခုနစ်သောင်း ရှိတယ်လို့ ဆိုပါတယ်၊ မင်းမျိုးထည်းက ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေလဲ တထောင်ရှိတယ်လို့ ဆိုထားပါတယ်၊ အမျိုးသမီးထဲက ရဟန်းပြုကြတာတွေကလဲ ခြောက်ထောင်ရှိတယ်လို့ ဆိုပါတယ်။

အပရန္တတိုင်းသာသနာပြုအဖွဲ့ ပြီး၏

## (၅) မဟာရဋ္ဌတိုင်း သာသနာပြုအဖွဲ့

ပဉ္စမသာသနာပြု မထေရ်ကတော့ မဟာဓမ္မရက္ခိတမထေရ် ဖြစ်ပါတယ်၊ အဲဒီမဟာဓမ္မရက္ခိတမထေရ်ကတော့ မဟာရဋ္ဌတိုင်းကို ကြွပြီး သာသနာ ပြုရပါတယ် မဟာရဋ္ဌတိုင်းဆိုတာ ဘယ်ဟာလဲဆိုလျှင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့ရဲ့ အရှေ့တောင်ဘက်အရပ်ဒေသကို မဟာရဋ္ဌတိုင်းဘဲလို့ ကျောက်စာဌာနက ဖော်ပြထားပါတယ်။

မဂဓတိုင်းက လူတွေပြောဆိုတဲ့ စကားကို **မာဂဓီ**ဘာသာလို့ ခေါ်ရသလိုဘဲ၊ အဲဒီမဟာရဋ္ဌတိုင်းက ပြောဆိုတဲ့စကားကိုလဲ **မာရာဋ္ဌီ**ဘာသာလို့ ယခုထက်တိုင် ခေါ်ဆိုနေကြပါတယ်။

အရှင်မဟာဓမ္မရက္ခိတမထေရ်ဟာ အဲဒီ မဟာရဋ္ဌတိုင်းသားတို့အား မဟာနာရဒကဿပဇာတ်ဒေသနာ တရားတော်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်၊ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် အကျွတ်တရား ရတယ်လို့ ဆိုပါတယ်၊ အဲဒီဇာတ်တော်ကြီးဟာ ယခင်ပါဠိတော် သံဂါယနာတင်တုန်းက အချိန်မရှိလို့ မမေးရ မဖြေရခဲ့သေးပါဘူး၊ မှတ်သားဖွယ်လဲ အလွန်ကောင်းပါတယ်၊ ဒါကြောင့် ယခု အကျဉ်းချုပ်ကို ဖော်ပြပါဦးမည်။

အရှင်မဟာဓမ္မရက္ခိတမထေရ်က ဒီလို စတင်ပြီးတော့ မဟာရဋ္ဌတိုင်းသားတွေကို ဟောကြားသွားပါတယ်။

## မဟာနာရဒဇာတ်တော်

မဟာရဋ္ဌတိုင်းသား တကာမျာ:တို့.... ရှိသေစွာ နာကြ၊ ငါတို့ မြတ်စွာဘုရား မပွင့်သေးမီ ဟိုရှေးလွန်လေပြီးသော အခါတုန်းက အိန္ဒိယပြည် အရှေပိုင်း မိတ္ထိလာဆိုဘဲ့ မြို့မှာ အင်္ဂတိ အမည်ရှိတဲ့ မင်းကြီးဟာ တရားသဖြင့် စိုးမိုးအုပ်ချုပ်ပြီး မင်းပြုလုပ်နေခဲ့ပါတယ်။

ဒီ အင်္ဂတိ မင်းကြီးမှာ သားတော်ဟူ၍ မရှိဘဲ ရုစာ ဆိုတဲ့ သမီးတော် တဦးသာ ထွန်းကားလျက် ရှိတယ်၊ ဒါကြောင့် အဲဒီ အင်္ဂတိ မင်းကြီးက အဲဒီ တဦးတည်းသော သမီးတော်ကလေးကိုဘဲ အလွန်တရာ မြတ်နိုးတော်မူပါတယ်၊ ပန်း နံ့သာ အဆင် တန်းဆာ အဝတ်အစား ဘယ်ဘက်ကမှ လိုလေသေး မရှိရအောင် ပေးကမ်းချီးမြှောက်ထားတဲ့အပြင် အလှူဒါနပြုရန်အတွက်လဲ ဆယ့်ငါးရက် တကြိမ်မျှ ငွေတထောင် တထောင် ပေးကမ်းထောက်ပံ့နေပါတယ်၊ အင်္ဂတိမင်းကြီးကိုယ်တိုင်လဲ မြို့တံခါးလေးဌာနမှာ အလှူရုံကြီးများ တည်ထားပြီး ပေးလှူနေပါတယ်။

မဟာရဋ္ဌတိုင်းသားတို့အား တနေ့သောအခါမှာတော့ အဲဒီအင်္ဂတိ မင်းကြီးက ပညာရှိရဟန်းသူမြတ်များကို ဆည်းကပ်လိုတဲ့ အကြောင်း ပြောပါတယ်၊ ဒီတော့ မင်းကြီးရဲ့ စစ်သူကြီးဖြစ်တဲ့ အလာတဆိုတဲ့ အမတ်ကြီးက ကဿပ အနွယ်ဝင် ဂုဏဆိုဘဲ့ သူရဲ့ဆရာ အစေလက တက္ကဒွန်းကြီးဟာ ပညာရှိ သူတော်ကောင်းကြီးပါဘဲ ဆည်းကပ်ထိုက်တဲ့ ပုဂ္ဂိုလ်ပါဘဲ ဆိုတာကို မင်းကြီးအား လျှောက်တင် ခဲ့ပါတယ်။ အဲဒီလို လျှောက်တင်တော့ မင်းကြီးကလဲ သဘောကျတာနှင့် အဲဒီ အစေလက တက္ကဒွန်းကြီးထံ မင်းပရိသတ်နှင့်တကွ သွားရောက်ခဲ့ပါတယ်။

အစေလကတက္ကဒွန်း ဆိုဘာ ဘာလဲ၊ အဝတ်မပါ ဘလာအချည်းနှီး ကိုယ်ထီးဖြစ်နေတဲ့ ကိုယ်ဘိုးလုံး ရသေ့ပါဘဲ။ အိန္ဒိယကိုသွားလျှင် ဗာရာဏသီ ဂင်္ဂါမြစ်ဆိပ်မှာ ဒီလိုကိုယ်တုံးလုံး ဆရာကြီးတွေ တော်တော် များများဘဲ တွေ့နိုင်ပါတယ်၊ ဗုဒ္ဓဘာသာ မျက်စိနှင့် ကြည့်မယ်ဆိုလျှင်တော့ ဘာမျှ ကြည်ညိုဖွယ်ရာရှာလို့ ရမှာမဟုတ်ပါဘူး၊ ဒါပေမယ်လို့ လောကမှာ ပုထုဇဉ် ဆိုတဲ့ လူတွေက အလိုဆန္ဒတွေ အမျိုးမျိုးကွဲနေကြတယ်၊ ဒါကြောင့်

ဘယ်လိုဘဲ ကျင့်နေနေ ဘယ်လိုဘဲ ပြောနေနေ ယုံကြည်အားပေးမည့်သူတွေ နောက်လိုက်တပည့်ခံမည့်သူတွေ ဆိုတာကတော့ အသင့်ရှိနေတာချည်းပါဘဲ။

ဒါကြောင့် အဲဒီ အင်္ဂတိမင်းကြီးဟာလဲ တပည့်ခံမည်လို့ ရည်ရွယ်ပြီး တော့ သွားတာပါဘဲ။

ဟိုရောက်တဲ့အခါကျတော့ မင်းကြီးက အဲဒီကိုယ်တုံးလုံး တက္ကဒွန်း ကိုယ်တော်ကြီးကို ရိုရိုသေသေ ရှိခိုးပြီး သင့်တင့်တဲ့နေရာမှာထိုင်လို့ ပဋိသန္ဓာရ စကားချားလဲ ပြောပြီးတဲ့အခါမှာ သူသိလိုတဲ့ အချက်များကို မေးမြန်း လျှောက်ထားပါတယ်။

မေးပုံကတော့ အိုအရှင်ကဿပ.... မိဘတို့ အပေါ်မှာ ဘယ်လိုကျင့် သင့်ပါသလဲ၊ ဆရာသမား အပေါ်မှာ ဘယ်လို ကျင့်သင့်ပါသလဲ၊ သားမယား အပေါ်မှာ ဘယ်လို ကျင့်သင့် ပါသလဲ၊ ရဟန်းသူမြတ်များအပေါ်မှာ ဘယ်လို ကျင့်ရပါသလဲ၊ စစ်သည် မင်းမှုထမ်းတွေ အပေါ်မှာရော ဘယ်လို ကျင့်ရပါမလဲ၊ တိုင်းသူပြည်သားတွေ အပေါ်မှာ ဘယ်လိုကျင့်သင့်ပါသလဲ၊ ဘယ်လိုကျင့် လျှင် သုဂတိဘဝသို့ ရောက်နိုင်ပါသလဲ၊ ဘယ်လိုကျင့်လျှင် အပါယ်ငရဲသို့ ကျ ရောက်တတ်ပါသလဲ လို့ ဒီမေးခွန်းများကို မေးပါတယ်၊ မေးခွန်းများမှာ အင်မတန်သဘာဝ ကျပါတယ်၊ အင်မတန်လဲ တန်ဘိုး ရှိပါပေတယ်၊ သို့ပေမဲ့ မသိမလိမ်မာတဲ့ သူ့ထံမှာတော့ ဘာမျှတန်ဘိုး မရှိတဲ့ပြင် အကျိုးမဲ့တောင် ဖြစ်သွားနိုင်ပါသေးတယ်၊

ဒါကြောင့် ဂုဏဆိုတဲ့ အဲဒီတက္ကဒွန်းကြီးက တန်ဘိုးမရှိအောင် ဒီလိုဖြေ ကြားသွားပါတယ်။

အို အင်္ဂတိမင်းကြီး ....တရားကျင့်ခြင်းမှာ အကျိုး မရှိပါ၊ ကောင်းမှု မကောင်းမှုမှာလဲ အကျိုးအပြစ် မရှိပါ။

မင်းကြီး.... နတ်ပြည် ငရဲပြည် ဆိုတဲ့ တပါးသော လောကဆိုတာလဲ မရှိပါ၊ ပေးလှူခြင်းမှာလဲ အကျိုးမရှိပါ။

သတ္တဝါတွေမှာ ဆင်းရဲဘို့ရန် ချမ်းသာဘို့ရန် ကျိန်းသေ သတ်မှတ်ပြီး ပိုင်းခြားထားတဲ့ နိယတိ ဆိုတဲ့ ဓမ္မတာ သဘောတရား ရှိနေတယ် မင်းကြီး။

အဲဒီ ဓမ္မတာ သဘောတရားအတိုင်းဘဲ သတ္တဝါတွေမှာ ဆင်းရဲချိန် ကျလျှင် သူ့အလိုလို ဆင်းရဲကြရတယ်၊ ချမ်းသာချိန်ကျလျှင် သူ့အလိုလိုဘဲ

ချမ်းသာကြရတယ်၊ ကျွတ်လွတ်ချိန်ကျတော့ သတ္တဝါတွေဟာ သာတူညီမျှဘဲ အကုန်းလံး ဘာမျှ မကျင့်ရ မကြံရ အားမထုတ်ရဘဲနှင့် သူ့အလိုလိုဘဲ ကျွတ်လွတ်ပြီး သွားကြရတာဘဲ မင်းကြီးလို့ ဒီလိုနိယတိ ဥစ္ဆေဒဝါဒတရားကို ဂုဏဆိုတဲ့ တက္ကဒွန်းကြီးက ဟောကြားလိုက်ပါတယ်။

## အလာတစစ်သူကြီး

ဒီအခါမှာ အလာတ ဆိတဲ့ စစ်သူကြီးက အဲဒီဂုဏဆရာကြီးရဲ့ နိယတိဝါဒကို ဝင်ရောက်ပြီးတော့ ထောက်ခံချက် ပေးပြန်ပါတယ်၊ဘယ်လိုလဲ ဆိုတော့ သူဟာရှေးအခြားမဲ့ဘဝတုန်းက နွားသတ် သမားကြီး ဖြစ်ခဲ့တဲ့ အကြောင်း၊ အဲဒီတုန်းက နွားတွေ ကျွဲတွေ ဆိတ်တွေ ဝက်တွေ အများကြီးဘဲ သတ်ခဲ့တဲ့အကြောင်း၊ သို့သော်လည်း ငရဲသို့ မကျဘဲနှင့် သူဟာ စစ်သူကြီး ရာထူးနှင့် ဘဝကောင်းကို ရနေတဲ့အတွက် အကောင်း အဆိုးတွေဟာ ကံကြောင့်ဖြစ်ထာ မဟုတ်တဲ့အကြောင်း၊ ဂုဏဆရာကြီးပြောတဲ့ နိယတိမှတာ သဘောကြောင့် ဖြစ်တယ်ဆိုတာဟာ ယုတ္တိရှိတဲ့ အကြောင်းကို သူက ထောက်ခံပြီး ပြောဆိုပါတယ်။

အဲဒါကတော့ ဂုဏဆရာကြီးရဲ့ ဝါဒက မှားနေရတဲ့ အထည်းမှာ နူရာဝဲစွဲလဲညာ သူခိုးထောင်း ဆိုဘာလို အမှားတခုပေါ်မှာ အမှားတခု ထပ်ပြီး ပေါ်လာတာပါဘဲ။

အမှန်မှာတော့ ကံဆိုတာဟာ နောက် အခြားမဲ့ ဘဝမှာချည်း အကျိုးပေးတာမဟုတ်ပါဘူး၊ မျက်မှောက်ဘဝမှာ အကျိုးပေးတဲ့ ဒိဋ္ဌဓမ္မဝေဒနီယ ကံဆိုတာလဲ ရှိပါတယ်၊ နောက် အခြားမဲ့ ဒုတိယ ဘဝမှာ အကျိုးပေးတဲ့ ဥပပဇ္ဇဝေဒနီယကံဆိုတာလဲ ရှိပါတယ်၊ တတိယဘဝကစပြီး နိဗ္ဗာန် မရောက်မီအတွင်း အခွင့်ရတဲ့ အခါများမှာ အကျိုးပေးတတ်တဲ့ အပရာပရိယဝေဒနီယကံဆိုတာလဲ ရှိပါတယ်။

အလာတမှာ စစ်သူကြီးဘဝကို ရနေတာကတော့ ရှေးတခုသော ဘဝက ကဿပမြတ်စွာ ဘုရား၏ စေတီတော်မှာ ပန်းပူဇော်ခဲ့တဲ့ ကောင်းမှုကြောင့် ဖြစ်ပါတယ်၊ အဲဒီဘဝကိုတော့ အလာတက မအောက်မေ့နိုင်ပါဘူး၊ နွားသတ်သမားဖြစ်ခဲ့တဲ့ ဘဝတခုတည်းကိုသာ သူ့မှာ အောက်မေ့နိုင်တဲ့ အတွက် နွား

သဘ်ာတဲ့အကုသိုလ်ကံက မကောင်းကျိုး မပေးဘူးလို့ သူက မှားယွင်းစွာ ယူထားပြီး အမှားကို ထောက်ခံလိုက်ခြင်း ဖြစ်ပါတယ်။

အမှန်မှာတော့ ပန်းပူဇော်ခဲ့တဲ့ ကုသိုလ်က စစ်သူကြီးဘဝသို့ ရောက်အောင်အပရာပရိယကံ အဖြစ်နှင့်တကွက်ကျော်အကျိုးပေးသလိုဘဲ၊နွားသတ်မှု အကုသိုလ်ကံကလဲ သူ့မှာ အပရာပရိယကံ အဖြစ်နှင့် အခွင့်သင့်တဲ့ အခါမှာ မကောင်းကျိုးတွေ ပေးဘို့ရန် အသင့်ရှိနေတာပါဘဲ၊ အဲဒါကိုတော့ သူကမသိနိုင်ပါဘူး၊ ဒါကြောင့် အယူမှားပြီး ပြောဆိုခြင်း ဖြစ်ပါတယ်။

## ဗီဇကဖြစ်ထွေ

အဲဒီအခါမှာ ဗီဇကဆိုတဲ့ ကျွန်တယောက်ကလဲ အင်္ဂတိ မင်းကြီးရဲ့ အနီးမှာ တရှုတ်ရှုတ်နှင့် ငိုကြွေးနေပါတယ်တဲ့၊ ဘာဖြစ်လို့ ငိုနေရသလဲလို့ မင်းကြီးကမေးတော့ ဗီဇက က "သူဟာ ရှေးအခြားမဲ့ ဘဝတုန်းက ဘာဝဆိုတဲ သူဌေးကြီးဖြစ်ခဲ့တဲ့အကြောင်း၊ အဲဒီတုန်းက သူဟာ မကောင်းမှုဆိုလို့ ရှိလျှင် ဘာမျှ ပြုမိခဲ့တယ်လို့ အမှတ်မရတဲ့အကြောင်း၊ ပေးလှူခြင်းဒါန ကုသိုလ်တွေကိုလဲ များစွာ ပြုခဲ့တဲ့အကြောင်း၊ သို့သော်လည်း သူ့မှာ ကျွန်ဘဝကို ရောက်နေရတဲအကြောင်း၊ ကျွန်ဘဝရောက်နေရတဲ့အခါမှာလဲ ဘဝကောင်း ရဘိုရန် ရည်ရွယ်ပြီးတော့ ဥပုသ် သီတင်း သီလကို အမြဲမပြတ်စောင့်သုံးပြီး နေတဲ့အကြောင်း၊ အခုတော့ ဂုဏဆရာကြီးရဲ့ တရားနှင့် အလာတရဲ့ စကားကို ကြားရတော့ သုဂတိဘဝကို ရဘို့ရန် အတွက် အကြောင်း မရှိတော့ဘူး ဆိုတာကို သိရလို့ ငမ်းနည်းပြီးတော့ ငိုကြွေးတဲ့ အကြောင်းများကို ဗီဇက က ပြောဆိုပါတယ်။

ဒါလဲဘဲ အမှားပေါ် အမှားတခု ထပ်လာပြန်တာပါဘဲ၊ ဘာကြောင့်လဲဆိတော့ ဗီဇက ကျွန်ဖြစ်နေရဘာဟာ ကဿပမြတ်စွာဘုရားလက်ထက်တုန်းက ရဟန်းတပါးကို သူဆဲရေးခဲ့တဲ ဝဇီကံကြောင့် ဖြစ်ပါတယ်။ အဲဒီတုန်းက မျက်စိလယ် လမ်းမှားပြီးတော့နေတဲ့ ရဟန်းတပါးက လမ်းမသိလို သူ့ကို ဘယ်ကသွားရမလဲ၊ ဘယ်လမ်းမှန်သလဲ ဆိုတာကို ကောင်းကောင်းမွန်မွန်ဘဲ မေးပါတယ်။ အဲသည်တော့ သူက စိတ်ဆိုး မာန်ဆိုးနှင့် ဒီရဟန်းဟာ တယ်ပြီး နှုတ်ကြမ်းတာဘဲ၊ ကျွန်များလိုဘဲ နှုတ်ကြမ်းလိုက်တာ ကျွန်ဘဲဖြစ်မှာပါဘဲလို့ ဒီလို အပြစ်မရှိတဲ့ ရဟန်းကို သွားပြီး ဆဲရေးခဲ့ဘူးပါတယ်၊

အဲဒီ ဆရာရေးခဲ့ဘူးတဲ့ ဝစီကံကြောင့် သူ့မှာ ကျွန်ဘဝကို ရောက်နေရခြင်း ဖြစ်ပါတယ်။

သူကတော့ အဲဒီဆဲခဲ့တဲ့ ဘဝကို မအောက်မေ့နိုင်ပါဘူး၊ သတိမရပါဘူး၊ သူဌေးဖြစ်ခဲ့တဲ့ ဘဝတခုတည်းကိုသာ အောက်မေ့နိုင်တဲ့အတွက် သူဌေးဘဝက ကုသိုလ်ကောင်းမှုတွေ ပြုပါလျက်ကယ်နှင့်ကျွန်ဖြစ်လာတာဟာဖြင့်အကုသိုလ် အကြောင်းမရှိဘဲနှင့် အလိုလို ဖြစ်လာတယ်လို့ သူက အယူမှားပြီးတော့ ပြောမှားခြင်း ဆိုမှားခြင်း ဖြစ်ပြန်ပါတယ်။

ဒီလို အမှားတွေကို တခုပြီးတခု ထပ်ကာ ထပ်ကာ ကြားရတော့ အင်္ဂတိ မင်းကြီးမှာ ဂုဏဆရာကြီးဟောဘဲ့ တရားကို ကေန် ဟုတ်ပြီလို့ တထစ်ချ ယုံကြည်ပြီး သွားပါတယ်၊ တရားကျသွားတယ်လို့ ဆိုရမှာပေါ့၊ ဘယ်လောက် အထိ တရားကျသွားသလဲဆိုတော့ မင်းကြီးဟာ ဂုဏဆရာကြီးရဲ့ တရားကို မနာသေးမီက ဂုဏဆရာကြီးကို ရိုရိုသေသေဘဲ ရှိခိုးခဲ့တယ်၊ တရားနာပြီးလို့ ပြန်တဲ့အခါကျတော့ အဲဒီ ဂုဏဆရာကြီးကို ရှိခိုးခြင်း မပြုတော့ဘူး၊ ဘာ ကြောင့်လဲဆိုတော့ ဂုဏဆရာကြီးရဲ့ တရားအတိုင်း ဆိုလျှင် ရှိခိုးပေမယ်လို့လဲ ကုသိုလ် မဖြစ်ဘူး၊ ကောင်းကျိုးလဲ မပေးဘူး၊ အလကားဘဲ ဆိုတာကို သူက သဘောပေါက်ပြီး သွားတယ်၊ ဒါကြောင့် ပါဘဲ။

ပြီးတော့ လှူဒါန်းကျွေးမွေးလို့လဲ ကုသိုလ် မဖြစ်ဘူးဆိုတာကို သူက သဘောပေါက်သွားတဲ့ အတွက် အင်္ဂတိ မင်းကြီးက ဂုဏဆရာကြီးကို ဘာမျှ ကျွေးမွေးခြင်း လှူဒါန်းခြင်း ဘိတ်မန်ခြင်းကိုလဲ မပြုတော့ပါဘူးတဲ့။

## ဥစ္ဆေဒဝါဒီတို့ နှုတ်ဆက်နည်း

နောက်ဆုံးမှာ မှတ်လောက် သားလောက်တဲ့ စကားကလေးတခုနှင့် လည်း နှုတ်ဆက်ပြီးတော့ သွားပါသေးတယ်၊ အဲဒါကတော့—

ပုနပိ ဘန္တေ ဒက္ခေမု သင်္ဂတိ စေ ဘဝိဿတိ တဲ့။

ဘန္တေ၊ ကဿပန္ဒယ်ဝင် ဖြစ်သော အရှင်ဂုဏ။ သင်္ဂတိ၊ မလွှဲသာ မရှောင်သာ ငါတို့နှစ်ယောက် အကြောင်းအားလျော်စွာ ဆုံကြရခြင်းသည်။ စေဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ဝေသတိ၊ ဤသို့ မလွှဲသာ မရှောင်သာ

တွေ့ဆုံကြရသည့်ရှိသော်။ ပုနပိ၊ တဖန်လည်း။ တံ၊ အရှင်ဆရာကြီးကို။ မယံ၊ ငါတို့သည်။ ဒက္ခေမု၊ ဖူးမြင်ပါကုန်အံ့။

ဆိုလိုတာကတော့ အရှင်ဆရာကြီးထံ နောက်ထပ်လာဘိ ဖူးမြင်ဘို့လဲ မလိုပါဘူးလို့ ဆိုလိုတယ်၊ လာပြီးတော့ ဖူးလို့လဲ ကုသိုလ်ရမှာ မဟုတ်ပါဘူးတဲ့၊ တရားလဲ နာဘို့ မလိုပါဘူးတဲ့၊ တရားနာလို့လဲ ကုသိုလ်ရမှာ မဟုတ်ပါဘူးတဲ့၊ အဲဒီလိုလာပြီး ဖူးမျှော်တာ တရားနာတာတွေကို လုပ်နေလျှင် အလကား အချိန်တွေ ကုန်နေမှာဘဲတဲ့၊ လောကီကိစ္စတွေ ကာမဂုဏ်အာရုံ ခံစားမှုတွေ ပျက်နေတော့မှာဘဲတဲ့၊ ဒီတော့ မလာပါဘူးတဲ့၊ သို့သော်လဲ ဆရာကြီးဂုဏ ပြောတဲ့ နိယတိ သင်္ဂတိ ရှိနေတဲ့အတွက် လမ်းသွားရင်း လာရင်း ဖြစ်စေ တစုံတခုသောကိစ္စကြောင့်ဖြစ်စေ မလွှဲမရှောင်သာဘဲ နှစ်ယောက်များ ဆုံမိ လို့ ရှိလျှင်ဖြင့် အရှင်ဆရာကြီးကို တွေ့ရဦးမှာဘဲတဲ့၊ ဒီလို မဟုတ်လျှင် တော့ မတွေ့တော့ပါဘူး၊ ဒါဟာ နောက်ဆုံးပါဘဲလို့ သူကဆိုလိုပါတယ်၊ တယ် ကောင်းတဲ့ နှုတ်ဆက်ခြင်းဘဲ။

အဲဒီလို နှုတ်ဆက်ပြီးတော့ အင်္ဂတိ မင်းကြီးဟာ ပြန်ပြီးတော့ သွားပါ တယ်၊ မှူးမတ်တွေကို စည်းဝေးစေပြီး တိုင်းရေးပြည်ရေးများကို အမတ်ကြီး များအား အကုန်လုံးတာဝန်လွှဲပြီးတော့ ကာမဂုဏ်အာရုံတွေနှင့်စပ်လို့ ဘာမျှ အပြစ်မရှိဘူးဆိုတာ သဘောပေါက်သွားလို့ ကာမဂုဏ်အာရုံတွေနဲ့သာ ပျော် မွေ့ပြီး နေပါသတဲ့။

သူ့အလိုက ကောင်းမှု မကောင်းမှု မရှိဘူးဆိုလျှင် ကောင်းတာ မ ကောင်းတာတွေကို ရွေးချယ်နေဘို့ မလိုဘူး၊ ကောင်းတာ မကောင်းတာတွေ ရွေးချယ်ပြီး ဟိုဟာရှောင်ရ ဒီဟာရှောင်ရ ဟိုဟာလုပ်ရ ဒီဟာလုပ်ရဆိုလျှင် ဖြင့် အဲဒီကိစ္စတွေ ဆောင်ရွက်နေရတဲ့ အတွက်ဟာ လောကီအာရုံခံစားမှု ဘက်က အချိန်တွေကုန်နေတာဘဲ ဆုံးရှုံးနေတာဘဲလို့ သူကယူဆပါတယ်။

ဒါကြောင့် တိုင်းရေး ပြည်ရေးကိုလဲ ကြောင့်ကျ မစိုက်တော့ဘူး၊ ကုသိုလ်ရေးတွေကိုလဲ လုံးဝ ဖြတ်ပြီးတော့ ထားလိုက်တယ်၊ လောကီအာရုံ တွေနဲ့သာ အချိန်ကုန်စေပြီး နေပါသတဲ့၊ အင်္ဂတိ မင်းကြီးမှာ အယူမှားပြီး တော့ အကျိုးစီးပွါး ဆုံးရှုံးသွားရတာဟာ ဒီလို **ဗာလသေဝန** ဆိုတဲ့ သူမိုက် နဲ့ပေါင်းသင်းနေတဲ့ အမင်္ဂလာကြောင့်ဘဲ ဖြစ်ပါတယ်။

ယခုကာလမှာလည်း အဲဒီ ဂုဏဟောတဲ့ တရားမျိုးကို ဘုရားဟောလိုလို တရားမှန်လိုလို လုပ်ပြီးသကာလ ဟောပြောနေကြတာလဲ ရှိတာဘဲ၊နိုင်ငံခြား တွေမှ ရေးသားပြီး ထုတ်ဝေလိုက်တဲ့ ဂုဏတရားစာမျိုးတွေလဲ ရှိတာဘဲ၊ တချို့က အဲဒီလို စာပေမျိုးတွေမှ ခေတ်မှီတယ်လို့ ထင်ပြီးတော့ အလေးပြု နေကြတယ်၊အဲဒီလို အလေးပြုပြီး မှီဝဲကြတဲ့ သူတွေမှာတော့ အင်္ဂတိ မင်းကြီး လိုဘဲ ကုသိုလ်မင်္ဂလာတွေ ဆုံးရှုံးပြီးတော့ နစ်နာသွားမယ်ဆိုတာ သေချာ ပြီးတော့ နေပါတယ်။

အဲဒီလို အင်္ဂတိ မင်းကြီး မိစ္ဆာအယူကိုယူပြီး ကုသိုလ်ရေးတွေကို ဖြတ် လိုက်တယ်၊ လောကီအာရုံတွေနဲ့သာ ခံစားပျော်မွေ့နေတယ် ဆိုတာကို သမီး တော် ရုစာက ကြားပြီးတော့ သွားလို့ ဘခင် မင်းကြီးကို မိစ္ဆာအယူမှ ချွတ် ချွတ် ဟောပြောပုံတွေ မှတ်သားဖွယ်ကောင်းတဲ့ အချက်အလက်တွေ တော် တော်များများဘဲ ကျန်ပါသေးတယ်၊ အဲဒါတွေကို နောက်နေ့မှဘဲ ပြောဘို့ရာ အချိန်ရပါ့မယ်၊ ဒါကြောင့် ဒီကနေ့ စီစစ်ချက်းမှာ ဒီတွင်ဘဲ ရပ်တဲ့ပြီး ကျန်ရှိသော အပိုင်းများကို နက်ဖြန်ခါကျမှ စီစစ်လျှောက်ထားပါတော့မယ် ဘုရား။

## သမီးတော် ရုစာဒေဝီ

ယခန်နေ့က လျှောက်ထားခဲ့ဘဲ့ အဆက်ကဘဲ ဆက်သက်ပြီး လျှောက် ထား ပြောကြားသွားပါမယ်ဘုရား။

မနေ့ကပြောခဲ့တဲ့အတိုင်း သမီးတော် ရုစာ မင်းသမီးမှာ ဘခင် အင်္ဂတိ မင်းကြီး မိစ္ဆာအယူကို ယူပြီးတော့ တိုင်းရေး ပြည်ရေး ကုသိုလ်ရေးတွေကို ပယ်ရှားပြီး ကာမဂုဏ် အာရုံတွေကိုသာ ခံစားနေတယ်ဆိုတဲ့ အကြောင်းကို ကြားသိရတဲ့အခါမှာ ညည်းညူမှုပါတယ်၊ ကုသိုလ်တရားဆိုလျှင် လုံးဝ မရှိဘဲ ဟိရီဩတ္တပ္ပကင်းမဲ့လှဘဲ့ ဒီကိုယ်တုံးလုံး တက္ကဒ္ဒန်းကြီးကိုမှ ဘခင် မင်း ကြီးက ဘာကြောင့် ပြဿနာမေးရပါလိမ့်မလဲ၊ တကယ်ဆိုလျှင် တရားကျင့်သုံး ပြီး နေကြတဲ့ ကမ္မဝါဒီ ရဟန်းသူမြတ်တွေ အများကြီး ရှိနေတာဘဲ၊ ဒီလို ပုဂ္ဂိုလ်တွေကိုသာ မေးမယ်ဆိုလျှင် မေးစရာကောင်းပါတယ်လို့ ဒီလိုညည်းညူ ပြီးတော့ ဆက်လက်ပြီး စဉ်းစားပြန်ပါတယ်။

ငါ့ဘခင် မင်းကြီးကို မိစ္ဆာအယူစွန့်ပြီး သမ္မာဒိဋ္ဌိအယူမှန်၌ ပြန်တည်အောင် ငါမှတပါး ဘသူမှ တတ်နိုင်မှာ မဟုတ်ဘူးလို့လဲ စဉ်းစားပြန်ပါတယ်။

စဉ်းစားလဲ စဉ်းစားထိုက်ပါပေတယ်၊ အကြောင်းကတော့ မင်းကြီးရဲ့ စွဲလမ်းထားတဲ့ မိစ္ဆာအယူဟာ ရှေးဘဝကို ပြန်လည်အောက်မေ့နိုင်တဲ့ အလာတနှင့် ဗီဇကဘိရဲ့ ကိုယ်တွေ့သက်သေသာဓကများ အပေါ်မှာ မှီငြမ်းပြုပြီးတော့ စွဲလမ်းထားတဲ့ အယူဖြစ်ပါတယ်။

အဲဒီ အယူများကို စွန့်အောင် ပြောဟောမည့်သူမှာ အလာတနှင့် ဗီဇကတို့ထက် သာပြီး ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ပြောနိုင်တဲ့ ကိုယ်တွေ့သက်သေသာဓကတွေရှိနေဘို့က လိုနေပါတယ်၊ ရုစာ မင်းသမီးမှာတော့ မိမိရဲ့ အဖြစ်အပျက်များကို တဆယ့်လေးဘဝတိုင်တိုင် သိနေတဲ့အတွက် အဲဒီတဆယ့်လေးဘဝအတွင်းမှာ ကုသိုလ် အကုသိုလ် အကျိုးပေးပုံများကို ထင်ရှားပြစရာတွေ အများကြီးရှိနေပါတယ်။

ဒါကြောင့် သူမှတပါး ဘသူမှ မတတ်နိုင်ဘူးလို့ စဉ်းစား ဆင်ခြင်ခြင်းဖြစ်ပါတယ်။

ဒီလို စဉ်းစားပြီးတော့ ချက်ခြင်းသွားပြီး ပြောဟောမယ်ဆိုလျှင် လိုက်နာနိုင်ပုံ မရတာနှင့် အခါတိုင်း သွားနေကျ နေ့ရက်တိုင်အောင် မသိချင်ယောင်ဆောင်ပြီး တဆယ့်လေးရက်ပတ်လုံး ဆိုင်းငံ့ပြီးတော့ နေခဲ့ရပါတယ်၊ အချိန်ကျရောက်ဘဲ့အခါ ရုစာမင်းသမီးဟာ နောက်ပါ သတို့သမီး အခြွေအရံများနှင့် တကွ ဘခင်ရဲ့ နန်းတော်ကြီးကို ဝင်ရောက်သွားပါတယ်။

မင်းကြီးက "ချစ်သမီး....အစစ အရာရာ ပြည့်စုံပါရဲ့လား၊ ဘာများလိုနေပါသေးသလဲ" စသည်ဖြင့် ပဋိသန္ထာရစကား ပြောကြားတဲ့အခါမှာ သမီးတော် ရုစာကလဲ အသုံးစုံ ပြည့်စုံနေတဲ့ အကြောင်း ပြန်ကြားပြီးတော့ နက်ဖြန်ခါမှာ လကွယ် ၁၅-ရက်နေ့ ဖြစ်တဲ့အတွက် အလှူဒါနပြုရန် ခါတိုင်းပေးနေကျဖြစ်တဲ့ ငွေတထောင်ကို ပေးဘို့ တောင်းလိုက်ပါတယ်။

ဒီတော့ အင်္ဂတိ မင်းကြီးက ပြန်ပြောတယ်၊ ချစ်သမီး....သင် ချစ်သမီးရှေးရှေးက ပေးကမ်း လှူဒါန်းလာခဲ့တဲ့ အဘွက် ပစ္စည်းဥစ္စာတွေ အများကြီးဆုံးရှုံးပျက်စီးခဲ့ပြီ၊ ဘာမျှ အကျိုးမရှိပါဘူး၊ ချစ်သမီး....ဥပုသ်စောင့်တဲ့အတွက်လဲ နေ့လွဲညစာ မစားရရုံ ရှိတာပါဘဲ၊ ဒီလို မစားဘဲနေရခြင်းဟာလဲ

ကိန်းသေပိုင်းခြားထားတဲ့ နိယတိ သဘောတရားကြောင့်ဘဲ ဖြစ်ပါတယ်၊ မစားဘဲနေရတဲ့အတွက် ကောင်းမှုလည်း မဖြစ်ပါဘူး ချစ်သမီး၊ ဒါကြောင့် သမီးတော်မှာ စားချင်ရှာပါလျက်နှင့် မစားဘဲရှောင်ကြဉ်ပြီးနေရခြင်းများကို တော့ မပြုပါနှင့် ချစ်သမီး....စသည်ဖြင့် ဗီဇက ဥပုသ်သည် ငိုကြွေးပုံကိုပါ သက်သေထူပြီးတော့ ကုသိုလ်ကောင်းမှု မပြုရန် တားမြစ် ပိတ်ပင်စကားကို မင်းကြီးက ပြောကြားနေပါတယ်။

ဒီတော့ ရုစာ မင်းသမီးက သူ့ဘခင်ကို ဒီလို ပြောပြပါတယ်၊ ဘခင် မင်းမြတ်....လူမိုက်နှင့် ပေါင်းလျှင် လူမိုက် ဖြစ်တယ်ဆိုတာ ဟိုရှေးကတော့ ကြားရုံသာ ကြားဘူးပါတယ်၊ အခုမှဘဲ မျက်မြင်တွေ့ရပါတယ်၊ မသိမလိမ္မာ တဲ့ လူဟာ မသိမလိမ္မာတဲ့လူကို အားကိုးမှီလို့ရှိလျှင် သာပြီးတော့ မသိ မလိမ္မာတဲ့လူ ဖြစ်ဖြစ်ပြီးတော့ သွားတတ်ပါတယ်၊ ပင်ကိုယ်ကဘဲ ပညာ အရည်အချင်း မရှိရှာကြတဲ့ အလာတနှင့် ဗီဇကတို့ဟာ ဂုဏ တက္ကဒွန်းကြီးရဲ့ စကားကြောင့် မိုက်မဲတွေဝေသွားကြတယ် ဆိုတာကတော့ သင့်တော်ပါသေး တယ်၊ လူကြား သူကြားလိ ကောင်းပါသေးတယ်၊ ဘခင် မင်းမြတ်မှာတော့ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ပါလျက် မိုက်မဲတဲ့ ဟိုလူတွေနှင့် တန်းတူဘဲ ယုတ်ညံ့တဲ့ မိစ္ဆာအယူကို ဘာကြောင့် ယူသင့်ပါ့မလဲ၊ မယူသင့် ပါဘူး ဘခင် မင်းမြတ်....စသည်ဖြင့် အခြေခံတည်ပြီးတော့ ဆက်လက်ဟော ကြားသွားပြန်ပါတယ်။

ဘခင် မင်းမြတ်....သီလရှိသူ သူတော်ကောင်းကို မှီဝဲလျှင် သီလရှိသူ သူတော်ကောင်း ဖြစ်တတ်ပါတယ်၊ သီလမဲ့သူ သူယုတ်မာကို မှီဝဲလို့ရှိလျှင် တော့ သီလမဲ့သူ သူယုတ်မာဘဲ ဖြစ်တတ်ပါတယ်၊ ဘခင် မင်းမြတ်....ဥပမာ အားဖြင့် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်လျှင် သမန်းမြက်လဲ အပုပ်နံ့ထွက် သကဲ့သို့ လူမိုက်ကို မှီဝဲခြင်းဟာ ဤနည်းအတူဘဲ ဖြစ်တတ်ပါတယ်။

ဘခင် မင်းမြတ်....တောင်ဇလပ်ပန်း စပယ်ပန်း စသည်ကို ပေါက်ဖက်ဖြင့် ထုပ်လျှင် ပေါက်ဖက်လဲ မွှေးကြိုင်ဘိသကဲ့သို့ ပညာရှိကို မှီဝဲခြင်းဟာလဲ ဤ နည်းတူဘဲ ဖြစ်တတ်ပါတယ်။

ဒါကြောင့် သူယုတ်မာ ဆိုတာ မမှီဝဲသင့်ပါ၊ သူတော်ကောင်းကိုသာ လျှင် မှီဝဲသင့်ပါတယ်၊ သူယုတ်မာတို့က မှီဝဲလာတဲ့သူကို အပါယ်ငရဲသို့ ရောက်

စေတတ်ပါတယ်၊ သူတော်ကောင်းများကတော့ သုဂတိ ဘဝကောင်းသို့ ရောက်စေတတ်ပါတယ်။

## အတိတ်က အကြောင်း

အဲဒီလို လူပေါင်း မမှားဘို့ အရေးကြီးကြောင်း ဟောပြပြီးတော့ ရုစာ မင်းသမီးက သူကိုယ်တိုင်လဲ ရှေးက လူပေါင်းမှားခဲ့လို့ ဒုက္ခရောက်ခဲ့ရပုံတွေကို သက်သေသာဓက အဖြစ် တင်ပြပြန်ပါတယ်။

တင်ပြပုံကတော့ ရုစာ မင်းသမီးဟာ ရှေးခုနစ်ဘဝ, နောက်ခုနစ်ဘဝ တဆယ့်နှင့် လေးဘဝကို အောက်မေ့နိုင်ပါသတဲ့၊ ရှေးခုနစ်ဘဝထည်းမှာ အစ ဆုံး ဘဝက မဂဓတိုင်း ရာဇဂြိုဟ်ပြည်မှာ ပန်းထိမ်သည်ရဲ့သား ဖြစ်ခဲ့ပါတယ်၊ အဲဒီတုန်းက သူယုတ်မာနှင့် ပေါင်းသင်းမိတဲ့အတွက် များစွာသော မကောင်း မှုတွေကိုလဲ ပြုမိခဲ့ပါတယ်တဲ့၊ သူတပါးမယားကို ပြစ်မှားတဲ့ ကာမေသုမိစ္ဆာ စာရကံကိုလဲ ကျူးလွန်မိခဲ့ပါတယ်တဲ့။

ဒါပေမဲ့ အဲဒီဘဝက သေတဲ့အခါမှာ အဲဒီ ကာမေသုမိစ္ဆာစာရကံက မီးခဲများ ပြာဖုံးနေတာလို အကျိုးမပေးသေးဘဲ ရှိနေခဲ့ပါတယ်၊ တခြား ကုသိုလ်က ဝင်ပြီးတော့ အကျိုးပေးတဲ့အတွက် ကောသမ္ဗီပြည်၌ သူဌေးမျိုး မှာ ဖြစ်ခဲ့ရပါတယ်၊ အဲဒီ (ဒုတိယ)သူဌေးဘဝမှာတော့ သူတော်ကောင်းနှင့် ပေါင်းသင်းမိတဲ့အတွက် ဥပုသ်သီတင်း သီလ စောင့်သုံးခြင်း အစရှိတဲ့ ကုသိုလ် ကောင်းမှုတွေကို ပြုစုခဲ့ပါတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုတွေကလဲ မီးခဲပြာဖုံး ဖြစ်ပြီး အဲဒီတုန်းက အကျိုးမပေးသေးဘဲ ရှိနေခဲ့ပြန်ပါတယ်၊ ယခင် ပဌမ ဘဝက ကျူးလွန်ခဲ့တဲ့ ကာမေသုမိစ္ဆာစာရကံ က အခွင့်ရပြီး အကျိုးပေးပါ တယ်၊ အဲဒါကြောင့် တတိယဘဝမှာ ရောရုဝ ဆိုတဲ့ ငရဲကြီးမှာ ကျရောက်ပြီး နှစ်ပေါင်းများစွာ ငရဲမီးဖြင့် ကျက်ခဲ့ရပါတယ်။

အဲဒီ ငရဲဘဝက လွတ်လာပြန်တော့လဲ ကာမေသုမိစ္ဆာစာရကံကြောင့် စတုတ္ထဘဝမှာ ဆိတ်ဖြစ်ရပါတယ်၊ ဆိတ်ထီး အင်္ဂါဗီဇကို ထုတ်ပစ်ခြင်း သင်း ကပ်ခြင်းကို ခံရပြန်ပါတယ်။

အဲဒီဘဝက သေပြန်တော့ မျောက်ဖြစ်ရပြန်ပါတယ်၊ အဲဒီ ပဥ္စမဘဝ မှာလဲ မျောက်မင်းကြီးက ဗီဇကို သွားနှင့်ကိုက်ပြီး သင်းကွပ်ပစ်ခြင်း ခံရပြန် ပါတယ်။

အဲဒီကသေတော့ ဆဋ္ဌ-ခြောက်ခုမြောက်ဘဝမှာ နွားဖြစ်ပြီး သင်းကွပ်ခြင်း ခံရပြန်ပါတယ်။

အဲဒီကသေပြီး သတ္တမ ဘဝမှာတော့ ဝဇ္ဇီတိုင်းမှာ လူဖြစ်လာပါတယ်၊ ဒါပေမဲ့ ယောကျ်ားလဲမဟုတ် မိန်းမလဲမဟုတ် နပုန်းပဏ္ဍုက်ကြီး ဖြစ်ရပါတယ် တဲ့။

အခုပြောခဲ့တဲ့ ငရဲကျရတာ,ဆိတ်ဖြစ်,မျောက်ဖြစ်,နွားဖြစ်ပြီး,သင်းကွပ်ခံရတာ,နပုန်းပဏ္ဍုက် ဖြစ်ရတာ ဒါတွေအားလုံးဟာ ကာမေသု မိစ္ဆာစာရကံရဲ့ အကျိုးဆက်တွေချည်းပါဘဲ။

အဲဒီ နပုန်းပဏ္ဍုက် ဘဝက သေတဲ့အခါမှာတော့ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ရပါတယ်တဲ့၊ ဒါပေမဲ့ မူလက ယောကျ်ားဘဝမျိုးတော့ မဟုတ်သေးဘူး၊ကာမေသုမိစ္ဆာစာရကံက ဥပပီဠကကံ အဖြစ်နှင့် ဝင်ပြီး နှိပ်စက်လိုက်လို့ နတ်မိန်းမဘဝရောက်ပြီး နန္ဒဝန်ဥယျာဉ်မှာ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်သမီး ဖြစ်နေရပါတယ်တဲ့။

အဲဒီဘဝတုန်းက ရှေးဘဝဟောင်းတွေကို ပြန်ပြီး ကြည့်လိုက်တဲ့အခါမှာ အခုနက ပြောခဲ့တဲ့ ခုနစ်ဘဝ အစဉ်အတိုင်း ဖြစ်လာခဲ့တာတွေကို တွေ့မြင်ရပါတယ်၊ နောင်ဖြစ်ရမည့် ဘဝတွေကို မျှော်ကြည့်လိုက်ပြန်တော့လဲ ဒုတိယ တတိယ စတုတ္ထ ဘဝတွေမှာလဲ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်မိန်းမ နတ်သမီးဘဲ ထပ်ကာ ထပ်ကာ ဖြစ်သွားရမည်ဆိုတာကို မြင်ရပြန်ပါတယ်။

ငါးခုမြောက်ဘဝမှာ နတ်ပြည်တွင်ဘဲ ဇဝဆိုတဲ့ နတ်သားရဲ့ အဂ္ဂမဟေသီ နတ်မိဖုရားကြီး ဖြစ်ရမည်ဆိုတာကို တွေ့မြင်ရပါတယ်။

ခြောက်ခုမြောက်ဘဝမှာတော့ လူ့ပြည်မှာ အင်္ဂတိ မင်းကြီးရဲ့ သမီးတော် ရုစာဆိုတဲ့ ယခုပြောပြနေတဲ့ မင်းသမီးဘဝ ဖြစ်ရမယ် ဆိုတာကို တွေ့မြင်ရပါတယ်။

အဲဒီ ရုစာဘဝက သေတဲ့ အခါကာလကျတော့ တာဝတိံသာ နတ်ပြည်မှာ တန်ခိုးကြီးမားတဲ့ နတ်သားကြီး ဖြစ်ရမယ်၊ မိန်းမအဖြစ်က လွတ်ရပေတော့မည် ဆိုတဲ့ အကြောင်းကို တွေ့မြင်ရပါသတဲ့။

အဲဒီတုန်းက မြင်ခဲ့တဲ့ ရှေးခုနစ်ဘဝ နောက်ခုနစ်ဘဝတွေကို ယခု လူ့အဖြစ် ရုစာဘဝရောက်နေတဲ့ အခါမှာလဲ သူ့မှာ အကုန်လုံး မှတ်မိပြီးတော့

နေပါတယ်၊ မှတ်မိနေတဲ့အတိုင်း သူ့ကိုယ်တိုင် ဖြစ်ခဲ့ရပုံ ကိုယ်တွေ့များကို ဘခင် မင်းကြီးအား ဖော်ပြပါတယ်။

ဆိုလိုတာကတော့ အလာတနှင့် ဗီဇကတို့ဟာ တဘဝထည်းက ဖြစ်ပုံကိုသာ သိကြပါတယ်၊ အဲဒီ အလျင်ဘဝက ကောင်းမှု မကောင်းမှုတွေကို ဘယ်လိုပြုခဲ့ကြတယ်ဆိုတာ သူတိမသိကြပါဘူး၊ စစ်သူကြီး ဖြစ်စေနိုင်တဲ့ ကောင်းမှု ကျွန်ဖြစ်စေနိုင်တဲ့ မကောင်းမှုကို သူတို့ပြုခဲ့လို့ဘဲ ယခုဘဝမှာ သူတို့ စစ်သူကြီးဖြစ် ကျွန်ဖြစ်ပြီးနေကြတယ်လို့ ဒီလိုသာ ယုံကြည်သင့်ပါတယ်လို့ ဆိုလိုပါတယ်။

အဲဒီ သူ့ဖြစ်စဉ်ကို ပြောပြီးတော့ ရုစာ မင်းသမီးက ဆက်လက်ပြီး တရားဟောပြန်ပါတယ်။

အဇ္ဇာပိ သန္တာနမယံ၊ မာလံ ဂန္ထေန္တိ နန္ဒနေ။
ဒေဝပုတ္တော ဇဝေါ နာမ၊ ယော မေ မာလံ ပဋိစ္ဆတိ။

တာတ၊ ဘခင်မင်းမြတ်....။ နန္ဒနေ၊ နန္ဒဝန်ဥယျာဉ်၌။ သန္တာနမယံ၊ တဖက်နှင့်ညာဆိုင် စသည် အစဉ်ရှိသော။ မာလံ၊ ပန်းကုံးကို။ မမတ္ထာယ၊ အကျွန်ုပ်၏အကျိုးငှါ။ အဇ္ဇာပိ၊ ယနေ့တိုင်အောင်လည်း။ ဒေဝစ္ဆရာ၊ နတ်သမီးတို့သည်။ ဂန္ထေန္တိ၊ ကုံးလုပ်ကုန်ကြမည် ဟု ထင်ပါ၏။ မေ၊ အကျွန်ုပ်၏။ သာမိကော၊ ခင်ပွန်းဖြစ်သော။ ဇဝေါနာမ၊ ဇဝ အမည်ရှိသော။ ယောဒေဝပုတ္တော၊ အကြင် နတ်သားသည်။ အတ္ထိ၊ ရှိပါ၏။ သောဒေဝပုတ္တော၊ ထိုနတ်သားသည်။ မာလံ၊ ပန်းပင်ပေါ်မှ ကြွေကျသော ပန်းများကို။ ပဋိစ္ဆတိ၊ ကောက်လျက် ခံယူလုပ်နေမည် ထင်ပါ၏။

ရုစာ မင်းသမီးဟာ ရှေးဘဝက ဇဝနတ်သားရဲ့ မိဖုယားကြီးဖြစ်ပြီး အဲဒီဘဝက ဒီလူ့ဘဝကို လာခဲ့ပါတယ်၊ အဲဒီလူ့ဘဝမှာ သူဟာ ဆယ့်ခြောက်နှစ်သမီးဘဲ ရှိပါသေးတယ်။ လူ့ပြည်က ဆယ့်ခြောက်နှစ်ဆိုတာဟာ နတ်ပြည်က နေ့ရက်နှင့် တွက်လျှင် ဘာမျှ မကြာပါဘူး၊ ရှေ့နားကျတော့ ဒီမှာ ဆက်ပြီး ပြောသွားပါလိမ့်မည်၊ နာရီနှင့် တွက်မည်ဆိုလျှင် လူ့ပြည်မှာ တနေ့နှင့် တညမှာ နှစ်ဆယ့်လေးနာရီရှိတာမို့ နတ်ပြည်က တရက်ကိုလဲ နှစ်ဆယ့်လေးနာရီ ထားပြီး တွက်ရလိမ့်မည်၊ ဒီလိုတွက်မည်ဆိုလျှင် လူ့ပြည်က အနှစ်

တရာမှ[၁] နတ်ပြည်မှာ (၂၄)နာရီ တရက်ရှိတော့ကာ ဒီလူ့ပြည်က တဆယ့်ခြောက်နှစ်လောက်ဟာ နတ်ပြည်က နာရီနဲ့ ၃-နာရီနှင့် မိနစ် ၅၀-ကျော်လောက်သာ ရှိပါသေးတယ်။ လေးနာရီလောက်တောင်မှ မကြာသေးပါဘူး။

အဲဒီလို မကြာသေးတော့ သူစုတေလာတာကို အပေါင်းအဖော် နတ်သမီးတွေက သိကြမှာလဲ မဟုတ်ဘူးတဲ့၊ သူ့အတွက် ပန်းတွေလဲ ကုံးမြဲတိုင်းကုံးနေကြတုန်း ရှိဦးမှာဘဲတဲ့၊ သူချွေပေးတဲ့ ပန်းတွေကို သူ့ခင်ပွန်း နတ်သားကြီးက ကောက်နေတုန်းမှာဘဲ သူက စုတေလာခဲ့တယ်၊ ဒါကြောင့် သူ့ခင်ပွန်းဖြစ်တဲ့ နတ်သား ကြီးဟာလဲ ပန်းပင်အောက်မှာ သူချွေချခဲ့တဲ့ ပန်းတွေကိုကောက်နေတုန်း ရှိဦးမှာဘဲတဲ့၊ အဲဒါဟာ သူစုတေလာတာမကြာသေးဘူးဆိုတာကို ဆင်ခြင်ပြီး သတိတရားရဘို့ရာ ဖော်ပြတဲ့ စကားပါဘဲ။

မုဟုတ္တောဝိယ သော ဒိဗ္ဗော၊ ဣဓ ဝဿာနိ သောဠသ။
ရတ္တိန္ဒိဝေါ စ သော ဒိဗ္ဗော၊ မာနုသိံ သရဒေါ သတံ။

တာတ၊ ဘခင်မင်းမြတ်။ ဣဓဝဿာနိသောဠသ၊ ဤလူ့ပြည်၌ အကျွန်ုပ်၏ အသက်အတိုင်းအရှည် တဆယ့်ခြောက်နှစ်တို့သည်။သန္တိ၊ ရှိပါကုန်၏။ သော၊ ထိုဘဆယ့်ခြောက်နှစ် အတိုင်းအရှည်ရှိသော လူ့ပြည်ကကာလသည်။ ဒိဗ္ဗော၊ နတ်၌ ဖြစ်သော။ မုဟုတ္တောဝိယ၊ တမဟုတ်တခဏမျှကဲ့သိသာတည်း။မာနုသိံ၊ လူ၌ဖြစ်သော။ သရဒေါသတံ၊ အနှစ်တရာ ကာလသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုလူ၌ဖြစ်သော အနှစ်တရာ ကာလသည်။ ဒိဗ္ဗော၊ နတ်၌ ဖြစ်သော။ ရတ္တိန္ဒိဝေါ၊ တနေ့တညဉ့်မျှသာတည်း။

လူ့ပြည်က အနှစ်တရာမှ နတ်ပြည်က တနေ့နှင့် တညဉ့် ရှိပါတယ်တဲ့၊ ဒါကြောင့် သူ့အသက် ဆယ့်ခြောက်နှစ်ဟာ ဘာမျှ မကြာသေးပါဘူးတဲ့၊ နတ်ပြည်က တွက်လျှင် ခဏကလေးရှိပါသေးတယ်တဲ့။

ဣတိ ကမ္မာနိ အန္ဝေန္တိ၊ အသင်္ချေယျာပိ ဇာတိယော။
ကလျာဏံ ယဒိ ဝါ ပါပံ၊ န ဟိ ကမ္မံ ဝိနဿတိ။

တာတ၊ ဘခင် မင်းမြတ်။ ဣတိ၊ ဤရှေးက ပြောခဲ့ပြီးသော တဆယ့်လေးဘဝတိုင်တိုင် အကျိုးပေးပုံ အစဉ်ဖြင့်။ ကမ္မာနိ၊ ကိုယ်တိုင်ပြုခဲ့သော

[၁]။ တာဝတိံသာနတ်ပြည်နှင့်စံပြုထားသည်။

ကောင်းမှု မကောင်းမှု ကံတို့သည်။ အသခေ်ယျာပိ ဇာတိယော၊ ဘဝ အသချေ် တိုင်အောင်လည်း။ အနွေန္တိ၊ အစဉ်လိုက်၍ အကျိုးပေးတတ်ပါ ကုန်၏။ ကလျာဏံ၊ ကောင်းသော။ ကမ္မံ၊ အပရာပရိယကံသည်ရင်း။ ယဒိ၊ သို့မဟုတ်။ ပါပံ၊ ယုတ်မာသော မကောင်းသော။ ကမ္မံ၊ အပရာပရိယကံ သည်ရင်း။ န ဝိနဿတိ၊ အကျိုးမပေးဘဲပျက်စီးသွားသည်ဟူ၍ မရှိပါ။

မိမိပြုလုပ်ထားတဲ့ ကုသိုလ်ကံဘဲ ဖြစ်ဖြစ် အကုသိုလ်ကံဘဲ ဖြစ်ဖြစ် မျက်မှောက်ဘဝမှာ အကျိုးပေးတတ်တဲ့ ပဌမဇော စေတနာတွေက မျက်မှောက် ဘဝမှာဘဲ အကျိုးပေးတယ်၊ ဒုတိယဘဝမှာ အကျိုးပေးတတ်တဲ့ သတ္တမဇော စေတနာတွေက ဒုတိယဘဝမှာ ဥပပဇ္ဇဝေဒနီယကံ အဖြစ်နဲ့ အကျိုးပေးတယ်၊ အလယ်ဇော ငါးချက် အပရာပရိယကံတွေက တတိယ ဘဝကစပြီး အကျိုးပေးခွင့်ရတဲ့အခါမှာ အကျိုးပေးနေပါတယ်၊ သူကတော့ နိဗ္ဗာန်ရတဲ့ဘဝတိုင်အောင် ဒီအတွင်းမှာ အခွင့်ရတဲ့အခါတိုင်း အကျိုးပေး နေပါတယ်၊ ဒီကံတွေဟာ အကျိုးမပေးဘဲနှင့် ဘယ်တော့မှ အလိုလို ပျောက် သွားတယ်လို့ မရှိပါဘူးလို့ ဒါလိုဖော်ပြပါတယ်။

## ယောကျ်ားဘဝ လိုချင်လျှင်

အဲဒီ သူ့ဖြစ်စဉ်တွေထဲမှာ ယောကျ်ားဘဝက လျော့ကျပြီး မိန်းမ ဖြစ်လာရပုံလဲ ပါတယ်၊ အဲဒါကို ဆင်ခြင်ကြည့်လျှင် ယောကျ်ားများလဲ ယောကျ်ားဘဝချည်း အမြဲတမ်း တည်နေနိုင်တာ မဟုတ်ဘူးဆိုတာ ထင်ရှား နေပါတယ်၊ **အဲဒါကြောင့် ယောကျ်ားဘဝချည်းဘဲ တည်နေချင်လို့ရှိလျှင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ကျင့်စဉ်**လမ်းကလေးကိုလဲ သူက ဖော်ပြထားပါတယ်။

ယော ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ။
ပရဒါရံ ဝိဝဇ္ဇေယျ၊ ဓောတပါဒေါဝ ကဒ္ဒမံ။

ယော၊ အကြင် တဦးတယောက်သော ယောကျ်ားသည်။ ဇာတိ ဇာတိ၊ ဖြစ်တိုင်း ဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ပုရိ- သောဟောတုံ၊ ယောကျ်ား ဖြစ်ခြင်းငှါ။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ ဓောတပါဒေါ၊ ခြေဆေးပြီးသော ပုဂ္ဂိုလ်သည်။ ကဒ္ဒမံ၊ ရွှံ့ညွန်ကို။ ဝိဝဇ္ဇေယျဣဝ၊ ကြဉ်ရှောင်ရာ သကဲ့သို့။ သော၊ ထိုဘဝတိုင်း ဘဝ

တိုင်း ယောကျ်ားစင်စစ် ဖြစ်လိုသော ပုဂ္ဂိုလ်သည်။ ပရဒါရံ၊ သူတပါး၏မယားကို။ ဝိဝဇ္ဇေယျ၊ ကြဉ်ရှောင်ရာ၏။

အဲဒါကတော့ အနက် အဓိပ္ပါယ် ထင်ရှားနေပါပြီ၊ ပြီးတော့ မိန်းမ ဖြစ်နေတဲ့သူမှာလဲ အဲဒီမိန်းမဘဝမှ ပြောင်းလဲပြီး ယောကျ်ားဘဝ ဖြစ်ချင်လျှင် ဘယ်လို လုပ်ရတယ် ဆိုတဲ့ ကျင့်ဝတ်ကလေးကိုလဲ သူက ဖော်ပြထားပါတယ်။

ယာ ဣစ္ဆေ ပုရိသော ဟောတုံ၊ ဇာတိ ဇာတိ ပုနပ္ပုနံ။
သာမိကံ အပစာယေယျ၊ ဣန္ဒံဝ ပရိစာရိကာ။

ယာ၊ အကြင်တဦးတယောက်သော မိန်းမသည်။ ဇာတိ ဇာတိ၊ ဖြစ်တိုင်း ဖြစ်တိုင်း။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ပုရိသောဟောတုံ၊ ယောကျ်ား ဖြစ်ခြင်းငှါ။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ သာ၊ ထိုမိန်းမသည်။ ဣန္ဒံ၊ သိကြားမင်းကို။ ပရိစာရိကာ၊ အလုပ်အကျွေး ဖြစ်သော နတ်သမီးသည်။ အပစာယေယျဣဝ၊ ရိုရိုသေသေ ပြုစုရသကဲ့သို့။ ဧဝံ၊ ဤအတူ။ သာမိကံ၊ ခင်ပွန်းဖြစ်သော ပုဂ္ဂိုလ်ကို။ အပစာယေယျ၊ ရိုရိုသေသေ ပြုစုရာ၏။

ဒါက ခင်ပွန်းလက်ရှိဖြစ်တဲ့ အိမ်ရှင်မ အမျိုးသမီးများမှာ ယောကျ်ား အဖြစ် ရနိုင်တဲ့ နည်းလမ်းကို ညွှန်ပြတဲ့ စကား ဖြစ်ပါတယ်၊ ဒီပြင်တခြား နည်းလမ်းများလဲ ရှိပါသေးတယ်၊ ဒီမှာတော့ ဖော်ပြပြီး မထားပါဘူး၊ သက္ကပဉှသုတ်မှာ **ဂေါပိကာ** ဆိုတဲ့ အမျိုးသမီးတယောက်ဟာ မိန်းမဘဝကို ရွံမုန်းစက်ဆုပ်ပြီးတော့ ဒါန သီလ အစရှိတဲ့ ကုသိုလ်ကောင်းမှုတွေပြုလို့ လူ့ဘဝက စုတေတဲ့ အခါမှာ တာဝတိံသာ နတ်ပြည်ရောက်ပြီး သိကြားမင်းရဲ့သားတော် **ဂေါပက**ဆိုတဲ့ နတ်သားဖြစ်နေတဲ့ အကြောင်း လာရှိပါတယ်။

## မိန်းမဘဝ

အဲဒီမှာ ဣတ္ထိတ္တံ ဝိရာဇေတွာ-မိန်းမဘဝကို ရွံမုန်းစက်ဆုပ်ပြီးတော့ ကျင့်သုံးတယ် ဆိုရာမှာ ရွံမုန်းစက်ဆုပ်ဖွယ်ကို ဒီလို ဆင်ခြင်ကြည့်သင့်ပါတယ်၊ ယခု လောကမှာ အားလုံး လူမျိုးတိုင်း လူမျိုးတိုင်းမှာဘဲ မိန်းမများကို ယောကျ်ားများလောက် ရိုသေလေးမြတ်ခြင်းမရှိကြဘူး၊ တချို့အခွင့်အရေး

တွေမှာ မိန်းမများကို နှိမ်နင်းပိတ်ပင်ထားတာတွေလဲ အများကြီးဘဲ ရှိပါတယ်၊ ဒါဟာ လူ့လောကတွင်သာ မဟုတ်ဘူး၊ ဒီပြင်လောကတွေမှာလဲ ဒီလိုချည်းပါဘဲ၊ တိရစ္ဆာန်လောကတွေ ကြည့်လိုက်လျှင်လဲ ဒီအတိုင်း တွေ့ရတာပါဘဲ။

အဘူးအားဖြင့် ဆိုလို့ရှိလျှင် မိန်းမဘဝနှင့် စကြဝတေးမင်းလဲ မဖြစ်နိုင်ဘူးတဲ့၊ သိကြားမင်းလဲ မဖြစ်နိုင်ဘူးတဲ့၊ ဗြဟ္မာမင်းကြီးလဲ မဖြစ်နိုင်ဘူးတဲ့၊ ပစ္စေကဗုဒ္ဓါလဲ မဖြစ်နိုင်ဘူးတဲ့၊ သမ္မာသမ္ဗုဒ္ဓ ဘုရားလဲ မဖြစ်နိုင်ဘူးတဲ့၊ ယောကျ်ားဘဝနှင့် ဆိုလျှင်တော့ ကုသိုလ် ပါရမီ ပြည့်စုံလျှင် အဲဒီ အဖြစ်မျိုးတွေ အကုန်လုံး ဖြစ်နိုင်တယ်တဲ့၊ ဒီတော့ကာ မိန်းမဘဝဟာဖြင့် ယုတ်ညံ့တာဘဲလို့ ဒီလို မိန်းမဘဝကို ရှုံမုန်းစက်ဆုပ်ပြီးတော့ ယောကျ်ားအဖြစ်နှင့် ဖြစ်ရအောင်လို ရည်ရွယ်ပြီးတော့ ဒါန သီလ အစရှိသော ကုသိုလ်ကောင်းမှုတွေ ပြုလို့ရှိလျှင် အဲဒီ သက္ကာယဥ္စသုတ်မှာလာတဲ့ ဂေါပကနတ်သားကဲ့သို့ဘဲ နောက်ဘဝမှာ ယောကျ်ားအဖြစ်ကို ရသွားနိုင်တယ်ဆိုတာလဲ ဒီနေရာမှာ မှတ်သားဘို့အချက်တခုပါဘဲ။

ယော ဣစ္ဆေ ဒိဗ္ဗဘောဂံ စ၊ ဒိဗ္ဗမာယုံ ယသံ သုခံ။
ပါပါနိ ပရိဝဇ္ဇေတွာ၊ တိဝိဓံ ဓမ္မမာစရေ။

ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ဒိဗ္ဗံ၊ နတ်၌ ဖြစ်သော။ ဘောဂံစ၊ စည်းစိမ်ကိုငင်း။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ အာယုံ စ၊ အသက်ရှည်ခြင်းကိုငင်း။ ယသံ စ၊ အခြွေအရံ အကျော်အစောကိုငင်း။ သုခံစ၊ ချမ်းသာကိုငင်း။ ဣစ္ဆေ၊ အလိုရှိငြားအံ့။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇေယျ၊ ကြဉ်ရှောင်ရာ၏။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဓမ္မံ၊ သုစရိုက်တရားကို။ အာစရေ၊ ကျင့်သုံးရာ၏။

ဒါကတော့ နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာတွေ နတ်၌ဖြစ်သော အသက်ရှည်ခြင်းနှင့် နတ်ပြည်မှာ အခြွေအရံတွေ ချမ်းသာတွေ လိုလားလို့ ရှိလျှင် မကောင်းမှု အကုသိုလ် ကာယကံ ဝစီကံ မနောကံ တွေကိုကြဉ်ရှောင်ရမယ်၊ သုံးပါးသော ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တွေကို ကျင့်သုံးရမယ်ဆိုတဲ့ အကြောင်းကို အင်္ဂတိမင်းကြီးအား ပြတဲ့ တရားဖြစ်ပါတယ်။

အဲဒါတွေ ပြောပြီးတော့ သူ့ဘခင်ကြီးကို မိစ္ဆာအယူက စွန့်ဘိရန် တိုက်တွန်းပါတယ်၊ ဒီလိုတိုက်တွန်း ပေမယ့်လို့ မင်းကြီးကတော့ သူ့အယူကို မစွန့်ဘဲ ရှိနေပါတယ်၊ အလွန်ချစ်မြတ်နိုးတဲ့ သမီးကလေး ပြောတဲ့စကားမှို နားဝင်ချိုပြီး သဘော ကျနေပေမယ့်လို့ ဂုဏဆရာကြီးရဲ့ တရားက အစွဲနာနေတဲ့အတွက် မိမိအယူကို မစွန့်နိုင်ဘဲ ဖြစ်ပြီးတော့ နေပါတယ်။

## သစ္စာအဓိဋ္ဌာန်ပြုခြင်း

ဒီတော့ ရုစာက သစ္စာ အဓိဋ္ဌာန်ပြုပြီး လောကကို တိုင်တည်လိုက်ပါတယ်၊ လောကမှာ တရား ကျင့်သုံးပြီး တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံတဲ့ ရဟန်း သူမြတ်များ နတ်ဗြဟ္မာများဟာ လာရောက်ပြီးတော့ မိမိဘခင်ကြီးရဲ့ မိစ္ဆာအယူကို ချွတ်လှဲကြပါစေလို့ တိုင်တည်ပြီးတော့ ရဟန်းသူမြတ် နတ်ဗြဟ္မာများကို ရှိခိုးကန်တော့ လိုက်ပါတယ်။

ဒီအခါမှာ မြတ်စွာဘုရား အလောင်းတော်ကလဲ နာရဒမည်တဲ့ ဗြဟ္မာကြီး ဖြစ်ပြီး နေပါတယ်၊ ဒါကြောင့် အဲဒီ ဗြဟ္မာကြီးက ဒီလိုဖြစ်နေပုံအကြောင်း အရာတွေကို သိမြင်တဲ့အခါမှာ ငါမှတပါး အင်္ဂတိမင်းကြီးကို ချွတ်လှဲနိုင်မည့်သူ မရှိဘူးလို့ စဉ်းစားပြီး ချက်ခြင်းဘဲ ဗြဟ္မာ့ပြည်က ကြွလာခဲ့ပါတယ်၊ အင်္ဂတိမင်း၏ ရှေ့ကောင်းကင်ထက်မှာ ရသေ့အသွင်နှင့် ရပ်တည်ပြီးတော့ နေပါတယ်။

ဒီတော့ ရုစာမင်းသမီးက ဝမ်းမြောက် ဝမ်းသာနှင့် ဗြဟ္မာရသေ့ကြီးကို ရှိခိုးပါတယ်၊ အင်္ဂတိ မင်းကြီးကလဲ ဘယ်ကကြွလာသလဲ စသည်ဖြင့် မေးလို့ နာရဒဗြဟ္မာကြီးက မိမိဟာ နတ်ပြည်လောကမှ လာခဲ့တဲ့အကြောင်း ကဿပ အနွယ် နာရဒ အမည်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့ အကြောင်းများကို ပြောပြပြီးတော့ မေးလိုရာ မေးနိုင်ကြောင်းကို ခွင့်ပြုလိုက်ပါတယ်။

## နတ်ဆိုတာ ရှိသလား

ဒီတော့ အင်္ဂတိမင်းကြီးက နတ်ဆိုတာ ရှိပါသလား၊ တမလွန်လောကဆိုတာ ရှိပါသလား လို့ မေးပါတယ်၊ ဗြဟ္မာကြီးက ရှိတဲ့အကြောင်း ဖြေလိုက်တော့ အင်္ဂတိမင်းကြီးက မယုံတာနှင့် တမလွန် လောက ရှိတယ်ဆိုလို့ ရှိလျှင် အရှင်ရသေ့ကြီးက ယခုလက်ငင်း ကျွန်ုပ်ကို ငွေငါးရာ ချေးထားပါ၊ နောင်

ဘဝ ကျတော့ ကျွန်ုပ်ကတထောင် ပြန်ပြီးတော့ဆပ်ပါမယ်လို့ ပြောင်လှောင် ပြီးတော့ ပြောလိုက်ပါတယ်။

ဒီတော့ ဗြဟ္မာကြီးက "မင်းကြီး သီလ သစ္စာရှိတဲ့ သူတော်ကောင်း ဟုတ်လျှင်တော့ ငွေ ငါးရာ ချေးနိုင်ပါတယ်၊ဒါပေမဲ့ သင်မင်းကြီးက သီလရှိတဲ့ သူ မဟုတ်တဲ့ အတွက် နောင်ဘဝ ငရဲမှာ ကျရောက်ပြီး ငရဲခံနေရတဲ့ အခါမှာ တထောင်ပြန်ပြီးရဘို့ရာ ထားပါဦးတော့ ငရဲခံနေရတဲ့ သင်မင်းကြီးထံလာ ရောက်ပြီး တောင်းဘို့ရာတောင်မှ ဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ပါဘူး။

မင်းကြီး စဉ်းစားကြည့်ပါ၊ မျက်မှောက် လောကမှာ အကြွေး ပေးကြ တယ် ဆိုတာတောင်မှ ယုံကြည်ရလောက်တဲ့ သူကိုမှ ချင့်ချိန်ပြီး အကြွေး ပေးလေ့ ရှိကြပါတယ်၊ သီလသစ္စာမရှိတဲ့ မယုံကြည်ရတဲ့ လူကိုတော့ လောက တွင်တောင်မှ အကြွေးမပေး နိုင်ကြပါဘူး၊ မင်းကြီးမှာ ယခုလို မကောင်းမှု တွေနှင့် သေသွားလျှင် ငရဲရောက်သွားပါလိမ့်မယ်၊ ငရဲရောက်သွားတဲ့အခါ ကာလမှာ အဲဒီ ငရဲမှာ ရှိကြတဲ့ ကျီးတွေ ငှင်းတတွေ ခွေးနက်ကြီးတွေ အဲဒါ တွေက လာရောက်ပြီး အသင်မင်းကြီးကို ထိုးကြမယ် ဆိတ်ကြမယ် ဆွဲကြမယ် စားကြမယ်၊ ငရဲထိန်းတွေကလဲ လှံတွေနှင့် ဓားတွေနှင့် ပေါက်ဆိန်နှင့် လှံ တွေနှင့် သင်မင်းကြီးကို ထိုးကြမယ် ခုတ်ကြမယ် ဖြတ်ကြမယ်၊ မီးရဲရဲတောက် နေတဲ့ ရထားမှာ သင်မင်းကြီးကို နွားများ ကျွဲများလို ကပြီးတော့ မီးရဲရဲ တောက်နေတဲ့ သံတောင်ကြီးပေါ်မှာ တက်ချီ ဆင်းချီ ပြုလုပ်ဘို့ရာ အတင်း ရိုက်နှက်နှိပ်စက်ပြီး ခိုင်းနေကြလိမ့်မယ်။

အဲဒီလိုအခါကာလမှာ သင်မင်းကြီးမှာ တကိုယ်လုံး စုတ်စုတ် ပြတ်ပြတ် ဖြစ်လို့ ငိုးကြွေးမြည်တမ်းပြီး ဒုက္ခတွေ ခံနေရမယ်၊ ဒီလိုအခါကာလမှာ တ ထောင်ရဘို့ရာအတွက် အကြွေး တောင်းရန် ဘယ်ဖြစ်နိုင်ပါ့မလဲ စသည်ဖြင့် တကယ်တွေ့ကြုံရမည့် ငရဲဘေးကို ပြပြီး တရားဟောပါတယ်။

ဒီတော့မှအင်္ဂတိမင်းကြီးမှာ ငရဲဘေးကို ကြောက်လန့်ပြီးတော့ နာရဒ ဗြဟ္မာကြီးထံမှာ အဆုံးအမတောင်းပါတယ်၊ နာရဒဗြဟ္မာကြီးကလဲ မင်းကျင့် တရား, ဒါန သီလ စသော ကိုယ်ကျင့်တရားများ ကျင့်သုံးရန် ဩဝါဒ ပေးပြီး မင်းကြီးအား မိစ္ဆာအယူမှ သမ္မာဒိဋ္ဌိ အယူ၌ တည်စေပြီးတော့ ရုစာမင်းသမီး ရဲ့ ဂုဏ်ကျေးဇူးများကိုလဲ ချီးကျူးပြီး သကာလ ဗြဟ္မာ့ပြည်သို့ ပြန်ကြွသွား ပါတယ်။

## ဇာတ်ပေါင်းခဏ်း

အဲဒီတုန်းက အလာတ ဆိုတဲ့ စစ်သူကြီးက မြတ်စွာဘုရားလက်ထက်မှာ ဒေဝဒတ် ဖြစ်လာပါတယ်၊ ဗီဇက ဆိုတဲ့ ဥပုသ်သည်ကတော့ မြတ်စွာဘုရား လက်ထက်မှာ ရှင်မဟာမောဂ္ဂလ္လာန် ဖြစ်လာပါတယ်၊ ဂုဏ ဆိုတဲ့ တက္ကဒွန်း ကြီးကတော့ လိစ္ဆဝီမင်းသား သုနက္ခတ္တ ဖြစ်လာပါတယ်၊ အင်္ဂတိ မင်းကြီး ကတော့ ဥရုဝေလကဿပ ဖြစ်လာပါတယ်၊ ရုစာ မင်းသမီးက အရှင်အာနန္ဒာ ဖြစ်လာပါတယ်၊ နာရဒဗြဟ္မာကြီးဆိုတာကတော့ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ဖြစ်လာတယ်ဆိုတဲ့ အကြောင်းကို ဇာတ်တော်ပေါင်းပြီးတော့ ပြထားပါ တယ်။

ဟိုအခါ ကာလတုန်းက အရှင်မဟာဓမ္မရက္ခိတ မထေရ်က မဟာရဋ္ဌ တိုင်းသူတိုင်းသားတို့အား ဤနာရဒ ဇာတ်တော်ကြီး ဟောလိုက်တဲ့အခါ ကာလမှာ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေ အကျွတ်တရားရလို့ တသောင်းနှင့် သုံးထောင်သော ပုဂ္ဂိုလ်တေ ရှင်ရဟန်းပြုကြပါတယ်တဲ့။

အဲဒါပဥ္စမ ငါးခုမြောက်ဌာနမှာ သာသနာပြုခဲ့ပုံ အကြောင်းအရာပါဘဲ။ ဆဋ္ဌ ၆-ခုမြောက် ဌာနစသည်မှာ သာသနာပြုပုံများကိုတော့ နောက်ရက် များကျမှဘဲ ဆက်လက်လျှောက်ထားပါမယ်ဘုရား။

(၅) မဟာရဋ္ဌတိုင်းသာသနာပြုအဖွဲ့ ပြီး၏

---

## (၆) ယောနကတိုင်း သာသနာပြုအဖွဲ့

ကိုးတိုင်း ကိုးဌာန သာသနာပြု ကြွရောက်တော်မူကြတဲ့ မထေရ်မြတ် ကိုးပါးထည်းမှာ ငါးပါးသော မထေရ်မြတ်တို့ သာသနာပြုပုံ အကြောင်းကို တော့ ပြောလို့ ပြီးခဲ့ပါပြီ၊ ယနေ့အလှည့်ကျတာက ဆဋ္ဌ-ခြောက်ခုမြောက် သာသနာပြု မထေရ်ရဲ့ အကြောင်းဖြစ်ပါတယ်။

အဲဒီ ဆဋ္ဌ-ခြောက်ခုမြောက် သာသနာပြုမထေရ်ကတော့ မဟာရက္ခိတ အမည်ရှိတဲ့ မထေရ်ဖြစ်ပါတယ်၊ သာသနာပြုရာဌာနကတော့ ယောနကတိုင်း ဖြစ်ပါတယ်၊ ယောနကတိုင်းဆိုတာ ယခုနေအခါမှာ ဘယ်အရပ်လဲ ဆိုလို့ ရှိလျှင် အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း ပန်ဂျပ်နယ်ရဲ့ အနောက်ဖက်

အိန္ဒိယမြစ်ကြီးရဲ့ အနောက်ဖက် အရပ်ဒေသကို ကျောက်စာ၌ယောနက ညွှန်ပြထားပါတယ်၊ ယခုနေအခါမှာဆိုလျှင် ပါကစ္စတန်နယ်ထည်းမှာ ပါဝင်နေပါတယ်။

## ကာဠကာရာမသုတ်တော်

အဲဒီ မဟာရက္ခိတမထေရ်ဟာ ယောနကတိုင်းကို ကြွတော်မူပြီးတော့ ကာဠကာရာမဆိုတဲ့ သုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါတယ်၊ ကာဠကာရာမသုတ္တန်ဆိုတာက အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် တတိယ ဥရုဝေလဝဂ်မှာ လေးခုမြောက် စတုတ္ထသုတ် ဖြစ်ပါတယ်။

အဲဒီ ကာဠကာရာမ သုတ္တန်မှာ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတွေကို ဟောထားပါတယ်၊ မူလပဏ္ဏာသ မဟာသစ္စကသုတ်ရဲ့အဖွင့် အဋ္ဌကထာ နောက်ပိုင်းမှာ သစ္စကပရိဗိုဇ်ကြီးကဲ သီဟိုဠ်ကျွန်းမှာ ကာဠဗုဒ္ဓရက္ခိတ အမည်ရှိတဲ့ မထေရ်ဖြစ်လာပြီးတော့ အဲဒီ ကာဠဗုဒ္ဓရက္ခိတမထေရ်က ကာဠကာရာမ သုတ္တန်ကြီး ဟောဘူးတဲ့အကြောင်းများ ဖော်ပြထားပါတယ်။

အဲဒီအခါတုန်းက ကာဠဗုဒ္ဓရက္ခိတမထေရ်က ကာဠတိမ္ဗရုဆိုတဲ့ မည်းသော တည်ပင်အောက်မှာ ခေတ္တသီတင်းသုံးနေတုန်း ပိဏ္ဍပါတ်စုတင်ဆောင်မထေရ်တပါးက ကာဠကာရာမသုတ္တန်မှ ပြဿနာများကို လာပြီးမေးလို့ အဲဒီ ကာဠဗုဒ္ဓရက္ခိတမထေရ်က "ဒီကနေ့ဟာ တရားဟောတဲ့နေ့ ဥပုသ်နေ့ဘဲ မဟုတ်လား" လို့ ဆိုတော့၊ ဟုတ်မှန်တဲ့အကြောင်း ပြန်ကြားတော့ "ဒါဖြင့် တရားဟောမှဘဲ တခါတည်း ဟောကြစို့ရဲ့" ဆိုပြီးတော့ အဲဒီသစ်ပင်အောက်မှာဘဲ တရားပလ္လင်နေရာခင်းစေပြီးတော့ တရားဟောပါတယ်တဲ့။

ထိုစဉ်အခါက သီဟိုဠ်ဘုရင် တိဿမင်းကြီးက အဲဒီ အရှင်ဗုဒ္ဓရက္ခိတကို အင်မတန်ကြည်ညိုနေတဲ့အတွက် မထေရ်မြတ် တရားဟောတဲ့အခါမှာ သူ့ကို သတင်းပေးဘို့ ရဟန်းတပါးအား မှာကြားထားပါတယ်၊ ဒါကြောင့် မထေရ်မြတ်က တရားဟောတော့မယ်လို့ တရားအစချီးတဲ့ ဂါထာတွေကို ဟောနေတုန်းမှာဘဲ အဲဒီရဟန်းက သွားပြီးအကြောင်းကြားပါတယ်၊ တိဿမင်းကလဲ ချက်ခြင်းဘဲ လိုက်လာလို့ တရားသားကို မစရသေးခင်ဘဲ ရောက်လာပါတယ်၊ မထေရ်မြတ်က အဲဒီကာဠကာရာမသုတ္တန်ကြီးမှ ထုတ်ဆောင်ပြီး

ဘုရားဂုဏ်တော်တွေကို ဟောနေလိုက်တာ တည္ဘ္ဘဲသုံးပါဘဲတဲ့၊ တိဿမင်းက လဲ ညဥ့်သုံးယံပတ်လုံး မတ်တပ်ရပ်ပြီးတော့ အလွန်ဘဲရွှိရှိသေသေနဲ့ နာနေ တယ် ဆိုတဲ့ အကြောင်းကိုလဲ ပြထားပါတယ်။

နံနက်မိုးလင်းလို့ တရားပြီးဆုံးတဲ့အခါမှာ တိဿမင်းကြီး လာပြီး တရား နာနေတာကို သိရတော့ "ဘယ်အချိန်ကရောက်နေသလဲ" လို့ မေးပါတယ်၊ တရားဦးစကတည်းက ရောက်နေတဲ့အကြောင်း လျှောက်ပါတယ်၊ "ဒီလောက် ကြိုးကြိုးစားစား တရားနာတာဟာ အင်မတန်ပင်ပန်းမှာဘဲ" လို့ ဆိုတော့၊ မပင် ပန်းတဲ့ အကြောင်းကို လျှောက်ပါတယ်၊ မပင်ပန်းရုံတွင် မကသေးဘူး မထေရ် မြတ်ဟောတဲ့ တရားထဲမှ တပုဒ်မှ သူနှလုံးမသွင်းမိဘဲနှင့် လွတ်သွားတာ မရှိ ပါဘူးတဲ့။ အကယ်၍ လွတ်သွားတာရှိလျှင်ဖြင့် သီဟိုဠ်ကျွန်းမှာ နှင်တံဖျားနှင့် ထောက်လောက်တဲ့ နေရာကလေးလောက်တောင်မှ အစိုးမပိုင်တဲ့ သူ ဖြစ်ပါစေ လို့တောင် ကျိန်ဆိုပြီး လျှောက်ထားပါသေးတယ်တဲ့။

## ဂုဏ်တော်အနန္တ

အဲဒီသုတ်ဟာ ဘုရားဂုဏ်တော်တွေကို ပြထားတဲ့သုတ် ဖြစ်ပါတယ်၊ ဒါကြောင့် "ဘုရားဂုဏ်တော်တွေဟာ ယခု တညဥ့်လုံးဟောဒါလောက်ဘဲ ရှိပါ သလား၊ ဒီပြင်ကော ရှိပါသေးသလားလို့ တိဿမင်းကြီးက မေးပါတယ်၊ ဒီတော့ အရှင်ဗုဒ္ဓရက္ခိတမထေရ်က "တညဥ့်လုံး သူဟောခဲ့တာက နည်းနည်း ကလေးရှိသေးတယ်၊ မဟောရသေးတာက များတယ်လို့ ဖြေဆိုပြီးတော့ ဥပမာဖြင့် ရှင်းပြပါတယ်၊ ဘယ်လိုလဲ ဆိုတော့ ပယ်တစ်ထောင်ရှိတဲ့ လယ်ကွက် ထဲက စပါးတနှံလောက်ကို နှုတ်ယူရုံနှင့် ဘာမျှ မလျော့ဘူး၊ ကျန်နေတဲ့ စပါးနှံတွေကသာ အတိုင်းမသိ များတယ်၊ ဒါလိုဘဲ တညဥ့်လုံးဟောခဲ့တဲ့ ဘုရားဂုဏ်တော်တွေက စပါးတနှံလောက်သာ ရှိသေးတယ်၊ မဟောရသေးတဲ့ ဂုဏ်တော်တွေက ကျန်ရှိနေတဲ့ ပယ်တထောင်အပြည့် စပါးနှံတွေလိုဘဲ အတိုင်း မသိအောင် များပြားတယ် ဆိုတဲ့ အကြောင်းကို ရှင်းလင်းပြပါတယ်။

ပြီးတော့ ကမ်းလုံးပြည့် စီးနေတဲ့ ဂင်္ဂါမြစ်ရေစုကြီးထဲမှာ အပ်နားဖားနှင့် ကော်ယူလို့ ပါလာတဲ့ရေက နည်းတယ်၊ ကျန်နေတဲ့ ရေကသာ များတယ်၊ အဲဒီလိုဘဲ ဟောခဲ့ပြီး ဂုဏ်တွေက နည်းသေးတယ်၊ မဟောရသေးတဲ့ ဂုဏ်တွေ က အတိုင်း မသိအောင် များပြားတယ်လို့ ဒီလိုလဲ ဥပမာပေးပါတယ်။

နောက်တနည်း ဥပမာကတော့ ကောင်းကင်မှာ စာကလေး ပျံနေလို့ ရှိလျှင် အဲဒီ စာကလေး အတောင် ခတ်တဲ့ နေရာက ကျဉ်းပြီးတော့ အခြား ကောင်းကင်ပိုင်းက အတိုင်းမသိ ကျယ်ဝန်းနေတာလိုဘဲ ဟောခဲ့ပြီး ဂုဏ်က နည်းပြီး မဟောရသေးတဲ့ ဘုရားဂုဏ်တော်ဟာ အတိုင်းမသိအောင် များ ပြားတဲ့ အကြောင်းကိုလဲ ရှင်းလင်း ဟောကြားတယ်လို့ မူလပဏ္ဏာသ အဋ္ဌကထာမှာ ဖော်ပြထားပါတယ်။

## ကာဠ လေးပါး

အဲဒီလို ဟောစဉ်တုန်းက တရားကလဲ ကာဠကာရာမသုတ္တန်ဆိုတော့ ကာဠဆိုတဲ့ပုဒ် ပါနေတယ်၊ ဟောတဲ့မထေရ်ကလဲ ကာဠဗုဒ္ဓရက္ခိတဆိုတော့ ကာဠပုဒ်ပါနေပြန်တယ်၊ ဟောရာဌာနကလဲ ကာဠတိမ္ဗရုဆိုတဲ့ မည်းသော တည်ပင်အောက်မှာ ဆိုတော့ ဒီမှာလဲ ကာဠပုဒ်ပါနေပြန်တယ်၊ နေ့ကလဲ ကာဠပက္ခ လကွယ်နေ့ ဆိုတော့ ဒီမှာလဲ ကာဠပုဒ်ပါနေပြန်တယ်၊ ဒါကြောင့် အဲဒီ အခါ တုန်းက ကာဠလေးပါးဆုံတယ်လို့ သီဟိုဠ်မှာတော့ ပြောစမှတ်တွင် ပြီး ထင်ရှားနေပါတယ်တဲ့။

ဒါကြောင့် ဒီကာဠကာရာမသုတ္တန်ကိုလဲ ဒီအခဏ်းမှာ ကြားရနာရ အောင်လို့ အနည်းငယ်သောက် ထုတ်ဖော်ပြပါဦးမည်။

> ယံ ဘိက္ခဝေ သဒေဝကဿ လောကဿ သမာရကဿ သဗြဟ္မ- ကဿ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုဝိစရိတံ မနသာ၊ တမဟံ ဇာနာမိ တမဟံ အဘိညာသိံ၊ တံ တထာဂတဿ ဝိဒိတံ၊ တံ တထာဂတော န ဥပဋ္ဌာတိ။

ဘိက္ခဝေ၊ ရဟန်းတို့....သဒေဝကဿ၊ နတ်နှင့်တကွသော။သမာရကဿ၊ မာရ်နတ်နှင့်တကွသော။ သဗြဟ္မကဿ၊ ဗြဟ္မာနှင့်တကွသော။ လောကဿ၊ လောကသည်။သဿမဏဗြာဟ္မဏိယာ၊ရဟန်း ပုဏ္ဏားနှင့် တကွသော။သဒေဝ မနုဿာယ၊ နတ်လူနှင့် တကွသော။ ပဇာယ၊ သတ္တဝါအပေါင်းသည်။ ယံ၊ အကြင်တရား အကြင်အကြောင်းအရာစုကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ သုတံ၊ကြား အပ်၏။ မုတံ၊ နံကာ, လျက်ကာ, တွေ့ထိကာဖြင့် ရောက်အပ်၏။ ဝိညာတံ၊

သိအပ်၏။ ပတ္တံ၊ ရောက်အပ် ရအပ်၏။ ပရိယေသိတံ၊ ရှာမှီးအပ်၏။ မနသာ၊ စိတ်ဖြင့်။ အနုဝိစရိတံ၊ ကျက်စားအပ်၏။ တံ၊ ထိုတရားစု ထိုအကြောင်းအရာစု အလုံးစုံကို။ အဟံ၊ ငါသည်။ ဇာနာမိ၊ သိပေ၏။ တံ၊ ထိုအလုံးစုံကို။ အဟံ၊ ငါသည်။ အဘိညာသိံ၊ သိခဲ့ပြီ၊ တံ၊ ထိုအလုံးစုံကို။ တထာဂတဿ၊ မြတ်စွာဘုရားသည်၊ ဝိဒိတံ၊ ထင်ရှားသိအပ်ပြီ။ တံ၊ ထိုသိအပ်သောတရားဟူသမျှကို။ တထာဂတော၊ မြတ်စွာဘုရားသည်။ န ဥပဋ္ဌာတိ၊ မခစားအလေးမပြုပါ။

ဆိုလိုရင်းကတော့ လောကမှာရှိတဲ့ လူနတ်ပြဟ္မာ သတ္တဝါတွေ အကုန်လုံးက အသီးအသီး မျက်စိနှင့် မြင်ထားတာတွေလဲ ရှိတယ်၊ နားနှင့် ကြားထားတာတွေလဲ ရှိတယ်၊ နှာခေါင်းနှင့် နံထားတာတွေလဲ ရှိတယ်၊ လျှာနှင့် စားသိထားတာတွေလဲ ရှိတယ်၊ ကိုယ်နှင့် တွေ့ထိ ထားတာတွေလဲ ရှိတယ်၊ စိတ်ကူး စဉ်းစား ကြံစည် ပြီးတော့ သိထားတာတွေလဲ ရှိတယ်၊ တချို့က မသိရသေးဘဲနှင့် စိတ်ကူး ကြံစည်ရုံမျှလောက်ဟာတွေလဲ ရှိတယ်၊ အဲဒါတွေကို မြတ်စွာဘုရားမှာ အကုန်လုံးဘဲ သိပါတယ်တဲ့၊ သိလဲသိခဲ့ပါပြီတဲ့၊ ထင်ထင်ရှားရှားလဲ သိပါတယ်တဲ့၊ ဒီလို ထင်ထင်ရှားရှား သိပြီးတော့နေလို့ အဲဒီအာရုံတွေကို မြတ်စွာဘုရားမှာ ခစားခြင်း အလေးပြုခြင်း မရှိပါဘူးတဲ့၊ လိုရင်းကတော့ သိရတဲ့ အကောင်း အဆိုး အာရုံတွေ နောက်ကို ဘုရားက မလိုက်ဘူးလို့ ဆိုဘယ်၊ အာရုံဟာ ကောင်းသည် ဖြစ်စေ ဆိုးသည် ဖြစ်စေ မြတ်စွာဘုရားမှာ အညီ အမျှဘဲ ရှိနိုင်ပါတယ်တဲ့၊ ဒါကြောင့် နောက်ဆုံးသတ် နိဂုံးချုပ်မှာ ဒီလို ပြထားပါတယ်။

## တာဒီ ပုဂ္ဂိုလ်

ဣတိ ခေါ ဘိက္ခဝေ တထာဂတော ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု ဓမ္မေသု တာဒီ ယေဝ တာဒီ၊ တမှာ စ ပန တာဒိမှာ အညော တာဒီ ဥတ္တရိတရော ဝါ ပဏီတတရော ဝါ နတ္ထီတိ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့....ဣတိ ခေါ၊ ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်။ တထာဂတော၊ မြတ်စွာဘုရားသည်၊ ဒိဋ္ဌသုတမုတဝိညာတဗ္ဗေသု ဓမ္မေသု၊ မြင်အပ်သောတရား ကြားအပ်သောတရား ရောက်အပ်သောတရား သိအပ်သော တရားတို့၌။ တာဒီယေဝ၊ အကောင်း အဆိုးနောက်သို့

မလိုက် အညီအမျှ ထပ်တူပြုကာ ရှုနိုင်သည် ဖြစ်၍ သာလျှင်။ တာဒီ၊ တာဒီမည်ပေ၏။ တမှာ စ ပန တာဒိမှာ၊ အကောင်းအဆိုး အာရုံ နှစ်ခုကို ညီတူပြု၍ ရှုနိုင်သောကြောင့် တာဒီ ဟု အမည်အရသော ထိုမြတ်စွာဘုရားမှ။ အညော၊ တပါးသော။ ဥတ္တရိတရော ဝါ တာဒီ၊ သာ၍ လွန်ကဲသော အညီအမျှရှုနိုင်သူ တာဒီပုဂ္ဂိုလ်သည်ငှင်း။ ပဏီတတရော ဝါ တာဒီ၊ သာ၍ လွန်မြတ်သော အညီအမျှ ရှုနိုင်သူ တာဒီ ပုဂ္ဂိုလ်သည်ငှင်း။ နတ္ထိ၊ မရှိတော့ချေ။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားပေ၏။

အဲဒီလို တလောကလုံးမှာ ရှိသမျှတွေကိုလဲ အကုန်သိတယ်၊ သိသမျှ အာရုံတွေအပေါ်မှာလဲ ကောင်းသည် ဖြစ်စေ ဆိုးသည်ဖြစ်စေ မြတ်စွာဘုရားမှာတော့ ဘာမျှ မထူးဘူး၊ အညီအမျှထားပြီ ရှုနိုင်ပါတယ်တဲ့၊ ဒါထက် ပိုပြီး အညီအမျှ ရှုနိုင်တဲ့သူရယ်လို့ ဘယ်မှာမှ မရှိတော့ပါဘူးလို့ မိန့်ဆိုတဲ့ ဒီစကားနဲ့ ဒီသုတ္တန်ဒေသနာတော်ကို နိဂုံးချုပ်သွားပါတယ်။

အဲဒီ သုတ္တန်တရားတော်ကို အရှင်မဟာရက္ခိတမထေရ်က ယောနကတိုင်းသားတွေအား ဟောပြပါတယ်၊ အဲဒီတရားကို နာရလို့ တသိန်း ခုနစ်သောင်းသော သတ္တဝါတွေ အကျွတ်တရား ရသွားကြပါတယ်တဲ့၊ ဒီနေရာမှာလဲ အဋ္ဌကထာက အကျွတ်တရား ရတယ်ဆိုတာကို စကားလှယ်တမျိုးနှင့် ပြထားပြန်ပါတယ်၊ မဂ္ဂဖလာလင်္ကာရံ အဒါသိ တဲ့၊ မင်္ဂဖိုလ်တည်းဟူသော အဆင်တန်းဆာကို ပေးတော်မူတယ်လို့ ဗဟုသုတ ရစေခြင်းငှါ စကားတမျိုး ပြောင်းပြီးတော့ ပြထားပြန်ပါတယ်၊ ဒါဟာလဲ ဒီအဋ္ဌကထာရဲ့ ချီးမွမ်းဘွယ် ဂုဏ်ဘာခုပါဘဲ၊ ရဟန်းပြုတဲ့ ပုဂ္ဂိုလ်ကတော့ တသောင်းရှိပါတယ်တဲ့၊ အဲဒါ ယောနကတိုင်းမှာ ထိုစဉ်အခါကာလက သာသနာပြုခဲ့ပုံ အကြောင်းပါဘဲ။

(၉) ယောနကတိုင်း သာသနာပြုအဖွဲ့ ပြီး၏

---

## (၇) ဟိမဝန္တာအရပ် သာသနာပြုအဖွဲ့

သတ္တမ ခုနစ်ခုမြောက် သာသနာပြု မထေရ်ကတော့ မဇ္ဈိမ မထေရ် ခေါ်ပါတယ်၊ မဇ္ဈိမ မထေရ်နှင့် အတူတကွ ကြွသွားတဲ့ မထေရ်များကတော့ ကဿပဂေါတ္တမထေရ် အဠကဒေဝမထေရ် ဒုန္ဒုဘိဿရမထေရ် မဟာဒေဝ

မထေရ် ဒီလေးပါးပင် ဖြစ်ပါတယ်၊ ခေါင်းဆောင် မဇ္ဈိမ မထေရ်နှင့်တကွ အားလုံးပေါင်း ငါးပါးဖြစ်ပါတယ်။

အဲဒီ ငါးပါးထဲမှာ မဇ္ဈိမ မထေရ်ရယ် ကဿပဂေါတ္တ မထေရ်ရယ် ဒုန္ဒုဘိဿရ မထေရ်ရယ် ဒီမထေရ်သုံးပါး အကြောင်းကတော့ ယခုအခါ အိန္ဒိယနိုင်ငံ ဆန်ချီဆိုတဲ့ စေတီတော်က ရတဲ့ ဓာတ်တော်ကြုတ်တွေမှာ ဒီမထေရ်တွေရဲ့ နာမည်များကို တွေ့ရတဲ့အတွက် အထူးဘဲ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။

အသောကမင်းကြီးလက်ထက်တုန်းက သာသနာပြုတွေ ဓမ္မဒူတတွေ လွှတ်တယ် ဆိုပေမယ်လို ရဟန်းတော်တွေကို လွှတ်တဲ့ အကြောင်းဟာ ကျောက်စာတွေမှာ ထင်ရှားမရှိခဲ့ပါဘူး၊ ဒါပေမယ်လို့ အဲဒီဓာတ်တော်ကြုတ်တေမှာ ဒီမထေရ်များရဲ့ အမည်တွေ ပါလာတာကို ထောက်ကြည့်တော့ ဟိုတုန်းက သာသနာပြု ဓမ္မဒူတ ကိစ္စတွေကို ရဟန်းတော်များ ကြွရောက်ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားပေါ်လာပါတယ်။

အဲဒီ ဓာတ်တော်ကြုတ်များက စာထဲမှာ **ကဿပဂေါတ္တ မထေရ်**ကို သဗ္ဗဟေမဝတာစရိယဿ—အလုံးစုံသော ဟိမဝန္တာ ဒေသမှာ ညွှန်ကြားပြသတဲ့ ဆရာတော်လို့ ဆိုထားပါတယ်။

ပြီးတော့ ဒုန္ဒုဘိဿရမထေရ်ကိုလဲ ဟေမဝတဿ—ဟိမဝန္တာမှာ သာသနာပြုတဲ့ မထေရ်ဘဲလို့ အဲဒီဓာတ်တော်ကြုတ်က စာထဲမှာ ဆိုထားပါတယ်။

အဲဒါကြောင့် အဲဒီမထေရ်ငါးပါးဟာ ဟိုတုန်းက ဟိမဝန္တာအရပ်ကို ကြွရောက်ပြီးတော့ သာသနာပြုတဲ့ မထေရ်တွေဖြစ်ကြောင်း အထောက်အခံ သက်သေသာဓက ရနေပါတယ်။

အဲဒီ ဟိမဝန္တာ အရပ်ကတော့ ဘယ်အရပ်ရယ်လို့ သေသေချာချာ တိတိကျကျ ဘယ်သူမှ မညွှန်ကြားနိုင်ပါဘူး၊ ဒါကြောင့် ဟိမဝန္တာဒေသမှာ ရှိတဲ့ နေရာဌာနထဲက ဖြစ်မှာဘဲလို့ ဒီလိုသာ ပြောနိုင်ပါတော့တယ်။

အဲဒီ မထေရ်မြတ် ငါးပါးဟာ ဟိမဝန္တာအရပ်ကို ကြွရောက်ပြီးတော့ ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောကြားပါတယ်၊ တရားနာသည့် အဆုံးမှာ ကုဋေရှစ်ဆယ်သော သတ္တဝါတွေ အကျွတ်တရား ရကြပါတယ်တဲ့။

အဲဒီ မထေရ်ငါးပါးဟာ ဌာနငါးပါးမှာ အသီးအသီး ခွဲပြီး သာသနာပြုကြလို့ တပါး တပါး၏ ထံမှာ ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေလဲ တထောင်စီ တထောင်စီ ရှိပါတယ်တဲ့။

အဲဒါဟာ မဇ္ဈိမ မထေရ် ကြီးမှူးတဲ့အဖွဲ့က ဟိမဝန္တာဌာနမှာ သာသနာပြုခဲ့ပုံ အကြောင်းအရာပါဘဲ။

(၇) ဟိမဝန္တာအရပ် သာသနာပြုအဖွဲ့ ပြီး၏

---

## (၈) သုဝဏ္ဏဘူမိ သာသနာပြုအဖွဲ့

အဋ္ဌမ-ရှစ်ခုမြောက် သာသနာပြုမထေရ်က အရှင်**သောဏ မထေရ်**နှင့် အရှင်**ဥတ္တရ မထေရ်**တို့ ဖြစ်ပါတယ်၊ သာသနာပြုရာဌာနကတော့ **သုဝဏ္ဏဘူမိ** အရပ်ဖြစ်ပါတယ်၊ သုဝဏ္ဏဘူမိဆိုတာ ပဲခူးနှင့် မော်လမြိုင် စပ်ကြား ဗမာပြည် အောက်ပိုင်း နယ်ပယ်အရပ်ဘဲလို့ အများက ယူဆ ဆုံးဖြတ်ကြတဲ့အကြောင်း ကျောက်စာဌာနက ဖော်ပြထားပါတယ်။

ပုဂ္ဂိုလ်ပါဦးကတော့ အိန္ဒိယနိုင်ငံ ဗင်္ဂလားနယ်ထဲက ကဏ္ဏသုဝဏ္ဏဆိုတဲ့ အရပ်ဖြစ်တယ်လို့ ဆိုပါတယ်၊ အခြားတဦးကတော့ အိန္ဒိယအလယ်ပိုင်းထဲမှာ ဆုန်းမြစ်ရဲ့ ပတ်ဝန်းကျင် နယ်ပယ် အရပ်ဘဲလို့ ဆိုပြန်ပါတယ်။

အဲဒါတွေကတော့ အသင့်ယုတ္တိရှာလို့ မရပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဗင်္ဂလားနယ်ထဲက ကဏ္ဏသုဝဏ္ဏဆိုတဲ့ အရပ်ဟာ သုဝဏ္ဏဘူမိ ဟုတ်ခဲ့လို့ရှိလျှင် ဇာတ်တော်ထဲမှာ လာတဲ့ မဟာဇနကမင်းသားဟာ အဲဒီဗင်္ဂလားနယ်ထဲမှာဘဲ ရှိနေတဲ့ စမ္ပာမြို့က သုဝဏ္ဏဘူမိကို သွားတဲ့အခါမှာ ပင်လယ်က ဖြတ်သွားဘို့ မလိုတဲ့အတွက် ပင်လယ်မှာ သင်္ဘောပျက်စရာ အကြောင်းကို ရှာလို့မရဘဲ ဖြစ်နေပါလိမ့်မယ်၊ ပြီးတော့ကာ ဆုန်းမြစ်ဆိုတာကလဲ အိန္ဒိယအလယ်ပိုင်းမှာ ရှိပါတယ်၊ ဗုဒ္ဓဂယာနှင့် ဗာရာဏသီအကြား ရထားလမ်းမှာ မြောက်ဖက်သို့ ဖြတ်သန်း စီးဆင်းသွားပါတယ်၊ မိုးမရှိတဲ့ ဥတုမှာဆိုလျှင် သဲချောင်းပြန့် ကျယ်ကြီး ဖြစ်နေတာကို တွေ့ရပါတယ်၊ အဲဒါဟာ မဇ္ဈိမဒေသ အလယ်ပိုင်း အရပ်လဲ ဖြစ်နေပါတယ်၊ ဟိုတုန်းက သာသနာပြု စေလွှတ်တဲ့ ကိုးတိုင်း ကိုးဌာန ဆိုတာတွေက ပစ္စန္တိမဇနပဒလို့ခေါ်ရတဲ့ အစွန်အဖျားအရပ်တွေ

ချည်း ဖြစ်ပါတယ်၊ အဲဒီ ဆုန်းမြစ်ရဲ့ ပတ်ဝန်းကျင် အရပ်ဆိုတာကလဲ ပင်လယ်နဲ့ အလွန်ဝေးနေလို့ သင်္ဘောနှင့် ကူးစရာ, ပင်လယ်ထဲ သင်္ဘောပျက်စရာ အကြောင်း ဘာမျှမရှိဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် အဲဒီအဆိုတွေဟာ အသင့်ယုတ္တိ မရှိဘူးလို့သာ မှတ်သင့်ပါတယ်။

ပြီးတော့ တချို့ကလဲ ဘုံဘေပင်လယ်ကွေ့ရဲ့ မြောက်ဖက်ကမ်းခြေမှာ ရှိတဲ့ ဂျွန်းဆွယ်ကြီးကို သုဝဏ္ဏဘူမိလို့ ယူဆကြပါတယ်၊ သို့ပေမဲ့ ကျောက်စာ ဌာနကတော့ အဲဒီလို ဖော်ပြထားတာကို မတွေ့ရပါဘူး၊ ယခုနေအခါမှာ ဆိုလျှင် သာသနာ့အရိပ်အရောင်လဲ အဲဒီဒေသမှာ ဘာမျှ မရှိတော့ပါဘူး။

အများက ယူဆတဲ့ **သမာနဝါဒအတိုင်း** "ပဲခူး မော်လမြိုင်တလျှောက် ဗမာပြည်အောက်ပိုင်းအရပ်ဟာသုဝဏ္ဏဘူမိ" ဘဲလို့ပြောဆိုတာကတော့ အိန္ဒိယက ဗမာပြည်ကိုလာလျှင် ပင်လယ်ကနေပြီး လာရတဲ့အတွက် ယုတ္တိလဲ ရှိပါတယ်၊ ယခုလဲ သာသနာတည်ထွန်းရာ ဖြစ်နေတဲ့အတွက် အကျိုးလဲ ရှိပါတယ်၊ ဒီလိုဆိုတော့ "ရှေးဦးစွာ ဗမာပြည်အောက်ပိုင်းကို သာသနာရောက်လာတယ်၊ ဒီကနေပြီးတော့ ယိုးဒယား, ကမ္ဗောဒီးယား, လာအိုဆိုတဲ့ နိုင်ငံတွေလဲ ထေရဝါဒသာသနာဆက်ပြီး ပြန့် သွားတယ်" လို့ ဒီလိုလဲ ယူဆပြောဆိုနိုင်ပါတယ်၊ **ဒါကြောင့် သုဝဏ္ဏဘူမိဆိုတာ ဗမာပြည်ဘဲ ဆိုတာကို မှတ်ယူရပါမယ်။**

ပြီးတော့ ဗမာပြည်မှာလဲ ဘယ်ဌာနတုန်းဆိုလို့ရှိလျှင် အများသိနေကြတဲ့ သထုံဘဲလို့ဆိုကြပါတယ်၊သာသနာဝံသ စာတမ်းက "သထုံမြို့ဟာ ရှေးအခါ ကာလတုန်းက သုဓမ္မပုရ" လို့ ခေါ်တယ်တဲ့၊ တည်ရာဌာနကတော့ ကေလာသတောင်ရဲ့ အနောက်ဖက် မြသပိတ်တောင်ရဲ့ မြောက်ဖက်မှာ ဝေပုလ္လတောင် ဆိုတာ ရှိပါတယ်၊ အဲဒီတောင်ခြေမှာ အဲဒီသုဓမ္မပုရမြို့ရဲ့ မြို့နန်းတည်ရာ ရှိတယ်လို့ ညွှန်ကြားထားပါတယ်။ ဘုရားတပည့်တော်လဲ အဲဒီနေရာကို ရောက်ဘူးပါတယ်၊ အဲဒီမှာ မြို့နေရာကလေး ရှိပါတယ်၊ ဒီနေရာဘဲလို့ အဲဒီကဆရာတော်ဦးကောသလ္လက ညွှန်ကြားလိုက်ပါတယ်၊ အဲဒါဟာ ပင်လယ်ကမ်းနှင့်လည်းဆက်ပြီးတော့ နေပါတယ်၊ အဲဒါဟာ သာသနာဝံသမှာ ပြထားတဲ့ အတိုင်းဆိုလို့ရှိလျှင် ရှေးက သုဓမ္မပုရလို့ ခေါ်တဲ့ သထုံပြည်ရဲ့ မူလဌာနဘဲလို့ ပြောပါတယ်။

အဲဒီ သုဝဏ္ဏဘူမိ အရပ်ကို အရှင်သောဏ မထေရ် အရှင်ဥတ္တရ မထေရ်တို့ ကြွသွားပြီးတော့ သာသနာပြုကြပါတယ်၊ ထိုစဉ်အခါတုန်းက သုဝဏ္ဏဘူမိ

အရပ်မှာ တဦးသော ရက္ခိုသ် ဘီလူးမက မင်းအိမ်မှာ မွေးတိုင်း မွေးတိုင်း ကလေးသူငယ်တွေကို သမုဒ္ဒရာမှလာပြီး ဖမ်းစားနေပါတယ်။

ထိုမထေရ်တွေ ကြွတဲ့နေ့ကလဲ မင်းအိမ်မှာ ကလေးသူငယ်တယောက် မွေးဖွားတဲ့နေ့ ဖြစ်ပါတယ်၊ လူတွေက မထေရ်တွေ မြင်တော့ ရှေးကဒီလို ပုဂ္ဂိုလ် ဒီလိုအသွင်အပြင်မျိုးတွေ မမြင်ဘူးတော့ ဒီပုဂ္ဂိုလ်တွေဟာလဲ ရက္ခိုသ် ဘီလူးတွေရဲ့ အဖော်တွေဘဲလို့ ထင်မှတ်ပြီးတော့ လက်နက်တွေ စွဲကိုင်ပြီး မထေရ်တွေကို သတ်ဖြတ်မယ်လို့ လာကြပါတယ်။

ဒီအခါမှာ အရှင်သောဏ မထေရ်က "ဒကာတို့....ဘာ့ကြောင့် လက်နက်တွေ စွဲကိုင်ပြီး လာကြတာလဲ"လို့ မေးတော့ သူတို့က "သူတို့ရဲ့မြို့မှာ မင်းအိမ်က ကလေးသူငယ် မွေးတိုင်း မွေးတိုင်း ရက္ခိုသ်ဘီလူးတွေက လာလာပြီး စားလို့ အသင်တို့ဟာလဲ ရက္ခိုသ်ဘီလူးတွေရဲ့ အဖော်ဘဲလို့ ထင်တယ်၊ ဒါကြောင့်မို့ ဒီလို လက်နက်စွဲကိုင်၍ လာကြပါတယ်"ဆိုတဲ့ အကြောင်းကို ပြောကြားကြပါတယ်။

ဒီတော့ အရှင်သောဏ မထေရ်က "ဒကာတို့....ငါတို့ဟာ ရက္ခိုသ်ဘီလူးတွေရဲ့ အဖော် မဟုတ်ဘူး၊ ငါတို့ဟာ ကိလေသာငြိမ်းတဲ့ သမဏခေါ်တဲ့ ရဟန်းတွေ ဖြစ်တယ်၊ ငါတို့ဟာ သူတပါး အသက်ကို သတ်ဖြတ်ခြင်းမှလဲ ကြဉ်ရှောင်တယ်၊ သူတပါးဥစ္စာခိုးခြင်းမှလဲ ကြဉ်ရှောင်တယ်၊ အဗြဟ္မစရိယ ခေါ် မမြတ်သော အကျင့်မှလဲ ကြဉ်ရှောင်တယ်၊ လိမ်လည်ပြောဆိုခြင်း မုသာဝါဒမှလဲ ကြဉ်ရှောင်တယ်၊ သေအရက်သောက်စားခြင်းမှလဲ ကြဉ်ရှောင်တယ်၊ နေမွန်းလွဲတဲ့အခါ မစားဘဲနှင့် နံနက်ပိုင်း အချိန်၌သာ စားပြီး ဧကဘတ္တိက တထပ်ထည်းသာ စားတဲ့ အလေ့ရှိတယ်၊ သီလနှင့် ပြည့်စုံတဲ့ ကောင်းသောအကျင့်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ ရဟန်းသူမြတ်တွေ ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ပြောပြတယ်။

ထိုခဏမှာဘဲ ကလေးသူငယ်ကို စားနေကျ ဘီလူးမကလဲ သမုဒ္ဒရာက ထွက်လာပါတယ်၊ မင်းအိမ်မှာ မွေးဖွားတဲ့ကလေး သူငယ်ကို စားမယ်လို့ ရည်မှန်းပြီးတော့ အခြွေအရံ ပရိသတ်တွေနှင့်တကွ သမုဒ္ဒရာကထွက် လာပါတယ်၊ ဒီလို ထွက်လာတာကို လူတွေက မြင်တော့ "အရှင်ဘုရား....ဟိုမှာ

လာပါပြီဘုရား၊ ရက္ခိုသ်ဘီလူးမ လာနေပါပြီ၊ ရက္ခိုသ်ဘီလူးမ လာနေပါပြီ” ဆိုပြီးတော့ ကြောက်လန့်တကြားနှင့် အော်ကြ ဟစ်ကြတယ်။

ဒီအခါမှာ အရှင်သောဏ မထေရ်က ရက္ခိုသ်ဘီလူးတွေထက် နှစ်ဆကြီးမားတဲ့ ကိုယ်ကြီးတွေ ဖန်ဆင်းပြီးတော့ အဲဒီရက္ခိုသ်ဘီလူး ပရိသတ်ကို ဘေးပတ်ဝန်းကျင်က ခြံရံပြီးတော့ ထားပါတယ်၊ ဒီလို ခြံရံပြီးတော့ တဖြေးဖြေးနှင့် ပင်လယ်ဘက်ကို မောင်းထုတ်ပြီးတော့ သွားပါတယ်။

အဲဒီအခါမှာ ရက္ခိုသ်ဘီလူးမကလဲဘဲ အော်....ဒီနေရာဟာ ငါတို့ထက် တန်ခိုးကြီးတဲ့ ဘီလူးတွေတော့ ရသွားပုံပေါ်ပြီ၊ ဒီဘီလူးကြီးတွေက ငါတို့ကို စားတော့မှာဘဲလို့ ကြံတွေးပြီး ကြောက်လန့်တာနှင့် တခါတည်းပြေးကြပါတယ်၊မထေရ်မြတ်တွေကလဲ နောက်ကလိုက်လိုက်ပြီး ပင်လယ်ထဲ ထုတ်သွားပါတယ်၊ ပင်လယ်ထဲထုတ်လို့ မမြင်လောက်တဲ့ နေရာရောက်တော့ မှဘဲ အဲဒီမှာ အရံအတား အစောင့်အရှောက်များကိုလဲ ထားခဲ့ပါတယ်။

အဲဒီမှာ ဒီလိုဆိုထားတာကလေးကတော့ စဉ်းစားစရာ ဖြစ်နေပါတယ် ဒီပဿ သမန္တတော ရက္ခံ ဌပေသိ-လို့ ဆိုထားပါတယ်။ ဒီပဿ၊ ကျွန်း၏။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ရက္ခံ၊ အစောင့်အရှောက်ကို။ ဌပေသိ၊ထားခဲ့ပြီ-လို့ ဆိုတော့ အဲဒီသုဝဏ္ဏဘူမိအရပ်က ကျွန်းဖြစ်ရမဲ့ အဓိပ္ပါယ် ဖြစ်နေတယ်၊ သမန္တတော-ထက်ဝန်းကျင် ဆိုတော့ ရေပတ်လည် ဝိုင်းလျက်ရှိသောကျွန်းလို အဓိပ္ပါယ်တော့ ရောက်နေပါတယ်၊ အဲဒါဟာ စဉ်းစားစရာတော့ ကောင်းပါတယ်၊ ယခု ရှိနေတဲ့ သုဓမ္မပုရနေရာဌာနအတိုင်း ဆိုလို့ရှိလျှင် ဒီပဿ၊ ကျွန်း၏ လို့ဆိုပေမဲ့ အဲဒီနေရာအရပ်ကိုဘဲ ဆိုလိုတယ်လို့ပြီးတော့ သမန္တတော-ပတ်ဝန်းကျင်လို့ ဆိုရမှာလဲ ပင်လယ်ကမ်းရှိတဲ့ ဘက်က ပတ်ဝန်းကျင်ကို ဆိုလိုတယ်လို့ ဒီလိုယူမှ ဖြစ်တော့မှာပါဘဲ။

အဲသလို အရံအတား ထားခဲ့ပြီးတော့ မထေရ်မြတ်များ ပြန်ကြွလာပါတယ်၊ ဒီအခါမှာ စုရုံးမိတဲ့ လူအပေါင်းကို ဗြဟ္မဇာလသုတ္တန်တရားကြီးကို ဟောကြားတော်မူခဲ့ပါတယ်၊ ဟောကြားပြီးတော့ လူအပေါင်းအား ဘုရား တရား သံဃာ ရတနာသုံးပါး၌ ကြည်ညိုတဲ့ သဒ္ဓါတရားကို ဖြစ်စေခဲ့ပါတယ်၊ သရဏဂုံသီလတွေမှာလဲ တည်စေခဲ့ပါတယ်။

အဲဒီအခါမှာ တရားနာရလို့ အကျွတ်တရားရတာတွေကတော့ ခြောက်သောင်း အရေအတွက် ရှိတယ်လို ဆိုပါတယ်၊ သုံးထောင့်ငါးရာသော အမျိုးသားတွေ ရဟန်းပြုကြပါတယ်၊ အမျိုးသမီးထဲကလဲ တထောင့်ငါးရာ ရဟန်းပြုတယ်လို့ ဆိုပါတယ်။

အဲဒီအခါကာလကစပြီး တော့ သုဝဏ္ဏဘူမိအရပ်မှာ မင်းအိမ်၌ မွေးဖွါးလာတဲ့ မင်းသားကလေးများအား သောဏုတ္တရ ဆိုတဲ့ နာမည်ကို ပေးတဲ့ အကြောင်းလဲ အဋ္ဌကထာမှာ ပြသွားပါတယ်၊ အဲဒါတွေ ပြပြီးတော့ အကျယ် ပြောလာတဲ့ အဲဒီစကားကွေကို အကျဉ်းချုပ်မှတ်ဘို့ရန် ဂီတိအနေဖြင့် ဂါထာကလေးတခုလဲ အဋ္ဌကထာဆရာက ရေးသားစီကုံးထားခဲ့ပါတယ်။

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမေတွာန၊ ဗြဟ္မဇာလမဒေသိသုံ။

မဟိဒ္ဓိကာ၊ ကြီးမားသောတန်းခိုးအာနုဘော် ရှိတော်မူကြကုန်သော။ သောဏုတ္တရာ၊ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်မြတ်တို့သည်။ သုဝဏ္ဏဘူမိံ၊ သုဝဏ္ဏဘူမိ အမည်ရှိသော အရပ်ဒေသသို့။ ဂန္တွာန၊ ကြွသွားတော်မူကြပြီး၍။ ပိသာစေ၊ ရက္ခိုသ် ဘီလူးအပေါင်းတို့ကို။ နိဒ္ဓမေတွာန၊ နှင်ထုတ်တော်မူကြပြီး၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလ အမည်ရှိသော သုတ္တန်တရားတော်ကြီးကို။ အဒေသိသုံ၊ ဟောကြားတော်မူခဲ့လေကုန်ပြီ။

အဲဒီလို ဂီတိဂါထာကလေးကိုလဲ ဆိုထားခဲ့ပါတယ်။

ရှစ်ခုမြောက် ဖြစ်တဲ့ သာသနာပြုမထေရ်မြတ်တွေ သုဝဏ္ဏဘူမိ အမည်ရှိတဲ့ ဒီဗမာပြည်မှာ ရှေးကသာသနာပြုခဲ့လို့ ဗမာပြည်အောက်ပိုင်းမှာ သာသနာ တည်နေပြီးတော့ နောက်ကာလ အနော်ရထာမင်းလက်ထက်မှာ ဗမာပြည်အထက်ပိုင်းကို ရောက်လာလို့ ဗမာပြည်တပြည်လုံး ပြန့်နှံ့ပြီးသကာလ ထေရဝါဒ ဗုဒ္ဓသာသနာတော်ဟာ ယနေ့ထက်တိုင် တည်ရှိနေတယ်ဆိုတာ ထင်ရှားနေပါတယ်။

ပြီးတော့ ဒီနိုင်ငံရဲ့ ပတ်ဝန်းကျင် ဖြစ်တဲ ယိုးဒယား, ကမ္ဘောဒီးယား, လာအိုလိုဆိုတဲ့ နိုင်ငံတွေက ထေရဝါဒ သာသနာတွေဟာလဲ ဒီကအနီးဆုံး ဆက်စပ်မယ် ဆိုလို့ရှိလျှင် သုဝဏ္ဏဘူမိကို ကြွတဲ့ အရှင်သောဏ အရှင်ဥတ္တရ မထေရ်တို့ရဲ့ အဆက်အနွယ်တွေဘဲလို့ မှတ်သားဘို့ပါဘဲ။

ဒီကနေ့အဘို့တော့ ဒီတွင်ဘဲ ရပ်ပြီးတော့ နောက်ဆက်ပြီး ပြောကြားစရာတွေကို နက်ဖြန်ကျမှ ဆက်လက်လျှောက်ထားပါတော့မယ်ဘုရား။

(ဂ) သုဝဏ္ဏဘူမိသာသနာပြုအဖွဲ့ ပြီး၏

---

## (ဃ) သီဟိုဠ်သာသနာပြုအဖွဲ့

ဒီကနေ့တော့ ကိုးတိုင်း ကိုးဌာန သာသနာပြု ကြွကြရာမှာ နောက်ဆုံးဖြစ်တဲ့ သီဟိုဠ်ကျွန်း သာသနာပြုပုံကို လျှောက်ထားပြောဆိုရမည့် အလှည့်ဖြစ်ပါတယ်။

ရှေးက အဋ္ဌကထာတွေကို ရေးသားစီရင်ခဲ့ကြတာကလဲ သီဟိုဠ်ကျွန်းကဖြစ်ပါတယ်၊ **ဒီပဝံသ**[၁] ဆိုတဲ့ သာသနာနှင့်စပ်ပြီး ရေးသားတဲ့ ရှေးအကျဆုံးကျမ်းကလဲ သီဟိုဠ်ကျွန်းကဘဲ ဖြစ်ပါတယ်၊ အဲဒီအဋ္ဌကထာဟောင်းတွေကနေပြီးတော့ ရှင်မဟာဗုဒ္ဓဃောသက **သင်္ဂဟအဋ္ဌကထာ** ပြုရာမှာလဲ သီဟိုဠ်ကျွန်းကဘဲ ဖြစ်ပါတယ်၊ အဲဒီတော့ သီဟိုဠ်ကျွန်းမှာ သာသနာပြုပုံအကြောင်းတွေကတော့ အများကြီး ကျယ်ဝန်းပါတယ်၊ ဒီအထဲက တချို့လောက်ကို ထုတ်နုတ်ပြီး အကျဉ်းချုပ်ကိုဘဲ လျှောက်ထားပြောဆိုပါမယ်ဘုရား။

အရှင်မဟာမဟိန္ဒ မဟာထေရ်ဟာ မိမိ၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တဲ့ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကရော ရဟန်းသံဃာတော်ကရော သီဟိုဠ်ကျွန်းကို သွားရောက်ပြီးတော့ သာသနာပြုရမယ်လို့ အမိန့်ပေး တိုက်တွန်းတော်မူတဲ့အတွက် ထိုအခါကာလက သီဟိုဠ်ကျွန်းကို သာသနာပြုသွားဘို့ရန် အချိန်ကျပြီလား, မကျသေးဘူးလား ဆိုတာ စဉ်းစား ဆင်ခြင်တော်မူပါတယ်။

အဲဒီလို စဉ်းစားဆင်ခြင်တဲ့အခါမှာ ဒီလို မြင်တော်မူပါတယ်၊ ထိုစဉ်အခါက သီဟိုဠ်ကျွန်းမှာ အုပ်ချုပ်ပြီးတော့ မင်းလုပ်နေတာက မုဋသိဝ မင်းအိုကြီး ဖြစ်ပါတယ်၊ အဲဒီ မင်းအိုကြီးမှာ အသက်ကြီးရင့်လို့ စုတေခါနီးအချိန်ကျပြီးနေတဲ့အတွက် အဲဒီ မုဋသိဝ မင်းအိုကြီးကို မှီပြီး သာသနာပြုဘို့မသင့်လျော်ဘူး၊ မုဋသိဝမင်းရဲ့ သားတော် ဒေဝါနံပိယတိဿမင်းကို မှီပြီး

---

[၁] ဒီပဝံသ-ဒီပဝင်ကျမ်း။ သီဟိုဠ်ကျွန်းသာသနာဝင်အကြောင်းကို ပါဠိဘာသာဖြင့် ရေးထားခဲ့သောကျမ်း။

သာသနာပြုမှု တိုးတက် ကြီးပွါးလွယ်မယ်လို့ မြင်တော်မူပါတယ်၊ ဒါကြောင့် ဒေဝါနံပိယတိဿမင်း နန်းတက်သည်တိုင်အောင် စောင့်ဆိုင်းနေမယ်လို့ ရည်ရွယ်ချက်ဖြင့် စောင့်ဆိုင်းရင်း မိမိ၏ ဆွေမျိုးတွေရှိတဲ့ ဒက္ခိဏာဂိရိအရပ်ကို ဒေသစာရီ ကြွချီနေခဲ့ပါတယ်၊ ဒေသစာရီ ကြွနေတဲ့ ကာလမှာ ခြောက်လ ကြာတယ်လို ဆိုပါတယ်။

အဲဒီလို ကြွချီလို့ နောက်ဆုံးမှာ မယ်တော် ဝေဒိသဒေဝီရဲ့ နေရာဌာန ဖြစ်တဲ့ ဝေဒိသမြို့သို့ ရောက်သွားပါတယ်၊ ရောက်တဲ့အခါမှာ မယ်တော် ဝေဒိသဒေဝီက မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးပြီးတော့ ဆွမ်းများကပ်ပြီး မိမိဆောက်လုပ် လှူဒါန်းထားတဲ့ ဝေဒိသဂိရိမဟာဝိဟာရ ဆိုတဲ့ ကျောင်းတော်ကြီးမှာ ပင့်တင်ပြီးထားပါတယ်။

ထိုကျောင်း၌ သီတင်းသုံးနေတော်မူတဲ့အခါမှာလဲ ထပ်မံပြီး စဉ်းစား ဆင်ခြင်တော်မူပြန်ပါတယ်၊ ငါတို့ သီဟိုဠ်ကျွန်းကို သွားဘို့ အချိန်ကျပလားလို့ စဉ်းစာလိုက်တဲ့အခါမှာ ဒီအချိန်၌ ဒေဝါနံပိယတိဿမင်းဟာ နန်းတက်နေပါပြီ၊ ဒါပေမယ့်လို အသောကမင်းက ပို့လိုက်တဲ့ သာသနာနှင့်စပ်တဲ့ သတင်းစကား များကို ရှေးဦးစွာ ကြားပစေဦး၊ နောက်ထပ် တလလောက် ဆိုင်းငံ့ပြီး အချိန်ကျမှဘဲ သွားမယ်လို့ ရည်ရွယ်ပြီးတော့ နောက်ထပ်တလလဲ အဲဒီမှာ ဆိုင်းပြီးတော့ နေပြန်ပါတယ်၊ တန်ဆောင်မုန်းလပြည့်ကနေပြီးတော့ ကိုး တိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တဲ့အတွက် ပြောခဲ့ပြီး ရှစ်ဌာနကို ကြွသွားကြတာဟာ သာသနာနှစ် (၂၃၅) နှစ်ရာ့သုံးဆယ့်ငါးခုနှစ် တန် ဆောင်မုန်းလပြည့်နေ့ကဘဲ ဖြစ်ပါတယ်၊ ဒါကြောင့် အဲဒီကနောက်မှာ ဒေသ စာရီ ကြွနေတဲ့ ခြောက်လရယ် ဝေဒိသဂိရိကျောင်းမှာ သီတင်းသုံးနေတဲ့ တလရယ် ပေါင်း- ခုနစ်လဆိုတော့ နယုန်လပြည့်ရောက်သွားပါတယ်၊ သာ သနာတော်နှစ်အားဖြင့် ဆိုလျှင် (၂၃၆)နှစ်ရာ့သုံးဆယ်နှင့် ခြောက်ခုနှစ်ထဲ ရောက်နေပါပြီ၊ အဲဒီနယုန်လပြည့်နေ့မှာ သာသနာပြု ကြွမည့် ပုဂ္ဂိုလ်တွေ အားလုံး စုဝေးပြီးတော့ တိုင်ပင်ကြပါတယ်တဲ့။

မဟိန္ဒမထေရ်က မိမိနောက်ပါဖြစ်တဲ့ ဣဋ္ဋိယမထေရ်ရယ် ဥတ္တိယမထေရ် ရယ် ဘဒ္ဒသာလမထေရ်ရယ် သမ္ဗလမထေရ်ရယ် အားလုံးနောက်ပါမထေရ်က လေးပါး၊ ပြီးတော့ သံဃမိတ္တာ၏သားဖြစ်တဲ့ အရှင်မဟိန္ဒ၏တူ သုမနသာမဏေ က တပါး၊ ပြီးတော့ ဘဏ္ဍုကဆိုတဲ့ တူဖြစ်တဲ့ ဥပါသကာကတယောက်၊ ယခု

ကာလအခေါ်ဆိုလျှင်တော့ ဘတ္တူက ခေါ်တဲ့ ကျောင်းသားကလေးက တယောက်လို့ ဒီလိုပြောရမှာပါဘဲ၊ အားလုံး အဲဒီပုဂ္ဂိုလ် ခုနစ်ဦးဟာ နယုန်လပြည့်နေ့မှာ ဝေဠုဝတောင်ကနေပြီးတော့ အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင် ခရီးက ကြွသွားကြပါတယ်၊ သီဟိုဠ်ကျွန်း အနုရာဓ ရဲ့ အရှေ့ဘက် မိဿကတောင်မှာ သက်ဆင်းပြီး တည်နေကြပါတယ်။

အဲဒီ မိဿကတောင်ကို အဋ္ဌကထာ ဆရာများ လက်ထက်တုန်းက စေတိယတောင်လို့လဲ ခေါ်တယ်လို့ ဆိုပါတယ်၊ ယခုအခါမှာတော့ မဟိန္ဒလေ့လို့ ခေါ်ကြပါတယ်။

မထေရ်များ ကြွရောက်တဲ့ နယုန်လပြည့်နေ့ အဲဒီအချိန်ကာလမှာ သီဟိုဠ်ကျွန်းမှာ နက္ခတ်ပွဲသဘင် ကျင်းပတဲ့ အချိန်ကာလကြုံလို့ ဒေဝါနံပိယတိဿမင်းက နက္ခတ်ပွဲသဘင် ကျင်းပဘို့ရန် စည်လည်စေပြီးတော့ ပွဲလမ်းများ ကျင်းပနေပါတယ်။

## တောလည်ထွက်သည့်ဓလေ့

မင်းကိုယ်တိုင်ကတော့ အဲဒီနေရာမှာ နောက်ပါ အခြံအရံ လေးသောင်းနှင့်တကွ မြို့မှ ထွက်ပြီး မိဿကတောင်သို့ အပျော်တမ်း သားကောင်လိုက်ရန် ထွက်လာခဲ့တယ် ဆိုပါတယ်၊ဗုဒ္ဓဘာသာတရား မကိန်းအောင်းသေးတဲ့ ရှေးက မင်းများဟာ ဒီလိုဘဲ တောလိုက်တဲ့ အလေ့အထ ရှိဟန်တူပါတယ်၊ အသောကမင်းကြီးရဲ့ ကျောက်စာထည်းမှာကိုဘဲ ရေးထားတာကို တွေ့ရပါတယ်၊ ရှေးတုန်းက မင်းတွေဟာ ဒီလိုဘဲ ဝိဟာရယာတြာခေါ်တဲ့ တောလှည့်ခြင်းများကို သွားကြတယ်လို့ ဆိုထားပါတယ်။

အဲဒီ ကျောက်စာထဲမှာ ဒေဝါနံ ပိယ ဆိုတဲ့ စကားလုံးကို သုံးထားတာ တွေ့ရပါတယ်၊ သူ့ကျောက်စာမှာ အတိကန္တံ အန္တရံ ဒေဝါနံပိယာ ဝိဟာရယာတြာ နာမ နိခမိသု လို့ ဆိုထားပါတယ်။ ဒီကျောက်စာဟာ ပါဠိနှင့် ခပ်ဆင်ဆင်ဘဲ၊ ဟိုတုန်းက အရပ်သုံးစကားဘဲ ဖြစ်ပါလိမ့်မယ်၊ အသောကကျောက်စာတွေကတော့ ဒီလို ချည်းပါဘဲ၊ ပါဠိလဲ မဟုတ်တတ်ဘူး၊ သက္ကဋလဲ မဟုတ်တတ်ဘူး၊ ပါဠိနှင့် ခပ်တူတူကလေးပါဘဲ။

အတိကန္တံ အန္တရံ၊ လွန်ခဲ့သော ရှေးကာလက။ ဒေဝါနံပိယာ၊ (နတ်တို့ချစ်အပ်သော)မင်းတို့သည်။ ဝိဟာရယာတြာနာမ၊ အပျော်အပါး တော

ကစား ထွက်ခြင်းကို။ နိခမိသုံ ထွက်ကြလေပြီတဲ့။ ဒီအထဲမှာ ဒေဝါနံပိယ ဆိုတဲ ဝေါဟာရဟာ ရာဇာဆိုဘဲ့ မင်းကိုဘဲ ဆိုလိုကြောင်း အခြားဌာနမှာရှိတဲ့ သူ့ကျောက်စာ အရ ထင်ရှားပါတယ်၊ ဘုံဘေပင်လယ်ကွေ့ရဲ့ မြောက်ဖက် ကမ်းခြေမှာ ကတ္တီယာဝါခေါ်တဲ့ ကျွန်းစွယ်ကြီး တခု ရှိပါတယ်၊ ယခု ဂူဂျာ ရတီနယ်လိုလဲ ထင်ရှားပါတယ်၊ အဲဒီ ကတ္တီယာဝါ ကျွန်းစွယ်ကြီးမှာ ဂီရနာ ဆိုတဲ့ တောင်ရှိပါတယ်၊ အဲဒီတောင်မှာ တွေ့ရဘဲ့ ဒီအသောက အမိန့်တော် ကျောက်စာကတော့ ဒေဝါနံပိယာ အစား ရာဇာနေသလိ ဆိုထားပါတယ်၊ ဒါကြောင့် အသောကမင်းတရားကြီး လက်ထက်ဘုန်းက မင်းဆိုတဲ့ ဝေါဟာရ ကို ဒေဝါနံပိယလို့လဲ ခေါ်ဝေါ်တဲ့ လက္ခဏာရှိပါတယ်၊ အသောကမင်းတရား ကြီးက သူ့ကိုယ်တိုင်ကို ဘွဲ့ထိုးတဲ့အခါကျတော့လဲ ဒေဝါနံပိယော ပိယဒဿီ ရာဇာလို့ ဒီလို ထိုးထားပါတယ်၊ အဲဒီတော့ ဒေဝါနံပိယဆိုဘဲ့ ဝေါဟာရကို ဟိုခေတ်တုန်းက မင်းများရဲ့လေးစားအပ်တဲ့ ဂုဏ်ထူး ဘွဲ့ထူးတခုဘဲလို့ ဒီလိုလဲ ယူဆကြပါတယ်။

အဲဒီခေတ်ဘုန်းက ရှေးမင်းဘွေဟာ ဒီလို တောလည်ထွက်ကြပါတယ်တဲ့၊ တောလည်ထွက်တဲ့အခါ ဘာလုပ်ကြသတုံးဆိုတော့ မဂဝိယဆိုတဲ့ သမင် လိုက်ခြင်း၊ ပြီးတော့ အဲဒါနှင့် အလားဘူ ဖြစ်တဲ့ ပျော်မွေ့ဘွယ်တွေပါဘဲတဲ့။

ဒေဝါနံပိယ ပိယဒဿီ မည်တဲ့ အသောကမင်းကတော့ အဘိသိက်ခံပြီး လို့ ဆယ်နှစ်မြောက်တဲ့အခါကာလမှာ ထွက်ပါတယ်တဲ့၊ ဘယ်ထွက်သတုံး ဆိုလျှင် သူကတော့ ဘုရား ဖူးထွက်ပါတယ်ဘဲ့၊ မဟာဗောဓိကို ဘုရားဖူးသွားတဲ့ အဘွက် သူထွက်ထာကတော့ တရားနှင့် စပ်သော ထွက်ခြင်း ဖြစ်တဲ့ အကြောင်း၊ ထိုသို့ ထွက်ရာ၌ ရဟန်းပုဏ္ဏားတို့အား ဖူးမြင်ခြင်း, ပေးလှူခြင်း, သက်ကြီးပုဂ္ဂိုလ်တို့အား တွေ့မြင်ခြင်း စသည်ဖြင့် ကောင်းဝဲ့ လုပ်ငန်းများကို ဆောင်ရွက်ခဲ့တဲ့ အကြောင်းကို ဖော်ပြထားပါတယ်၊ ဒီမှာ ပြောလိုရင်း ကတော့ ရှေးခေတ်တုန်းက ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ မင်းတွေဟာ ဒီလိုဘဲ တောလည်ထွက်ပြီးတော့ အပျော်တမ်း သားကောင်လိုက်လေ့ရှိကြတယ် ဆိတာဟာ ပြောလိုရင်းပါဘဲ၊ ရှေးကသာ မဟုတ်ပါဘူး၊ ယခုခေတ်မှာလဲ ဗုဒ္ဓဘာသာဝင်မဟုတ်တဲ မင်းတွေ အချို့ ဂုဏ်သရေရှိ လူကြီးတွေဟာ ဒီလိုဘဲ အပျော်တမ်း တောလည်ထွက်လေ့ရှိကြပါတယ်။

ဗုဒ္ဓဘာသာဝင် မဖြစ်သေးပါဘူး၊ ဒါကြောင့် သူလဲ တောလည်ထွက် တာပါဘဲ၊ တောလည်ထွက်တော့ကာ အဲဒီမိဿကတောင်မှာစောင့်တဲ့ တောင် စောင့်နတ်က အရှင်မဟိန္ဒမထေရ်နှင့် တွေ့ရအောင်လို့ စိုင်သမင်ယောင် ဖန် ဆင်းပြီး ပြပါတယ်၊ သမင်ယောင် ဖန်ဆင်းပြီး သူကရှေ့က မထေရ်မြတ်ရှိရာ ဆီကို ပြေးသွားပါတယ်၊ မင်းကလဲ သားကောင်တွေ့ပြီဆိုပြီး နောက်က လိုက် ပါတယ်၊ မထေရ်မြတ်အနီးရောက်တော့ သမင်က ပျောက်သွားပါတယ်။

မထေရ်မြတ်က ဒေဝါနံပိယတိဿမင်း မိမိဆီကို ဦးတန်းပြီး လာနေတာ မြင်တော့၊ ဒီအခါမှာ မင်းက တဦးတည်း ဖြစ်ပြီး မထေရ်မြတ်ကတော့ နောက် ပါ ခြောက်ဦးနှင့်တကွ ဦးရေများနေတဲ့အတွက် ကြောက်လန့်ပြီး မလာဝံ့ဘဲ နေမှာစိုးလို့ မိမိတပါးတည်းသာ မြင်စေလို့ အဓိဋ္ဌာန်ပြုပြီးတော့ ဒေဝါနံပိယ တိဿမင်းကို ခေါ်ပါတယ်။ တိဿ....တိဿ.... ဒီကိုလာခဲ့လို့ ဒီလိုခေါ် လိုက်တဲ့ အခါမှာ ဒေဝါနံပိယတိဿမင်းက ဒီသီဟိုဠ် တကျွန်းလုံးမှာ ငါ့ကို တိဿလို့ ငယ်နာမည်နှင့် ခေါ်ဝံ့တဲ့သူ မရှိဘူး၊ ဖန်ရည်ဆိုးထားတဲ့ အစုတ်စုတ်အပြတ် ပြတ် အဝတ်တွေကို ဝတ်ထားတဲ့ ဤဦးပြည်းက ငါ့ကို နာမည်နှင့်ခေါ် တယ်၊ ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်မလဲ၊ လူလား? နတ်လား? ဘာလဲလို့ အဲဒီလို စဉ်းစား ဆင်ခြင်ပါတယ်၊ ဒီလိုစဉ်းစားဆင်ခြင်နေတာကို သိတော်မူလို့ မထေရ်မြတ်က-

သမဏာ မယံ မဟာရာဇ၊ ဓမ္မရာဇဿ သာဝကာ။
တဝေဝ အနုကမ္ပာယ၊ ဇမ္ဗုဒီပါ ဣဓာဂတာ။

မဟာရာဇ၊ မြတ်သော မင်းကြီး။ ဓမ္မရာဇဿ၊ တရားမင်း ဖြစ်တော်မူ သော မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သားသာဝက ဖြစ်ကြကုန်သော။ မယံ၊ ငါတို့သည်။ သမဏာ၊ ကိလေသာငြိမ်းသော ရဟန်းတို့ပါပေတည်း။ တဝေဝ-တဝဧဝ၊ သင့်အားသာလျှင်။ အနုကမ္ပာယ၊ အစဉ်သနားစောင့်ရှောက် ရန် အလို့ငှါ။ ဇမ္ဗုဒီပါ၊ ဇမ္ဗူဒိပ်ကျွန်းမှ။ ဣဓ၊ ဤသီဟိုဠ်ကျွန်းသို့။ အာဂတာ၊ ကြွရောက်လာခဲ့ပါကုန်သည်—လို့ အဲဒီလို ပြောလိုက်တော့ ဒေဝါနံ ပိယတိဿမင်းမှာ အသောကမင်းဆီက ပေးထားတဲ့ သန္ဒေသကထာထဲမှာ ပါတဲ့ အကြောင်းအရာတွေကို ပြေးပြီးတော့ သတိရတယ်။— အဲဒီ သန္ဒေသ ကထာထဲမှာ—

အဟံ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော၊
ဥပါသကတ္တံ ဒေသေသိံ၊ သကျပုတ္တဿ သာသနေ။

လို့ဆိုတာတွေကို အာသောကမင်းကြီးက တရားလက်ဆောင် အဖြစ်နှင့် ပေးထားပါတယ်၊ ငါဟာ ဘုရား တရား သံဃာကို ကိုးကွယ်ပြီး နေပါတယ်၊ မြတ်စွာဘုရားသာသနာတော်မှာ ဥပါသကာအဖြစ်ကိုလဲ ပြောကြားပြီးတော့ ဥပါသကာ အဖြစ်လဲ ခံယူနေပါတယ်ဆိုတဲ့ အကြောင်း၊ အဲဒါကလေးကို ပြေးပြီးတော့ သတိရသွားတော့ အော်....မြတ်စွာဘုရားရဲ့တပည့်သားတွေ ဆို တာဟာ ဒီရဟန်းတွေနဲ့ဘဲ တူတယ်၊ အရှင်မြတ်တွေဟာ ငါတို့ထံ ယခု ကြွလာ တာဘဲလို့ ဒီလိုစိတ်ထဲမှာ ဆုံးဖြတ်ပြီးတော့ မိမိစွဲကိုင်ထားတဲ့ လက်နက်များကို ချထားလိုက်တယ်၊ ပြီးတော့ သင့်လျော်သည့် နေရာမှာ ထိုင်လို့ ဝမ်းမြောက် ဝမ်းသာနှင့် အာလာပသလ္လာပ စကားများကို ပြောကြားနေပါတယ်။

ထိုအခိုက်အတန့်မှာ သူ့ရဲ့ အခြွေအရံ ဖြစ်တဲ့ နောက်ပါ ပရိသတ်တွေက လဲ မှီပြီးတော့ ရောက်လာကြပါတယ်၊ ဒီအခါမှာ အရှင်မဟိန္ဒမထေရ်က ဒေဝါနံပိယတိဿမင်းမှာ တရားနာနိုင်လောက်ဘဲ့ ဉာဏ်ပညာရှိမရှိ ဆိုတာကို စုံစမ်းပြီးဘော့ တရားနာနိုင်လောက်ဘဲ့ ဉာဏ်ပညာရှိတယ်လို့ သိရဘဲ့အခါ အဲဒီပရိသဘ်မှာ ရှင်မဟာမဟိန္ဒမထေရ်က စူဠဟတ္ထိပဒေါပမသုတ်ကို ဟော ကြားတော်မူခဲ့ပါတယ်၊ အဲဒီ သုဘ်တရားဘော်၏ အဆုံးမှာ နောက်လိုက် နောက်ပါ လေးသောင်းသော ယောကျ်ားဘို့နှင့်တကွ ဒေဝါနံပိယတိဿမင်း ဟာ သရဏဂုံ သုံးပါး၌ တည်ပါဘယ်ဘဲ့၊ ဥပါသကာ ဖြစ်သွားဘယ်လို့ ဆိုရ မှာပေါ့။

ရှေးရှေး သာသနာပြုရာ ဌာနတွေတုန်းကတော့ တရားနာသည့် အဆုံး မှာ ဓမ္မာဘိသမယဖြစ်တယ်၊ ဓမ္မစက္ခုရတယ်ဆိုတာကို ပြောပါတယ်၊ ယခု ဌာနမှာတော့ အဲဒီထိအောင် မရောက်သေးပါဘူး၊ သရဏဂုံ သုံးပါးတည်တဲ့ ဥပါသကာ ဖြစ်ရုံလောက်ဘဲ ရှိပါသေးတယ်။

အဲဒီကနောက် ပြန်ခါနီးကျတော့ မထေရ်ဘွေကို အနုရာဓမြို့သို့ လိုက် ကြွဘိ ပင့်ပါတယ်၊ အရှင်မြဘ်ဘွေက မလိုက်ဘူးလို့ ပြောဘော့ကာ မထေရ် မြတ်တွေနှင့် အတူပါလာတဲ့ ဥပါသကာ ကျောင်းသားကလေးကို ဒီဂူငယ် ကလေးဘော့ဖြင့် ဒီဘောထဲမှာနေလို့ မတော်ဘူးလို့ ယူဆပြီးတော့ ဒီဘဏ္ဍုက ဆိုတဲ့ သူငယ်ကလေးကိုတော့ မြို့ထဲသို့ ထည့်လိုက်ပါလို့ လျှောက်ထား တောင်းပန်ပါတယ်။

ဒီတော့ အရှင်မဟိန္ဒက ဒီသူငယ်ကလေးလဲ မဂ်ဖိုလ်တရားနှင့် ပြည့်စုံပြီးသား ပုဂ္ဂိုလ် ဖြစ်ပါတယ်၊ သူ့ကို မကြာခင်ဘဲ ရှင်သုမနလို သင်္ကန်းဝတ် ရှင်ပြုပေးရမယ်လို့ ပြောကြားပြီးဘော့ ဒေဝါနံပိယတိဿမင်း ပြန်သွားတဲ့ နောက်မှာ ဘဏ္ဍုက သူငယ်ကို ရှင်ပြုပေးပါတယ်။

## ကျောင်းသားနှင့် သာမဏေ

ဒီ ဘဏ္ဍုက သူငယ်ကလေးနှင့် သာမဏေကလေး ရှင်သုမနတို့ကို အတူ ခေါ်ဆောင်လာခဲ့တာဟာ မူလကတည်းက ရည်ရွယ်ချက်နှင့် ခေါ်လာခဲ့ခြင်း ဖြစ်ပါတယ်၊ သာသနာမရှိသေးတဲ့အရပ်မှာ ရှင်ရဟန်းတွေဟာ ဘယ်က ဖြစ်လာတယ်၊ ဘယ်လိုဖြစ်လာတယ် ဆိုတာကို အခြေအမြစ်ကစပြီး လက်တွေ့ သိအောင် ပြဘို့လိုပါတယ်၊ ဘဏ္ဍုကလို လူဝတ်ကဘဲ ရှင်သာမဏေ ဖြစ်လာ တယ်၊ ရှင်သာမဏေကဘဲ ရဟန်းဖြစ်လာတယ် ဆိုတာကို အထူးမပြောရဘဲနဲ့ ရိပ်မိပြီး သိနားလည်သွားအောင်လို့ ယခုလို ခေါ်လာခဲ့ခြင်း ဖြစ်ပါတယ်ပဲ့။

အဲဒီနေ့ ညဥ့်အချိန် ကာလကျတော့ အရှင်မဟိန္ဒမထေရ်က သုမဏ သာမဏေကို နတ်တွေအား တရားနာ အဘိတ်ခိုင်းပါတယ်၊ သုမဏသာမဏေ က တောင်ထိပ်ပေါ်ကနေပြီး အဘိညာဉ်ဖြင့် အသံချဲ့ကာ နတ်တွေကို ကြွေး ကြော်ဘိတ်မန်လိုက်ပါတယ်။ ဒီလို ဘိတ်မန်ပြီးတော့ အရှင်မဟိန္ဒမထေရ်က နတ်အပေါင်းတို့အား သမစိတ္တသုတ္တန်ဆိုတဲ့ တရားတော်ကြီးကို ဟောကြား တော်မူပါတယ်၊ မရေမတွက်နိုင်သော နတ်တွေ အကျွတ်တရား ရကြတယ်လို့ ဖော်ပြထားပါတယ်။

နောက်တနေ့မှာ အနုရာဓမြို့ နန်းတော်တွင်းမှာ ဆွမ်းဘုဉ်းပေးပြီးတော့ ပေတဝတ္ထု ဝိမာနဝတ္ထုနှင့် သစ္စသံယုတ်များကို ဟောကြားပါတယ်၊ အဲဒီ အခါမှာ လာရောက်ပြီးတော့ တရားနာကြတဲ့ အနုဠာဒေဝီ အမှူးရှိတဲ့ နန်းတွင်းသူ အမျိုးသမီး ငါးရာ သောတာပတ္တိဖိုလ်မှာ တည်ကြတယ်လို့ ဆိုပါ တယ်၊ အနုဠာဒေဝီ ဆိုတာက ဘုရင်မင်းမြတ် ညီတော်ရဲ့ မိဖုရား ဖြစ်ပါတယ်။

အဲဒီက တရားဟောပြီးတဲ့ အခါမှာ မထေရ်မြတ်တော့ကို ဖူးမျှော်ချင်လို့ လာကြတဲ့ မြို့သူ မြို့သားတွေက အလွန်များလာလို့ နေရာမဆန့်တာနှင့် ဆင် တင်းကုပ်မှာ နေရာခင်းကျင်းပေးရပါတယ်၊ အဲဒီမှာ ဒေဝဒူတသုတ္တန်ကြီးကို

ဟောတော့ လူပေါင်း တထောင် သောတာပန် ဖြစ်ကြတယ်လို့ ဆိုပါတယ်၊ အဲဒီနေရာကလဲ ကျဉ်းသေးတယ် ဆိုပြီးတော့ မြို့တောင်တံခါး၀ နန္ဒ၀န် ဥယျာဉ်မှာလဲ နေရာပြင်ပြီး ပေးပါတယ်၊ အဲဒီမှာ အာသီဝိသောပမသုတ်ကြီး ကို ဟောပါတယ်၊ ပုဂ္ဂိုလ်ပေါင်း တထောင် သောတာပန် ဖြစ်တယ်လို့ ဆို ပါတယ်။

## မဟာဝိဟာရကျောင်းတိုက်

အဲဒီကနောက် အချိန်ကုန်သွားလို့ မထေရ်များက မိဿကတောင်ကိုဘဲ ပြန်ကြွသွားမည်ပြုတဲ့အခါမှာ ထိုဥယျာဉ်ထဲမှာဘဲ သီတင်းသုံးဘို့ လျှောက် ထားပါဘယ်၊ မထေရ်များကလဲ မြို့နှင့်စပ်နေတဲ့ နန္ဒ၀န် ဥယျာဉ်မှာ သီတင်း မသုံးလိုကြပဲ့အတွက် မြို့နှင့် မနီးမဝေးဖြစ်တဲ့ မေဃ၀န် ဥယျာဉ်ကြီးမှာ ထိုညဉ့်အဘို့ သီတင်းသုံးစေပြီးတော့ နောက်နေ့နံနက်မှာ ထိုဥယျာဉ်ကြီးကို ကျောင်းဘိုက် အဖြစ် လှူဒါန်းလိုက်ပါတယ်၊ အဲဒီကျောင်းဘိုက်ကို နောက် ကာလမှာ မဟာဝိဟာရကျောင်းတိုက်လို့ ခေါ်ပွင်ကြပါတယ်၊ မဟာဝင် ကျမ်းများမှာ "အနုဠာဒေဝီ အမှူးရှိတဲ့ နန်းတွင်းသူ ငါးရာဟာ အဲဒီမေဃ၀န် ဥယျာဉ်သိ လာရောက်ပြီး ကန်တော့ကြတဲ့အခါ တရားနာရလို့ သကာဒါဂါမိ ဖိုလ်၌ တည်ကြတယ်"လို့ လဲ ပြဆိုထားပါတယ်၊ နောက်နေ့မှာလဲ နန္ဒ၀န် ဥယျာဉ်မှာဘဲ အနမတဂ္ဂိယသုတ်ကို ဟောပါတယ်၊ နောက်တနေ့မှာ အဂ္ဂိ ခန္ဓောပမသုတ်ကို ဟောပါတယ်၊ ဒီလို ခုနစ်ရက်ဘိုင်ပိုင် ရက်ဆက် ဟော ပါတယ်၊ အဲဒီမှာ အကျွတ်တရားရတဲ့ ပုဂ္ဂိုလ်တွေ (အစုနဝမာနံ ပါဏ သဟဿာနံ)ရှစ်ထောင်နှင့် ငါးရာသော ပုဂ္ဂိုလ်တွေ မဂ်ဖိုလ် အကျွတ်တရား ထူးကို ရတယ်လို့ ဆိုပါတယ်။

အဲဒီကနောက် ဝါဆိုခါနီးကျတော့ကာ အရိဋ္ဌအမည်ရှိတဲ့ အမတ် နှင့် တကွ ငါးဆယ့် ငါးဦးသော ညီနောင်တွေက ရဟန်းပြုချင်ပဲ့အတွက် ဒေဝါနံပိယတိဿမင်းထံ ခွင့်တောင်းပြီးတော့ ရဟန်းပြုကြပါတယ်၊ အဲဒီ ၅၅-ဦးဟာ ရဟန်းပြုဘို့ရန် ခေါင်းရိတ်တုန်းမှာဘဲ အရဟတ္တဖိုလ်သို့ရောက်ရှိ သွားကြပါတယ်တဲ့၊ အဲဒီနှစ်က ဇမ္ဗူဒိပ်မှ ကြွလာတာက ခုနစ်ပါး၊ သီဟိုဠ် တိုင်းရင်းသား ရဟန်းက ငါးဆယ့်ငါးပါး ပေါင်း ရဟန္တာပုဂ္ဂိုလ် ခြောက်ဆယ့် နှစ်ပါး အဲဒီဝါမှာ ဝါကပ်ပြီး သီတင်းသုံးကြတယ်လို့ ဆိုပါတယ်။

## ထူပါရုံစေတီတော်ကြီး

ဝါကျွတ်တဲ့ အခါကျတော့ အရှင်မဟိန္ဒမထေရ်က စေတီတည်ဘို့ရန် ညွှန်ကြားလို့ ဒေဝါနံပိယတိဿမင်းက ဓာတ်တော်ကို ဘယ်ကရပါ့မလဲလို့ လျှောက်တဲ့အခါမှာ ဓာတ်တော်များ ရဘို့ရန်ကို ရှင်မဟိန္ဒမထေရ်က ညွှန်ကြားပြီးတော့ သုမနသာမဏေကို အသောကမင်းကြီးထံ စေလွှတ်ပြီး အသောကမင်းကြီးထံက ဓာတ်တော်များ ပင့်ဆောင်ခဲ့ပါတယ်၊ တာဝတိံသာ နတ်ပြည် သိကြားမင်းထံ စေလွှတ်ပြီး သိကြားမင်းထံက လကျာ ညှပ်ရိုးတော်ကိုလဲ ပင့်ဆောင်ခဲ့ပါတယ်၊ အဲဒီဓာတ်တော်များနှင့် ညှပ်ရိုးတော်ကို ဌာပနာပြီး ထူပါရာမ စေတီတော်ကို တည်ကြပါတယ်၊ အဲဒီ ထူပါရာမ စေတီတော်ဟာ သီဟိုဠ်ကျွန်းမှာ ပဌမဆုံး စ၍ တည်ဘဲ့ စေတီတော် ဖြစ်ပါတယ်၊ အနုရာဓမြို့မှာ ယခုထက်ဘိုင် ထင်ရှားရှိနေပါတယ်။

အဲဒီ စေတီတော်တည်တဲ့ အခါကာလမှာလဲ ဓာတ်တော်တွေရဲ့ တန်ခိုးပြာဋိဟာတွေ မြင်ရလို့ သဒ္ဓါကြည်ညိုဖြစ်ပြီးတော့ အဘယ ဆိုတဲ့ မင်းသားဟာ နောက်လိုက် နောက်ပါ ယောကျာ်း တထောင်နှင့်တကွ ရှင်ရဟန်းပြုပါတယ်၊ နောက် ဒိပြင် ပုဂ္ဂိုလ်တွေလဲ ထွက်ပြီးတော့ အဲဒီအခါဘုန်းက ရဟန်းပြုကြပါတယ်၊ အားလုံး စုစုပေါင်း ဆိုယင်ဖြင့် မြို့တွင်း မြို့ပြင် ရဟန်းပြုကြတဲ့ ပုဂ္ဂိုလ်တွေ သုံးသောင်းရှိတယ်လို့ ဆိုပါတယ်။

## ဘိက္ခုနီသာသနာ

နောက်ကာလမှာ အနုဋ္ဌာအမူးရှိတဲ့ အမျိုးသမီးတွေက သူတို့လဲ ရဟန်းပြုချင်ပါတယ်လို့ ပြောတော့ ဒေဝါနံပိယတိဿမင်းက ထိုအကြောင်းကို အရှင်မဟိန္ဒမထေရ်အား လျှောက်ကြားပါတယ်၊ ဒါကြောင့် မထေရ်မြတ်က နှစ်မတော်ဖြစ်တဲ့ သင်္ဃမိတ္တာထေရီမကို ပင့်ဆောင်ဘို့ရန် ခိုင်းပါတယ်၊ အဲဒီလို ပင့်ဆောင်တဲ့အခါမှာ ဗောဓိပင်ကိုလဲ ပင့်ဆောင်လာဘို့ရန် မိန့်မှာလိုက်ပါတယ်၊ ဒါကြောင့် သင်္ဃမိတ္တာထေရီမ သီဟိုဠ်ကို ကြွလာတဲ့အခါမှာ အသောကမင်းကြီးက မိမိကူးယူထားတဲ့ ဒက္ခိဏသာခါ ဗောဓိပင်ရဲ့ တောင်ကိုင်း အပင်ငယ်ကိုလဲ ပေးလိုက်ပါတယ်၊ ထေရီမလဲ အဲဒီဗောဓိပင်ကိုပါ ပင့်ဆောင်ပြီး သီဟိုဠ်ကျွန်းသို့ ကြွလာခဲ့ပါတယ်၊ အချိန်ကာလကတော့ နတ်တော်လဆန်းမှာလို့ ပြဆိုထားပါတယ်။

အဲဒီကရောက်လာလို့ ဗောဓိပင်ကိုလဲ စိုက်ပျိုးပြီးတဲ့အခါကာလမှာ အနုဠာဒေဝီအမှူးရှိတဲ့ အမျိုးသမီးတွေဟာလဲ ရဟန်းပြုကြပါတယ်၊ ရဟန်းပြုပြီးလို့ ဘိက္ခုနီတွေလဲ ပြည့်စုံသွားပါတယ်။

ပြီးတော့ကာ သင်္ဃမိတ္တာထေရီမကို သွားပြီးတော့ ပင့်တဲ့ ဒေဝါနံပိယတိဿမင်းရဲ့တူ အရိဋ္ဌမည်တဲ့ မင်းသားနှင့်တကွ ငါးရာသော ပုဂ္ဂိုလ်တွေလဲ အရှင်မဟိန္ဒထံမှာ ရဟန်းပြုကြပါတယ်။

## မဟာစေတီတည်မည့်နေရာ

အဲဒီလို ရဟန်းပြုပြီးတဲ့ နောက် တနေ့သော အခါကာလ၌ ဒေဝါနံပိယတိဿမင်းဟာ ဗောဓိပင်ကို ရှိခိုးပြီးတော့ မဟိန္ဒမထေရ်နှင့် အတူတကွ ထုပါရုံစေတီကို သွားပါတယ်၊ ထိုသို့သွားတဲ့ အခါကာလမှာ **လောဟပါသာဒ**[၁] တည်ရာ ဌာနမှာ ပန်းပူဇော်ခဲ့ပါတယ်၊ ပြီးတော့ **အမ္ဗင်္ဂဏ**[၂] မည်တဲ့ နေရာဌာနမှာလဲ သရက်ပင် စိုက်ခဲ့ပါတယ်၊ ပြီးတော့ မဟာစေတီ တည်မည့် နေရာဌာနရောက်တော့ တန်ခိုးပြာဋိဟာတွေကို တွေ့ရလို့ အကြောင်းကို မေးမြန်းတဲ့အတွက် အဲဒီနေရာမှာ နောင်ကာလကျတော့ မြေးတော်ဖြစ်တဲ့ ဒုဋ္ဌဂါမဏိမင်းက မဟာစေတီကြီး တည်ထားပူဇော်မည့်အကြောင်းကို မထေရ်မြတ်က မိန့်ကြားတော်မူပါတယ်၊ အဲဒီနေရာမှာ ထိုအကြောင်းကို ရေးထုပြီး ကျောက်တိုင် စိုက်ထူစေပြီးတော့ ဒေဝါနံပိယတိဿမင်းက အရှင်မဟိန္ဒမထေရ်ကို ဒီလို မေးမြန်းလျှောက်ထားပါတယ်။

## သာသနာအမြစ်တွယ်မှု

ဒီသီဟိုဠ်ကျွန်းမှာ ယခု မထေရ်မြတ်တွေလဲ ရောက်လာကြတယ်၊ တရားလဲဟောတယ်၊ တရားလဲ နာကြတယ်၊ တရားသိတဲ့ပုဂ္ဂိုလ်တွေလဲ ရှိတယ်၊ ရဟန်းပြုတဲ့ပုဂ္ဂိုလ်တွေလဲ ရှိတယ်၊ စေတီတော်လဲ တည်ပြီးပြီ၊ ဗောဓိပင်လဲ စိုက်ပြီးပြီ ဆိုတော့ မြတ်စွာဘုရား၏ သာသနာတော်ဟာ သီဟိုဠ်ကျွန်းမှာ တည်ပါပြီလားဘုရား ဟု အဲဒီလို လျှောက်ထားပါတယ်။

---

၁။ လောဟပါသာဒ-ကြေးပြာသာဒ် အဆောက်အဦ။

၂။ အမ္ဗင်္ဂဏ-သရက်ပင်ရောက်ရာ ကွင်း။ သံဃာတော်များ၏ စုရုံးရာဌာန။

ဒီတော့ အရှင်မဟိန္ဒမထေရ်က မြတ်သော မင်းကြီး....မြတ်စွာဘုရား ဘုရား၏ သာသနာမှာ တည်တော့ တည်ပါပြီ၊ ဒါပေမယ်လို သာသနာတော် အမြစ်ကတော့ မစွဲသေးဘူးလို့ အမိန့်ရှိပါတယ်။

ဘယ်လိုမှ အမြစ်စွဲပါသလဲ ဘုရားလို့ မေးလျှောက်ပြန်တော့၊ မင်းကြီး.... အမြစ်စွဲတာကတော့ သီဟိုဠ်ကျွန်းမှာ မွေးဖွါးတဲ့ မိဘတွေရဲ့ သားဖြစ်တဲ့ ပုဂ္ဂိုလ်က သီဟိုဠ်ကျွန်းမှာဘဲ ရဟန်းပြု၊ သီဟိုဠ်ကျွန်းမှာဘဲ ဝိနည်းကိုသင်၊ ပြီးတော့ သီဟိုဠ်ကျွန်းသား ရဟန်းတွေကို သူကဘဲ ဝိနည်းကို ပို့ချပေးလို့ ရှိလျှင် အဲဒါဟာ သာသနာ အမြစ်စွဲတာဘဲလို့ အမိန့်ရှိပါတယ်။

ဒါဖြင့် ဒီလို ပို့ချပေးနိုင်မည့် ရဟန်းများ ရှိပါသလား ဘုရားလို့ မေးလျှောက်ပြန်တော့ ဟာ- ရှိပါတယ်၊ မဟာအရိဋ္ဌဆိုဘဲ့ ပဌမဆုံး ရဟန်းပြုတဲ့ ရဟန်းတော် ရှိပါတယ်၊ သူစွမ်းနိုင်ပါဘယ်လို အမိန့်ရှိပါတယ်။

ဒါဖြင့် ဘာလုပ်ရမည်နည်း ဟု လျှောက်ပြန်တော့ တရားမဏ္ဍပ်ထိုးဘို့ရန် ခိုင်းတဲ့အတွက် တရားမဏ္ဍပ်ထိုးပါဘယ်။

အဲသည် တရားမဏ္ဍပ်မှာ ရဟန်းသံဃာတွေ အကုန်လုံး စုဝေးပြီးတော့ အရှင်မဟိန္ဒမထေရ်၏ ဟိုက်ဘွန်းချက်အရ မဟာအရိဋ္ဌမထေရ်က တရားပလ္လင် ပေါ်မှာ သီတင်းသုံး ထိုင်နေပါတယ်၊ ထို့နောက် မင်းရဲ့ ညီတော် ဖြစ်တဲ့ အဘယမထေရ် အမှူးရှိဘဲ့ ရဟန်းသစ်ဘော့ကလဲ ဝိနည်းကို သင်ယူဘို့ရန် မဟာအရိဋ္ဌမထေရ်ကြီးကို ဝိုင်းရံပြီး အဆင်သင့် ထိုင်နေကြပါဘယ်။

ထိုအခါကာလမှာ အရှင်မဟာအရိဋ္ဌမထေရ်က ဝိနည်းကို ပို့ချပါတယ်၊ ဘယ်လိုပို့ချပါသလဲဆိုတော့—

တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဉ္စာယံ ဝိဟရတိ နဠေရုပုစိ မန္ဒမူလေ။

ထိုစဉ်အခါကာလ၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သစ္စာလေးပါးတရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားသခင် သည် ဝေရဉ္စာမြို့၌ နဠေရုမည်သော ဘီလူးသည် လွှမ်းမိုးသိမ်းဆည်းအပ်သော တမာပင်ရင်း၌ သီတင်းသုံးနေတော်မူပါသည်။

ဤသို့ စသည်ဖြင့် မဟာအရိဋ္ဌမထေရ်က ရွတ်ကချပေး၊ အဘယမထေရ် အမှူးရှိတဲ့ ဝိနည်းသင်တဲ့ ရဟန်းတော်တွေက နောက်ကလိုက်ဆိုကြပါတယ်၊ ဟိုတုန်းကတော့ စာအုပ်တွေ ပေစာတွေက ရှိတာမဟုတ်သေးဘူး၊ ဆရာက ရွတ်ကဆိုပြ၊ တပည့်က နောက်ကလိုက်၊ ဒီလို သင်ရတာဘဲ၊ အဲဒီလို သင်ပေးတာဟာ သာသနာတော် အပြည့်အစုံ အမြစ်ပါ စွဲသွားတာပါဘဲတဲ့။

အဲဒါဟာ ဘယ်နေ့တုံးဆိုတော့ ကတ္တိကပဝါရဏာဒိဝသေ-သီတင်းကျွတ် လပြည့်နေ့မှာလို့ ဆိုထားပါတယ်၊ အဲဒီတော့ ရှေးက ဗောဓိပင် ပင့်လာတာကို နတ်တော်လဆန်းလို ဆိုခဲ့ပါတယ်၊ ယခု ပဌမကတ္တိက ပဝါရဏာနေ့ သီတင်းကျွတ် လပြည့်နေ့လို့ ဆိုပြန်တော့ သီဟိုဠ်မှာ ဒုတိယဝါကျွတ်တဲ့ နောက်တနှစ် ဖြစ်ပါလိမ့်မည်။

အဲဒီနည်းဖြင့် သီဟိုဠ်ကျွန်းမှာ သာသနာ တည်ခဲ့ပါတယ်တဲ့၊ သာသနာ တည်ပြီးတော့ အဲဒီမထေရ်မြတ်တွေက ဆက်လက်ပြီးသကာလ တိဿဒတ္တ မထေရ်မှ သီဝမထေရ်တိုင်အောင် ရှေးကပြခဲ့ပြီး ဖြစ်ဘဲ့ ၂၇-ပါးသော မထေရ် တွေဟာ ဝိနည်းကို အဆက်ဆက် သင်ယူ ဆောင်ရွက်ခဲ့ပါတယ်တဲ့။

အဲဒီပုဂ္ဂိုလ်တွေက နောက်မှာ အဋ္ဌကထာ ဆရာများ လက်ထက်တိုင် အောင်လဲ ဆရာစဉ်မပျက် မထေရ်အဆက်ဆက် ဆောင်ရွက်ပြီးတော့ လာခဲ့ ပါတယ်၊ အဲဒါဟာ အဋ္ဌကထာ ဆရာများ လက်ထက်က မကနာဘက်— ဒီဝိနည်းကို ဘယ်သူဆောင်လာခဲ့ပါသလဲဆိုဘဲ့ ပြဿနာကို ရှင်းလင်းချက် အပြီးအဆုံးပါဘဲ။

ယခုကာလကနေပြီး ပြောရမယ်ဆိုယင်တော့ ယခု ထေရဝါဒ ငါးနိုင်ငံ မှာရှိတဲ့ ဝိနည်းကို တတ်ကျွမ်းပြီးနေတဲ့ ရဟန်းတော်တွေတိုင်အောင် အစဉ် အဆက် ဆောင်ရွက်လာတယ်လို့ ပြောရမှာပါဘဲ။

ဘယ်မှာ တည်သလဲလို့ဆိုတော့ကာ အဲဒီဝိနည်းကို အကုန်လုံး ပါဠိ အားဖြင့်ရှင်း အနက်အားဖြင့်ရှင်း အယုတ်အလိုမရှိအောင် ပြည့်ပြည့်စုံစုံ ဆောင်ထားနိုင်တဲ့ သတိ ပညာ လဇ္ဇီ ဝီရိယ ပြည့်စုံနေတဲ့ လဇ္ဇီပုဂ္ဂိုလ် ကုက္ကုစ္စကပုဂ္ဂိုလ် သိက္ခာကာမ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ တည်တယ်ဆိုတာကို ဖော်ပြပါတယ်။

သို့ဖြစ်၍ ထိုဝိနည်း သာသနာတော်ကြီး တည်တံ့စေခြင်း အကျိုးငှါ ဝိနည်းသင်ခြင်း၏အကျိုး အာနိသင်များကို မှတ်သားပြီးတော့ သိက္ခာသုံးပါးကို လိုကားတဲ့ ရဟန်းသည် ဝိနည်း ပိဋက, ဝိနည်းတရားတော်ကို သင်ယူသင့်ပါတယ် ဆိုတဲ့ ဩဝါဒကလေးကိုလဲ ဒီအဋ္ဌကထာမှာ နောက်ဆုံးသတ်အနေဖြင့် ပြသွားပါတယ်။

သည်တိုင်အောင်သော စကားရပ်ဖြင့် သမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာမှာ ဗာဟိရနိဒါနကထာ အတွင်း ပါဝင်တဲ့ စကားများကို စီစစ်လျှောက်ထားလို့ ပြီးပါပြီဘုရား။

သီဟိုဠ်သာသနာပြုအဖွဲ့ ပြီး၏

# အဇ္ဈတ္တိကနိဒါန်း

ဒီနေ့တော့ သမန္တပါကာဒိကာ ဝိနည်း အဋ္ဌကထာ အဇ္ဈတ္တိကနိဒါန်း ဝေရဥ္စကဏ္ဍအဖွင့် အစက စပြီး ပြောဘို့ရန် အလှည့်ကျနေပါသည် ဘုရား။

ဝေရဥ္စကဏ္ဍမှာ "တေနသမယေန ဗုဒ္ဓေါ ဘဂဝါ ဝေရဥ္စာယံ ဝိဟရတိ" အစရှိသည်ဖြင့် ပါဠိတော်မှာ ရှိနေတဲ့ ပုဒ်စဉ်အတိုင်း ဒီအဋ္ဌကထာမှာ တေန သမယေနကို ရှေးဦးစွာ ဖွင့်ပါတယ်၊ ဗုဒ္ဓေါဘဂဝါကို ဖွင့်ဘို့အလှည့် ရောက်တော့ နောက်နားကျလျှင် အရဟံ အစရှိတဲ့ ဂုဏ်တော် ၉-ပါးကို ဖွင့်ရာမှာ ဒီဗုဒ္ဓေါဘဂဝါ ၂-ပုဒ်ကိုလဲ ဖွင့်ရဦးမှာဖြစ်တဲ့အတွက် အဲဒီကျမှဘဲ ဖွင့်တော့မယ်ဆိုပြီးတော့ ဒီ ၂-ပုဒ်၏ အဖွင့်ကို ဒီနေရာမှာ မပြသေးဘဲ ချွင်းချန် ထားခဲ့ပါတယ်၊ ထိုနောက် ဝေရဥ္စာယံ ဝိဟရတိ နဠေရုပုစိမန္ဒမူလေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ဆိုတဲ့ ဒီပုဒ်များကို အစဉ် အတိုင်း ဖွင့်သွားပြန်ပါတယ်။

အဲဒီနောက်လဲ အဿောသိ ခေါ ဝေရဥ္စော ဗြာဟ္မဏော သမဏော ခလု ဘော ဂေါတမော သကျပုတ္တော သကျကုလာ ပဗ္ဗဇိတော တိုင်အောင် အစဉ် အတိုင်း ဖွင့်ပြီးတော့ အဲဒီရဲ့နောက်နားမှာ ရှေ့နားက အတိုင်းပင် ထပ် လာပြန်တဲ့ ဝေရဥ္စာယံ ဝိဟရတိ။ပ။ ဘိက္ခုသတေဟိ ဆိုတဲ့ပုဒ်များကိုတော့ တတော ပရံ ဝုတ္တတ္ထမေဝ - အဲဒီကနောက် ပုဒ်များ၏ အနက်ကို ရှေ့နားက ဖွင့်ခဲ့ပါပြီလို့ ညွှန်းရုံသာညွှန်းပြီးတော့ နောက်ထပ် မဖွင့်ဘဲ ချွင်းချန်ထားခဲ့ ပါတယ်။

## အဋ္ဌကထာသစ်၏ဂုဏ်ရည်

ရှေး အဋ္ဌကထာတွေမှာတော့ ဒီလိုထပ်နေတဲ့ ပုဒ်တွေလဲဘဲ တွေ့တိုင်း တွေ့တိုင်း ဖွင့်တယ်လို့ ဆိုပါတယ်၊ ဒီအဋ္ဌကထာမှာ ဒီလိုပုဒ် တွေ့တိုင်း တွေ့တိုင်း မဖွင့်ဘဲနှင့် ဖွင့်ပြီးသားဘွေကို ပြန်ညွှန်းပြီးတော့ မဖွင့်ရသေးတဲ့ ပုဒ်သစ်ဘွေကိုသာ ဖွင့်သွားသည့်အတွက် ဒီကဋ္ဌကထာကို သင်္ဂဟအဋ္ဌကထာ- အဋ္ဌကထာကျဉ်းလို့ ခေါ်ဝေါ်သုံးစွဲနေကြပါတယ်၊ ဒီလို ချုံးပြီးဖွင့်သွား တာဟာ ဒီအဋ္ဌကထာသစ်၏ ဂုဏ်ထူးတရပ် ဖြစ်ပါတယ်။

အဲဒီကနောက် တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော ဆိုတဲ့ ပုဒ်များကို အစဉ်အတိုင်း ဖွင့်သွားပြန်ပါတယ်၊ ဖွင့်ပုံကတော့ တံ ခေါ ပန ဘဂဝန္တံ ဂေါတမံ၊ထိုအရှင်ဂေါတမ၏။ကလျာဏော၊ ကောင်းမြတ်သော။ကိတ္တိသဒ္ဒေါ၊ ချီးမွမ်းအံ့ဩ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂတော၊ မဆန့်ဘဝဂ် ပျံ့နှံ့၍ တက်၏-ဆိုတဲ့ စကားရပ်မှာ ပျံ့နှံ့၍ တက်ပုံ အာကာရကို ဣတိ ပိသော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော် ကိုးပါး, ဂုဏ်တော်ဆယ်ပါး ကိုပြတဲ့ ပုဒ်တွေဟာ ပါဠိတော်မှာ တိုက်ရိုက် ရှိနေပါတယ်၊ အဲဒီပုဒ်တွေကို ဒီမှာအစဉ်အတိုင်း ဖွင့်သွားပါတယ်။

ဒီနေရာမှာ ထူးခြားတာကတော့ ရှေးအဋ္ဌကထာတွေမှာ ဆိုယင် ဒီစကားတွေက သုတ္တန်ပိဋက က လာတဲ့ စကားတွေ၊ သုတ္တန် အဋ္ဌကထာနှင့် ဆိုင်တဲ့ စကားတွေဆိုပြီးတော့ မဖွင့်ဘဲနှင့် ချင်းချန်ထားခဲ့ပါတယ်၊ ယခုဒီအဋ္ဌကထာမှာတော့ ဂန္ထာရမ္ဘစကားကတည်းက သုတ္တန်ပိဋက ကလာတဲ့ စကားတွေလဲဘဲ သုတ္တန်အားလျော်စွာ ဖွင့်သွားမည်လို့ ပြထားခဲ့ပါဘယ်၊ အဲဒီလိုပြခဲ့တဲ့ အတိုင်း ဒီမှာ ဖွင့်ပြသွားပါတယ်။ ဖွင့်ပြပုံကဘော့ —

ဣဒါနိ၊ ယခုအခါကာလ၌။ ဝိနယဓရာနံ၊ဝိနည်းဓိုရ်ပုဂ္ဂိုလ် ဝိနည်းဆောင်ပုဂ္ဂိုလ်တို့အား။ သုတ္တန္တနယကောသလ္လတ္ထံ၊ သုတ္တန်နည်း၌ လိမ်မာကျွမ်းကျင်စေခြင်း အကျိုးငှါငှါ။ ဝိနည်းဆောင်တဲ့ ပုဂ္ဂိုလ်တွေ သုတ္တန်နည်းနယတွေမှာ ကျွမ်းကျင်ဘို့ နားလယ်ဘို့ တတ်သိဘို့ရန်အတွက် ဖွင့်ပြဦးမယ်လို့ ဆိုလိုပါတယ်။

ဝိနယသံဝဏ္ဏနာရမ္ဘေ၊ ဝိနည်းသံဝဏ္ဏနာ ဝိနည်းအဋ္ဌကထာ၏ အစ၌။ ဗုဒ္ဓဂုဏပဋိသံယုတ္တာယ၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးနှင့် စပ်ဆိုင်သော။ ဓမ္မိယာကထာယ၊ တရားစကားဖြင့်။ စိတ္တသမ္ပဟံသနတ္ထဉ္စ၊ စိတ်ကိုရွှင်လန်းစေခြင်း အကျိုးငှါငှါ။ ဝိနည်းဆောင် ပုဂ္ဂိုလ်ဘွေ ဝိနည်းကို သင်ကြား လေ့ကျက်နေတဲ့ ပုဂ္ဂိုလ်တွေမှာ အဋ္ဌကထာ၏ အစ၌ ဘုရားဂုဏ်တွေနှင့် စပ်တဲ့ တရားစကားတွေ အဖွင့်တွေကို လေ့လာရလို့ ရှိလျှင် မြတ်စွာဘုရား၏ ဂုဏ်၌ စိတ်ရောက်ပြီးတော့ စိတ်ကြည်လင် ရွှင်လန်းခြင်း အကျိုးရှိပါလိမ့်မည်တဲ့၊ အဲဒီအတွက်လဲဘဲ ဒီပုဒ်တွေကို ဖွင့်တယ်လို့ ဆိုပါတယ်။

ဝေတေသံ ပဒါနံ၊ ထိုအရဟံအစရှိသော ပုဒ်တို့၏။ ဝဏ္ဏနံ၊ အဖွင့်ကို။ ဝတ္တုကာရနယေန၊ အကျယ်နည်းအားဖြင့်။ ကရိဿာမိ၊ ပြုပေအံ့။ ဖွင့်သင့် ဖွင့်ထိုက်သဲ့အတိုင်း အကျယ်တဝင့် အပြည့်အစုံ ဖွင့်သွားပါမယ်လို့ ပဋိညာဉ် ဝန်ခံပြီးတော့ အဲဒီပုဒ်တွေကို ဖွင့်သွားပါတယ်။

ဒီပုဒ်တွေဟာ အချိန်ရမယ်ဆိုလို့ရှိလျှင် သူဖွင့်ထားတဲ့အတိုင်းဘဲ တပုဒ် ချင်း နေ့စဉ်ပြောသွားမယ်ဆိုလျှင် သိပ်ကောင်းမှာဘဲ၊ ဒါပေမယ်လို့ ဝိနည်း အဋ္ဌကထာ ပြောဘို့အလှည့်ကကုန်ခါနီးဖြစ်နေတော့ ဒီကနေ့တရက်လောက် ဘဲ ဒီမှာပြောပြီး၊ နောက်ရက်တွေကျတော့ သက်ဆိုင်ရာ ဝိနည်းစကားများ ကိုလဲ နည်းနည်းပါးပါးပြောဘို့ရာ လိုနေပါတယ်၊ ဒါကြောင့် ပြောသင့်တဲ့ စကားတွေကို နောက်ရက်တွေမှာ ပြောသွားရပါလိမ့်မယ်။

## အရဟံဂုဏ်တော် ငါးနည်း

ရှေးဦးစွာ ဣတိပိ သော ဘဂဝါ အရဟံ ဆိုတဲ့ ဂုဏ်တော်ကိုးပါးထဲက အရဟံဆိုတဲ့ ရှေးဦးဆုံး ပုဒ်ကလေးကို ပြောကြားပါမယ်ဘုရား။

အဲဒီ အရဟံ ဆိုဘဲ ပုဒ်ကို အဋ္ဌကထာ ဆရာက ငါးနည်းဖွင့်ပြထားပါ တယ်၊ အရဟံဆိုတဲ့ပုဒ်မှာ အက္ခရာအားဖြင့် အ-ရယ် ရ-ရယ် ဟံ-ရယ် သုံးလုံး ရှိပါတယ်။ အဲဒီမှာ (အရဟံ) လို့ သုံးလုံးလုံး တပေါင်းတည်း ယူတဲ့နည်းက တနည်းပါ၊ ပြီးတော့ အရ-ရှေ့က နှစ်လုံး၊ ဟံ-နောက် တလုံး ဒီလိုခွဲပြီးတော့ (အရ-ဟံ)လို့ ယူတဲ့နည်းက တနည်းပါ၊ ပြီးတော့ အ-တလုံးထည်း ရှေ့က ထားပြီးတော့ ရဟံ ဆိုဘဲ့ နောက်နှစ်သုံးကိုတွဲထားပြီး (အ-ရဟံ)လို့ ယူတဲ့ နည်းက တနည်းပါ၊ ဒီလို အကျဉ်းချုပ်အားဖြင့် သုံးနည်းရှိပါတယ်၊ အဲဒီ သုံးနည်းထဲမှာ အနက်အားဖြင့် အရဟံလို့ တပေါင်းတည်းယူတဲ့နေရာမှာက နှစ်နည်း ရှိပါတယ်၊ အရ-နှင့် ဟံ ခွဲယူတဲ့နေရာကလည်း နှစ်နည်း ရှိပါတယ်၊ ဒါကြောင့် အားလုံးပေါင်းလိုက်လျှင် ငါးနည်းရှိပါတယ်။

မြတ်စွာဘုရားမှာ အရဟံဆိုတဲ့ ဘွဲ့ကို ဘာဖြစ်လို့ ရသလဲ ဆိုတော့ ကိလေသာတို့မှ ကင်းဝေး စင်ကြယ်တော်မူသော ကြောင့် ရပါတယ်တဲ့၊ အရဟံဆိုတာ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာ ဘုရားလို့ ဒီလို ဆိုလိုပါတယ်။

အဲဒါကို အင္ဂုတ္တရ ဆရာဟာ မိမိသဘော မိမိထင်မြင်ချက် အရနှင့် ဖွင့်ထားတာ မဟုတ်ပါဘူး၊ သူ့ရဲ့ မှီရာသာဓကဖြစ်တဲ့ ပါဠိတော် ရှိပါတယ်၊ ဒီပါဠိတော်က မဇ္ဈိမနိကာယ်မှာ မူလပဏ္ဏာသ မဟာအဿပုရသုတ်ပါဘဲ၊ အဲဒီမှာ—

ကထံ စ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ၊ ဘာကြောင့် အရဟံ မည်ပါသလဲ တဲ့၊ ဒီလို မေးခွန်းကလေးနှင့် ထုတ်ပြီးတော့ ဒီလိုဟောကြားထားပါတယ်။

အာရကာဿ ဟောန္တိ အကုသလာ ပါပကာ ဓမ္မာ တဲ့။ အဿ၊ အရဟံ-မည်သော ထိုပုဂ္ဂိုလ်၏ သန္တာန်၌။ ပါပကာ အကုသလာ ဓမ္မာ၊ ယုတ်ညံ့သောသော အကုသိုလ်တရားတို့သည်။ အာရကာ၊ ဝေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရဟံ မည်သော ပုဂ္ဂိုလ်၏ သန္တာန်မှာ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာစိတ် အညစ်အကြေးတွေဟာ ဝေးနေပါတယ်၊ ကင်းနေပါတယ်၊ စင်ကြယ်နေပါတယ်၊ ဒါကြောင့်မို့ အရဟံလို့ ခေါ်ပါတယ်တဲ့၊ ဒါက မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောထားတဲ့ စကားတော်ပါ။

ပြီးတော့ကာ အင်္ဂုတ္တရနိကာယ်မှာလဲ သတ္တင်္ဂုတ္တရပါဠိတော်မှာ အလားတူဘဲ ဟောထားတာ ရှိပြန်ပါတယ်။ သတ္တာနံ ဓမ္မာနံ အာရကတ္တာ အရဟာ ဟောတိ တဲ့။ သတ္တာနံ၊ ခုနစ်ပါးကုန်သော။ ဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ အာရကတ္တာ၊ ဝေးကွာစင်ကြယ်သည်၏ အဖြစ်ကြောင့်။ အရဟာ၊ ရဟန္တာပုဂ္ဂိုလ်မည်သည်။ ဝါ၊ အရဟံ မည်သည်။ ဟောတိ၊ ဖြစ်၏။ လောဘ ဒေါသ မောဟ စသော အကုသိုလ်တရား ခုနစ်ပါး ကင်းဝေး စင်ကြယ်တဲ့အတွက်ကြောင့် အရဟံ မည်တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် ဒီပါဠိရပ်တွေ ယူပြီးတော့ အင်္ဂုတ္တရ ဆရာက ဒီအရဟံပုဒ်ကို အာရကတ္တာ အရဟံလို့ ဖွင့်ပြခြင်း ဖြစ်ပါတယ်။ အရဟံ၊ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်တော်မူတတ်သော မြတ်စွာဘုရားလို့ ဒီလို ဆိုလိုပါတယ်။

## ရဟန္တာများ

ဒီနေရာမှာ "ကိလေသာမှ ကင်းဝေး စင်ကြယ်တာဟာ မြတ်စွာဘုရားသာ မဟုတ်ပါဘူး၊ သာဝကဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်တွေလဲ ကိလေသာတွေမှ

ကင်းဝေးစင်ကြယ်နေတာဘဲ မဟုတ်ပါလား”လို့ ဒီလို မေးစရာ ရှိပါတယ်၊ ဒါကြောင့် သဝါသနာနံ၊ ဝါသနာနှင့် တကွ ဖြစ်ကုန်သော။ ကိလေသာနံ၊ အလုံးစုံသော ကိလေသာတို့၏။ ဝိဒ္ဓံသိတတ္တာ၊ အရိယာမဂ်ဉာဏ်ဖြင့် ဖျက်ဆီးအပ်ပြီးသည်၏ အဖြစ်ကြောင့်-လို့ ဒီလို အကြောင်းကလေးလဲ ပြထားပါတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေလဲ ကိလေသာ ကင်းတာတော့ မှန်ပါတယ်တဲ့၊ ဒါပေမယ်လို့ ဝါသနာနှင့်တကွ မကင်းကြပါဘူးတဲ့၊ ရဟန္တာများမှာ ကိလေသာတွေ ကင်းသွားကြသော်လည်း ဝါသနာကလေးကတော့ ကျန်နေပါတယ်တဲ့၊ ဒီလို ဇာတိရေကတ္ထ ပြောင်းပြန် အနက်အားဖြင့် ဆိုလိုပါတယ်။

ဝါသနာဆိုတာ ဘာလဲ ဆိုလို့ရှိလျှင် ကိလေသာမကင်းမီ ကာလက အကျင့်ပါလာခဲ့တဲ့ ကိလေသာ၏ အရှိန်အဝါ, ကိလေသာ၏ အလေ့အလာကလေးများဘဲ ဖြစ်ပါတယ်၊ ကိုယ်အလေ့အလာ နှုတ်အလေ့အလာကလေးတွေပါဘဲ၊ အဲဒီ အလေ့အလာကလေးတွေက ကိလေသာမရှိသည်တိုင်အောင် ကျန်ပြီးတော့နေပါတယ်။

## အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကြီး

ဒါကို သာဓကပြရလျှင် မြတ်စွာဘုရား လက်ထက်တော်တုန်းက အရှင်ပိလိန္ဒဝစ္ဆ ဆိုတဲ့ ရဟန္တာမထေရ်ကြီးတပါး ရှိပါတယ်၊ အဲဒီရဟန္တာ မထေရ်ကြီးက လောဘ ဒေါသ မောဟ ကိလေသာတော့ သူ့သန္တာန်မှာ ဘာမျှမရှိပါဘူး၊ အကုန်လုံး ကင်းရှင်းပြီးတော့ နေပါတယ်၊ ဒါပေတယ်လို့ သူက ပြာဟ္မဏမျိုး ပုဏ္ဏားဘဝချည်း ဘဝပေါင်းငါးရာ ဆက်တိုက်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ပြာဟ္မဏ ဆိုတဲ့ လူမျိုးတွေကလဲ သူတို့ကို သူတို့ရဲ့ ဝေဒကျမ်းတွေက သိပ်ပြီးတော့ မြှောက်ပင့်ထားတဲ့ လူမျိုးတွေ ဖြစ်ပါတယ်၊ ဇာတ်အားဖြင့် မွေးလာကတည်းက ပြဟ္မာကြီးက မွေးလာတဲ့ ပြဟ္မာကြီးရဲ့ သားတော်ဆိုပြီးတော့ သူတို့ကို သိပ်ပြီးတော့ မြှောက်ထားပါတယ်၊ ဒိပြင် အမျိုးတွေထက် သူတို့က အမြတ်ဆုံး ဒိပြင်အမျိုးတွေက သူတို့ရဲ့ကျေးကျွန်တွေ ဆိုပြီးတော့ သိပ်မြှောက်တားပါတယ်။

ဒါကြောင့် ပြာဟ္မဏတွေက အခြား ပုဂ္ဂိုလ်တွေကို ဆိုယင် ရိုရိုသေသေ ပြောလေ့ ဆိုလေ့ မရှိကြပါဘူး၊ သူတို့ကသာ အရိုအသေ ခံလေ့ရှိကြပါတယ်၊

ယခု ဗမာပြည်မှာ ဗေဒင်ဟောပြီး ဆန်တွေ ဘာတွေ အလှူခံနေတဲ့ ပုဏ္ဏားများကဘောင်မှ သူတို့ကို ဆန်ကလေး ဘာကလေး ပေးလို့ရှိလျှင် ဘာပြောသေးသလဲ ဆိုတော့ "ဆရာ့ကို ပူဇော်သလား၊ ဆရာ့ကို ပူဇော်သလား"လို့ ဒီလိုပြောသေးတယ်၊ သူတို့က အပူဇော်ခံ ပုဂ္ဂိုလ်တွေကိုး၊ အဲဒီလို သူတို့က စိတ်မြင့်နေတယ်။

အဲဒီလို စိတ်မြင့်ပြီးတော့ နေတဲ့အတွက် အရှင် ပိလိန္ဒဝစ္ဆမှာ ဗြာဟ္မဏ ဖြစ်ဘဲ့ ဘဝတွေတုန်းက သူတပါးတွေကို မရိုမသေ မလေးမစားနှင့် နှိမ့်ချပြီးတော့ ခေါ်ဝေါ်သုံးစွဲလာတဲ့ အလေ့အလာတွေဟာ နောက်ဆုံးဘဝမှာလဲ ရှိနေပါတယ်၊ ဒီလို ရှိနေတဲ့အတွက် ရဟန္တာဖြစ်ပြီးတဲ့အခါကာလမှာလဲ သူက သူတပါးကို ဝသလ, ဝသလလို့ ခေါ်နေပါတယ်၊ ပါဠိလို ဝသလ ဆိုတာဟာ ဗမာလိုကတော့ သူယုတ်လို ဆိုလိုတာပါဘဲ၊ ယုတ်မာတဲ့လူ, ယုတ်ညံ့တဲ့လူ ဒီလို အဓိပ္ပါယ်ရှိပါတယ်။

သီတင်းသုံးဖော် ရဟန်းတွေကိုလဲ သူက ဒီလိုဘဲ ခေါ်ဝေါ် ပြောဆိုနေပါတယ်၊ ဒါကြောင့် ရဟန်းတွေက နောက် အခါတပါးမှာ မြတ်စွာဘုရားကို လျှောက်ထားကြတော့ မြတ်စွာဘုရားက "ပိလိန္ဒဝစ္ဆမထေရ်မှာ ကိလေသာတော့ မရှိဘူး၊ ဝါသနာဘဲ"လို့ ဖြေရှင်းပြီး မိန့်ကြားတော်မူပါတယ်။

ပြီးတော့ အခါတပါးမှာ လူဒါယကာ တယောက်က ပိတ်ချင်းသီးတွေကို ခွက်နှင့်ထည့်ပြီး ဈေးမှာ နမူနာပြဘို့ ယူလာပါတယ်၊ ရွာထဲအဝင်မှာ အရှင် ပိလိန္ဒဝစ္ဆမထေရ်ကြီးနှင့် ရင်ဆိုင်တွေ့တော့ မထေရ်ကြီးက "ဟေ့ ဝသလ....၊ ဟေ့သူယုတ်....မင်းခွက်ထည်းက ဘာတွေတုံး"လို့ မေးပါသတဲ့။ ဒီတော့ အမေးခံရတဲ့ ပုဂ္ဂိုလ်က စိတ်ထဲမှာ မျက်သွားပါတယ်၊ ဘယ့်နှယ်လဲ ဒီကိုယ်တော်ကြီးနှယ်နော် မင်္ဂလာမရှိသိုက်တာ၊ ငါ့ကို တွေ့ တွေ့ခြင်း သူယုတ်မာလို့ ခေါ်မှ ခေါ်ပလေတယ်လို့ စိတ်က ဆိုးသွားပါတယ်၊ စိတ်က ဆိုးသွားတော့ ပိတ်ချင်းသီး ဆိုတာကလဲ အစကတည်းက ခပ်မည်းမည်းဆိုတော့ ကြွက်ချေးနှင့် ခပ်တူတူဟာမျိုးကိုး၊ ဒီတော့ သူကလည်း ငေါ့ပြီး ပြောလိုက်မိပါတယ်၊ "အရှင်ဘုရား....ကြွက်ချေးတွေဘုရာ့"လို့ ပြောလိုက်မိပါတယ်၊ ဒီတော့ မထေရ်ကြီးက ဧဝံ ဘဝိဿတိ ဝသလ-တဲ့။ သူယုတ်မာရေ....မင်းပြောတဲ့ အတိုင်း ဟုတ်မှာဘဲတဲ့။ ဒီလို မိန့်ဆိုပြီးတော့ ကြွသွားတယ်၊ သူ့မှာတော့

ရိုးရိုးပါဘဲ၊ သူ့စိတ်ထဲ ဘာမျှ မဖြစ်ပါဘူး၊ ပြောနေကျမို့ နှုတ်တက်နေတဲ့ အတိုင်း ပြောသွားတာပါဘဲ။

ဒါပေမဲ့ ပိတ်ချင်းသီးရှင်မှာတော့ အဲဒီလို ပြောရာက တော်တော်ကလေး သွားမိတဲ့အခါမှာ သူ့ခွက်ထဲက ပိတ်ချင်းသီးတွေဟာ အကုန်လုံး ကြွက်ချေး တွေဖြစ်ပြီး နေတယ်၊ ဒီတော့ ဟဲ့ ဘယ်နှယ်တုံးဟ....ကြွက်ချေးနှင့် တူလှပါ လားနော်လို့ ပွတ်ချေကြည့်တော့ တကယ်ပင် ကြွက်ချေးတွေ ဖြစ်နေလို့ ခက် ပါပြီ ဒီလိုဆိုယင် လှည်းပေါ်မှာရှိတဲ့ပိတ်ချင်းသီးတွေများ ဒီလိုဘဲလေလား၊ သွားကြည့်ဦးမှဘဲ ဆိုပြီး လှည်းပေါ်သွားကြည့်ပြန်တော့ လှည်းပေါ်မှာလဲ အကုန်လုံး ကြွက်ချေးတွေ ဖြစ်နေတာကို တွေ့ရတယ်။

ဒီတော့မှ စိတ်ပူပြီးတော့ မိတ်ဆွေတယောက်ထံ သွားပြီး အကျိုး အကြောင်း ပြောပြရတယ်၊ ထိုအခါမှာ အဲဒီမိတ်ဆွေက "ဟာ-ဒီလိုဆိုယင် အရှင်ပိလိန္ဒဝစ္ဆမထေရ်ကြီး ဖြစ်မှာပါဘဲ၊ အဲဒီမထေရ်ကြီးဆီကိုဘဲသွားရမည်၊ သွားလို့ရှိယင် ဘာလဲလို့ သူကမေးလိမ့်မယ်၊ မေးတဲ့အခါမှာ အသင်က ပိတ်ချင်းသီးတွေပါဘုရားလို့ ဒီလိုအမှန်အတိုင်း ပြော၊အဲဒီတော့ ဧဝံ ဘဝိဿတိ ဝသလ-လို့ မထေရ်ကြီးက ပြန်ပြောမှာဘဲ၊ ဒီလိုပြန်ပြောလို့ရှိယင် ပိတ်ချင်းသီး တွေ ပြန်ဖြစ်ပါလိမ့်မယ်"လို့ ဒီလို ညွှန်ကြားလိုက်တယ်၊ အဲဒီ ညွှန်ကြားချက် အတိုင်း သွားတော့လဲ မထေရ်ကြီးက "ဟေ့ ဝသလ....သူယုတ်မာ ဘာတွေလဲ" လို့ မေးပြန်ဘာဘဲ၊ မေးတော့ "ပိတ်ချင်းသီးတွေပါဘုရား"လို့ လျှောက်လိုက် တယ်၊ ဒီတော့ ဧဝံ ဘဝိဿတိ ဝသလ-ဟေ့ သူယုတ်မာ....မင်းပြောတဲ့ အတိုင်း ဟုတ်မှာပါဘဲ လို့ ဒီလိုဘဲ ရိုးရိုး ပြန်ပြောလိုက်ထာဘဲ၊ အဲဒီတော့မှ ပိတ်ချင်းသီးတွေ ပြန်ဖြစ်သွားတယ်တဲ့၊ ဒီအရှင်ပိလိန္ဒဝစ္ဆဝတ္ထုဟာ ရဟန္တာ များမှာ ဝါသနာမကင်းကြောင်း သာဓကပါဘဲ။

ဒီလို ရဟန္တာပုဂ္ဂိုလ်များမှာ ကိလေသာရှိစဉ်အခါကာလတုန်းက ကိလေသာ၏ အရှိန်အဝါဖြစ်ဘဲ့ ဝါသနာကလေးတွေဟာ ရဟန္တာဖြစ်သည့် တိုင်အောင် မကင်းဘဲ ရှိနေပါတယ်တဲ့၊ ဘုရားရှင်တို့မှာတော့ ဒီလို ကိလေသာ ၏ အရှိန်အဝါဖြစ်တဲ့ ဝါသနာတွေပါ အကုန်လုံး ကင်းငြိမ်းသွားပါတယ်တဲ့၊ ဒါကြောင့်မို့ အာရကတ္တာ အရဟံ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသောကြောင့်

မြတ်စွာဘုရားဟာ အရဟံ မည်တော်မူတယ်လို့ ဆိုပါတယ်၊ ဒီတော့ အရဟံ ဆိုတာဟာ အာရကာ ပုဒ်က ဖြစ်လာဘယ်။ ဘယ်လိုလဲ ဆိုတော့ အာ-က-အ-ဖြစ်၊ ကာ-က-ဟံ ဖြစ်ပြီးတော့ အာရကာ-က အရဟံ ဖြစ်တယ်၊ နိရုတ္တိနည်းဖြင့် ဒီလို ရုပ်ပြီးတယ်လို့ ဋီကာက ဖွင့်ပြထားပါတယ်။

ဒါကြောင့် ဒီအဋ္ဌကထာ အဖွင့်ကို မှီပြီးတော့ ရှေးရှေးဆရာတော်များက "အရဟံ-ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူပေသော မြတ်စွာဘုရား"လို့ ဒီလို မြန်မာပြန်ဆိုတော်မူကြပါတယ်။

ဒါဟာ ဘုရားတပည့်တော်တို့ အားကိုးရာ ဖြစ်တော်မူတဲ့ ဂေါတမမြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးထဲက ပဌမဆုံး အရဟံ ဂုဏ်တော်မှာ အနက် ငါးနည်း ရှိရာတွင် ပဌမအနက် အရ ကြည်ညိုဖွယ် ဂုဏ်တော် ဖြစ်ပါတယ်၊ ဒီဂုဏ်တော် အရအားဖြင့် "ငါတို့ မြတ်စွာဘုရား၏ သန္တာန်မှာ လောဘ ဒေါသ မောဟ အစရှိသော ကိလေသာတွေ ဝါသနာနှင့်တကွ လုံးဝ ကင်းရှင်းစင်ကြယ်ပါပေသည်၊ ဒီလို စိတ်ဓာတ် အလွန်သန့်ရှင်း ဖြူစင်တော်မူသော မြတ်စွာဘုရား၏ အဆုံးအမကို ငါတို့ ကျင့်သုံးနေရပါပေသည်"လို့ ဒီလို အာရုံပြုပြီး ဝမ်းမြောက် ဝမ်းသာဘွဲ့ပါဘဲ ဘုရား။

## အရီနံ ဟတတ္တာ အရဟံ

ဒုတိယ နည်းကတော့ အရီနံ ဟတတ္တာ တဲ့၊ ရန်သူတွေကို သတ်ဖြတ်ပြီးဖြစ်သောကြောင့်လည်း အရဟံ မည်ပါတယ်တဲ့၊ ရန်သူဆိုတာ ဘာတွေလဲ ဆိုတော့ ကိလေသာ ရန်သူတွေပါဘဲတဲ့၊ ကိလေသာ ရန်သူတွေရှိနေလို့ သတ္တဝါတွေမှာ ဘဝသံသရာထဲ ဖြစ်ပြီးတော့ နေရတယ်၊ အိုရ, နာရ, သေရ အဆင်မသင့်လို့ ရှိလျှင် ငရဲ ပြိတ္တာ တိရစ္ဆာန် အသုရကာယ် ဆိုတဲ့ အပါယ်ဘုံတွေ ကျရ၊ ဒါတွေဟာ ကိလေသာတွေကြောင့် ဘဲတဲ့၊ သူတို့က ကိုယ်တွင်းက နေပြီးတော့ ဒုက္ခရောက်အောင် လုပ်နေလို့ အတွင်းရန်သူတွေပါဘဲတဲ့၊ အဲဒီ အတွင်းရန်သူတွေကို မြတ်စွာဘုရားမှာ ပယ်သတ်ပြီး ဖြစ်လို့ အရဟံ မည်ပါတယ်တဲ့။

ဒီတော့ အရိနှင့် ဟန-ဟု ရှိနေရာမှာ အရိ-က အရ-ဖြစ်၊ ဟန-က ဟံ-ဖြစ်ပြီးတော့၊ အရိဟန-က အရဟံ ဖြစ်တယ်လို့ ဋီကာက ရုပ်ပြီး ပုံကို ပြပါတယ်၊

ဒီအလိုအားဖြင့် အရဟံ၊ တထောင့်ငါးရာ ကိလေသာ တည်းဟူသော ရန်သူ တို့ကို အရိယာမဂ်ဉာဏ်တည်း ဟူသော ဓါးလက်နက်ဖြင့် ပယ်ဖျက် သတ်ဖြတ် တော်မူပြီးသော မြတ်စွာဘုရားလို့ ဆိုလိုပါတယ်၊ ဒီမှာလဲ ကိလေသာ ကင်းနေ နေတဲ့ မြတ်စွာဘုရားလို့ ဒီလို ကြည်ညို အာရုံ ပြုဘို့ပါဘဲ။

**အရ-ဟံ**

တတိယ နည်းကတော့ အရ-နှင့် ဟံ ပါဘဲ၊ အရ-ဆိုတာက ဘာတုံး ဆိုလျှင် သံသရာစက်၏ ဒေါက်အကန့်တွေပါတဲ့၊ သံသရာစက် ဆိုတာဟာ အနမတဂ္ဂဘဝသံသရာမှာ တဘဝ ဖြစ်လိုက် သေလိုက်, တဘဝ ဖြစ်လိုက် သေလိုက်နဲ့ အဲဒီလို ဘဝတွေ ဆက်လက်ပြီး မပြတ် ဖြစ်နေတဲ့ ရုပ်နာမ်အစဉ်ကို သံသရာလို့ ခေါ်ပါတယ်၊ သတ္တဝါတခုမှာ သံသရာတခု, သတ္တဝါတခုမှာ သံသရာတခု-အဲဒီလို ကိုယ့်ဘဝစက်နှင့် ကိုယ် အသီးအသီး သံသရာ ဘဝစက် တခုစီ ရှိနေပါတယ်၊ တဦးသောပုဂ္ဂိုလ်၏ ဘဝစက်က အခြား တဦးသော ပုဂ္ဂိုလ်နှင့် ဘာမျှ မဆိုင်ပါ၊ တဦး တဦးမှာ အသီး အသီး ဘဝစက် တခုစီ ရှိနေပါတယ်။

မြတ်စွာဘုရားမှာလဲ အလောင်းတော်အဖြစ် မတိုင်မီ ရှေးရှေးအစမထင် တဲ့ သံသရာကာလကတည်းက တဘဝပြီး တဘဝ ဖြစ်လာခဲ့ရတဲ့အတွက် သူ့ မှာလဲ အနမတဂ္ဂသံသရာဘဝစက် တခုရှိခဲ့ပါတယ်၊ ဘဝစက် ဆိုတဲ့ စကားထဲ မှာ စက်ဆိုတာဟာ စက္ကသဒ္ဒါမှ ဖြစ်လာတဲ့ ပါဠိပျက် မြန်မာစကား ဖြစ်ပါ တယ်၊ မြန်မာစကား အစစ်ကတော့ ဘီးပါဘဲ၊ ရထားဘီးများ, လှည်းဘီး များလို တင်စားပြီးတော့ ဒီမှာခေါ်ထားပါတယ်၊ အဲဒီ ရဟားဘီး လှည်းဘီး များမှာ ပုံဘောင်း(ပဒေါင်း)ဆိုတာလဲ ရှိပါတယ်၊ ဘေးပတ်လည်က အကွပ် ဆိုတဲ့ အဝိုင်းကြီးလဲ ရှိပါတယ်၊ ပြီးတော့ ပုံတောင်းနှင့် အကွပ် ဆက်စပ်ပြီး ထောက်ကန်ထားတဲ့ ဒေါက်အကန့်တွေလဲ ရှိပါတယ်၊ အဲဒါလိုဘဲ ဒီဘဝစက် မှာလဲ အဝိဇ္ဇာ ဆိုတာက ပုံတောင်းပါဘဲတဲ့၊ ဘာ့ကြောင့်လဲ ဆိုတော့ အဝိဇ္ဇာ က စပြီး ဖြစ်ရလို့ပါဘဲတဲ့၊ ဖြစ်ပုံကတော့ အဝိဇ္ဇာကြောင့် သင်္ခါရတွေ ဖြစ်ရ တယ်၊အဝိဇ္ဇာဆိုတာ သစ္စာလေးပါးတရားတွေကို အမှန်အတိုင်း မသိတာပါဘဲ၊ သတ္တဝါတို့၏ သန္တာန်မှာ အမှန်ရှိနေတာက ဒုက္ခ ဆင်းရဲတရားတွေနှင့် သမုဒယ ဆင်းရဲကြောင်း တရားတွေသာ ရှိနေတယ်၊ အဲဒီတရားတွေကိုဘဲ ချမ်းသာတွေ

တွေ ချမ်းသာဘို့ အခြေခံ အကြောင်းတွေလို့ ဒီလို အကောင်းတွေ ထင်မှတနေကြတယ်၊ အဲဒါဟာ အလွဲသိမှားနေတဲ့ အဝိဇ္ဇာဘဲ၊ ဒီအဝိဇ္ဇာကြောင့် ကောင်းစား ချမ်းသာနိုးနိုးနှင့် အားထုတ်လို့ သင်္ခါရတွေ ဖြစ်လာတယ်၊ ဟိုဟာလုပ်လျှင် ကောင်းနိုးနိုး ဒီဟာလုပ်လျှင် ကောင်းနိုးနိုးနှင့် ကာယကံ ဝစီကံ မနောကံ အမှုတွေကို ပြုတော့ သင်္ခါရဘွေ ဖြစ်လာတယ်၊ ဒီလို အဝိဇ္ဇာက စပြီးတော့ ဘဝစက် ဖြစ်ပေါ်လာလို အဲဒီ အဝိဇ္ဇာဟာ ပုံတောင်းနှင့် တူပါတယ်တဲ့။

ယခု ပြောခဲ့တဲ့ အဝိုင်း သင်္ခါရဆိုတဲ့ အားထုတ်မှု ဖြစ်ပေါ်လာလျှင် အဲဒီသင်္ခါရက အကျိုးပေးဟဲ့ အခါကျတော့ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အကျိုးတရားတွေ ဖြစ်ပေါ်လာပါတယ်၊ ပြီးတော့ တဖန် အဲဒီ ဝေဒနာကိုဘဲ အကြောင်းပြုပြီးတော့ တဏှာ ဥပါဒါန် ကမ္မဘဝဆိုဘာတွေလဲ ဖြစ်ပြန်ပါတယ်၊ ပြီးတော့ အဲဒီ ကမ္မဘဝကြောင့် နောင်တဖန် ဘဝအသစ်ဆိုတာ ဖြစ်ရပြန်ပါတယ်၊ ဒီလို ဘဝအသစ် ဖြစ်မှု ဇာတိ ရှိလျှင် အဲဒီ ဖြစ်ရာဘဝမှာ မအိုဘဲ မသေဘဲနှင့် တည်မနေနိုင်ပါဘူး၊ အိုခြင်း သေခြင်းမှာဘဲ အဆုံးသတ်သွားပါတယ်၊ ဒါကြောင့် အဲဒီ ဇရာမရဏ ဆိုတဲ့ အိုခြင်း သေခြင်းကတော့ အဝိဇ္ဇာက စလာတဲ့ ဘဝစက်ဘီးရဲ့ ဘေးပတ်လည်က အဝိုင်းကြီး အကွပ်ကြီးနှင့် တူပါတယ်တဲ့၊ သင်္ခါရမှ ဇာတိတိုင်အောင် အလယ်ခေါင်က တရားဆယ်မျိုးကတော့ အရ-လို့ ခေါ်တဲ့ ဒေါက်အကန့်တွေနှင့် တူပါတယ်တဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ အဲဒီ တရားဆယ်မျိုးဟာ အဝိဇ္ဇာအကြောင်းရင်းခံပြီး ဖြစ်ပေါ်လာလို့ ပုံတောင်းနှင့်လဲ ဆက်သွယ်နေပါတယ်၊ ဇရာမရဏမှာ အဆုံးသတ်သွားလို့ ဘေးပတ်လည်က အကွပ်နှင့်လဲ ဆက်သွယနေပါတယ်၊ ဒါကြောင့် သူဘို့ကို ဒေါက်အကန့်တွေလို့ ခေါ်ပါတယ်တဲ့။

အနမတဂ္ဂ အစ မထင်အောင် ရှည်မြင့်စွာသော ကာလပတ်လုံး လည်ပြီးနေတဲ့ အဲဒီဘဝစက်ကြီးမှာ အဝိဇ္ဇာက စပြီးတော့ သင်္ခါရဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ စသည်ဖြင့် ဖြစ်သွားလိုက်၊ နောက်ဆုံးမှာ အိုခြင်း သေခြင်း အဆုံးသတ်သွားလိုက်၊ ပြီးတော့လဲ တခါ ဘဝအသစ်ဖြစ်ပြန်လိုက်နဲ့ အဲဒီလိုချည်းဘဲ လည်နေပါတယ်၊ ဒီလို လည်နေတဲ့ ဘဝစက်ကြီး ပျက်သွားအောင် ဘာလုပ်ရမလဲ ဆိုသို့ရှိလျှင် အလယ်ကဒေါက်တွေ ချိုးပစ်လိုက်လျှင် ရထားဘီး လှည်းဘီးများ မလည်နိုင်တာလိုဘဲ ဒီဘဝ

စက်ကြီးမှာလဲ အလယ်ကဒေါက်တွေ ချိုးပစ်ဘို့ရာ လိုပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီဘဝစက်ရဲ့ အလယ်က ဒေါက်တွေကို ချိုးပစ်ထားပါ ပြီတဲ့။

ဒါကြောင့် ဝုတ္တပကာရဿ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဣမဿ သံသာရစက္ကဿ၊ ဤအစမထင်သော အနမတဂ္ဂသံသရာဘဝစက်ကြီး၏။ အရေ၊ သခ်ါရ အစ ဇာတိ အဆုံးရှိသော ဆယ်ခုသော ဒေါက်အကန့်တို့ကို။ ဟနိ ဝိဟနိ ဝိဒ္ဓံသေသိ၊ ဖျက်ဆီးတော်မူခဲ့လေပြီ။ ဧဝမ္ပိ၊ ဤသို့လည်း။ အရာနံ၊ သံသရာစက်၏ ဒေါက်အကန့်တို့ကို။ ဟတတ္တာ၊ ပယ်ဖျက်အပ်ပြီးသည်၏ အဖြစ် ကြောင့်။ အရ-ဟံ၊ အရ-ဟံ မည်တော်မူပါပေသည်တဲ့။

ဤတတိယနည်း အလိုအားဖြင့် အရ-ဟံ မှာ အရ-နှင့် ဟံ-တွဲထားတာပါ ဘဲ၊ ဒါကြောင့် အရ-ဟံ၊ အဝိဇ္ဇာ အကြောင်းရင်းခံပြီး ဇရာမရဏမှာ အဆုံး သတ်သွားတဲ့ သခ်ါရ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဆိုတဲ့ သံသရာ ဘဝစက်၏ ဆယ်ပါးသော ဒေါက်အကန့် တွေကို ပယ်ဖျက်တော်မူပြီးသော မြတ်စွာဘုရားလို့ ဆိုလိုပါတယ်။

## အ-ရဟံ

ပြီးတော့ အလှည့်ကျနေတဲ့ စတုတ္ထနည်းကို မပြောသေးဘဲ နောက်ဆုံး ပဉ္စမနည်းကို အလျင် ပြောပါမည်၊ အဲဒီနောက်ဆုံးပဉ္စမနည်းကတော့ အ-နှင့် ရဟ-နှင့် တွဲထားပါတယ်၊ ရဟ-က ဆိတ်ကွယ်ရာအရပ်၊ အ-ကမရှိတာ၊ နှစ်ခု ပေါင်းလိုက်တော့ အ-ရဟ-ဆိတ်ကွယ်ရာမရှိဘူးလို့ ဆိုလိုပါတယ်၊ ဘယ်လိုလဲ လို့ဆိုတော့ကာ လောကမှာ ပညာရှိ သူတော်ကောင်းဘဲလို့ ဝန်ခံနေတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်ပညာရှိသူတော်ကောင်း မဟုတ်ခဲ့လို့ရှိလျှင် မိမိတို့ ဂုဏ်ကြက်သရေတွေ ပျက်စီးသွားမှာစိုးလို့ မကောင်းသတင်းတွေ ကျော်ကြား သွားမှာစိုးလို့ မကောင်းမှုတွေ အမြင်အထင် မပြုဝံ့တော့ တိတ်တိတ်ပုန်း ပြုလေ့ရှိကြပါတယ်၊ ရဟော၊ ဆိတ်ကွယ်ရာ၌။ ပါပံ၊ မကောင်းမှုကို။ ကရောန္တိ၊ ပြုကြကုန်၏။ ဒါဟာ ပညာရှိ သူတော်ကောင်း အတုအပ အရေခြုံ တွေရဲ့ ဓလေ့ပင် ဖြစ်ပါတယ်။

မြတ်စွာဘုရားမှာတော့ ပကတိ စိတ်ရင်းကိုက စင်ကြယ်ပြီးတော့ နေလို့ အများပရိသတ်တို့၏ ရှေ့မှာလဲ ဒီလိုဘဲ ဖြူစင်သန့်ရှင်း စင်ကြယ် နေပါတယ်၊

ဘယ်သူမှ မမြင်မသိနိုင်တဲ့ ဆိတ်ကွယ်ရာမှာလဲ ဒီလိုဘဲ သန့်ရှင်း စင်ကြယ်နေပါတယ်၊ ဆိတ်ကွယ်ရာရယ်လို့ကို မရှိပါဘူး။ "အာဝိစေဝ ရဟောစ" ဆိုတဲ့အတိုင်း မျက်မှောက်နှင့် မျက်ကွယ် ဘာမျှ မခြားနားဘဲ တသားတည်း စင်ကြယ်မြဲ စင်ကြယ် နေပါတယ်။

ဒါကြောင့် "အ-ရဟံ၊ မကောင်းမှုကို ပြုရန် ဆိတ်ကွယ်ရာဟူ၍ မရှိဘဲ အမြဲတမ်းပင် ဖြူစင် သန့်ရှင်းတော်မူပေသော မြတ်စွာဘုရား" လို့ ဆိုလိုပါတယ်၊ ဒီဂုဏ်တော်လဲ ကြည်ညိုစရာ အင်မတန် ကောင်းတဲ့ ဂုဏ်ပုဒ်ဖြစ်ပါတယ်။

## အရဟံ

ယခုပြောခဲ့ပြီးဖြစ်တဲ့ ၄-နည်းအရ ပြီးတဲ့ ၄-ပုဒ်ကတော့ အနက်အဓိပ္ပါယ်အားဖြင့် အင်မတန်ကြည်ညိုဘွယ်ကောင်းတဲ့ ပုဒ်ချည်းပါဘဲ၊ သို့သော် သဒ္ဒါအားဖြင့် ဆိုလျှင်တော့ "နမော တဿ ဘဂဝတော အရဟတော" စသည်၌ အရဟတော,အရဟန္တာနံ,အရဟတာ,အရဟန္တေဟိ-ဆိုတဲ့ ပုဒ်များဖြစ်အောင် စတုတ္ထီ, ဆဋ္ဌီ, တတိယာ ဝိဘတ်များဖြင့် ရုပ်ပြီးကြဲ့ဘိုကတော့ ခက်ပါတယ်။

ယခုပြောမည့် စတုတ္ထနည်းအရ ပြီးတဲ့ ပုဒ်ကတော့ ဝိဘတ်အားလုံးနှင့် တွဲပြီး ရုပ်ပြီးနိုင်ပါတယ်၊ အရဟဓာတ်-အန္တပစ္စည်းဖြင့် ပြီးသော အရဟန္တပုဒ်မှ အရဟံ-လို့ ဖြစ်လာပါတယ်။ အဲဒါကိုတော့ "ပစ္စယာဒိနံ အရဟတ္တာပိ အရဟံ" လို့ ဒီလိုပြဆိုထားပါတယ်။ မြတ်စွာဘုရားဟာ ပစ္စည်းလေးပါး အစရှိသော ထူးမြတ်သော ပူဇော်ဘွယ်တွေကို ခံယူတော် မူထိုက်သောကြောင့် အရဟံ မည်တော်မူပါတယ်တဲ့။

ဒီလိုပူဇော်အထူးကို ခံတော်မူထိုက်တဲ့ အတွက် မြတ်စွာဘုရားတို့ ပွင့်လာလျှင် လောကမှာ တန်ခိုးကြီးမားတဲ့ နတ်ဘွေ လူတွေဟာ မိမိတို့၏ ပူဇော်နေကျ မိရိုးဖလာတွေကို မပူဇော်ကြတော့ဘဲ ဘုရားကိုသာလျှင် ပူဇော်ကြတော့တာဘဲ၊ ဘုရားမပွင့်မီတုန်းကဆိုလျှင်တော့ တချို့က တောကိုးကွယ်နေ၊ တချို့က တောင်ကိုးကွယ်နေ၊ နတ်တွေ ကိုးကွယ်နေ၊ ဗြဟ္မာတွေ ကိုးကွယ်နေ စသည်ဖြင့် အမျိုးမျိုးကို ကိုးကွယ်ပူဇော် နေကြပါတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘုရားပွင့်လာတယ်ဆိုလျှင် မြတ်စွာဘုရားကိုဘဲ အရိုအသေ အလေးအမြတ်ပြုပြီး ကိုးကွယ်ကြ ပူဇော်ကြ ပါတယ်။

## မြင်းမိုရ်တောင်လောက် ပန်းကုံးကြီး

သဟမ္ပတိဆိုတဲ့ ဗြဟ္မာကြီးဟာ မြင်းမိုရ်တောင်လောက်ရှိတဲ့ ရတနာ ပန်းကုံးကြီးများဖြင့် မြတ်စွာဘုရားကို ပူဇော်ခဲ့ပါတယ်တဲ့၊ ဒါဟာ ကြည်ညို ဘွယ်ရာဖြစ်အောင်လို့ အဋ္ဌကထာဆရာကတော့ ဖေါ်ပြထားတာပါဘဲ၊ ဒါပေ မယ်လို့ ယခုကာလ သဒ္ဓါတရားနည်းပါးတဲ့ ပုဂ္ဂိုလ်တွေကတော့ အဲဒါတွေ ဝေဘန်ကြတယ်။ "နို့ မြင်းမိုရ်တောင်လောက်ရှိတဲ့ ပန်းကုံးကြီး ဘုရား လျှူလို့ ဘုရားမှာ ဘာအသုံးကျမှာတုံး" လို့ ဒီလိုဇချိုကဝေဘန်သေးတာကိုး၊ ဒီးစကားဟာ - ဘုရားတပည့်တော် စိတ်ကူးနှင့် ပြောတာမဟုတ်ဘူး၊ ဝေဘန် ထားတာတွေဘူးလို့ ပြောတာပါ၊ ဒီနေရာမှာ အသုံးကျတာ မကျတာကို မစဉ်းစားဘဲ အဲဒီဗြဟ္မာကြီးဟာ ဘုရား၏ဂုဏ်နှင့်ထိုက်တန်အောင်လို့ အမွန် အမြတ်ဆုံးဖြင့် ပူဇော်တယ်လို့သာ မှတ်သင့်ပါတယ်၊ ဟုတ်ပါတယ်၊ ပူဇော် ထိုက်တဲ့ ဂုဏ်ရှိဘဲ့ ပုဂ္ဂိုလ်ကို ပူဇော်သင့်တဲ့ အရာဝတ္ထုနှင့် ပူဇော်ရပါတယ်၊ ယခုကာလမှာ သမ္မတကြီးတို့လို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ အခမ်းအနားများ ထွက်တဲ့အခါကာလမှာ လမ်းကနေပြီး မုခ်ဦးပြာသာဒ်တွေ ဆောက်လို့ အကြီးအကျယ်အရှိအသေ အလေးအမြတ် ပြုကြတယ်၊ ဒါဟာ သမ္မတကြီးမှာ ဘာအသုံးကျသလဲလို့ မမေးသင့်ပါဘူး၊ ဘာမျှတော့ အသုံးမကျဘူးပေါ့၊ သို့ သော်လဲ သူ့မှာ အရိုအသေ အလေးအစား ပြုရမည့် ပုဂ္ဂိုလ်မို့ အရိုအသေ အလေးအစား ပြုတာပါဘဲ၊ ယခု ဘုရားကို ပူဇော်ကြရာမှာလဲ အဲဒီလိုပါဘဲ။

မြတ်စွာဘုရားမှာ ရှိသေထိုက်ဘဲ့ ပူဇော်ထိုက်တဲ့ ဂုဏ်တော်တွေနှင့် ပြည့် စုံနေလို့ ဘယ်သူမျှ မလုပ်နိုင်တဲ့ ဒီလို အမြင့်မြတ်ဆုံး ပူဇော်ခြင်းမျိုးဖြင့် ပူဇော်တယ်လို့ အာရုံပြုပြီးတော့ ကြည်ညိုရပါမည်။

ပြီးတော့ တပါးသော နတ်တွေ လူတွေလဲ ပူဇော်ကြပါတယ်တဲ့၊ လူထဲ က ဗိမ္ဗိသာရမင်း အစရှိသော ပုဂ္ဂိုလ်တွေ၊ နတ်ထဲကလဲ သိကြားမင်းအစရှိ သော နတ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေကလဲ ပူဇော်ကြပါတယ်တဲ့၊ ပရိနိဗ္ဗာန်စံလွန်ပြီး သွားတဲ့အခါတောင်မှလဲ ဓမ္မာသောက မင်းကြီးဟာ ကိုးဆယ့်ခြောက်ကုဋေ မျှသော ဘဏ္ဍာတော်ငွေများကို တနေ့ထည်းမှာ စွန့်ပြီးတော့ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ်ပြီး ပူဇော်ခဲ့ပါတယ်တဲ့။

## ပူဇော်ထိုက်မှ အရဟံမည်သည်

အဲဒီမှာလ မေးစရာတခုရှိပြန်ပါတယ်၊ နို့ ဒီလို လူတွေက ပူဇော်တိုင်း ပူဇော်တိုင်း အပူဇော်ခံထိုက်သလား၊ အရဟံ မည်ပါ့မလား လို့ ဒီလို မေးစရာ ရှိပါတယ်။ ယခုခေတ်မှာ ရှိနေတဲ့ ဘာသာတိုင်း ဘာသာတိုင်းမှာ မိမိတို့ ကိုးကွယ်သည့် ဘာသာကို ဘာသာဝင် ပုဂ္ဂိုလ်တွေက ပူဇော်နေကြပါတယ်၊ အကြီးကျယ်ပူဇော်ကြတာမှာ ဘုရားရှိခိုးကျောင်းကြီးတွေ အကြီးအကျယ် ဆောက်လို့ အများကြီးဘဲ ရှိပါတယ်၊ အဲဒါတွေဟာ တကယ့် အရဟံ မည်ပါ့ မလားလို့ မေးစရာ ရှိပါတယ်။

ယခု ဒီမှာ အင်္ဂုတ္တရ ဆရာ ပြောနေတာက ပူဇော်ထိုက်ရာမှာ ပူဇော်တာကို ပြောနေတာပါ၊ ပူဇော်ထိုက်တဲ့ ဂုဏ် မရှိပါဘဲနှင့်တော့ ဘယ်လိုဘဲ ပူဇော်နေနေ၊ အဲဒါကတော့ အရဟံ မမည်ပါဘူး။

## မြေကောင်းမှ စိုက်ပျိုးရသလို

ပူဇော်ထိုက်တယ် ဆိုတာကို ဥပမာနှင့် ပြရလျှင် လောကမှာ ကောက်ပဲ သီးနှံ မျိုးစေ့ကို စိုက်တော့မယ်ဆိုလျှင် အဲဒီ စိုက်ပျိုးမည့် နေရာဟာ သန့်ရှင်း စင်ကြယ်ပြီး နေရပါမယ်၊ မြေကောင်း ဖြစ်ရပါမယ်၊ မြေကောင်း မဟုတ်တဲ့ မျိုးစေ့တောင် မပေါက်နိုင်လောက်တဲ့ နေရာမျိုး ဆိုလျှင်တော့ မျိုးစေ့တောင် မကြဲချထိုက်ပါဘူး၊ စိုက်ပျိုးထိုက်တဲ့ မြေကောင်း မြေသန့်များမှာမှ မျိုးစေ့ ကို စိုက်ပျိုးရပါတယ်။

အဲဒါလိုဘဲ ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာ အညစ်အကြေး တွေ ရှိနေတဲ့ ပုဂ္ဂိုလ်သန္တာန်မှာ ဆိုလျှင် ဒီလိုပူဇော်ထိုက်တဲ့ ဂုဏ်အကျင့်တွေ မရှိပါဘူး၊ ကိလေသာ အညစ်အကြေးကင်းတဲ့ မြတ်စွာဘုရား၏ သန္တာန်မှာ သာ ဒီဂုဏ်အကျင့်တွေက အပြည့်အစုံ ရှိပါတယ်၊ ဒီလို ကိလေသာ အညစ် အကြေးတွေ လုံးဝ စင်ကြယ်ပြီးတော့ နေလို့ မြတ်စွာဘုရားမှာ ပူဇော်ထိုက်တဲ့ ဂုဏ်နှင့် ပြည့်စုံနေပါတယ်၊ ဒါကြောင့် ယခုပြောခဲ့တဲ့အတိုင်း လူတွေ နတ်တွေ ပြဟ္မာတွေက ပူဇော်ကြတာတွေကို အင်္ဂုတ္တရဆရာက ဖော်ပြခြင်း ဖြစ်ပါ တယ်။

ဒါကြောင့် "အဲဒီစကားစုဖြင့် ရာဂ ဒေါသ မောဟ အစရှိသော ကိလေသာတွေ ကင်းလို့ သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဂုဏ် အစရှိသော ဂုဏ်ကျေးဇူးတွေနှင့်လဲ ပြည့်စုံလို့ တကယ်ပူဇော်ထိုက်တဲ့ မြတ်စွာဘုရားအား ပူဇော်ထိုက်တဲ့ ဂုဏ်တွေကို တကယ်သိနေတဲ့ တကယ့်ပညာရှိ ပုဂ္ဂိုလ်တွေက ပူဇော်ကြတယ် ဆိုတဲ့ အကြောင်းကို ဖော်ပြလိုရင်း ဖြစ်ပါတယ်၊ မသိနားမလည်တဲ့လူတွေက ပူဇော်တိုင်း အပူဇော်ခံထိုက်တယ်လို့ သိစေလိုရင်း မဟုတ်ပါဘူး။

## ဘာဖြစ်လို့ ပူဇော်သလဲ

ဒါကြောင့် ဒီအနက်အလိုအားဖြင့် အရဟံ၊ လူနတ်ပြဟ္မာ အပေါင်းတို့၏ လွန်ကဲထူးမြတ်သော ပူဇော်ခြင်းကို ခံတော်မူထိုက်ပေသော မြတ်စွာဘုရားတဲ့၊ အဲဒီလို ပူဇော်တယ်ဆိုတဲ့ နေရာမှာ ဘာဖြစ်လို့ ပူဇော်ကြသလဲဆိုလျှင် မြတ်စွာဘုရားဟာ ငါတို့ထက် မြင့်မြတ်တယ်၊ ငါတို့၏ အားကိုးရာ ဖြစ်တယ်၊ မြတ်စွာဘုရားကို ပူဇော်လို့ရှိလျှင် ယခုမျက်မှောက်မှာလဲ ကောင်းကိုးချမ်းသာတွေကို ရနိုင်တယ်၊ နောင်သံသရာ ဘဝတွေမှာလဲ ကောင်းကျိုးချမ်းသာတွေကို ရနိုင်တယ်လို့ ဒီလိုယုံကြည်ကြပြီး ပူဇော်ကြခြင်း ဖြစ်ပါတယ်။

လောကမှာ မိတ်ဆွေ အဖြစ်နှင့် ပေါင်းလို့ရှိလျှင် "ဒီလူဟာ ငါ့အရေးရှိတဲ့ အခါကျတော့ အကူအညီရလိမ့်မည်" လို့ ယုံကြည်ပြီးတော့ အဲဒီပုဂ္ဂိုလ်ကို မိတ်ဆွေအဖြစ်နှင့် ပေါင်းကြပါတယ်၊ တကယ် အကူအညီ ရမည့် ပုဂ္ဂိုလ်ကို ပေါင်းသင်းမိလို့ ရှိလျှင် တော့ အဲဒါဟာ ပေါင်းသင်းစဉ်ကတည်းက လမ်းမှန်ကျခဲ့ပါတယ်၊ အကူအညီ မရမည့် ပုဂ္ဂိုလ်ကို ပေါင်းသင်းမိလျှင်တော့ လမ်းမှန်လို့ မဆိုနိုင်ပါဘူး။

အဲဒါလိုဘဲ ကိုယ့်ကျိုး ကိုယ်စီးပွါး မျက်မှောက်စီးပွါး တမလွန် စီးပွါးတွေ လိုလားပြီးတော့ မိမိတို့ဆိုင်ရာဖြစ်တဲ့ ကိုးကွယ်ရာတွေကို ပူဇော်ခြင်းအမှု ပြုကြတယ်၊ တကယ်အကျိုးရှိမည့် ဟာကို ပူဇော်လို့ရှိလျှင် ပူဇော်ထိုက်တာပါဘဲ၊ တကယ်အကျိုးမရှိဘူး ထင်သလောက် ခရီးမရောက်ဘူးဆိုတဲ့ တော်စွာ လျော်စွာတွေကို ပူဇော်နေလို့ရှိလျှင်တော့ အဲဒါဟာ မပူဇော်ထိုက်ဘူး၊ အကျိုးမဲ့ဘဲလို့ ဆိုရပေလိမ့်မယ်၊ ဥပမာ သစ်ပင် ပူဇော်နေတယ်၊ တောတောင်ပူဇော်နေတယ်၊ ဂုဏ်ဘူးမရှိတဲ့ ပုဂ္ဂိုလ် ပူဇော်နေတယ် စသည်

ပေါ့လေ၊ တကယ်မပူဇော်ရမည့် အရာတွေ ပူဇော်နေတယ်၊ အရိုအသေပြုနေတယ် ဆိုလျှင် အဲဒါဟာ ဘာမျှ အကျိုးမရှိပါဘူး၊ အပူဇော်ခံ အရှင်သခင်တွေကိုလဲ မပူဇော်ထိုက်ဘူးလို့ ဆိုရပေလိမ့်မယ်။

ယခု မြတ်စွာဘုရားတော့ မိမိတို့ ရည်မှန်းသည်ထက် ပိုပြီးတော့ တောင်ကောင်းကျိုးချမ်းသာတွေကို ရစေနိုင်တဲ့ အတွက်ကြောင့် မြတ်စွာဘုရားဟာ ပူဇော်အထူးတွေကို ခံတော်မူထိုက်ပါပေတယ်ဆိုတဲ့ ဒီဂုဏ်ကြီးနှင့် ပြည့်စုံတော်မူပါတယ်တဲ့။

ဒါကြောင့် အရဟံ-လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတိ၏ ပူဇော်အထူးကို ခံတော်မူထိုက်တော်မူပေသော မြတ်စွာဘုရားလို့ ဒီအနက်ကို ဖွင့်ပြထားပါတယ်။

ယခုပြောခဲ့ဒါဟာ အရဟံပုဒ်မှာ အဋ္ဌကထာဆရာ ဖွင့်ပြထားတဲ့ ကြည်ညိုဘွယ် ဂုဏ်တွေ ဖြစ်ပါတယ်၊ နောက်နောင် ဂုဏ်ပုဒ်တွေလဲ ဒီလိုဘဲ ကြည်ညိုဘွယ် မှတ်သားဘွယ်များနှင့်တကွ ဖွင့်ပြသွားပါတယ်ဘုရား။

အဇ္ဈတ္တိကနိဒါန်း ပြီး၏

# သိက္ခာပုဒ်တော် အဖွင့်

မနေ့က လျှောက်ထားပြောဆိုခဲ့တဲ့ အတိုင်း ဝိနည်းပိဋကတ်တော် သင်ကြားလေ့လာတဲ့ ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရား၌ သဒ္ဓါတရား တိုးပွါးဘို့ရန် ထက်သန်ဘို့ရန် အရေးကြီးတဲ့အတွက် အဋ္ဌကထာ ဆရာက မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို အပြည့်အစုံ အကျယ်တဝင့် ဖွင့်ပြထားခဲ့ပါတယ်။

## ပါတိမောက္ခသံဝရ သီလ

ရဟန်းတော်များမှာ ကျင့်သုံးရတဲ့ သီလက လေးပါးရှိပါတယ်၊ အဲဒီ လေးပါးထဲမှာ ပါတိမောက္ခသံဝရသီလဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်၊ ပြီးတော့ အဲဒီသီလဟာ သဒ္ဓါသာနေ-သဒ္ဓါတရားဖြင့် ပြီးစေရတဲ့ သီလဖြစ်တဲ့ အတွက် သဒ္ဓါတရားဖြင့် ယုံကြည်မှ ကျင့်လို့ ဖြစ်ပါတယ်၊ ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေမှသာလျှင် ဝိနည်းသိက္ခာပုဒ်တွေကို လုံခြုံအောင် စောင့်ထိန်းပါတယ်၊ "ငါတို့ မြတ်စွာဘုရား သခင်ဟာ သိသင့် သိထိုက်တဲ့ တရားတွေကို အကုန်လုံး သိတယ်၊ ဟောသင့်ဟောထိုက်တဲ့ တရားတွေကို ဟောတယ်၊ ပညတ်သင့် ပညတ်ထိုက်တဲ့ သိက္ခာပုဒ်တွေကို ပညတ်ပြီးတော့ ထားတယ်၊ ဒီလို ပညတ်တာဟာလဲ မြတ်စွာဘုရား၏ သာသနာတော်မှာ ဝင်ရောက်ပြီး ကျင့်သုံးတဲ့ ရဟန်းတော်များမှာ မျက်မှောက်ဘဝတွင် တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတွေ မဖြစ်ရအောင်, နောင်သံသရာ ဘဝမှာ တွေ့ကြုံရမည့် ဆင်းရဲဒုက္ခတွေ မဖြစ်ရအောင် တကယ် အကျိုးရှိတဲ့အတွက် ဒီသိက္ခာပုဒ်တွေကို ပညတ်သင့်လို့ ပညတ်ထားတာဘဲ"လို့ ဒီလို ယုံကြည်တဲ့ သဒ္ဓါတရား ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိမှ ဒီသိက္ခာပုဒ်တွေကို ရိုရိုသေသေ စောင့်ထိန်းသွားပါတယ်။

အဲဒါကြောင့် မြတ်စွာဘုရား၏ ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ သဒ္ဓါတရား တိုးပွါးရအောင်လို့ အဋ္ဌကထာ ဆရာက မြတ်စွာဘုရား၏ ဂုဏ်တော်တွေ ဖွင့်ရန် အခွင့်ဆိုက်ရောက်တဲ့ အရာမှာ ထိုဂုဏ်တော်တွေကို အကျယ်တဝင့် ဖွင့်ပြသွားပါတယ်။

ယနေ့တော့ ဝိနည်းသိက္ခာပုဒ်မှာ အစဆုံး ယော ပန ဘိက္ခု ဆိုတဲ့ အဖွင့်ကို ပြောဘို့ အလှည့်ကျနေပါတယ်။

## လောကဥပဒေများလို

လောကမှာလဲ စည်းကမ်း ဥပဒေတခု သတ်မှတ်လို့ရှိလျှင် ထိုစည်းကမ်း ဥပဒေကို လိုက်နာရမည့် ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်ဘဲ ဆိုတာကို သတ်မှတ်ရ ပါတယ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သား, ပြည်ထောင်စု မြန်မာနိုင်ငံ တော်သူ ဆိုလို့ရှိလျှင် နိုင်ငံတော်သားဆိုတာ ဘယ်လိုဟာ, နိုင်ငံတော်သူ ဆိုတာ ဘယ်လိုဟာ စသည်ဖြင့် အစကတည်းက စည်းကမ်းဥပဒေထဲမှာ စည်းကမ်း ဥပဒေနှင့် သက်ဆိုင်ဘဲ့ ပုဂ္ဂိုလ်တွေကို ဖော်ပြရပါတယ်။

ထို့အတူ မြတ်စွာဘုရား၏ ဝိနည်းသိက္ခာပုဒ်တော်တွေမှာလဲဘဲ ဒီဝိနည်း သိက္ခာပုဒ်တော်တွေကို ကျင့်သုံးရမည့် ပုဂ္ဂိုလ်ဆိုကာ ဘယ်လို ပုဂ္ဂိုလ်ဘဲ ဆိုတာကို ယော ပန ဘိက္ခု လို့ ရှေးဦးစွာ သတ်မှတ်ပြီးတော့ မြတ်စွာ ဘုရားက ဒီမှာ ပြထားပါတယ်၊ ယော ပန ဘိက္ခု ဆိုတဲ့ စကားရပ်ထဲမှာ ဘိက္ခု ဆိုတာက ဘယ်လိုဟာလဲဆိုတော့ အဲဒီ ဘိက္ခုအမျိုးအမည်တွေကို ပဒဘာဇနီ ပါဠိတော်မှာဘဲ ဘိက္ခကောတိ ဘိက္ခု၊ ဘိက္ခာစရိယံ အဇ္ဈု ပဂတောတိ ဘိက္ခု စသည်ဖြင့် မြတ်စွာဘုရားက ခွဲခြားဝေဘန်ပြီးတော့ ဟောထားပါတယ်။

အဲဒီမှာ အရေးအကြီးဆုံးကတော့ သမညာယဘိက္ခု ပဋိညာယဘိက္ခု ဧဟိ ဘိက္ခု တီဟိသရဏဂမနေဟိ ဥပသမ္ပန္နော ဘိက္ခု စသည့် ဖွင့်ပြတဲ့ ပုဒ်တွေဟာ အရေးကြီးတဲ့ အဖွင့်တွေ ဘဲလို့ မှတ်သားဘို့ ကောင်းပါတယ်။

အဲဒီ ထည်းမှာ ရှေးဦးစွာ တီဟိသရဏဂမနေဟိ ဥပသမ္ပန္နော၊ သရဏဂုံ သုံးပါးကို့ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တဲ့ ရဟန်းလဲ ဘိက္ခုဘဲလို့ ပါဠိတော်က ဆိုပါတယ်၊ အဲဒါကို အဋ္ဌကထာက ဒီလို ဖွင့်ထားပါတယ်၊ သရဏဂုံ သုံးပါးဖြင့် ရဟန်းအဖြစ် ရောက်တယ် ဆိုတာ ဘယ့်နှယ်ဟာလဲ ဆိုလျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ယခုကာလ ရှင်သာမဏေ ပြုတဲ့အခါမှာ သရဏဂုံ ဆောက်တည်ရသလိုပါဘဲ၊ မြတ်စွာဘုရားပွင့်ပြီးစ ကာလတုန်းက ပဉ္စမဝါကျွတ်တဲ့ အခါမှာ ဗာရာဏသီက နေပြီးတော့ ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူခဲ့ပါတယ်၊ အဲဒီတုန်းက သာသနာပြုမထေရ်များမှာ ရှင်ရဟန်းပြုချင်တဲ့ ပုဂ္ဂိုလ်တွေ ရှိ လျှင် ဘုရားထံ ခေါ်ဆောင်ပြီးတော့ လာကြရပါတယ်၊ မြတ်စွာဘုရားထံ

ရောက်တော့ မြတ်စွာဘုရားက ဟောဘိက္ခု ခေါ်ပြီး ရဟန်းပြုပေးပါတယ်၊ အဲဒီနည်းဖြင့် ဆရာဖြစ်တဲ့ ပုဂ္ဂိုလ်တွေလဲပင်ပန်း, ရှင်ရဟန်းလောင်းတွေလဲ ပင်ပန်းတဲ့ အတွက် မြတ်စွာဘုရားက ရဟန်းတော်တွေကိုယ်တိုင်ဘဲ ရောက်ရာ ရောက်ရာမှာ ရှင်လောင်း, ရဟန်းလောင်းများကို ရှင်ပြုပေးရမည်, ရဟန်းပြု ပေးရမည် အမိန့်ရှိပြီးတော့ သရဏဂုံ သုံးပါးဖြင့် ရှင်ပြုပေးဘို့, ရဟန်းပြုပေးဘို့ ခွင့်ပြုတော်မူခဲ့ပါတယ်။

အဲဒီ ခွင့်ပြုတဲ အမိန့်တော်အရအားဖြင့် ဟိုစဉ်အခါကာလက သရဏဂုံ သုံးပါးကို ဆရာက ဆိုပေး၊ တပည့်က လိုက်၍ ဆိုလျှင် ယခုကာလ ရှင်ပြု သလိုဘဲ သရဏဂုံဖြင့် ရဟန်းအဖြစ်သို ရောက်ကြပါတယ်။

အဲဒီ ဘိက္ခု ရဟန်းကို ဖွင့်ပြတဲ့ နေရာမှာ သရဏဂုံဖြင့် ရဟန်းအဖြစ် ရောက်သလိုဘဲ တခြားနည်းများဖြင့် ရဟန်းအဖြစ်ရောက်ထာကလဲ ခုနစ်မျိုး ရှိပါသေးတယ်၊ အဲဒါတွေကို ဒီအဋ္ဌကထာမှာ အကုန်လုံး ယူပြီးတော့ ဖွင့် ပြထားပါတယ်။

## ရဟန်း ရှစ်မျိုး

ရဟန်းဖြစ်တယ်ဆိုတာ ရှစ်မျိုးရှိပါတယ်၊ ပဌမအမျိုးက ဟော ဘိက္ခု ရဟန်း၊ ဒုတိယအမျိုးက သရဏဂုံရဟန်း၊ တတိယအမျိုးက ဩဝါဒခံရဟန်း၊ စတုတ္ထအမျိုးက ပြဿနာဖြေတဲ့ ရဟန်း၊ ပဥ္စမအမျိုးက ဂရုဓံ လက်ခံတဲ့ရဟန်း၊ ဆဋ္ဌအမျိုးက ဒူတရဟန်း၊ သတ္တမအမျိုးက အဋ္ဌဝါစိက-ဉတ်နှင့် ကမ္မဝါ ရှစ် ကြိမ် ဘတ်ပြီးတော့ ပြုပေးတဲ့ ရဟန်း၊ အဋ္ဌမ ရှစ်ခုမြောက် ရဟန်းက ဉတ် လျှင် လေးကြိမ်မြောက်တဲ့ ဉတ္တိစတုတ္ထကံဖြင့် ရဟန်းပြုပေးတဲ့ ရဟန်းလို့ အဲဒီလို ရှစ်မျိုးရှိပါတယ်။

## ဟောဘိက္ခု ရဟန်း

အဲဒီ ရှစ်မျိုးထဲမှာ ဟောဘိက္ခု ရဟန်း ဆိုတာဟာ မြတ်စွာဘုရား၏ သာသနာတော်မှာ အစဆုံး ဖြစ်လာတဲ့ ရဟန်းပါဘဲ။

မြတ်စွာဘုရား ရှေးဦးစွာ ဗာရာဏသီ မိဂဒါဝုန်တောမှာ ပဥ္စဝဂ္ဂီ ငါးဦးကို ဓမ္မစက္ကပဝတ္တနသုတ် ဆိုတဲ့ ဓမ္မစကြာတရားတော်ကြီးကို ဟောကြားတော်မူခဲ့

ပါတယ်၊ အဲဒီ ဓမ္မစကြာတရားကို နာတဲ့ ပဥ္စဝဂ္ဂီ ငါးဦးထဲက ရှေးဦးစွာ အရှင်ကောဏ္ဍည တရား သိမြင်ပြီး သောတာပန် ဖြစ်သွားပါတယ်။

ဒီအခါမှာ အရှင်ကောဏ္ဍညက မြတ်စွာဘုရားထံမှာ တပည့်အဖြစ်ဖြင့် ဝင်ရောက်ပြီး ကျင့်သုံးလိုကြောင်း ရဟန်းအဖြစ် တောင်းပန်ပါတယ်၊ ဒီတော့ မြတ်စွာဘုရားက ဧဟိ ဘိက္ခု သွာခါတော ဓမ္မော စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ။ ဘိက္ခု၊ ရဟန်း။ ဧဟိ၊ ဤသာသနာဘောင်သို့ လာခဲ့လော့။ မယာ၊ ငါသည်။ ဓမ္မော၊ တရားကို။ သွာခါတော၊ ကောင်းစွာ ဟောကြားအပ်ပေပြီ။ ဒုက္ခဿ၊ ဆင်းရဲအပေါင်း၏။ သမ္မာ၊ ကောင်းမွန်မှန်ကန်စွာ။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းအကျိုးငှါ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရ၊ ကျင့်လှည့်လော့ လို့—

ဟောဒီလို လက်ရုံးတော် ဆန့်တန်းပြီး ခေါ်ငင်တော်မူပါတယ်၊ အဲဒီလို ခေါ်ငင်ပြီးသည်နှင့် တပြိုင်နက် အဲဒီ ဧဟိ ဘိက္ခု အခေါ်ခံရတဲ့ ပုဂ္ဂိုလ်မှာလဲ သင်္ကန်းရော သပိတ်ရော ရဟန်းအသုံးအဆောင် ပရိက္ခရာတွေ အကုန်လုံး ပြည့်စုံပြီးတော့ သွားပါတယ်၊ ခေါင်းလဲ ရိတ်ပြီးသားဖြစ်လို့ သင်္ကန်းကလဲ ရုံပြီးသားဖြစ်လို့ အဆင်သင့် တခါတည်း ဖြစ်သွားပါတယ်။

အဲဒီလို ဧဟိ ဘိက္ခု ခေါ်ပြီးတော့ ရဟန်းပြုတဲ့ ရဟန်းတွေ ဘယ်လောက် ရှိသလဲ ဆိုလျှင် ရှေးဝိနည်း အဌကထာများမှာ ပြထားတာက တထောင်နှင့် သုံးရာနှင့် လေးဆယ့်တပါး (၁၃၄၁) ပြထားပါတယ်၊ အဲဒါက ဝိနည်းပါဠိတော်မှာ တိုက်ရိုက်လာတဲ့ ဧဟိ ဘိက္ခု ရဟန်းတွေပါ၊ ဝိနည်းပါဠိတော်မှာ တိုက်ရိုက်မလာဘဲ သုတ္တန်မှာလာတဲ့ ဧဟိ ဘိက္ခု ရဟန်းတွေ ကြွင်းကျန်နေသေးလို့ ယခု အဌကထာသစ်မှာတော့ ထပ်ပြီးတော့ ထည့်သွင်းဖော်ပြထားပါတယ်၊ အဲဒါက ဘယ်လောက်ရှိသတုံး ဆိုလျှင် နှစ်သောင်း ခုနစ်ထောင့် သုံးရာ (၂၇၃၀၀) ကျော် ရှိပါတယ်၊ ဒါကြောင့် ဝေမာဒယော ဆိုပြီးတော့ အဆုံးမသတ်သေးဘဲ ပြထားပါတယ်၊ သည့်ပြင်လဲ ကြွင်းကျန်နေတာ ရှိသေး တယ်လို့ ဆိုလိုပါတယ်၊ အဲဒီတော့ ရှေးဝိနည်းအဌကထာဟောင်း လာတာက (၁၃၄၁)ပါး၊ သုတ္တန်က ယူပြီးတော့ ထည့်သွင်းပြတာက (၂၇၃၀၀) ၂-ရပ်ပေါင်း (၂၈၆၄၁)ပါး အဲဒါတွေဟာ ဧဟိ ဘိက္ခု ရဟန်းတွေချည်းပါဘဲ။

## သရဏဂုံ ရဟန်း

ဒုတိယ သရဏဂုံဖြင့် ပြုတဲ့ ရဟန်းကတော့ ခုနတုန်းက ပြောခဲ့ပြီးပါပြီ၊ အဲဒီသရဏဂုံဖြင့် •ရဟန်းပြုတာဟာ ဘယ်ထိအောင် တည်နေသတုံးဆိုလျှင် ရာဓဆိုတဲ့ ပုဏ္ဏား ရဟန်းပြုတဲ့ အခါကာလတိုင်အောင် တည်နေခဲ့ပါတယ်၊ အဲဒီရဲ့ ရှေးအခါကာလများက ရဟန်းတော်များက ရဟန်းပြုပေးလျှင် သရဏဂုံဖြင့်ဘဲ ရဟန်းပြုပေးကြပါတယ်၊ မြတ်စွာဘုရားက ရဟန်းပြုပေးလျှင်တော့ ဧဟိဘိက္ခု ခေါ်ပြီး ပြုစုပေးတာဘဲ များပါတယ်။

## ဩဝါဒခံ ရဟန်း

တတိယ ဩဝါဒခံတဲ့ ရဟန်းဆိုတာက အရှင်မဟာကဿပကြီးတပါးဘဲ ရှိပါတယ်၊ အရှင်မဟာကဿပကြီးကို ဩဝါဒသုံးခုပေးပြီးတာနှင့် ရဟန်းအဖြစ်ဖြင့် မြတ်စွာဘုရားက ခွင့်ပြုတော်မူပါတယ်၊ အဲဒီကစပြီးတော့ အရှင်မဟာကဿပဟာ ရဟန်းဖြစ်တော်မူခဲ့ပါတယ်။

## ပြဿနာဖြေ ရဟန်း

ပြီးတော့ ပြဿနာဖြေပြီးတော့ ရဟန်းဖြစ်တယ်ဆိုတာကလည်း အရှင်သောပါက တပါးဘဲ ရှိပါတယ်၊ သောပါက သာမဏေဟာ ခုနစ်နှစ်အရွယ်၌ မြတ်စွာဘုရားက ပြဿနာတွေမေးလို့ မေးတဲ့ ပြဿနာတွေကို ကျကျနန မှန်မှန်ကန်ကန် ဖြေနိုင်တဲ့အတွက် ရဟန်းအဖြစ် ခွင့်ပြုတော်မူပါတယ်။

## ဂရုဓံ ရဟန်း

ပြီးတော့ ဂရုဓံကို လက်ခံတဲ့ ရဟန်းဆိုတာက မဟာပဇာပတိဂေါတမီ (မိထွေးတော်ဂေါတမီ) ရဟန်းမိန်းမ ဖြစ်ပါတယ်၊ ရဟန်းမိန်းမထဲမှာ ပဌမဆုံး ရဟန်းအဖြစ်သို့ ရောက်တဲ့ ရဟန်းမိန်းမပါဘဲ၊ ဂရုဓံရှစ်ပါးကို လက်ခံသည့်အချိန်ကစပြီး ရဟန်း ဖြစ်စေလို့ မြတ်စွာဘုရားက ခွင့်ပြုတဲ့အတွက် မဟာပဇာပတိဂေါတမီမှာ ရဟန်းအဖြစ်သို့ ရောက်လာခဲ့ပါတယ်။

## ဒူတရဟန်း နှင့် အဋ္ဌဝါစိကရဟန်း

ပြီးတော့ ဒူတ ရဟန်းဆိုတာကလဲ ဘိက္ခုနီထဲကပါဘဲ၊ ဒါကတော့ နည်းနည်းနောက်ပိုင်းကျပါတယ်၊ ရဟန်းမိန်းမများမှာ ပဌမတုန်းကဆိုလျှင်

ရဟန်းယောကျ်ားများလိုဘဲ ရဟန်းများက ဥတ်လျှင်လေးကြိမ်မြောက်ရှိတဲ့ ကမ္မဝါဖြင့် ရွတ်ဘတ်ပြီးတော့ ရဟန်းပြုပေးကြပါတယ်၊ နောက်ဘိက္ခုနီတွေ များလာတဲ့ အခါကျတော့ ရှေးဦးစွာ ဘိက္ခုနီတွေက ဥတ်လျှင် လေးကြိမ် မြောက်ရှိတဲ့ ကမ္မဝါဖြင့် ရဟန်းခံပေးမှ အဲဒီကစပြီးတော့မှ ထပ်ပြီး ရဟန်းတွေ ထံမှာ လာပြီးတော့ ဥတ်လျှင် လေးကြိမ်မြောက်ရှိတဲ့ ကမ္မဝါဖြင့် ရဟန်းခံ ပေးရပါတယ်၊ ဒါကြောင့် ဥတ်နှင့် ကမ္မဝါနှင့် ရှစ်ကြိမ်ဖြစ်နေပါတယ်။

ဘိက္ခုနီမတွေ တော်တော်များလာတဲ့ အချိန်ကစပြီး အမျိုးသမီး များကို ရဟန်း ပြုပေးလျှင် ဥတ်နှင့် ကမ္မဝါရှစ်ကြိမ်ဘတ် ရတဲ့ ဒီနည်းဖြင့်ဘဲ ရဟန်းပြုပေးရကြပါတယ်။

အခါတပါးမှာ အစုကာသီဆိုတဲ့ ပြည်တန်းဆာမ အမျိုးသမီးတယောက် ရဟန်းမိန်းမ ပြုပါတယ်၊ အဲဒီအခါမှာ ဘိက္ခုနီများထံက ဥတ်နှင့် ကမ္မဝါ ၄ကြိမ်ဘတ်ပြီး ရဟန်းပြုပေးပြီးတဲ့နောက် ဘိက္ခုသံဃာထံ လာရောက်ပြီး ရဟန်းအဖြစ်ကို ယူဘို့ စီစဉ်တဲ့အခါမှာ အပျော်ကြူးတဲ့ လူတစုက လမ်း ခရီးမှာ အန္တရာယ်ပြုဘို့ ကြံရွယ်နေကြတဲ့ အကြောင်းကြောင့် ဘိက္ခု သံဃာထံ မလာရောက်နိုင်ဘဲ ရှိနေခဲ့ပါတယ်၊ အဲဒါကို အကြောင်းပြုပြီး မြတ်စွာဘုရားက ဒူတ-ခေါ်တဲ့ တမန်ကိုယ်စားလှယ် လွှတ်ပြီးတော့ ရဟန်း သံဃာတော်များထံ လျှောက်ထား တောင်းပန်ဘို့ ရဟန်းသံဃာတော်များ ကမ္မဝါရွတ်ဘတ်ပြး မျက်ကွယ်မှာဘဲ ရဟန်းခံပေးဘို့ရန် ခွင့်ပြုတော်မူခဲ့ပါ တယ်၊ အဲဒီလို ဒူတခေါ်တဲ့ တမန်ကိုယ်စားလှယ်နှင့် ရဟန်းခံပေးရတာဟာ ဒူတရဟန်းပါဘဲ၊ အဲဒါလဲ အစုကာသီဆိုဘဲ့ ဘိက္ခုနီတဦးဘဲ ထင်ရှားပါတယ်၊ အင်္ဂုဝါစိကရဟန်းကိုတော့ အခုန ပြောပြီးခဲ့ပါပြီ။

## ဥတ္တိစတုတ္ထ ရဟန်း

ရာဓပုဏ္ဏားရဟန်းပြုတဲ့ အချိန်ကစပြီးတော့ ရဟန်း ယောကျ်ားများမှာ ရဟန်းခံရတာကတော့ ဥတ်လျှင် လေးကြိမ်မြောက်ရှိတဲ့ ကမ္မဝါဖြင့် ရဟန်းခံ ရပါတယ်၊ အဲဒီလိုရဟန်းခံဘဲ့ အခါကာလမှာ သမဂ္ဂေနသံဃေန ဆိုတဲ့အတိုင်း သံဃာအညီအညွတ် ရှိရပါတယ်၊ မဇ္ဈိမဒေသအရပ်မှာ ဆိုလျှင် သံဃာဟာ ဆယ်ပါးထက်မနည်း ရှိရပါတယ်။

မဇ္ဈိမဒေသမှ ပြင်ဘက် ပစ္စန္တရာဇ်ဖြစ်တဲ့ ဗမာပြည်တို့လို အစွန်အဖျား အရပ်ဒေသတွေမှာတော့ ရဟန်းငါးပါးဆိုလျှင် လုံလောက်ပါတယ်၊ အဲဒီ ရဟန်းငါးပါးဖြစ်စေ ဆယ်ပါးဖြစ်စေ သူ့နေရာနှင့် သူ အပြည့်အစုံ တခု တည်းသော သိမ်အပြင်မှာ အညီအညွတ် စည်းဝေးလျက် ရှိရပါတယ်၊ ဉတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါကို ရွတ်ဘတ်ရပါတယ်၊ ရွတ်ဘတ်တယ် ဆိုတာကလည်း ရဟန်းလောင်းကို ရဟန်း ပြုပေးတဲ့ အကြောင်း အဲဒါကို သံဃာတွေက သဘောတူ မတူ မေးမြန်း ပြောဆိုတဲ့ စကားပါဘဲ၊ ဒီလို မေးမြန်းပြောဆိုပြီး အသိအမှတ်ပြုတဲ့စကားပါဘဲ။

အဲဒီလိုအသိအမှတ်ပြုတဲ့အခါကာလမှာ ကန့်ကွက်မှုမရှိဘဲ အကုန်လုံးက သဘောဘူလျှင် အကုပ္ပေနဆိုဘဲ့ အတိုင်း မပျက်မစီးဘဲနှင့် ကံ အောင်မြင်ပြီး သွားပါတယ်၊ အဲဒီလို ရဟန်းဖြစ်လာတာကိုသာ မြတ်စွာဘုရား၏ အလို တော်ကျ မြတ်စွာဘုရား၏သာသနာတော်မှာ ရဟန်းစင်စစ် ဖြစ်တယ်လို့ မှတ် ယူရပါတယ်။

အဲဒီ ရှစ်ပါးသော ရဟန်းဟာ ဝိနည်းသိက္ခာပုဒ်ဆိုင်ရာမှာ အာပတ်သင့် နိုင်တဲ့ ရဟန်းပါဘဲ၊ ဒီအထဲမှာ ဟေဘိဘိက္ခုအံစရှိသော ရဟန်းတွေက တော့ အာပတ် အကြီးအကျယ်တွေဆိုလျှင် မသင့်ပါဘူး၊ ဒါကြောင့် အာပတ် အကြီးအကျယ် သင့်နိုင်တဲ့ ဘိက္ခုရဟန်းကတော့ ယခုနောက်ဆုံး ပြောခဲ့တဲ့ ဉတ်လျှင်လေးကြိမ်မြောက် ရှိသည့် ကမ္မဝါနှင့် ရွတ်ဘတ်ပြီး ပြုပေးရတဲ့ ရဟန်းဘဲ ဖြစ်ပါတယ်၊ ဒါကြောင့် ပဌမ ပါရာဇိက အရာမှာ ဒီဉတ္တိစတုတ္ထ ဘိက္ခုရဟန်းကို သာ ယူရမည်လို့ ဒီမှာပြသွားပါတယ်။

## သမညာယဘိက္ခု

ပြီးတော့ ဒီမှာ ဒီရဟန်း ရှစ်ပါးအပြင် မှတ်သားဘို့ အရေးကြီးတာက သမညာယဘိက္ခု-ပဋိညာယဘိက္ခုဆိုတဲ့ ရဟန်းတွေလဲ ရှိပါသေးတယ်၊ သမညာယဘိက္ခုဆိုတာက ဘာလဲဆိုလျှင် ပညတ္တိယာဝေါဟာရေနလို့ ဆိုတဲ့ အတိုင်း အမည်ပညတ်မျှ အခေါ် အဝေါ်မျှဖြင့် ရဟန်းဖြစ်နေတာတဲ့၊ ဒါကလဲ တရားဝင်ဘဲ့ အခေါ်အဝေါ် တရားမဝင်တဲ့ အခေါ်အဝေါ် ဒီလိုနှစ်မျိုး ရှိပါတယ်၊ တရားဝင်ဘဲ့ အခေါ်အဝေါ်ကတော့ ရဟန်းတော်တွေ ဆွမ်းကျွေး

နေတဲ့အခါမှာ ရဟန်းတရာ ဆွမ်းကျွေးတယ် တထောင် ဆွမ်းကျွေးတယ်လို့ ဒီလို ပြောကြပါတယ်၊ အဲဒီလိုပြောတဲ့ တရာ တထောင်ထဲမှာ ရဟန်းချည်း မဟုတ်ဘဲနှင့် ရှင်သာမဏေတွေလဲ ပါဝင်နေတတ်ပါတယ်၊ အဲဒီ ရှင်သာမဏေ တွေကိုလဲ ဘိက္ခု-ရဟန်းဆိုတဲ့ အမည်နှင့် ခေါ်ဝေါ် သုံးစွဲထားပါတယ်၊ အဲဒါဟာ အမည်မျှလောက်ဘဲ ရဟန်းစာရင်းဝင်ပါတယ်၊ တကယ်စင်စစ် ရဟန်း မဟုတ်ပါဘူး၊ ဒါပေမယ့်လို့ ဒီလိုအခေါ်အဝေါ်မျိုးကတော့ တရား ဝင်တဲ့အခေါ်အဝေါ် ဖြစ်ပါတယ်၊ သာသနဝေါဟာရနှင့် သင့်လျော်တဲ့ အခေါ်အဝေါ်လို့ ဆိုလိုပါတယ်၊ ဒီလိုအခေါ် ခံရတဲ့ ရှင်သာမဏေများလဲ တရားဝင်တဲ့ သမညာ ရဟန်း, အပြစ်မဲ့တဲ့ အမည်ခံ ရဟန်း ဖြစ်ပါတယ်။

တရားမဝင်တဲ့ အခေါ်အဝေါ် ဆိုတာကတော့ တချို့မှာ ရဟန်းလဲ မဟုတ်၊ ရဟန်းနှင့်လဲ ဘာမျှ မစပ်ဆိုင်ပါဘဲ အမည်မျှနှင့် ရဟန်းဘဲဆိုပြီး ခေါ်နေရတာတွေ ရှိပါတယ်၊ ဘာသာ အမျိုးမျိုးတွေမှာလဲ သူ့ဘာသာနှင့် သူ အသီးသီး ရဟန်းရယ်လို့ အမည်ခံနေကြတာတွေ ရှိပါတယ်၊ အဲဒါတွေက တော့ ဗုဒ္ဓဘာသာရေး ကိစ္စနှင့် မရောစပ်ဘဲ သူ့ဟာ သူနေလို့ ဗုဒ္ဓသာသနာ ရေးမှာ သိပ်ကိစ္စမရှိပါဘူး၊ အရေးကြီးတာကတော့ ဗုဒ္ဓဘာသာထဲမှာ ရဟန်း အစစ် မဟုတ်ဘဲ ရဟန်းလို့ အမည်ခံနေတာဘဲ့က အရေးကြီးပါတယ်၊ ခုနက ပြောခဲ့တဲ့ ဉတ္တိစတုတ္ထကံနှင့် မဟုတ်ဘဲ သူတို့နည်းဖြင့်သူတို့ ရဟန်းပြုပြီး ရဟန်းအမည်ခံနေကြတာတွေ ရှိပါတယ်။

ဘုရားတပည့်တော် ကြားဘူးသလောက် ဖော်ပြရမည်ဆိုလျှင် ထေရ ဝါဒ မဟုတ်တဲ့ ရဟန်းဂိုဏ်းတွေမှာ သူတို့ရဲ့ ရဟန်း အဝတ်ကြီးကို ရဟန်း လောင်းရဲ့ ကိုယ်ပေါ်မှာ တင်လိုက်ရုံဖြင့်လဲ ရဟန်းပြုပေးခြင်း ကိစ္စ ပြီးသွား တယ်လို့ ဆိုပါတယ်၊ ထေရဝါဒပိဋကမှာဆိုလျှင် ဒီလို ရဟန်းပြုပေးတဲ့ နည်း ဟာ ဘယ်မှာမှ မရှိပါဘူး၊ ဒါကြောင့် ဒီလိုရဟန်းမျိုးကို သမညာရဟန်း, အမည်ခံ ရဟန်းထဲမှာ စာရင်းသွင်းနိုင်ပါတယ်။

## ပဋိညာယဘိက္ခု

ပြီးတော့ ပဋိညာယဘိက္ခုဆိုတာက ရဟန်းပါလို့ ဝန်ခံတာနဲ့ ရဟန်း အနေနဲ့ အသိအမှတ်ပြုရတဲ့ လူကို ဆိုလိုပါတယ်၊ ဒီနေရာမှာ အမှန်တိုင်း ဝန်ခံ တာလဲ ရှိတယ်၊ မမှန်ဘဲနဲ့ ဝန်ခံတာလဲ ရှိတယ်၊ ရဟန်းစင်စစ်က ရဟန်းပါလို့

အမှန်အတိုင်း ဝန်ခံတာကိုတော့ ပဋိညာယတိက္ခလို့ မဆိုလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့ ပဋိညာဝန်ခံမှုကြောင့် ရဟန်းမည်တာ မဟုတ်၊ မူလကတည်းက ရဟန်းစစ် ဖြစ်နေလို့ ပါဘဲ။

ဒီနေရာမှာဆိုတာကတော့ ရဟန်းစစ် မဟုတ်ပါဘဲ ပဋိညာဝန်ခံမှုသက်သက်ဖြင့် ရဟန်းအနေနဲ့ သိမှတ်ရတာကိုသာ ဆိုလိုပါတယ်၊ ဘယ်လိုလဲဆိုလျှင် ညအခါ ကာလမှာ ဘယ်သူလဲလို့ မေးလျှင်၊ အမေးခံရတဲ့သူက ရဟန်း မဟုတ်ပါဘဲနှင့် ငါရဟန်းဘဲ ဘုန်းကြီးဘဲလို့ ပြောလိုက်လျှင် ကြားရတဲ့သူတွေက ရဟန်းဘဲလို့ အဲဒီလူကို အသိအမှတ် ပြုသွား နိုင်ပါတယ်၊ ဒီလိုဝန်ခံရုံမျှဖြင့် ရဟန်းအနေနဲ့ သိမှတ်ရတဲ့လူကို ပဋိညာယ တိက္ခ-ဝန်ခံရဟန်းလို့ ဆိုလိုပါတယ်၊ ဒါဟာ ညမှာသာ မဟုတ်ဘူး၊ နေ့ခင်း ကြောင်တောင်ကြီးမှာလဲ ရဟန်းပါလို့ ဝန်ခံတာနဲ့ ရဟန်းဘဲလို့ အသိအမှတ်ပြုနေရတာတွေဟာ အရပ်ရပ် အနယ်နယ်မှာ အများကြီးဘဲ ရှိပါတယ်၊ ဗုဒ္ဓသာသနာရဲ့ အပြင်ဘက်က သူ့ဟာသူ ရှိနေတာတွေကတော့ သိပ်ကိစ္စမရှိပါဘူး၊ ဗုဒ္ဓသာသနာအတွင်းမှာ ခုနကပြောတဲ့ ဉတ္တိစတုတ္ထကံနှင့် စည်းကမ်းတကျ ရဟန်းပြုတာ မဟုတ်ဘဲ တော်စွာ လျော်စွာ နည်းဖြင့် ရဟန်းပြုလာပြီး ရဟန်းဘဲလို့ ဝန်ခံနေကြတဲ့ ရဟန်းတု ရဟန်းယောင်တွေကတော့ အရေးကြီးပါတယ်။

အဲဒီလိုဟာတွေကိုဘဲ တကယ်ရဟန်းစစ် ရဟန်းမှန်လို့ ယူဆပြီး ကိုးကွယ်ဆည်းကပ် သွားလျှင် သာသနာတော်ဟာ ပျက်စီး သွားနိုင်ပါတယ်၊ သူတို့ဟာ သူ့ဘို့ အသီးအခြား ရဟန်းအဖြစ်ဖြင့် ဝန်ခံနေတယ် ဆိုလျှင်လဲ တော်တော် ရှိပါသေးတယ်၊ ဒီလိုမဟုတ်ပါဘဲနှင့် ထေရဝါဒ ရဟန်းကောင်းတွေထဲမှာ ဝင်ရောက်လို့ ရှိလျှင်တော့ သေသေချာချာ ပျက်သွားနိုင်ပါတယ်။

ဓမ္မာသောကမင်း လက်ထက်တုန်းက တိတ္ထိတွေက သာသနာဘောင်ဝင်လာတယ် ဆိုတာ ဒါမျိုးတွေပါဘဲ၊ သမညာယတိက္ခ-ပဋိညာယတိက္ခတွေဘာဘဲ၊ သူတို့ဟာ သူ့ဘို့ သင်္ကန်းတွေဝတ်ကြတယ်၊ ရဟန်းလဲမဟုတ်ဘူး၊ ဘယ်သူကမျှ ရဟန်းခံပေးတာလဲ မဟုတ်ဘူး၊ အဲဒါတွေဟာ ကျောင်းတိုက်ထဲရောက်တဲ့ အခါကျတော့ ကျောင်းပေါ်မှာ တက်ပြီးတော့ နေကြတယ်၊ ရဟန်းကောင်းတွေ ဉပုသ် ကံကြီး ကံငယ် ပြုတဲ့အခါကျတော့လဲ ရဟန်းအသွင်အပြင်တွေဖြင့် သူတို့ကဝင်တော့ ရဟန်းကောင်းတွေမှာ ကံကြီးကံငယ်

ဆောင်လို့ မဖြစ်ပါဘူး၊ အကယ်၍ မသိလို့ ကံဆောင်မိလျှင်လဲ အဲဒီကံတွေ မအောင်ဘဲနှင့် ပျက်ကုန်ပါတယ်၊ အဲဒါကြောင့် ဒီလို အတုအယောင်တွေက အရေးကြီးပါတယ်။

ယခုကာလမှာ ထေရဝါဒဝိနည်း ပိဋကတော်အတိုင်း မဟုတ်ဘဲ အခြား နည်းဖြင့် ရဟန်းပြုလာတဲ့ ရဟန်းတွေဟာ အများကြီးဘဲ ရှိပါတယ်၊ အဲဒီလို ရဟန်းတွေက ထေရဝါဒ ရဟန်းကောင်းတွေထဲရောက်ပြီး ရဟန်းချင်းတူ သလိုလိုနှင့် ရောနှောနေမှာကတော့ အတော်ကို စိုးရိမ်စရာကောင်းပါတယ်။

ဒါပေမဲ့ သူ့နည်းနှင့်သူ ရဟန်းဖြစ်ပြီး သူ့ဟာသူဘဲ အသီးအခြား နေကြတာတွေကတော့ ကိစ္စမရှိပါဘူး ၊ အရေးကြီးတာကတော့ ရဟန်းစစ် ရဟန်းကောင်းတွေထဲမှာ အတုအယောင်တွေ ရောနှောပြီးနေလျှင် အများ ကလဲ တူတူဘဲလို့ ထင်မှတ်နေလျှင် အဲဒါကတော့ ရဟန်းစစ် ရဟန်း ကောင်းတွေရဲ့ သာသနာအစဉ်အဆက်ဟာ ပျက်စီးသွား စေနိုင်ပါတယ်၊ ဒီစကားကို ထည့်သွင်း ဖေါ်ပြရတာက ယခုနေအခါမှာ ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်ဂိုဏ်းပေါင်းစုံတွေ ရောနှောဆောင်ရွက်ရေးနှင့် စပ်ပြီး သတိပြု စရာကောင်းတဲ့အတွက် အရိပ်အမြွက်မျှ ဖေါ်ပြရခြင်း ဖြစ်ပါတယ်။

## ကောင်းတဲ့အကျင့်ရှိလျှင် ရဟန်း

ပြီးတော့ ဘဒြေဘိက္ခု၊ သာရောဘိက္ခု၊ သေခေါဘိက္ခု၊ အသေခေါ ဘိက္ခု လို့ ဒီဘိက္ခုတွေလဲ ပါဠိတော်မှာဘဲ တိုက်ရိုက် လာပါတယ်၊ ဘဒြေ ဘိက္ခု၊ ကောင်းသော ရဟန်း။ ကောင်းလို့ရှိလျှင် ရဟန်းပါဘဲတဲ့၊ ကောင်း တာက ဘာတုံးဆိုတော့ ဘဒြေန သီလေန သမာဓိနာ ပညာယ ဝိမုတ္တိယာ ဝိမုတ္တိဉာဏဒဿနေန စ သမန္နာဂတတ္တာ “ဘဒြေဘိက္ခု”တိသင်္ချံ ဂစ္ဆန္တိ လို့ ဖွင့်ထားပါတယ်၊ ကောင်းသော သီလ,သမာဓိ,ပညာ,ဝိမုတ္တိ,ဝိမုတ္တိဉာဏ ဒဿနဂုဏ်နှင့် ပြည့်စုံလို့ရှိလျှင် အဲဒီကောင်းတဲ့ဂုဏ်နှင့် ပြည့်စုံတဲ့သူကို ဘိက္ခု လို့ ခေါ်ရတာပါဘဲတဲ့။

အဲဒါကတော့ ဝိနည်းရဟန်းရယ်လို့ မဆိုလိုပါဘူး၊ ဝိနည်း ရဟန်းဖြစ်စေ လူဘဲဖြစ်စေ နတ်ဘဲဖြစ်စေ သီလ သမာဓိ ပညာ ဝိမုတ္တိဉာဏ်အမြင်နှင့် ပြည့်စုံလျှင် အဲဒါကို ဘိက္ခုလို့ ခေါ်ပါတယ်။

ဒါကြောင့် သုတ္တန်ဒေသနာတော်မှာ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ စသည် ဟောတဲ့နေရာတွေမှာ ဘိက္ခု-ရဟန်း ဆိုတဲ့ အမည်နှင့် ဟောထားပါတယ်၊ မြတ်စွာဘုရား၏ အဆုံးအမဩဝါဒကို ကျင့်တဲ့ ပုဂ္ဂိုလ်ကို ဘိက္ခုလို့ အမည်ပေးပြီး ထားပါတယ်။

## သုတ်နှင့်ဆိုင်တဲ့ရဟန်း

အဲဒီမှာ အဋ္ဌကထာက ဘာဖွင့်ထားသလဲဆိုတော့ ပဋိပတ္တိပူရကော ဟ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ ဘိက္ခုတိ သင်္ချံ ဂစ္ဆတိ၊ ပဋိပတ်အကျင့်ကို ကျင့်တဲ့ ပုဂ္ဂိုလ်မှန်သျှင် နတ်ဘဲဖြစ်ဖြစ် လူဘဲဖြစ်ဖြစ် ဗြဟ္မာဘဲ ဖြစ်ဖြစ် ဘိက္ခုခေါ်တယ်လို့ ဖွင့်ပြထားပါတယ်၊ အဲဒါက သုတ်နှင့်ဆိုင်တဲ့ ဘိက္ခု ရဟန်းပါ၊ အဲဒီ ဘိက္ခုက ဒီဝိနည်း ရဟန်းမျိုး မဟုတ်ပါဘူး၊ သူက တမျိုးပါဘဲ၊ တချို့က အဲဒီသုတ်နှင့် ဆိုင်တဲ့ ဘိက္ခုရဟန်းအဖြစ်ကို ဟောပြီးတော့ ဝိနည်း ရဟန်းတွေကို ပယ်မိတတ်ကြပါတယ်။ အဲဒါကတော့ သာသနာပျက်စီး ကြောင်း တခုပါဘဲ။

ပြီးတော့ သာရော ဘိက္ခု-အနှစ်ရှိတဲ့ သီလ စသည်နှင့် ပြည့်စုံလို့ ဘိက္ခုလို့ ခေါ်တယ်တဲ့၊ ဒါလဲ အခုန အတိုင်းပါဘဲ။

သေခေါ ဘိက္ခု-ကျင့်တုန်းကျင့်ဆဲဖြစ်တဲ့ သေက္ခပုဂ္ဂိုလ်ဟာ ဘိက္ခုပါဘဲ တဲ၊ ကလျာဏပုထုဇဉ်နှင့်တကွ အရဟတ္တမဂ်တိုင်အောင် အရိယာ ခုနစ်ပါး အဲဒီပုဂ္ဂိုလ်တွေဟာ ကျင့်တုန်း ကျင့်ဆဲ ဖြစ်လို့ သေက္ခရဟန်း၊ ကျင့်ဆဲ ရဟန်း မည်ပါတယ်တဲ့။

အသေခေါ ဘိက္ခု-ရဟန္တာပုဂ္ဂိုလ်ဟာ ကျင့်ပြီးဖြစ်လို့ အသေခရဟန်း မည်ပါတယ်တဲ့။

အဲဒါတွေကတော့ ဝိနည်းရဟန်းရယ်လို့ မဟုတ်ပါဘူး၊ ဒီသိက္ခာပုဒ်မှာ ယူဘို့ရာလဲ မဟုတ်ပါဘူး၊ ဘိက္ခုအမည်ဖြင့် ရသင့် ရထိုက်ထာတွေ အကုန်လုံး ထုတ်ပြတာပါ၊ ဒီလို ထုတ်ပြပြီး နောက်ဆုံးကျတော့ ဝိနည်းမှာ အာပတ် သင့်စေနိုင်တဲ့ ရဟန်းကို ရွေးချယ်ပြီး ပြပါတယ်။

ဘယ်လိုတုံးဆိုလျှင် ယခုကာလမှာ ရဟန်းကောင်း ရဟန်းစစ် သံဃာတော်များက ဥတ်လျှင် လေးကြိမ်မြောက်ရှိတဲ့ ကမ္မဝါဖြင့် ရွတ်ဘတ်ပြီးတော့ အသိအမှတ်ပြုတဲ့ ဥတ္တိစတုတ္ထဥပသမ္ပန္နရဟန်းကို ယောပန ဘိက္ခု အရ ရဟန်းဟူ၍ မှတ်ယူရကြောင်းကို ပါဠိတော်က မိန့်ဆိုထားတဲ့အတိုင်း ဒီအဋ္ဌကထာမှာ အကျယ်တဝင့် ထပ်မံပြီး ရှင်းလင်းဖော်ပြထားပါတယ်။

ဒီနေ့ ဒီမျှတွင် ရပ်ပြီးတော့ နက်ဖြန်ကျမှ ဘိက္ခုနံ သိက္ခာသာဇီဝသမာပန္နော အရ သိက္ခာသုံးပါးအကြောင်းကို ဆက်လက်ပြီး လျှောက်ထားပါမည်ဘုရား။

## သိက္ခာ သုံးပါး

ဝိနည်းပါဠိတော် ပဌမသိက္ခာပုဒ်မှာ ယော ပန ဘိက္ခု ဆိုတဲ့ ပုဒ်နောင်မှာ ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နောလို့ အစဉ်အတိုင်း ၂-ပုဒ် ရှိပါတယ်၊ အဲဒီမှာ ယော ပန နှင့် ဘိက္ခုကို ဖွင့်ပြီးတဲ့နောက် ဘိက္ခူနံဆိုတဲ့ ပုဒ်ကို ပဒဘာဇနီပါဠိတော်မှာ မဖွင့်ဘဲ ချန်ထားပါတယ်၊ အဲဒီလို ချန်ထားတော့ကာ ဘာဖြစ်လို့ လဲလို့ နောင်လာနောက်သားတွေမှာ စဉ်းစားစရာ ရှိပါတယ်၊ ဒီလို မဟုတ်လျှင်လဲ ပဒဘာဇနီမှာ အစဉ်အတိုင်း ဖွင့်နေကျ ဖြစ်ပါလျက် မဖွင့်တော့ ဒီ ဘိက္ခူနံဆိုတဲ့ ပုဒ်ကလေးဟာ ပိုနေတယ်လို့ ယူမည်ဆိုလျှင် ယူဆဘို့ရန် အကြောင်းရှိပါတယ်၊ ဒါကြောင့် ဒီအဋ္ဌကထာမှာ ဣဒါနိ ဘိက္ခူနန္တိ ဣဒံ ပဒံ ဝိသေသတ္ထာဘာဝတော အဝိဘဇိတ္ဝာ လို့ ဖော်ပြသွားပါတယ်၊ ဘိက္ခူနံ ဆိုတဲ့ ပုဒ်က ရှေ့နားတွင်ရှိတဲ့ ယော ပန ဘိက္ခု ဆိုတဲ့ ပုဒ်ထဲက ဘိက္ခုပုဒ်နှင့် ပဒတ္ထပုဒ်နက် အားဖြင့် တူနေသည့်အတွက်ကြောင့် အနက်အထူးမရှိလို့ ဒီပုဒ်ကို ပဒဘာဇနီမှာ မဖွင့်ဘဲ မဝေဘန်ဘဲနှင့် ခြွင်းချန်ထားခဲ့တယ်လို့ ဆိုလိုပါတယ်။

အဲဒီရဲ့ နောက်နားက သိက္ခာနှင့် သာဇီဝ နှစ်ခုရှိတဲ့ နေရာမှာ သိက္ခာကို ပဒဘာဇနီမှာ "သိက္ခာတိ တိဿော သိက္ခာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ"လို့ ဒီလို ဖွင့်ပြထားပါတယ်။

အဲဒီမှာ သိက္ခာဆိုတာဘာလဲ ဆိုလျှင် သိက္ခိတဗ္ဗာတိ သိက္ခာ-ကျင့်အပ်တဲ့ တရားဘဲလို့ ဖွင့်ပြပါတယ်၊ သိက္ခာဆိုတာဟာ ကျင့်အပ်တဲ့ တရား ကျင့်ရ

မည့် တရား ဖြစ်ပါသည်၊ အဲဒီ သိက္ခာအရ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ ဟု ၃-မျိုးရှိရာမှာ အဓိသီလဆိုတာ ဘယ်လိုဟာလဲ၊ အဓိစိတ္တ ဆိုတာ ဘယ်လိုဟာလဲ၊ အဓိပညာဆိုတာ ဘယ်လိုဟာလဲလို့ ဒီလို မေးစရာရှိလို့ ဒါကိုလဲ ဖွင့်ပြထားပါတယ်။

အဓိဆိုတာက အဓိက, ဥတ္တမ လွန်ကဲမြင့်မြတ်တဲ့ အနက်ကို ဖော်ပြတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် အဓိသီလဆိုတာ လွန်ကဲမြင့်မြတ်တဲ့ သီလ၊ အဓိစိတ္တဆိုတာ လွန်ကဲ မြင့်မြတ်တဲ့ စိတ်၊ အဓိပညာ ဆိုတာ လွန်ကဲမြင့်မြတ်တဲ့ ပညာ ဒီလို ဆိုလိုပါတယ်။

ဒီနေရာမှာ သီလ သမာဓိ ပညာကို အဓိနှင့်တပ်ပြီးတော့ အဓိသီလ, အဓိစိတ္တ,အဓိပညာ-လွန်ကဲမြင့်မြတ်တဲ့ သီလ,သမာဓိ,ပညာလို့ သုံးမျိုးခွဲခြားထားတဲ့အတွက် လွန်ကဲမြင့်မြတ်ထာမဟုတ်တဲ့ ရိုးရိုးသီလ, ရိုးရိုးစိတ်, ရိုးရိုးပညာလဲ ရှိသင့်နေပါတယ်၊ အဲဒီ ရှိသင့်တဲ့ ရိုးရိုးသီလက ဘယ်လိုဟာလဲ၊ လွန်ကဲမြင့်မြတ်တဲ့ သီလက ဘယ်လိုဟာလဲ စသည်ဖြင့် မေးစရာ အကြောင်း ပေါ်လာပါတယ်၊ ဒါကြောင့် ဒီမှာ သီလဆိုတာ ဘယ်ဟာလဲ၊ အဓိသီလဆိုတာ ဘယ်ဟာလဲ၊ စိတ္တဆိုတာ ဘယ်ဟာလဲ၊ အဓိစိတ္တဆိုတာ ဘယ်ဟာလဲ၊ ပညာဆိုတာ ဘယ်ဟာလဲ၊ အဓိပညာဆိုတာ ဘယ်ဟာလဲလို့ ဒီမေးခွန်း ခြောက်ခုကို ထုတ်ပြီးတော့ အသီးအသီး ဖြေကြားသွားပါသည်။

## ရိုးရိုး သီလ

ဖြေကြားပုံက ငါးပါးသီလနှင့် ဆယ်ပါးသီလဟာ ရိုးရိုးသီလပါဘဲတဲ့၊ အဋ္ဌင်္ဂုပေါသထသီလ (ရှစ်ပါးသီလ)ကတော့ ဥပေါသထ နာမည်နှင့် တပ်ထားလို့ ဒီမှာ ထည့်မထားပါဘူး၊ သို့ပေမဲ့ ဒသင်္ဂသီလ ဆိုလိုက်လျှင် အဲဒါထဲမှာ ပါဝင်သွားလို့ အဋ္ဌင်္ဂသီလကိုလဲ သီလထဲ ထည့်ယူဘို့ပါဘဲ၊ အဲဒီ ပဥ္စင်္ဂနှင့် ဒသင်္ဂသီလဟာ လူများ ကျင့်သုံးနေတဲ့ သီလ ဖြစ်ပါတယ်၊ ဒီ သီလဟာ မြတ်စွာဘုရား ပွင့်တော်မူတဲ့ အခါကာလမှာသာ ရှိတာမဟုတ်၊ မြတ်စွာဘုရား မပွင့်တဲ့ သာသနာပ အခါကာလမှာလဲ ရှိပါတယ်၊ ဘုရားပွင့်တော်မူတဲ့ အခါကာလမှာ ဆိုလျှင် ဒီသီလကို ဆောက်တည်ဘို့ရန် မြတ်စွာဘုရားများ ကိုယ်တိုင်ကလဲ ဟောကြားတော်မူပါတယ်၊ မြတ်စွာဘုရား၏ တပည့် သာဝက ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ဟောကြားပြီးတော့ လူများကို ဆောက်တည်စေပါ

တယ်၊ ဘုရားမပွင့်တော်မူတဲ့ သာသနာ့ပ အခါကာလမှာ ဆိုလျှင်လဲ ပစ္စေက ဗုဒ္ဓါများ, ကမ္ဗဝါဒီ-ကံ ကံ၏အကျိုးရှိတယ်လို့ ယူဆပြောဟောလေ့ရှိကြတဲ့ တရားစောင့်တဲ့ သမဏဗြာဟ္မဏရဟန်းသူမြတ်များ စကြာဝတေးမင်းများ ဘုရားအလောင်းတော်များ အဲဒီပုဂ္ဂိုလ်တွေက ဟောကြားပြီးတော့ ဒီသီလကို ဆောက်တည်စေကြပါတယ်၊ ပညာရှိဘဲ့ သမဏဗြာဟ္မဏ ရဟန်းပုဏ္ဏားတွေက တော့ မိမိဟို ကိုယ်တိုင်လဲ ဆောက်တည်ကြပါတယ်။

## ဘာသာခြားက နိုင်းယှဉ်မှု

ဒီနည်းဖြင့် ဒီသီလတွေက သာသနာ့ပမှာလဲ ရှိနေပါတယ်၊ မှန်ကန်တဲ့ အကျင့်ကောင်းတွေလဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဘုရားပွင့်လာတဲ့ အခါမှာလဲ ဒီသီလတွေကို ဒီအတိုင်းဘဲ ဟောကြားရပါတယ်၊ အဲဒါကို အကြောင်းပြုပြီး တော့ ယခု ဟိန္ဒူဝါဒရှိတဲ့ ပုဂ္ဂိုလ်တွေက "မြတ်စွာဘုရား ဟောတဲ့ တရားတွေ ဟာ တို့ဘာသာထဲမှာရှိတဲ့ တရားတွေကို ဟောထားတယ်"လို့ ဂုဏ်ယူပြီး ပြောဆိုနေကြပါတယ်၊ အဲဒါတွေကို မဂ္ဂဇင်းတွေ စာတမ်းတွေထဲမှာ ရေးသား ဖော်ပြနေကြပါတယ်၊ "တို့ဟိန္ဒူကျမ်းတွေထဲမှာရှိတဲ့ တရားကိုဘဲ ဗုဒ္ဓဘုရား က ဟောထားတယ်"လို့ ဒီလို ဆိုနေကြပါတယ်၊ ဘုရားဟောတရားထဲမှာ သူတို့ကျမ်းတွေနှင့် တူညီတာတွေလဲ ပါမှာပါဘဲ။

ဒီလို တူရခြင်း၏ အကြောင်းကတော့ သာသနာ့ပ အခါကာလမှာ ယခုပြောခဲ့တဲ့ ပစ္စေကဗုဒ္ဓါတို့ ကမ္ဗဝါဒီ သမဏ ဗြာဟ္မဏတို့ စကြာဝတေးမင်းတို့ ဘုရားလောင်းတို့ ဒီလို ပညာရှိပုဂ္ဂိုလ်ကြီးတွေက ရှိနေကြပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေက တည်ထွင်ထားခဲ့တဲ့ အကျင့်ကောင်းတွေဟာ သူတို့ကျမ်းတွေထဲ ရှိနေမှာပါဘဲ၊ ဘုရားပွင့်လာတဲ့အခါ မြတ်စွာဘုရားက ဟောတော့လဲ အဲဒီ အကျင့်ကောင်းတွေကို မဟောဘဲ ခြွင်းချန်ထားလို့တော့ မဖြစ်ပေဘူး၊ အဲဒီအတိုင်းဘဲ ဟောရမှာပါဘဲ၊ သူတို့ ဟိန္ဒူတရားနှင့် မတူတာတွေ, သူတို့ ဟိန္ဒူတရားထဲမှာ အစအနတောင်မရှိတဲ့ လောကုတ္တရာ မဂ်ဖိုလ်တရားတွေ ဒီလို ထူးခြားတာတွေကဘဲ များပါတယ်၊ အဲဒါတေကိုတော့ သူတို့က မဖော်ပြ ဘဲ ဒီလို တူတာလောက်ကလေးနှင့် ဂုဏ်ယူပြီး ပြောဆိုနေကြပါတယ်၊ ဒါ ကြောင့် ဘုရားတပည့်တော်တို့ ဗုဒ္ဓဘာသာ တရားဘက်က အဲဒီလို လူတွေ နားလယ်သွားအောင် သူတို့နားလယ်မည့် ဘာသာစကား စာပေနှင့် ပြန်

လည် ဖြေရှင်းဘို့ရာတွေကတော့ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေမှာ တော်တော်ဘဲ လိုနေပါတယ်။

## သီလရဲ့ အကျိုးတွေ

ယခုပြောခဲ့တဲ့ သီလတွေကို ဖြည့်ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီသီလ ကုသိုလ်ကြောင့် လူ့ပြည် နတ်ပြည်မှာ လူ့စည်းစိမ် နတ်စည်းစိမ်ကို ခံစားရ တယ် ဆိုတဲ့ အကြောင်းကိုလဲ ဒီအဋ္ဌကထာမှာ ဖော်ပြထားပါတယ်၊ ဝိသုဒ္ဓိမဂ် မှာတော့ ဒီသီလရဲ့ အကျိုးအာနိသင်ကို ပြတာဟာ တော်တော်ကို စိတ် ဝင်စားစရာ ကောင်းပါတယ်။

သဂ္ဂါရောဟဏသောပါဏံ၊ အညံ့ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

လို့ ဒီဂါထာကလေးနှင့် ဖော်ပြထားပါတယ်။ သီလသမံ၊ သီလနှင့် အလားတူသော။ အညံ၊ သီလမှ တပါးသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ပြည်သို့ တက်ကြောင်း စောင်းတန်းလှေကားမည်သည်။ကုတော၊အဘယ် မှာ ရှိအံ့နည်း။

နတ်ပြည် နတ်ရွာ သုဂတိဘဝတွေ ဖြစ်ဘို့ရာ အတွက် စောင်းတန်း လှေကားထဲမှာဖြင့် သီလဟာ အကောင်းဆုံးဘဲတဲ့၊ အဆောက်အဦကြီးတွေ ကို တက်မည်ဆိုလျှင် လှေကား ရှိရပါတယ်၊ လှေကားမရှိဘဲနှင့် ခုန်ပြီးတက်လို့ မဖြစ်နိုင်ပါဘူး၊ အဲဒါလို နတ်ရွာ သုဂတိတွေကို ရောက်ချင်လို့ရှိလျှင် စောင်း တန်း လှေကား လိုပါတယ်၊ အဲဒီ လှေကားဟာ ဘာတုံးဆိုယင် ဒီသီလပါဘဲတဲ့၊ သီလတည်းဟူသော စောင်းတန်းကလေးများ အသီးအသီး ကိုယ်စီ ကိုယ်စီ အသင့်ပြင်ပြီးတော့ ထားဘို့ရန် အတွက် ညွှန်ကြားခြင်း တမျိုး ဖြစ်ပါတယ်။

ဝါပန၊ တနည်းအားဖြင့်သော်ကား။ နိဗ္ဗာနနဂရဿ။ နိဗ္ဗာန်တည်းဟူ သော မြို့တော်ကြီးသို့။ ပဝေသနေ၊ ဝင်ရာ၌။ သီလသမံ ဒွါရံ၊ သီလနှင့်တူ သော တံခါးပေါက် မည်သည်။ ကုတော၊ အဘယ်မှာ ရှိအံ့နည်း။

လောကီ စည်းစိမ်တွေ အလိုမရှိလို့ လောက က လွတ်မြောက်အောင် အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ တော့ ဒီသီလဟာ နိဗ္ဗာန်ဝင်ဘို့ရန် အကောင်းဆုံး တံခါးပေါက်ကြီး ဖြစ်နေပါတယ်တဲ့၊ ဒီလို သီလကို ချီးကျူးထားပါတယ်။

ဒီအင်္ဂုတ္တရထာမှာတော့ ဒီသီလကို ဖြည့်ကျင့်ပြီးတော့ လူ့ပြည် နတ်ပြည် ရောက်ပြီး လူ့စည်းစိမ် နတ်စည်းစိမ်တွေကို တာလောက်ဘဲ ဖော်ပြသွားပါတယ်၊ အဲဒါက ရိုးရိုးသီလဖြစ်ပါတယ်။

## အဓိသီလ

ရိုးရိုးသီလထက် လွန်ကဲတဲ့ အဓိသီလဆိုတာကတော့ ဘာလဲဆိုယင် ပါတိမောက္ခသံဝရသီလ ဖြစ်ပါတယ်၊ ပါတိမောက္ခ သံဝရသီလ ဆိုတာဟာ ရဟန်းတော်များ ကျင့်သုံးနေရတဲ့ သီလတွေပါဘဲ၊ အကျဉ်းအားဖြင့် ၂၂၇-ပါး အကျယ်ရေတွက်မယ် ဆိုယင် ရှေးခေတ် အင်္ဂုတ္တရ ဆရာများ လက်ထက်က မထေရ်မြတ်ကြီးများ ရေတွက်ထားတာဟာ ကုဋေကိုးထောင်ကျော် ရှိပါတယ်၊ အဲဒီ သီလသိက္ခာပုဒ်တွေကို စောင့်ထိန်းတဲ့ သီလတွေဟာ အဓိသီလပါဘဲတဲ့၊ ဘာဖြစ်လို့ အဓိသီလ ခေါ်ရသတုံးဆိုလျှင် ဥပမာအားဖြင့် လောကမှာ အလင်းရောင်ဟူသမျှတို့တွင် နေဟာ အကြီးကဲဆုံး အမြင့်မြတ်ဆုံး ဖြစ်သကဲ့သို့၊ ဥပမာ တနည်းအားဖြင့် တောင်အပေါင်းတို့တွင် မြင်းမိုရ်တောင်ကြီးဟာ အကြီးအကဲဆုံး ဖြစ်သကဲ့သို့ ထို့အတူ ပါတိမောက္ခသံဝရသီလဟာ လောကီသီလထဲမှာ အကြီးအကဲ အမြင့်မြတ်ဆုံး ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် အဓိသီလ လွန်ကဲ ထူးမြတ်တဲ့ သီလလို့ ခေါ်ရပါတယ်။

အဲဒီ ပါတိမောက္ခသံဝရဆိုတဲ့ အဓိသီလဟာ ဘုရားသာသနာတော်တွင်းမှာသာ ရှိပါတယ်၊ သာသနာပမှာ မရှိပါဘူး၊ ဒီပါတိမောက္ခသံဝရသီလကို ဘုရားမှတပါး ဘယ်ပုဂ္ဂိုလ်မှ မပညတ် မဟောကြားနိုင်ပါဘူး၊ မြတ်စွာဘုရားများသာလျှင် ပညတ်ဟောကြားနိုင်ပါတယ်၊ ပညတ်ဟောကြားရာမှာလဲ ကာယဒွါရ ဝစီဒွါရမှ ကျူးလွန်မှု ဟူသမျှတွေကို ပယ်ဖျက်ပြီးတော့ ထိုထို ကျူးလွန်မှုနှင့် အံကျလိုက်ပြီး သင့်လျော်တဲ့ စောင့်စည်းမှု သီလကို ဖော်ပြပြီး ပညတ်ထားပါတယ်။

အဲဒီ ပါတိမောက္ခသံဝရသီလထက် လွန်ကဲတဲ့ သီလလဲ ရှိပါသေးတယ်၊ အဲဒါက ဘာတုန်းဆိုလျှင် မဂ်ဖိုလ်၌ အတွင်းဝင်သော သီလ-မဂ်သီလ ဖိုလ်သီလပါဘဲ၊ မဂ်လေးပါး ဖိုလ်လေးပါး၌ အတွင်းဝင်တဲ့ ဝိရတီသီလပင် ဖြစ်ပါတယ်၊ အဲဒီ လောကုတ္တရာမဂ်ဖိုလ် သီလကတော့ ဒီနေရာမှာ ယူဘို့ရာ မလိုပါ

ဘူးတဲ့၊ ဘာကြောင့်တုံးဆိုယင် မဂ်ဖိုလ်သီလသို့ ရောက်နေတဲ့ ရဟန်းပုဂ္ဂိုလ် သိက္ခာသမာပန္န ဖြစ်နေတဲ့ ရဟန်းပုဂ္ဂိုလ်ဟာ ပဌမပါရာဇိကနှင့် ဆိုင်တဲ့ မေထုနဓမ္မများ မှိုင်ခြင်း ကျူးလွန်ခြင်း မရှိပါဘူးတဲ့၊ ဒါကြောင့် ဒီမှာ သိက္ခာသမာပန္နော ပုဒ်က သိက္ခာအရ ကို လောကီသီလသာ ယူရမည်ဆိုတဲ့ အကြောင်းကို ဖော်ပြပြီးတော့ သီလအခဏ်းကို အဆုံးသတ် သွားပါတယ်။

## ရိုးရိုး စိတ္တ

ပြီးတော့ စိတ္တနှင့် အဓိစိတ္တ အရကတော့ ကာမာဝစရကုသိုလ်စိတ်ရှစ်ခု လောကီသမာပတ်ကုသိုလ်စိတ်ရှစ်ခု အဲဒါတွေဟာ စိတ်ရိုးရိုး သမာဓိရိုးရိုးသာ မည်တဲ့ အကြောင်းပြပါတယ်၊သမာဓိကို ဖော်ပြတဲ့နေရာမှာ စိတ်နှင့်ဘဲ ဖော်ပြ ရပါတယ်၊ ဗမာစကားနှင့်ပြောလျှင်လဲ သမာဓိကို "စိတ်တည်ကြည်မှု"လို့ ဒီလို ပြောရတာဘဲ၊ စိတ်ကို လွတ်ပြီး ပြောလို့ မဖြစ်ပါဘူး၊ ဒါကြောင့် ကျမ်းဂန် သုံးနေရာမှာလဲ သမာဓိ ပြောတဲ့အခါ စိတ္တလို့ဘဲ အမည်တပ်ပြီး ပြောပါတယ်။

သမထဘာဝနာကို အားထုတ်တဲ့ အခါ ကာလမှာ ကာမာဝစရ ကုသိုလ် စိတ် ရှစ်ခုတွင် တခုခုနှင့် ဖြစ်ပွါးနေပါတယ်၊ ဉာဏ်နှင့်ယှဉ်ပြီး ဝမ်းမြောက် ဝမ်းသာ အားထုတ်နေတဲ့အခါ ဝိုက်တွန်းနှိုးဆော်ရခြင်း မရှိဘဲနှင့် ထက်ထက် သန်သန် အားထုတ်နေလျှင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါ ရိက ကုသိုလ်စိတ်နှင့် ဖြစ်ပါတယ်၊ တခါတရံ ဝိုက်တွန်းပြီး အားထုတ် ရတာလဲ ရှိပါတယ်၊ အဲဒီလိုအခါမှာတော့ သသင်္ခါရိကစိတ်နှင့် ဖြစ်ပါတယ်၊ တခါတရံမှာ ဉာဏ်နှင့် မယှဉ်ဘဲ ဉာဏဝိပ္ပယုတ် စိတ်နှင့်အားထုတ်တာတွေ ကလည်း ကြားထည်းပါဝင်သွားတာရှိပါတယ်၊ အဲဒီ အခါကာလကျတော့ ဉာဏဝိပ္ပယုတ် အသင်္ခါရိကနှင့် သသင်္ခါရိက စိတ် ဖြစ်ပါတယ်၊ တခါတရံလဲ ဝမ်းမြောက်ဝမ်းသာ မဟုတ်ဘဲ ဥပေက္ခာနှင့် အားထုတ်နေတာ ရှိပါတယ်၊ အဲဒီဥပေက္ခာနှင့်လဲ လေးမျိုးရှိတယ်။ ဒါကြောင့် အားလုံးပေါင်းလိုက်လျှင် သမထဘာဝနာ သမာဓိဘာဝနာကို အားထုတ်တဲ့ အခါကာလမှာ ကာမာဝစရ ကုသိုလ်စိတ် ရှစ်မျိုးလုံးဘဲ ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီရှစ်မျိုးလုံးကို ယူရမည်တဲ့၊ ဒါဟာ ပရိကမ္မ သမာဓိ၊ ဥပစာရသမာဓိ အရာတွေမှာ ယူဘို့ ပါဘဲ။

ဒီလို အားထုတ်လို့ ဥပစာရသမာဓိက လွန်မြောက်သွားတဲ့ အခါကာလ ကျတော့ ရူပါဝစရ ဈာန်သမာပတ်တွေ ဖြစ်လာပါတယ်၊ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံတဲ့ ပဌမဈာန်၊ ဝိတက် ဝိစာရကို လွန်မြောက်ပြီးတော့ ပီတိသုခ ဧကဂ္ဂတာဈာန် အင်္ဂါသုံးပါး နှင့် ပြည့်စုံဘဲ့ ဒုတိယဈာန်၊ ပီတိကို လွန်မြောက်ပြီးတော့ သုခဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံတဲ့ တတိယဈာန်၊ သုခကို လွန်မြောက်ပြီးတော့ ဥပေက္ခာဧကဂ္ဂတာဈာန် အင်္ဂါနှစ်ပါးနှင့် ပြည့်စုံတဲ့ စတုတ္ထဈာန် အဲဒီလို ရူပါဝစရ ဈာန်ဟာ လေးပါးရှိပါတယ်၊ ပြီးတော့ အာကာသာနဉ္စာယတန ဈာန်, ဝိညာနဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာ ယတနဈာန်လို့ ဒီလို အရူပဈာန်ကလဲ လေးပါးရှိပါတယ်၊ ဒါတွေ အကုန်လုံး ပေါင်းလိုက်လျှင် သမာပတ်က ရှစ်ပါး ဖြစ်ပါတယ်။

အဲဒီ သမာပတ် ရှစ်ပါးဟာ ရိုးရိုးစိတ္တဘဲ မည်ပါသေးတယ်တဲ့၊ အဓိစိတ္တ မဟုတ်သေးပါဘူးတဲ့၊ ရိုးရိုးစိတ္တမည်တဲ့ ဒီသမာဓိမျိုးကတော့ ဘုရားပွင့်တော် မူတဲ့ အခါမှာရော ဘုရားမပွင့်တဲ့ သာသနာပမှာရော ရှိတာပါဘဲတဲ့၊ သာသ နာပမှာလဲ ဈာန်ရ ရသေ့ကြီးတွေ ဘုရားအလောင်း ရသေ့ကြီးတွေဟာ ဈာန်တွင် မကဘဲနှင့် အဘိညာဉ်တွေပါ ရလို့ ကောင်းကင်ပျံ မြေလျှိုးစသည် ဖြင့် ဒီလို တန်းခိုးနှင့် ပြည့်စုံနေကြတဲ့ အကြောင်း ဇာတ်နိပါတ်တွေမှာ အများ ကြီးဘဲ လာပါတယ်။

ဒီသမာဓိ ဘာဝနာ အလုပ်ကို သာသနာတွင်းမှာ ဆောက်တည်စေတာ နှင့် သာသနာပမှာ ဆောက်တည်စေတာကတော့ ဘယ်လိုပါတုံးဆိုယင် "သီလမှာ ပြဆိုခဲ့တဲ့ နည်းအတိုင်းပါဘဲ"လို့ အဲဒါကို စကားချုံးလိုက်ပါတယ်။ သာသနာတွင်းမှာဆိုလျှင် မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝက တွေက ဒီဈာန်သမာပတ်တွေ ရအောင်လို့ ညွှန်ကြားဆောက်တည်စေပါ တယ်၊ သာသနာပမှာဆိုလျှင် ပစ္စေကဗုဒ္ဓါ ကမ္မဝါဒီ ဈာန်ရပုဂ္ဂိုလ်တွေက ဆောက်တည်စေပါတယ်လို့ ဒီလိ ယူဘို့ပါဘဲ။

## အဓိစိတ္တ

အဲဒီ စိတ္တရိုးရိုးထက် လွန်ကဲတဲ့ အဓိစိတ္တ ဆိုတာကတော့ ဘာတုံး ဆိုလို့ရှိယင် ဝိပဿနာ၏ အခြေခံ ဖြစ်တဲ့ ရှစ်ပါးသော သမာပတ်စိတ်ပါဘဲတဲ့၊

ဝိပဿနာ ရှုမဲ့ ပုဂ္ဂိုလ်များမှာ ချာန်ရတဲ့ ပုဂ္ဂိုလ်ဆိုလျှင် အဲဒီချာန်စိတ်ကို ရှေးဦးစွာ ဝင်စားရပါတယ်၊ ဝင်စားပြီးတော့ အဲဒီချာန်ကထပြီး ဝိပဿနာ ရှုရပါတယ်၊ ရှုတဲ့ အခါမှာလဲ အဲဒီချာန်စိတ်က စပြီး ရှုရတာပါဘဲ၊ ချာန် ဝင်စားလိုက်၊ အဲဒီ ချာန်စိတ်ကို ရှုလိုက်၊ ချာန်ဝင်စားလိုက်၊ အဲဒီ ချာန်စိတ်ကို ရှုလိုက်နှင့် ဒီလို ရှုနေတာလဲ ရှိပါတယ်၊ ချာန်ဝင်စားပြီးတော့ ချာန်စိတ်ရှု ပြီးတော့ ပကိဏ္ဏကသင်္ခါရတွေလို့ ခေါ်တဲ့ ဒွါရခြောက်ပါးက မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းတွေကို ရှောက်ပြီးတော့ရှု၊ ဒီလို ရှုတာလဲ ရှိပါ တယ်။

ဘယ်လိုဘဲရှုရှု ဝိပဿနာ၏ အခြေခံ အဖြစ်နှင့် ရှေးဦးစွာ အခြေတည် ပြီးတော့ ဝင်စားလိုက်တဲ့ ချာန်စိတ်ဟာ ဝိပဿနာပါဒကချာန် ဖြစ်ပါတယ်၊ ပါဒကချာန်လို့လဲ ခေါ်ပါတယ်၊ အဲဒါဟာ အဓိစိတ္တပါဘဲတဲ့၊ ခုနကပြခဲ့တဲ့ ရိုးရိုးသမာပတ်စိတ်တွေထက် လွန်ကဲတဲ့ စိတ်လို့ ဆိုလိုပါတယ်။

ဝိပဿနာ အခြေခံ ဖြစ်တဲ့ ဒီအဓိစိတ္တကလဲ သာသနာတွင်းမှာသာ ရှိပါတယ်၊ ဒါကြောင့်လဲ အဓိစိတ္တလို့ ခေါ်ပါတယ်။

အဲဒီ ပါဒကချာန် အဓိစိတ္တထက် လွန်ကဲတဲ့ အဓိစိတ္တဆိုတာလဲ ရှိပါသေး တယ်၊ အဲဒါက ဘာတုံးဆိုတော့ မဂ်ဖိုလ်၌ ပါဝင်တဲ့ သမာဓိပါဘဲတဲ့၊ အဲဒါဟာ အဓိစိတ္တပါဘဲ၊ ဒီ အဓိစိတ္တကတော့ ဒီနေရာမှာ ယူဘို့ရာ မလိုပါ ဘူးတဲ့၊ အခုနအတိုင်းဘဲ လောကုတ္တရာ အဓိစိတ္တ လောကုတ္တရာသမာဓိနှင့် ပြည့်စုံနေတဲ့ ရဟန်းပုဂ္ဂိုလ်မှာတော့ ဒီပါရာဇိကနှင့် စပ်ဆိုင်တဲ့ မေထုန်မှီဝဲမှုမျိုး မရှိပါဘူးလို့ ပြဆိုပြီး သမာဓိအခဏ်းကို အဆုံးသတ်သွားပါတယ်။

## ရိုးရိုး ပညာ

ပြီးတော့ ပညာခဏ်းကျတော့ ပညာရိုးရိုးဆိုတာ ဘာတုံးဆိုလို့ရှိလျှင် အတ္တိဒိန္န အတ္တိ ယိဋ္ဌ စသည်ဖြင့် ပေးလှူခြင်းရဲ့ အကျိုးရှိတယ်၊ အကြီး အကျယ် ပူဇော်ခြင်းရဲ့ အကျိုးရှိတယ်၊ လက်ဆောင်ပေးခြင်း အစရှိတဲ့ ဒီလို အသေးအနုပ်ပေးလှူခြင်းရဲ့ အကျိုးရှိတယ်၊ ကောင်းသော အမှု မကောင်း သော အမှုတို့ရဲ့ ကောင်းကျိုး ဆိုးကျိုးတွေ ရှိတယ် စသည်ဖြင့် ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ သဒ္ဓါရှေ့သွားပြီး သိတဲ့ ဉာဏ်ဟာ ကမ္မဿကတဉာဏ် လို့ ခေါ်ပါတယ်၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိတယ်လို့သိတဲ့ဉာဏ်လို့ဆိုလိုပါ

တယ်၊ ကုသိုလ်ကောင်းမှု ပြုလျှင် ကောင်းကျိုးတွေကို ခံစားကြရတယ်၊ အကုသိုလ်ပြုလျှင် မကောင်းကျိုးတွေကို ခံစားရတယ်၊ လောကမှာ ကောင်းကျိုးတွေ ခံစားနေရတာဟာ ရှေးကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်ဘဲ၊ မကောင်းကျိုးတွေ ခံစားနေကြတာလဲ ရှေးကပြုခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကြောင့်ဘဲ လို့ ဒီလို ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ သိမြင်တဲ့ ဉာဏ်ဟာ ကမ္မဿကတဉာဏ်တဲ့၊ အဲဒီကမ္မဿကတဉာဏ်ဟာ ပညာရိုးရိုးဘဲ ရှိပါသေးတယ်တဲ့။

## ပညာနှင့် သညာ

လောကမှာ သင်ကြားပြီး တတ်မြောက်နေတဲ့ ခေတ်ပညာတွေ အသက်မွေးဝမ်းကြောင်း ပညာတွေ ဒီလိုပညာတွေကို မဆိုလိုပါဘူး၊ အဲဒါတွေကတော့ လေ့လာမှတ်သားပြီးတော့ ယူတဲ့ သညာတွေပါဘဲ၊ ပညာဆိုတာကတော့ ကုသိုလ်သက်သက်ဘဲ ရှိပါတယ်၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာဆိုလျှင်တော့ ကြိယာလို့ ခေါ်ရပါတယ်၊ ဒါပေမယ်လို့ အများအားဖြင့်တော့ ပညာဆိုတာ ကုသိုလ်ဘဲရှိပါတယ်၊ အကုသိုလ်ပညာရယ်လို့ မရှိပါဘူး။

ယခု လောကမှာ သင်ကြားပြီးထားတဲ့ ပညာတွေက တော့ သူတပါးတွေကို နှိပ်စက်ရအောင် သတ်ရအောင် ဖြတ်ရအောင် ဒီလို ပညာတွေ အမျိုးမျိုး ရှိနေပါတယ်၊ အဲဒါတွေကတော့ ပညာတွေ မဟုတ်ပါဘူး၊ လောကမှာ နာမည်အားဖြင့်သာ ပညာရယ် ဉာဏ်ရယ်လို ခေါ်နေကြပေမယ်လို ပညာအစစ်တော့ မဟုတ်ပါဘူး၊ မြတ်စွာဘုရား၏ သာသနာမှာ ပညာအစစ်ကတော့ အခုပြောခဲ့တဲ့ ကမ္မဿကတဉာဏ်က စပါတယ်၊ ဒီပညာကတော့ အကုသိုလ်ရယ်လို့ မရှိပါဘူး၊ အဲဒီကမ္မဿကတဉာဏ်ဟာ ပညာပါဘဲတဲ့။

ဒီ ပညာဟာ မြတ်စွာဘုရား ပွင့်တော်မူတဲ့ ကာလမှာရော သာသနာပမှာရော ရှိပါတယ်၊ မြတ်စွာဘုရား ပွင့်တော်မူတဲ့ အခါကာလမှာ မြတ်စွာဘုရားများနှင့် ဘုရား၏ တပည့်သာဝကတွေက လူအများကို ဒီကမ္မဿကတဉာဏ်ပညာ၌ ဆောက်တည်စေပါတယ်၊ ဒီဉာဏ်ပညာကို ရစေပါတယ်၊ မြတ်စွာဘုရား မပွင့်တဲ့ သာသနာပ အခါတွေမှာ ဆိုလျှင် ပစ္စေကဗုဒ္ဓါတွေ ကမ္မဝါဒီ အယူရှိတဲ့ သမဏ ဗြာဟ္မဏပုဂ္ဂိုလ်တွေ စကြာဝတေးမင်းတွေ ဘုရားအလောင်းတွေ ဒီလို ပုဂ္ဂိုလ်တွေက ဒီပညာကို ဆောက်တည်စေပါတယ်၊ ဒီအသိဉာဏ်

ပညာမျိုးကို ရအောင်လို့ ဟောကြ ပြောကြပါတယ်၊ ပညာရှိပုဂ္ဂိုလ်တွေမှာ တော့ ကိုယ်တိုင်လဲ ဒီပညာတွေကို ရသွားကြပါတယ်။

## သာသနာပ အခါ

အဲဒီတော့ ဒီနေရာမှာလဲဘဲ "သာသနာပ အခါကာလမှာ ဒီ ကံ, ကံ၏ အကျိုးတွေကို ဟောပြောနေကြတာဟာ ဘယ်နည်းနဲ့ဟောကြတာတုံး" ဆိုတာ စဉ်းစားစရာ ရှိပါတယ်။ ဘယ်နည်းနှင့် ဟောကြတာလဲ၊ ယခုကာလ လူတွေလိုဘဲ ကြံစည်တွေးဆပြီးတော့ ဟောကြတာဘဲလားလို့ ဒီလို မေးမြန်း စရာ ရှိပါတယ်။

အဖြေကတော့ တချို့ကလဲ မိမိတို့ကိုယ်တိုင် ရှေးဘဝကအကြောင်း တွေကို သိပြီးတော့ ကံ ကံ၏အကျိုးကို ဟောပြောကြတာလဲ ရှိပါတယ်၊ တချို့ကလဲ ဈာန်အဘိညာဉ်ဘဲ့ရပြီး ရှေးဘဝအကြောင်းတွေကိုလဲသိ၊နောက် ဖြစ်မဲ့ အကြောင်းတွေကိုလဲ သိပြီးတော့ ကံ ကံ၏ အကျိုးတွေ မြင်ပြီးတော့ ဟောဒါတွေလဲ ရှိပါတယ်။

တချို့ကလဲ ထက်မြက်ဘဲ့ ဉာဏ်ပညာဖြင့် အကြောင်း အကျိုးတွေ ဆင်ခြင် ပြီးတော့ "အကြောင်းရှိလို့ အကျိုး ဖြစ်တယ်၊ ကံရှိလို့သာလျှင် ကောင်းကျိုးတွေ ဖြစ်ရတယ်၊ မကောင်းကျိုး ဖြစ်ရတယ်" ဆိုတာကို ထက်မြက် သော ဉာဏ်ပညာနှင့် ထိုးထွင်း သိမြင်ပြီး ဟောပြောကြတာတွေလဲ ရှိပါတယ်။

တချို့ကလဲ နတ်တွေက ပြောလို့ အဲဒါကို ယုံကြည်ပြီး တဆင့် ပြောတာ တွေလဲ ရှိပါတယ်၊ ဒီလိုအမျိုးမျိုးဘဲ ရှိပါတယ်။

ဒီလို သာသနာပမှာ ကမ္မဿကတဉာဏ်ဖြစ်ပုံကို သာဓကနှင့်လဲ ပြပါ သေးတယ်၊ မြတ်စွာဘုရား မပွင့်မီက သာသနာပမှာ အကုံရဆိုတဲ့ လူဟာ အနှစ်တသောင်း ကာလပတ်လုံး ကြီးစွာသော အလှူကြီးကို ပေးလှူခဲ့ပါ တယ်ဘဲ့၊ ဒါဟာ ဒီကမ္မဿကတဉာဏ်ကို အကြောင်းပြုပြီးဖြစ်လာတာ ပါဘဲ၊ ကံ,ကံ၏အကျိုးကို ယုံကြည်လို့ ဒီ ဒါနကို ပြုပါတယ်တဲ့၊ ပြီးတော့ ဝေလာမပုဏ္ဏားကြီးလဲ အကြီးအကျယ်လှူခဲ့ပါတယ်၊ ဝေဿန္တရာမင်းလဲ အကြီးအကျယ် လှူဒါန်းခဲ့ပါတယ်၊ ဒီမှတပါးသော ပညာရှိတဲ့ ပုဂ္ဂိုလ်တွေ ဟာလဲဘဲ အကြီးအကျယ် လှူဒါန်းကြပါတယ်တဲ့၊ ဒီလိုလှူဒါန်းပြီး ဒီ ဒါန ကုသိုလ်တွေကို ဖြည့်ကျင့်ပြီးတော့ လူပြည် နတ်ပြည်မှာ လူစည်းစိမ် နတ်

စည်းစိမ်တွေကို ခံစားကြရပါတယ်၊ ဒီလိုကမ္ဘာ့ဆာကဘဉာဏ်ပညာမှာတည်ပြီး တော့ ကောင်း ကျိုးချမ်းသာတွေ ဖြစ်ပွါး သွားပုံကို ပြသွားပါတယ်။

ဒီအထဲမှာ အထူး မှတ်သားစရာကောင်းတဲ့ အင်္ကုရအကြောင်းကို အတို ချုပ်ကလေး ချုံးပြီးတော့ ဘုရားဟောခဲ့ပည့်တော် လျှောက်ထားပါဦးမယ်။

## အင်္ကုရ ဝတ္ထု

မြတ်စွာဘုရားမပွင့်မီ သာသနာပ လူ့ဘုံ၏ အသက်တသောင်းတမ်း ရှေးကာလတုန်းက ဒွါရာဝတီမည်တဲ့မြို့မှာ အင်္ကုရဆိုတဲ့ ကုန်သည်တဦး ရှိခဲ့ပါ တယ်၊ ဟိုမြို့ဒီမြို့သွားလာပြီ ကူးသန်းရောင်းဝယ်ပြုလုပ်နေပါတယ်၊ အခါ တပါးမှာ ဒီလိုကူးသန်း ရောင်းဝယ်သွားရင်း တောကြီးထဲမှာ ရုက္ခစိုးနတ်ကြီး တဦးနှင့် တွေ့ပါတယ်၊ အဲဒီရုက္ခစိုး နတ်ကြီးကလဲ အလှူ့ဒါန်ထူးပါတယ်၊ သူ့မှာ စားဖွယ်သောက်ဖွယ်တွေ အဝတ်အစား အသုံးအဆောင်တွေ ရွှေငွေရတနာ တွေ အလိုရှိရာတွေဟာ အလိုရှိတိုင်း သူ့လက်ထဲက ထွက်ပေါ်နေပါတယ်၊ ဒါ့ကြောင့် အဲဒီရုက္ခစိုး နတ်ကြီးက စားဖွယ်သောက်ဖွယ်တွေကို သူ့လက်ထဲ ကထုတ်ပြီး အင်္ကုရတို့ကုန်သည်တစုအား ကျွေးမွေးဧည့်ခံပါတယ်၊ ရတနာ ရွှေ ငွေ အသုံးအဆောင်တွေကိုလဲ အင်္ကုရအား သုံးလို့မကုန်နိုင်အောင် ပေး ကမ်း လိုက်ပါတယ်။

ဒီတော့ အင်္ကုရက "အသင်ရုက္ခစိုးနတ်ကြီးမှာ အလိုရှိတိုင်းသော စည်းစိမ်ဥစ္စာတွေကို လက်ထဲကရနေတာဟာ ဘယ်လိုကောင်းမှုကြောင့် ပါလဲ" လို့ မေးပါတယ်၊ ဒီတော့ ရုက္ခစိုးနတ်က သူ့ရဲ့ရှေးဘဝအကြောင်းကို ထုတ်ဖော်ပြီး ဒီလိုပြောပါတယ်။

သူဟာ ရှေးတုန်းက ရောရုဝဆိုတဲ့မြို့မှာ အထည်ချုပ်သမားဖြစ်ခဲ့ပါ တယ်တဲ့၊ သူ့မှာ အလွန် ဆင်းရဲလို့ အလှူဒါနကုသိုလ်တော့ မပြုနိုင်ခဲ့ပါဘူး၊ ဒါပေမဲ့ သူ့အိမ်က အလှူရှင် အသယှ သူဌေးကြီး၏ အိမ်နားမှာ ဖြစ်နေတဲ့ အတွက် သူဌေးကြီးရဲ့ အလှူပေးရာဌာနကို လာကြတဲ့ အလှူခံပုဂ္ဂိုလ်တွေက အလှူရှင် အသယှ သူဌေးကြီး၏အိမ်က ဘယ်မှာလဲ၊ ဘယ်က သွားရပါသလဲ လို့ သူ့ထံမှာ မေးကြတယ်၊ ဒီလို မေးကြတော့ သူကလဲ နှလုံးသွင်းပုံက သိပ်ကောင်းတယ်၊ "ငါ့မှာတော့ လှူစရာ မရှိလို့ မလှူနိုင်ဘူး၊ သူများတွေ မှာ လှူစရာရှိလို့ လှူကြရပေတယ်၊ လှူတဲ့သူမှာလဲ ကုသိုလ်ဖြစ်ပါစေ၊ အလှူခံ

ပုဂ္ဂိုလ်ဘေ့မှာလ အလိုရှိတာတွေကို ရကြပါစေလို့” ဒီလို ယောနိသောမနသိကာရနှင့် နှလုံးသွင်းပြီးတော့ “အလှူ ရှင် အသယ့်သူဌေးကြီး၏ အိမ်ဆိုတာ ဟောဟိုက အိမ်ပါဘဲ၊ ဒီက သွားပါ၊ ဒီကသွားလျှင် ရောက်ပါတယ်”လို့ ဒီလို ဝမ်းမြောက် ဝမ်းသာနှင့် လကျာလက်ဖြင့် ညွှန်ပြခဲ့ပါတယ်၊ ဒီလို ဝမ်းမြောက်ဝမ်းသာ စေတနာကောင်းကောင်းနဲ့ အလှူပေးရာဌာနကို လက်နဲ့ လမ်းညွှန်ခဲ့တဲ့ ကောင်းမှုကြောင့် သူဟာ ယခု တွေ့မြင်နေကြတဲ့အတိုင်း ရုက္ခစိုးနတ် ဖြစ်နေရတဲ့အကြောင်း၊ ရုက္ခစိုးနတ် ဖြစ်တဲ့အခါမှာ ရှေးဘဝတုန်းက သူများအလှူကို ဝမ်းမြောက်ဝမ်းသာ လက်ဖြင့် ညွှန်ပြခဲ့တဲ့အတွက် ဒီလက်ကဘဲ အလိုရှိရာရာ စည်းစိမ်ဥစ္စာတွေကို အကုန်လုံးရနေတဲ့အကြောင်း များကို ရုက္ခစိုးနတ်ကြီးက ပြောပြပါတယ်။

အဲဒီလို ပြောတာ ကြားရတော့ အင်္ကုရက သိပ်ပြီးတော့ သဘောကျသွားပါတယ်။

> အလမေဝ ကာတုံ ကလျာဏံ၊ ဒါနံ ဒါတုံ ယထာရဟံ။
> ပါဏိံ ကာမဒဒံ ဒိသွာ၊ ကော ပုညံ နကရိဿတိ။

လို့ စိတ်ကူးမိပါတယ်။

ကလျာဏံ၊ ကုသိုလ်ကောင်းမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ အလမေဝ၊ သင့်လျော်ထိုက်တန်လှသည်သာတည်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဒါနံ၊ အလှူဒါနကို။ ဒါတုံ၊ ပေးလှူခြင်းငှါ။ အလမေဝ၊ သင့်လျော်ထိုက်တန်လှသည်သာလျှင်တည်း။ ကာမဒဒံ၊ အလိုရှိရာကို ပေးစွမ်းနိုင်သော။ ပါဏိံ၊ ရုက္ခစိုးနတ်ကြီး၏ လက်ကို။ ဒိသွာ၊ မြင်ရပါလျက်။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ပုညံ၊ ဒါန အစရှိသော ကုသိုလ်ကောင်းမှုကို။ နကရိဿတိ၊ မပြုမလုပ်ဘဲ နေနိုင်အံ့နည်းလို့—ဒီလို စိတ်ကူးပြန်ပါတယ်။

ကုသိုလ်ကောင်းမှုများဟာ ပြုရရာ သိပ်ကောင်းတာဘဲတဲ့၊ ဒီ ရုက္ခစိုးကြီးဟာ ရှေးဘဝတုန်းက ဘာမျှ ကုသိုလ်ကောင်းမှုတွေ အထူးမပြုခဲ့ရဘူး၊ လက်ဖြင့် ညွှန်ပြရုံဖြင့် ဒီလက်က အလိုရှိအပ်တဲ့ စည်းစိမ်ဥစ္စာတွေ အလိုရှိတိုင်း ရနေတာကို မျက်မြင်တွေ့နေရတယ်၊ ဒီလိုကောင်းမှု၏ ကောင်းကျိုးကို မျက်မြင် တွေ့နေပါလျက်နှင့် ကုသိုလ်ကောင်းမှုကို မပြုဘဲနှင့် ဘယ်နေနိုင်မလဲတဲ့၊ ကုသိုလ်ကောင်းမှုတွေကို မုချ ပြုရမှာဘဲလို့ ဒီလို ကုသိုလ်ကောင်းမှုပြုဘို့ရာတွေ စဉ်းစားပါတယ်။

ဒဿာမန္နဉ္စ ပါနဉ္စ၊ ဝတ္ထသေနာသနာနိ စ။
ပပဉ္စ ဥဒပါနဉ္စ၊ ဒုဂ္ဂေ သင်္ကမနာနိ စ။

အန္နဉ္စ၊ ထမင်းကိုရင်း၊ ပါနဉ္စ၊ အဖျော်ကိုရင်း။ ဝတ္ထသေနာသနာနိစ၊ အဝတ်ပုဆိုး အိပ်ရာ နေရာတို့ကိုရင်း။ ဒဿာမ၊ ပေးလှူပါကုန်အံ့။ ပပဉ္စ၊ ရေအိုးစင်ကိုရင်း။ ဥဒပါနဉ္စ၊ ရေတွင်းကိုရင်း။ ဒဿာမ၊ ပေးလှူပါကုန်အံ။ ဒုဂ္ဂေ၊ သွားလာရန် ခက်လှစွာသော လမ်းခရီး၌။ သင်္ကမနာနိစ၊ တံတားလမ်းတို့ကိုလည်း။ ဒဿာမ၊ ဆောက်လုပ်၍ ပေးလှူပါကုန်အံ့။

ဒါလဲ ကုသိုလ်ကောင်းမှုပြုဘို့ အင်္ကုရရဲ့ ကြံစည်ပုံပါဘဲ၊ ရုက္ခစိုးနတ်ကြီးမှာ ကုသိုလ်က အကျိုးပေးနေတာကို မျက်မှောက်တွေ့ရလို့ သဒ္ဓါတရားတွေဖြစ်နေပုံပါဘဲ၊ စားဖွယ် သောက်ဖွယ်တွေကိုလဲ လှူမည်၊ အဝတ်ပုဆိုး အိပ်ရာနေရာတွေကိုလဲ လှူမည်၊ ခရီးလမ်းများမှာ ခရီးသည်တွေ ရေသောက်ရန်အတွက် ရေအိုးစင်များကိုလဲ တည်ထားလှူဒါန်းမည်၊ ရေတွင်းရေကန်တွေကိုလဲ တူးဖော်လှူဒါန်းမည်၊ အသွားအလာ ခက်ခဲတဲ့နေရာတွေ တံတားလိုတဲ့နေရာတွေ လမ်းလိုတဲ့ နေရာတွေမှာ တံတားတွေ လမ်းတွေလဲ ဆောက်လုပ်လှူဒါန်းမယ်လို့ ဒီလို စိတ်ကူးပြီးတော့ အဲဒီစခန်းက ထွက်လာခဲ့ပါတယ်။

ဒီလို ထွက်လာလို့ တော်တော်ကလေး သွားမိတဲ့အခါ အခြားတနေရာကျတော့ ပြိတ္တာတဦးကို တွေ့ပြန်ပါတယ်၊ အဲဒီပြိတ္တာမှာ လက်တွေကလဲ ကောက်ကွေးလို့ မျက်နှာလလဲ တွန့်ရှုံ့လို့ အမြင်မကောင်းအောင် ဖြစ်နေတာကို သူတွေ့ရပါတယ်၊ ဒီတော့ အင်္ကုရက အဲဒီပြိတ္တာကို မေးပြန်ပါတယ်။

သင့်မှာ ဘယ်လိုမကောင်းမှုကို ပြုခဲ့လို့ ဒီလိုဖြစ်နေရတာတုံးလို့ မေးတော့၊ အဲဒီပြိတ္တာက “သူဟာ အလျင်ဘဝက အသယှသူဌေးကြီးရဲ့ အလှူမှာ စီမံဆောင်ရွက်ရတဲ့ အကြီးအကဲ နာယက ဖြစ်ခဲ့ပါတယ်”တဲ့၊ “ဒါပေမယ်လို့ အလှူခံ ပုဂ္ဂိုလ်တွေ လာတိုင်း လာတိုင်း သူ့စိတ်ထဲမှာ မချမ်းမသာ ဖြစ်နေခဲ့ပါတယ်”တဲ့။ သူ့မှာ ကိုယ့်ပစ္စည်းကို ပေးလှူရတာလဲ မဟုတ်ပါဘူး၊ သူများပစ္စည်းကို ပေးလှူဘို့ ကြားထဲက ဆောင်ရွက်ရုံကလေးဘဲ ရှိပါတယ်၊ စေတနာ ကောင်းကောင်းနဲ့ ဆောင်ရွက်မယ်ဆိုလျှင် ပါယာသိ ရာဇညဝတ္ထုထဲက ဥတ္တရတို့လို ကုသိုလ်တွေ အများကြီး ဖြစ်သွားဘို့ဘဲ၊ ဒါပေမဲ့ သူ့မှာ ကြာလာတော့ ပင်ပန်းလာပုံ ရပါတယ်၊ ဒါကြောင့် သူက အလှူခံပုဂ္ဂိုလ်တွေ လာတိုင်း လာတိုင်း စိတ်မချမ်းမသာ ဖြစ်လို့ တဖက်ကိုလှည့်ပြီးတော့

မျက်နှာကို စောင်းရွဲ့တွန့်ရှုံ့ပြီး မကြည်မသာ လုပ်ခဲ့ပါတယ်တဲ့၊ လက်တွေလဲ ကောက်ကွေးပြီး မကြည်မသာ လုပ်ခဲ့ပါတယ်တဲ့၊ အဲဒီမကောင်းမှုကြောင့် သူ့မှာ ဟိုဘဝက သေတဲ့အခါ အဲဒီတောမှာ ပြိတ္တာကြီးဖြစ်နေရတဲ့အကြောင်း ပြန်ကြားပြောပြပါတယ်။

ဒီလို ပြိတ္တာရဲ့ ပြောကြားချက်ကို ကြားသိရတဲ့အတွက် အကုံရမှာ "ဩော်....မကောင်းမှုဆိုတာဟာ ဒီလို ဘာမျှ မဖြစ်လောက်တဲ့ အသေးအမွှား ကလေးကလဲ မကောင်းကျိုးတွေကို ပေးတတ်တာဘဲကိုး" လို့ သဘောပေါက်ပြီးတော့ မကောင်းမှု ဟူသမျှမှ ကြဉ်ရှောင်ဘို့ရာ ကုသိုလ်ကောင်းမှုတွေကို ပြုဘို့ရာ သူ့မှာ အဘိုင်းထက်အလွန် စိတ်တွေ ထက်ထက်သန်သန် ဖြစ်လာပြန်ပါတယ်။

ဒီလို ကုသိုလ်ကောင်းမှု ပြုလုပ်ဘို့ စိတ်ကူးတွေဖြစ်ပြီး ပြန်လာလို့ သူရဲ့ နေရပ် ဒွါရာဝတီမြို့ ပြန်ရောက်လာတဲ့အခါမှာ သူရည်ရွယ်လာခဲ့ဘဲ့အတိုင်း ကုသိုလ်ကောင်းမှုတွေကို ပြုတော့တာပါဘဲ၊ အလှူဒါန အကြီးအကျယ်ကို သူပြုပါတယ်၊ ဘယ်လောက် ကြီးကျယ်တုံးဆိုလျှင် သူ့အလှူမှာ ထမင်းဟင်း ချက်ပြုတ်ဘို့ မီးဖိုတွေကိုက တဆယ့်နှစ်ယူဇနာ ရှိပါတယ်တဲ့၊ နေ့စဉ် လှည်းအစီး ခြောက်သောင်း (၆၀၀၀၀)တိုက် ချက်ပြုတ်ကျွေးမွေး လှူဒါန်းတယ်၊ အလုပ်သမားကတော့ ထမင်း ဟင်း ချက်သမားက တိသဟဿာနိ သုံးထောင်လို့ ဆိုပါတယ်၊ လှည်းခြောက်သောင်းနဲ့ဆိုတော့ နည်းနေပါတယ်၊ တိံသသဟဿာနိ သုံးသောင်းဆိုလျှင် သင့်လျော်ဘို့ ရှိပါတယ်၊ ပြီးတော့ ထင်းခွဲသမားက ခြောက်သောင်း (၆၀၀၀၀)၊ ထမင်းပြုပြင်ကျွေးမွေးဘို့ အမျိုးသမီးများက တသောင်း ခြောက်ထောင် နှစ်လီ- သုံးသောင်း နှစ်ထောင် ထောင် (၃၂၀၀၀)ရှိပါတယ်တဲ့၊ စားဖွယ် သောက်ဖွယ်အပြင် အဝတ်ပုဆိုး ပန်း နံ့သာ ထီး ဘိနပ် ယာဉ်များကိုလဲ အလိုရှိသူများအား ပေးလှူပါတယ်၊ ကာလအားဖြင့် အနှစ်ဘသောင်း ပဘ်လုံး ပေးလှူနေခဲ့ပါတယ်တဲ့။

ဒီလို အနှစ်ဘသောင်းပတ်လုံး ကျွေးမွေး လှူဒါန်းပြီးတော့အသက်တမ်း ကုန်လို့ လူ့ဘဝက စုတေတဲ့အခါ တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်ပါတယ်၊ နတ်ပြည်ရောက်တော့လဲ သူ့ကို အကုံရ နတ်သားလို့ဘဲ ခေါ်ကြပါတယ်၊ ယခု ဂေါတမမြတ်စွာဘုရား ပွင့်ဘော်မူလာတဲ့ အခါမှာလဲ သူက အဲဒီဘာဝတိံသာ နတ်ပြည်မှာဘဲ ရှိနေပါတယ်။

## အင်္ကုရနှင့် ဣန္ဒက

မြတ်စွာဘုရား တာဝတိံသာ ကြွရောက်ပြီး အဘိဓမ္မာတရားကို ဟော တော်မူအခါမှာ အဲဒီ အင်္ကုရနတ်သားဟာ မြတ်စွာဘုရားအနီး လက်ဝဲ ဘက်မှာ လာရောက်ပြီး ထိုင်နေပါတယ်၊ လက်ျာဘက်မှာတော့ ဣန္ဒကဆိုတဲ့ နတ်သားက လာရောက်ပြီး ထိုင်နေပါတယ်၊ နောက်တန်ခိုးကြီးတဲ့နတ်တွေ လာကြတဲ့ အခါမှာ နောက်သို့ ဆုတ်ပြီး နေရာ ဖယ်ဖယ်ပေးရတဲ့အတွက် အင်္ကုရမှာ မြတ်စွာဘုရားနှင့် ၁၂ ယူဇနာ ဝေးတဲ့နေရာကနေပြီး တရား နာရပါတယ်တဲ့၊ ဣန္ဒကနတ်သားမှာတော့ ဘယ်နတ်ကိုမှ နေရာဖယ်မပေးရဘဲ မြတ်စွာဘုရားအနီး မူလနေရာမှာဘဲ ထိုင်နေလျက် တရားနာရပါတယ်တဲ့၊ သို့သော်လဲ ဣန္ဒကနတ်သား ပြုခဲ့သော ကောင်းမှုမှာ ကြီးကျယ်များပြားတာ ဘော့ မဟုတ်ပါဘူး၊ ဆွမ်းခံကြွလာတဲ့ အရှင်အနုရုဒ္ဓါအား ဆွမ်းတဇွန်း လောင်းလှူဘူးတဲ့ ကုသိုလ်မျှသာ ဖြစ်ပါတယ်၊ သို့ပေမဲ့ ထိုဒါနမှာ ကိလေ သာ အညစ်အကြေး လုံးဝကင်းစင်တဲ့ ရဟန္တာအရှင်မြတ်ကို လှူတဲ့ဒါန ဖြစ်တဲ့အတွက် အကြီးအကျယ် အကျိုးပေးပါတယ်၊ ဒါကြောင့် ဣန္ဒကနတ် သားမှာ အခြားတန်ခိုးကြီးတဲ့ နတ်မင်းကြီးတွေ့ပိုဘဲ တန်ခိုးကြီးနေပါတယ်၊ အင်္ကုရမှာတော့ သူဒါနပြုစဉ်တုန်းက သာသနာပ ဖြစ်နေတဲ့အတွက် သူ့ အလှူခံ ပုဂ္ဂိုလ်တွေထဲမှာ သီလနှင့် ပြည့်စုံတဲ့ သူတောင်မှ မပါဝင်ပါဘူးတဲ့၊ ဒါကြောင့် သူ့မှာ အကြီးအကျယ် အနှစ်တသောင်းပတ်လုံး ပြုခဲ့ရသော်လဲ ဣန္ဒကရဲ့ ဆွမ်းတဇွန်း အလှူလောက်တောင်မှ ခရီးမရောက်ဘဲ ရှိနေပါတယ်။

အဲဒါကို မြင်တော်မူဘဲ့အတွက် မြတ်စွာဘုရားက အင်္ကုရနတ်သားကို ခေါ်တော်မူပြီးလျှင် "မဟာဒါနကြီးကို ပြုခဲ့သူ ဖြစ်ပါလျက် အဘယ့်ကြောင့် မိမိအနီးသို့ မလာရောက်နိုင်ဘဲ ရှိနေပါသလဲ" လို့ မေးတော်မူပါတယ်၊ ဒီတော့ အင်္ကုရက "မိမိအလှူမှာ ကြီးကျယ်သော်လဲ ဒက္ခိဏေယျ ဆိုတဲ့ အလှူခံ ပုဂ္ဂိုလ်မြတ်ကို မရခဲ့ဘဲ့အတွက် အကျိုးနည်းကြောင်း၊ ဣန္ဒကနတ်သားမှာ အလှူခံမြတ်အား လှူခဲ့ရဘဲ့အတွက် ဆွမ်းတဇွန်းအလှူမျှဖြင့် မိမိထက် တန်ခိုးကြီးနေကြောင်း" များကို ပြန်ကြား လျှောက်ထားပါတယ်။

ထိုအခါမှာ မြတ်စွာဘုရားက သီလ စသော ဂုဏ်နှင့် ပြည့်စုံတဲ့ အလှူခံ ပုဂ္ဂိုလ်မြတ်များအား ရွေးချယ်စိစစ်ပြီး လှူတန်းသင့်ကြောင်း၊ ထိုဒါနမျိုးမှာ လယ်မြေကောင်း၌ စိုက်ပျိုးတဲ့ မျိုးစေ့ကဲ့သို့ပင် များပြားကြီးကျယ်တဲ့ အကျိုး

ကို ပေးနိုင်ကြောင်း စသည်ဖြင့် ဒါနနှင့်စပ်သော တရားကို ဟောတော်မူခဲ့ပါတယ်၊ ဒီတရားတော်ကို နာကြားရတဲ့အခါမှာ ဣန္ဒကနှင့် အင်္ကုရတို့ နတ်သား ၂-ယောက်လုံး သောတာပန် ဖြစ်သွားကြပါတယ်တဲ့။

ယခု ပြောခဲ့တဲ့ အင်္ကုရ ဝတ္ထုစသည်ဟာ ကမ္မဿကတပညာ အရင်းခံပြီး ဖြစ်တဲ့ ဒါနကုသိုလ်ဖြင့် သောတာပတ္တိဖိုလ်တိုင်အောင် ကောင်းကျိုးချမ်းသာကို ရသွားပုံ အကြောင်းအရာများ ဖြစ်ပါတယ်။

## အဓိပညာ

ကမ္မဿကတပညာထက် မြင့်မြတ်တဲ့ ပညာကတော့ ဝိပဿနာပညာပါဘဲတဲ့၊ ဝိပဿနာပညာဆိုတာ ဟာ ရုပ်တရား နာမ်တရား၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတွေကို ပိုင်းခြားပြီးသိတဲ့ ဉာဏ်ပါဘဲ၊ ဒီဝိပဿနာဉာဏ်ကို အဓိပညာလို့ ခေါ်ပါတယ်တဲ့၊ ရိုးရိုးကမ္မဿကတဉာဏ်ပညာထက် လွန်ကဲတဲ့ ပညာလို့ ဆိုလိုပါတယ်။

သီလရိုးရိုးထက် အဓိသီလက လွန်ကဲသလို သမာဓိရိုးရိုးထက် အဓိစိတ္တက လွန်ကဲသလို အဲဒီဝိပဿနာပညာကလဲ ရိုးရိုးလောကီပညာတွေထက် လွန်ကဲလို့ သူ့ကို အဓိပညာလို့ ခေါ်ရပါတယ်။

အဲဒီ အဓိပညာခေါ်တဲ့ ဝိပဿနာကလဲ ဘုရားပွင့်တော်မူတဲ့အခါကာလမှာသာလျှင် ရှိပါတယ်၊ ဘုရားမပွင့်တဲ့အခါ သာသနာပမှာဆိုယင် သူက မရှိပါဘူး။

အဲဒီ ဝိပဿနာပညာထက် လွန်ကဲတဲ့ အဓိပညာလဲ ရှိပါသေးတယ်၊ အဲဒီပညာကတော့ ဘာတုံးဆိုလို့ရှိလျှင်၊ မဂ်ပညာ ဖိုလ်ပညာဆိုတဲ့ လောကုတ္တရာ ပညာပါဘဲ၊ အဲဒီ မဂ်မညာ ဖိုလ်ပညာကတော့ ဒီပဌမပါရာဇိကသိက္ခာပုဒ်မှာ ယူဘို့ရာ မလိုပါဘူးတဲ့၊ ဘာဖြစ်လို့လဲ ဆိုတော့ မဂ်ပညာ ဖိုလ်ပညာရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ ဤကဲ့သို့ အပြစ်ကြီးမားတဲ့ မေထုနဓမ္မအမှုမျိုးကို ကျူးလွန်ခြင်းမရှိတဲ့ အတွက်ကြောင့် ယူဘို့ရန် မလိုဘူးဆိုတဲ့ အကြောင်းကို အဋ္ဌကထာမှာ ပြသွားပါတယ်။

ပါဠိတော်မှာတော့ တတြာယာယံ အဓိသီလသိက္ခာ။ တတြ၊ ထို အဓိသီလ အဓိစိတ္တ အဓိပညာ သုံးပါးသော သိက္ခာတို့တွင်။ ယာယံ အဓိသီလ

သိက္ခာ၊ အကြင် အဓိသီလ သိက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအဓိသီလ သိက္ခာကို။ သိက္ခာတိ၊ သိက္ခာဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏တဲ့။

အဓိသီလ အဓိစိတ္တ အဓိပညာ ဆိုတဲ့ သိက္ခာသုံးမျိုးထဲက သိက္ခာ အာဇီဝ သမာပန္နော အရ-သိက္ခာသို့ ရောက်နေတယ် သိက္ခာနှင့် ပြည့်စုံ နေတယ် ဆိုရာမှာ အဓိသီလ သိက္ခာကိုသာ ယူရမယ်လို့ ဆိုပါတယ်၊ ဒီ ပါဠိတော်မှာတော့ အဓိစိတ္တ အဓိပညာသိက္ခာများကို တောင် ယူဘို့ ဖော်ပြ မထားပါဘူး။

အဓိသီလနှင့် ပြည့်စုံလို့ရှိလျှင် အဲဒီပုဂ္ဂိုလ်ဟာ ရဟန်းသိက္ခာပုဒ်တွေ အားလုံးနှင့် သက်ဆိုင်တော့တာပါဘဲ၊ ရဟန်းခံတဲ့အခါမှာ ကမ္မဝါဆရာ ရဟန်းတော်က သုဏာတု မေ မှ စပြီး ဉတ်နှင့် ကမ္မဝါကို ဘတ်လို့ နောက် ဆုံး တတိယအကြိမ် သော ဘာသေယျ — တိုင်အောင် ပြီးဆုံးသွားလျှင် အဲဒီ ရဟန်းသစ်ဟာ သိက္ခာသမာပန္န ဖြစ်သွားပါတယ်၊ ဒီလို ရဟန်းဖြစ်ခါစမှာ သိက္ခာသမာပန္န ဖြစ်တယ်၊ သိက္ခာနှင့် ပြည့်စုံတယ် ဆိုတာဟာ ပါတိမောက္ခ သံဝရဆိုတဲ့ အဓိသီလသိက္ခာနှင့် ပြည့်စုံတာကိုဘဲ ဆိုလိုပါတယ်။

## သာဇီဝ ပြည့်စုံခြင်း

အဓိစိတ္တ, အဓိပညာသိက္ခာတွေက အဲဒီ ရဟန်းဖြစ်ခါစပုဂ္ဂိုလ်မှာ ပြည့်စုံ ချင်မှ ပြည့်စုံမှာပါ၊ အဓိစိတ္တ, အဓိပညာသိက္ခာတွေနှင့် ပြည့်စုံသည်ဖြစ်စေ မပြည့်စုံသည်ဖြစ်စေ ယခုပြောခဲ့တဲ့အတိုင်း ရဟန်းအစစ် ဖြစ်ပြီးတော့ အဓိ သီလ သိက္ခာနှင့် ပြည့်စုံနေလို့ ရှိလျှင် အဲဒီ ပုဂ္ဂိုလ်ဟာ မြတ်စွာဘုရား ပညတ် တော်မူတဲ့ သိက္ခာပုဒ် အားလုံးကို စောင့်ရှောက်ကျင့်သုံးဘို့ရန် တာဝန်ရှိနေပါ တယ်၊ အဲဒါကိုဘဲ သာဇီဝသမာပန္နလို့ ဆိုပါတယ်၊ ရဟန်းကောင်း ရဟန်းစစ် များ အဘူတကွ ရဟန်းအသက်ရှင်ရာ ဖြစ်တဲ့ သိက္ခာပုဒ်နှင့် သက်ဆိုင်နေတယ် လို့ ဆိုလိုပါတယ်၊ ဒါကြောင့် အဲဒီရဟန်းဖြစ်စ အချိန်ကစပြီးတော့ သိက္ခာပုဒ် ဟူသမျှကို စောင့်ရှောက်ကျင့်သုံး သွားရပါတယ်၊ စောင့်ရှောက်ကျင့်သုံးဝိုင်း လဲ အဲဒီရဟန်း၏ သန္တာန်မှာ အဓိသီလသိက္ခာကုသိုလ်တွေ အသစ် အသစ် ဖြစ်ပွါးပြီး ပြည့်စုံသွားပါတယ်၊ ယခု ပြောခဲ့တဲ့အတိုင်း သိက္ခာသာဇီဝနှင့် ပြည့်စုံပုံဘွေကို ဒီအင်္ဂုတ္တရမှာ အကျယ်တဝင့် ဖွင့်ပြထားပါတယ်ဘုရား။

သိက္ခာပုဒ်တော် ပြီး၏

# သာသနာ ငါးထောင်

ယနေ့ ဝိနည်းအဋ္ဌကထာကို နောက်ဆုံး စိစစ်လျှောက်ထားဘို့နေ့ ဖြစ်ပါသည်။ စူဠဝဂ္ဂါဒိ အဋ္ဌကထာ စာအုပ်မှ စာမျက်နှာနံပါတ် (၁၂၇)က ဘိက္ခုနီခန္ဓကအဖွင့် သာသနာငါးထောင် အကြောင်းနှင့် စပ်ပြီးတော့ ရှေးဦးစွာ ပြောပါမယ်ဘုရား၊ ပြီးမှ နိဂုံးစကားကလေး အနည်းငယ် ပြောဘို့ရာ ရည်ရွယ်ထားပါတယ်။

မြတ်စွာဘုရား ကပိလဝတ်ပြည်မှာ သီတင်းသုံးတော်မူစဉ် ဘုရား၏ မိထွေးတော် ဖြစ်တဲ့ မဟာပဇာပတိ ဂေါတမီက မြတ်စွာဘုရား၏ သာသနာတော်မှာ မာတုဂါမများ ရဟန်းပြုခွင့်ရအောင်လို့ အကြိမ်ကြိမ်တောင်းပန်ခဲ့ပါတယ်၊ ထိုစဉ်ကာလက မြတ်စွာဘုရား ခွင့်မပြုခဲ့ပါ၊ နောက် ကပိလဝတ်ပြည်က နေပြီးတော့ ကြွသွားလို့ ဝေသာလီ ရောက်တော်မူပါတယ်၊ အဲဒီအခါမှာ မဟာပဇာပတိဂေါတမီ အမှူးရှိသော သာကီဝင် မင်းသမီးငါးရာတို့ဟာ ခေါင်းများရိတ် ဖန်ရည်စွန်းသော အဝတ်များ ဝတ်ပြီးတော့ ဝေသာလီကို လိုက်လာကြပါတယ်၊ အဲဒီအခါမှာ အရှင်အာနန္ဒာက လျှောက်ထားတောင်းပန်ပေးလို့ မြတ်စွာဘုရားက ဂရုဓံ ရှစ်ပါး လက်ခံကျင့်သုံးနိုင်လို့ရှိလျှင် ထို လက်ခံခြင်းသည်ပင်လျှင် မဟာပဇာပတိဂေါတမီအား ပဥ္စင်းအဖြစ် ဖြစ်စေလို့ ခွင့်ပြုလိုက်ပါတယ်။

ဒီအခါမှာ ရှင်အာနန္ဒာက တဆင့် သွားပြီး ဂရုဓံရှစ်ပါးကို ဟောကြားပါတယ်၊ မိထွေးတော် ဂေါတမီကလဲ လက်ခံယူပါတယ်၊ အဲသလို လက်ခံယူပြီးတဲ့ အကြောင်းကို မြတ်စွာဘုရားထံ ပြန်ပြီးတော့ လျှောက်ထားတဲ့ အခါမှာ မြတ်စွာဘုရားက—

"သစေ အာနန္ဒ နာလဘိဿ မာတုဂါမော တထာဂတပ္ပဝေဒိတေ ဓမ္မ-ဝိနယေ အဂါရသ္မာ အနဂါရိယံ"စသည်ဖြင့် မာတုဂါမအမျိုးသမီးများဟာ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းအဖြစ်ဖြင့် မဝင်ရောက်ရဘူး ဆိုသို့ရှိလျှင် မြတ်သော အကျင့်သာသနာတော်ဟာ ရှည်မြင့်စွာ တည်တံ့မည်၊ အနှစ်တထောင် တည်မည်၊ သို့သော်လည်း ယခု အခါ ကာလမှာ မာတုဂါမ အမျိုးသမီးများ မြတ်စွာဘုရား၏ သာသနာတော်မှာ ရှင်ရဟန်းပြုလိုက်တဲ့ အတွက် မြတ်သောအကျင့်ဟာ ရှည်မြင့်စွာ မတည်တံ့တော့ဘူး၊ အနှစ်ငါးရာ

မျှသာ တည်မည်လို့ အဲသလို မိန့်မြွက်တဲ့ စကားဟာ ပါဠိတော်မှာ ရှိပါတယ်၊

အဲသလို မိန့်မြွက်ပြီးတော့ ဘာကြောင့် ဒီလို ဖြစ်ရတယ်ဆိုတာကို ဥပမာတွေနှင့် ပြပြန်ပါတယ်၊ ယောကျ်ားနည်းပါးပြီး အမျိုးသမီးမိန်းမတွေက များပြားနေဟဲ့ အိမ်ကို သူခိုးများခိုးရန် လွယ်ကူသလိုဘဲလို့ ဒီလိုလဲ ဥပမာတခု ပြပါတယ်၊ နောက်တခုက ကောက်စပါးများမှာ ကောက်နာကျလို့ ရှိလျှင် ကြာရှည်စွာ မတည်ဘဲ ပျက်စီးသလိုဘဲလို့ ဒီလိုလဲ ဥပမာတခု ပြပါတယ်၊ နောက်တခုကတော့ ကြံခင်းများမှာ ကြံနာကျလို့ရှိလျှင် ကြာရှည်စွာ မတည်ဘဲ ပျက်စီးသလိုဘဲလို့ ဒီလိုလဲ ဥပမာတခု ပြပါတယ်၊ အဲဒါပြပြီးတော့ နောက်ဆုံး ဥပမာကျတော့က "သေယျထာပိ အာနန္ဒ ပုရိသော မဟတော တဠာ-ကဿ ပဋိကစ္စေဝ အာဠိံ ဗန္ဓေယျ ယာဝဒေဝ ဥဒကဿ န အတိက္ကမနာယ" စသည်ဖြင့် ဥပမာ ပြပါတယ်။

တဖက်ဆည်းကန်များမှာ မိုးမကျမီ ရှေးဦးက ကြိုတင်ပြီးတော့ ကန်ပေါင်ရိုးများကို ပြုပြင်ရပါတယ်၊ ဘာကြောင့် ပြုပြင်ရသတုံး ဆိုလို့ရှိလျှင် ရေဟာည်သင့်သလောက် တည်အောင်လို့ ပြုပြင်ရတာပါဘဲ၊ ထိုအတူ ဘိက္ခုနီမတွေဟာ အသက်ထက်ဆုံး မလွန်မကျူးဘဲ လိုက်နာကျင့်သုံးရန်အတွက် ရှစ်ပါးသော ဂရုဓံ သိက္ခာပုဒ်များကို စောစောစီးစီးကဘဲ ကြိုတင်ပြီးတော့ မြတ်စွာဘုရားက ပညတ်တော်မူတဲ့အကြောင်းကို အမိန့်ရှိပါတယ်။

အဲသလို အမိန့်ရှိတဲ့ စကားဖြင့် ဘယ်လိုအဓိပ္ပါယ်ကို ပြတယ်ဆိုတာဟာ မသင်ရှားဘဲ မြုပ်ပြီးတော့ နေပါတယ်၊ ဒါကြောင့် ဒီအဋ္ဌကထာမှာ အဲဒီမြုပ်နေတဲ့ အနက် အဓိပ္ပါယ်ကို "မဟတော တဠာကဿ ပဋိကစ္စေဝ အာဠိန္တိ ဣမိနာ ပန ဧတမတ္ထံ ဒဿေတိ" လို့ ထုတ်ဖော်ပြီးတော့ ပြသွားပါတယ်။

ဥပမာအားဖြင့် တဖက်ဆည်းကန်ဟာ နည်းနည်းပါးပါး ပျက်နေတဲ့ ဘောင်တွေဆိုတာ ရှိပါလိမ့်မည်၊ အဲဒါတွေကို မပြုမပြင်ဘဲနှင့် ထားလျှင်လဲ အတော်အတန် တဝက်တပျက်တော့ ရေဟာ တည်နိုင်ပါတယ်တဲ့၊ အကယ်၍ စောစောကတည်းက ကန်ပေါင်ရိုးတွေ အပြည့်အစုံ ပြုပြင်ပြီးတော့ ထားလိုက်လို့ ရှိလျှင်တော့ ရေဟာ တည်သင့်သလောက် အပြည့်အစုံဘဲ တည်နိုင်ပါတယ်။

အဲဒါလိုဘဲ မြတ်စွာဘုရားက ဂရုဓံရှစ်ပါးကို စောစောစီးစီးက ကြိုတင်ပြီး မပညာသ်သေ်သဲ မာတုဂါမတွေ သာသနာတော်ဘောင်မှာ ဝင်လာတဲ့အတွက်

အနှစ်တထောင်မှ အနှစ်ငါးရာသာလျော့ဘို့ ရှိပါတယ်၊ အနှစ်ငါးရာတော့ သာသနာတော်ဟာ တည်တံ့နိုင်ပါတယ်တဲ့၊ အဲဒီလို အနှစ်ငါးရာ လျော့ မသွားဘို့ရာ စောစောစီးစီးက ကြိုတင်ပြီးတော့ ဂရုဓမ္မစ်ပါးကို ပညတ်လိုက်တဲ့ အတွက်၊ လျော့သွားမည့် ငါးရာလဲ လျော့မသွားတော့ဘဲ အနှစ်တထောင်ဘဲ တည်မြဲ တည်မည် ဆိုတဲ့ အဓိပ္ပါယ်ကို ဒီဥပမာ စကားဖြင့် ပြတယ်ဆိုတဲ့ အကြောင်းကို အဋ္ဌကထာက ဖွင့်ပြပါတယ်။

အဲဒီ စကားထဲမှာ အနှစ်တထောင် တည်မည်ဆိုလို့ရှိလျှင် အနှစ် တထောင်က နောက်ကျလျှင် သာသနာဟာ ဘာမျှမရှိတော့ဘဲ လုံးလုံး ကွယ်သွားမှာလားလို့ ဒီလို မေးစရာရှိပါတယ်။

ဒါကြောင့် ဝဿသဟဿံ အနှစ်တထောင်လို့ ဆိုတာကလဲ ပဋိသမ္ဘိဒါ ပတ္တ ဖြစ်တဲ့ ရဟန္တာကြီးတွေ အပြည့်အစုံ ဖြစ်နိုင်တဲ့ ခေတ်ကာလကို ရည်ရွယ် ပြီးဆိုပါတယ်တဲ့၊ မြတ်စွာဘုရား၏ သာသနာတည်တယ်ဆိုတာဟာ မြတ်စွာ ဘုရား၏ သာသနာတွင်းမှာ ဖြစ်သင့် ဖြစ်ထိုက်တဲ့ အဆင့်အတန်းတွေ အမြင့် ဆုံး အဆင့်အတန်းထိအောင် အပြည့်အစုံတည်တာကို ဆိုလိုပါတယ်တဲ့။

ဒါကြောင့် အနှစ်တထောင် တည်မယ်ဆိုတာဟာ အဲဒီအနှစ်တထောင် အတွင်းမှာ အမြင့်ဆုံး ဖြစ်တဲ့ ပဋိသမ္ဘိဒါပတ္တရဟန္တာကြီးများ ဘိုင်အောင် တည်နေမယ်လို့ ဆိုလိုပါတယ်၊

ပဋိသမ္ဘိဒါပတ္တ ရဟန္တာတွေ တည်ရှိနေတယ်ဆိုလျှင် အဲဒီအထဲမှာ ဆဠာဘိညရဟန္တာတွေလဲ ပါသွားပါတယ်၊ တေဝိဇ္ဇရဟန္တာတွေလဲ ပါသွားပါ တယ်၊ အဲဒီ အနှစ်တထောင်ပြီးတဲ့ ကာလကျတော့ လုံးလုံးသာသနာပျောက် သွားလို့ မဖြစ်နိုင်ပါဘူး၊ ပဋိသမ္ဘိဒါပတ္တခေါ်တဲ့ အမြင့်မြတ်ဆုံး ရဟန္တာပုဂ္ဂိုလ် ကြီးတွေ တဆင့်ပြီးတဲ့နောက် အကုန်လုံးကွယ်သွားဘို့ရန် မဖြစ်နိုင်ပါဘူး၊ တဖြေးဖြေးခြင်း လျော့သွားပြီးတော့မှ ကွယ်သွားဘို့ ဖြစ်နိုင်ပါတယ်။

အဲဒီကနောက်မှာ သုက္ခဝိပဿက ရဟန္တာ အဖြစ်ဖြင့် အနှစ်တထောင် သာသနာတည်ဦးမယ်တဲ့၊ အဲဒီကနောက်မှာ အနာဂါမ် အဖြစ်ဖြင့် အနှစ် တထောင် သာသနာ တည်ဦးမယ်တဲ့၊အဲဒီကနောက်မှာ သကဒါဂါမ် အဖြစ်ဖြင့် အနှစ်တထောင် သာသနာ တည်ဦးမယ်တဲ့၊ အဲဒီကနောက်မှာ သော

တာပန် အဖြစ်နှင့် အနှစ်တထောင် သာသနာ တည်ဦးမယ်တဲ့၊ ဒီလို သာသနာ ငါးထောင် အနှစ်ပေါင်း ငါးထောင် ပိုင်းခြားပြီးတော့ ပြထားပါတယ်။

အဲဒီ အနှစ်ပေါင်း ငါးထောင်ထည်းမှာ ယခုနေအခါဆိုလို့ရှိလျှင် အနှစ် နှစ်ထောင်နှင့် ငါးရာရှိနေတဲ့အတွက် ပဌမ ပဋိသမ္ဘိဒါပတ္တခေတ်ကတော့ မရှိ ပါဘူး၊ နောက် ဒုတိယ သုက္ခဝိပဿကာ ရဟန္တာခေတ်လဲ ဒီအဋ္ဌကထာအရ ဆိုလျှင် ယခုမရှိတော့ဘူးလို့ ဆိုရမှာပါဘဲ၊ ဘာခေတ်ရှိနေသေးလဲ ဆိုတော့ တတိယထောင်စု ဖြစ်ဘဲ့အတွက် အနာဂါမ်ခေတ် ရှိနေသေးတယ်လို့ ဒီအဋ္ဌ ကထာက ဆိုပါတယ်။ ယခုပြောခဲ့ဘာဟာ ဒီအဋ္ဌကထာမှာ ပြဆိုထားတဲ့ အတိုင်း မှတ်သားဘို့ရာ ဖြစ်ပါတယ်။

ယခု ပြောခဲ့ဘဲ့ အဘိုင်း အနှစ် ငါးထောင် ပဝ်လုံး မဂ်ဖိုလ်ဆိုတဲ့ သဒ္ဓမ္မ သူတော်ကောင်းတရားတွေ တည်နေတယ်ဆိုလျှင် ပရိယတ်တရားကတော့ ဘယ်လောက်ကြာအောင် တည်ပါသလဲလို့ မေးစရာရှိပါတယ်၊ အဖြေကတော့ ပရိယတ်တရားလဲ အဲဒီ ပဋိဝေဓခေတ် အနှစ် ငါးထောင်ပါဘဲတဲ့၊ ဒါကြောင့် တာနိယေဝ လို့ မိန့်ဆိုထားပါတယ်။

ဒီနေရာမှာ ပရိယတ်လဲ ဒါလောက်ဘဲ တည်တယ်ဆိုတာကို ခိုင်ခိုင်မြဲမြဲ ယုံကြည်ရအောင်လို့ အကြောင်းယုတ္တိကိုလဲ ဆက်ပြထားပါတယ်၊ မြတ်စွာ ဘုရား ဟောကြားတဲ့ ကျင့်နည်း ကြံနည်း ပရိယတ္တိ ဒေသနာတော်တွေ မရှိလျှင် ပဋိဝေဓဆိုတဲ့ မဂ်တရား ဖိုလ်တရားတွေဟာ မရှိနိုင်ပါဘူးတဲ့၊ ပရိ ယတ် ရှိနေလျှင်လဲ ပဋိဝေဓဆိုတဲ့ မဂ်တရား ဖိုလ်တရားဟာ မကွယ်ပနိုင်ပါဘူး တဲ့၊ နည်းလမ်းရှိလျှင် အဲဒီနည်းလမ်းအတိုင်း ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေ သန္တာန် မှာ ပဋိဝေဓဟာ ရှိရပါမယ်တဲ့၊ အဲဒါကို ခိုင်ခိုင်မြဲမြဲ မိန့်ဆိုသွားပါတယ်။

ပြီးတော့ ရဟန်းအသွင် ဖြစ်တဲ့ လိင်္ဂသာသနာ ဆိုတာကတော့ ပရိယတ် ကွယ်သွားပြီးတဲ့နောက်လဲ အကြာကြီး တည်ရှိနေသေးတယ်ဆိုတာကို ဒီ အဋ္ဌ ကထာက ပြသွားပါတယ်၊ ဝိနည်းမှာလာတဲ့ ဒီသာသနာငါးထောင် ပိုင်းခြားပုံ ဟာ အသေချာဆုံးပါဘဲ၊ အဲဒါကို တိုတိုမှတ်ရအောင်—

**"ပ-သုက်၊ အနာ၊ သ-သောတာ၊ မိန့်မှာ ဝိနယ"**

လို ဒီဆောင်ပုဒ်ကလေးကို စီထားပါတယ်။

ပ-က ပဋိသမ္ဘိဒါပတ္တခေတ်။ သုက်-က သုက္ခဝိပဿကခေတ်။ အနာ-က အနာဂါမ်ခေတ်၊ သ-က သကဒါဂါမ်ခေတ်။သောတာ-က သောတာပန်ခေတ်။

အဲဒါ တထောင်စီ တထောင်စီ ငါးခု ဖြစ်ပါတယ်။ "ပ-သုက်-အနာ. သ-သောတာ၊ မိန့်မှာ ဝိနယ" ဝိနည်းအဋ္ဌကထာက ဒီအတိုင်းဆိုတယ်လို့ ဒီဆောင်ပုဒ်က ဆိုလိုပါတယ်။

ဒီ ဝိနည်း အဋ္ဌကထာလိုဘဲ အင်္ဂုတ္တိုရ်ကျတော့လဲ အဋ္ဌကနိပါတ် ဂေါတမီဝဂ်မှာ ပါဠိလဲ ဒီကပါဠိအတိုင်းဘဲ၊ အဋ္ဌကထာလဲ ဒီက အဆိုအတိုင်းဘဲ အလားတူ ရှိပါတယ်။

ဒီဃနိကာယ် ပါထိကဝဂ် အဋ္ဌကထာမှာတော့ "မဇ္ဈိမပဋိသမ္ဘိဒါပတ္တခေတ် တထောင်၊ နောက် ဆဠဘိညခေတ် တထောင်၊ တေဝိဇ္ဇခေတ် တထောင်၊ သုက္ခဝိပဿကခေတ်တထောင်၊ ပါတိမောက္ခသံဝရခေတ်တထောင် လို့ သူက တမျိုးမိန့်ဆိုထားပါတယ်၊ အဲဒါဟာ ပါထိကဝဂ် အဋ္ဌကထာ သမ္ပသာဒနီယသုတ် အဖွင့် နံပါတ်(၇၃)မှာ ရှိပါတယ်။

ပြီးတော့ အင်္ဂုတ္တရ အဋ္ဌကထာ ကေက နိပါတ် ဒုတိယပမာဒါဒိဝဂ် အဖွင့်မှာလဲ သာသနာဆုတ်ယုတ်ပုံကို တမျိုးပြထားတာ ရှိပါတယ်။

ပြီးတော့ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ နံပါတ်(၁၇၇)မှာလဲ သာသနာ ဆုတ်ယုတ်ပုံကို တမျိုးပြထားတာ ရှိပါတယ်။

အဲဒီ အင်္ဂုတ္တရ, သံယုတ် အဋ္ဌကထာများမှာ ပြတာတွေကတော့ အနှစ် တထောင်စီရယ်လို့ သေသေချာချာ ကန့်သတ်မထားပါဘူး၊ ပဌမဗောဓိမှာ ပဋိသမ္ဘိဒါပတ္တသာ ဖြစ်ပါတယ်၊ အဲဒီကနောက် ဆဠဘိညဖြစ်တယ်၊ အဲဒီက နောက် တေဝိဇ္ဇ ဖြစ်တယ်၊ အဲဒီကနောက် သုက္ခဝိပဿက ဖြစ်တယ်၊ အဲဒီက နောက် အနာဂါမ် သကဒါဂါမ် သောတာပန် ဖြစ်တယ် စသည်ဖြင့် ဒီလို အစဉ်အတိုင်း ဆုတ်ယုတ်ပုံလောက်ကိုသာ ပြထားပါတယ်၊ နှစ်အပိုင်းအခြားနှင့် တထောင်စီ တထောင်စီလို့ ဒီလို သေသေချာချာ ကန့်သတ်ပြီး ပြတာ တော့ မဟုတ်ပါဘူး။

ဒါပေမယ်လို့ ဒီဝိနည်း ဒီဃနိကာယ် အဋ္ဌကထာတွေနှင့် နှီးနှောပြီးတော့ ပဌမပဋိသမ္ဘိဒါပတ္တခေတ်တထောင်၊ ဆဠဘိညခေတ်တထောင်၊ တေဝိဇ္ဇ ခေတ်တထောင်၊သုက္ခဝိပဿကခေတ်တထောင်၊ ပြီးတော့ သေက္ခခေတ် သော တာပန် သကဒါဂါမ် အနာဂါမ်ခေတ်က တထောင်လို့ သံယုတ်နှင့် အင်္ဂုတ္တိုရ်

အဋ္ဌကထာ အဆိုကို ရှေးဆရာ အစဉ်အဆက်က ပိုင်းခြားပြီး မှတ်ယူထားကြပါတယ်။

ဒီနေရာမှာ သာသနာ ငါးထောင်နှင့် ပတ်သက်ပြီးတော့ အဋ္ဌကထာတွေဟာ တကျမ်းနှင့်တကျမ်းမတူဘဲ ဘာဖြစ်လို့ ကွဲနေကြပါသလဲလို့ ဒီလိုလဲ မေးစရာရှိပါတယ်၊ ဒါကတော့ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ဆရာဟာ သူရေးတဲ့အခါ ကာလမှာ ရှေးကရှိနေတဲ့ အဋ္ဌကထာတွေအတိုင်းဘဲ ရေးသွားပါတယ်၊ သူ့သဘောနှင့်သူ ပြင်ပြီး ရေးမသွားပါဘူး၊ ဒီအချက်တွေက ပြင်ဘို့ရာလဲ ခက်ပါတယ်၊ ဒါကသာ မှန်တယ်လို့ ကိန်းသေဆုံးဖြတ်ဘို့ရန် မလွယ်ပါဘူး၊ ဒါကြောင့် ရှေးကရှိရင်း အတိုင်း ရေးသွားတာဟာ ဒီအဋ္ဌကထာ ဆရာ၏ ရေးသားပုံ အပေါ်မှာ ကြည်ညိုဘွယ်ရာ ဂုဏ်တခု ဖြစ်ပါတယ်။

ရှေးက ဝိနည်းဆောင် ပုဂ္ဂိုလ်တွေရဲ့ မှတ်သားချက်အတိုင်း ဝိနည်းအဋ္ဌကထာမှာ သူရေးခဲ့ပါတယ်၊ ဒီဃနိကာယ်ဆောင် ပုဂ္ဂိုလ်တွေရဲ့ မှတ်သားချက်အတိုင်း ဒီဃနိကာယ် အဋ္ဌကထာမှာ ရေးခဲ့ပါတယ်၊ အင်္ဂုတ္တရ, သံယုတ္တနိကာယ်ဆောင်တွေ မှတ်သားချက်အတိုင်း အင်္ဂုတ္တရ,သံယုတ္တ အဋ္ဌကထာများမှာလဲ ရေးသွားပါတယ်။

## ယုဂ ငါးမျိုး

ပြီးတော့ ယခု ဗမာပြည်မှာ သာသနာနှစ် ငါးထောင်ကို ယုဂ်ငါးပါးနှင့် အလျှည့်ကျ ဝေဘန်ပိုင်းခြားပြီး ပြောနေကြ တာလဲ ရှိပါတယ်၊ ဝိမုတ္တိယုဂ အနှစ်ငါးရာ၊ ပြီးတော့ သမာဓိယုဂ အနှစ်ငါးရာ၊ အဲဒီကနောက် သီလယုဂ အနှစ်ငါးရာ၊ အဲဒီကနောက် သုတယုဂ အနှစ်ငါးရာ၊ အဲဒီကနောက် ဒါနယုဂ အနှစ်ငါးရာ၊ အဲဒီကနောက် သာသနာနှစ် ၂၅၀၀-ကျော်တဲ့ အခါမှာ ဝိမုတ္တိယုဂကို တဖန်ပြန်ရောက်တယ် စသည်ဖြင့် ဒီလိုပြောနေကြပါတယ်။

အဲဒါကတော့ ပြောသဲ့အတိုင်း ဝိမုတ္တိယုဂ ပြန်ရောက်တယ်ဆိုလျှင် ဝမ်းမြောက် ဝမ်းသာ စရာ မင်္ဂလာရှိတဲ့ စကားပါဘဲ၊ ဒါပေမယ်လို့ အဲဒီယုဂ်ငါးပါးကို ပြဆိုတဲ့ ကျမ်းရင်းက စကားကို သတိပြုဘို့ လိုပါတယ်၊ အဲဒါဟာ ထေရဂါထာ အဋ္ဌကထာ တိံသနိပါတ် ဖုဿထေရဂါထာ အဖွင့်မှာ ရှိပါတယ်။

အဲဒီမှာ ဆိုထားတာကတော့ ရှေးအဋ္ဌကထာ ဝါဒအနေနှင့် မဟုတ်ဘဲ နောက်မထေရ်တို့၏ အဆုံးအဖြတ် ထေရဝါဒ အနေမျိုးနှင့် ပြဆိုထားတာ

ဖြစ်နေပါတယ်၊ ပဏ္ဏာရမည်တဲ့ ရသေ့ကမေးလို့ ဖုဿမထေရ်က သာသနာတော် ဆုတ်ယုတ်ဘဲ့အခါမှာ ဖြစ်ပေါ်မည့် အခြင်းအရာတွေကို ပြောပြီးတော့—"ပတ္တေ ကာလမှိ ပစ္ဆိမေ-နောက်ဆုံးကာလကျတော့ ဒီလို ဖြစ်လိမ့်မယ်"လို့ မိန့်ဆိုထားပါတယ်၊ အဲဒီနေရာမှာ နောက်ဆုံးကာလ ဆိုတာကို ဘယ်ကစပြီး ယူရမလဲလို့ မေးစရာ ရှိနေပါတယ်။ ဒီအချက်ကို ဆုံးဖြတ်ပြဆိုရာမှာ ကေစိ၊ ကော၊အပရေ ဝါဒသုံးမျိုးကွဲနေပါတယ်၊ ကေစိဆရာတို့က တတိယသံဂါယနာ ကစပြီး ပစ္ဆိမနောက်ဆုံးကာလ ရောက်တယ်လို့ ဆိုကြပါတယ်၊ အဲဒီ ကေစိ ဝါဒကို ကေဆရာတို့က လက်မခံကြပါဘူး၊ ဒါကြောင့် ထေရဂါထာ အဋ္ဌ ကထာမှာ "တံ ကေ နာနု ဇာနန္တိ"လို့ ဆိုပြီးတော့ အဲဒီ လက်မခံခြင်း၏ အကြောင်းကို ပြလိုတဲ့အတွက် ဒီယုဂ်ငါးပါးကို ထုတ်ပြီးပြပါတယ်၊ ဒီတော့ ဒီယုဂ်ငါးပါးဟာ အဲဒီ ကေဆရာတို့၏ ဝါဒဘဲလို့သာ ဆိုစရာ ဖြစ်နေပါတယ်၊ ဒီယုဂ်ငါးပါးထဲမှာ ကေဆရာတို့က သုတယုဂကစပြီး နောက်ဆုံးကာလလို့ ဆိုပါတယ်။ အပရေဆရာတို့က သီလယုဂက စပြီး နောက်ဆုံးကာလလို့ ဆို ပါတယ်။

ပြီးတော့ အဲဒီ ယုဂ်ငါးပါးမှာလဲ အစဉ်အတိုင်း ဆုတ်ယုတ်ပုံကိုသာ ပြ ပါတယ်၊ တယုဂ်တယုဂ်မှာ ငါးရာလို့လဲ မပါဘူး၊ တထောင်လို့လဲ မပါဘူး၊ နှစ်အပိုင်းအခြားကတော့ ဘာမျှ မပါပါဘူး၊ ဆုတ်ယုတ်ပုံကို ပြတော့လဲ ဝိမုတ္တိယုဂ်ကွယ်လျှင် သမာဓိယုဂ် ဖြစ်တယ်၊ သမာဓိယုဂ် ကွယ်တော့ သီလယုဂ် ဖြစ်တယ်၊ သီလယုဂ်ကွယ်တော့ သုတယုဂ် ဖြစ်တယ်လို့ ဒီလို ပြသွားပါတယ်၊ သူ့အဋ္ဌကထာမှာ "တသ္မိံ အန္တရဟိတေ"ဆိုတဲ့အတွက် ဒီမှာလဲ ကွယ်တယ် လို့ ပြောရပါတယ်။

ဒီနေရာမှာ သုတယုဂ် ကွယ်ပုံ ပြထားတာကတော့ အထူးဘဲ မှတ်သား စရာ ကောင်းပါတယ်၊ "ယဒါ ပန မာတိကာ ပရိယောသာနာ ပရိယတ္တိ သဗ္ဗသော အန္တရဓာယတိ"လို့ ပြထားပါတယ်။ ။ယဒါ၊ အကြင် အခါ၌။ မာတိကာပရိယောသာနာ၊မာတိကာ အဆုံးရှိသော။ ပရိယတ္တိ၊ပိဋကတ်သုံးပုံ ပရိယတ် တရားတော်သည်။ သဗ္ဗသော၊ အခြင်းခပ်သိမ်း၊ အန္တရဓာယတိ၊ ကွယ်လေ၏-တဲ့။

ပရိယတ္တိ သာသနာ ကွယ်ဘဲ့အခါမှာ အဘိဓမ္မာနှင့် သုတ္တန်က အလျှင် ကွယ်ပါ တယ်၊ ဝိနည်းက နောက်မှ ကွယ်ပါတယ်၊ ဝိနည်း ပိဋကတ်မှာလဲ မာတိကာ

ဆိုတဲ့ ပါတိမောက်က နောက်ဆုံးမှ ကွယ်ပါတယ်၊ အဲဒီ ပါတိမောက် မာတိကာ ကွယ်သွားလျှင်တော့ ပရိယတ္တိသာသနာ လုံးလုံးကွယ်တော့တာပါဘဲ၊ သုတ ယုဂ် ဆိုတာလဲ အဲဒီအခါမှာမှ ကွယ်တယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် "မာတိကာပရိယောသာနာ၊ မာတိကာလျှင် နောက်ဆုံးရှိသော ပရိယတ် တရားတော် အားလုံး ကွယ်တဲ့အခါမှာ" လို့ ပြဆိုထားပါတယ်၊ အဲဒီလို ပရိယတ် တရားတော် လုံးလုံးကွယ်သွားတဲ့နောက်မှာ ဝိမုတ္တိယုဂ တဖန် ဖြစ်နိုင် မည်၊ မဖြစ်နိုင်မည်ကို ဒီနေရာမှာ ဆင်ခြင်ကြည့်ဘို့ပါဘဲ။

အဲဒီလို သုတယုဂ် ကွယ်သွားတဲ့အခါမှာ ဘာတွေသာ ရှိနေမလဲဆိုလျှင်၊ "တတော ပဋ္ဌာယ၊ ထိုသုတယုဂ် ကွယ်သောကာလမှ စ၍ လိင်္ဂမတ္တမေဝ အဝသိဿတိ၊ ရဟန်း၏ အသွင်အပြင်မျှ ရဟန်းတု ရဟန်းယောင်မျှသာလျှင် ကျန်ရှိနေပါဘော့မယ်"တဲ့၊ အဲဒီ ရဟန်းတု ရဟန်းယောင်တွေက ဘာတွေ လုပ်ကြမလဲဆိုလျှင်"ယထာတထံ သံဃာရိတွာ၊ဟုတ်ဟုတ်ညားညား ရရာနည်း ဖြင့် ပစ္စည်းစု၍။ ဒါနမုခေန ဝိသဇ္ဇေန္တိ၊ ဒါနကုသိုလ်လောက်သာ အမွန် အမြတ် ပြုလျက် စွန့်ကြဲ ပေးလှူကြပါလိမ့်မယ်"တဲ့။ ဒါဟာ ဒါနယုဂ အထိ ဆက်ယုတ်ပုံကို ပြတဲ့ အင်္ဂုတ္တရစကားပါဘဲ။

ဒါနယုဂမှာ ဒါနလောက်သာ အမွန်အမြတ် ရှိတော့တယ်၊ ကျင့်ကြံနည်း ပရိယတ် တရားတော်တွေကတော့ လုံးလုံးမရှိတော့ဘူးလို့ ယုဂ်ငါးခုပြတဲ့ ကျမ်းရင်း အင်္ဂုတ္တရက မိန့်ဆိုထားပါတယ်၊ ဒီအတိုင်းဆိုတော့ ကျင့်နည်း ကြံနည်းက လုံးလုံးမရှိတော့တဲ့အတွက် ဒါနယုဂ ပြီးတော့ ဝိမုတ္တိယုဂ တဖန် ပေါ်လာမည် ဆိုတာဟာ ယုံကြည်ဘွယ်မရှိဘဲ ဖြစ်နေပါတယ်။

## ထေရဝါဒ

ဘုရားတပည့်တော်တို့၏ ထေရဝါဒဂိုဏ်း သာသနာအစဉ်နှင့် ပြောရမယ် ဆိုလျှင်တော့ "သုတယုဂ ကုန်ခဲ့ပြီ၊ ဒါနယုဂကို ရောက်ခဲ့ပြီ၊ ရောက်နေပြီ" လို့ ဘယ်နည်းနှင့်မျှ မယူဆ မပြောဆိုနိုင်ပါဘူး၊ ဘာကြောင့်တုံး ဆိုလျှင် ပိဋကတ် သုံးပုံ ပရိယတ် တရားတော်တွေဟာ ထေရဝါဒ သာသနာ အစဉ်အဆက် ဘယ် တော့ကမှ မကွယ်ခဲ့ပါဘူး၊ ယခုလဲ နိကာယ်ငါးရပ် ပိဋကတ် သုံးပုံလုံး အပြည့် အစုံ အကုန် တည်ရှိနေပါတယ်၊ ကောင်းကောင်း တတ်သိတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးဘဲ ရှိနေကြပါတယ်၊ ဒါကြောင့် သုတယုဂ ကွယ်ခဲ့ပြီလို့ပင် မဆိုနိုင် ပါ၊ ဒါနယုဂ ရောက်ခဲ့ပြီ၊ ရောက်နေပြီလို့တော့ ဘယ်မှာ ဆိုနိုင်ပါတော့မည်လဲ။

ဒါကြောင့် သာသနာ ငါးထောင် ဆိုတဲ့ အပိုင်းအခြားကို တိုက်ရိုက်ပြထားတဲ့ ဝိနည်းအဋ္ဌကထာ, ဒီဃ, သံယုတ္တ, အင်္ဂုတ္တရနိကာယ် အဋ္ဌကထာများ အတိုင်းသာ ယူဆ ပြောဆိုသင့်ပါတယ်၊ တိုက်ရိုက်လဲမပြ, သေလဲမသေချာတဲ့ ထေရဂါထာ အဋ္ဌကထာမှာ ယုဂငါးပါးနှင့်တော့ ပြောဆိုရန် သင့်မည် မထင်ပါ၊ ယခု ပြောခဲ့တာဟာ သာသနာ ငါးထောင်နှင့် စပ်ပြီး အဋ္ဌကထာများ မိန့်ဆိုထားပုံ အကျဉ်းချုပ် ဖြစ်ပါသည် ဘုရား။

## ဝိနည်း နိဂုံး

ယခု နိဂုံးစကားကို အပြီးသတ် လျှောက်ထားပါတော့မည် ဘုရား။

ဒီအဋ္ဌကထာကို စီရင်ရေးသားတဲ့ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာဟာ မိမိသဘောကျ မိမိထင်ရာကို ရေးခဲ့တာမဟုတ်ဘဲ အမှီတွေနှင့် ရေးခဲ့ပါတယ်၊ ဆရာ့ထံမှာ သင်ကြားပြီးတော့လဲ ရေးခဲ့ပါတယ်၊ အဲဒါကို ဒီမှာ ဖော်ပြထားပါတယ်၊ ဗုဒ္ဓဃောသ အဋ္ဌုပ္ပတ္တိတွေမှာတော့ တချို့က သိပ်ပြီး မြှောက်ပင့်ရေးထားတော့ အဲဒါက တမျိုးဖြစ်နေပါတယ်၊ ယခု နိဂုံးက— သူကိုယ်တိုင် ရေးထားတဲ့ စကားဖြစ်တဲ့အတွက် ပိုပြီးတော့ သေချာပါတယ်။

> မဟာအဋ္ဌကထဉ္စေဝ၊ မဟာပစ္စရိမေဝစ။
> ကုရုန္ဒိဉ္စာတိ·တိဿောပိ၊ သီဟဠဋ္ဌကထာ ဣမာ။
> ဗုဒ္ဓမိတ္တောတိ နာမေန၊ ဝိသုတဿ ယသဿိနော။
> ဝိနယညုဿ ဓီရဿ၊ သုတွာ ထေရဿ သန္တိကေ။

ဒီစကားဖြင့် ဝိနည်းအဋ္ဌကထာကြီးတွေ သူသင်ခဲ့ပုံကို ပြောပါတယ်၊ မဟာအဋ္ဌကထဉ္စေဝ၊ မဟာအဋ္ဌကထာကိုရင်း။ မဟာပစ္စရိမေဝ စ၊ မဟာပစ္စရီ အဋ္ဌကထာကိုရင်း။ကုရုန္ဒိဉ္စ၊ ကုရုန္ဒီ မည်သော အဋ္ဌကထာကိုရင်း။ ဣတိ၊ ဤသို့။ တိဿောပိ၊ သုံးစောင်လည်း ဖြစ်ကုန်သော။ ဣမာသီဟဠဋ္ဌကထာ၊ ဤသီဟိုဠ်အဋ္ဌကထာကြီးတို့ကို။ ဗုဒ္ဓမိတ္တောတိ နာမေန၊ ဗုဒ္ဓမိတ္တ ဟူသော အမည်ဖြင့်။ ဝိသုတဿ၊ ထင်ရှားကျော်စောသော။ ထေရဿ၊ မထေရ်မြတ်၏။ သန္တိကေ၊ အထံ၌။ သုတွာ၊ နာကြား သင်ယူပြီး၍။ အဲဒီအဋ္ဌကထာကြီး သုံးစောင်ကို ရှေးဦးစွာ သင်ယူတယ်လို့ ဆိုပါတယ်။

မဟာအဋ္ဌကထာဆိုတာ ရှေးကသံဂါယနာ သုံးတန် တင်ခဲ့တဲ့ မူလ အဋ္ဌကထာကို သီဟိုဠ်ဘာသာနှင့် ရေးထားတဲ့ အဋ္ဌကထာ ဖြစ်ပါတယ်၊ နောက် အဲဒီ မဟာအဋ္ဌကထာ မှီပြီးတော့ မဟာပစ္စရီ အဋ္ဌကထာနှင့် ကုရုန္ဒီ အဋ္ဌကထာတွေကို ရေးကြပါတယ်၊ ဒီ့ပြင်လဲဘဲ အန္ဓက အဋ္ဌကထာတို့ သင်္ခေပအဋ္ဌကထာတို့ ဆိုတာ ရှိပါသေးတယ်၊ ယခု ဒီအဋ္ဌကထာဆရာရှေးဦးစွာ သင်ယူဘဲ့ အဋ္ဌကထာကြီး သုံးစောင်ကတော့ မဟာအဋ္ဌကထာ, မဟာပစ္စရီ အဋ္ဌကထာ, ကုရုန္ဒီ အဋ္ဌကထာ ဆိုတဲ့ ဒီအဋ္ဌကထာကြီးများပင် ဖြစ်ပါတယ်။

အဲဒါ ဗုဒ္ဓမိတ္တ အမည်ရှိတဲ့ မထေရ်မြတ်၏ ထံမှာ သင်ယူပြီးတော့မှ ဒီ သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာကို ရေးတယ်လို့ ဝန်ခံထားတဲ့ စကား ပါဘဲ။

အဲဒီလို ရေးတာဟာ ဘယ်အခါကာလကတုန်း ဆိုတော့ သီဟိုဠ်မှာ သီရိပါလမည်ဘဲ့ မင်း နန်းတက်လို့ အနှစ် နှစ်ဆယ်မြောက် ကာလက ရေးတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် "သိရိပါလယသသာိနော၊ ဘမဝီသတိမေ ခေမေ၊ ဇယသံဝစ္ဆရေ၊ သီရိပါလမင်း၏ အောင်တော်မူ အနှစ် နှစ်ဆယ်မြောက်၌။ အယံ အာရဒ္ဓါ၊ ဤကျမ်းကို စ၍ ရေးခဲ့သည် ဖြစ်၍။ ကေဝီသမို သမ္ဘတ္တော ပရိနိဋ္ဌိတာ၊ နှစ်ဆဲ့ တနှစ်မြောက်မှာ ပြီးဆုံးတယ်လို့" ဆိုထားပါတယ်။

ဒီ သီရိပါလမင်း ဆိုတာကို အများက မဟာနာမမင်းလို့ဘဲ မှတ်ထားကြ ပါတယ်၊ ဒီ သီရိပါလမင်း မဟာနာမမင်း ဒီ အမည် ၂-ခုဟာ အတူတူပါဘဲ၊ တဦးတည်း၏ အမည်ပါဘဲ။

အဲဒီမင်း နန်းတက်တဲ့ ခုနှစ်ဟာ သာသနာ သက္ကရာဇ် ၉၅၄-ခုနှစ် ဖြစ် တယ်လို့ အမှတ်ပြုထားကြပါတယ်၊ ဒါကြောင့် နန်းတက်ပြီး အနှစ် နှစ်ဆယ် မြောက် ဆိုတော့ ၉၅၄-ထဲမှာ နှစ်ဆယ်ထည့်လိုက်လျှင် ၉၇၄-ဖြစ်တဲ့အတွက် သာသနာနှစ် ၉၇၄-ခုမြောက်မှာ ဒီကျမ်းကို စီရင်တယ်လို့ မှတ်ယူဘို့ပါဘဲ။ ပြီးတော့ ၉၇၅-ခု မြောက်နှစ်မှာ ဒီ ကျမ်းပြီးစီးတယ်လို့လဲ ဒီ နိဂုံးအရ မှတ်သား ဘို့ ရှိပါတယ်။

ပြီးတော့ကာ ကျမ်းပြီးစီးတဲ့ အခါကာလကျတော့ သူ့ကျမ်း ပြီးစီးပုံ ကလေးနှင့် အာသီသကလေးတွေကိုလဲ နောက်ပိုင်းမှာ ပြထားပါသေးတယ်၊ ဒါကလေးတွေကလဲ ကြည်ညိုဘွယ်ရာ ကောင်းလို့ ဘုရားတပည့်တော် အကုန် လုံး ဘာသာပြန်ပြီးတော့ လျှောက်ထားပါဦးမည်။

ဥပဒ္ဒဝါကုလေ လောကေ၊ နိရုပဒ္ဒဝတော အယံ။
ကေသံဝစ္ဆရေနေဝ၊ ယထာ နိဋ္ဌံ ဥပါဂတာ။ ။
ဧဝံ သဗ္ဗသ္မ လောကဿ၊ နိဋ္ဌံ ဓမ္မူပသံဟိတာ။
သီဃံ ဂစ္ဆန္တု အာရမ္ဘာ၊ သဗ္ဗေပိ နိရုပဒ္ဒဝါ။

ဥပဒ္ဒဝါကုလေ၊ ဥပဒ္ဒဝေါ ဘေးရန်များပြားလှစွာသော။ လောကေ၊ လောကထဲ၌။ အယံ သံဝဏ္ဏနာ၊ ဤသမန္တပါသာဒိက အမည်ရှိသော ဝိနည်းအဋ္ဌကထာသည်။ နိရုပဒ္ဒဝတော၊ ဥပဒ္ဒဝေါ ဘေးရန်ကင်းသဖြင့်။ ဝါ၊ ဥပဒ္ဒဝေါ ဘေးရန်မရှိဘဲ။ ကေသံဝစ္ဆရေနေဝ၊ တနှစ်တည်းဖြင့်ပင်လျှင်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဥပါဂတာ ယထာ၊ ရောက်ဘိသကဲ့သို့။

## ဥပဒ္ဒဝေါ

အဲဒီထဲမှာလဲ မှတ်သားစရာ ကောင်းတာကလေးတွေ ပါသွားပါတယ်၊ ဥပဒ္ဒဝေါ ဘေးရန်ဘေး များပြားနေတဲ့ လောကကြီး ဆိုပြီးတော့ အဋ္ဌကထာဆရာက ညည်းညူပြီး ရေးသွားပါတယ်၊ ဘုရားတပည့်တော်တို့ ယင်ယင်တုန်းက စဉ်းစားမိဘူးပါတယ်၊ အဋ္ဌကထာ ဆရာကတော့ ဥပဒ္ဒဝေါ ဘေးရန်ဘေး တယ်များပြားတယ်လို့ ဆိုပါတယ်၊ ဘုရားတပည့်တော်ဘို့ ယင်ယင်တုန်းကတော့ ဥပဒ္ဒဝေါ ဘေးရန်ဘေးကလဲ တယ်ပြီး မတွေ့ရတော့ "ဟိုအဋ္ဌကထာဆရာများ လက်ထက်တုန်းက ဥပဒ္ဒဝေါတွေ ဆိုတာဟာ ဘာတွေပါလိမ့်မတုံး" လို့ ဒီလို စဉ်းစားမိပါတယ်။

ဥပဒ္ဒဝေါ ဆိုတာဟာ ဘယ်လို ဖြစ်လိမ့်မည် လို့ စောစောက မသိရဘဲနှင့် ရှဘ်တရက် ကျရောက်လာတဲ့ ဘေးအန္တရာယ်တွေ အကျိုးမဲ့တွေကို ခေါ်ပါတယ်၊ ဥပဒ္ဒဝ-ဆိုတဲ့ ပုဒ်ထဲမှာ ဥပ-က တပုဒ်၊ ဒဝ-က တပုဒ် နှစ်ပုဒ်တွဲစပ်နေပါတယ်၊ ဥပ-ကပ်ပြီးသကာလ၊ ဒဝ-နှိပ်စက်တတ်တဲ့ အကျိုးမဲ့ ဘေးရန် အန္တရာယ်တွေ လို့ ဆိုလိုပါတယ်၊ လောကမှာ လူနိုင် ဖြစ်တဲ့ ပုဂ္ဂိုလ်တွေက နိုင်ရာလူကို နှိပ်စက် ညှဉ်းပန်းသွေ့ရှိကြပါတယ်၊ ဒီလို နှိပ်စက်ညှဉ်းပန်းမှုမျိုးတွေကို ဥပဒ္ဒဝေါလို့ ခေါ်ပါတယ်၊ အဲဒီလို နိုင်လိုမင်းထက် နှိပ်စက်မှု ညှဉ်းပန်းမှု ဥပဒ္ဒဝေါတွေဟာ လောကထဲမှာ များပြားတယ်လို့ သူက ဆိုထားပါတယ်။

ဘုရားတပည့်တော်ဘို့ ခပ်ငယ်ငယ် စဉ်းစားကြည့်တုန်းကတော့ ဒီ ဥပဒ္ဒဝေါကို ဘယ်လိုဟာတွေရယ်လို့ သဘောမပေါက်ခဲ့ပါဘူး၊ အပြီးသတ်တော့ သီဟိုဠ်မှာ ဟိုခေတ်တုန်းက မင်းပြောင်း မင်းလွှဲဘေး များပြီးတော့ တိုက်ကြ ခိုက်ကြ လုယက်ကြ သတ်ဖြတ်ကြ ဒီလို နှိပ်စက်ညှဉ်းပန်းမှုတွေက၊ သိပ်များတာကြောင့်၊ အဲဒါတွေကို ရည်ပြီးတော့ ရေးသွားတယ်လို့ ဆိုတာ နောက်ပိုင်းကျမှ သဘောပေါက်လာပါတယ်၊ အဲဒီလို ဥပဒ္ဒဝေါတွေ အင်မတန် များပြားနေတဲ့ လောကကြီးထဲမှာ ရေးသားရတဲ့ ဒီ ကျမ်းဟာ ဥပဒ္ဒဝေါ ဘေးရန်မရှိဘဲနှင့် ပြီးစီးသွားပါတယ်တဲ့။

အဲဒါကို ပြီးစီးအောင် ဘယ်လောက် ကြာအောင် သူရေးရသတုံးဆိုတော့ "ကေသံဝစ္ဆရေ နေဝ" လို့ ဆိုထားပါတယ်၊ တနှစ်ရေးရပါတယ်တဲ့၊ ဒီ ဝိနည်းအင်္ဂုတ္တရဟာ ယခု စာအုပ်အရေအတွက်အားဖြင့် လေးအုပ် ရှိပါတယ်။

## ဝိသုဒ္ဓိမဂ် ခြောက်လ

အဲဒီတော့ ၄-အုပ်ရှိတဲ့ ဒီဘာမန္တပါသာဒိက ဝိနည်းအင်္ဂုတ္တရကြီးကို တနှစ်ရေးရတယ်ဆိုလျှင် ဝိသုဒ္ဓိမဂ် ကျမ်းကြီးက နှစ်အုပ်ရှိတဲ့အတွက် အဲဒီ ဝိသုဒ္ဓိမဂ်ကိုလဲ ခြောက်လလောက်တော့ ရေးရဘို့ ရှိနေပါတယ်၊ ဒါပေမယ်လို့ ဗုဒ္ဓဃောသအဋ္ဌုပ္ပတ္တိမှာတော့ တညတည်းနှင့် သုံးစောင်တောင် ပြီးတယ်လို့ ချီးကျူးပြီး ရေးထားပါတယ်။

အဲဒီလို ချီးကျူးတာကလဲ ဖြစ်သင့် ဖြစ်ထိုက်တာလောက်သာ ကောင်းပါတယ်၊ မဖြစ်သင့် မဖြစ်ထိုက်တာတွေကို သိပ်ပြီး ချီးကျူးထားလျှင် မှန်ကန်တဲ့ ရေးသားချက်တွေ အပေါ်မှာလဲ နောင်လာနောက်သားတွေက သံသယ ရှိနေတတ်ပါတယ်၊ ဒါကြောင့် ဒီလို ယုတ္တိမရှိအောင် ချီးကျူးတာတွေကတော့ သိပ်မကောင်းပါဘူး၊ အမှန်အားဖြင့် ဆိုလျှင် ဒီဝိနည်းအင်္ဂုတ္တရ၏ ထက်ဝက်လောက်ရှိနေတဲ့ ဝိသုဒ္ဓိမဂ်ကျမ်းကို ခြောက်လမကြာတောင် လေးငါးလ—တော်တော်ကြာအောင်တော့ ရေးရမယ် ဆိုတာဟာ သေချာနေပါတယ်။

ဥပဒ္ဒဝါကုလေ၊ ဘေးဥပဒ် အန္တရာယ် များပြားလှစွာသော။ လောကေ၊ လောကထဲ၌။ အယံ သံဝဏ္ဏနာ၊ ဤသမန္တပါသာဒိက အမည်ရှိသော ဝိနည်း

အဋ္ဌကထာကျမ်းကြီးသည်။ နိရုပဒ္ဒဝတော၊ ဘေးရန်ဥပဒ္ဒဝေါ ကင်းသဖြင့်။ ဝါ။ ဘေးရန်ဥပဒ္ဒဝေါ မရှိဘဲ။ ကေသံဝစ္ဆရေနေဝ၊ တနှစ်တည်းဖြင့်ပင်လျှင်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဥပါဂတာယထာ၊ ရောက်လေဘိသကဲ့သို့။ ဧဝံ၊ ဤအတူပင်။ သဗ္ဗဿ လောကဿ၊ အလုံးစုံသော လောက အလုံးစုံသော လူအပေါင်း၏။ ဓမ္မူပသံဟိတာ၊ တရားနှင့် စပ်ဆိုင်ကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အာရမ္ဘာ၊ ကြိုးပမ်းအားထုတ်မှု ဟူသမျှတို့သည်။ နိရုပဒ္ဒဝါ၊ ဥပဒ္ဒဝေါ ဘေးရန် အန္တရာယ် မရှိကြကုန်ဘဲ။ ဝါ။အန္တရာယ်ကင်းကုန်သည် ဖြစ်၍။ သီဃံ၊ လျင်မြန်စွာ။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂစ္ဆန္တု၊ ရောက်ကြပါစေကုန်သတည်း။

ဒါက အများအတွက် တောင့်တလိုက်တဲ့ အဋ္ဌကထာ ဆရာ၏ အာသီသကလေး ဖြစ်ပါတယ်။

စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ကရောန္တေန မယာ ဣမံ။
သဒ္ဓမ္မဗဟုမာနေန၊ ယဉ္စ ပုညံ သမာစိတံ။
သဗ္ဗဿ အာနုဘာဝေန၊ တဿ သဗ္ဗေပိ ပါဏိနော။
ဘဇန္တု ဓမ္မရာဇဿ၊ သဒ္ဓမ္မရသသေဝိနော။

သဒ္ဓမ္မဗဟုမာနေန၊ သူတော်ကောင်းတရားကို ကောင်းစွာ မြတ်နိုးသဖြင့်။ ဝါ။ ကောင်းစွာ မြတ်နိုးသော။ ဓမ္မဿ၊ သူတော်ကောင်းတရား၏။ စိရဋ္ဌိတတ္ထံ၊ ရှည်မြင့်စွာ တည်ရန် အလို့ငှါ။ ဝါ။ ရှည်မြင့်စွာ တည်ခြင်းအကျိုးငှါ။ ဣမံ သံဝဏ္ဏနံ၊ ဤဝိနည်းအဋ္ဌကထာ ကျမ်းကြီးကို။ ကရောန္တေန၊ ရေးသား ပြုပြင်စီရင်သော။ မယာ၊ ငါသည်။ ယံပုညံ၊ အကြင်ကောင်းမှုကို။ သမာစိတံ၊ ကောင်းစွာ ဆည်းပူးအပ်လေပြီ။ သဗ္ဗဿ၊ အလုံးစုံသော၊ တဿ ပုညဿ။ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ ဓမ္မရာဇဿ၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဒ္ဓမ္မရသသေဝိနော၊ သူတော်ကောင်းတရား တည်းဟူသော အရသာကို မှီဝဲသုံးစားကြကုန်သည်။ ဘဇန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဒါလဲ အာသီသကလေးတခုပါဘဲ။ သူတော်ကောင်းတရားကို ကျင့်ကြံအားထုတ်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားအရသာတွေကို ရသွားကြပါစေလို့ အာသီသ ပြုသွားပါတယ်။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဝဿံ စိရံ ပဇံ။
တပ္ပေတု ဒေဝေါ ဓမ္မေန၊ ရာဇာ ရက္ခတု မေဒိနိံ ။

သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ သဒ္ဓမ္မော၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော် တည်းဟူသော သူတော်ကောင်း တရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ ဒေဝေါ၊ မိုးသည်။ ကာလေ၊ ရွာသင့်သော အချိန်အခါကာလ၌။ ဝဿံ ဝဿန္တော၊ ရွာသည်ဖြစ်၍။ စိရံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ပဇံ၊ သတ္တဝါအပေါင်း ကို။ တပ္ပေတု၊ ရောင့်ရဲပါစေသတည်း။ ရာဇာ၊ လူတို့ကို စိုးမိုးအုပ်ချုပ်နေသော မင်းသည်။ ဓမ္မေန၊ တရားသဖြင့်။ မေဒိနိံ၊ မြေအပြင်ကို။ ဝါ၊ မြေအပြင်၌ ရှိသော သတ္တဝါအပေါင်းကို။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။

အဲဒီလိုလဲ အာသီသပြုပါတယ်။ ဒီလို အာသီသပြုပြီးတော့ သူရေးထား ခဲ့တဲ့ အဋ္ဌကထာကျမ်းကြီး ကြာရှည်စွာ တည်ပါစေဆိုတာကို တောင့်တ ထားပုံ ကလေးကလဲ တော်တော်ကို လေးနက်ပါတယ်။

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ သီလဝိသုဒ္ဓိယာ။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သုဒ္ဓစိတ္တဿ၊ စင်ကြယ် သော စိတ်နှလုံးရှိတော်မူသော။ တာဒိနော၊ ဣဋ္ဌ အနိဋ္ဌ အာရုံနှစ်ခုကို ညီတူပြု၍ ရှုနိုင်သော ကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ လောက ဇေဋ္ဌဿ၊ တလောကလုံး၏ အကြီးအကဲ အမြင့်အမြတ်ဆုံး ဖြစ်တော်မူပေ သော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိနာမမ္ပိ၊ ဗုဒ္ဓဟူသောအမည် ဘုရားဟူသော အမည်သော်မှလည်း။ လောကမှိ၊ လောက၌။ ယာဝ၊ အကြင် မျှလောက်သော ကာလပတ်လုံး။ ပဝတ္တတိ၊ ဖြစ်လျက်ရှိသေး၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ လောကနိတ္ထရဏေသိနံ၊ လောကမှ ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ကို ရှာမှီးကြကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား။ သီလဝိသုဒ္ဓိယာ၊ သီလစင်ကြယ်ခြင်း၏။ နယံ၊ နည်းကို။ ဒဿေန္တီ၊ ဖော်ပြလျက်။ သမန္တပါသာဒိကာနာမ၊ သမန္တပါသာ

ဒိကာ မည်သော။ အယံ ဝိနယသံဝဏ္ဏနာ။ ဤဝိနည်းအဋ္ဌကထာ ကျမ်းသည်။ လောကသ္မိံ၊ လောက၌။ တိဋ္ဌတု၊ မကွယ်ပဘဲ တည်မြဲ တည်တွန့်းပါစေ သတည်း။

လောကမှာ မြတ်စွာဘုရားရဲ့ ဗုဒ္ဓဆိုတဲ့ အမည်ကလေးရှိနေသမျှ ကာလ ပတ်လုံး သူ့ အဋ္ဌကထာကျမ်းကြီး လောကထဲမှာ တည်နေပါစေလို့ ဆိုပါတယ်၊ ဒီလို တည်ရာမှာလဲ သံသရာဝဋ်ဆင်းရဲ လောကထဲက လွတ်မြောက်ဘို့ရာ လောကထဲက လွတ်မြောက်တဲ့ နိဗ္ဗာန်ကို ရှာမှီးနေတဲ့ အမျိုးကောင်းသား ပုဂ္ဂိုလ်တွေအား သီလစင်ကြယ်အောင် ကျင့်တတ် ကြံတတ်ဘို့ရန် နည်းနိသျ တွေကို ဒီအဋ္ဌကထာကျမ်းကြီးက ပြလျက် တည်နေပါစေလို့ အာသီသပြုပြီး တော့ ဒီသမန္တပါသာဒိကာ ဝိနည်းအဋ္ဌကထာကြီးကို အဆုံးသတ်သွားပါတယ် ဘုရား။

ဝိနည်းစင်တမ်း ပြီး၏

# ဒီဃနိကာယ် ဓိစစ်ခေါင်း

ယနေ့ဒီဃနိကာယ်၏ အဖွင့်ဖြစ်တဲ့ သုမင်္ဂလဝိလာသိနီ အမည်ရှိတဲ့ အဋ္ဌကထာနှင့် စပ်ပြီးတော့ လျှောက်ထားပါမည်ဘုရား။

သုမင်္ဂလဝိလာသိနီ မည်သော ဒီဃနိကာယ်၏ အဖွင့်ဖြစ်တဲ့ အဋ္ဌကထာကို စီရင်ရေးသားတော်မူသော အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည် ရှေးဦးစွာ ရတနတ္တယပဏာမကို ပြုသွားပါတယ်ဘုရား၊ ထိုရတနတ္တယပဏာမဟာ ကျမ်းဦးအစ၌ မင်္ဂလာရှိခြင်း အစရှိသော ဂုဏ်ကြက်သရေတွေကို ဖြစ်စေနိုင်တဲ့အတွက် ပဏာမဂါထာများကို ရှေးဦးစွာ အနက်မြန်မာပြန်၍ လျှောက်ထားပါမည်ဘုရား။

ကရုဏာသီတလဟဒယံ၊ ပညာပဇ္ဇောတဝိဟတမောဟတမံ။
သနရာမရလောကဂရုံ၊ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။

ကရုဏာသီတလဟဒယံ၊ သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ သနားခြင်းကြီးစွာ ကရုဏာတော် ဓာတ်အစွမ်းဖြင့် အေးချမ်းကြည်လင်သော စိတ်နှလုံးရှိတော်မူပေသော။ ပညာပဇ္ဇောတဝိဟတမောဟတမံ၊ မောဟ တည်းဟူသော အမိုက်မှောင်ကို ပညာတည်းဟူသော ဆီမီးရောင်ဖြင့် တပြောင်ပြောင်ထိန်လင်းစေလျက် ပယ်ခွင်းသုတ်သင်တော်မူပြီးသော။ သနရာမရလောကဂရုံ၊ နတ်လူနှင့်တကွသော သတ္တဝါအပေါင်းတို့၏ ရိုသေလေးစားထိုက်သော ဆရာမြတ်အစစ် ဖြစ်တော်မူပေသော။ ဂတိဝိမုတ္တံ၊ ဂတိငါးပါးမှ လွတ်မြောက်တော်မူသော။ သုဂတံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဒါဟာ မြတ်စွာဘုရားကို အဋ္ဌကထာဆရာ ရှိခိုးတဲ့ ပဏာမပြုတဲ့ ဂါထာဖြစ်ပါတယ်ဘုရား။

## မဟာကရုဏာတော်

မြတ်စွာဘုရားကို ရှေးဦးစွာ ကရုဏာသီတလဟဒယံ-သနားခြင်း တည်းဟူသော ကရုဏာဓာတ်၏ အစွမ်းဖြင့် အေးချမ်းတဲ့ စိတ်နှလုံး ရှိတော်မူတယ်လို့ မြတ်စွာဘုရားရဲ့ ကရုဏာဂုဏ်ကို အာရုံပြုပြီးတော့ ရှိခိုးပါတယ်။

မြတ်စွာဘုရားဟာ အားလုံးသော သတ္တဝါတို့အား ရင်ဝယ်သားကဲ့သို့ ညီတူညီမျှဘဲ သနားတဲ့ ကရုဏာနှင့် ပြည့်စုံတော်မူပါတယ်။

လောကမှာ ဘာသာအယူဝါဒ အမျိုးမျိုးမှာ မိမိ့ိ ကိုးကွယ်ရာ ဘုရားဘွဲ့ ဆိုဘာ ရှိကြပါတယ်၊ တချို့ တချို့ ဘာသာတွေက ဒီလို ဟောပြောနေကြပါတယ်၊ **သူတို့ဘာသာမှာ ဘုရားက လောကကြီးကို ဖန်ဆင်းထားတဲ့ အကြောင်း၊ ဒီဘုရားကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေကို ဘုရားက ကောင်းကင်ဘုံသို့ ကယ်တင်တဲ့အကြောင်း ဟောပြောကြပါတယ်၊ မကိုးကွယ်တဲ့ပုဂ္ဂိုလ်, ဘုရားစကား မလိုက်နာတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အပါယ်ငရဲကို ပစ်ချတယ်လို့ ဒီလိုဟောပြောကြပါတယ်။**

ဒီတော့ အဲဒီ ဘာသာတရားတွေ အတိုင်း ဆိုလို့ရှိလျှင် အဲဒီကိုးကွယ်ရာဘုရားတွေဟာ သတ္တဝါတွေကို ညီတူညီမျှ သနားတယ်လို့ မဆိုနိုင်ပါဘုရား။

ဘုရားတပည့်တော်ဘို့ရဲ့ ဗုဒ္ဓမြတ်စွာ ဂေါတမဘုရားကတော့ သတ္တဝါတွေကို ညီတူ ညီမျှဘဲ သနားတော်မူပါတယ်၊ **မိမိကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်စေ, မိမိစကားကို နားထောင်တဲ့ပုဂ္ဂိုလ်ဖြစ်စေ မကိုးကွယ် နားမထောင်တဲ့ ပုဂ္ဂိုလ်တွေဘဲ ဖြစ်စေ အားလုံးသော ပုဂ္ဂိုလ်တွေအား အစဉ်သနားတော်မူပါတယ်၊ ငါမှတပါး သတ္တဝါတွေမှာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရအောင် ဘေးဒုက္ခတွေ ကင်းငြိမ်းသွားအောင် ကယ်တင်နိုင်တဲ့ပုဂ္ဂိုလ်မရှိဘူးလို့ နှလုံးသွင်းတော်မူပြီးတော့ အားလုံးအပေါ်မှာ ညီတူညီမျှဘဲ သနားတော်မူပါတယ်။**

မြတ်စွာဘုရားကို ရန်ပြုနေတဲ့ ဒေဝဒတ်လို ပုဂ္ဂိုလ်ကြီး အပေါ်မှာလဲ အပြစ်မရှိရအောင်, သက်သာရာ သက်သာခွင့်ရအောင်ဟာ အမြဲတမ်း သနားစောင့်ရှောက်တော်မူပါတယ်၊ အဲဒါကြောင့် အဲဒီ ကရုဏာဂုဏ်တော်ကြီးနှင့် မြတ်စွာဘုရားကို ချီးကျူးပြီးတော့ ရှိခိုးပါတယ်။

ပြီးတော့ လောကမှာ အမှားအမှန်တွေကို ဝေဘန်ပြီး သိတဲ့ ပညာဟာ အများကြီးအသုံးကျပါတယ်၊ ပညာဖြင့် အမှားအမှန်တွေသိပြီးတော့ အကျိုးရှိမဲ့ တရားတွေကိုသာ မြတ်စွာဘုရားက ဟောကြားပါတယ်၊ ဒါကြောင့် မောဟဘည်းဟူသော အမိုက်မှောင်ကို ပယ်ခွင်းတတ်တဲ့ ပညာတည်းဟူသော

အလင်းရောင်နှင့် ပြည့်စုံတော်မူတဲ့ ဂုဏ်တော်ကိုလဲ အာရုံပြုပြီးတော့ ရှိခိုးသွားပါတယ်။

ဒီလို မြတ်စွာဘုရားကို ရှိခိုးပြီးတော့ တရားတော်ကိုလဲ ရှိခိုးပြန်ပါတယ်။

ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ၊ ဘာဝေတွာ စေဝ သစ္ဆိကတွာစ။
ယံ ဥပဂတော ဂတမလံ၊ ဝန္ဒေ တမနုတ္တရံ ဓမ္မံ။ ။

ဗုဒ္ဓေါပိ၊ သစ္စာလေးပါး တရားသိမြင် ဘုရားရှင် ကိုယ်တော်မြတ်သော်မှ လည်း။ ယံ ဗုဒ္ဓဘာဝံ၊ ဘုရားဖြစ်ကြောင်း ဖြစ်သော အကြောင်အရိယာ မဂ်တရားကို။ ဘာဝေတွာစေဝ၊ မိမိသန္တာန်၌ ဖြစ်စေ ပွါးစေပြီး၍ရင်း။ ယံဗုဒ္ဓဘာဝံ၊ ဘုရားဖြစ်ကြောင်း ဖြစ်သော အကြောင် အရိယာဖိုလ်လေးပါးနှင့် နိဗ္ဗာန်တရားကို။ သစ္ဆိကတွာစ၊ မျက်မှောက်ထင်ထင် သိမြင်တော်မူပြီး၍ရင်း။ ယံ ဗုဒ္ဓဘာဝံ၊ အကြောင်သမ္မာသမ္ဗောဓိဉာဏ် တည်းဟူသော ဘုရားအဖြစ်သို့။ ဥပါဂတော၊ ရောက်တော်မူခဲ့လေ၏။ ဂတမလံ၊ ကင်းသော အညစ်အကြေး ရှိသော။ ဝါ၊ အညစ်အကြေး ကင်းပေသော။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သော တရားမရှိသည်ဖြစ်၍ အလွန်အကဲ အမြင့်အမြတ်ဆုံး ဖြစ်ပေသော။ တံဓမ္မံ၊ ထိုမဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဒါကတော့ အရှင်မဟာဗုဒ္ဓဃောသက တရားတော်တွေကို ရှိခိုးတဲ့ ဓမ္မပဏာမပါဘုရား။

ဒီလို တရားတော်ကို ရှိခိုးပြီးတော့ သံဃာတော်ကို လဲ ရှိခိုးပြန်ပါတယ်။

သုဂတဿ ဩရသာနံ၊ ပုတ္တာနံ မာရသေနမထနာနံ။
အဋ္ဌန္နမ္ပိ သမူဟံ၊ သိရသာ ဝန္ဒေ အရိယသံဃံ။ ။

သုဂတဿ၊ မြတ်စွာဘုရား၏။ ဩရသာနံ ပုတ္တာနံ၊ ရင်၌ ကြီးပွါးသော သားတော်အစစ် ဖြစ်ပေကုန်သော။ မာရသေနမထနာနံ၊ မာရ်စစ်သည် ဆယ်ပါးကို ပယ်ရှားသုတ်သင်တော်မူကုန်ပြီးသော။ အဋ္ဌန္နမ္ပိ၊ ရှစ်ယောက်လည်း ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏။ သမူဟံ၊ အပေါင်းဖြစ်သော။ အရိယ

သံဃံ၊ အရိယာသံဃာတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

ဒါကတော့ အရိယာ သံဃာတော်တွေကို ရှိခိုးတဲ့ သံဃပဏာမပါဘုရား။

အဲဒီလို ဘုရား တရား သံဃာ ရတနာသုံးပါး ရှိခိုးပြီးတော့ ဒီလို ရှိခိုးရတဲ့အတွက် ကုသိုလ်ကောင်းမှုတွေ ဖြစ်ပွါး သွားပါတယ်၊ အဲဒီ ကုသိုလ်ကောင်းမှုဖြင့် မကောင်းမှုက အကျိုးပေးမည့် ဘေးရန် အန္တရာယ်တွေကိုလဲ တားမြစ်ခြင်း ကိစ္စ ပြီးသွားတဲ့အတွက် အဲဒီကနောက် သူဟာ အင်္ဂုတ္တိုရ်ကို စီရင်ရေးသားမည်ဆိုတဲ့ အကြောင်းကို ပြလွှာပါတယ်။

## ဘုရားကိုယ်တိုင် ဖွင့်ခြင်း

အဲဒီ အင်္ဂုတ္တိုရ်ကလဲ ဘယ်၏အဖွင့်အင်္ဂုတ္တိုရ်တုံးဆိုလို့ရှိလျှင် ဒီဃနိကာယ်၏ အဖွင့် အင်္ဂုတ္တိုရ်ပါတဲ့။ ဒါကြောင့်——

ဒီဃဿ ဒီဃသုတ္တင်္ကိတဿ၊ နိပုဏဿ အာဂမဝရဿ။
ဗုဒ္ဓါနုဗုဒ္ဓသံဝဏ္ဏိတဿ၊ သဒ္ဓါဝဟဂုဏဿ။

ဆိုပြီးတော့ ဒီဃနိကာယ်ကို ချီးကျူးထားပါတယ်၊ ဒီဃနိကာယ်ဟာ သဒ္ဓါတရားကိုလည်း ဆောင်တတ်တဲ့ဂုဏ်ကျေးဇူးရှိပါတယ်၊ ။ဗုဒ္ဓါနုဗုဒ္ဓသံဝဏ္ဏိတဿ၊ဗုဒ္ဓ-မြတ်စွာဘုရား၊အနုဗုဒ္ဓ——မြတ်စွာဘုရားသို့ အတုလိုက်ပြီး သိတော်မူကြတဲ့ မြတ်စွာဘုရား၏ သားတော်ဖြစ်တဲ့ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန် အစရှိသော သာဝကများ၊ အဲဒီ ဘုရားနှင့် မြတ်စွာဘုရား၏ သာဝကများက သံဝဏ္ဏိတဿ ချီးမွမ်းအပ် ဖွင့်ဆိုအပ်သော ဒီဃနိကာယ်ပါတဲ့၊ ဒီ-ဒီဃနိကာယ်ကို ဘုရားကလဲ ချီးမွမ်းအပ် ဖွင့်ဆိုအပ်ပါတယ်၊ ဘုရား၏ သားတော်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလဲ ချီးမွမ်းအပ် ဖွင့်ဆိုအပ်ပါတယ်လို့ အဲဒီမှာ ပြထားပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရား၏ စကားတော်ဖြစ်တဲ့ ဒီဃနိကာယ်ကို မြတ်စွာဘုရား ကိုယ်တိုင်ဘဲ ဖွင့်တယ်ဆိုတာကတော့ နည်းနည်း ထူးသလို ဖြစ်နေပါတယ်၊ ဒါကြောင့် ဘုရားကိုယ်တိုင် ဖွင့်တယ်ဆိုတဲ့ အဲဒီစကားကို ဋီကာဆရာက ဒီလိုမိန့်ဆိုပြီး ထောက်ခံထားပါတယ်။

သမ္မာသမ္ဗုဒ္ဓေနေဝ ဟိ တိဏ္ဏမ္ပိ ပိဋကာနံ အတ္ထဝဏ္ဏနာက္ကမော ဘာသိတော၊ ယာပကိဏ္ဏကဒေသနာတိ ဝုစ္စတိ၊ တတော သံဂါယနာဒိဝသေန သာဝကေဟိတိ အာစရိယာ ဝဒန္တိ။ တဲ့——

သမ္မာသမ္ဗုဒ္ဓေနေဝ၊ မြတ်စွာဘုရားသည်ပင်လျှင်။ ဝ၊။ မြတ်စွာဘုရားကိုယ်တော်တိုင်ပင်လျှင်။ တိဏ္ဏမ္ပိပိဋကာနံ၊ ပိဋကတ်သုံးပုံတို့၏လည်း။ အတ္ထသံဝဏ္ဏနာက္ကမော၊ အနက်ဖွင့် အစဉ်ကို။ ဘာသိတော၊ ဟောကြားတော်မူအပ်ခဲ့၏။ ။မြတ်စွာဘုရားကိုယ်ဘိုင်ဘဲ ပိဋကတ်သုံးပုံ၏ အဖွင့်များကို ဟောခဲ့တယ်လို့ ဆိုပါတယ်။ ။ယာ၊ အကြင်အဖွင့်ကို။ပကိဏ္ဏကဒေသနာတိ၊ ပကိဏ္ဏကဒေသနာဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ပြိုးပြွမ်းပြီး ဟောထားတဲ့ ဒေသနာလို့ ခေါ်ဆိုအပ်တဲ့ အကြောင်း ပြပါတယ်။ ။တတော၊ ထိုမှ နောက်၌။ သံဂါယနာဒိဝသေန၊ သံဂါယနာတင်ခြင်း စသည်၏ အစွမ်းအားဖြင့်။ သာဝကေဟိ၊ တပည့်သာဝကဖြစ်သော ပုဂ္ဂိုလ်တို့သည်။ ဘာသိတော။ ဟောအပ်၏။ ။နောက်မှ သံဂါယနာတင်ခြင်း စသည်ဖြင့် အဲဒီပါဠိတော်များရဲ့အဖွင့်တွေကို တပည့်သာဝကများကလဲ ဟောထားပါတယ်တဲ့။ ။ ဣတိ အာစရိယာ ဝဒန္တိ၊ ဒီလို ဆရာ့ဆရာတို့က မိန့်ဆိုကြပါတယ်တဲ့။

မြတ်စွာဘုရား ကိုယ်တော်တိုင်လဲ ဖွင့်ပြီးတော့ ဟောထားတဲ့အပြင်၊ နောက်နောက် သာဝကတွေကလဲ ဖွင့်ပြီးတော့ ဟောထားတဲ့ အဋ္ဌကထာ ဖြစ်ပါတယ်တဲ့။ ဒါကြောင့်——

အတ္ထပ္ပကာသနတ္ထံ၊ အဋ္ဌကထာ အာဒိတော ဝသိသတေဟိ။
ပဉ္စဟိ ယာသင်္ဂီတာ၊ အနုသင်္ဂီတာ စ ပစ္ဆာပိ။ ။

ဒီဃဿ၊ ဒီဃနိကာယ်၏၊ ယာ အဋ္ဌကထာ၊ အနက်အဖွင့်ဖြစ်သော အကြင်မူလအဋ္ဌကထာကို။ အာဒိတော၊ အဦးအစ ပဌမသံဂါယနာကာလ၌။ ပဉ္စဟိ ဝသိသတေဟိ၊ အရှင်မဟာကဿပအမှူးရှိသော ငါးရာသော မထေရ်တို့သည်။ သင်္ဂီတာ၊ ဤသည်ကား ထိုပုဒ်၏ အနက်, ဤသည်ကား ထိုပုဒ်၏အနက်ဟု ပေါင်းရုံးပြကာ သံဂါယနာတင်အပ်လေပြီ။ ပစ္ဆာပိစ၊ နောက်ကာလ၌လည်း။ အနုသင်္ဂီတာ၊ သုံးကြိမ်တိုင်အောင် ထပ်ဆင့်ကာ သံဂါယနာ တင်အပ်လေပြီ။

ဒီဃနိကာယ်၏ အဖွင့်အဋ္ဌကထာကို သုံးကြိမ်တိုင်တိုင် သံဂါယနာတင်ခဲ့ပါတယ်လို့ မိန့်ဆိုပါတယ်။

အဲဒီလို သံဂါယနာ ၃-တန် တင်ပြီးထားတဲ့ မူလအဋ္ဌကထာဟာ သီဟိုဠ်ကျွန်းကို ဘယ်နည်းနှင့် ရောက်သွားသလဲဆိုလို့ရှိလျှင် ယခင်နေ့များက လျှောက်ထားခဲ့တဲ့အတိုင်း အသျှင်မဟိန္ဒ သီဟိုဠ်ကို ကြွတဲ့ အခါကာလမှာ နှုတ်တက်အာဂုံဆောင်ထားတဲ့ ဒီအဋ္ဌကထာတွေပါပြီး သွားလို့ အရှင်မဟိန္ဒက သီဟိုဠ်ကျွန်း ဆောင်လာခဲ့တယ်လို့ ဆိုပါတယ်၊ ယခုကာလလို စာထုပ်ကြီးတွေ စာအုပ်ကြီးတွေ ဆောင်သွားတာမျိုးတော့ မဟုတ်ပါဘူး၊ သူကိုယ်တိုင် နှုတ်တက်အာဂုံရပြီးတော့ နေတဲ့ ပါဠိအဋ္ဌကထာတွေကို ဟိုမှာသွားပြီးတော့ ဟောပြောသင်ကြားပေးတာကိုဘဲ ဆောင်သွားတယ်လို့ ဆိုပါတယ်။

အဲဒီ သီဟိုဠ်ကျွန်းရောက်တဲ့ အခါကာလကျတော့ ဒီအဋ္ဌကထာကို သီဟိုဠ်ကျွန်းသားတို့ အလွယ်တကူသိဘို့ အခြား နိကာယ်ဂိုဏ်းတွေနှင့်လဲ မရောယှက်ဘို့ရာ သီဟိုဠ်ဘာသာဖြင့် ရေးသားပြီးတော့ ထားတယ်လို့ ဆိုပါတယ်။

အဲဒီ သီဟိုဠ်ဘာသာနှင့် ရေးသားထားဘဲ့ အဋ္ဌကထာကို အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာက ပါဠိဘာသာသို့ ပြန်ခဲ့ပါတယ်၊ တန္တိ နယာနုစ္ဆဝိကံ၊ ပါဠိတော်နည်းအား လျှောက်ပတ်တဲ့ အဋ္ဌကထာကို ရေးတယ်လို့ ဆိုပါတယ်။

အဲဒီလို ရေးတဲ့ အခါကာလမှာလဲ အဋ္ဌကထာဟောင်းက အနှစ်သာရတွေ ကောင်းတာတွေကို အကုန်လုံး ယူပြီးတော့ ရေးခဲ့တယ်လို့ ဆိုထားပါတယ်၊ ဝိနည်းမှာတော့ မဟာအဋ္ဌကထာ အပြင် မဟာပစ္စရိ အဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, အန္ဓကအဋ္ဌကထာ, သင်္ခေပအဋ္ဌကထာလို့ ဒီလို အခြား အဋ္ဌကထာကြီးတွေ များလဲ ရှိပါတယ်။

သုတ္တန်အဋ္ဌကထာတွေကျတော့ မဟာအဋ္ဌကထာမှတပါး အခြား အဋ္ဌကထာတွေ မရှိပါဘူး၊ ဒါကြောင့် အခြား အဋ္ဌကထာတွေကို ဒီမှာ ဆိုချက် မရှိပါဘူး၊ အစ ဂန္ထာရမ္ဘမှာလဲ မပြောဘူး၊ အဆုံးနိဂုံးမှာလဲ မပြောဘူး၊ အလယ်ခေါင် ကျမ်းစာသား သံဝဏ္ဏနာထဲမှာလဲ မပြောပါဘူး၊ ဝိနည်းမှာတော့ ကုရုန္ဒီက ဘယ်လိုဆိုတယ်၊မဟာပစ္စရိက ဘယ်လိုဆိုတယ်၊အန္ဓကအဋ္ဌကထာက

ဘယ်လိုဆိုတယ်၊ သခင်ပက ဘယ်လိုဆိုတယ် စသည်ဖြင့် ဝါဒကွဲကလေးတွေ ပြပါတယ်၊ ဒီ သုတ်အဋ္ဌကထာတွေကျတော့ အဲဒီအဋ္ဌကထာတွေ မရှိတဲ့ အတွက် အဲဒီလို အဋ္ဌကထာ ဝါဒကွဲ ပြဆိုချက် မရှိပါဘူး၊ မဟာအဋ္ဌကထာ အဖွင့် တမျိုးတည်းကိုသာ ပြသွားပါတယ်၊ ဒီ မဟာအဋ္ဌကထာကလဲ မြတ်စွာ ဘုရားလက်ထက်ကတည်းက ရှိနေပါတယ်၊ ခုနက ပြောခဲ့တဲ့ ပကိဏ္ဏက ဒေသနာက ဖြစ်ပြီး လာတဲ့ အဋ္ဌကထာဘဲ ဖြစ်ပါတယ်၊ အဲဒီ အဋ္ဌကထာ တခုတည်းရှိလို့ ဒီအဋ္ဌကထာကိုဘဲ ပါဠိဘာသာပြန်ပြီး သကာလ ရေးသား စီရင်ခဲ့တဲ့ အကြောင်းကို ဒီမှာ ဖေါ်ပြသွားပါတယ်။

## ဝိသုဒ္ဓိမဂ် ဂုဏ်ရည်

ပြီးတော့ ဒီလို ရေးသားစီရင်ရာမှာလဲ ထူးခြားတာကတော့ ဒီသုတ်ထဲ မှာ သီလနှင့်ဆိုင်တဲ့ စကားတွေလဲ များစွာ ပါပါတယ်၊ ဈာန် ကမ္မဋ္ဌာန်း အဲသလိုဟာတွေကလဲ အများကြီးပါပါတယ်၊ ဒါကြောင့် သီလနှင့်ဆိုင်တဲ့ ဟာ, ဈာန်နှင့် ဆိုင်တဲ့ဟာ, ကမ္မဋ္ဌာန်း, စရိုက်အစီရင်, ဈာန်, သမာပတ်, အဘိညာဉ်,ပညာအဆုံးအဖြတ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ ပဋိစ္စ သမုပ္ပါဒ် အဲဒီတရားတွေနှင့် ဆိုင်တာတွေ, ပြီးတော့ ဝိပဿနာနှင့် ဆိုင်တာ တွေ ဒါတွေ အလုံးစုံကိုတော့ ဒီ ဒီဃနိကာယ်ထဲမှာ ပါပေမယ်လို့ ဒီမှာ ထပ်ပြီး မရေးတော့ပါဘူးတဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ ဝိသုဒ္ဓိမဂ်မှာ ရေးထား ပြီးသား ရှိပါတယ်တဲ့၊ ဒါကြောင့်—

> မဇ္ဈေ ဝိသုဒ္ဓိမဂ္ဂေါ ၊ဧသော စတုန္နမ္ပိ အာဂမာနဉ္ဟိ။
> ဌတွာ ပကာသယိဿတိ၊ တတ္ထ ယထာ ဘာသိတမတ္ထံ။
> ဣစ္စေဝ ကတော တသ္မာ၊ တမ္ပိ ဂဟေတွာန သဒ္ဓိမေတာယ။
> အဋ္ဌကထာယ ဝိဇာနာထ၊ ဒီဃာဂမနိဿိတံ အတ္ထံ၊

လို့ မိန့်ဆိုသွားပါတယ်။

ဧသဝိသုဒ္ဓိမဂ္ဂေါ၊ ဤဝိသုဒ္ဓိမဂ်ကျမ်းသည်။ စတုန္နမ္ပိ အာဂမာနံ၊ လေး ပါးသော နိကာယ်ကြီးတို့၏လည်း။ မဇ္ဈေ၊ အလည်၌။ ဌတွာ၊ မားမားမတ် မတ် ရပ်တည်လျက်။ တတ္ထ၊ ထိုနိကာယ်လေးရပ်၌။ ယထာ ဘာသိတံ၊ ဟော ကြားထားသည့်အတိုင်းသော။ အတ္ထံ၊ အနက်ကို။ ပကာသယိဿတိ၊ ပြပေ

လတ္တံ့။ ဣစ္ဆေဝ၊ ဤသို့ပင် နှလုံးသွင်း၍။ ယသ္မာ၊ အကြင့်ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်းကို။ ကတော၊ စီရင်အပ်ခဲ့လေပြီ။

ဒီစကားဖြင့် ဝိသုဒ္ဓိမဂ် စီရင်တဲ့အခါကာလတုန်းက ရည်ရွယ်ချက်ထားပြီး စီရင်ကြောင်း ထင်ရှားနေပါတယ်၊ ဗုဒ္ဓဃောသအဋ္ဌုပ္ပတ္တိ စသည်မှာ ပြောဆိုတဲ့ စကားတွေ့ အတိုင်းဆိုလျှင် သီဟိုဠ်ဆရာတော်ကြီးက ဒီဂါထာကလေးကို အဖွင့်ရေးခဲ့ပါလို့ ဥာဏ်စမ်းအနေနှင့် ခိုင်းတဲ့အတွက် ဝိသုဒ္ဓိမဂ်ကို ဥာဏ်စမ်း အနေနှင့် ရေးရသလိုလို ဖြစ်နေပါတယ်။

အမှန်ကတော့ ဒီလို မဟုတ်ပါဘူး၊ သေသေချာချာ ရည်ရွယ်ချက်နှင့် ရေးထားတဲ့ ကျမ်းပါဘဲ၊ ဒီ ဝိသုဒ္ဓိမဂ်ကျမ်းဟာ နိကာယ်ကြီး လေးရပ်ရဲ့ အလယ်ခေါင်က မားမားမတ်မတ် ရပ်တည်ပြီးတော့ နိကာယ်ကြီးလေးရပ်ရဲ့ ဆိုင်ရာ ဆိုင်ရာ အနက်တွေကို ဖော်ပြပေလိမ့်မယ်လို့ ရည်ရွယ်ပြီးတော့ ကျမ်း ချုံးတဲ့ အနေနှင့် ရေးထားခြင်း ဖြစ်ပါတယ်၊ ဒီ ဂန္ထာရမ္ဘ စကားက ဒီအတိုင်း ဘဲ ထင်ရှားပြနေပါတယ်။

အဲဒီမှာ ဋီကာ ဆရာက ဖွင့်ထားတာလဲ တော်တော်ကောင်းပါတယ်၊ မဇ္ဈေဌတွာ၊ အလည်ခေါင်မှာ တည်ပြီးတော့ ဆိုတာက ဘယ့်နှယ်တည်တာလဲ ဆိုတော့ အဲဒါကို ဋီကာက—

မဇ္ဈေဌတွာတိ ဧတေန မဇ္ဈေဘာဝဒီပနေန လို့ ဖွင့်ပါတယ်။ မဇ္ဈေဘာဝ ဒီပနေန၊ အလယ်၏ အဖြစ်ကိုပြသော။ မဇ္ဈေဌတွာတိ ဧတေန၊ မဇ္ဈေ ဌတွာ ဟူသော ဤစကားဖြင့်။ ဝိသေသတော၊ အထူးအားဖြင့်။ စတုန္နံ အာဂမာနံ၊ လေးပါးသော နိကာယ်တို့၏။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်သည်။ သာဓာရဏ အဋ္ဌကထာ၊ ဆက်ဆံသော အဋ္ဌကထာပါဘဲဘဲ့။ ဝိသုဒ္ဓိမဂ်ကျမ်းဟာ နိကာယ် ကြီး လေးရပ်သုံးနှင့် ဆိုင်တဲ့ အဖွင့် အဋ္ဌကထာ ဖြစ်ပါတယ်လို့ ဋီကာက ဆိုပါ တယ်။

ပြီးတော့ သုမင်္ဂလဝိလာသိနီအာဒယော ဂိယ အသာဓာရဏာဋ္ဌကထာ လို့ ဒီလို ဗျတိရေကသံဝဏ္ဏနာနည်းဖြင့်လဲ ထပ်ပြီး မိန့်ဆိုပြန်ပါတယ်၊ ဆိုလို တာကတော့ သုမင်္ဂလ ဝိလာသိနီဆိုဘဲ့ အဋ္ဌကထာက ဒီဃနိကာယ်၏ အဖွင့် ဖြစ်တဲ့အတွက် ဒီဃနိကာယ်နှင့်သာဆိုင်တယ်၊ အခြား နိကာယ်ကြီး သုံးရပ်နှင့် မဆိုင်ဘူး၊ ထိုအတူ ပပဉ္စသူဒနီ အဋ္ဌကထာကလဲ မဇ္ဈိမနိကာယ်နှင့်သာ ဆိုင်

တယ်၊ သာရတ္ထပ္ပကာသနီ အဋ္ဌကထာကလဲ သံယုတ္တနိကာယ်နှင့်သာဆိုင်တယ်၊ မနောရထပူရဏီ အဋ္ဌကထာကလဲ အင်္ဂုတ္တရနိကာယ်နှင့်သာ ဆိုင်တယ်၊ ကျန်တဲ့ နိကာယ်ကြီး သုံးရပ်နှင့် မဆိုင်ဘူး၊ ဒီ ဝိသုဒ္ဓိမဂ်ကတော့ အဲဒီ သီးသန့်အဋ္ဌကထာ များလို မဟုတ်ဘူး၊ နိကာယ်ကြီး လေးရပ် အားလုံးနှင့် ဆိုင်တဲ့ သာဓာရဏ အဋ္ဌကထာပါလို့ ဆိုလိုပါတယ်၊ ဒါလဲ မှတ်သားစရာ ကောင်းတဲ့ အချက် ဖြစ်ပါတယ်။

ပြီးတော့လဲ ဒီ ဋီကာထဲမှာဘဲ ဝိသေသာဒတာ အတူးအားဖြင့်လို့ ဆိုထားတယ်၊ အဲဒီ အတူးကလေးက ဘာကလေးတုံးလို့ ဆိုလျှင် "ဝိသေသတောတိ ဋ္ဌဒံ ဝိနယအဘိဓမ္မာနမ္ပိ ဝိသုဒ္ဓိမဂ္ဂေါ ယထာရဟံ အတ္ထဝဏ္ဏနာ ဟောတိ ယေဝါတိ ကတွာ ဝုတ္တံ" လို့ ညှဟာ သူဘဲ ဖြေရှင်းထားပါတယ်၊ အထူးအားဖြင့် သာဓာရဏ အဋ္ဌကထာဆိုသဖြင့် ဘာကို ရည်ရွယ်သလဲဆိုလျှင် ဒီ ဝိသုဒ္ဓိမဂ်ဟာ နိကာယ်ကြီး လေးရပ်ရဲ့ အဖွင့်သာမဟုတ်ဘူး၊ ဝိနည်း အဘိဓမ္မာ များရဲ့ အဖွင့်လဲ ထိုက်သည်အားလျော်စွာ ဖြစ်ပါသေးတယ်လို့ ဒီ အဓိပ္ပါယ်ကို ရည်ရွယ်ပြီးတော့ ဝိသေသတောလို့ ဝိသေသနကလေး မ-ထားပါတယ်တဲ့။

ဒီတော့ကာ ဝိသုဒ္ဓိမဂ်ကျမ်းဟာလဲဘဲ နိကာယ်ကြီးလေးရပ်နှင့် တပေါင်းတည်း ပူးပေါင်းပြီး ယူရမည့် ကျမ်းဖြစ်ပါတယ်၊ အဲဒါကိုလဲဘဲ အစဦးရောက်တဲ့ အခါကာလမှ ဘုရားတပည့်တော် သျှောက်ထားရခြင်း ဖြစ်ပါတယ် ဘုရား။

တသ္မာ၊ သို့ဖြစ်လေသောကြောင့်။ တမ္ပိဝဂ္ဂဟေတွာန၊ ထိုဝိသုဒ္ဓိမဂ်ကိုလည်း ယူ၍။ တောယ အဋ္ဌကထာယ၊ ဤဒီဃနိကာယ် အဋ္ဌကထာနှင့်။ သဒ္ဓိံ၊ တကွ။ ဒီဃာဂမနိဿိတံ အတ္ထံ၊ ဒီဃနိကာယ်ကို မှီသော အနက်အဓိပ္ပါယ်ကို။ ဝိဇာနာထ၊ သိပါကုန်။

ဒီဃနိကာယ် အဋ္ဌကထာ တခုတည်းနှင့် မပြည့်စုံသေးပါဘူးတဲ့၊ ဒီဃနိကာယ်၏ အနက်အဓိပ္ပါယ်ကို သိချင် ရှိရှိလျှင် ဝိသုဒ္ဓိမဂ်ရော ပူးပေါင်းပြီးတော့ သိရပါမည်လို့ ဆိုထားပါတယ်၊ အဲဒီ ဒီဃနိကာယ်ရဲ့ နိဂုံးကျတော့မှ ပိုပြီးတော့ သေသေချာချာ ပြပြန်ပါတယ်။

ဒီဃနိကာယ် အဋ္ဌကထာ ပါထိကဝဂ် အဖွင့်အဆုံး နိဂုံးကျတဲ့အခါမှာတော့ ဒီဃနိကာယ် အဋ္ဌကထာဟာ ဘာဏဝါရအားဖြင့် ဘယ်လောက်

ရှိသတုံးဆိုလျှင် (၁၁) ဘာဏဝါရ ရှိပါတယ်တဲ့၊ ဝိသုဒ္ဓိမဂ်ကလဲ (၅၉) ဘာဏဝါရလောက် ရှိပါတယ်တဲ့၊ နှစ်ခု ပေါင်းလိုက်လို့ရှိလျှင်ဖြင့် ဘာဏဝါရ (၁၄၀) ရှိပါတယ်တဲ့၊ အဲဒီ ဘာဏဝါရ (၁၄၀)ဟာ ဒီဃနိကာယ်ရဲ့ အဖွင့်ဘဲလို့ ဆိုထားပါတယ်၊ အဲဒါလဲဘဲ အထူးသတိပြုစရာ ကောင်းတဲ့အချက်ကလေးဖြစ်လို့ တပည့်ဘော် လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား။

အဲဒီ ဂန္ထာရမ္ဘ စကားဘေ့ ဆိုပြီးတဲ့အခါမှာ ဒီဃနိကာယ် အဋ္ဌကထာကို ရေးသားသွားပါတယ်၊ ရေးသားတဲ့ အခါမှာ ဒီဃနိကာယ်ဆိုတာဟာ ဘာလဲဆိုဘာကို ရှေးဦးစွာ ပိုင်းခြားဝေဘန်ပြီး ပြရမှာ ဖြစ်တဲ့အတွက် ဒီဃနိကာယ်ဆိုတာဟာ သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ်လို့ ဝဂ်အားဖြင့် သုံးပါးရှိတဲ့အကြောင်း၊ သုတ်အားဖြင့် (၃၄) သုတ်ရှိတဲ့အကြောင်း ဖော်ပြပါတယ်။

အဲဒီ သုံးဝဂ်ထဲက သီလက္ခန္ဓဝဂ် ဆိုတာဟာ အစဆုံးပါဘဲ၊ သုတ်(၃၄)ထဲမှာ ဗြဟ္မဇာလသုတ် ဆိုတာဟာ အစဆုံးသုတ် ဖြစ်ပါတယ်၊ အစဆုံး ဖြစ်လို့ အဲဒီ ဗြဟ္မဇာလသုတ်ကို ရှေးဦးစွာ ဖွင့်ဘို့ရာ အစဉ်ကျရောက်လာပါတယ်၊ အဲဒီ ဗြဟ္မဇာလသုတ် ဆိုတာလဲ ဘယ်ကစသတုံးဆိုလို့ရှိလျှင် "ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ"ဆိုတဲ့ ဒီစကားရပ်က စပါတယ်။

"အကျွန်ုပ် ဤသို့ ကြားဘူးပါသည်၊ အခါတပါး၌ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒာမြို့၏ အကြား ရာဇဂြိုဟ်မြို့မှ နာဠန္ဒာမြို့သို့ ခရီးကြွချီတော်မူပါသည်"ဆိုတဲ့ အဲဒီ စကားရပ်ဟာ ဗြဟ္မဇာလသုတ်၏ အစ ဖြစ်ပါတယ်။

အဲဒီ "ဧဝံ မေ သုတံ၊ အကျွန်ုပ် ဤသို့ ကြားဘူးပါသည်"ဆိုတဲ့ နိဒါန်းစကားဟာ မြတ်စွာဘုရားက ဟောထားတဲ့ စကား မဟုတ်ပါဘူး။ ဒါကြောင့် "ဒီစကားဟာ ဘယ်အခါကာလက ဖြစ်လာသလဲ၊ ဘယ်ပုဂ္ဂိုလ်က ဟောထားသလဲ၊ ဘာကြောင့် ဟောထားသလဲ"ဆိုတာလဲ မေးဘို့ရာ အချက်ပါဘဲ၊ ဒါပေမဲ့ အမေးတွေကို မပြတော့ဘဲ ဒီမှာ ဒွဲဒိုးဘဲ တခါတည်း ပြထားပါတယ်၊ ပဌမသံဂါယနာတင်တဲ့ အခါကာလမှာ အရှင်အာနန္ဒာက မိန့်ဆိုဖြေကြားထားတဲ့ နိဒါန်းစကားပါလို့ ပြထားပါတယ်။

အဲဒီ စကားထဲမှာလဲ ပဌမသံဂါယနာတင်စဉ် အခါကာလက မိန့်ဆိုထားတယ်ဆိုတော့ ပဌမသံဂါယနာကို ပြဘို့ရာ အခွင့်ရောက်လာပြန်ပါဘယ်၊

ဒါတွေကတော့ ဝိနည်း ပါဠိတော်မှာ တိုက်ရိုက်ပါပြီးသားလဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဒါတွေကို ပြောနေဘို့ရန် မလိုပါဘူး။

## သုတ္တန် အဓိပ္ပါယ်

အဲဒီလို ပြဘဲ့စကားထဲမှာ အထူးမှတ်ဖွယ်ကောင်းတာကလေးတခုကို တော့ လျှောက်ထား ပြောဆိုလိုပါသေးတယ်၊ အဲဒါက ဘာတုံးဆိုလို့ရှိလျှင် ဘုတ္တ-သုတ် ဆိုတဲ့ အမည်ကလေးပါဘဲ၊ ဒီသုတ်ဆိုတဲ့ အမည်ဟာ ဗမာစကား လိုဘဲ ဖြစ်နေပါတယ်၊ သုတ်လို့ ပြောလိုက်လျှင် လူတိုင်းလိုဘဲ နားလည်နေကြ ပါတယ်၊ ဒါပေမယ်လို "သုတ်ဆိုတာ ဘယ်လို အနက် အဓိပ္ပါယ်ရှိတယ်" ဆို တာကိုတော့ ကျကျနန သိသဲ့လူ နည်းပါတယ်၊ စာမသင်ဘူးတဲ့ သူတွေမှာ "သုတ်ဆိုတာ ဘယ်လိုဟာလဲ" လို့ မေးလျှင် ဖြေတတ်ဘို့ ခက်ပါတယ်။

ဒါကြောင့် အဲဒီ သုတ်ဆိုတဲ့ အနက် အဓိပ္ပါယ်ကလေးကို ဖော်ပြတဲ့ ဂါထာကလေးကို ရှေးဦးစွာ လျှောက်ထားပါမယ်၊ ဝိနည်းတို့ အဘိဓမ္မာတို့လဲ ပြောဘို့ရှိပါဘဲ၊ ဝိနည်းဆိုတာကိုတော့ တော်တော်နားလည်နေကြပါတယ်၊ ပြောလျှင်လဲ လွယ်နေပါဘယ်၊ အဘိဓမ္မာကိုတော့ အဘိဓမ္မာရောက်တဲ့အခါ ကျမှ ပြောရပါမယ်၊ အခု သုတ်ရောက်နေတဲ့ အခါတော့ သုတ်အကြောင်း လျှောက်ထားလိုပါတယ်။

> အတ္ထာနံ့ သူစနတော၊ သုဝုတ္တတော သဝနတောထသူဒနတော၊
> သုတ္တာဏာ သုတ္တသဘာဂတောစ၊ သုတ္တန္တိ အက္ခာတံ။

ဒါဟာ သုတ်မည်ခြင်းရဲ့ အကြောင်း ဗျုပ္ပတ်တွေကို ဖော်ပြတဲ့ ဂါထာ ဖြစ်ပါတယ်။

အတ္ထာနံ၊ အကျိုးတို့ကို။ သူစနတော၊ ပြတတ်သောကြောင့်ရင်း။ အကျိုးကို ပြတတ်သောကြောင့်လဲ သုတ်လို့ ခေါ်ပါတယ်တဲ့။

သုဝုတ္တတော၊ ကောင်းစွာ ဟောရာ ဖြစ်သောကြောင့်ရင်း။ ကောင်း စွာ ဟောရာ ဖြစ်လို့လဲ သုတ်လို့ ခေါ်ပါတယ်တဲ့။

သဝနတော၊ အကျိုးစီးပွါးကို ဖြစ်ပွါးစေတတ်သောကြောင့်ရင်း။ သူဒနတော၊ ယိုကျစေတတ်သောကြောင့်ရင်း။ သုတ္တာဏာ၊ ကောင်းစွာ စောင့်ရှောက်တတ်သောကြောင့်ရင်း။ သုတ္တသဘာဂတော၊ တမျဉ်းခြည်

ပန်းသီကြိုးများနှင့် တူသောကြောင်ငံ့ရင်း။ သုတ္တန္တိ၊ သုတ်ဟူ၍။ အက္ခာတံ၊ ခေါ်ဆိုအပ်၏လို့ သုတ်မည်ခြင်း၏ အကြောင်းတွေကို ပြထားပါတယ်။

အဲဒီမှာ အတ္ထာနံ သူစနတော အကျိုးတွေကို ဖော်ပြတတ်တယ်ဆိုရာမှာ ဘယ်လို အကျိုးတွေတုံး ဆိုလျှင် အကျိုးဆိုတာက အတ္တတ္ထ— မိမိ၏ အကျိုးစီးပွါး၊ ပရတ္ထ-သူတပါး၏ အကျိုးစီးပွါး၊ ဒိဋ္ဌဓမ္မိကတ္ထ-မျက်မှောက်၌ ဖြစ်သော အကျိုးစီးပွါး၊ သမ္ပရာယိကတ္ထ-တမလွန်၌ ဖြစ်သော အကျိုးစီးပွါး၊ လောကိယတ္ထ-လောက၌ ဆိုင်သော အကျိုးစီးပွါး၊ လောကုတ္တရတ္ထ-လောကမှ လွန်မြောက်သော အကျိုးစီးပွါး၊ ဤသို့ အစရှိသော အကျိုးစီးပွါးတွေဘဲ။

အဲဒီ အကျိုးစီးပွါးတွေဟာ သုတ္တန်ပိဋကတ်ထဲမှာ အပြည့်အစုံ ဖော်ပြထားပါတယ်၊ အဲဒါဟာ အရေးကြီးတဲ့ မှတ်သားဖွယ် ကလေးပါဘဲ။

## အရေးအကြီးဆုံး တရား

ယခုကာလမှာ အများအားဖြင့် လူတွေက သုတ်တရားဆိုလျှင် ခပ်ပေါ့ပေါ့ကလေးလဲ ပြောတတ်ကြပါတယ်၊ အမှန်ကတော့ သုတ်တရားဟာ အရေးအကြီးဆုံး တရားဘဲ ဆိုတာ တော်တော်ထင်ရှားနေပါတယ်။

ဘုရားပွင့်တော်မူလာကတည်းက ဘာတရားကို စပြီးတော့ ဟောသလဲလို့၊ သတ္တဝါတွေ အများဟာ ဘယ်တရားဟောလျှင် ကျွတ်သလဲဆိုတာ လိုက်ပြီးတော့ စစ်ဆေးကြည့်လို့ရှိလျှင် သုတ်တရားတွေချည်း ဖြစ်နေပါတယ်။

ပဌမ စပြီး ဟောကတည်းက ဓမ္မစက္ကပ္ပဝတ္တနသုတ် ဆိုတာ ရှေးဦးစွာ ဟောလိုက်ပါတယ်၊ ဒီတုန်းက ဝိနည်းလဲ မရှိသေးပါဘူး၊ အဘိဓမ္မာလဲ မဟောရသေးပါဘူး၊ အဲဒီလို ဟောလိုက်တဲ့ အခါကာလမှာ အရှင်ကောဏ္ဍညဟာ တရားနာရင်းဘဲ သောတာပန် ဖြစ်သွားပါတယ်၊ ပြီးတော့ တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတွေဟာလဲ မဂ်တရား ဖိုလ်တရားတွေ ရပြီးတော့ သွားကြပါတယ်၊ အဲဒါဟာ သုတ်တရားပါဘဲ။

အဲဒီနောက်မှာလဲ သာတာဂိရိတို့ ဟေမဝတတို့ကို ဟေမဝတသုတ္တန်တရား ဟောပြန်ပါတယ်၊ အဲဒါလဲ သုတ်တရားပါဘဲ၊ အဲဒီကနောက် အနတ္တလက္ခဏာသုတ်ကို ဟောပြန်ပါတယ်၊ ဒါဟာလဲ သုတ်တရားပါဘဲ၊ အဲဒီနောက် ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်ကို ဟော[illegible]တ်တဲ့ နေရာမှာလဲ သုတ်တရားပါဘဲ၊ အဲဒီကနောက် ဥရုဝေလတော ရောက်ပြီး[illegible]တော့ ဥရုဝေလအစရှိသော ရသေ့

တထောင်က ရဟန်းဖြစ်လာတဲ့ အခါကာလ ဂယာသီသမှာ အာဒိတ္တသုတ်ကြီး ကို ဟောပြန်ပါတယ်၊ အဲဒီ ရဟန်းဘထောင် အကုန်လုံး ရဟန္တာ ဖြစ်ကြပါ တယ်၊ အဲဒါဟာလဲ သုတ်တရားပါဘဲ။

အဲဒီလို သုတ်တရားတွေ ဟောပြီးတော့ ကျွတ်သွားတာတွေဟာ အများ ကြီးပါဘဲ၊ မြတ်စွာဘုရား ခုနစ်ဝါအတွင်းမှာ သတ္တဝါတွေကို ဟောပြောနေတဲ့ တရားတွေဟာ အားလုံး သုတ်တရားတွေချည်း ဖြစ်နေပါတယ်၊ အဲဒီသုတ် တရားတွေကို ကြားနာရသော အားဖြင့် အထက်တန်းစား ဖြစ်တဲ့ ရဟန္တာ ပုဂ္ဂိုလ်တွေ၊ ဟေဘိက္ခု အစရှိသော ရဟန္တာပုဂ္ဂိုလ်တွေဟာ အဲဒီခေတ်တုန်းက အများဆုံးဘဲ ဖြစ်ကြပါတယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ်ဆိုတာ ကတော့ မရေမတွက်နိုင်အောင် အများကြီးပါဘဲ၊ အဲဒီတော့ ဒီသုတ်တရား ဟာ ဘုရားဟောတဲ့ တရားထဲမှာ အင်မတန် အရေးကြီးတဲ့ တရားဘဲဆိုတာကို နှလုံးသွင်းစရာ အင်မတန် ကောင်းပါတယ်။

## ဗမာပြည်နှင့် သုတ္တန်တရား

ဒါပေမယ်လို့ ဗမာပြည်မှာတော့ ဒီသုတ်တရားဟာ ခပ်ပေါ့ပေါ့လိုဘဲ ဖြစ်ပြီးတော့ နေပါတယ်၊ သုတ်တရားဆိုလို့ရှိလျှင် ဝတ္ထုကြောင်းတရားဘဲလို့ အောက်မေ့စရာ အကြောင်းကလဲ ရှိပါပေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ တရားဟောတဲ့ ပုဂ္ဂိုလ်တွေက ဝတ္ထုကြောင်းတရားတွေဘဲ များများဟောနေ ကြပါတယ်၊ ဓမ္မပဒဟောတယ်ဆိုလို့ရှိလျှင် ဓမ္မပဒက တရားသားကို နည်းနည်း ဟောပြီးတော့ အဋ္ဌုပ္ပတ္တိတွေကို များများဟောရပါတယ်။

ဒီလို ဟောရတာကလဲ ဘာကြောင့်တုံးဆိုတော့ တရားနာပုဂ္ဂိုလ်တွေ ကြောင့်ပါဘဲ၊ တရားနာ ပုဂ္ဂိုလ်တွေကိုက ဒီလို လွယ်လွယ်ကူကူ တရားတွေကိုမှ နားလည်ကြပါတယ်၊ ခက်ခက်ခဲခဲ နက်နက်နဲနဲတရားတွေကို သူတို့က နား မလည်တော့ သူတို့က သဘောမကျတတ်ပါဘူး၊ ဒါကြောင့် သူတို့နားလည် နိုင်တဲ့ သူတို့သဘောကျတဲ့ ဝတ္ထုကြောင်းတွေကိုဘဲ ဓမ္မကထိကတွေကလဲ များများဟောနေကြရပါတယ်၊ ဒီလိုချည်း ဟောနေတာက ကာလ ကြာ ညောင်းလာတော့ "သုတ်တရားဆိုလျှင် ဝတ္ထုကြောင်းဘဲ" လို့ အများက ထင်မှတ်လာကြပါတယ်။

အခုနှမှာတော့ သုတ်တရားထဲမှာ အင်မတန်လေးနက်တဲ့ တရားတွေ ကသာ များပါတယ်၊ အလွန်အလေးပြုအပ်တဲ့ တရားတော် ဖြစ်ပါတယ်၊

ဒီသုတ်တရားတော်၏ နက်နဲပုံ အလေးပြုအပ်ပုံတွေကို နက်ဖြန်ကျမှ ဆက်လက်ပြီး လျှောက်ပါဦးမည်ဘုရား။

မနေ့က လျှောက်ထားခဲ့တဲ့ သုတ္တပုဒ်၏ ဝစနတ္ထကိုဘဲ ဆက်လက်ပြီးတော့ ဒီနေ့ လျှောက်ထားပါမည်ဘုရား။

သုတ္တ-သုတ် ဆိုတာဟာ မနေ့က ပြောခဲ့ပြီး ဖြစ်သည့် အဝိုင်း ဗမာပြည်မှာတော့ နှုတ်တက်နေပါတယ်၊ ပါဠိဆိုပေမယ်လို့ ဗမာစကားလိုဘဲ ဖြစ်နေပါတယ်၊ ဒါပေမယ်လို့ သုတ္တ-သုတ် ဆိုတာ ဘယ်လိုဟာလဲလို့ ဆိုလို့ရှိလျှင် မနေ့က ပြောခဲ့ဘဲ့အတိုင်းဘဲ တိတိကျကျ ပြောတတ်ဘို့ မလွယ်ပါဘူး၊ အတော် ခက်ပါတယ်။

သုတ် ဆိုတာဟာ အတ္တာနံ သူစနတော သုတ္တံ၊ အတ္တာနံ- အတ္တေ သူစေတီတိ သုတ္တံ။ အတ္တာနံ၊ အကျိုးတို့ကို။ သူစနတော၊ ဖော်ပြတတ်သော ကြောင့်။ အတ္တေ၊ အကျိုးတို့ကို။ သူစေတိ၊ ဖော်ပြတတ်၏၊ ဣတိ၊ ထို့ကြောင့်။ သုတ္တံ၊ သုတ်မည်၏ ဆိုတဲ့ အတိုင်း အကျိုးတွေကို ဖော်ပြတတ်သောကြောင့် သုတ်မည်တယ်လို့ ခေါ်ပါတယ်။

**အကျိုးတရားတွေ**

အကျိုးတွေက ဘာတွေတုံးဆိုလျှင် မိမိ၏အကျိုး၊ သူတပါး၏အကျိုး၊ နှစ်ပါးလုံးရဲ့အကျိုး၊ ဒိဋ္ဌဓမ္မိက-မျက်မှောက်၌ တွေ့ရ ကြုံရ ခံစားရတဲ့အကျိုး၊ သမ္ပရာယိက-နောင်တမလွန်၌ တွေ့ရ ကြုံရ ခံစားရဘဲ့အကျိုး၊ လောကီယတ္ထ-လောက၌ ဆိုင်သောအကျိုး၊ လောကုတ္တရတ္ထ-လောကမှ လွန်မြောက်သော အကျိုး။ ဤသို့ အစရှိသော အကျိုးတွေပါဘဲ။

ဒီအထဲမှာ မိမိ၏အကျိုးဆိုတာ သုတ္တန်ဒေသနာတော်ကို လေ့လာ ကျင့်သုံးဘဲ့ ပုဂ္ဂိုလ်အား မိမိရဲ့ အကျိုးတွေကိုလဲ အဲဒီ သုတ္တန် ဒေသနာတော်က ဖော်ပြထားပါတယ်၊ မိမိက သူတပါးကို အကျိုးရှိအောင်လို့ ဟောပြောလို့ရှိလျှင် သူတပါး အကျိုးဖြစ်အောင်လဲ အဲဒီသုတ္တန်က ဟောပြောထားတာတွေ ရှိပါတယ်။

ဒါတွေကို အများသိလွယ်တဲ့ ပုံစံ ထုတ်ပြရမယ်ဆိုလို့ရှိလျှင် ကလေး သူငယ်ဘဝကတည်းက ရပြီးတော့လာတဲ့ မင်္ဂလသုတ်ဆိုတာ ရှိပါတယ်၊ အဲဒီ မင်္ဂလသုတ် တသုတ်သုံးမှာ မိမိအကျိုး ဖြစ်စေနိုင်တဲ့ အချက်အလက်တွေလဲ

ပြထားပါတယ်၊ သူတပါး၏ အကျိုး ဖြစ်စေနိုင်တာတွေကို လဲ ပြထားပါတယ်၊ မိမိရော သူတပါးရော နှစ်ဦးလုံး အကျိုးရှိတာတွေကို လဲ ပြထားပါတယ်။

လူမိုက်ကို မမှီဝဲရဘူးဆိုလို့ရှိလျှင် ဒီအချက်ဟာ မိမိအကျိုးလဲ ဖြစ်ပါတယ်၊ "လူမိုက်ကို မမှီဝဲရဘူး"လို့ တဆင့်ပြောဟောလို့ရှိလျှင် အဲဒါဟာ သူတပါး၏ အကျိုးတွေလဲ ဖြစ်ပါတယ်၊ ပညာရှိကို မှီဝဲရမယ် ဆိုတာလည်း ထို့အတူပါဘဲ၊ မိဘကို လုပ်ကျွေးရမယ်၊ သားမယားကို ပြုစုထောက်ပံ့ရမယ်၊ ရာဇဝတ်မှု အစရှိသော ရှုပ်ထွေးသော မသင့်သော အမှုများကို မပြုဘဲ ရှောင်ကြဉ်ရမယ်၊ အပြစ်ကင်းသော အမှုများကို ပြုလုပ်ရမယ် စသည်ဖြင့် ဒီလို မင်္ဂလာတွေဟာ မိမိအကျိုးလဲ ဖြစ်ပါတယ်၊ သူတပါး အကျိုးတွေလဲ ဖြစ်ပါတယ်၊ အထူးအားဖြင့် ဆိုလျှင် သိင်္ဂါလောဝါဒသုတ်ကြီးမှာ မိဘနှင့် သားသမီး ညီအစ်ကို မောင်နှမချင်း စသည်ဖြင့် ပြုကျင့်ရမည့် ကျင့်ဝတ်တွေကို အဲဒီမှာ ပြပြီးတော့ ထားပါတယ်၊ အဲဒါတွေဟာ မိမိအကျိုးလဲ ဖြစ်စေနိုင်, သူတပါးအကျိုးလဲ ဖြစ်စေနိုင်တဲ့ ဟာတွေ ချည်းပါဘဲ။

လောကီ အကျိုး လောကုတ္တရာ အကျိုး မျက်မှောက်ဘဝအကျိုး တမလွန်အကျိုး ဆိုတာတွေထဲတွင် အဲဒီသိင်္ဂါလောဝါဒသုတ်မှာ များသောအားဖြင့် မျက်မှောက်အကျိုးတွေကို ညွှန်ပြထားတာဘဲ များပါတယ်၊ တမလွန် အကျိုးလဲ အနည်းငယ် ပါပါတယ်၊ မြတ်စွာဘုရား ဟောကြားတဲ့ သုတ်တွေဟာ များသောအားဖြင့် တမလွန်အကျိုးတွေကို ရည်ရွယ်တာက များပါတယ်၊ လောကီအကျိုးနှင့် လောကုတ္တရာ အကျိုးဆိုလျှင် လောကီအကျိုးတွေလဲ ရည်ရွယ်ထားတာ အများကြီးပါဘဲ၊ လောကီမှာ ယခု မျက်မှောက်ဘဝတွင် တွေ့ကြုံရတဲ့ အကျိုးတွေကိုလဲ ညွှန်ကြားထားတဲ့ သုတ္တန်ဒေသနာတော်တွေ အများကြီးရှိပါတယ်၊ နောင်တမလွန်ဘဝမှာ ရနိုင်တဲ့ လောကီအကျိုးတွေကို ရအောင် လူချမ်းသာတွေရအောင် နတ်ချမ်းသာတွေရအောင် ဗြဟ္မာချမ်းသာတွေရအောင် ညွှန်ကြားထားတာတွေလဲ အများကြီးပါဘဲ၊ လောကကြီးထဲက လွန်မြောက်ပြီးတော့ နိဗ္ဗာန်ကိုရောက်အောင်လို့ ညွှန်ကြားထားတာတွေလဲ အများကြီးဘဲ ရှိပါတယ်။

အားလုံး ဘုရားဟောတဲ့ သုတ္တန်ဒေသနာတော်တွေဟာ ပဓာန ရည်ရွယ်ချက်အားဖြင့် ဆိုလျှင် လောကုတ္တရာကျိုးကိုဘဲ ပဓာနပြုပြီးတော့ ဟောထားပါတယ်။

မြတ်စွာဘုရား ဟောတဲ့ တရားတော်ဟာ ရသအားဖြင့် ဝိမုတ္တိရသ တခု တည်းရှိတယ် ဆိုတဲ့အတိုင်း ပဓာနရည်ရွယ်ချက်အားဖြင့်တော့ သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်ဘိုရာချည်းဘဲ ရည်ရွယ်ပြီးတော့ ဟောထားခြင်း ဖြစ်ပါတယ်။

အဲဒီလို အကျိုးတွေကို ဖော်ပြပြီးတော့ ဟောထားတဲ့ သုတ်တရား တော်ဟာ အင်မတန်လေးစားရမည့် တရားတော် ဖြစ်ပါတယ်၊ ဒါကြောင့် ဋီကာမှာ ဒီလို မိန့်ဆိုထားပါတယ်၊ ဝိနယာဘိဓမ္မေဟိ စ ဝိသေသေတွာ၊ ဝိနည်း အဘိဓမ္မာတို့ထက် အထူးပြု၍။ သုတ္တသဒ္ဒဿ အတ္ထော၊ သုတ္တသဒ္ဒါ၏ အနက်ကို။ ဝတ္တဗ္ဗော၊ ပြဆိုသင့်၏လို့ မိန့်ဆိုထားပါတယ်။ ဝိနည်းရယ်, သုတ် ရယ်, အဘိဓမ္မာရယ် ဒီလို ပိဋကတ်အမည်သုံးမျိုး ရှိတဲ့အနက်က သုတ်ဆိုတဲ့ အမည် သုတ်ဆိုတဲ့ ပုဒ်ကလေးရဲ့ အနက်ကို ဝိနည်းရဲ့ အနက်နှင့်လဲ မတူဘဲ အဘိ ဓမ္မာရဲ့ အနက်နှင့်လဲ မတူဘဲ ထူးထူးခြားခြား ပြဆိုသင့်ပါတယ်၊ ဘာကြောင့်လဲ သုတ်တရားတော်ဟာ လိုက်နာကျင့်သုံးမည့် လူ နတ် ဗြဟ္မာဆိုတဲ့ ဝေနေယျ သတ္တဝါတွေ၏ အဇ္ဈာသယ အလိုအားလျော်စွာ ဟောထားတဲ့ ဒေသနာတော် ဖြစ်ပါတယ်၊ ဒါကြောင့် ဒီသုတ်တရားတော်ဟာ အတ္တဟိတ-မိမိ၏ အကျိုး စီးပွါး၊ ပရဟိတ-သူတပါး၏ အကျိုးစီးပွါး အစရှိတဲ့ ခုနက ပြောခဲ့တဲ့ အကျိုး တွေကို ဝိနည်း အဘိဓမ္မာတို့ထက် သာလွန်ပြီးတော့ ထူးထူးကဲကဲ ပြနိုင်ပါ တယ်၊ ဒါကြောင့် ဋီကာမှာ "သာတိသယံ ပကာသိတာနိ၊ အလွန်အကဲ ပြနိုင်တယ်"လို့ ဆိုထားပါတယ်။

## သိက္ခာသုံးပါးစုံတဲ့သုတ်

ဒီ နေရာမှာ ဝိနည်းအဘိဓမ္မာထက် သုတ်က အလွန်အကဲပြပုံကို အလွယ် တကူ ပြောရမယ်ဆိုလျှင် ဝိနည်းကတော့ သီလသက်သက်ကိုသာ ပြပါတယ်၊ သမာဓိပညာကို မပြပါ၊ ဝိနည်းမှာ ပါနေတဲ့ ဝေရဉ္ဇကဏ္ဍတို့, ဓမ္မစကြာသုတ်, အနတ္တလက္ခဏာသုတ်ဘို့ ဒီလို တရားတွေကတော့ ဝိနည်း မဟုတ်ပါဘူး၊ သံဂါ ယနာတင်တဲ့ မထေရ်မြတ်တွေက သုတ္တန်ပိဋကတ်မှ ယူပြီး နိဒါန်း အဖြစ်ဖြင့် ထည့်သွင်းပြထားတဲ့ သုတ်တရားတွေသာ ဖြစ်ပါတယ်၊ ပြီးတော့ ဝိနည်းမှာ ပြတဲ့ သီလကလဲ ရဟန်းများအတွက်သာ ဖြစ်ပါတယ်၊ လူဝတ်ကြောင် တွေ, နတ် ဗြဟ္မာတွေ အတွက် မဟုတ်ပါဘူး၊ ဒါကြောင့် ဝိနည်းသက်သက်ဖြင့်

ဆိုလျှင် လူ့ဝတ်ကြောင်, နတ် ဗြဟ္မာတွေမှာ သီလ သမာဓိ ပညာ ဘယ်သိက္ခာကိုမှ မရနိုင်ပါဘူး၊ ရဟန်းများမှာလဲ ဝိနည်းသက်သက်ဖြင့် သမာဓိ ပညာ သိက္ခာ မပြည့်စုံနိုင်ပါဘူး၊ ပြီးတော့ အဘိဓမ္မာဆိုတာကလဲ ပညာ၏ ကျက်စားရာသက်သက် ဖြစ်နေပါတယ်၊ သူ့ထဲမှာ သီလ သမာဓိ ကျင့်ပုံကို ပြမထားပါ၊ ဒါကြောင့် အဘိဓမ္မာသက်သက်ဖြင့် ဆိုလျှင်လဲ သီလသိက္ခာကို တောင်မှ ကျင့်တတ်ဘို့ မရှိပါဘူး။

သုတ္တန်မှာတော့ လူ ရှင် ရဟန်း နတ် ဗြဟ္မာ တွေပါ ကျင့်ဘို့ သီလလဲ အပြည့်အစုံပါတယ်၊ သမာဓိလဲ အပြည့်အစုံပါတယ်၊ ပညာလဲ အပြည့်အစုံပါတယ်၊ သီလက္ခန်ပါဠိတော်မှာ သုတ်တွေကို လိုက်ကြည့်လျှင် သုတ်တိုင်း သုတ်တိုင်းမှာ သီလက္ခန္ဓာကိုလဲ တွေ့ရတယ်၊ သမာဓိက္ခန္ဓာ ပညာက္ခန္ဓာတွေကိုလဲ တွေ့ရတယ်၊ အဲဒီမှာ သိက္ခာသုံးပါးလုံးကို အပြည့်အစုံ အကုန်ဟောထားတဲ့ သုတ်တွေချည်းပါဘဲ၊ ဒါကြောင့် သုတ္တန်ဒေသနာတော်က အတ္တဟိတ-မိမိ၏ အကျိုးစီးပွါး၊ ပရဟိတ-သူတပါး၏ အကျိုးစီးပွါး အစရှိတဲ့ အကျိုးတွေကို ဝိနည်းအဘိဓမ္မာထက် ထူးကဲပြီး ဖော်ပြတတ်တယ် ဆိုတာဟာ အလွန်ထင်ရှားနေပါတယ်၊ ဒါကြောင့် ဒီသုတ်ကိုသာလျှင် "အတ္တာနံ သူစနတော သုတ္တံ" လို့ အဋ္ဌကထာက ဝေနတ္ထ ဖွင့်ပြသွားပါတယ်၊ အကျိုးတွေကို ဖော်ပြတတ်သော ကြောင့် သုတ် မည်တယ်လို့ ဆိုလိုပါတယ်။

ပြီးတော့ သုဝုတ္တတော-ကောင်းစွာ ဟောထားလို့လဲ သုတ် မည်ပါတယ်ဘဲ၊ သုဝုတ္တာ စေတ္ထ အတ္ထာ၊ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။ ဧတ္ထ၊ ဤသုတ္တန် ပိဋကတ်၌။ အတ္ထာ၊ အကျိုးစီးပွါးတို့ကို။ ဝါ၊ အနက်တို့ကို။ သုဝုတ္တာ၊ ကောင်းစွာ ဟောအပ်ကုန်၏။ သုတ္တန်ပိဋကတ်မှာ အခုနပြောခဲ့တဲ့ အကျိုးစီးပွါးတွေကိုလဲ ဟောထားတယ်၊ ပြီးတော့ အတ္ထအရ သဒ္ဒါနက် ယူမည်ဆိုလျှင်လဲ အနက်အဓိပ္ပါယ်တွေပေါ့၊ အဲဒီ အနက်အဓိပ္ပါယ်တွေက ဥတ္တာနတ္ထလဲ ရှိတယ်၊ ဂမ္ဘီရတ္ထလဲ ရှိတယ်၊ ဂုဠှတ္ထလဲ ရှိတယ်၊ ပဋိစ္ဆန္နတ္ထလဲ ရှိတယ်၊ နေယျတ္ထလဲ ရှိတယ်၊ နီတတ္ထလဲ ရှိတယ်၊ အနဝဇ္ဇတ္ထတ္ထလဲ ရှိတယ်၊ နိက္ကိလေသတ္ထလဲ ရှိတယ်၊ ဝေါဒါနတ္ထလဲ ရှိတယ်၊ ပရမတ္ထလဲ ရှိတယ်၊ ဒီလို အနက်တွေ အမျိုးမျိုးရှိပါတယ်၊ အဲဒီ အကျိုးတွေနှင့် အနက်တွေကို ဒီသုတ္တန်မှာ ကောင်းစွာ ဟောထားပါတယ်ဘဲ။

## အနာနှင့်ဆေး ကိုက်အောင်ပေး

ဘာဖြစ်လို့ ကောင်းစွာ ဟောထားတယ်လို့ ဆုရသလဲဆိုတော့ ဝေနေယျဇ္ဈာသယာနုလောမေန-ဝေနေယျတို့၏ အလိုကို လိုက်လျောသော အားဖြင့်။ ဝုတ္တာ၊ ဟောထားလို့ပါတဲ့။ ဒီလိုဟောမှ နားလည်မည့် ပုဂ္ဂိုလ်အား အဲဒီလိုပဲ ဟောတယ်၊ ဟိုလိုဟောမှ နားလည်မည့် ပုဂ္ဂိုလ်အား ဟိုလိုပဲ ဟောတယ်၊ သူနားလည်မည့် အခြေအနေကို လိုက်ပြီးတော့ "အနာနှင့် ဆေး ကိုက်အောင်ပေး"ဆိုတာလိုပဲ ပုဂ္ဂိုလ်နှင့် တရား တန်ရုံ တန်ရုံသာ ဝေနေယျသို့၏ အလိုအကြိုက်ကို လိုက်ပြီး မြတ်စွာဘုရားက ဟောကြားပါတယ်၊ အဲဒါကြောင့် ဝိနည်းအဘိဓမ္မာသို့ထက် ထူးပြီးတော့ ဒီသုတ်ကို သာလျှင် သုဝုတ္တ-ကောင်းစွာ ဟောထားတဲ့ တရားတော်လို့ ချီးကျူးရပါတယ်တဲ့၊ ဒီမှာ ဋီကာက သုတ္တေ၊ သုတ်၌။ အာဏာဓမ္မသဘာဝါ၊ အာဏာနှင့် ဓမ္မသဘောတို့သည်။ ဝေနေယျဇ္ဈာသယံ၊ ဝေနေယျ၏ အလိုသို့။ အနုဝတ္တန္တိ၊ အစဉ်လိုက်ကုန်၏လို့ ဆိုထားပါတယ်။

သုတ် တရားတော်မှာ အာဏာလဲ ပါပါတယ်၊ ဓမ္မသဘာဝလဲ ပါပါတယ်၊ ဒါပေမယ်လို့ ဒါတွေကို ဝေနေယျအလိုလိုက်ပြီးတော့ ဟောထားပါတယ်၊ ဝိနည်းများလို အတင်းအကြပ် မဟုတ်ပါဘူး၊ ဥပမာ ဓမ္မဒါယာဒ သုတ်ကို မြတ်စွာဘုရားဟာ အာဏာသဘောနှင့် ဟောလိုက်ထာဘဲ၊ ရဟန်းတော်တွေမှာ ပစ္စည်းလေးပါးကို သာယာပြီး ကိလေသာတွေ မဖြစ်ပွါးရအောင်ဟာ ဓမ္မဒါယာဒ-ဘုရားအမွေကို ခံကြပါ၊ ပစ္စည်းအမွေကို မခံကြပါနှင့်လို့ ဒီလိုဟောပါတယ်၊ ပစ္စည်းအမွေကို ခံသို့ရှိလျှင် မည်သည့်အာပတ် အပြစ်သင့်စေသို့ ဒီလို အာဏာနှင့် အတင်းအကြပ် မဟုတ်ပါဘူး၊ သြဝါဒအနေနှင့်သာ ဟောပါတယ်၊ အဲဒီသုတ်မှာ ဆိုလိုရင်းကတော့ ပစ္စည်းအမွေကို မခံပါနှင့်လို့ တရားအမွေကိုသာ ခံကြပါသို့ ဒီသိုအာဏာနှင့် အတင်းတိုက်တွန်းလိုတာပါဘဲ၊ ဒါပေမယ်လိ အဲဒီ အာဏာက တရားအမွေတွေကို ခံယူကြပါ၊ ခံယူလျှင် ကောင်းပါတယ်ဆိုတဲ့ အနေနှင့် ဝေနေယျ၏ အလိုလိုက်ပြီးတော့ ဟောထားပါတယ်။

## သဘာဝဓမ္မကိုလဲ ဟောသည်

ပြီးတော့ သုတ်ဒေသနာတော်မှာ တရားသဘောတွေလဲ ရှိပါတယ်၊ ခန္ဓာတွေဟော, အာယတနတွေဟော, ဓာတ်တွေဟော, သစ္စာတွေဟော,ပဋိစ္စ

သမုပ္ပါဒ်ဘော့ဟောနှင့် သုတ်မှာ တရားသဘောတွေ အများကြီးဘဲ ရှိပါတယ်၊ ဒါပေမယ်လို့ အဲဒီသုတ်မှာ ဝေနေယျတွေ နားလည်ရုံလောက်ကလေး ဟော ပါတယ်၊ ခန္ဓသံယုတ်ဆိုလို့ရှိလျှင် ခန္ဓာငါးပါးကို ဟောတာတွေ အများကြီး ရှိပါတယ်၊ တကျမ်းလုံး တဖွဲ့လုံးပါဘဲ၊ သဠာယတနသံယုတ်မှာ အာယတနကို ဟောထားတာဘော့ အများကြီး ရှိပါတယ်၊ တကျမ်းလုံး တဖွဲ့လုံးပါဘဲ။ နိဒါန ဝဂ္ဂသံယုတ်မှာလဲ ပဋိစ္စသမုပ္ပါဒ်ဘော့ ဟောထားတာ တကျမ်းလုံး တဖွဲ့လုံးပါဘဲ၊ မဟာဝဂ္ဂသံယုတ်မှာ ဆိုလျှင်တော့ မဂ္ဂင်ဘို့ ဗောဇ္ဈင်ဘို့ သတိပဋ္ဌာန်တို့ ဣန္ဒြေ ဣဒ္ဓိပါဒ် စသည်ဖြင့် အဲဒီမှာ ဗောဓိပက္ခိယတရားဘော့ ဝေဘန်ပြီး ဟောထား တာတွေဟာ တကျမ်းလုံးပါဘဲ၊ ဒါကြောင့် သုတ်မှာ ဓမ္မသဘာဝတွေ အများကြီး ရှိပါတယ်၊ ဒါပေမယ်လို့ အဲဒီ ဓမ္မသဘာဝတွေက ဝေနေယျတွေ သိနိုင်ရုံလောက်သာ ဝေနေယျတွေ၏ အလိုလိုက်ပြီးတော့ ဟောထားပါတယ်။

ဒါကြောင့် သုတ္တေ၊ သုတ်၌။ အာဏာဓမ္မသဘာဝါ၊ အာဏာနှင့် ဓမ္မ သဘောဘို့သည်။ ဝေနေယျဇ္ဈာသယံ၊ ဝေနေယျ၏ အလိုသို့။ အနုဝတ္တန္တိ၊ အစဉ်လိုက်ကုန်၏။ ဝိနယအဘိဓမ္မေသုဝိယ၊ ဝိနည်း အဘိဓမ္မာဘို့၌ကဲ့သို့။ ဝေနေယျဇ္ဈာသယော၊ ဝေနေယျဘို့၏ အလိုသည်။ အာဏာဓမ္မသဘာဝေ၊ အာဏာနှင့် ဓမ္မသဘောဘို့၏ နောက်သို့။ န အနုဝတ္တတိ၊ အစဉ်မလိုက်ရပါဘူး တဲ့။

ဝိနည်းမှာ အဘိဓမ္မာမှာ ဆိုလိုရှိလျှင် ပုဂ္ဂိုလ်၏ အလိုက မြတ်စွာဘုရား၏ ၏ အာဏာနောက်သို့ လိုက်ရတယ်၊ ဓမ္မသဘော၏ အလိုနောက်သို့ လိုက်ရ တယ်။

## စာသင်ကျောင်းများလို

ဒီနေရာမှာ လူအများ နားလည်တဲ့ ဥပမာကလေး ပြောရမည် ဆိုလို့ ရှိလျှင် စာသင်ကျောင်းများမှာ အုပ်ချုပ်သဲ့ ပုဂ္ဂိုလ်ရဲ့ အုပ်ချုပ်ရေး ကျောင်း စည်းကမ်းတွေ ရှိပါတယ်၊ ပြီးတော့ ကျောင်းသားတွေရဲ့ သဘောကလဲ ရှိပါ တယ်၊ ပြီးတော့ကာ သင်ကြားရမည့် ပညာတွေရဲ့ သဘောကလဲ ရှိပါတယ်၊ အဲဒီလို သုံးမျိုး ရှိနေပါတယ်။

အဲဒီ သုံးမျိုးထဲမှာ ကျောင်းကို အုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တွေက ကျောင်း သားတွေမှာ အကျိုးစီးပွါး များအောင် ရည်ရွယ်ပြီးတော့ စည်းကမ်းဥပဒေ

တွေ့ ထားရပါတယ်၊ အဲဒီစည်းကမ်းတွေကို ကျောင်းသားတွေက ကြိုက်ချင်မှ ကြိုက်မယ်၊ မကြိုက်ပေမယ်လို့လဲ သူ့ကျောင်းမှာ နေခဲ့လျှင် အဲဒီ စည်းကမ်း တွေကို လိုက်နာရပေလိမ့်မယ်၊ ဝိနည်းသဘောက အဲဒီကျောင်းစည်းကမ်းနှင့် တူပါတယ်။

ပြီးတော့ သင်ကြားရမည့် ဘာသာ စာပေ ပညာရပ်တွေ ဆိုတာကလဲ သူ့အချိန်နှင့်သူ အစဉ်အတိုင်း သင်ရပါတယ်၊ ဒီအချိန်မှာ ဒီပညာ သင်ရမည် ဆိုလျှင် အဲဒီ ကျောင်းသား သူငယ်တွေရဲ့ သဘောကတော့ သက်သက်သာ သာနှင့် သင်ချင်တာလဲ ရှိမယ်၊ နားနေချင်တာလဲ ရှိမယ်၊ ဉာဏ်ထက်တဲ့သူလဲ ရှိမယ်၊ ဉာဏ်လေးတဲ့သူလဲ ရှိမယ်၊ အဲဒါက ဝေနေယျတို့၏ အဇ္ဈာသယနှင့် တူပါတယ်၊ ကျောင်းသားတွေရဲ့ အလိုအကြိုက်ကို လိုက်ပြီး တတ်မြောက် အောင် သင်ပေးနိုင်တဲ့နည်းရှိလျှင် အဲဒီနည်းဟာ သုတ္တန်ဒေသနာနှင့် တူတယ် လို့ ဆိုရပေလိမ့်မယ်။

ယခု ပြောခဲ့တဲ့အတိုင်း သုက် အဘိဓမ္မာ ဝိနည်းမှာ ဟောပုံ ဟောနည်း က သုံးမျိုး ရှိနေပါတယ်၊ ဒါကြောင့် ဝေနေယျတို့ရဲ့ အလိုအဇ္ဈာသယကို လိုက်လျောပြီး ဟောထားတဲ့ သုတ္တန်ဒေသနာတော်ဟာ ဝေနေယျတို့ရဲ့ စင်စစ် စီးပွါးကို ဖြစ်စေနိုင်တဲ့ အကျင့် ပဋိပတ်ကို ရစေနိုင်ပါတယ်တဲ့၊ အဲဒီ အကျင့် ပဋိပတ်ကို ကျင့်ဘို့ရန် ဖြစ်ပါတယ်တဲ့၊ ဒါကြောင့် သုတ္တန်ဒေသနာတော်ဟာ "ဧတ္ထ၊ ဤသုတ္တန် ပိဋကတ်၌။ အတ္ထာ၊ ဝေနေယျတို့၏ အကျိုးစီးပွါးတို့ကို။ သုဝုတ္တာ၊ ကောင်းစွာဟောထားသောကြောင့် သုတ်မည်ပါတယ်တဲ့။ ဒီလို အင်္ဂုတ္တရ ထာမှာ ဆိုထားပါတယ်။

## အနုပုဗ္ဗသူဌေးသား

အဲဒီနေရာမှာ မှတ်သားစရာကောင်းတဲ့ ဝတ္ထုကြောင်းကလေး တခု ရှိပါတယ်၊ အဲဒါကို ထုတ်ပြလိုပါတယ်၊ မြတ်စွာဘုရား လက်ထက်တော်တုန်း က သာဝတ္ထိပြည်မှာ သူဌေးသား တဦး ရှိပါတယ်၊ သဒ္ဓါတရားကောင်းပါတယ်၊ သူက သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ချင်တာနှင့် သူ့အိမ်ကို ဆွမ်းခံ ကြွ လာတဲ့ ရဟန်းတော်တွေကို သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဘို့နည်းလမ်း ကို တောင်းတော့ ရဟန်းတော်တွေက ဒါနအမျိုးမျိုးတွေကိုပြုဘို့ ညွှန်ကြား ပါတယ်၊ ညွှန်ကြားတဲ့အတိုင်း ဒါနဘွေပြုတိုင်းပြုတိုင်း "ဣဒံ မေ ပုညံ

အာသဝက္ခယံ ဝဟံ ဟောတု။အကျွန်ုပ်၏ ဤကောင်းမှုသည် အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်း ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရွက်ဆောင် ပါစေ”လို့ ဆုတောင်း ဆုတောင်းပြီး ပြုနေပါတယ်၊ ဒါပေမဲ့ သံသရာ ဝဋ်ဆင်းရဲကလွတ်မြောက်တဲ့ နိဗ္ဗာန်ကိုတော့ ဒါနပြုရုံနှင့် သူ့မှာရှာလို့ မရဘဲ ဖြစ်နေပါတယ်၊ ဒီတော့ ဆရာရဟန်းတော်များကို “ဘာလုပ်ရဦးမည်လဲ”လို့ မေးပြန်ပါတယ်၊ “ဒီလိုဆိုလျှင် သရဏဂုံသုံးပါး ဆောက်ဘည် ရမယ်၊ ငါးပါး သီလ ဆောက်တည်ရမယ်၊ ဆယ်ပါးသီလဆောက်ဘည်ရမယ်”လို့ သီလတွေကို ဆောက်တည်ကျင့်သုံးဘို့ အစဉ်အဘိုင်း ညွှန်ကြားကြပါတယ်။

အဲဒီသီလတွေကိုလဲ ညွှန်ကြားဘဲ့ အဘိုင်းပင် အကုန်လုံးအစဉ်အတိုင်း ဆောက်တည် ကျင့်သုံးပါတယ်၊ ဒီလိုဒါနအမျိုးမျိုးမှ စပြီး အစဉ်အဝိုင်း ကုသိုလ်တွေ ပြုလာလို့ သူ့ကို အနုပုဗ္ဗသူဌေးသားလို့ ခေါ်ကြပါတယ်၊ ဒီ သီလအကျင့်တွေနှင့်လဲ သံသရာကလွတ်မြောက်တာကို မတွေ့ရသေးတော့ “ဘာလုပ်ရဦးမည်လဲ”လို့ ဒီလိုမေးပြန်ပါတယ်၊ “ကဲဒါဖြင့် ရှင်ရဟန်း ပြုပေ တော့”လို့ ပြောပြီးတော့ သူကို ရှင်ရဟန်းပြုပေးကြပါတယ်။

ရှင်ရဟန်း ပြုပြီးဘဲ့အခါမှာ နိဿရည်းဆရာက အဘိဓမ္မာဆောင် ဆရာ ဆိုပါတယ်၊ ဥပဇ္ဈာယ်ဆရာကတော့ ဝိနည်းဆောင် ဆရာဆိုပါတယ်၊ အဲသည် တော့ နိဿရည်းဆရာဆီရောက်တဲ့အခါမှာ အဘိဓမ္မာကမေးခွန်း ပြဿနာ ဘွေကို သင်ကြား သင်ကြားပြီး ပေးပါတယ်တဲ့၊ ဒါက ကုသလာဓမ္မာ-ကုသိုလ် တရား ခေါ်တယ်၊ ဒီလိုကုသိုလ်တရား ဆိုလို့ရှိလျှင် ဖြစ်ပွါးစေရမည့်တရားဘဲ၊ ဒါကတော့ အကုသလာဓမ္မာ-အကုသိုလ်တရားခေါ်တယ်၊ ဒီအကုသိုလ် တရားမျိုးဘွေတော့ မပြုရဘူး စသည်ဖြင့် အဘိဓမ္မာဆိုင်ရာတွေကို အဆုံးအမ ဩဝါဒပေးတယ်။

ဥပဇ္ဈာယ်ဆရာဆီရောက်ပဲ့ အခါကာလမှာ ဥပဇ္ဈာယ်ဆရာကလဲ ဒီလို နေရမယ်၊ ဒီလိုထိုင်ရမယ်၊ ဒီလိုသွားရမယ်၊ ဒီလိုစားရမယ်၊ သင်္ကန်းကို ဒီလို ဝတ်ရမယ်၊ ဒီလိုပြောရမယ်၊ ဆွမ်းခံသွားတော့ ဒီလိုသွားရမယ် စသည်ဖြင့် ဝိနည်း သိက္ခာပုဒ်တွေကို သင်ကြားပေးတယ်၊ ဒီတော့ သူဌေးသားရဟန်း၏ စိတ်ထဲမှာ အင်မတန် ကျဉ်းကျပ်လာတယ် လို့ ဆိုပါတယ်။

အဟော ဘာရိယံ ဣဒံ ကမ္မံ၊ ဒီအလုပ်ကတော့ တော်တော့ကို ဝန်လေး တဲ့ အလုပ်ကြီးပါကလား။ အဟံ ဒုက္ခာ ဝိမုစ္စိဘုကာမော ပဗ္ဗဇိတော၊ ငါဟာ

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ချင်တာနှင့် ရဟန်းပြုလာခဲ့တာဘဲတဲ့။ ဣမ မေ ဟတ္ထပသာရဏဋ္ဌာနမေဝ နပညာယတိ၊ ဤသာသနာတော်၌ ငါ့မှာဖြင့် ယခုလက်ဆန့်ဘို့ရာတောင်မှလဲ မရှိပါဘဲကလားလို့ မလှုပ်ဝံ့ မလှဲ့ဝံ့ ဖြစ်နေ ပါတယ်၊ ဝိနည်းက အာပတ် သင့်သွားမှာ ကြောက်ရတာနှင့် အဘိဓမ္မာက အကုသလာဓမ္မာတွေ ဖြစ်သွားမှာ စိုးရိမ်ရတာနှင့် မလှုပ်သာ မလှဲ့သာဖြစ်ပြီး တော့ နေပါတယ်။ "ကျပ်ဘည်းလိုက်တာ"လို့ စဉ်းစားပြီးတော့ "ငါဟာ သာသနာတော်ဘောင်နေလို့တော့ မဖြစ်ပါဘူး၊ လူ့ဘောင်မှာ ဆိုလျှင် ပစ္စည်း ဥစ္စာတွေ ငါ့မှာ ရှိနေတာဘဲ၊ လူ့ဘောင်မှာဘဲ ပစ္စည်း ဥစ္စာတွေနှင့် သုံးဆောင် ခံစားပြီးတော့ ဒါန သီလ ကုသိုလ်တွေနှင့် နိဗ္ဗာန်ရအောင် အား ထုတ်မှာပါဘဲ"လို့ ဒီလိုကြံစည်တွေးတောပြီးတော့ သာသနာတော်မှာ ပျင်းရိ ငြီးငွေ့လာပါတယ်၊ ဒီလိုပျင်းရိငြီးငွေ့နေတဲ့အတွက် တဖြေးဖြေးနှင့် တကိုယ် လုံး ပိန်ချုံးကျသွားပါသတဲ့။

အဲဒီအခါမှာ သူနှင့် နီးစပ်ဘဲ့ ရှင်သာမဏေတွေနှင့် ရဟန်းငယ်ကလေး တွေက "အရှင်ဘုရားမှာ ဘာကြောင့် ဒီလိုပိန်ချုံးနေရပါသလဲ"လို့ မေးပြီး တော့ သူ့အကြောင်းကို သိရတဲ့အဘွက် မိမိတို့ဆရာဖြစ်တဲ့ မထေရ်ကြီး များထံ လျှောက်ထားကြပါတယ်၊ ဒီတော့ မထေရ်ကြီးများက အဲဒီငြီးငွေ့ နေဘဲ့ရဟန်းကို မြတ်စွာဘုရားထံ ခေါ်ဆောင် သွားကြပါတယ်၊ မြတ်စွာ ဘုရားထံ ရောက်ဘဲ့အခါမှာ "ချစ်သားရဟန်း....ဘာကြောင့် ဒီလို ပျင်းရိ ငြီးငွေ့နေပါသလဲ"လို့ မေးတော်မူပါတယ်၊ အဘိဓမ္မာကတမျိုး ဝိနည်းက တမျိုး စောင့်ရှောက်ဘို့ ခက်ခဲ့ကျပ်တည်းလွန်းလို့ မပျော် မမွေ့ ငြီးငွေ့နေတဲ့ အကြောင်းကို အဲဒီရဟန်းက လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက တော့ အဘိဓမ္မာနည်းလဲ မဟောဘူး၊ ဝိနည်းကိုလဲ မဟောဘူး၊ "ချစ်သား ရဟန်း....မခက်ခဲ မကျပ်တည်း စေရဘူး၊ လွယ်ကူချောင်ချိတဲ့နည်းလဲ ရှိတယ်၊ အများကြီးစောင့်ရှောက်ဘို့ မလိုပါဘူး၊စိတ်ကလေးတခုတည်းကိုသာ စောင့် ရှောက်ရမည်၊ ဘယ့်နှယ်လဲ စောင့်ရှောက်နိုင်မယ် မဟုတ်လား"လို့ မေးတော် မူပါတယ်၊ စိတ်ကလေးတခုတည်းဆိုတော့ အဲဒီရဟန်းရဲ့စိတ်ထဲမှာ နည်းတယ် လွယ်ဘယ်လို့ ထင်သွားပါတယ်။

အမှန်မှာတော့ မနည်းလှ မလွယ်လှပါဘူး၊ အဘိဓမ္မာမှာဟောတဲ့ ကုသလာဓမ္မာ အကုသလာဓမ္မာ ဆိုဘာဘွေလဲ ဒီစိတ်ကလေးပါဘဲ၊ ဝိနည်းက

မအပ်ဘူး အပ်တယ် ဆိုတာတွေလဲ ဒီစိတ်ကလေးနှင့် ဆိုင်တာပါဘဲ၊ ထူးတာကတော့ ဝိနည်းမှာ အကုသိုလ် မဟုတ်ပါဘဲနှင့် စောင့်ရှောက်ရတာများလဲ ရှိပေတယ်၊ ဒါလောက်ဘဲ ထူးပါတယ်၊ သို့ပေမဲ့ "မြတ်စွာဘုရားက စိတ်ကလေး တခုဘဲ စောင့်ရှောက်ရမည်"လို့ မိန့်တော်မူလိုက်တော့ သူ့စိတ်ထဲမှာ အင်မတန် ပေါ့သွားတယ်၊ ဒါကတော့ လွယ်လွယ်ဘဲလို့လဲ သဘောကျသွားတယ်၊ ဒါကြောင့် "စိတ်တခုဆိုလျှင်တော့ စောင့်ရှောက်နိုင်ပါတယ်ဘုရား"လို့ အဲဒီ ရဟန်းက ပြန်ကြားလျှောက်ထားပါတယ်၊ ဒီတော့ မြတ်စွာဘုရားက စိတ်နှင့် စပ်တဲ့ ကျင့်စဉ်လုပ်ငန်းကို ဒီသို ဟောတော်မူပါတယ်။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

ဒီဂါထာဟာ သုတ္တန်တရားတော်ပါဘဲ၊ အပိုဒ်အားဖြင့် ၄-ပိုဒ်သာ ရှိပါတယ်၊ အက္ခရာအားဖြင့် ၃၂-လုံးသာ ရှိပါတယ်။

သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲစွာထသော။ စိတ်ဆိုတာ မြင်နိုင်ခဲပါတယ်တဲ့၊ ရုပ်အထည် ဝတ္ထုတွေ ဆိုတာကတော့ အဇ္ဈတ္တရော ဗဟိဒ္ဓရော ထင်ရှားပါတယ်၊ မျက်စိနှင့် မြင်ရဘဲ့ရုပ်တွေရှိတယ်၊ နားနှင့်ကြားရတဲ့ရုပ်တွေရှိတယ်၊ နှာခေါင်းနှင့် နမ်းရတဲ့ ရုပ်တွေရှိတယ်၊ လျှာနှင့်စားပြီး သိနိုင်ဘဲ့ ရုပ်တွေရှိတယ်၊ ကိုယ်နှင့် တွေ့ထိနိုင်ဘဲ့ ရုပ်တွေရှိတယ်၊ ဒါကြောင့် ရုပ်တွေက ထင်ရှားပါတယ်။

စိတ်ဆိုတာကလေးကတော့ သူဘို့မျက်စိနှင့်လဲ မမြင်ရဘူး၊ နားနှင့်လဲ မကြားရဘူး၊ အထည်ဒြဗ်လဲ မရှိဘူး၊ ဒါကြောင့် ရုပ်လို မထင်ရှားဘူး၊ မထင်ရှားတဲ့အတွက် သူ့ကို သိဘို့ရာ အင်မတန် ခက်ပါတယ်တဲ့၊ သို့ပေမဲ့ မြတ်စွာဘုရား၏နည်းနှင့် ဆိုလျှင်တော့ သိနိုင်ပါတယ်၊ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ စသည်ဖြင့် ဟောထားတဲ့ စိတ္တာနုပဿနာအရ ဖြစ်ဘိုင်း ဖြစ်ဘိုင်း စိတ်ကလေးတွေကို မပြတ်လိုက်ပြီး ရှုနေလျှင် ရာဂနှင့်တကွ ဖြစ်တဲ့ စိတ် ရာဂကင်းတဲ့စိတ် အစရှိတဲ့ ဒီစိတ်ကလေးတွေ တခုချင်း တခုချင်း ဖြစ်နေတာကို သိပါတယ်။

တခြား တပါးကို စိတ်ကလေးထွက်သွားလျှင်လဲ အဲဒီ ထွက်သွားတဲ့ စိတ်ကလေးကို ချက်ချင်းဘဲ သိနိုင်ပါတယ်၊ သွားမယ်လို့ ဟန်ပြင်နေတဲ့ စိတ်ကလေးတောင်မှ သိနိုင်ပါသေးတယ်၊ လက်ခြေတွေကို ကွေးမယ် ဆန့်

မယ် လှုပ်ရှားမယ်လို့ ကြံတဲ့ စိတ်ကလေးတွေ ဆိုတာ ရှိတယ်၊ အဲဒီလို စိတ်ကလေးတွေကိုလဲ တခုချင်း တခုချင်း ပိုင်းခြားပြီး သိနိုင်ပါတယ်၊ သူ့ဖြစ်စဉ်အတိုင်း မပြတ်ရှုနေလျှင် ဒီစိတ်ကလေးတွေကို လက်နှင့်ကိုင်ကြည့်ရသလို သေသေချာချာ သိနိုင်ပါတယ်၊ ဒါပေမဲ့ သူ့ဖြစ်စဉ်အတိုင်း ရှုမှတ်လေ့လာမှု မရှိဘဲနှင့် ပကတိအတိုင်း ဆင်ခြင်ကြည့်ရုံနှင့်တော့ ဒီစိတ်ကို အမှန်အတိုင်း သိဘို့ ခက်ပါတယ်၊ ဒါကြောင့် ပကတိ လူတွေက ဒီစိတ်ကို သတ္တဝါလို့ ထင်နေကြတာပါဘဲ၊ "သိသိနေတဲ့ စိတ်ကလေးဟာ ငါဘဲ၊အသက်ကောင်ဘဲ" လို့ ဒီလို ထင်နေကြပါတယ်။

ဒါကြောင့်မို့ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ အလိုရှိရာ အာရုံများသို့ ကျရောက်၍ သွားတတ်သော။

အလိုရှိရာ အလိုရှိရာသို့ ဖြုန်းကနဲ ဖြုန်းကနဲ သူက ကျရောက် ကျရောက် သွားပါတယ်၊ ယောနိသောမနသိကာရရှိတဲ့ပုဂ္ဂိုလ်တွေမှာ ဆိုလျှင် ကုသိုလ်အာရုံတွေဆီကို များများသွားပါတယ်၊ ဥပမာ စာပေဝါသနာပါတဲ့ ပုဂ္ဂိုလ်ဆိုလျှင် စာပေထည်း ရှောက်ပြီးတော့ သွားနေပါတယ်၊ ပစ္စည်းဥစ္စာတွေနှင့် လာဘ်လာဘတွေနှင့် ရှာမှီးနေတဲ့ ပုဂ္ဂိုလ်မှာလဲ အဲဒီ ပစ္စည်းဘာလ်လာဘတွေဆီကိုဘဲ ရှောက်သွားနေပါတယ်၊ ယောနိသောမနသိကာရ အယောနိသောမနသိကာရ လိုက်ပြီး သကာလ သူကျချင်ရာကို ဖြုတ်ကနဲ ဖြုတ်ကနဲ ရောက်ရောက်သွားတတ်တယ်တဲ့၊ မသွားပါနဲ့လို့ ပိတ်ထားလို့လဲ မရပါဘူး။

ယတ္ထကာမနိပါတိနံ၊ သူကျလိုရာ အာရုံများ၌ ကျရောက်၍ သွားတတ်သော။ စိတ္တံ၊ စိတ်ကို။မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊ စောင့်ရှောက်ရာ၏။

အဲဒီ စိတ်ကလေးကို ဖြစ်တိုင်း ဖြစ်တိုင်း ရှုပြီးသကာလ စောင့်ရှောက်နေပါတဲ့။

စိတ္တံ၊ စိတ်သည်။ ဂုတ္တံ၊ လုံခြုံစွာ စောင့်ရှောက်အပ်သည်ရှိသော်။ သုခါဝဟံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်တတ်၏။

စိတ်ကို လုံခြုံအောင် စောင့်ရှောက်လို့ရှိလျှင် လူချမ်းသာတွေလဲရနိုင်တယ်၊ နတ်ချမ်းသာတွေလဲ ရနိုင်တယ်၊ အရေးအကြီးဆုံးကတော့ မဂ်ချမ်းသာ

တွေ ဖိုလ်ချမ်းသာတွေ နိဗ္ဗာန်ချမ်းသာတွေဘဲ၊ အဲဒီချမ်းသာတွေကိုလဲ ရနိုင်တယ် ဆိုဘဲ့ အကြောင်း ဒီဒေသနာဖြင့် ဟောပါတယ်။

အဲဒီ ဒေသနာကို နာရတာနှင့် ဝေနေယျသတ္တဝါ၏ အဇ္ဈာသယနှင့် ကိုက်ပြီးတော့ သွားတော့ ဘာမျှ မကြာဘူး မြတ်စွာဘုရားထံမှာ ခဏကလေး အတွင်းဘဲ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီးတော့ သွားတယ်လို့ အဋ္ဌကထာမှာ ပြထားပါတယ်။

အဲဒါဟာ သုတ်တရားက အဘိဓမ္မာ ဝိနည်းဘို့ထက် ဝေနေယျတို့အား အကျိုးများစေတယ် ဆိုရာမှာ မှတ်သားဘို့ရာ သက်သေသာဓက ပုံဝတ္ထုတခု ဖြစ်ပါသည်ဘုရား။

ပြီးတော့ ဒီသုတ္တပုဒ်ရဲ့ ဝစနတ္ထတွေက ဒီအပြင်လဲ များပါသေးတယ်၊ ယခု နောက်ဆုံးတခုကိုဘဲ လျှောက်ထား ပြောပြပါတော့မယ်။

သုတ္တသဘာဂတော၊ တမျဉ်းခြည်များနှင့် တူသောကြောင့်လဲ သုတ်မည်ပါတယ်တဲ့၊ သုတ္တဆိုတဲ့ ပါဠိသဒ္ဒါက ခြည်မျှင်ကို ဟောပါတယ်၊ ရက်ကန်းခြည်မျှင် အပ်ခြည်မျှင် ဒီလို ခြည်မြှင် ကြိုးသေးကလေးများကို ဟောပါတယ်၊ လက်သမားများ သစ်သားကို ရွေတဲ့အခါ သစ်သားကို ခွဲစိတ်တဲ့ အခါများမှာ အဲဒီ သုတ္တ ခေါ်တဲ့ ခြည်မျှင် ကြိုးသေးကလေးနှင့် မျဉ်းချရပါတယ်၊ မျဉ်းမချဘဲ ပကတိအဘိုင်း မျက်ရမ်းမှန်းဆပြီး ရွေလိုက် ခွဲလိုက်လျှင် ဖြောင့်ဖြောင့် မတ်မတ် မဖြစ်နိုင်ပါဘူး၊ မျဉ်းကြောင်းအတိုင်းလိုက်ပြီး ရွေမှ ခွဲမှ ဖြောင့်ဖြောင့်မတ်မတ် ရပါတယ်၊ ဒါကြောင့် လက်သမားများမှာ သုတ္တခေါ်တဲ့ အဲဒီမျဉ်းကြိုးကလေးနှင့် ချထားတဲ့ မျဉ်းကြောင်းကို မလွန်စေသဲ ရိုသေလေးစားပြီး အလုပ်လုပ်ရပါတယ်၊ ဒီလို မျဉ်းကြောင်းကို ရိုသေပြီးလုပ်မှ အလိုရှိတဲ့အတိုင်း ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်ပါတယ်။

အဲဒါလိုပါဘဲ အတ္တတ္ထ-မိမိ၏ အကျိုးစီးပွါး၊ ပရတ္ထ-သူတပါး၏ အကျိုးစီးပွါး၊ မျက်မှောက် အကျိုးစီးပွါး၊ တမလွန် အကျိုးစီးပွါး၊ လောကီ အကျိုးစီးပွါး၊ လောကုတ္တရာ အကျိုးစီးပွါးတွေကို တကယ်ဖြစ်အောင် အားထုတ်တော့မယ် ဆိုလို့ရှိလျှင် မြတ်စွာဘုရား ဟောတော်မူဘဲ့ သုတ္တန်တရားတော်နှင့် မျဉ်းချပြီးတော့ အဲဒီ သုတ္တန်တရားမျဉ်းကြောင်းက ပြထားတဲ့အတိုင်း သီလ သမာဓိ ပညာ ဆိုတဲ့ လုပ်ငန်းစဉ်ဘွဲ့ကို မမှားမယွင်းရအောင် အစဉ်အတိုင်း

အားထုတ်သွားရပါတယ်၊ ဒါကြောင့် သုတ်တရားဟာ လက်သမားဆရာများ၏ မျဉ်းချတဲ့ကြိုးနှင့် တူနေပါတယ်၊ ဒီလို မျဉ်းကြိုးနှင့် တူနေတဲ့အတွက် သုတ်တရားတော်ကို သုတ္တလို့ ခေါ်ပါတယ်တဲ့၊ ဒါကြောင့် ဒီသုတ်တရားတော်ကို "အင်မတန် အလေးပြုအပ်တဲ့တရားတော်ပါ"လို့ ပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

## သုတ်တရားဆိုတာ မလွယ်

ပြီးတော့ တချို့က သုတ်တရားဆိုတာ လွယ်လွယ်ကလေးဘဲလို့လဲ ပြောတတ်ကြပါတယ်၊ အမှန်မှာတော့ သုတ်တရားဆိုတာ မလွယ်ပါဘူး၊ သုတ်တရားဆိုတာ အင်မတန် ခက်ပါတယ်၊ ဝိနည်းကတော့ ဒါမလုပ်ရဘူး၊ ဒါလုပ်လျှင် ဒီအာပတ်သင့်တယ် စသည်ဖြင့် သူ့ဟာနှင့်သူ တိကနဲ တိကနဲ ပြတ်ပြတ်သားသား ရှိပါတယ်၊ အဘိဓမ္မာမှာလဲ နက်နဲပေမယ်လို့ မြတ်စွာဘုရား၏ နည်းနှင့်ဆိုတော့ ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ ဆိုတဲ့ တိက်က ကုသိုလ် အကုသိုလ် အဗျာကတ တရားတွေကို အကုန်လုံး နားလည်သွားလို့ရှိလျှင် ဟိုအထက်ပိုင်းကျတော့ လွယ်သွားပါတယ်။

သုတ်တွေကတော့ ဒီလို မဟုတ်ပါဘူး၊ ဒီသုတ်မှာ ဒီအဓိပ္ပါယ်ရှိပေမယ်လို့ ဟိုသုတ်ကျတော့ ဘုရားအလိုတော်သိဘို့ သိပ်မလွယ်ပါဘူး၊ သုတ်က ပိုပြီးခက်ပါတယ်၊ ဒီ သီလက္ခန်မှာဘဲ သာမညဖလသုတ်မှာ ဆိုပါတော့ ဝိပဿနာဉာဏ် ဖြစ်ပုံကလေးကို ဟောထားတာ ရှိပါတယ်၊ အဲဒါဟာ တော်တော်ကို မလွယ်ပါဘူး။

သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ ဆိုတဲ့ ဒီဒေသနာ စကားရပ်ပါဘဲ။

စတုတ္ထစျာန်တိုင်အောင် စျာန်ရပြီး ဖြစ်ဘဲ့ ပုဂ္ဂိုလ်၏ ဝိပဿနာရှုပုံကို ပြတဲ့ ဒေသနာ ဖြစ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်မှာ စတုတ္ထစျာန်ဖြင့် တည်ကြည်ပြီးတော့ စိတ်ဟာ ကောင်းကောင်း သန့်ရှင်းဖြူစင်နေပါတယ်၊ စိတ်အညစ်အကြေးကင်းပြီး နူးညံ့နေပါတယ်၊ အလိုရှိရာကို နှလုံးသွင်းနိုင် ရှုနိုင်လောက်အောင် စိတ်ခန့်ကျန်းနေပါတယ်၊ ရှုရာ အာရုံမှာ မလှုပ်မယှက် တည်ဘဲ့နေပါတယ်တဲ့၊ အဲဒီလို စိတ်တည်ငြိမ်နေတဲ့အခါမှာ ဉာဏဒဿနာယ၊ အသိအမြင်

ဝိပဿနာဉာဏ် ဖြစ်ရန်အလို့ငှါ။ စိတ္တံ အဘိနီဟရတိ၊ စိတ်ကို ရှေးရှု ဆောင် ပါတယ်တဲ့။

အဲဒီမှာ ရှေးရှုဆောင်တယ်ဆိုတာက ဘယ်လိုဆောင်ရမယ် ဆိုတာကို နားလည်ဘို့ သိပ်မလွယ်ပါဘူး၊ ဒေသနာနည်းအရ ဟောရုံ ပြောရုံဆိုလျှင် တော့ မခက်လှပါဘူး၊ တကယ် လက်တွေ့အလုပ်လုပ်ဘို့ ဆိုတော့ ခက်ပါ တယ်၊ တကယ်တမ်း အားထုတ်မည့် ပုဂ္ဂိုလ်ကို ဒီလို အားထုတ်လျှင် သမာဓိက ဒီလို ဖြစ်လိမ့်မယ်၊ ဉာဏ်က ဒီလို ဖြစ်လိမ့်မယ်၊ အဲဒီလို သမာဓိဉာဏ် ဖြစ်လာ တဲ့ အခါမှာ ဒီလို ဒီလို ဆက်လက်ပြီး အားထုတ်သွားရမယ် စသည်ဖြင့် လက်ဆုပ် လက်ကိုင် တိတိကျကျ ညွှန်ပြဘို့ ဖြစ်စေ ကိုယ်တိုင် အားထုတ်ဘို့ ဖြစ်စေ အဲဒီလို တကယ်တမ်း လက်တွေ့ကျတော့ ခက်ပါတယ်၊ ဒီလိုနေရာမျိုး မှာ မြတ်စွာဘုရား၏ အလိုတော်ကျ အဓိပ္ပါယ်ကို မှန်မှန်ကန်ကန် ထုတ်ဖော် ဘို့ရာဟာ တော်တော်ကို မလွယ်ဘဲ ဖြစ်နေပါတယ်၊ လက်တွေ့ဆရာ့နည်း မရလျှင်တော့ မှန်မှန်ကန်ကန် ဖော်နိုင်ဘို့ရာ မရှိသလောက် ဖြစ်နေပါတယ်။

အဲဒီကနောက်မှာ ဝိပဿနာဉာဏ်ဖြစ်ပုံကို သော ဧဝံ ပဇာနာတိ စသည် ဖြင့် ပြသွားပါတယ်၊ ခုနက ပြောခဲ့တဲ့ ဒေသနာအတိုင်း စိတ်ကို ရှေးရှု ဆောင်လိုက်တဲ့ အခါမှာ ဒီလို သိသွားတယ်တဲ့၊ အယံ ခေါ မေ ကာယော ရူပီ၊ ငါ၏ ဤရုပ်ကိုယ်သည်။ စာတုမဟာဘူတိကော၊ မဟာဘုတ် ဓာတ် လေးပါးဖြင့် ပြီး၏။ မာတာပေတ္တိကသမ္ဘဝေါ၊ မိဘတို့၏ ရုပ်ကို မှီ၍ ဖြစ်၏။ ဩဒနကုမ္မာသူပစယော၊ ထမင်းမုံ့တို့ဖြင့် ကြီးထွားလျက် ရှိ၏။ အနိစ္စုစ္ဆာဒန-ပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော၊ မမြဲခြင်း လိမ်းကျံပေးရခြင်း နှိပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်း သဘောရှိ၏။ ရုပ်ကိုယ်ကြီးကို ဒီလို သိပါတယ်တဲ့။ ဒါလဲ နားလည်ဘို့ ခက်တာပါဘဲ။

ပြီးတော့ နာမ်တရား သိပုံကျတော့လဲ ဣဒဉ္စ ပန မေ ဝိညာဏံ ဧတ္ထ သိတံ၊ ဧတ္ထ ပဋိဗဒ္ဓံ လို့ ဟောပြန်ပါတယ်။ မေ၊ ငါ၏။ ဣဒဉ္စ ပန ဝိညာဏံ၊ ဤစိတ် ဝိညာဉ်သည်ကား။ ဧတ္ထသိတံ၊ ဤရုပ်ကိုယ်၌ မှီ၏။ ဧတ္ထ ပဋိဗဒ္ဓံ၊ ဤရုပ်ကိုယ်၌ စပ်လျက်ရှိ၏။ ဒီစိတ် ဝိညာဉ်ကလေးကတော့ ဒီရုပ်ကိုယ်ထဲမှာ ဘဲ မှီနေတယ်၊ စပ်ဆိုင်နေတယ်လို့ သိတာဟာ စိတ်နာမ်တရားကို သိတဲ့ ဝိပဿနာဉာဏ်ပါဘဲတဲ့၊ ဒါလဲဘဲ ဘယ်လိုရှုလျှင် ကိုယ်တိုင်တွေ့ အားဖြင့် ဘယ်လို သိသွားတယ် ဆိုတာ ဘုရားအလိုတော်ကျ လက်ဆုပ်လက်ကိုင် ဖော်

ပြဘို့ တော်တော်ဘဲ ခက်ပါတယ်၊ ဒါပေမဲ့ သတိပဋ္ဌာန်ဒေသနာတော်အရ ရှုလျှင်တော့ ရုပ်နှင့်နာမ်ကို ဒီသာမညဖလသုတ်နှင့် အညီဘဲ သိနိုင်ပါတယ်။

ပေါဋ္ဌပါဒသုတ်မှာ အဘိသညာနိရောဓ ဆိုဘဲ့ နိရောဓသမာပတ် ဝင်စားပုံကို ဟောထားတာက ဒါထက် ပိုပြီး ခက်ပါသေးတယ်၊ သီလက္ခန်ပါဠိ စာမျက်နှာ ၁၇၁-စာပိုဒ် ၄၁၄-မှာ ရှိပါတယ်၊ နိရောဓသမာပဘ် ဝင်စားတဲ့ ပုဂ္ဂိုလ်ဟာ သညဂ္ဂ ခေါ်တဲ့ အာကိဉ္စညာစျာန်ရောက်တော့ "စေ့ဆော် အားထုတ်လျှင် မကောင်းဘူး၊ မစေ့ဆော် အားမထုတ်မှ ကောင်းတယ်၊ စေ့ဆော်အားထုတ်လျှင် လက်ရှိသညာများ ချုပ်သွားပြီး ကြမ်းတဲ့သညာများ ဖြစ်လာကြမည်၊ မစေ့ဆော်ဘဲ အားမထုတ်ဘဲ နေတော့မည်"လို့ ဒီလို ကြံပြီးတော့ မစေ့ဆော် အားမထုတ်ဘဲ နေပါသတဲ့၊ ထိုသို့ နေတဲ့ ပုဂ္ဂိုလ်မှာ လက်ရှိသညာများလဲ ချုပ်သွားကြပြီးတော့ ကြမ်းဘဲ့ သညာများလဲ မဖြစ်ပေါ်လာတော့ဘဲ နိရောဓသမာပတ်ကို ရောက်သွားပါသတဲ့၊ အဲဒီ အနက်အဓိပ္ပါယ်မျိုးကို ဝိသုဒ္ဓိမဂ်မှာလဲ ပြဆိုချက် မရှိပါဘူး၊ နားလည်ဘို့ မလွယ်တဲ့ အချက်တရပ်ပါဘဲ။

ယခုလို ခက်ခဲတာကလေးများကို ထုတ်ပြရတာကတော့ သုတ်တရားကို လွယ်တယ်လို့ ထင်မှတ်ပြီး မရှိမသေ ပြောဆိုတတ်ကြလွန်းလို့ ဖော်ပြရခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် သုတ်တရားတော်ဟာ အလွန် လေးစားသင့်တဲ့ တရားတော် ဖြစ်တယ်ဆိုတာကို သုတ္တသဒ္ဒါရဲ့ ဝစနတ္ထပြတဲ့ အဋ္ဌကထာ ဋီကာ စကားများဖြင့် အမှတ်တရ သတိပြုရအောင် ဒီနေရာမှာ စီစစ်လျှောက်ထားပါတယ်ဘုရား၊ ဒီကနေ့ ဒီတွင်ဘဲ ရပ်နားပြီးတော့၊ နောက်ထပ် လျှောက်ထားဘွယ်များကို နောက်ရက်များကျမှ ဆက်လက်ပြီး လျှောက်ထားပါတော့မည် ဘုရား။

သုတ္တန်အကြောင်း စီစစ်ခဏ်း ပြီး၏

# သာမညဖလသုတ်တော်

ဒီကနေ့ သာမညဖလသုတ်က သတိသမ္ဗဇညအဖွင့်ကို လျှောက်ထားပါမည်ဘုရား၊ ဒီသာမညဖလသုတ်ကို မဂဓတိုင်းရှင် ဘုရင် အဇာတသတ်မင်းက မေးမြန်းလျှောက်ထားလို့ မြတ်စွာဘုရားက ရဟန်းပြုရခြင်း၏ မျက်မှောက်ရရှိတဲ့ အကျိုးများကို ဝေဘန်ဖော်ပြပြီး ဟောတော်မူတဲ့ သုတ်ဖြစ်ပါတယ်၊ ကာလအားဖြင့် ဆိုလျှင်တော့ ဒီသုတ်ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံမီ ရှစ်နှစ်အတွင်းမှာမှ ဟောတဲ့သုတ် ဖြစ်ကြောင်း သိရပါတယ်၊ ဒီနေရာမှာ ထောက်ထားစရာ အကြောင်းက နှစ်ခုရှိပါတယ်၊ ထိုနှစ်ခုထဲမှာ ပဌမအကြောင်းက "အဇာတသတ္တုဿ ဟိ အဋ္ဌမေ ဝဿေ သမ္မာသမ္ဗုဒ္ဓေါ ပရိနိဗ္ဗာယိ-အဇာတသတ်မင်း နန်းတက်လို့ ရှစ်နှစ်မြောက်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတယ်"လို့ ပြဆိုထားတဲ့ ဝိနည်းအဋ္ဌကထာ ဗာဟိရ နိဒါန်း စာမျက်နှာ (၅၄)က စကားပင် ဖြစ်ပါတယ်၊ ဒုတိယအကြောင်းကတော့ "ဤအဇာတသတ်မင်းဟာ ဘခင်ကို လုပ်ကြံမိသည့် အချိန်မှစပြီး အိပ်မယ်ဆိုလျှင် အိပ်ပျော်လိုက်သည်နှင့် တပြိုင်နက် လှံအစင်းတရာနှင့် အထိုးခံရသကဲ့သို့ ထင်မှတ်ပြီး အလန့်တကြား နိုးနိုးလာရတယ်၊ ဒါကြောင့် မအိပ်လိုတဲ့အတွက် အဲဒီ ဘုရားထံ သွားမည့် ညဥ့်မှာ အမတ်အပေါင်းနှင့်တကွ နန်းယင်ပြင်မှာ ထိုင်နေတယ်"လို့ ပြဆိုထားတဲ့ ဒီသုတ်အဖွင့် အဋ္ဌကထာပင် ဖြစ်ပါတယ်။

ဒီစကား နှစ်ခုကို စပ်ကြည့်လျှင် ပဌမစကားဖြင့် ဘုရားပရိနိဗ္ဗာန် မစံမီ ရှစ်နှစ်အတွင်း ဆိုတာဟာ သေချာနေပါတယ်၊ ဒုတိယစကားဖြင့် ဘခင်ကို လုပ်ကြံပြီး မင်းဖြစ်နေတာ မကြာသေးဘူး၊ ရက်ပိုင်း လပိုင်းလောက် ရှိမယ်ဆိုတာ မှန်းဆနိုင်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ သက်တော် (၇၃)နှစ်၊ ဝါတော် (၃၈)၊ ယခုသာသနာ (၂၅၀၀)က ပြန်ပြီးတွက်လျှင် လွန်ခဲ့သော (၂၅၀၈)နှစ်မြောက် တန်ဆောင်မုန်းလပြည့်နေ့ညဥ့်မှာ ဒီသုတ်ကို မြတ်စွာဘုရား ဟောတော်မူခဲ့တယ်လို့ မှတ်ယူသင့်ပါတယ်၊ ယခု အဲဒီသုတ်က သမ္ပဇည အဖွင့်ကို စီစစ်လျှောက်ထားပါမည်။

## သမ္မဇဉ်တရား

ဒီ သမ္ပဇဉ်ဟာ လူရှင်ရဟန်း အားလုံးနှင့် သက်ဆိုင်ပါတယ်၊ ဒီသမ္ပဇဉ်ကို အဋ္ဌကထာက လေးပါး ခွဲပြထားပါတယ်၊ ဒီလေးပါးထဲမှာ သာတ္ထကသမ္ပဇဉ်နှင့် သပ္ပါယသမ္ပဇဉ်ဆိုတာတွေကတော့ လောကီကိစ္စတွေမှာလဲ နည်းယူပြီး အသုံးချမည် ဆိုလျှင် ကျေးဇူးများစေနိုင်ပါတယ်၊ တရားအားထုတ်ရာမှာ ကျေးဇူးများတာကိုတော့ အထူးပြောဘို့ မလိုတော့ပါဘူး၊ ပြီးတော့ ဒီသမ္ပဇဉ်လေးပါးနှင့်အညီ ကျင့်သုံးနေတော်မူကြတဲ့ ဘုရားတပည့်ရဟန်းတော်မြတ်တွေကို အာရုံပြုကြည့်လိုက်လျှင်လဲ အများကြီးဘဲ ကြည်ညိုစရာ ကောင်းနေပါတယ်၊ ဒီလို ကိုယ်တိုင်လဲ ကျင့်သုံးစရာကောင်း သူများကျင့်သုံးနေတာကို အာရုံပြုပြီး ကြည်ညိုစရာလဲ ကောင်းတဲ့အတွက် ဒီသမ္ပဇဉ်ပိုင်းမှာ အချိန်ရသမျှ နည်းနည်း နည်းနည်းချင်း ဝေဘန်ပြီး လျှောက်ထားသွားပါမည်ဘုရား။

ဒီ သာမညဖလသုတ်မှာ မြတ်စွာဘုရား ဟောထားတဲ့အစဉ်က ရှေးဦးစွာ သီလသမ္ပန္နော ခေါင်းစဉ်ဖြင့် သီလပိုင်းကို ဟောပါတယ်၊ နောက်ဒုတိယပိုင်းမှာ ဣန္ဒြိယသမ္ပန္နော ခေါင်းစဉ်ဖြင့် ဣန္ဒြေစောင့်စည်းပုံကို ဟောပါတယ်၊ နောက်တတိယပိုင်းမှာ သတိသမ္ပဇညေန သမန္နာဂတော ခေါင်းစဉ်ဖြင့် သတိသမ္ပဇဉ်ကို ဟောပါတယ်၊ နောက် သန္တုဋ္ဌော ခေါင်းစဉ်ဖြင့် သန္တောသ တရားကို ဟောပါတယ်၊ နောက် ပဉ္စမပိုင်းမှာ နီဝရဏ စင်ကြယ်အောင် အားထုတ်ပုံကို ဟောသွားပါတယ်၊ အဲဒီကနောက်မှာ ဈာန်သမာပတ်တွေကို ဟောပြန်ပါတယ်၊ ဈာန်သမာပတ်တွေ ပြီးတော့မှ ဝိပဿနာ အစရှိသော အဘိညာဉ်တွေ အရဟတ္တမဂ်, အရဟတ္တဖိုလ်တိုင်အောင် ဟောပြီးတော့ သွားပါတယ်။

ဒီ ဒေသနာ အစဉ်ထဲမှာ သမ္ပဇညပိုင်းဟာ ရှေ့နှင့်နောက်ရဲ့ အလယ်မှာ ကျနေပါတယ်၊ ပဌမ သီလပိုင်း၊ ထိုနောက် ဣန္ဒြိယသံဝရပိုင်း၊ ထိုနောက်မှ သမ္ပဇညပိုင်း ဖြစ်ပါတယ်၊ အဲဒီကနောက်မှာ သန္တောသပိုင်း လာပါတယ်၊ ဘာဝနာစခန်းကို မရောက်သေးပါဘူး၊ အဲဒီက နောက်မှာ နီဝရဏကို သုတ်သင်တဲ့ အခဏ်းလာတယ်၊ အဲဒါက ဥပစာရသမာဓိနှင့် ဆိုင်ပါတယ်၊ အဲဒီက နောက်မှာ ဈာန်လေးပါး အပ္ပနာသမာဓိခဏ်း လာပါတယ်၊ ဒီဘိုင်အောင် စိတ္တဝိသုဒ္ဓိ စခန်းမျှသာ ရှိပါသေးတယ်၊ ဝိပဿနာကို မရောက်

သေးပါဘူး၊ ဒီက နောက်မှာမှ ဝိပဿနာခဏ်း လာပါတယ်၊ ဒါကြောင့် ဒီသာမညဖလသုတ်မှာ ဟောတဲ့ သာမညဟာ ဝိပဿနာနှင့် မဆိုင်သေးပါဘူး၊ ဘာဝနာစခန်းကိုတောင် မရောက်သေးပါဘူး၊ ဒါကြောင့် သာတ္ထကသမ္ပဇဉ်နှင့် သပ္ပါယ သမ္ပဇဉ်ကိုသာ ရည်ရွယ်ပြီး ဟောတယ်လို့ ယူသင့်ပါတယ်။

ဒါပေမယ်လို့ မဟာဝဂ္ဂပါဠိ မဟာသတိပဋ္ဌာနသုတ်မှာတော့ ဒီသမ္ပဇည ပိုင်းကို ဝိပဿနာ ပဓာနပြုပြီးတော့ ဟောထားပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီသုတ်မှာ သမုဒယဓမ္မာနုပဿီ ဝယဓမ္မာနုပဿီ စသည်ဖြင့် ရုပ်တရား နာမ်တရားတို့၏ အဖြစ်အပျက် ရှုပုံကို ဖော်ပြထားပါတယ်၊ ဒါကြောင့် အဲဒီသုတ် ရောက်တဲ့အခါမှာ ဝိပဿနာသမ္ပဇဉ်ကို ဖွင့်ရဦးမှာဘဲ ဖြစ်နေပါတယ်၊ ဒီလို ဖွင့်ရဦးမှာဘဲ ဖြစ်နေတဲ့အတွက် အဋ္ဌကထာမှာ ဝိပဿနာနှင့် ဆိုင်တဲ့ ဂေါစရသမ္ပဇဉ် အသမ္မောဟသမ္ပဇဉ်များပါ သမ္ပဇဉ်လေးပါးလုံး အပြည့်အစုံဘဲ ဒီသုတ်မှာ ဖွင့်ပြသွားပါတယ်၊ ဒါကြောင့် အဲဒီအဋ္ဌကထာမှာ ဖွင့်ပြထားတဲ့ အစဉ်အတိုင်းဘဲ နည်းနည်းချင်း ဘုရားတပည့်တော် လျှောက် ထား သွားပါမည် ဘုရား။

## အဘိက္ကန္တေ ပဋိက္ကန္တေ

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ။ ။အဘိက္ကန္တေ၊ ရှေ့သို့ သွားသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သော်။ သမ္ပဇာနကာရီ၊ အသိဖြင့် ပြုသည်။ ဝါ၊ အသိကို ပြုသည်။ ဟောတိ၊ ဖြစ်၏ တဲ့။ ဒါက ဒီမှာ ဖွင့်ရမည့် ပါဠိနှင့် မြန်မာပြန် ဖြစ်ပါဘယ်။

မြတ်စွာဘုရား၏ တပည့်သား ဖြစ်တဲ့ ရဟန်းတော်ဟာ ရှေ့သွားတဲ့ အခါမှာလဲ အသိဖြင့်ပြု၊ နောက်ပြန်ဘဲ့ အခါကာလမှာလဲ အသိဖြင့်ပြု၊ ရှေ့သွားသည် ဖြစ်စေ နောက်ပြန်သည် ဖြစ်စေ အသိမလွှတ်ဘူး၊ အသိဉာဏ်ကို ဖြစ်စေတယ်လို့ ဆိုပါတယ်။

အဲဒီမှာ ရှေ့သွားတာက လမ်းလျှောက်ရင်းလဲ ရှေ့သွားတာ ရှိပါတယ်၊ နောက်ပြန်ဆုတ်လာတာ ရှိပါတယ်၊ ပြန်လာတာလဲ ရှိပါတယ်၊ ထိုင်ရင်းလဲဘဲ ရှေ့တိုးသွားတာ ရှိပါတယ်၊ နောက်ကို ဆုတ်လာတာ ရှိပါတယ်။ ရှေ့ဖက် ယိမ်းတာ နောက်ဖက်ယိမ်းတာ ရှိပါတယ်၊ လှဲအိပ်နေရင်းလဲ ရှေ့ဘက်တိုးတာ နောက်ဘက်တိုးတာ ရှိပါတယ်၊ ရပ်နေရင်းလဲ နည်းတူပင် ရှိပါတယ်၊ ဒီလို

ရှေ့သွားတာ နောက်သွားတာတွေ့ ဟူသမျှ အကုန်လုံးကို သမ္မဇဥ်လေးပါးနှင့် ပြုလုပ်ဘို့ရာ အဌကထာက အပြည့်အစုံ ဖွင့်သွားပါတယ်။

သမ္မဇာနကာရီ ဟောတိ ဆိုတဲ့ ပုဒ်မှာ သမ္မဇာနကာရီပုဒ်ကို သဒ္ဒါနည်း အားဖြင့် ဘယ်လို သိရမလဲ ဆိုတော့ သမ္မဇညေန သဗ္ဗကိစ္စကာရီ လို့ ဖွင့်ပြပါ တယ်၊ ဆိုလိုရင်းက သမ္မဇညေန ကာရီသို့ ဆိုလိုပါတယ်။ သမ္မဇညေန၊ ကောင်းစွာ အပြားအားဖြင့် သိသော ဉာဏ်ဖြင့်။ ဒါက သဒ္ဒါနက် အပြည့်အစုံ ဖြစ်ပါတယ်။ ဒီသဒ္ဒါနက် အရ "ကောင်းစွာ အပြားအားဖြင့် သိတယ်"ဆိုတာ လဲ သိတာပါဘဲ။ ဒါကြောင့် သိသော ဉာဏ်ဖြင့် အသိဉာဏ်ဖြင့်၊ သဗ္ဗကိစ္စ ကာရီ၊ အလုံးစုံသော အမှုကိစ္စကို ပြုလေ့ရှိတယ်လို့ ဒီလိုလဲ ပြန်ဆိုနိုင်ပါ တယ်၊ ဘာကိစ္စဘဲ ဖြစ်ဖြစ် သမ္မဇဥ် ခေါ်တဲ့ အသိဉာဏ်နှင့်ဘဲ ပြုလေ့ရှိပါ တယ်ဘဲ့။

ပါဠိရင်းမှာ သမ္မဇာနလို့ န-ယယ်နှင့် ရှိပါတယ်။ အဲဒါကို အဌကထာက သမ္မဇညေနလို့ ဘာဝတဒ္ဓိတ်ဖြင့် ပြီးတဲ့ည-နှင့် ဖွင့်ပါတယ်။ ဒီနေရာမှာ သမ္မ ဇာနနှင့် သမ္မဇညဟာ အနက်အတူတူဘဲလို့ ယူပြီးတော့ "သမ္မဇညေန ကာရီ သမ္မဇညကာရီ"လို့ တတိယာ တပ္ပုရိသ် သမာသ်တွဲဘို့ ဖွင့်ပြခြင်း ဖြစ်ပါတယ်။

ပြီးတော့ နောက်တနည်းမှာ သမ္မဇညမေဝဝါ ကာရီ လို့ ဖွင့်ပြန်ပါတယ်၊ အဲဒါကတော့ "သမ္မဇညံ ကာရီ သမ္မဇညကာရီ"လို့ ဒုတိယာတပ္ပုရိသ်သမာသ် တွဲဘို့ ဖွင့်ပြလိုက်ပြန်တာပါဘဲ။ သမ္မဇညမေဝ၊ အသိဉာဏ်ကိုသာလျှင်။ ကာရီ၊ ပြုလေ့ရှိပါတယ်ဘဲ့။ ဒီ ဒုတိယနည်းမှာ ကာရီပြုတယ်ဆိုတာ အခြား ကိစ္စ ပြုတာကို မဆိုလိုဘူး၊ အသိဉာဏ်ကို ပြုတာ ဖြစ်စေတာကိုသာ ဆိုလို တယ်လို့ သိစေလိုတဲ့အတွက် သမ္မဇညမေဝလို့ ဧဝ-သဒ္ဒါနှင့် တကွ ပြဆိုထားပါ တယ်။ ပဌမနည်းမှာတော့ သမ္မဇညေန၊ အသိဉာဏ်ဖြင့်လို့ ကရိုဏ်းအနက်ကို ဆိုလိုက်တဲ့အတွက် ကာရီ၊ ပြုတယ်ဆိုရာမှာ ဘာကို ပြုတာလဲလို့ မေးစရာ ရှိနေပါတယ်၊ ဒါကြောင့် "သဗ္ဗကိစ္စ-အလုံးစုံသော ကိစ္စကို"ဆိုတဲ့ကံပုဒ်အပိုကို ထည့်ပြီး ပြရပါတယ်။ ဒုတိယနည်းမှာ သမ္မဇညကိုပင် ကံထားပြီး ပြလိုက်တဲ့ အတွက်၊ သဗ္ဗကိစ္စ ဆိုတဲ့ အခြားကံပုဒ်ကို ကာရီနှင့် လာစပ်ဘို့ မလိုပါဘူး၊ ဒါကြောင့် သမ္မဇညမေဝ၊ အသိဉာဏ်ကိုသာလျှင်။ ကာရီ၊ ပြုလေ့ရှိသည်လို ဧဝသဒ္ဒါဖြင့် ကန့်သတ်ပြီး ဖွင့်ပြပါတယ်။ အသိဉာဏ်ကို ပြုတယ်ဆိုတာ အသိ ကို ဖြစ်စေတာပါဘဲ။ ဒါကြောင့် ရှေ့သွားလျှင်လဲ အသိဉာဏ်ကို ဖြစ်စေရမည်၊

နောက်ပြန်လျှင်လဲ အသိဉာဏ်ကို ဖြစ်စေရမည်၊ အလုံးစုံသော အမှုကိစ္စတွေ ဘာကိုဘဲပြုပြု၊ အသိဉာဏ် ပါစေရမည်၊ မသိဘဲနှင့် ဘာတခုကိုမျှ အမှတ်တမဲ့ မပြုရဘူးလို့ ဆိုလိုပါတယ်။

ဒီသမ္ပဇာနဆိုတဲ့ ပုဒ်ဟာ ဝိနည်းပါစိတ် ပါဠိတော်မှာလဲ ရှိပါတယ်။ သမ္ပဇာန မုသာဝါဒေ ပါစိတ္တိယံလို့ လာပါတယ်။ အဲဒီမှာတော့ သမ္ပဇာန ပုဒ်ရင်း အတိုင်းဘဲ "သမ္ပဇာနဿ မုသာဝါဒေါ သမ္ပဇာနမုသာဝါဒေါ"လို့ ဝစနတ္ထ ပြုရပါတယ်။ ဒီမှာလို သမ္ပဇာနကို သမ္ပဇညလို့ မဖွင့်ပါဘူး။ သမ္ပဇာနဿ၊ သိသောသူ၏။ ဝါ၊ သိပါလျက်။ မုသာဝါဒေါ၊ ချွတ်ယွင်းသော စကားကို ဆိုခြင်း။ သမ္ပဇာနမုသာဝါဒေါ၊ မဟုတ်မှန်းသိလျက်သားနှင့် အလွဲကို ပြောတယ်လို့ ဒီလို ဆိုလိုပါတယ်။

ဒီမှာလဲ အဲဒီနည်းအတိုင်း ဝစနတ္ထ ပြုမယ်ဆိုလျှင် ရသင့်ပါတယ်။ "သမ္ပဇာနော ဟုတွာ၊ သိသည် ဖြစ်၍။ ဝါ၊ သိလျက်။ ကာရီ၊ ပြုလေ့ရှိသည်။ သမ္ပဇာနကာရီ၊ သိလျက်ပြုလေ့ရှိသည်"လို့ ဒီလို ဝစနတ္ထ ပြုနိုင်ပါတယ်။ ဒီ အလိုအားဖြင့် "အဘိက္ကန္တေ၊ ရှေ့သွားလျှင်လဲ သိလျက်ပြုသည်၊ ပဋိက္ကန္တေ နောက်ပြန်လျှင်လဲ သိလျက်ပြုသည်၊ အာလောကိတေ ဝိလောကိတေ-တည့်တည့်ကြည့်လျှင် စောင်းငဲ့ကြည့်လျှင်လဲ သိလျက်ပြုသည်၊ သမိဉ္ဇိတေ ပသာရိတေ- ကွေးလျှင် ဆန့်လျှင်လဲ သိလျက်ပြုသည် စသည်ဖြင့် ခုနစ်ဌာနလုံးမှာ အမှုအရာ ဟူသမျှကို သိလျက် သိလျက်ဘဲ ပြုလေ့ရှိသည်"လို့ အလွန်ဖြောင့်မတ်တဲ့ အနက်ကို ရနေပါတယ်။ ဒါကြောင့် "သမ္ပဇာနမုသာဝါဒေ၊ သမ္ပဇာနကတံ၊ သမ္ပဇာနဝေဒယိတံ" စသော ပုဒ်များကဲ့သို ဒီသမ္ပဇာနကာရီပုဒ်မှာလဲ ဖြစ်သင့်တဲ့ အနက်ကို ဗဟုသုတပွါးရန် ထည့်သွင်းဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ယခုပြောခဲ့ဘဲ့ အတိုင်း သမ္ပဇာနကာရီပုဒ်၏ ပဒတ္ထကို ဖွင့်ပြီးတဲ့နောက် သမ္ပဇာနကာရီ ဖြစ်ပုံကို အဓိပ္ပါယတ္ထ-အနက်အဓိပ္ပါယ်များကို ဒီလို ဆက်လက်ပြီး ပြသွားပြန်ပါတယ်။

သော ဟိ အဘိက္ကန္တာဒီသု သမ္ပဇညံ ကရောတေဝ၊ ယောဂီ ရဟန်းဟာ ရှေ့သွားခြင်း နောက်ဆုတ်ခြင်း အစရှိသော အမှုအရာတွေကို ပြုတိုင်းပြုတိုင်း သမ္ပဇည-အသိဉာဏ်ကို ပြုပါတယ် ဖြစ်စေပါတယ် တဲ့။

န ကတ္ထစိ သမ္ပဇညဝိရဟိတော ဟောတိ၊ ဘယ်နေရာမှာမှ သမ္ပဇည-အသိဉာဏ် ကင်းပြီးတော့ မသိဘဲနှင့် အမှတ်တမဲ့ ပြုတာရယ်လို့ မရှိပါဘူးတဲ့၊ ဒီလိုဆိုပါတယ်။

အဲဒီမှာ သမ္ပဇညဆိုတဲ့ အသိဉာဏ်က လေးမျိုးရှိပါတယ်၊ သာတ္ထက သမ္ပဇဉ်, သပ္ပါယသမ္ပဇဉ် ဂေါစရသမ္ပဇဉ် အသမ္မောဟ သမ္ပဇဉ်လို့ ဒီလို လေးမျိုး ရှိပါသည်။

## သာတ္ထကသမ္ပဇဉ်

ထိုလေးမျိုးထဲမှာ သာတ္ထကသမ္ပဇဉ် ဆိုတာက ဘာတုံးဆိုတော့ အကျိုးရှိ မရှိကို စဉ်းစားဆင်ခြင်ပြီးတော့မှ ပြုတာကိုဘဲ ဆိုပါတယ်။

ဒါကြောင့် ဒီမှာ အဘိက္ကမနစိတ္တေ ဥပ္ပန္နေ စိတ္တဝသေနေဝ အဂန္တွာ၊ ရှေ့သွားမည်လို့ စိတ်ကလေး ဖြစ်လို့ရှိလျှင် စိတ်ဖြစ်လျှင် ဖြစ်ခြင်း မသွားရ သေးဘူးတဲ့၊ သွားမည်ဆိုလို့ရှိလျှင် သွားတဲ့အတွက် ဘာအကျိုးရှိမလဲဆိုတာ ကို စဉ်းစားပါဦးတဲ့၊ ဒါကလေးတွေက သိပ်ကောင်းပါတယ်၊ ဒီပြင်ဟာ မတတ်နိုင်တောင် အဲဒီ သာတ္ထကသမ္ပဇဉ်နှင့် လုပ်နေလျှင်ပင် တော်တော့ကို နေရာကျနေပါပြီ။

ရှေးက ဗုဒ္ဓဘာသာမဟုတ်တဲ့ ပုဂ္ဂိုလ်တွေတောင်မှ ရဟန်းတော်များ၏ ကြည်ညိုဘွယ်ရာ ကောင်းတဲ့ အမူအရာတွေ မြင်ရလို့ဆိုတာ တွေဟာ ဒီဟာတွေ ပါဘဲ၊ ပါသာဒိကေန အဘိက္ကန္တေန ပါသာဒိကေန ပဋိက္ကန္တေန စသည်ဖြင့် ပါဠိတော်တွေမှာ ပြထားပါတယ်၊ ကြည်ညိုဘွယ်ကောင်းတဲ့ ရှေ့သို့သွားခြင်း နောက်သို့ဆုတ်ခြင်း ကွေးခြင်း ဆန့်ခြင်း စောင်းငဲ့၍ ကြည့်ခြင်း တည့်တည့် ကြည့်ခြင်း အမူအရာကလေးတွေဟာ ဒီသမ္ပဇဉ်ကလေးတွေနှင့် ပြုတော့ ကိုးရိုး ကားယား မဖြစ်ပါဘူး၊ ကြည်ညိုဘွယ်ရာ ဖြစ်နေပါတယ်၊ အဲဒါတွေ မြင်သော အားဖြင့် ဒီပုဂ္ဂိုလ်၏သန္တာန်မှာ တရားထူး တရားမြတ် ရှိတာဘဲလို့ ဒီလို သာသနာတော်မှာ ကြည်ညိုလာကြတာတွေ ရှိပါတယ်။

တနေ့က ပြောခဲ့ဘဲ့ သီရိဓမ္မာသောကမင်းကြီးဟာ မူလတုန်းက သာသနာပက ပါသဏ္ဍာတွေကို ကိုးကွယ်ပြီးတော့ နေပါတယ်၊ ဒါပေမယ်လို့ နိဂြောဓ သာမဏေကလေးရဲ့ ရှေ့သို့သွားခြင်း နောက်သို့ဆုတ်ခြင်း ဆိုတဲ့

ကြည်ညိုဘွယ်ကို မြင်တာနှင့် ကြည်ညိုသွားတယ်ဆိုတာဟာ ဒီသမ္ဗဇညတွေကြောင့်ပါဘဲ။

အဲဒါကြောင့် ရှေ့သို့သွားမည်လို့ ကြံလျှင် စိတ်ကူးဖြစ်ရုံမျှနှင့် ဖြုတ်ကနဲ ထ မသွားသေးဘဲနှင့် ဘာအကျိုးရှိမှာလဲဆိုတာ စဉ်းစားပါဦးတဲ့၊ စဉ်းစားပြီးတော့ အကျိုးရှိမှ သွားပါ၊ အကျိုးမရှိလျှင်တော့ မသွားပါနှင့်တဲ့၊ ဒီလိုဆိုပါတယ်၊ အဲဒါ သာတ္ထကသမ္ပဇဉ်ပါဘဲတဲ့။

အဲဒီမှာ အကျိုး ရှိ မရှိ ဆိုရာတွင် ဘယ်လိုဟာက အကျိုးရှိတာလဲလို့ ဆိုတော့ အကျိုးရှိတဲ့ ဌာနတွေကို ဒီမှာ ဝေဘန်ပြီး ပြထားပါတယ်၊ စေတိယဒဿန-စေတီတော်ကို ဖူးမြင်တာဟာလဲ အကျိုးရှိတဲ့ အမှုပါဘဲတဲ့၊ ´စေတီတော်ကို ဖူးမျှော်ဘို့ ဆိုလျှင် သွားနိုင်တယ်လို့ ဆိုလိုပါတယ်။

## ဘုရား နှင့် စေတီ

စေတိယဒဿန ဆိုတဲ့ ပုဒ်ကို တိုက်ရိုက်မြန်မာပြန်လို့ရှိလျှင် စေတီတော်ကို ဖူးမျှော်ခြင်းလို့ဘဲ ပြန်ရပါတယ်၊ ဒါပေမယ်လို့ ဗမာပြည်မှာ တွင်နေတဲ့ ဝေါဟာရကလေးကိုလဲ ဒီနေရာမှာ ထည့်သွင်းပြီး ပြောလိုပါတယ်၊ ဗမာပြည်မှာတော့ စေတီဖူးမျှော်တာကိုလဲ ဘုရားဖူးတယ်လို့ ဒီလိုပြောနေကြပါတယ်၊ စေတီနှင့်ဘုရားကို အတူတူ သုံးထားပါတယ်။ပါဠိမှာတော့ ဗုဒ္ဓဒဿနဆိုလျှင် ဘုရားရှင်ကို ဖူးခြင်း ဂေါတမဘုရားကို ဖူးခြင်းလို့ ပြောရပါတယ်၊ ဘုရားလက်ထက်တုန်းက ဆိုလျှင် ဘုရားကျောင်းတော်သွားသွားပြီး ဘုရားဖူးကြတာကို ဗုဒ္ဓဒဿန ဘုရားဖူးတယ်လို့ ခေါ်ပါတယ်။

အဲဒီလို သက်တော်ထင်ရှားရှိတဲ့ ဘုရားကို ဖူးတာ မဟုတ်ဘဲနှင့် စေတီတခုခုကို ဖူးတယ်ဆိုလျှင်တော့ စေတိယဒဿန စေတီတော်ကို ဖူးတယ်လို့သာ ခေါ်ပါတယ်၊ သီဟိုဠ်ကျွန်းမှာ မဟာစေတီကြီး သွားပြီး ဖူးလို့ရှိလျှင် စေတိယ ဒဿနပါဘဲ၊ ထူပါရုံ စေဘီတော်သွားပြီး ဖူးလျှင်လဲ စေတိယဒဿနပါဘဲ၊ စေတီကို ဖူးတယ်လို့သာ သုံးပါတယ်၊ ပါဠိမှာ အဲဒါမျိုးကို ဘုရားဖူးတယ်လို့ မသုံးပါဘူး။

ဒါပေမယ်လို့ ဗမာပြည်မှာ တွင်နေတဲ့ ဝေါဟာရကတော့ စေတီနှင့် ဘုရားကို အတူတူ လုံးပြီးတော့ ခေါ်ထားပါတယ်၊ ဒါကလေးလဲ မှတ်သားစရာကလေး တခုပါဘဲ၊ တချို့က အရိုးအိုး စေတီကိုတောင်မှ အရိုးအိုးဘုရား

လို့ ခေါ်ကြပါသေးတယ်၊ စေတီဆိုလျှင် ဘုရားဘဲလို့ ခေါ်နေကြပါတယ်၊ အဲဒီ ဝေါဟာရကတော့ ရှေးရှေးကတည်းက စပြီး အများက ပြောနေကြလို့ ပြင်ဘို့ရာတော့ ခဲယဉ်းပါတယ်၊ သို့သော်လဲ နားလည်ထားဘို့တော့ လိုတယ်၊ စေတီဆိုတာက စေတီပါ၊ ဘုရား မဟုတ်ပါဘူး၊ ဘုရားဆိုတာက ဘုရားပါ၊ စေတီ မဟုတ်ပါဘူး၊ တခြားစီပါ၊ ဘယ်လိုလဲဆိုလျှင် ဗုဒ္ဓဘုရားဆိုတာက သက်တော်ထင်ရှား ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ ဘုရားအစစ် ဖြစ်ပါတယ်၊ စေတီဆိုတာက အဲဒီဘုရားကို အကြောင်းပြုပြီး တယ်ထားတဲ့ စေတီသော်လဲ ဖြစ်မယ်၊ သို့မဟုတ် ရဟန္တာပုဂ္ဂိုလ်တွေ၏ ဓာတ်တော်တွေကို ဌာပနာပြီး တည်ထားတဲ့ စေတီသော်လဲ ဖြစ်မည်၊ သို့မဟုတ် ဘုရား၏ ရုပ်ပုံတော်တွေ ဥဒ္ဒိဿစေတီတော်တွေ ဒီလိုသော်လဲ ဖြစ်မည်၊ ဒီ့ပြင် ပရိဘောဂ စေတီတို့ ဓမ္မစေတီဘို့ ဒီလိုစေတီတွေ အမျိုးမျိုးလဲ ရှိပါသေးတယ်၊ ယခုကာလမှာ ဆိုလို့ရှိလျှင် သီလ သိက္ခာနှင့် ပြည့်စုံတဲ့ ကြည်ညိုဘွယ်ဂုဏ်နှင့် ပြည့်စုံတဲ့ ဆရာတော်ကြီးများရဲ့ အရိုးတွေ ဌာပနာပြီး တည်ထားတာတွေလဲ ရှိပါတယ်၊ အဲဒါတွေလဲ စေတီပါဘဲ၊ စေတီဆိုတာက ဘုရားမဟုတ်ပါဘူး၊ တခြားပါ။

ဒီနေရာမှာ ဘုရားဖူးတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေက စေတီကို သွားပြီး ရှိခိုးတော့လဲ သက်တော်ထင်ရှား ဂေါတမမြတ်စွာဘုရားကိုဘဲ အာရုံပြုပြီး ရှိခိုးတာ မဟုတ်လား လို့ ဒီလို မေးစရာ ရှိပါတယ်၊ အဲဒါကတော့ မှန်ပါတယ်၊ ဗဟုသုတရှိတဲ့ပုဂ္ဂိုလ်တွေ ဘုရားဖူးကြတယ်ဆိုလျှင် စေတီတော်အနီးသွားပြီး ရှိခိုးတဲ့အခါမှာ အရဟံ အစရှိသော ဂုဏ်တော်တွေနှင့် ပြည့်စုံတော်မူတဲ့ ရှေးနှစ်ပေါင်း ၂၅၀၀-ကျော် ကာလက လောကမှာ ပွင့်ထွန်းပြီးတော့ ၄၅-နှစ် ပတ်လုံး တရားတော်တွေကို ဟောကြားပြီး သွားတဲ့ ဘုရားစင်စစ်ကို အာရုံပြုပြီး ရှိခိုးကြတာ မှန်ပါတယ်။

"ဒီလိုဆိုလျှင်ဖြင့် စေတီကို သွားပြီး ရှိခိုးတာလဲ ဘုရားဖူးတာဘဲ မဟုတ်ပါလား"လို့ ဒီလို ထပ်ပြီး စောဒက တက်စရာ ရှိပါတယ်၊ ဒါပေမဲ့ ဘုရားကို အာရုံပြုတာနှင့် စေတီတော်ဆီ သွားတာဟာ တခြားစီပါဘဲ၊ အာရုံပြုတာကတော့ စေတီရှိရာကို မသွားဘဲနှင့်လဲ ပြီးနိုင်ပါတယ်၊ ကိုယ့်နေရာကဘဲ နေပြီးတော့ နှစ်ပေါင်း ၂၅၀၀-ကျော်က ပွင့်တော်မူခဲ့တဲ့ ဂေါတမဘုရားကို အာရုံပြုပြီး ရှိခိုးလိုက်လျှင်လဲ ဖြစ်ထာပါဘဲ၊ သို့ပေမဲ့ အဲဒါကိုတော့ ဘုရားဖူးတယ်လို့ မခေါ်ကြပြန်ဘူး၊ ဘုရားအာရုံပြုတယ်လို့သာ ခေါ်ကြပြန်တယ်။

အမှန်မှာတော့ စေတီတော်သွားပြီး ဖူးတာကို စေတိယဒဿန-စေတီကို ဖူးတယ်လို့ ပြောမှ မှန်ပါတယ်၊ ဘုရားဖူးတယ်လို့ ပြောလျှင် တိုက်ရိုက်အားဖြင့် ဖြင့် မမှန်ပါဘူး၊ ဒီနေရာမှာ "အဋ္ဌကထာက ဗုဒ္ဓဒဿန-ဘုရားဖူးတာကိုတော့ မပြဘဲ ဘာကြောင့် စေတိယဒဿနကိုသာ ပြပါသလဲ"လို့ ဆိုလျှင် အဋ္ဌကထာ ဆရာများ လက်ထက်မှာ သက်တော်ထင်ရှား ဘုရားက မရှိတော့တဲ့ အတွက် ကြောင့်ပါဘဲ၊ အကယ်၍သာ ဒီအဋ္ဌကထာကို ရေးစဉ်က သက်တော်ထင်ရှား ဘုရားရှိနေသေးလျှင် ဗုဒ္ဓဒဿန-ဘုရားဖူးခြင်းလို့ ဒီပုဒ်ကို ပဌမ ရေးပြီးတော့မှ စေတိယဒဿန-စေတီကို ဖူးခြင်းလို့ ဒီလို အစဉ်အတိုင်း ရေးသွားမှာပါဘဲ၊ ယခုတော့ ဒီအဋ္ဌကထာကို ရေးတဲ့အခါမှာ ဘုရားပရိနိဗ္ဗာန်စံပြီးလို့ နှစ်ပေါင်း ၉၇၅-နှစ်လောက် ရှိနေပါပြီ၊ ဒါကြောင့် အဲဒီအခါမှာ စေတီလောက်သာ ရှိလို့ ဒီမှာ စေတိယဒဿန- စေတီကို ဖူးခြင်းလို့ ဒါလောက်သာ ရေးခဲ့ခြင်း ဖြစ်ပါတယ်။

ပြီးတော့ ဗောဓိပင်ကို သွားပြီး ဖူးခြင်း သံဃာတော်ကို သွားပြီး ဖူးခြင်း မထေရ်ကြီးများကို သွားပြီး ဖူးခြင်း အသုဘရှုခြင်း အဲဒီကိစ္စတွေအတွက် သွားလိုရှိလျှင် ဒါတွေလဲ အကျိုးရှိနေတာပါဘဲတဲ့၊ သွားကောင်းတယ်လို့ ဆိုလိုပါတယ်၊ ဘယ်လို အကျိုးရှိသတုံးဆိုတော့ အကျိုးရှိပုံကလေးကိုလဲ ထုတ်ပြတားပါတယ်။

## ဘုရားအာရုံပြုသည့် ပီတိ

စေတီတော်နှင့် ဗောဓိပင်များကို ဖူးပြီးတော့ နှစ်ပေါင်း ၂၅၀၀-ကျော်က လောကမှာ ပွင့်ထွန်းတော်မူခဲ့သော မြတ်စွာဘုရား၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၊ ခပ်သိမ်းသော တရားတွေကို မဖောက်မပြန် မိမိကိုယ်တိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်၍ သိတော်မူသော မြတ်စွာဘုရား၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ ကောင်းသော သော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်သိတော်မူသော မြတ်စွာဘုရား စသည်ဖြင့် ဘုရားရဲ့ ဂုဏ်တော်တွေ အာရုံပြုပြီး ပီတိ ဖြစ်ပါတယ်၊ "ဒို့ကိုးကွယ်တဲ့ မြတ်စွာဘုရားဟာ ဒီလို ဒီလို ဂုဏ်တော်တွေနှင့် ပြည့်စုံတော်မူပါပေတယ်၊ လောကမှာ

သတ္တဝါတွေက လောဘတွေ ဒေါသတွေ မောဟတွေ များပြီးတော့ နေတယ်၊ ငါတို့၏ မြတ်စွာဘုရားမှာ လောဘ ဒေါသ မောဟတွေ လုံးလုံးကင်းတော်မူပါပေတယ်”စသည်ဖြင့် ဒီလို အာရုံပြုလိုက်တဲ့ အခါမှာ ဗုဒ္ဓါရမ္မဏပီတိ-ဘုရားကို အာရုံပြုပြီး ပီတိ ဖြစ်ပါတယ်တဲ့။

သံဃာတော်တွေ ဖူးမြင်ရတဲ့ အခါမှာလဲ ယခု ဆဋ္ဌသံဂါယနာ ပဌမသန္နိပါတ ဒုတိယ သန္နိပါတ စသည်တုန်းကလို အခါမျိုးမှာ သံဃာတော်ကို အာရုံပြုပြီး ကြည်ညိုသဒ္ဓါ ဖြစ်ကြပါတယ်၊ ယခုလဲ ဒီလို အာရုံပြုပြီး ကြည်ညိုတာတွေ ရှိကြမှာပါဘဲ၊ ထူးတာကတော့ သံဃာတော်တွေကို အမြောက်အမြား တွေ့မြင်ရလျှင် လူတွေမှာ သဒ္ဓါတရားတွေသာပြီး ဖြစ်တတ်ပါတယ်၊ ပီတိတွေ တနုန့်နုန့်နှင့် ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် သံဃာတော်ကို ဖူးမြင်ရတဲ့ အခါမှာလဲ သံဃာဂုဏ်ကို အာရုံပြုပြီး ပီတိ ဖြစ်တတ်ပါတယ်တဲ့။

ဒီ ပီတိကလဲ ထက်ထက်သန်သန် ဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်မှ သာပြီးတော့ သဘောပေါက်တတ်ပါတယ်၊ တရားအားထုတ်လို့ရှိလျှင် ဗုဒ္ဓါနုဿတိ ဘာဝနာတွေ ပွါးများတဲ့ ပုဂ္ဂိုလ်မှာလဲ ဒီပီတိက ဖြစ်ပါတယ်၊ ဝိပဿနာ ရှုတဲ့အခါမှာလဲ ဒီပီတိက ဖြစ်ပါတယ်၊ ကိုယ့်ကိုယ်မှာ ဖြစ်မှ ဘယ်လိုဟာကလေးလဲဆိုတာ သေသေချာချာ သိရပါတယ်၊ ပီတိဆိုတာ အတော်ထူးတဲ့ သဘောကလေးပါဘဲ။

## ပီတိကို ဝိပဿနာရှု

အဲဒီ ပီတိ ဖြစ်တဲ့အခါမှာ ဝိပဿနာရှုနည်း မရှိလျှင်တော့ ပီတိကုသိုလ်လောက်နှင့် ပြီးဆုံးသွားတော့တာပါဘဲ၊ ဝိပဿနာ လုပ်ငန်းစဉ် ရှိနေလျှင်တော့ အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်တယ်ဆိုတာကို ဒီမှာ ပြထားပါတယ်။

ပီတိံ ဥပ္ပါဒေတွာ တဒေဝ ခယတော ဝယတော သမ္မသန္တော အရဟတ္တံ ပါပုဏာတိ တဲ့၊ ဒါဟာ အဋ္ဌကထာဆရာက သာတ္ထကသမ္ပဇဉ်ကို ပြရင်း ဝိပဿနာရှုပုံကိုပါ ထည့်ပြီးတော့ ပြောသွားတဲ့ စကားဖြစ်ပါတယ်၊ မှတ်သားစရာ သိပ်ကောင်းပါတယ်။

ပြောလိုရင်းကတော့ စေတီကို ဖူးမျှော်ရာမှာ ရနိုင်တဲ့ အကျိုးက ကုသိုလ်ဖြစ်တာရယ်၊ အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်တာရယ် ဒီလို နှစ်မျိုး

ရှိပါတယ်၊ အဲဒီ နှစ်မျိုးထဲက အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်တယ်ဆို ရာမှာ ဘယ်ပုံ ဘယ်နည်းဖြင့် ရောက်သွားတယ်ဆိုတာကိုလဲ ဖော်ပြဖို့ လိုပါ တယ်၊ ဒါကြောင့် ပီတိ ဉပ္ပါဒေတွာ၊ ပီတိကို ဖြစ်စေ၍ စသည်ဖြင့် ဒီမှာ ပြထားပါတယ်။

အဲဒီလို ပီတိဖြစ်နေတဲ့ အခါမှာ နီဝရဏတွေ ကင်းစင်ပြီးတော့ စိတ္တ ဝိသုဒ္ဓိလဲ ပြည့်စုံနေပါတယ်၊ ဒါကြောင့် ဖြစ်ပေါ်လာတဲ့ အဲဒီပီတိကိုလဲ "နှစ် သိမ့်တယ်၊ အားရတယ်၊ သဘောကျတယ်၊ ဝမ်းမြောက်တယ်၊ တက်ကြွတယ်" စသည်ဖြင့် သူဖြစ်တဲ့အတိုင်း ရှုလိုက်လျှင် အဲဒီ ပီတိကလေးဟာ ဖြစ်ပြီးရင်း ပျောက်သွားရင်း ဖြစ်ပြီးရင်း ပျောက်သွားရင်းနှင့် တပိုင်းစီ တပိုင်းစီ ပြတ် ပြတ်ပြီး ထင်ပေါ်လာပါတယ်။

အဲဒီလို မရှုဘဲနှင့် ပကတိအတိုင်း နေလျှင်တော့ အဲဒီ ပီတိရော ပီတိနှင့် တွဲဖြစ်နေတဲ့ စိတ်တွေရော အဲဒါတွေ အားလုံးကို တစိတ်ထည်းဘဲလို့သာ ထင်မှတ်သွားပါတယ်၊ ဒါကြောင့် ဝိပဿနာမရှုနိုင်တဲ့ ပကတိ လူတွေမှာ "စိတ်ဟာ ငယ်ငယ်ကတည်းက ယခုထက်ထိ တစိတ်တည်းဘဲ"လို့ ထင်မှတ်နေ ကြပါတယ်၊ "မနေ့ကစိတ်လဲ ဒီစိတ်ဘဲ၊ ယနေ့စိတ်လဲ ဒီစိတ်ဘဲ၊ နောက်နေ့တွေ မှာလဲ ဒီစိတ်ဘဲ၊ တသက်လုံး တဘလုံး ဒီတစိတ်တည်းဘဲ"လို့ ထင်မှတ်နေကြ ပါတယ်၊ "သူကဘဲ မြင်တယ်၊ သူကဘဲ ကြားတယ်၊ သူကဘဲ စဉ်းစားတယ်၊ ငါတယောက်တည်းကဘဲ ဘိနေတယ် လုပ်နေတယ်"လို့ ထင်မှတ်နေကြပါ တယ်၊ အမှန်မှာ တော့ ဒီလို မဟုတ်ပါဘူး၊ စိတ်ကလေးတွေကလဲ တစိတ်ချင်း ဖြစ်နေတာပါ၊ အဲဒီစိတ်တွေနှင့် တွဲပြီးဖြစ်တဲ့ ပီတိကလေးတွေကလဲ တခုချင်း ဘဲ ဖြစ်နေတာပါ၊ ဒါပေမဲ့ သူ့ကို မရှုနိုင်လျှင်တော့ ဒီပီတိကလဲ ငါးမိနစ် ဆယ်မိနစ် စသည်ဖြင့် တကြိမ်တည်းဘဲ မြဲဘည်နေသလို ထင်ရပါတယ်၊ ဖြစ် ပေါ်ခိုက်မှာ စူးစိုက်ပြီးတော့ "နှစ်သိမ့်တယ်၊ နှစ်သိမ့်တယ်၊ သဘောကျတယ်၊ သဘောကျတယ်" စသည်ဖြင့် ဒီပီတိကို ရှုလိုက်လျှင်တော့ သမာဓိဉာဏ်ကလဲ အားရှိပြီး မဂ်ဖိုလ်ကို မြန်မြန်ရောက်မည့် ပုဂ္ဂိုလ်ဆိုလျှင်ပေါ့လေ အဲဒီလို ရှုလိုက်တာနှင့် တခါတည်း တပိုင်းစီ တပိုင်းစီ ပြတ်ပြတ်ပြီး ထင်ပေါ်လာပါ တယ်။

အဲဒီလို တပိုင်းစီ ပြတ်ပြတ်ပြီး ထင်လာတော့ ချက်ခြင်းဘဲ ကုန်ကုန် သွားဘာ ပျောက်ပျက်သွားတာကို ထင်ရှားတွေ့နေပါတယ်၊ ဒါကြောင့် ကုန်

ကုန် သွားလို့ မမြဲဘူးဆိုတဲ့ အနိစ္စလက္ခဏာဟာ သူ့အလိုလိုဘဲ ထင်ရှား ပေါ်လာပါတယ်၊ ဒီလို အနိစ္စ ထင်လျှင် ဒုက္ခ အနတ္တ လက္ခဏာတွေလဲ ထင်ပြီး တော့ ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း အပြည့်အစုံ ဖြစ်ပြီး အဲဒီ တခဏ ကလေး အတွင်းမှာပင် အရဟတ္တဖိုလ်ကို ရောက်သွားနိုင်ပါတယ်တဲ့၊ ဒါကြောင့် ပီတိံ ဥပ္ပါဒေတွာ၊ ဘုရားဂုဏ်ကို အာရုံပြုလျက် နှစ်သိမ့်အားရမှု ပီတိကို ဖြစ်ပေါ်စေပြီးလျှင်။ တဒေဝ၊ ထိုပီတိကိုပင်လျှင်။ ခယတော၊ ကုန်ကုန်သွား သည်ဟု။ ဝယတော၊ ပျောက်ပျက်သွားသည်ဟု။ သမ္မသန္တော၊ ရှုမှတ် သုံး သပ်လျက်။ အရဟတ္တံ ပါပုဏာတိ၊ အရဟတ္တဖိုလ်သို့ ရောက်သွားပါတယ်တဲ့။ ဒါဟာ စေတီကို ဖူးမျှော်ခြင်း၏ အကျိုးပါဘဲတဲ့။

ရှေးက ဥပစာရသမာဓိ အခြေခံပြီး မဂ်ဖိုလ်ရောက်သွားကြတယ်ဆိုတာ ဟာ ဒီနည်းချည်းပါဘဲ၊ ဒီလို ဖြစ်ပေါ်လာတဲ့ ပီတိကို ရှုရင်း တခဏကလေး အတွင်း ရောက်သွားကြတာချည်းဘဲ၊ ကျမ်းဂန်များမှာ ထင်ရှားပါတယ်။

မြတ်စွာဘုရား တရားဟောတော်မူတဲ့အခါ ဂါထာကလေးတပုဒ်၏ အ ဆုံးမှာပင် သောတာပန် ဖြစ်သွားပါတယ်၊ သကဒါဂါမ် အနာဂါမ်တွေ ဖြစ် သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်၊ သတ္တဝါပေါင်း ရှစ်သောင်း လေးထောင် အကျွတ်တရား ရသွားတယ်၊ မည်ရွေ့ မည်မျှ ကျွတ်သွားတယ် စသည်ဖြင့် ဒီသို့ ပြဆိုထားထာတွေ ရှိပါတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေမှာ ပါရမီထူး ရှိသူများ ဖြစ်တဲ့အတွက် တရားနာနေရင်း ထင်ရှားတဲ့ ရုပ်နာမ်ကို ရှုပြီးတော့ ဝိပဿနာ ဉာဏ်စဉ်များ တခဏချင်း ဖြစ်ပေါ်ပြီး မဂ်ဖိုလ်ကို ရောက်သွားကြတယ်လို့ မှတ်ယူရပါတယ်၊ အဲဒီအထဲက တချို့ပုဂ္ဂိုလ်တွေမှာ ဘုရား တရား ကို အာရုံ ပြုပြီး ဖြစ်ပေါ်လာတဲ့ ပီတိကလေးကို ရှုပြီးတော့ ဝိပဿနာ ဉာဏ် တခဏချင်း အစဉ်အတိုင်း ဖြစ်ပြီး မဂ်ဖိုလ်ကို ရောက်သွားကြပါတယ်၊ အဲဒီလို ရောက် သွားကြတာက တော့ ဘုရားဖူးခြင်း တရားနာခြင်းများ၏ အကျိုးဖြစ်ပါတယ်၊ ဒီအကျိုးကတော့ ဒီအင်္ဂုတ္တရက ပြထားတာ မဟုတ်ပါဘူး၊ စေတီဖူးတာနှင့် စပ်ဆိုင်နေလို့ ဒီနေရာမှာ ထည့်သွင်းပြီး ဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။

ပြီးတော့ သံဃာတော်ကို ဖူးမျှော်တဲ့အခါမှာလဲ စေတီကို ဖူးမျှော်ရမှာ လိုဘဲ ကုသိုလ်လဲ ဖြစ်ပါတယ်၊ ပီတိ ဖြစ်ပြီးတော့ အဲဒီ ပီတိကို ရှုလျှင် အရဟတ္တ ဖိုလ်တိုင်အောင် လဲ ရောက်သွားနိုင်ပါတယ်တဲ့။

ပြီးတော့က မထေရ်ကြီးများကို ဖူးမျှော်တဲ့အခါမှာလဲ အဲဒီ မထေရ်ကြီးများရဲ့ အဆုံးအမ သြဝါဒမှာ တည်ပြီးတော့ ခယ ဝယ ကုန်ခြင်း ပျက်ခြင်း အနိစ္စ လက္ခဏာ စသည်ဖြင့် ရုပ်တရား နာမ်တရားတွေကို ရှုပြီး အရဟတ္တဖိုလ် ရောက်နိုင်ပါတယ်တဲ့၊ ဒါကြောင့် ထေရေ ဒိသွာ တေသံ သြဝါဒေ ပတိဋ္ဌာယ စသည်ဖြင့် မိန့်ဆိုထားပါတယ်၊ အဲဒီမှာ ပတိဋ္ဌာယ တည်ပြီး၍ ဆိုတဲ့ ပုဒ်ကို ခယတော ဝယတော သမ္မသန္တော၊ ကုန်သည်ဟု ပျက်သည်ဟု ရှုလျက်ဆိုတဲ့ နောက်နားက ပုဒ်ကို ခုန်ကျော်ပြီး စပ်ရပါတယ်၊ ဒီလို စပ်ယူမှ မထေရ်ကြီးများ၏ အဆုံးအမမှာ တည်ပြီးတော့ ကုန်သည် ပျက်သည်ဟု အရဟတ္တဖိုလ်သို့ ရောက်တယ်ဆိုတဲ့ အနက်ကို အပြည့်အစုံ ရပါတယ်။

ဒီအကျိုးပြ စကားကတော့ မထေရ်ကြီး ဖြစ်နေကြတဲ့ ဘုရားတပည့်တော်တို့ အပေါ်လဲ ကျရောက်လာပါတယ်၊ မထေရ်ကြီး ဖြစ်နေကြတဲ့ ဘုရားတပည့်တော်တို့မှာ မိမိတို့ထံ ယုံကြည်အားကိုးပြီး လာရောက်ကြတဲ့ ရဟန်းရှင် လူ ပုဂ္ဂိုလ်များအား မဂ်ဖို ရောက်ကြောင်း နည်းလမ်းကောင်း သြဝါဒများကို ပေးဘို့ရန် တာဝန်ကျနေပါတယ်၊ သို့မှ ဒီအဋ္ဌကထာနှင့်အညီမထေရ်ကြီးများကို ဖူးရတဲ့ အကျိုး ပြည့်စုံနိုင်ပါမယ်။

ပြီးတော့ အသုဘံ ဒိသွာ တတ္ထ ပဌမဇ္ဈာနံ ဥပ္ပါဒေတွာ တဒေဝ ခယတော ဝယတော သမ္မသန္တော အရဟတ္တံ ပါပုဏာတိ လို့ မိန့်ဆိုပြန်ပါတယ်၊ အသုဘရှုလျှင်လဲ အဲဒီ အသုဘအာရုံမှာ ပဌမစျာန်ကို ရနိုင်ပါတယ်တဲ့၊ ယခုကာလမှ လူတွေရော ရှင်ရဟန်းတွေရော မသာအိမ်တို့ သုသာန်တို့ စပ်ရာဆိုင်ရာကို အသုဘရှု သွားကြတာတွေကတော့ တကယ် အသုဘရှုဘို့ဆိုတာကို သတိရတာက နည်းပါလိမ့်မည်၊ မလွဲမကင်းသာလို့ အမှတ်တမဲ့ သွားကြတာတွေကသာ များနေပုံ ရပါတယ်၊ ယခု ဒီမှာပြတာကတော့ အသုဘအလောင်းကောင်ကို သေသေချာချာကြည့်ပြီး ကမ္မဋ္ဌာန်းအနေနှင့် ရှုတာကို ပြထားတာ ဖြစ်ပါတယ်။

အဲဒီလို အသုဘကို ရှုလျှင် ပဌမစျာန်ကို ရောက်နိုင်ပါတယ်တဲ့၊ အဲဒီစျာန်ဆိုဘာ ကလဲ ခုနက ပြောခဲ့ဘဲ့ ပီဘိကလေးမျိုးပါဘဲ၊ ထူးတာကတော့ သူက အာရုံထဲမှာ သက်ဝင်ပြီး တည်နေသလို စူးစိုက် တည်ကြည်တဲ့ အင်အားကောင်းတာလောက်ဘဲ ထူးပါတယ်၊ တခုချင်း ဖြစ်ပျက်နေပုံကတော့ အတူတူပါဘဲ၊ ဒါကြောင့် အသုဘရှုပြီးတော့ စျာန်ရောက်သွားလျှင်

အဲဒီစျာန်စိတ်ကလေးကိုဘဲ ရှုလိုက်တော့ "ကုန်သွားတယ်၊ ပျက်သွားတယ်၊ အနိစ္စ ဒုက္ခ အနတ္တဘဲ"လို့ တွေ့မြင်ပြီး အရဟတ္တဖိုလ် ရောက်နိုင်ပါတယ်တဲ့။

ဒါကြောင့် အဲဒီ စေတီတော်ကို သွားပြီး ဖူးတာ ဗောဓိပင်ကို သွားပြီး ဖူးဘာ သံဃာတော်နှင့် မထေရ်ကြီးများကို သွားပြီး ဖူးတာ အသုဘရှုတာ ဒါတွေဟာ အကျိုးရှိတယ်လို့ ဆိုပါတယ်၊ သာတ္ထကပါဘဲတဲ့၊ ဒီတော့ ဒီလို ကိစ္စမျိုးဆိုလျှင် သွားပေတော့လို့ ဒါကို အင်္ဂုတ္တိုရ်ကထာ ဆရာက ခွင့်ပြုပါတယ်။

## ကေစိဝါဒ မဆိုးလှ

ယခု ပြောခဲ့ဘဲ့ စကားတွေကတော့ ရှေးမဟာအင်္ဂုတ္တိုရ်ကထာက လာတဲ့ စကားတွေလို့ ယူရပါတယ်၊ အဲဒီက နောက်နားမှာ ကေစိ ပန စသည်ဖြင့် ကေစိဝါဒကလေးကိုလဲ ဆက်ပြီး ပြထားပြန်ပါတယ်၊ ဒီ ကေစိဝါဒကလေးက လဲ စဉ်းစားစရာ ကောင်းပါတယ်။

ကေစိ ပန၊ အချို့ဆရာတို့သည်ကား။ အာမိသတောပိ ဝုဍ္ဎိ၊ အာမိသ အားဖြင့် ကြီးပွါးခြင်းသည်လည်း။ အတ္ထာဝဟေဝ၊ အကျိုးပင်တည်း။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူ။ တံ နိဿာယ၊ ထိုအာမိသကိုမှီ၍။ ဗြဟ္မစရိယာ-နုဂ္ဂဟာယ ပဋိပန္နတ္တာ၊ မြတ်သောအကျင့်ကို ချီးမြှောက်ရန် ကျင့်သုံးရသော ကြောင့်ပင်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြ၏ တဲ့။

ဒီနေရာမှာ အာမိသ ဆိုတာဟာ ပစ္စည်းပင် ဖြစ်ပါတယ်၊ သင်္ကန်း ဆွမ်း ကျောင်း ဆေး ဆိုတဲ့ ပစ္စည်းလေးပါးဟာ ရဟန်းတော်များ၏ အာမိသ ဖြစ်ပါတယ်၊ ရွှေ ငွေ ဆန် စပါး အစရှိသော ပစ္စည်း ဥစ္စာတွေဟာ လူတို့၏ အာမိသဖြစ်ပါတယ်၊ အဲဒီလို မိမိတို့နှင့် ဆိုင်တဲ့ ပစ္စည်းတွေ ရမည့်ကိစ္စဆိုလျှင် အကျိုးရှိတဲ့ကိစ္စ သွားကောင်းတဲ့ ကိစ္စပါဘဲလို့ ကေစိဆရာတို့က ဆိုကြပါသတဲ့ ဘုရား၊ ဘာကြောင့်လဲဆိုတော့ "သင်္ကန်း ဆွမ်း စသော ပစ္စည်းကို မှီပြီးတော့ တရားအားထုတ်ရလို့ပါ" လို့ အကြောင်းလဲ ပြထားပါတယ်။

ဒီကိစ္စဟာ ယူသင့်သလား မယူသင့်ဘူးလားလို့ စဉ်းစားစရာပါဘုရား၊ ရှေ့က ပြောလာတာတွေကတော့ ကုသိုလ်ရတာနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်တာ ဆိုတဲ့ အကျိုးတွေကိုသာ ပြောလာခဲ့ပါတယ်၊ ယခု ဒီ ကေစိဝါဒ ကတော့ ပစ္စည်းလေးပါးနှင့် လာဘ်လာဘတွေ ရတာဟာလဲ အကျိုးဘဲလို့ ပြောပါ တယ်၊ ဒါဟာ စဉ်းစားစရာပါဘဲ။

အဲဒီမှာ သူကအကြောင်းလဲပြထားပါတယ်၊ တံနိဿာယ ပြဟ္မစရိယာ နုဂ္ဂဟာယ ပဋိပန္နတ္တာတဲ့၊ အဲဒီပစ္စည်းလေးပါး အာမိသကို မှီပြီးတော့ကာ မြတ်သောအကျင့်ကို ချီးမြှောက်နိုင်ဘို့ရာ ကျင့်ခြင်းဖြစ်နိုင်ပါတယ်တဲ့၊ မဂ် ဖိုလ်နိဗ္ဗာန်ရောက်အောင် ကျင့်ဘို့ရာဖြစ်သွားပါတယ်တဲ့၊ ဒါကြောင့် ဒီဝါဒက ကောစိဆိုပေမယ့်လို့ မှတ်သားရမည့် ဝါဒ ဖြစ်နေပါတယ်၊ ဘာပြုလို့တုံး ဆိုလျှင် ခန္ဓာဝန်ရှိနေတဲ့ ပုဂ္ဂိုလ်တွေမှာ မလွဲမကင်းသာတဲ့ ပစ္စည်းလေးပါးဟာ မရှိလျှင် မဖြစ်ပါဘူး၊ ရဟန္တာ ပုဂ္ဂိုလ်ကြီးတွေတောင် ဆွမ်းခံချိန်ကျလျှင် ဆွမ်းခံကိစ္စ သွားကြရပါတယ်၊ အဲဒီတော့ အဘိက္ကန္တေ ပဋိက္ကန္တေ-ရှေ့သို့ သွား သည်ရှိသော် နောက်သို့ ဆုတ်သည်ရှိသော် အကျိုးရှိမှ သွားရမယ် ဆိုတဲ့ ခုနက စကားတွေအရနှင့်၊ စေတီဖူးမျှော်လျှင်သွားတော့၊ ဗောဓိပင် ဖူးမျှော် လျှင် သွားတော့၊ သံဃာတော်များ မထေရ်ကြီးများ ဖူးမျှော်လျှင် သွား တော့၊ အသုဘရှုဆိုလျှင်သွားတော့၊ ဒီလိုကိစ္စသာ သွားရမည်၊ ဒီ့ပြင် ပစ္စည်းလေးပါးနှင့် စပ်ဘဲ့ကိစ္စကျတော့ မသွားရဘူးလို့ ပိတ်လိုက်လို့ ရှိလျှင် ဆွမ်းခံလဲ မသွားရဘူးလို့ အဓိပ္ပါယ်ရောက်လာပါလိမ့်မည်၊ သက်န်းကျောင်း ဆေး အစရှိသော ပစ္စည်းဘွေကို ရဘို့ကိစ္စအတွက်လဲ မသွားကောင်းဘူးလို့ ရောက်လာပါလိမ့်မည်၊ ဒီလိုမသွားဘဲနေလို့ရှိလျှင် ဆွမ်းမစားဘဲ နေရမလို ဖြစ်နေပါလိမ့်မည်၊ တရားလဲ အားထုတ်ဘို့ရန် လမ်းပိတ် သွားပါလိမ့်မည်၊ ဒါကြောင့် ဒီဝါဒက ကောစိဆိုပေမယ်လို့ မှတ်သားရမည့် ဝါဒ ဖြစ်နေပါတယ်၊ ပြီးတော့ ဒီကောစိဝါဒဟာ နောက်နားက သဃာဋိပတ္တစီဝရဓာရဏေ ပုဒ်၏ အဖွင့် မဟာအဋ္ဌကထာဝါဒနှင့်လဲ ညီနေပါတယ်၊ အဲဒီမှာတော့ နိဝါသေတွာ၊ သင်းပိုင်ကို ဝတ်၍။ ပါရုပိတ္ဝာ၊ ကောသီသက်န်းကြီးများကိုရုံ၍။ ပိဏ္ဍာယ စရတော၊ ဆွမ်းခံသွားသော ရဟန်း၏။ အာမိသလာဘောစ၊ ဆွမ်းအာမိသ ကို ရခြင်းသည်လည်း။ အတ္တောနာမ။ အကျိုးမည်၏လို့ ဆိုထားပါ တယ်။ ဒါကြောင့် အရှင်မဟာဗုဒ္ဓဃောသက ဒီနေရာမှာမူလအဋ္ဌကထာက ပြဆိုမထားပေမယ်လို့ သင့်လျော်တဲ့အတွက် ဒီကောစိဝါဒကို ထည့်သွင်း ပြသွား တယ်လို့ ယူသင့်ပါတယ်။

အနည်းငယ်ထပ်ပြီး ရှင်းပြလိုပါသေးတယ်၊ ခန္ဓာ ဝန် မကင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာ ခန္ဓာဝန်နှင့် စပ်ဘဲ့ အသုံးအဆောင် ပစ္စည်းတွေကို ရှာမှီး ရတာဟာ မလွဲမရှောင်သာတဲ့ ကိစ္စဖြစ်ပါတယ်၊ ဒီလိုကိစ္စအတွက်လဲ သွားမှ

ဘဲ ဖြစ်ပါမည်၊ ဒါကြောင့် ဆွမ်းခံချိန်ကျလို့ ဆွမ်းခံသွားချင်တဲ့ စိတ် ဖြစ်ပေါ်လာလျှင် အကျိုးရှိသလား မရှိဘူးလားလို့ စဉ်းစားရပါလိမ့်မည်၊ စဉ်းစားတော့ကာ မူလအဋ္ဌကထာ အရ စေတီတော် ဖူးမျှော်ဘို့လဲမဟုတ်၊ ဗောဓိပင်ဖူးမျှော်ဘိလဲမဟုတ်၊ သံဃာတော်များ မထေရ်ကြီးများဖူးမျှော်ဘို့လဲမဟုတ်၊ အသုဘရှုဘို့လဲမဟုတ်တော့ အဋ္ဌကထာကခွင့်ပြုတဲ့ စာရင်းထဲမှာ မပါဘဲဖြစ်နေပါတယ်၊ ဒီလိုမပါပေမယ်လို့ ဒီဆွမ်းခံကတော့ မသွားဘဲနေလို့ မဖြစ်ဘူးဘူး၊ သွားရမှာပါဘဲ၊ သွားလဲ သွားနေကြတာပါဘဲ၊ ဒါကြောင့် ဒီလိုဆင်ခြင်ရပါလိမ့်မည်၊ ဆွမ်းခံသွားလျှင် ဆွမ်းရလာမည်၊ ဆွမ်းရလာလျှင်အချိန်မှီ ဆွမ်းဘုဉ်းပေးရမည်၊ ဆွမ်းဘုဉ်းပေးပြီးတော့ တရားအားထုတ်ရမည်၊ အဲသလို အကျိုးတွေရလာပါတယ်၊ ဒါကြောင့်မို့လို့ ဒီ ကေစိဝါဒဟာမှတ်ရမည့်ဝါဒဘဲလို့ လျှောက်ထားရခြင်း ဖြစ်ပါတယ် ဘုရား။

ပြီးတော့ လူဆိုလို့ရှိလျှင်လဲ လူ့အလိုက် လူနှင့် ဆိုင်တဲ့ **အာမိသတွေ** ရှိပါတယ်၊ အဲဒီအာမိသတွေအတွက်လဲ အကျိုးရှိတဲ့ အမှုတွေ ဆိုလျှင် သွားကောင်းတယ်လို့ ယူရမှာပါဘဲ၊ ယခုပြောခဲ့တာဟာ သာတ္ထကသမ္ပဇဉ်ဖြစ်ပါတယ်။

## သပ္ပါယသမ္ပဇဉ်

သပ္ပါယသမ္ပဇဉ်မှာတော့ အဲဒီလို သွားကောင်းတဲ့ ကိစ္စဖြစ်ပေမယ်လို့ သွားလို့ရှိလျှင် တော်မှာလား မတော်ဘူးလား ဆိုတာကိုလည်း စဉ်းစားရဦးမည်တဲ့၊ ဘုရားဖူးတယ်ဆိုတဲ့ စေတီတွေ သွားဖူးတာဟာ အကျိုးတော့ရှိနေတာဘဲ၊ ဒါပေမယ်လို့ တော်ရဲ့လား မတော်ဘူးလား ဆိုတာကို စဉ်းစားပါဦးတဲ့၊ ဘာဖြစ်လို့တုံးဆိုလျှင် တခါတရံစေတီတွေမှာ ပွဲကြီးတွေ လုပ်နေပါတယ်တဲ့၊ ဗမာပြည်မှာ ဆိုလို့ရှိလျှင် ဘုရားပွဲတော်တွေ ခဏခဏ လုပ်ကြပါတယ်၊ ဟိုက ဘုရားပွဲလုပ် ဒီက ဘုရားပွဲလုပ်နှင့် ပွဲကြီးတွေ ရှိပါတယ်၊ ဗမာပြည်က ပွဲလမ်းကို သိပ်ပြီးတော့ ကြိုက်ပါတယ်၊ ဘုရားပွဲတွေလဲ လုပ်တာဘဲ၊ ကျောင်းပွဲတွေလဲ လုပ်တာဘဲ၊ ဒါသာ မကသေးဘူး ဒီ့ပြင် ကိစ္စတွေမှာလဲ ပွဲတွေ လုပ်တာပါဘဲ၊ ရှင်ပြုတွေ ဘာတွေလည်း ပွဲလမ်းတွေနှင့် အကြီးအကျယ်လုပ်ကြတာပါဘဲ။

အဲဒီပွဲလမ်းတွေလုပ်တဲ့ အခါကာလကျတော့ ပရိသတ်မျိုးစုံလာပါတယ်တဲ့၊ ပရိသတ်မျိုးစုံလာတော့အဲဒီသွားလို့ရှိလျှင် မမြင်သင့်တာတွေလဲမြင်သွား

ပါလိမ့်မည်၊ဣဋ္ဌာရုံ အကောင်းတွေတွေ့လျှင် လောဘဖြစ်မည်၊ အနိဋ္ဌာရုံတွေ တွေ့လျှင် ဒေါသဖြစ်မည်၊ အကုသိုလ်တွေဖြစ်ပါလိမ့်မည်တဲ့၊ ဒါကြောင့် အဲဒီလို ပွဲတွေရှိနေလျှင်တော့ မသွားကောင်းဘူးလို့ ဆိုပါတယ်၊အဲသလို အန္တရာယ်မရှိလျှင် သွားပါတော့တဲ့၊ဒါပါဘဲ၊ ပြီးတော့ ဗောဓိပင် ဖူးခြင်း အစရှိတဲ့ နောက်ဟာတွေလဲ ဒီအတိုင်းချည်းပါဘဲ၊ အကျိုးရှိလျှင် သွားဆိုပေမယ်လို့ အကျိုးရှိတိုင်းလဲ မသွားနှင့်၊ ဒီလိုအခါ သွားလျှင် တော်ရဲ့လား မတော်ဘူးလား ဆိုတာကို စဉ်းစားပြီးမှ သင့်တော်လို့ရှိလျှင် သွားပါဆိုတဲ့ အကြောင်းကို အဆုံးအဖြတ် ပေးသွားပါတယ်။

အဲဒီမှာ အသုဘရှုလို့ အကျိုးရှိပုံမှာ နောက်ဆက်တဲ့ ဝတ္ထုကလေးလဲ ပါလာပါသေးတယ်၊ ဒီနေ့တော့အချိန်ကနည်းနည်းကြာသွားပြီမို့ ဒီနေရာ တွင် ရပ်ပြီးတော့ ကျန်ရှိဘဲ့ အပိုင်း များကို နောက်ရက်များကျမှ ဆက်လက်ပြီး လျှောက်ထားပါတော့မည် အရှင်ဘုရားတို့။

---

မနေ့က ဘုရား တပည့်တော် လျှောက်ထားခဲ့တဲ့အတိုင်း သာတ္ထက သမ္ပဇဉ်ဖြစ်ပုံမှာ အကျိုးရှိတဲ့ ကိစ္စတွေ ဆိုလို့လျှင် သွားနိုင်တယ်ဆိုပြီးတော့ အကျိုးရှိသော်လည်း သပ္ပါယသမ္ပဇဉ်အရအားဖြင့် သင့် မသင့် ချင့်ချိန်ရဦးမည်၊ ပရိသတ်တွေရှုပ်ထွေးနေတဲ့အခါ ဆိုလျှင် မသွားသင့်ဘူး၊ ပရိသတ်တွေ မရှုပ်ထွေးလို့ ဘေးရန် အန္တရာယ် တစုံတရာမရှိဘူးဆိုလျှင် သွားနိုင်တယ်ဆိုပြီးတော့ သပ္ပါယသမ္ပဇဉ် အကြောင်းကို ဒီမှာ ပြောသွားပါတယ်။

အဲဒါက စေတီတော်ကို အဖူးသွားတဲ့ နေရာတွေ ဗောဓိပင်ကို အဖူးသွားဘဲ့အခါ သံဃာကို ဖူးဘဲ့အခါ မထေရ်ကြီးများကို ဖူးတဲ့အခါ ဒါတွေကို ဆိုပါတယ်။

## အသုဘရှု လုပ်ငန်း

အသုဘရှုတဲ့ အခါ ကာလမှာ သာတ္ထကသမ္ပဇဉ်ဖြစ်ပုံနှင့် သပ္ပါယဖြစ်ပုံကို ဆက်လက်ပြီးဘော့ အဋ္ဌကထာ ပြောသွားပါတယ်။

အသုဘရှုခြင်းဟာလဲ အကျိုးရှိတဲ့ အလုပ်ပါဘဲတဲ့၊ အကျိုးရှိတဲ့ အလုပ်ဖြစ်တဲ့ အကြောင်း သာဓကဝတ္ထုကလေးတခုရှိပါတယ် ဆိုပြီးတော့ အဲဒီ ဝတ္ထုကလေးကို ထုတ်ပြထားပါတယ်၊

အခါတပါး၌ ရဟန်းငယ်တပါးဟာ သာမဏေကိုခေါ်ပြီး ဒန်ပူသားရှာရန်အတွက် တောထည်းသို့ သွားကြပါတယ်၊ အဲဒီလိုသွားတဲ့အခါသာမဏေက လမ်းက ဘေးဖဲ့ပြီးတော့ ရှေ့ကိုရှောက်သွားတဲ့ အခါကာလမှာ လူသေကောင် အသုဘအလောင်းကောင်ကို တွေ့ပါတယ်၊ တွေ့တဲ့အခါ အဲဒီအသုဘကို ကြည့်ရှုပြီးတော့ ပဌမစျာန်ကို ရသွားပါတယ်၊ အဲဒီ ပဌမစျာန်ကိုဘဲ အခြေခံပြုပြီးတော့ သင်္ခါရတရားတွေ သုံးသပ်တာနှင့် သောတာပတ္တိ မဂ်ဖိုလ် သကဒါဂါမိ မဂ်ဖိုလ် အနာဂါမိ မဂ်ဖိုလ် တိုင်အောင် ဖိုလ်သုံးပါးသို့ ရောက်ပြီး အနာဂါမ်ဖြစ်သွားတယ်လို့ ဆိုပါတယ်။

ဒီစကားကို ထောက်ဆကြည့်လျှင်အဲဒီသာမဏေဟာစောစောကတည်းက ဆရာသမားထံမှ ရှုပုံရှုနည်း ဥပနိဿယတွေကို ကောင်းကောင်းရထားတဲ့ သာမဏေဘဲ ဆိုတာ ထင်ရှားပါတယ်။

စောစောကသာ ဥပနိဿယကို ရမထားဘူးဆိုလျှင် ဒီအသုဘအလောင်းကောင်ကြီးတွေ့ရပေမယ်လို့ ဘာမျှ လုပ်တတ်မှာ မဟုတ်ပါဘူး၊ အလောင်းကောင်ကြီးကို တောထဲမှာ တွေ့နေလို့ ကြောက်လန့်ပြီး အော်ပြေးချင်လဲ ပြေးမည်၊ အခု သာမဏေမှာတော့ အသုဘအလောင်းကောင်ကြီး တွေ့တဲ့အခါမှာ "ဒီအလောင်းကောင်ဟာဖြင့် တရားအားထုတ်ရတဲ့ ကမ္မဋ္ဌာန်းအာရုံဘဲ" ဆိုတာကို သူသိနေတဲ့အတွက် အဲဒီအာရုံကို သူနှလုံးသွင်းပါတယ်၊ အဲဒါဟာ ဥဒ္ဓုမာတက-ဖူးဖူးရောင်နေတဲ့ သူသေကောင်လား၊ ဝိနီလက-ညိုမဲနေတဲ့ သူသေကောင်လား၊ ဝိပုဗ္ဗက-ပြည်တစိုစိုယိုထွက်နေတဲ့ သူသေကောင်လား၊ ပုဠုဝက-ပိုးလောက်တွေ စားနေတဲ့ သူသေကောင်လား ဆိုတာကိုတော့ ဒီမှာခွဲခြားပြီး ပြမထားပါဘူး၊ အသုဘ ၁၀-မျိုးထဲက တခုခု ဖြစ်မှာပါဘဲ။

အဲဒီ သူသေကောင်က ဖူးဖူးရောင်တဲ့ သူသေကောင် ဆိုလို့ရှိလျှင် "ဖူးဖူးရောင်တဲ့ သူသေကောင်၊ ဖူးဖူးရောင်တဲ့ သူသေကောင်၊ ဖူးဖူးရောင်တဲ့ သူသေကောင်" လို့ မျက်စိနှင့်ကြည့်ပြီး နှလုံးသွင်းနေမှာပါဘဲ၊ ဒီလို နှလုံးသွင်းနေစဉ်မှာ ပရိကမ္မနိမိတ်ကနေပြီး ဥဂ္ဂဟနိမိတ် ထင်လာတယ်၊ ဥဂ္ဂဟနိမိတ်က နေပြီး ပဋိဘာဂနိမိတ် ထင်လာတယ်၊ ပဋိဘာဂနိမိတ်ကို နှလုံးသွင်းရင်း ပဌမစျာန်ကို ရောက်သွားပါတယ်၊ ပဌမစျာန်ရောက်ပြီးတော့ အဲဒီစျာန်က ထတဲ့အခါမှာ ဒီစျာန်ကို ဝိပဿနာရှုရပါတယ်၊ ဒီ့ပြင်လဲ မြင်တာ

ကြားတာ တွေ့သိတာတွေရှိလျှင် အဲဒီ သင်္ခါရတရားတွေကိုလဲ ဝိပဿနာ ရှုရပါတယ်၊ ဒီလိုရှုလိုက်လို့ ရှိလျှင် ဒီရှုတဲ့ သင်္ခါရတရားတွေ့ရဲ့ အဖြစ်အပျက်ကို သိပြီးသကာလ ဝိပဿနာဉာဏ် အစဉ်အတိုင်း တက်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ် သကဒါဂါမိ မဂ်ဖိုလ် အနာဂါမိ မဂ်ဖိုလ် အစဉ်အတိုင်း ရောက်သွားနိုင်ပါတယ်၊ ဒါကြောင့် ဒီမှာ အဲသလိုဘဲရောက်သွားပါတယ်လို့ဆိုလိုပါဘယ်။

အဲသလို ရောက်ပြီးတော့လဲ အရဟတ္တမဂ်ဖိုလ် ရောက်အောင်လို့ ဆက်လက်ပြီးတော့ ဝိပဿနာရှုနေပါတယ်တဲ့၊ဒါကြောင့် ဒီမှာ ဥပရိမဂ္ဂတ္ထာယ၊ အထက်မဂ်အလို့ငှါ ကမ္မဋ္ဌာနံ ပရိဂ္ဂဟေတွာ၊ ဝိပဿနာကမ္မဋ္ဌာန်းကို သိမ်းဆည်း၍။ အဋ္ဌာသိ၊ တည်နေတယ်လို့ ဆိုထားပါတယ်။ ဒီသာမဏေက အနာဂါမ် ဖြစ်နေပေမယ်လို့လဲ သူက ရပ်တံ့ပြီးတော့ မနေသေးဘူး၊ ရဟန္တာ ဖြစ်အောင်လို့ ဆက်လက်ပြီးနှလုံးသွင်းနေတုန်း ဘဲတဲ့၊ အဲဒီ အချိန်မှာ သူနှင့်အတူတကွ ရှေ့ဆောင်ပြီးတော့ လာတဲ့ ရဟန်းငယ်က သာမဏေကို မမြင်တော့ သာမဏေ ဘယ်ရောက်သွားပါလိမ့်မတုံး ဆိုပြီးတော့၊ သာမဏေကို သာမဏေရ-သာမဏေ လို့ ခပ်လှမ်းလှမ်းကနေပြီး အသံထုတ်၍ ခေါ်လိုက်ပါတယ်။

အဲဒီသို ခေါ်လိုက်တဲ့အခါကျတော့ ဒီသာမဏေက ဘယ်လို စဉ်းစားသလဲဆိုလျှင် “ငါဟာ ရှင်ပြုတဲ့နေ့ကစပြီးတော့ ရဟန်းများရဲ့စကားကို ပယ်လှန်ပြီးတော့ နှစ်ခွန်းဖြစ်အောင် မပြောဘူးဘူး”၊ဆိုလိုရင်းကတော့ ဟိုကခေါ်လိုက်တဲ့ အခါမှာ တပည့်တော်ဘာကိစ္စရှိသေးလို့ မလာနိုင်ဘူးလို့ ငြင်းပယ်လိုက်လျှင် အဲဒါ ဒုတိယ စကား ခေါ်ပါတယ်၊ ဆန့်ကျင်ဘက်စကားတခုကို ပြန်ပြောလို့ရှိလျှင် ငြင်းချက်ထုတ်လိုက်လို့ ရှိလျှင် ဒုတိယစကား ခေါ်ပါတယ်၊ စကားနှစ်ခု ဖြစ်ပြီးတော့ သွားပါတယ်၊ အဲဒီလို ငြင်းပယ်ပြီးတော့ စကားနှစ်ခွန်း ဖြစ်အောင် တခါမျှ မပြောဘူးဘူးတဲ့၊ ဒီတော့ အထက် မဂ်ဖိုလ်ဖြစ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်တော့ နောက် အဆင်သင့်တဲ့ အခါကျမှဘဲ ဆက်လက်အားထုတ်ပြီးတော့ ဖြစ်စေရမှာဘဲလို့ ဒီလိုနှလုံးသွင်းပြီးသကာလ ရဟန်းငယ်ကခေါ်ပြီးလို့ မကြာခင်ဘဲ သူကပြန်၍ ထူးပါတယ်၊ ကိံ ဘန္တေ ဘာလဲ အရှင်ဘုရားလို့ ဒီလိုထူးပါတယ်တဲ့။

အဲဒီလို ထူးလိုက်တဲ့အခါမှာ ရဟန်းက ဗဟိ-လာခဲ့လို့ ဒီလိုခေါ်လိုက်တော့လဲ ရဟန်းဆီကို တခါတည်း သွားတာပါဘဲ၊ "တပည့်တော် ဒီမှာ တရားအားထုတ်နေလို့ သမာဓိကောင်းပြီးတော့ နေလို့ဘုရား၊ ခဏလောက်ဆိုင်းပါဦး" စသည်ဖြင့် ငြင်းမနေပါဘူး၊ ဟိုက "လာခဲ့ဟေ့"ဆို ပေမယ်လို့ တရားအားထုတ်တာထက်ဘော့ အရေးမကြီးပါဘူး၊ ဒါပေမယ်လို့ ရိုသေလေးစားအပ်တဲ့ ပုဂ္ဂိုလ်ကို ရိုသေပြီးတော့ ချက်ခြင်းဘဲ သွားပါတယ်၊ ပြီးဘော့ ခေါ်ဘဲ့ပုဂ္ဂိုလ်က ဆရာသမားကြီးလဲ မဟုတ်သေးပါဘူး၊ ရဟန်းငယ်ကလေးမျှ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီမှာ ကိုရင်နှင့် ရဟန်းငယ်ကလေးလို့ ဒီလို ဆိုထားပါတယ်။

အဲသလို ရဟန်းငယ်ကလေးပင် ဖြစ်သော်လဲ သူက သာမဏေမျှ ဖြစ်နေလို့ ရိုသေရမည့် တာဝန်ဝတ္တရားရှိနေတဲ့ အဘွက် လာခဲ့ဘို့ ခေါ်လိုက်တဲ့ တခွန်းတည်းသော စကားဖြင့်ပင် သူရဟန်းငယ်ထံသို့ လာပါတယ်တဲ့၊ လာပြီးဘော့ "အရှင်ဘုရား....တပည့်ဘော် လာခဲ့ဘဲ့ ဟောဒီလမ်းကလေးက အရှင်ဘုရားလဲ ရှောက်ပြီးတော့ ကြွကြည့်စမ်းပါဦး၊ တပည့်ဘော်ရပ်ဘဲ့ နေရာကလေး ဟိုနားမှာ ရှိပါတယ်၊ အဲဒီနေရာကလေးကနေပြီး အရှင်ဘုရားဟာ ရှေ့ဘည့်တည့်အရပ်ကိုမျှော်ပြီးတော့ ကြည့်စမ်းပါဦး" လို့ လျှောက်ထားပါတယ်။

ဒီလို လျှောက်တဲ့အခါမှာ ရဟန်းငယ်ကလဲ သာမဏေပြောတဲ့စကား ဘာဂရုစိုက်ရမလဲသို့ ဒီလို ငြင်းပယ်ခြင်းမပြုဘူး၊ သူဟာ အကျိုးရှိဘာ ပြောတာဘဲ နှလုံးသွင်းပြီးတော့ သွားပါတယ်၊ ဒါဟာ ညီညွတ်မှုပါဘဲ၊ ညီညွတ်တော့ တဦးပြောဘဲ့စကားကို တဦးကယုံကြည်ရတယ်၊ မညီညွတ်ချင်ပြီဆိုလျှင် တဦးပြောဘဲ့စကားကို တဦးက ကပ်ဖဲ့လုပ်ဘို့ တော်ဘော်ကြာဘော့ ကွဲပြကုန်ကြတာပါဘဲ၊ အခု ဒီမှာတော့ သာမဏေကပြောလျှင် "မင်းက ငါ့ကို ဆရာလုပ်ရမလား"လို့ ဒီလို ငြင်းပယ် မနေဘူး၊ သာမဏေပြောဘဲ့အတိုင်း ရဟန်းကလဲ သွားပါတယ်ဘဲ့၊ သွားပြီးတော့ သူပြောဘဲ့နေရာမှာဘဲ ရပ်ပြီး ကြည့်လိုက်ဘော့ အခုန သာမဏေလိုဘဲ သူလဲ အလောင်းကောင်ကြီးတွေ့တာကိုး၊ တွေ့ဘော့ ဒီရဟန်းငယ်ကလဲ ရှေးကပင် ဆရာသမားရဲ့ ဥပနိဿယကို ရပြီး သား ပုဂ္ဂိုလ်ဆိုတော့ အဲဒီအလောင်းကောင်ကြီးကိုဘဲ ဥဒ္ဓုမာတက,ဝိနီလက သညာ ရှိတဲ့အတိုင်း နှလုံးသွင်းပြီးတော့ သူလဲဘဲ ဈာန်ရောက်ပြီးသကာလ အဲဒီ

ဈာန်က ဝိပဿနာရှုလိုက်တဲ့အခါမှာ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ်- အနာဂါမ် အဖြစ်သို့ ရောက်သွားပါတယ်တဲ့။

ဒါကြောင့် တေန ပတ္တဝိသေသမေဝ ပါပုဏာ တဲ့။

တေန၊ ထိုသာမဏေသည်။ ပတ္တဝိသေသမေဝ၊ ရောက်အပ်ပြီးသော တရားထူးသို့သာလျှင်။ ပါပုဏာ၊ ရောက်လေ၏။ သာမဏေ ရောက်ထားတဲ့ အတိုင်းဘဲ သူလဲ ရောက်သွားတာပါဘဲတဲ့။

ယခုပြောတဲ့အတိုင်း ဒီဝတ္ထုမှာ အသုဘကောင် တခုတည်းကဘဲ သာမဏေရော ရဟန်းရော နှစ်ပါးလုံးမှာ အနာဂါမိ မဂ်ဖိုလ်တိုင်အောင် အကျိုး များပြီး သွားပါတယ်တဲ့၊ ဒါကြောင့် အသုဘရှုတာဟာဖြင့် အကျိုးရှိတဲ့ လုပ်ငန်းဘဲတဲ့။

**ဝိသဘာဂအာရုံ**

ဒီလို အကျိုးရှိတဲ့ လုပ်ငန်း ဖြစ်သော်လဲဘဲ အသေးစိတ်ဝေဘန်ဘို့ရန် လိုပါသေးတယ်တဲ့၊ ဘယ်လိုလဲဆိုလျှင် ပုရိသဿ မာတုဂါမာသုဘံ အသပ္ပါယံ၊ ယောကျ်ားပုဂ္ဂိုလ် ကမ္မဋ္ဌာန်းရှုရာမှာ အသုဘကောင်က မာတုဂါမအလောင်း ဖြစ်နေလို့ရှိလျှင် မလျှောက်ပတ် မသင့်တော်ပါဘူးတဲ့။

မာတုဂါမက အသုဘရှုရာမှာ ယောကျ်ား၏ အလောင်းကြီး ဆိုလို့ ရှိလျှင် ဒါလဲ မသင့်တော်ပါဘူးတဲ့၊ အကြောင်းကတော့ တဦးချင်း တယောက်ချင်းမှာ ဖို-မ မတူတဲ့ အလောင်းကို ရှုနေလို့ ရှိလျှင် ကိလေသာတွေ ဆိုတာ မျက်စိ မရှိလို့ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ပါတယ်၊ ဒါကြောင့် မတော်ပါဘူးတဲ့။

ဖို-မ သဘာဝတူချင်းသာလျှင် သင့်တော်ပါတယ်ဘဲ့၊ ဆိုလိုတာကတော့ ယောကျ်ားကမ္မဋ္ဌာန်း ရှုမယ်ဆိုလို့ရှိလျှင် ယောကျ်ားအလောင်း၊ မာတုဂါမ ကမ္မဋ္ဌာန်း ရှုမယ်ဆိုလို့ရှိလျှင် မာတုဂါမအလောင်း ဒီလိုသာလျှင် သပ္ပါယ ဖြစ်ပါတယ် သင့်တော်ပါတယ်တဲ့။

ဒီလို သင့်-မသင့်ကို နှလုံးသွင်း ဆင်ခြင်ပြီးတော့ သင့်လျော်သည်ကို သာလျှင် ပြုရမယ်တဲ့၊ အဲဒါဟာ သပ္ပါယ သမ္ပဇဉ်ပါဘဲတဲ့၊ ဒါကို အဋ္ဌကထာ ဆရာက ပြောသွားပါတယ်။

## အချင်းချင်း အပြန်အလှန်

ဒီနေရာမှာ သေနေတဲ့ အလောင်းကြီးဘဲ ဒီလောက်တောင် နှိုက်နှိုက် ချွတ်ချွတ် စဉ်းစားစရာ မလိုပါဘူးလို့ တချို့ကလဲ အောက်မေ့ကောင်း အောက်မေ့ပါလိမ့်မယ်၊ အဋ္ဌကထာဆရာကလဲ သူ၏ ထင်မြင်ချက်မျှနှင့် ပြော တာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားဟောတဲ့ ပါဠိတော်တွေ အကိုးအကားနှင့် သူ ဖွင့်သွားတာပါ။

အကိုးအကားကတော့ အင်္ဂုတ္တရနိကာယ် ဧကကနိပါတ် မျက်နှာနံပါတ် (၁)မှာလဲ ရှိပါတယ်၊ ပဥ္စကနိပါတ် နံပါတ်(၆၀)မှာလဲ ရှိပါတယ်။

နာဟံ ဘိက္ခဝေ အညံ ဧကရူပမ္ပိ သမနုပဿာမိ-တဲ့။ ငါဘုရားဟာ သဗ္ဗညုတဉာဏ်နှင့် တလောကလုံးရှောက်ပြီးတော့ ကြည့်လိုက်တယ်၊ ဒီလို အဆင်းမျိုးတော့ မတွေ့ပါဘူးတဲ့၊ ဘယ်လို အဆင်းတုံး ဆိုလို့ရှိလျှင် ယံ ဧဝံ ရဇနီယံ ဧဝံ ကမနီယံ ဧဝံ မဒနီယံ ဧဝံ ဗန္ဓနီယံ ဧဝံ မုစ္ဆနီယံ ဧဝံ အန္တရာယကရံ အနုတ္တရာယ ယောဂက္ခေမာယ အဝိဂမာယ။

ဒီလောက် တပ်စွဲလမ်းဘွယ် ဖြစ်တဲ့ နှစ်သက်ဘွယ် ဖြစ်ဘဲ့ မူးယစ်ဘွယ် ဖြစ်တဲ့ နှောင်ဖွဲ့ဘွယ်ဖြစ်နေတဲ့ မေ့လျော့ဘွယ် မိန်းမောဘွယ် ဖြစ်နေတဲ့ အဆင်းအာရုံတဲ့၊ အဲဒါမျိုးကို မတွေ့ပါဘူးတဲ့။

ပြီးတော့ လွန်ကဲမြင့်မြတ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၏ အန္တရာယ်ကို ဒီလောက်ပြုတတ်တဲ့ အဆင်းအာရုံမျိုးကို မတွေ့ပါဘူးတဲ့၊ အဲဒါက ဘာ အာရုံတုံးဆိုလို့ရှိလျှင် ယဒိဒံ ဘိက္ခဝေ ဣတ္ထိရူပံ- မာတုဂါမ၏ ရုပ်အဆင်းပါဘဲ တဲ့၊ ထို့အတူ မာတုဂါမ၏အသံ, အနံ့, အရသာ,အတွေ့ ဖောဋ္ဌဗ္ဗအာရုံတွေ အကုန်လုံးဘဲ ရှိပါတယ်။

ဒါဟာ မာတုဂါမမှာသာ ရှိတာမဟုတ်ပါဘူး၊ ယောကျ်ားမှာလဲ မာတု ဂါမတွေ စွဲမက်စရာတွေ ရှိနေတာ အတူတူပါဘဲ၊ ယောကျ်ား၏အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အာရုံငါးပါးကိုလဲ မာတုဂါမများ၏ စွဲမက်စရာ အကောင်းဆုံး ဖြစ်ကြောင်း အပြန်အလှန် အတူတူဘဲ ဟောထားပါတယ်။

ယောကျ်ား မိန်းမတို့၏ စိတ်ဓာတ်ကို အဲဒီ အမ-အဖို အာရုံတွေလောက် ဆွဲဆောင်နိုင်တာဟာဖြင့် ဘယ်မှာမှ မရှိပါဘူးတဲ့။

ဝုတ္တိ ဘိက္ခဝေ ဂစ္ဆန္တိပိ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝုတ္တိ၊ မိန်းမသည်။ ဂစ္ဆန္တိပိ၊ သွားနေစဉ်လည်း။ ပုရိသဿ စိတ္တံ၊ ကြည့်ရှုမိသော ယောကျ်ား၏စိတ်ကို။ ပရိယာဒါယ တိဋ္ဌတိ၊ အကြွင်းမဲ့ ယူဆောင်၍ တည်၏။

မာတုဂါမဟာ သွားနေစဉ်မှာလဲ သူ့ကို ကြည့်မိလျှင် အဲဒီ ကြည့်တဲ့ ယောကျ်ား၏ စိတ်ကို သူက အကုန်လုံးယူပြီးတော့ တည်နေပါတယ်တဲ့၊ အကုန်လုံး ဆွဲဆောင်သွားပါတယ်တဲ့၊ ဆိုလိုရင်းကတော့ အဲဒီယောကျ်ားရဲ့ စိတ်ဟာ ကိုယ့်ကိုယ်ထဲမှာ မရှိတော့ဘူး၊ ကိုယ့်ကိုယ်ထဲမှာ နှလုံးမသွင်းနိုင်တော့ဘူး၊ ဟိုကိုချည်း အကုန်လုံးရောက်နေတယ်၊ မာတုဂါမကို ချည်း အဖန်ဖန် နှလုံးသွင်းနေတော့တယ်လို့ ဒီလို ဆိုလိုပါတယ်၊ ဒါကြောင့် သွားနေတဲ့ မာတုဂါမကို ကြည့်မိလျှင် အဲဒီ ယောကျ်ားရဲ့စိတ်မှာ သွားနေတာက တမျိုး ကြည့်ကောင်းတယ်လို့ ထင်ပြီးတော့လဲ စိတ်တွေဟာ အဲဒီအာရုံဆီကို ရောက်နေတတ် ပါတယ်၊ အဲဒါမျိုးကို အာရုံက ဆွဲဆောင်သွားတယ်လို့ ဆိုတာပါဘဲ။

သွားနေစဉ်မှာသာ မဟုတ်သေးဘူး၊ ရပ်နေစဉ် စသည်မှာလဲ ထို့အတူဘဲ ဆွဲဆောင်တတ်ပါတယ်၊ ဒါကြောင့် ဌိတာပိ၊ ရပ်နေတုန်း ကြည့်မိလျှင်လဲ အဲဒီ ကြည့်တဲ့ ယောကျ်ားရဲ့ စိတ်ကို နည်းတူဘဲ ဆွဲဆောင်သွားတတ်ပါတယ်တဲ့၊ နိသိန္နာပိ၊ ထိုင်နေတုန်း ကြည့်မိလျှင်လဲ စိတ်ကို ဆွဲဆောင် သွားတတ်ပါတယ်တဲ့၊ သယာနာပိ၊ လဲလျောင်းနေတုန်း ကြည့်မိလျှင်လဲ စိတ်ကို သွားတတ်ပါတယ်တဲ့၊ ဟသန္တီပိ၊ ရယ်ရွှင်နေတဲ့ အသံကို ကြားရလျှင်လဲ စိတ်ကို ဆွဲဆောင်သွားတတ်ပါတယ်ဘဲ့၊ ဘဏန္တီပိ၊ စကားပြောသံ ကြားလျှင်လဲ စိတ်ကို ဆွဲဆောင်သွားတတ်ပါတယ်တဲ့၊ ဂါယန္တီပိ၊ သီချင်းဆိုသံ ကြားရလျှင်လဲ စိတ်ကို ဆွဲဆောင်သွားတတ်ပါတယ်တဲ့၊ အဲဒါကတော့ သာပြီးတော့ ဆွဲဘိုတောင် ရှိပါသေးတယ်၊ ရောဒန္တီပိ၊ ငိုနေတဲ့ အသံကို ကြားရလျှင်လဲ ဆွဲဆောင်သွားတတ်ပါတယ်တဲ့၊ ဒါကလဲ သနားသလိုလို နှင့် မခံချိ မခံသာဖြစ်ပြီး ဆွဲသွားတတ်ပါတယ်၊ ဥဂ္ဃါတိတာပိ၊ အရေခွံတွေ ခွါထားလို့ သွေးသံရဲရဲ ဖြစ်နေတဲ့ မိန်းမကို သွားကြည့်မိတောင်မှလဲ စိတ်ကို ဆွဲဆောင်သွားတတ်ပါတယ်တဲ့၊ မတာပိ၊ သေပြီး၍ အလောင်းကောင် ဖြစ်နေတောင်မှလဲ၊ ပုရိသဿ စိတ္တံ၊ ကြည့်မိသောယောကျ်ား၏ စိတ်ကို။

ပရိယာဒါယ တိဋ္ဌတိ၊ အကုန်လုံး သိမ်းကျုံးဆွဲဆောင်ပြီး သွားတတ်ပါတယ်တဲ့။

ယံဟိဘံ ဘိက္ခဝေ သမ္မာဝဒမာနေ ဝဒေယျ သမန္တပါသော မာရဃာတိ၊မာတုဂါမံယေဝ သမ္မာ ဝဒမာနော ဝဒေယျ သမန္တပါသော မာရဃာတိ။

ကိလေသမာရ်၏ ထက်ဝန်းကျင် ကျော့ကွင်းကြီးဘဲ၊ ဘယ်ကလာလာ မိနိုင်ဘဲ့ ကျော့ကွင်းကြီးလို့ ဆိုလိုတယ်၊ အရှေ့ဘက်ကလာချင်လာ၊ အနောက်ဘက်ကလာချင်လာ၊ တောင်ဘက်, မြောက်ဘက်က လာချင်လာ၊ အထက်က ခုန်ဆင်းလာချင်လာ၊ အောက်က ခုန်တက်လာချင်လာ၊ ဘယ်ကလာလာ ဘယ်လို ရှောင်တိမ်းလို့ မလွတ်နိုင်အောင် အမိဖမ်းနိုင်တဲ့ ကျော့ကွင်းကြီးတဲ့၊ အဲဒါကို **သမန္တပါသ** ထက်ဝန်းကျင် ကျော့ကွင်းကြီးလို့ ခေါ်တယ်၊ အဲဒါဟာ တခြားမဟုတ်ဘူး၊ယောကျ်ားများအတွက်ဆိုလျှင် မာတုဂါမ၏ အာရုံငါးပါးပါဘဲတဲ့၊ ဒါကြောင့်—

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ တံ၊ အကြင်အရာဝတ္ထု တစုံတခုကို။ သမ္မာဝဒမာနော၊ အမှန်အတိုင်း ပြောဆိုခဲ့လျှင်။ သမန္တပါသော မာရဃာတိ၊ မာရ်မင်း သေမင်း၏ ထက်ဝန်းကျင် ကျော့ကွင်းဟူ၍။ ဝဒေယျ၊ ဆိုသင့်ငြားအံ့။ ဧဝံသတိ၊ ဤသို့ ဆိုသင့်ခဲ့သော်။မာတုဂါမံယေဝ၊ မိန်းမကိုသာလျှင်။ သမ္မာဝဒမာနော၊ အမှန်အတိုင်း ဆိုပါမူ။ သမန္တပါသော မာရဃာတိ၊ မာရ်မင်း သေမင်း၏ ထက်ဝန်းကျင် ကျော့ကွင်းဟူ၍။ ဝဒေယျ၊ ဆိုသင့်ပေ၏လို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။

မာတုဂါမများဟာ ယောကျ်ားတွေကို အရပ်လေးမျက်နှာ အရပ်ဆယ်မျက်နှာ လာချင်ရာကလာခဲ့၊ မလွတ်ဘမ်း အမိဖမ်းနိုင်တဲ့ ကျော့ကွင်းကြီးတွေဘဲလို့ ဆိုလိုပါတယ်၊ ဒါက ယောကျ်ားများအတွက် ဟောတဲ့ ဒေသနာ ဖြစ်ပါတယ်၊ ထို့အတူ မာတုဂါမများမှာလဲ ယောကျ်ားများ၏ အာရုံငါးပါးတွေဟာ ဘယ်ကလာလာ မိန်းမများကို မက်မောစေပြီး အမိဖမ်းနိုင်တဲ့ **သမန္တပါသ** ထက်ဝန်းကျင် ကျော့ကွင်းကြီးတွေဘဲ ဆိုတာကို သိနားလည်ထားကြဘို့ပါဘဲ။

ဒါကြောင့် ယခု ပြောခဲ့တဲ့ အင်္ဂုတ္တရပါဠိ အကိုးသာဓကများကို မှီငြမ်းပြုပြီး တော့ အဋ္ဌကထာဆရာက ဒီမှာ "ယောကျ်ားက အသုဘရှုမယ်ဆိုလျှင်

မာတုဂါမ၏ အလောင်းအသုဘဟာ မလျှောက်ပတ်ဘူး၊ မာတုဂါမက အသုဘ ရှုမယ်ဆိုလျှင်လဲ ယောကျ်ား၏အလောင်းအသုဘဟာ မလျှောက်ပတ်ဘူး၊ ကိလေသာ ဖြစ်ချင်လဲ ဖြစ်သွားတတ်တယ်”လို့ ပြဆိုထားခြင်း ဖြစ်ပါတယ်၊ ဒါကလဲ တဦးတယောက်တည်း ကြာရှည်စွာ ရှုနေတာကိုသာ ရည်ရွယ်ပါတယ်၊ အဖော်ပရိသတ်များနှင့် တကွ ခဏတဖြုတ်ကုသိုလ်ဖြစ်လောက် ရှုရာမှာတော့ ဘယ်လို အသုဘအလောင်းဘဲ ဖြစ်ဖြစ် ရှုနိုင်ပါတယ်။

## ဂေါစရ သမ္ပဇဉ်

ယခု သာတ္ထကသမ္ပဇဉ်နှင့် သပ္ပါယသမ္ပဇဉ် ပြီးသွားပါပြီ၊ အဲဒီသမ္ပဇဉ် နှစ်ပါးပြီးတော့ ဂေါစရသမ္ပဇဉ်နှင့် အသမ္မောဟ သမ္ပဇဉ် ကျန်ပါသေးတယ်၊ ဂေါစရသမ္ပဇဉ်ဆိုတာ ဘာတုံးဆိုလို့ရှိလျှင် အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု အတ္တနော ဇစိယံ ကမ္မဋ္ဌာနသင်္ခါတံ ဂေါစရံ ဥဂ္ဂဟေတွာ၊ သုံးဆဲ့ရှစ်ပါးသော ကမ္မဋ္ဌာန်းထည်းက မိမိနှစ်သက်ရာ ကမ္မဋ္ဌာန်းအာရုံတခုကို ယူရပါမည်တဲ့။

ဘုရားတပည့်တော် ခလေးအရွယ် ငယ်ငယ်ကစပြီးတော့ သင်လာကြတဲ့ အဘိဓမ္မတ္ထသင်္ဂြိုဟ်မှာ ကမ္မဋ္ဌာန်းက လေးဆယ်ရှိနေပါတယ်၊ ဒီအဋ္ဌကထာကြီး တွေမှာတော့ သုံးဆယ့်ရှစ် သုံးဆယ့်ရှစ်ချည်းဘဲ လာနေပါတယ်၊ ဒီတော့ ဒီသုံးဆယ့်ရှစ်က ဘယ်ဟာတွေတုံး ဘာတွေက လျော့နေတုံး ဆိုတော့ ဓမ္မသင်္ဂဏီ စသော ပါဠိတော် မှာ တိုက်ရိုက်ဟောထားတာက သုံးဆယ့်ရှစ်ပါး ဘဲ ရှိပါတယ်၊ အာလောကနှင့် အာကာသကို ဝိသုဒ္ဓိမဂ်မှာ နောက်မှ ထည့် ထားတာ ဖြစ်နေပါတယ်၊ အဲဒီ အာလောကနှင့် အာကာသနုတ်လိုက်လျှင် သုံးဆယ်နှင့် ရှစ်ပါးဘဲ ရှိပါတယ်၊ ဒါကြောင့် ဒီအဋ္ဌကထာကြီးများမှာ အဋ္ဌတိံသချည့်ဘဲ ပြပြပြီးတော့ သွားပါတယ်။

အဲဒါကြောင့် သုံးဆယ့်ရှစ်ပါး သို့မဟုတ် လေးဆယ်သောကမ္မဋ္ဌာန်း ထည်းက ကမ္မဋ္ဌာန်းတခုခုဟာ ယောဂီ၏ ဂေါစရ-ကျက်စားရာ နယ်ပယ်အာရုံ ပါဘဲ၊ ဂေါစရေ ဘိက္ခဝေ စရထ၊ သကေ ပေတ္တိကေ ဝိသယေ စသည်ဖြင့် ပါဠိတော်များမှာ ဂေါစရဟာ ကမ္မဋ္ဌာန်း၏ အာရုံပါဘဲ၊ အဲဒီမှာတော့ ဝိပဿ-နာကို ရည်ရွယ်ပြီး ဟောလို့ သတိပဋ္ဌာန်လေးပါးကို ဂေါစရလို့ ဆိုပါတယ်။ ဒီမှာတော့ ကမ္မဋ္ဌာန်းအာရုံကိုဘဲ ဆိုလိုပါတယ်။

အဲဒီ ဂေါစရဖြစ်ဘဲ့ ကမ္မဋ္ဌာန်းအာရုံကို ယူပြီးတော့ မပြတ်နှလုံးသွင်းနေတာဟာ ဂေါစရသမ္ပဇဉ်ပါဘဲ။

ဒါပေမယ်လို့ ဒီမှာတော့ အဘိက္ကန္တေ ပဋိက္ကန္တေ—ရှေ့သို့သွားတယ် နောက်သို့ ဆုတ်တယ်ဆိုတော့ အသွားနှင့်အပြန်က ရဟန်းမှာ ဆွမ်းခံသွားတဲ့ အခါပြောမှ ထင်ရှားမှာပါ၊ ဒီပြင် အခါ ပြောမယ်ဆိုလျှင် ကျောင်းမှာလဲ စင်္ကြံသွားတာ, ဟိုအနား ဒီအနားသွားတာတော့ အနည်းငယ် ရှိပါတယ်၊ ဒါပေမယ်လို့ သိပ်ပြီး မထင်ရှားဘူး၊ အထင်ရှားဆုံးကတော့ ဆွမ်းခံသွားတဲ့ အခါကာလမှာ အသွားအပြန်ဟာ အထင်ရှားဆုံးမို့ ဘိက္ခုစာရ ဂေါစရေ တံ ဂဟေတွာဝ ဂမနံ ဂေါစရသမ္ပဇညံ နာမ၊ ဆွမ်းခံရွာတည်းဟူသော ဂေါစရမှာ အဲဒီကမ္မဋ္ဌာန်းကို ယူပြီးတော့ ကမ္မဋ္ဌာန်းမလွှတ်ဘဲ နှင့် သွားနေလို့ရှိလျှင် ဒါဟာ ဂေါစရသမ္ပဇဉ်ပါဘဲလို့ ဆိုထားပါတယ်။

အဲဒီလို ဆိုထားတဲ့နေရာမှာ အမှတ်တမဲ့ဆိုလို့ရှိလျှင် ဒီအဆိုကလေးမှာ ယောင်သွားတတ်ပါတယ်၊ ဆွမ်းခံရာမှာသာလျှင် ဂေါစရသမ္ပဇဉ်ရတယ်လို့ အောက်မေ့သွားတတ်ပါတယ်၊ ဒီလို မဟုတ်ပါဘူး၊ ဒီသမ္ပဇဉ်ပိုင်းမှာ သမိဉ္ဇိ-တေ ပသာရိတေ ကွေးတယ် ဆန့်တယ်ဆိုတာဟာ ကျောင်းမှာလဲ လက်ခြေ ကွေးတာ ဆန့်တာ ရှိတာပါဘဲ၊ ဆွမ်းခံသွားရာမှာလဲ ကွေးတာ ဆန့်တာ ရှိတာပါဘဲ၊ ဒီတော့ ကျောင်းမှာ ကွေးတာ ဆန့်တာကို ရှုလို့ရှိလျှင်လဲ အဲဒါဟာ ဂေါစရသမ္ပဇဉ်ပါဘဲ။

ပြီးတော့ အာလောကိတေ ဝိလောကိတေ-တဲ့တဲ့ကြည့်တာ တစောင်းကြည့်တာတွေလဲ နေရာတကာမှာ ရှိတာပါဘဲ၊ အထူးအားဖြင့် ဆိုလို့ရှိလျှင် ဥစ္စာရပဿာဝကမ္မေဆိုတဲ့ ဥစ္စာကတော့ ကျင်ကြီး ကျင်ငယ် စွန့်တယ်ဆိုတာ ဆွမ်းခံတုန်း ကျင်ကြီး ကျင်ငယ်စွန့်ရတာ အလွန်ဘဲ ရှားပါလိမ့်မည်၊ အဲဒီတော့ ဂေါစရသမ္ပဇဉ်က ဆွမ်းခံတုန်းမှာသာ ရတယ်ဆိုလျှင် ဒီအပိုဒ်ဟာ ခပ်ပိုပိုဖြစ်နေပါလိမ့်မည်။

ပြီးတော့ သူ့ထက် အရေးကြီးတာ တခုရှိပါသေးတယ်၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဆိုရာ၌ သုတ္တေသို့ အိပ်ပျော်တာလဲပါပါသေးတယ်၊ ဆွမ်းခံသွားရင်းတော့ အိပ်ပျော်တာ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ဂေါစရသမ္ပဇဉ်ဆိုတာ လိုရင်းကတော့ ကမ္မဋ္ဌာန်းတည်းဟူသော အာရုံကို မပြတ်တမ်း နှလုံးသွင်းပြီးတော့ သိနေတဲ့ဉာဏ်ကို ဂေါစရသမ္ပဇဉ်လို့ ဆိုလိုပါတယ်။

## ပုဂ္ဂိုလ် လေးမျိုး

ဒါကြောင့် အဲဒီဂေါစရသမ္ပဇဉ်ကို ဣဓေကစ္စော ဘိက္ခု ဟရတိ နပစ္စာ ဟရတိ စသည်ဖြင့် ပုဂ္ဂိုလ်လေးမျိုးနှင့် ခွဲခြမ်းပြီး ပြသွားပါတယ်။

(၁) တဦးသော ရဟန်းက ဆွမ်းခံသွားရာမှာ အသွား၌ ကမ္မဋ္ဌာန်း ပါလာတယ်၊ အပြန်ကျတော့ မပါလာဘူး၊ ဒါက ပဌမရဟန်းပါ။

(၂) ဒုတိယ ရဟန်းက အသွားမှာ ကမ္မဋ္ဌာန်းမပါဘူး၊ အပြန်ကျမှ ကမ္မဋ္ဌာန်းပါလာတယ်၊

(၃) တတိယ ရဟန်းက အသွားရော အပြန်ရော ကမ္မဋ္ဌာန်းမပါဘဲနှင့် ကမ္မဋ္ဌာန်း လက်လွှတ်သွားနေပါတယ်။

(၄) စတုတ္ထရဟန်းက အသွားမှာလဲ ကမ္မဋ္ဌာန်းနှင့် အပြန်မှာလဲ ကမ္မဋ္ဌာန်းနှင့် အားလုံးကမ္မဋ္ဌာန်း မလွှတ်ဘဲနှင့် သွားနေပါတယ်၊ ဒီလို လေးပါး ခွဲခြားပြီးတော့ ပြပါတယ်။

### (၁) အသွားပါ၍ အပြန်မပါတဲ့ပုဂ္ဂိုလ်

ထိုလေးပါးထဲမှာ ပဌမအသွားကမ္မဋ္ဌာန်းပါပြီး အပြန် ကမ္မဋ္ဌာန်းမပါတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ ဆိုလျှင်—

ယော ဘိက္ခု ဒိဝသံ စင်္ကမေန နိသဇ္ဇာယ စ အာဝရဏီယေဟိ ဓမ္မေဟိ စိတ္တံ ပရိသောဓေတွာ။

တပါးသော ရဟန်းသည် နေ့အခါကာလမှာ တနေ့လုံး ရံခါ စင်္ကြံ သွားလိုက် ရံခါထိုင်လိုက်နှင့် စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် အားထုတ်နေပါ တယ်တဲ့၊ ဒီလိုဆိုတော့ ရပ်ထာမပါဘဲနှင့် ဖြစ်နေပါတယ်၊ သို့သော်လဲဘဲ စင်္ကြံသွားပြီးလျှင်ဖြင့် ထိုင်ခါနီးမှာ ရပ်ရဦးမှာပါဘဲ၊ ထိုင်ရာက စင်္ကြံ သွားတော့မယ်ဆိုလျှင်လဲ ထမိဘဲ့ အခါ ရပ်ရဦးမှာပါဘဲ၊ အဲဒါ ပါဝင်ပြီးတော့ နေပါတယ်၊ ဒီမှာတော့ အကျဉ်းချုံးပြီးတော့ သွားတာနှင့် ထိုင်တာ နှစ်ခု တည်းကိုသာ ပြထားပါတယ်၊ ဒီတော့ အပြည့်အစုံ ဆိုလျှင် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း ဒီသုံးခုပါဘဲ၊ လှဲအိပ်ထာတော့ မပါဘူး။

သွားခြင်း ရပ်ခြင်း ထိုင်ခြင်း ဣရိယာပုထ်များဖြင့် အာဝရဏီယဓမ္မ နီဝရဏတရားတွေမှ စိတ်ကို စင်ကြယ်အောင် လုပ်နေပါတယ်တဲ့၊ နီဝရဏ

တရားတွေထဲမှ ကာမစ္ဆန္ဒ–စိတ်ကူးတွေ မဖြစ်ရအောင်၊ ဗျာပါဒ–စိတ်ညစ် စိတ်ဆိုးတွေ မဖြစ်ရအောင်၊ ထိနမိဒ္ဓ–စိတ်ထိုင်းမှိုင်း ပျင်းရိတာတွေ မဖြစ်ရအောင်၊ဥဒ္ဓစ္စ-ကုက္ကုစ္စ–စိတ်ပျံ့လွင့်တာတွေ စိတ်ပူပန်တာတွေ မဖြစ်ရအောင်၊ ဝိစိကိစ္ဆာ–ဘုရား တရား သံဃာနှင့် စပ်ပြီး ယုံမှားတွေးတောတဲ့ စဉ်းစား ဝေဘန်မှု ဝိစိကိစ္ဆာတွေ မဖြစ်ရအောင် မပြတ်တမ်း ကမ္မဋ္ဌာန်းကို နှလုံးသွင်း နေပါတယ်တဲ့၊ ဒီလို နှလုံးသွင်းပြီးနေတော့ စိတ်ဟာ တစိတ်ပြီးတစိတ်, တစိတ်ပြီးတစိတ် ရှုတဲ့ ဘာဝနာစိတ်ချည်း မပြတ်ဖြစ်ပြီး စင်ကြယ်နေပါတယ်၊ ဒီလို စင်ကြယ်အောင်လို့ အားထုတ်နေပါတယ်တဲ့၊ ဒါက တနေ့အားထုတ်ပုံ ဖြစ်ပါတယ်။

ပြီးတော့ တထာ ရတ္တိယာ ပဌမေ ယာမေ၊ ညဦးယာမ်မှာလည်း ဒီ အတိုင်းဘဲတဲ့၊ သန်းခေါင်ယာမ်ကျတော့ ကျန်းမာအောင် မျှတအောင် အိပ်ရဦးမှာ ဖြစ်တဲ့အတွက် သန်းခေါင်ယာမ်တော့ ၄-နာရီခန့်လောက် သေယျ ကပ္ပေတွာ လှဲအိပ်ပါတဲ့၊ ဒီလို အိပ်ပြီးတော့ နံနက်စောစော ပစ္ဆိမ ယာမ်မှာလဲ အိပ်ရာက ထပြီးတော့ စင်္ကြံသွားခြင်း ထိုင်ခြင်း ဣရိယာပုထ် များဖြင့် ရှေးကအတိုင်းဘဲ အချိန်ကုန်စေရမယ်တဲ့၊ အဲဒါဟာ ကျောင်းမှာ နေစဉ် ဂေါစရသမ္ပဇဉ် မပြတ် ဖြစ်နေပုံကို ပြတဲ့ စကား ဖြစ်ပါတယ်ဘုရား။

ပြီးတော့ အဲဒီကနောက် မနက်စောစောကျတော့ ဆွမ်းခံသွားရမည့် ကိစ္စရှိပါတယ်၊ အဲဒီ ဆွမ်းခံ မသွားသေးမီ ပဂေဝ——ရှေးဦးကပင်လျှင် လို့ ဆိုပြီးတော့ ပြုသင့် ပြုထိုက်တဲ့ ကိစ္စဘော့ကို ပြုပြန်ပါတယ်၊ စေတိယင်္ဂဏ ဗောဓိယင်္ဂဏ ဝတ္တံ ကတွာ လို့ ဆိုပါတယ်၊ စေတီယင်ပြင်မှာပြုသင့်တဲ့ဝတ်, ဗောဓိယင်ပြင်မှာ ပြုသင့်တဲ့ဝတ် အဲဒါများလည်း ပြုရမယ်တဲ့။

## စေတီ နှင့် ဗောဓိပင်

အဲဒါကလေးဟာ သတိပြုစရာကလေးတခုပါဘုရား၊ ဒီ စေတီယင်ပြင် ဗောဓိယင်ပြင်ဆိုတာ စေတီက ဘယ်အခါကာလကစပြီးတော့ တည်လာသလဲ၊ ဗောဓိပင်က ဘယ်အခါကာလကစပြီးတော့ ကျောင်းတွေမှာ စိုက်ပျိုးလာ သလဲ၊ အဲဒါ စဉ်းစားစရာ ကောင်းပါတယ်။

မြတ်စွာဘုရား လက်ထက်တုန်းက ဆိုလို့ရှိလျှင် ဘုရားကလည်း သက် တော် ထင်ရှားရှိပြီးနေတော့ ကျောင်းတိုက်တွေမှာ စေတီတည်ထားခြင်း

မရှိသေးပါဘူး၊ ရဟန္တာပုဂ္ဂိုလ်တွေ ပရိနိဗ္ဗာန်စံသွားလို့ စေတီ တည်တယ် ဆိုစေကာမူ ထိုစဉ်အခါကာလက မြတ်စွာဘုရားက သက်တော်ထင်ရှားရှိနေ တော့ ဘုရားကိုဘဲ အလေးအမြတ်ပြုပြီး နေကြပါတယ်၊ စေတီတွေကတော့ လူများပူဇော်ဘို့ ဒီလောက်ဘဲ ဖြစ်နေပါတယ်၊ အဲဒီတော့ မြတ်စွာဘုရား လက်ထက်က ဆိုလျှင် တောကျောင်း, တောင်ကျောင်း, ကမ္ဘောဇ္ဇာန်း ကျောင်းတွေမှာ စေတီလဲ မရှိတာက များပါလိမ့်မယ်။

ပြီးတော့ကာ ဗောဓိယင်ပြင်ဆိုတဲ့ နေရာမှာလည်း ဗောဓိပင်ဆိုတာ ဘုရားလက်ထက်က ဘယ်မှာစိုက်ပျိုးသလဲ ဆိုဘာ ကျမ်းဂန်အရ စဉ်းစား ကြည့်ဘို့ရှိလျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ အရှင်အာနန္ဒာ စိုက်တဲ့ **အာနန္ဒာဗောဓိ** ဆိုတာကိုသာ တွေ့ရပါတယ်၊ ဒါကြောင့် ထိုစဉ် ကာလက ဗုဒ္ဓဂယာက မူလရင်း **မဟာဗောဓိပင်** တခုနှင့် အာနန္ဒာဗောဓိပင် တခု ဒီနှစ်ခုဘဲ ရှိပါတယ်၊ ဘုရားလက်ထက်က ဆိုလျှင် ဒါဘဲ ရှိပါတယ်။

ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက် တတိယသံဂါယနာပြီးဘဲ့အခါ အရှင် မဟိန္ဒာဘို့ သီဟိုဠ်မှာ တဝါရတဲ့ အခါကျတော့မှ သာသနာသက္ကရာဇ် ၂၃၇-ခုနှစ် မှာ **သံဃမိတ္တာဗောဓိ**ဆိုဘဲ့ ဗောဓိပင်ကို သီဟိုဠ်မှာ စပြီးတော့ စိုက်ပါတယ်၊ အဲဒီက နောက်မှ ဗောဓိပင်ဘွေအများအပြားဖြစ်ပေါ်ပြီးတော့လာပါတယ်။

ယခု ဒီမှာ ပြထားတဲ့ စေတီယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ် ဆိုတာတွေ ဟာ အဲဒီက နောက်ခေတ်များမှာ ပြုလေ့ပြုထရှိဘဲ့ ကျင့်ဝတ်တွေဖြစ်တယ် ဆိုဘာ ထင်ရှားနေပါတယ်။

ပြီးတော့ ကျောင်းဝင်းထဲမှာ စေတီရှိလျှင် အဲဒီ စေတီမှာ စေတီယင်္ဂဏ ဝတ်ကို ပြုရပါမယ်၊ ကျောင်းပေါ်မှာ ရှိလျှင်လဲ ကျောင်းပေါ်မှာဘဲ ပြုရပါ မယ်၊ ဗောဓိပင်ရှိလျှင်လဲ အဲဒီဗောဓိယင်္ဂဏဝတ်ကို ပြုရပါမယ်၊ ဒီလို ဆိုလို ပါတယ်၊ စေတီတော်ဗောဓိပင်များ မရှိဘဲ့ကျောင်းမှာတော့ ဒီလို ဝတ်ပြုဘို့ လိုမှာ မဟုတ်ပါဘူး။

ပြီးတော့ ဗောဓိပင်မှာ ရေလောင်းခြင်းကိုလဲ ပြုရမယ်တဲ့၊ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိုလဲ ပြုရမယ်၊ ဆရာ ဥပဇ္ဈာယ်နှင့်အတူတူ နေ လို့ရှိလျှင် ဆရာဥပဇ္ဈာယ်ဝတ်များလည်း အကုန်လုံး ပြုရမယ်ဘဲ၊ ပြီးတော့ ကိုယ်လက်သုဘ်သင်ခြင်း အမှုများလဲပြုပြီးတဲ့အခါ မှာ ကျောင်းခန်းထဲ ဝင်ပြီး

တော့ ဒွေ့ တယော ပလ္လင်္ကော်၊ နှစ်ထိုင် သုံးထိုင်၊ ဥသုမံ ဂါဟာပေန္တော-ကိုယ်ငွေ့ရအောင် ထိုင်ရမယ်တဲ့၊ တခါထိုင်ပြီးတော့ တရား နှလုံးသွင်းလိုက်၊ ညောင်းလာ ပူလာလို့ ခြေထောက်တွေကျင်လာလို့ တခါပြင်ပြီးတော့ ထိုင်လိုက်ရတယ်၊ နောက်တခါလဲ ညောင်းလာ ပူလာလို့ တခါပြင်ပြီးတော့ ထိုင်လိုက်ရပြန်တယ်၊ အဲဒီလို နှစ်ကြိမ် သုံးကြိမ် ပြင်ပြီးတော့ ထိုင်တဲ့ အထိုင်မျိုးကို ဒွေ့ တယော ပလ္လင်္ကော်လို့ ဆိုပါတယ်၊ အဲသလောက် ကြာအောင် နှလုံးသွင်းရမယ်၊ တရားအားထုတ်ရမယ်ဘဲ့၊ ဒီလို အားမထုတ်ဘဲနဲ့ ဆွမ်းခံသွားဘို့ရာတွေကို အမှတ်တမဲ့ လျှောက်ပြီး မလုပ်ရသေးဘူးဘဲ့။

အဲဒီလို ၂-ထိုင် ၃-ထိုင် အားထုတ်ပြီးတော့မှ ဆွမ်းခံချိန်ကျလို့ ရှိလျှင် ကမ္မဋ္ဌာနသီသေန–ကမ္မဋ္ဌာန်းကို ခေါင်းတပ်သဖြင့်, ကမ္မဋ္ဌာန်းကို ခေါင်းပြုသဖြင့်, ကမ္မဋ္ဌာန်းကိုဘဲ ဦးခေါင်းပြုပြီးတော့, အလေးအမြတ် ပြုပြီးတော့ သပိတ် သင်္ကန်းယူတဲ့အခါမှာလဲ ကမ္မဋ္ဌာန်းလွှတ်ပြီးတော့ ကမ္မဋ္ဌာန်းလက်လွှတ်မယူရဘူးတဲ့၊ သပိတ်တွေ သင်္ကန်းတွေနှင့် ထိတာတွေ မြင်တာတွေ လက်လှမ်းတာတွေ အဲဒီလို အပြုအမူ ဟူသမျှမှာလဲ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပါတဲ့။

ဒီတော့ သမထကမ္မဋ္ဌာန်းထဲက အာနာပါန အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဆိုလျှင် အာနာပါနကို နှလုံးသွင်းနေရမှာပါဘဲ၊ ပထဝီကသိုဏ်းကို အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဆိုလျှင်လဲ ပထဝီကသိုဏ်းကို နှလုံးသွင်းနေရမှာပါဘဲ၊ ဗုဒ္ဓါနုဿတိကို အားထုတ်နှလုံးသွင်းနေဘဲ့ ပုဂ္ဂိုလ်ဆိုလျှင်လဲ ဘုရားဂုဏ်တွေကို နှလုံးသင်းနေရမှာပါဘဲ၊ ဝိပဿနာကမ္မဋ္ဌာန်း နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ဆိုလျှင်တော့ အဲဒီ အခိုက်အတန့်မှာ ဒွါရခြောက်ပါးက ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်တွေကို ရှုပြီး သွားဘို့ပါဘဲ။

## ကမ္မဋ္ဌာန်းကို အဦးမူ၍

အဲဒီမှာ ကမ္မဋ္ဌာန်းကို အဦးမူပြီး ဦးခေါင်းပြုပြီး နေရမယ်ဆိုဘာ ဘယ်လိုဟာတုံးဆိုလို့ရှိလျှင် ပါဠိတော်များမှာ တိုက်ရိုက်လာတာကတော့ ယနေ့ဘဲမွေးပြီးစဖြစ်ဘဲ့ သားငယ်ကလေးနှင့် နွားမကြီးဟာ အစာ စားချိန်ကျတော့ အစာကိုလဲ စားရပါတယ်၊ စားပေမယ်လို့ သူ့ သားငယ်ကလေးကို စိတ်မချတဲ့အတွက် သားငယ်ကလေးကိုလဲ တစိတစောင်း ကြည့်ရပါတယ်တဲ့၊ ယောဂီရဟန်းမှာလဲ ကမ္မဋ္ဌာန်းကို လက်မလွှတ်ဘဲနှင့် အဲသလို ဖြစ်ရပါမယ်တဲ့၊ လုပ်

စရာ ကိုင်စရာတွေ ရှိတာလဲလုပ်၊ ကမ္မဋ္ဌာန်းလဲ မလွှတ်နှင့် နှလုံးသွင်းရမယ်တဲ့၊ ဒီဥပမာမှာ နွားမကြီးရဲ့ နှလုံးသွင်းပုံကတော့ နွားမကြီးရဲ့ သန္တာန်မှာဘဲ ရှိပါဘယ်၊ ရဟန်းသန္တာန်မှာ မဟုဘ်ပါဘူး၊ ဒါကြောင့် ကိုယ့်အတွေ့နှင့် စဉ်းစားဘို့ရန် သိပ်မပေါ်လှသေးပါဘူး၊ ဒါကြောင့် ယခု အများအားဖြင့် တွေ့နေကျ ဖြစ်ဘဲ့ ဥပမာကလေးတခုကို ပြပါဦးမယ်။

မိမိ ကြိုက်နှစ်သက်ဘဲ့ အာရုံကလေးတခု လုပ်ငန်းကလေးတခုကို စဉ်းစားနေဘဲ့အခါ ရှိပါဘယ်၊ ရဟန်းတော်များမှာ ဆိုလို့ရှိလျှင် စာပေကို လေ့လာနေတဲ့ ပုဂ္ဂိုလ်တွေက ပုဒ်တခုခုမှာ အခက်အခဲတွေ့ပြီး စဉ်းစားနေတတ်ကြပါတယ်၊ အဲဒီပုဒ်ရဲ့ ပုဒ်ပြီးပုံ အနက်အဓိပ္ပါယ် အဆုံးအဖြတ်တွေကို စဉ်းစားပြီးနေတတ်ပါတယ်၊ ပြီးတော့ အထူးအရေးကြီးတဲ့စာကို ရေးသားလို့ရှိလျှင်လဲ ရေးဘို့ရာ အစီအစဉ်တွေကို စဉ်းစားပြီးနေတတ်ပါတယ်။

အဲသလို စဉ်းစားနေတုန်း ဧည့်သည်အာဂန္တုက ရောက်လာတယ် ဆိုလို့ရှိလျှင် မလွဲမကင်းသာလို့ စကားလဲ ပြောရပါတယ်၊ ပြောပေမယ်လို့ စကားပြောရတာထဲမှာ စိဘ်မဝင်စားပါဘူး၊ ကိုယ်စဉ်းစားထားတာတွေ မပျောက်အောင်လို့ တဖက်က စဉ်းစားမြဲပင် စဉ်းစားလျက်ဘဲ ရှိပါတယ်၊ အဲဒါမျိုးဟာ ကမ္မဋ္ဌာနသီသေနနှင့် အဘူတူပါဘဲ၊ ဒီဥပမာမှာ မိမိစဉ်းစားချက်ကလေး ပျောက်မသွားအောင်သို့ နှလုံးသွင်းနေသလိုဘဲ ယောဂီရဟန်းမှာလဲ ကမ္မဋ္ဌာန်းအာရုံကလေးကို နှလုံးသွင်းရင်းနှင့်ဘဲ သပိတ် သင်္ကန်း စသည်ဘို့ကို ကိုင်တွယ်ပြုပြင်ရမယ်လို့ ဆိုလိုပါတယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းကို အဦးမူပြီး ကမ္မဋ္ဌာန်းမလွှတ်ဘဲနှင့် သပိဘ် သင်္ကန်းများလဲ ယူပြီးတော့ ကမ္မဋ္ဌာန်းကို နှလုံးသွင်းရင်းဘဲ သွားရမယ်တဲ့၊ သွားဘဲ့အခါမှာလဲ စေတီယင်ပြင်က ဖြတ်ပြီးတော့ သွားလို့ရှိလျှင် အဲဒီ စေတီတော် ရောက်တဲ့အခါကာလကျတော့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းများ နှလုံးသွင်းရမဲ့ အကြောင်းကို ပြဆိုသွားပါတယ်။

စေတီက ပြန်လာဘဲ့ အခါကာလကျတော့ နှလုံးသွင်းမြဲ ဖြစ်တဲ့ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီးဘော့ ပြန်လာရမယ်လို့ ပြောပါဘယ်၊ အဲဒီက နောက်ရွာဝင်တော့မယ်ဆိုလျှင် သင်္ကန်းများ ရုံပြီးတော့ ဝင်ရပါတယ်၊ အဲဒီမှာလဲ ကမ္မဋ္ဌာနသီသေနလို့ ဆိုထားပြန်ပါတယ်၊ သင်္ကန်းရုံတဲ့ အခါမှာလဲ ကမ္မဋ္ဌာန်းကို အဦးမူပြီးတော့ သင်္ကန်းရုံရမယ်၊ ကမ္မဋ္ဌာန်း မလှဘ်စေနှင့်လို့ ဆိုပါတယ်။

အဲဒီကနောက် ရွာထဲဝင်သွားတဲ့ အခါကျတော့ ဘုန်းကြီးတဲ့ ရဟန်းတော်များ ဆိုလို့ရှိလျှင် ဒကာ ဒကာမတွေက ယာဂုဘို့ ဆွမ်းဘို့ အသင့်ကပ်ကြပါမယ်၊ အဲဒီမှာ တရားဟောစရာ ရှိလျှင်လဲ တရားဟောရဦးမယ်လို့ ဆိုပါတယ်၊ တရားဆိုတာ ဟောဘဲ့ အခါမှာလဲ ကမ္မဋ္ဌာန်းနှင့် မလွှတ်စေဘဲ ဟောရမယ်လို့ ဆိုပါတယ်၊ ဆွမ်းဘောဇဉ်တွေ ပြည့်စုံလို့ ပြန်လာတဲ့အခါကာလကျတော့ ရဟန်းငယ်တွေ သာမဏေတွေက လမ်းက ခရီးဦးကြိုပြီး အကျိုးအကြောင်းတွေကို မေးကြပါတယ်တဲ့။

အဲဒီမှာလဲ ပေါရာဏကာ ဘိက္ခု ကိရ လို့ မှတ်ဖွယ်ကလေးတခုကို ပြပြန်ပါတယ်၊ အဲဒါဟာ အင်္ဂုတ္တိုရ် ဆရာများထက် ရှေးကျတဲ့ ခေတ်ကို ရည်ရွယ်ပြီးတော့ရေးဟန်တူပါတယ်၊ အဲဒီ ရှေးခေတ်တုန်းက ရဟန်းတော်များဟာ မိမိ၏ဆရာ ဥပဇ္ဈာယ်ရယ်လို့ မရွေးချယ်ကြဘဲ ရောက်လာတဲ့ အစဉ်အတိုင်းဘဲ မထေရ်ကြီးများ ခရီးဦးကြိုပြီး ဝတ်ပြုလေ့ရှိကြပါသတဲ့။

ဒါကြောင့် အဲသလို ရှင်ငယ် ရဟန်းငယ်ကလေးတွေက ဝတ်ပြုပြီးတော့ "အရှင်ဘုရား ဒီဒကာ ဒကာမတွေနှင့် ဘယ်လိုတော်လို့တုံးလို့ သိပ်ဂရုစိုက်ကြပါလား၊ သိပ်ကြည်ညိုကြပါလား" စသည်ဖြင့် မေးကြတော့ အဲဒီရဟန်းမှာ ကမ္မဋ္ဌာန်းကို နှလုံးမသွင်းနိုင်တော့ဘဲ အဲဒီ ဒကာ ဒကာမတွေရဲ့ ဂုဏ်ကို ချီးကျူး ပြောပြရင်း ပြန်လာပါဘယ်တဲ့။

အဲဒီ ရဟန်းဟာ အသွားတုန်းကတော့ ဒကာ ဒကာမတွေရဲ့ အိမ်ရောက်အောင် ကမ္မဋ္ဌာန်းမလွှတ်ခဲ့ဘူး၊ ပြန်လာတဲ့အခါကျတော့ ကမ္မဋ္ဌာန်းမပါဘူးဘဲ့၊ အဲဒါမျိုးကို ဟာရတိ နပစ္စာဟရတိ-အသွားသာ ကမ္မဋ္ဌာန်းပါ၍ အပြန်ကမ္မဋ္ဌာန်း မပါသော ရဟန်းသို့ မှတ်ရမယ်တဲ့၊ အဲဒါကို အင်္ဂုတ္တိုရ်က ပြသွားပါတယ်ဘုရား။

အဲဒီနောက် အသွားကမ္မဋ္ဌာန်းမပါဘဲနှင့် အပြန်ကျမှ ကမ္မဋ္ဌာန်းပါတဲ့ ရဟန်းစသည်ဘို့ရဲ့ ကျင့်ပုံတွေကိုကြည်ညိုစရာတွေ အများကြီးရှိပါသေးတယ်၊ အဲဒါတွေကိုတော့ နောက်ရက်များမှ ဆက်ပြီးတော့ လျှောက်ထားပါတော့မယ်ဘုရား။

## (၂) အပြန်ကျမှ ကမ္မဋ္ဌာန်းပါတဲ့ပုဂ္ဂိုလ်

ယနေ့ ဂတပစ္စာဂတဝတ် ဆိုင်ရာ အကျင့်ကိုကျင့်တဲ့ ပုဂ္ဂိုလ်ထဲက ဟရတိ နပစ္စာဟရတိ ဆိုတဲ့ ပုဂ္ဂိုလ်အကြောင်းတော့ ပြောခဲ့ပြီးပါပြီ၊ ယနေ့ ပြောရမှာကတော့ ပစ္စာဟရတိ နဟရတိ ဆိုတဲ့ အသွားမှာ ကမ္မဋ္ဌာန်း မပါဘဲနှင့် အပြန်ကျမှ ကမ္မဋ္ဌာန်းပါလာတယ် ဆိုတဲ့ ပုဂ္ဂိုလ်အကြောင်းကို ပြောဘို့ရန် အလှည့်ကျနေပါတယ်။

အဲဒီ ပုဂ္ဂိုလ်ဟာလဲ ပဌမပုဂ္ဂိုလ်လိုဘဲ ကျောင်းမှာတော့ အရာရာတိုင်းမှာ နေ့ရော ညဉ့်ရော သမ္ပဇဉ်တရား မကင်းဘဲနှင့် ဂေါစရသမ္ပဇဉ်နှင့် ပြုလုပ်ဆောင်ရွက်ပြီး နေခဲ့ပါတယ်၊ ဒါကြောင့် နံနက်မှာလဲ စောစောထပြီးတော့ ပြုသင့်ပြုထိုက်ဘဲ့ ကိစ္စတွေကို ဂေါစရသမ္ပဇဉ်မကင်းဘဲ ကမ္မဋ္ဌာန်းမလွတ်ဘဲနှင့် ပြုလုပ်ဆောင်ရွက်ပြီး နေခဲ့ပါတယ်။

အဲသလို ပြုလုပ်ဆောင်ရွက်နေရင်း ဆွမ်းခံချိန်ကျတဲ့အခါမှာ ဝမ်းတွင်းက အာဟာရ မရှိတဲ့အတွက်ကြောင့် ပါစကတေဇောဓာတ်မီးက အာဟာရချက်စရာ မရှိတော့ ဥပါဒိန္နကခေါ်တဲ့ ကိုယ်တွင်းရုပ်တွေကို ပူလောင်ပြီးတော့ လာပါတယ်တဲ့၊ အဲဒီ ကိုယ်တွင်းရုပ်တွေ ပူလောင်တော့ ဝမ်းတွင်းက ပူလောင်လွန်းအားကြီးတဲ့အခါကာလမှာ ကိုယ်မှ ချွေးများတောင်မှ ထွက်ပြီးလာနိုင်ပါတယ်တဲ့၊ အဲသလို ပူလောင်ပြီး ကိုယ်ထဲမှာ မချမ်းမသာ ဖြစ်နေတော့ စိတ်လဲ မတည်ငြိမ်ဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းနှလုံးသွင်းပေမယ်လို့ ကမ္မဋ္ဌာန်းအစဉ်အဘိုင်း ချောချောမောမော မသွားဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် သူဟာ ကမ္မဋ္ဌာန်းကို စေ့စေ့စပ်စပ် အချိုးတကျ နှလုံးမသွင်းနိုင်တော့ဘဲနှင့် ပြုသင့် ပြုထိုက်တဲ့ ဝတ်များ ပြုပြီးတော့ မြန်မြန်သုတ်သုတ်ဘဲ ဆွမ်းခံကြွရပါတယ်တဲ့။

ဆွမ်းခံကြွလို့ ဆွမ်းခံရွာရောက်တဲ့ အခါကာလကျတော့ ယာဂုများရ၊ အဲဒီယာဂုကို ဘုဉ်းပေးတဲ့အခါကာလမှာ နှစ်ကြိမ် သုံးကြိမ်လောက် ဘုဉ်းပေးလိုက်လျှင်ဘဲ ဝမ်းထဲမှာ အစာကရောက်သွားတော့ ကမ္မဇဓာတ်မီးဟာ ဥပါဒိန္နက ကိုယ်ရုပ်ကို လွှတ်ပြီးသကာလ အစာကို ပူလောင်ပြီး ချက်သွားပါတယ်၊ အဲဒီ အခါမှာ ကိုယ်ထဲက နေသာ ထိုင်သာရှိသွားလို့ ကိုယ်ချမ်းသာတော့

စိတ်ချမ်းသာ ဖြစ်ပါတယ်၊ စိတ်ချမ်းသာတဲ့အခါမှာ သုခံ သမာဓိယတိ ဆိုတဲ့ အတိုင်း သမာဓိများလဲ ဖြစ်ပြီးလာပါတယ်။

သမာဓိ ဖြစ်တဲ့ အခါကာလကျတော့ ကမ္မဋ္ဌာန်းကို နှလုံးသွင်းရင်း ယာဂုလဲ ဆက်လက်ပြီး ဘုဉ်းပေးသွားတယ်၊ ယာဂုဘုဉ်းပေးပြီးတဲ့ အခါမှာလဲ ကမ္မဋ္ဌာန်းကို မပြတ် နှလုံးသွင်းပြီးတော့ နေတယ်၊ နောက်ဆွမ်းခံချိန်ကျတဲ့ အခါကာလကျတော့လဲ ကမ္မဋ္ဌာန်းကို အဦးမူပြီးတော့ ဆွမ်းခံလဲကြွ၊ ဆွမ်းများ လဲ ဘုဉ်းပေးတယ်၊ဆွမ်းဘုဉ်းပေးပြီးလို့ ပြန်လာတဲ့အခါကာလမှာလဲကမ္မဋ္ဌာန်း ကို ယူပြီးတော့ ကမ္မဋ္ဌာန်းမလွတ်ဘဲနှင့် ကျောင်းသို့ ပြန်လာတယ်၊ ကျောင်း ရောက်တော့ ကမ္မဋ္ဌာန်းကို မပြတ် နှလုံးသွင်း ဆင်ခြင်ပြီးတော့ နေပါတယ်တဲ့။

အဲဒီ ပုဂ္ဂိုလ်ဟာ အသွားက အစာ အာဟာရ မရှိလို့ ဝမ်းပူလောင်တဲ့ အတွက် ကမ္မဋ္ဌာန်းလွတ်ပြီးတော့ သွားခဲ့သော်လည်း အပြန်ကျတော့ ကမ္မ ဋ္ဌာန်း ပါလာတဲ့ ရဟန်းဖြစ်ပါတယ်၊ ဒါဟာ ပုဂ္ဂိုလ်လေးပါးထဲက ဒုတိယ ပုဂ္ဂိုလ်ပါဘဲ။

အဲဒီလို ရဟန်း, အဲဒီလို ပုဂ္ဂိုလ်များကတော့ ယာဂုဘုဉ်းပေးပြီးတော့ ဝိပဿနာရှုကြတဲ့အတွက်ကြောင့် မြတ်စွာဘုရား၏ သာသနာတော်မှာ အရ ဟတ္တဖိုလ် ရောက်တဲ့ပုဂ္ဂိုလ်တွေဟာ မရေမတွက်နိုင်အောင် များပါတယ်တဲ့။

ဒီလို ယာဂုဘုဉ်းပေးရင်း တရားနှလုံးသွင်းပြီးတော့ အရဟတ္တဖိုလ်ရောက် တဲ့ ပုဂ္ဂိုလ်တွေဟာ မရေမတွက်နိုင်အောင် များပါတယ်တဲ့။

## သီဟိုဠ်ကျွန်းမှာ

ဒီ အင္ဂုတ္တရက သီဟိုဠ်ကျွန်းမှာ ရေးတော့ သီဟိုဠ်ကျွန်းက ဖြစ်ပုံတွေကို ရေးထားပါတယ်၊ ဘုရားတပည့်တော်တို့ မြန်မာပြည်ကလဲ ဟိုစဉ်ကာလက ဒီလို ကျမ်းမျိုးတခု ရေးထားခဲ့လို့ရှိလျှင် ဗမာပြည်မှာ သုဝဏ္ဏဘူမိဆိုတဲ့ အရပ် က ဒီလိုဘဲ တရားအားထုတ်လို့ ဘယ်လို ဖြစ်တယ် ဆိုတာဟာ ကျမ်းတခုရှိဘို့ ရာပါဘဲ၊ သို့သော်လဲ ရှေးက မရေးခဲ့ကြလို့ ဗမာပြည်မှာတော့ ပြောပြစရာ မရှိဘဲ ဖြစ်နေပါတယ်။

သီဟိုဠ်ကျွန်းမှာတော့ ထိုစဉ်အခါက ထိုထိုရွာတွေမှာ ဆွမ်းစားကျောင်း ကလေးတွေ ဆွမ်းစားစရပ်ကလေးတွေဆိုတာ ရှိပါတယ်၊ ရဟန်းတော်များ ဆွမ်းခံပြီးတော့ အဲဒီမှာ ဆွမ်းဘုဉ်းပေးဘို့ နေရာလဲအသင့် ရေလဲ အသင့်ရှိနေ

ပါတယ်၊ အဲဒီလို ဆွမ်းစားစရပ်ကလေးတွေမှာ ယာဂုဘုဉ်းပေးရင်း အရဟတ္တ ဖိုလ် ရောက်တဲ့ ပုဂ္ဂိုလ်တွေဟာ နေရာတိုင်း နေရာတိုင်း နှံ့နေပါတယ်တဲ့၊ အဲဒီ ဆွမ်းစားစရပ်ပေါ်မှာ ဆိုသို့ရှိလျှင် ဘယ်နေရာကမဆို အကွက်စိပ်ရိုက်ပြီး ချကြည့်၊ နေရာတိုင်း နေရာတိုင်းမှာ ရဟန္တာဖြစ်ဘူးတဲ့ နေရာချည်းပါဘဲတဲ့။

ဒီနေရာကလေး တနေရာဖြင့်လျှင် ရဟန္တာ မဖြစ်ဘူးသေးဘူး၊ လစ်လပ် နေတယ်လို့ ပြောစရာကို မရှိပါဘူးတဲ့၊ စားသောက်ရာမှာ ကမ္မဋ္ဌာန်းပါတဲ့ ဒီပုဂ္ဂိုလ်မျိုးကတော့ အဲသလောက် များအောင်ဘဲ ရဟန္တာအဖြစ်သို့ရောက် တတ်ပါတယ်ဆိုဘဲ့ အကြောင်းကို ဒီအဋ္ဌကထာမှာ ပြသွားပါတယ်၊ ဒါကြောင့် ဒီပုဂ္ဂိုလ်ကိုတော့ အဋ္ဌကထာ ဆရာက ချီးကျူးလိုပါတယ်၊ ချီးကျူးလည်း ချီးကျူးစရာကောင်းပါပေတယ်။

စောစောပိုင်းက သူဟာ ကမ္မဋ္ဌာန်းကို ကောင်းကောင်းနှလုံးမသွင်းနိုင် ဘဲနှင့် သွားဘာဟာလဲ ဝမ်းထဲက အစာ အာဟာရမရှိလို့ ကိုယ်ဆင်းရဲရောက် နေတဲ့ အတွက်ကြောင့် မတတ်နိုင်လို့သာ ဖြစ်ပါတယ်၊ ကမ္မဋ္ဌာန်းကို လုံးလုံး လွှတ်ပစ်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး၊ ဒါကြောင့် သူဟာ ယာဂု အနည်းငယ် သောက်ရလို့ ကိုယ်ချမ်းသာမှုကို ရလာသည့် အချိန်ကစပြီး ကမ္မဋ္ဌာန်းကို မပြတ်နှလုံးသွင်းသွားတဲ့အတွက် အရဟတ္တဖိုလ်တိုင်အောင် ရောက်ပြီး သွား ပေတယ်၊ ဒါဟာ အင်မတန် ချီးကျူးစရာ ကောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်ပါပေတယ်။

## (၃) အသွားအပြန် မပါတဲ့ပုဂ္ဂိုလ်

ပြီးတော့ တတိယပုဂ္ဂိုလ်ကတော့ ယော ပန ပမာဒဝိဟာရီ ဟောတိ၊ မေ့မေ့လျော့လျော့ နေတဲ့ပုဂ္ဂိုလ်ပါဘဲ၊ အသွားလဲ ကမ္မဋ္ဌာန်း မပါဘူး၊ အ ပြန်လဲ ကမ္မဋ္ဌာန်း မပါဘူး၊ အဲဒီပုဂ္ဂိုလ်ကို ပမာဒဝိဟာရီ ခေါ်တယ်၊ မေ့မေ့ လျော့လျော့ နေလေ့ရှိတဲ့သူပါတဲ့၊ ကျောင်းမှာလဲ မေ့မေ့လျော့လျော့နေ တယ်၊ မြို့ထဲ ရွာထဲ သွားလျှင်လဲ မေ့မေ့လျော့လျော့နေတယ်၊ အခါခပ်သိမ်း နေရာခပ်သိမ်းမှာဘဲ မေ့မေ့လျော့လျော့ နေတယ်လို့ ဆိုလိုပါတယ်၊ ပြီးတော့ နိက္ခိတ္တဓုရော-ချထားအပ်သော ဝန်ရှိနေပါတယ်တဲ့၊ ဝန်ထုပ်ဝန်ပိုးများကို ထမ်းနေဘဲ့ ပုဂ္ဂိုလ်, ဝန်ထုပ် ဝန်ပိုးများကို ချထားတဲ့ပုဂ္ဂိုလ် နှစ်မျိုးရှိသလိုဘဲ၊ ရဟန်းများမှာတော့ ဓုရ ဆိုတာက နှစ်ခုရှိပါတယ်၊ ကျမ်းဂန် ပရိယတ်ကို သင်ကြားတဲ့ ဝန်ကလဲ ဓုရတခုပါဘဲ၊ ပြီးတော့ ဘာဝနာကို နှလုံးသွင်း

အားထုတ်တဲ့ ဝန်ကလဲ ဓုရ တခုပါဘဲ၊ အဲဒီ ဓုရ နှစ်ခုထဲက ဒီမှာ ဆိုလိုတာက တော့ ဘာဝနာ အားထုတ်တဲ့ ဓုရကို ဆိုလိုပါတယ်၊ ဘာဝနာအားထုတ်တဲ့ ဓုရလုပ်ငန်းတာဝန်ကို ချထားတယ်တဲ့၊ လိုရင်းတော့ ကမ္မဋ္ဌာန်းတရား ဘာမျှ အားမထုတ်ဘူးလို့ ဆိုလိုပါတယ်။

## စေတောခီလ ငါးပါး

ပြီးတော့ အလုံးစုံသော ဝတ်ကြီး ဝတ်ငယ် တွေလဲ မကျင့်ဘဲနှင့် ပဥ္စ ဝိမစေတောခီလဝိနိဗန္ဓစိတ္တောလို့ ဆိုပါတယ်။ ပဥ္စဝိစ-ငါးပါးအပြားရှိတဲ့ စေတောခီလ, စေတောဝိနိဗန္ဓတွေနှင့် ရောထွေးပြီးတော့နေတဲ့ စိတ်ရှိနေတယ် လို့ ဆိုပါတယ်၊ စေတောခီလ ငါးပါးဆိုတာဟာ ဘုရား၌ ယုံမှားခြင်း, တရား၌ယုံမှားခြင်း,သံဃာ၌ ယုံမှားခြင်း,မိမိကျင့်နေတဲ့ အကျင့်သိက္ခာအပေါ် မှာဟုတ်မှ ဟုတ်ပါ့မလား အကျိုးရှိမှ ရှိပါ့မလား စသည်ဖြင့် ယုံမှားခြင်း, သီတင်းသုံးဘော်များနှင့် စပ်ပြီးတော့ အမျက်ဒေါသ ထွက်နေခြင်း ဆိုတဲ့ ဟောဒီ ငါးမျိုးကို စေတောခီလလို့ ခေါ်ပါတယ်၊ အထဲမှာ စူးဝင်နေတဲ ငြောင့်ဘဲဘဲ့၊ ဒီလို ငြောင့်ကလေးတွေ စိတ်ထဲမှာ ဝင်နေလို့ရှိလျှင် တရား အားထုဘ်ဘို့ရာကတော့ မဖြစ်နိုင်ပါဘူး၊ တရားအားထုတ်သော်လဲ ဖြောင့် ဖြောင့် မဘ်မတ် ကောင်းကောင်းမသွားနိုင်ပါဘူး၊ ဒါကြောင့်မို့ ဒီတရားငါးပါး ကို စေတောခီလလို ခေါ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ စေတောခီလ ငါးပါးနှင့် လည်း ယှဉ်ပြီးတော့ စိတ်တွေဟာ ရှုပ်ထွေးနေတယ်တဲ့။

## စေတောဝိနိဗန္ဓ ငါးပါး

ပြီးတော့ စေတောဝိနိဗန္ဓငါးပါး- စိတ်၏ အနှောင်အဖွဲ့ငါးပါးဆိုတာလဲ ရှိပါတယ်၊ အဲဒါကတော့ ကာမေ-ကာမဂုဏ်တွေအပေါ် မှာ ငဲ့ကွက်မှု မကင်း သေးဘဲ ဖြစ်နေတာကလဲ စိတ်၏ အနှောင်အဖွဲ့တခုပါဘဲတဲ့၊ ဝိသဘာဂအာရုံ ကာမဂုဏ်တွေကို လိုချင် နှစ်သက်ပြီးတော့ မျှော်တလင့်လင့်ဖြစ်နေတဲ့ စိတ် ပါဘဲ။

ကာယေ-မိမိကိုယ်မှာ ငဲ့ကွက်ပြီးတော့ မိမိကိုယ်ကို အလိုလိုက်နေတဲ့စိတ်၊ ဒါလဲဘဲ ဝိနိဗန္ဓ အနှောင်အဖွဲ့တခုပါဘဲ။

ရူပေ-အပြင်အပ ဗဟိဒ္ဓရုပ် ဝတ္ထုပစ္စည်းတွေအပေါ် မှာ သာယာတွယ် တာပြီးတော့နေတဲ့စိတ်၊ ဒါလဲ အနှောင်အဖွဲ့ တခုပါဘဲ။

ပြီးတော့ အလိုရှိတိုင်းလဲစားသောက်၊ အလိုရှိတိုင်းလဲ အိပ်စက်ပြီးတော့ သေယျသုခ-လဲလျောင်းအိပ်စက်နေရလို့ ဖြစ်တဲ့ချမ်းသာ။ မိဒ္ဓသုခ-ငိုက်မျည်းလျက် မှိန်းနေရလို့ ဖြစ်တဲ့ချမ်းသာ။ ပဿသုခ-ဟိုဘက် သည်ဘက် ပြောင်းလဲ အိပ်ရလို့ ဖြစ်တဲ့ချမ်းသာဆိုတဲ့ ဒီချမ်းသာတွေကို ခံစားနေတာ၊ ဒါလဲဘဲ စေတောဝိနိဗန္ဓ တခုပါဘဲ၊ စားချင်တိုင်းစား အိပ်ချင်တိုင်းအိပ်ပြီးတော့ ချမ်းသာခံနေတာဟာ စိတ်၏ အနှောင်အဖွဲ့တခုဘဲလို့ ဆိုလိုပါတယ်။

ပြီးတော့ မိမိကျင့်သုံးတဲ့ သီလ သမာဓိ အကျင့် သိက္ခာတွေဖြင့် နောင်ဘဝအခါကာလကျတော့ နတ်တမျိုးမျိုး ဖြစ်ရအောင်လို့ နတ်ပြည်ချမ်းသာလောကကို မျှော်လင့် တောင့်တပြီးတော့ ကျင့်နေပါတယ်တဲ့၊ အဲဒါလဲ စိတ်၏ အနှောင်အဖွဲ့ တခုဘဲတဲ့။

ဒီအနှောင်အဖွဲ့ကြီးတွေ နှောင်ဖွဲ့ထားလို့ ရှိလျှင် သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်ဘဲ့ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ဘရားကို မရောက်နိုင်ပါဘူး၊ ဒါကြောင့် ဝိနိဗန္ဓလို့ ခေါ်ပါတယ်၊ ကာမဂုဏ်ဘေ တွယ်နေတယ် ဆိုလျှင်ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို သွားဘို့ရာ ခက်နေပါတယ်၊ နတ်ပြည်ကို ဖြစ်ဘို့ရာလောက် မျှော်နေလို့ ရှိလျှင်လည်း အဲဒီကို မသွားနိုင်ပါဘူး၊ ဒါကြောင့်မို့ ဒီဥစ္စာတွေကို စေတော ဝိနိဗန္ဓ ငါးပါးလို့ ခေါ်ပါသယ်။ ။

အဲဒီ စေတောခိလငါးပါး စေတောဝိနိဗန္ဓငါးပါး အတွယ်တွေနှင့် တွယ်ပြီးနေလျက်လဲ ရှိနေပါတယ်၊ ပြီးတော့ ကမ္မဋ္ဌာန် နာမ အတ္တိတိ သညမို့ အကတွာ၊ကမ္မဋ္ဌာန်းဆိုတာဟာ ရှိတယ်လို့တောင်မှ သူက အမှတ်အသားမပြုပါဘူးတဲ့၊ လေးစားခြင်း မပြုဘဲနှင့် နေပါတယ်ဘဲ့၊ ဆွမ်းခံသွားတဲ့အခါလဲ ပကာတိအတိုင်း အလွတ်သွား၊ ရွာထဲ မြို့ထဲ ရောက်တဲ့အခါ ဒကာ ဒကာမတွေနှင့် ဆက်ဆံမှုမှာလဲ အနနုလောမိကေန ဆိုဘဲ့ အဘိုင်း ရဟန်းများနှင့် မလျော်ဘဲ့ ဆက်ဆံခြင်းဖြင့် လူပေါင်းပေါင်းပြီး လူများလိုဘဲ ကျဘမ်းဆက်ဆံနေပါတယ်၊ ဆွမ်းရလို့ စားသောက်တဲ့အခါမှာလဲ ကမ္မဋ္ဌာန်းလက်လွတ် စားသောက်ပြီးတော့ တုစ္ဆော နိက္ခမတိ-ပြန်လာတော့လဲ သူ့မှာ အချည်းနှီးဘဲ၊ ကမ္မဋ္ဌာန်း မပါဘူးဘဲ့၊ အဲဒါက အသွားအပြန် နှစ်ပါးလုံး ကမ္မဋ္ဌာန်းမပါလို့ သမ္ပဇဉ် လုံးလုံးလွတ်နေတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်၊ အဲဒါ တတိယပုဂ္ဂိုလ် ဖြစ်ပါတယ်။

## (၄) အသွားအပြန် ကမ္မဋ္ဌာန်းပါတဲ့ပုဂ္ဂိုလ်

နောက် စတုတ္ထ ပုဂ္ဂိုလ်ကတော့ အသွားရော အပြန်ရော ကမ္မဋ္ဌာန်းပါတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊ ဒါကိုတော့ ဂတပစ္စာဂတဝတ်ဖြင့် သိရမယ်တဲ့၊ မြတ်စွာဘုရား၏ သာသနာတော်မှာ မိမိ၏ အကျိုးစီးပွါးကို လိုလားကြတဲ့ အမျိုးကောင်းသားတွေ ရဟန်းပြုကြပါတယ်၊ မြတ်စွာဘုရား လက်ထက်မှာရော ဘုရားပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာရော ဘုရား၏ တရားတွေကို သဒ္ဓါတရားဖြစ်ပြီးတော့ "ဒီတရားဘော့အတိုင်း ဒို့ရဟန်းပြုပြီး လွတ်လွတ်လပ်လပ်ကျင့်လို့ ရှိလျှင် ဒီဘဝတွင် အိုခြင်း နာခြင်း သေခြင်း ကင်းတဲ့ နိဗ္ဗာန်တရားဆိုတာ ရမှာဘဲ၊ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရမှာဘဲ"လို့ ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ရဟန်းပြုလာကြပါတယ်။

ဘုရားလက်ထက်အခါတုန်းက ဆိုလို့ရှိလျှင်တော့ တကယ့်မင်းစည်းစိမ်တွေ သူဌေးစည်းစိမ်တွေ အင်မတန် ကြီးကျယ်ဘဲ့ စည်းစိမ်ကြီးတွေကို စွန့်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်တရား လိုလားလို့ ရဟန်းပြုလာကြပါတယ်။

အဲသလို အမျိုးကောင်းသားတွေဟာ ဆယ်ပါးတစု၊ သို့မဟုတ် နှစ်ဆယ်၊သို့မဟုတ် သုံးဆယ်၊သို့မဟုတ် လေးဆယ်၊သို့မဟုတ်ငါးဆယ်၊ သို့မဟုတ် တရာ အဲသလို အချင်းချင်း စိတ်ဆန္ဒသဘောတူဘဲ့ ပုဂ္ဂိုလ်တွေ စုပေါင်းပြီးတော့ တနေရာရာမှာ သီတင်းသုံးကြပါတယ်ဘဲ့၊ သီတင်းသုံးတဲ့အခါ ကတိကဝတ်ပြုပြီးတော့သီတင်းသုံးကြပါတယ်။

ငါ့ရှင်တို့....ငါ့ရှင်တို့ဟာ ကြွေးမြီပူလို့လဲ ရဟန်းပြုလာကြတာ မဟုတ်ဘူး၊ မင်းဘေး ခိုးသူဘေး စသည်ကြောင့်လဲ ရဟန်းပြုလာကြတာ မဟုတ်ဘူး၊ စားရေး သောက်ရေး နေရေး ထိုင်ရေး ကျပ်တည်းလို့လဲ ရဟန်းပြုလာကြတာ မဟုတ်ဘူး၊ အမှန်အားဖြင့် ဆိုလျှင်တော့ ငါတို့ဟာ သံသရာ ဝဋ်ဆင်းရဲတွေက လွတ်မြောက်ချင်လို့ လွတ်မြောက်အောင် ကျင့်မယ် ဆိုပြီးတော့ ဤသာသနာတော်မှာ ရဟန်းပြုလာကြတာဘဲ၊ ဒါကြောင့် ငါတို့၏ သန္တာန်၌ သွားနေတုန်း ကိလေသာများဖြစ်ပေါ်လာလို့ရှိလျှင် အဲဒီ ကိလေသာကို သွားနေတုန်းမှာဘဲ ငြိမ်းသွားအောင် နှိမ်နင်းကြရမယ်၊ ရပ်နေတုန်း, ထိုင်နေတုန်း, လဲလျောင်းနေတုန်း ကိလေသာဖြစ်ပေါ်လာလို့ရှိလျှင် အဲဒီ ဣရိယာပုထ်အတွင်းမှာဘဲ

ငြိမ်းသွားအောင်လို့ နှိပ်ကွပ်ကြရမယ်လို့ အဲသလို ကတိကဝတ်ပြုကြပါတယ်။

နှိပ်ကွပ်တယ်ဆိုတာ သင့်လျော်တဲ့ ဆင်ခြင်နည်းနှင့် ဆင်ခြင်ပြီး နှိပ်ကွက်လျှင်လဲ ငြိမ်းသွားပါတယ်၊ သို့မဟုတ် ဝိပဿနာနှင့် ရှုပြီး နှိမ်နင်းလိုက်လျှင်လဲ ငြိမ်းသွားပါတယ်၊ ဒီလို သမထနှင့် ဖြစ်စေ၊ ဝိပဿနာနှင့် ဖြစ်စေ၊ ဆင်ခြင်တဲ့ ပဋိသင်္ခါနဉာဏ်နှင့် ဖြစ်စေ နှိပ်ကွပ်ဘို့ရာ ဩဝါဒပေးပြီးတော့ ကတိကဝတ် ပြုကြပါတယ်။

အဲသလို ကတိကဝတ်ပြုပြီး သီတင်းသုံးနေကြတဲ့အခါ နေ့ခင်းဆိုလို့ရှိလျှင်တော့ ရှေးက ပြောခဲ့တဲ့အတိုင်းပါဘဲ၊ တနေ့လုံး အာဝရဏီယဓမ္မကိလေသာတွေ မဖြစ်ရအောင်လို့ ကမ္မဋ္ဌာန်းကို အမြဲ နှလုံးသင်းနေကြပါတယ်၊ ညဦးယာမ်မှာလဲ ထိုအတူ နှလုံးသွင်းနေကြပါတယ်၊ သန်းခေါင်ယာမ် ည့အလယ်ပိုင်းမှာတော့ ခေတ္တခဏ ကျိန်းစက်ပြီးတော့ နံနက်စောစောအပိုင်းမှာလဲ စောစောထပြီးတော့ တရားနှလုံးသွင်းပြီး ရှေးကပြောခဲ့တဲ့ အစဉ်အတိုင်းဘဲ အားထုတ်နေကြပါတယ်။

## စိတ်ကို ရှုနည်း

ဆွမ်းခံကြွတဲ့ အခါကျလို့ရှိလျှင် အခုန ပြောခဲ့တဲ့အတိုင်း ဆယ်ပါးနှစ်ဆယ် တရာ ဒီလို အစုလိုက် ဆိုတော့ သံဃာတွေဟာ ထေရ်စဉ် ဝါစဉ်နှင့် စဉ်တန်းပြီး သွားရမှာပါဘဲ၊ အဲသလို သွားတဲ့အခါ တပါးပါးမှာ ကိလေသာ ဖြစ်လို့ရှိလျှင် အဲသည်ပုဂ္ဂိုလ်က သွားနေရင်းဘဲ မိမိ၏ ကိလေသာကို ငြိမ်းသွားအောင်လို့ နှိပ်ကွပ်ရမယ်၊ သမထကမ္မဋ္ဌာန်းရှိလျှင်လဲ အဲဒီသမထ ကမ္မဋ္ဌာန်း နှလုံးသွင်းလို့ ဒါမှ မဟုတ်လျှင်လဲ ပဋိသင်္ခါန ဉာဏ်ဖြင့် ဆင်ခြင်လို့ နှိပ်ကွပ်ရမယ်၊ ဝိပဿနာ ရှုနေတဲ့ ပုဂ္ဂိုလ်ဆိုလျှင်တော့ အဲဒီ ကိလေသာစိတ်ကလေး ရှုရုံပါဘဲ၊ ဒါကလေးက ရှုလိုက်လျှင် သူက ပျောက်သွားပါတယ်၊ မသိလျှင်တော့ ဒီစိတ်တွေက သိပ်ရှုပ်တယ်၊ အကြာကြီးလဲ ဖြစ်နေတာဘဲ၊ သိလို့ရှိလျှင်တော့ လောဘဖြစ်လျှင် အဲဒီလောဘစိတ်ကလေးကို ရှု၊ ဒေါသဖြစ်လျှင် အဲဒီ ဒေါသစိတ်ကလေးကိုရှု၊ အဲဒီ စိတ်ကလေးကို တခါတည်းစိုက်ပြီးတော့ ရှုလိုက်လျှင် သူက ပျောက်သွားပါတယ်၊ အကြီးအကျယ် စိတ်နှလုံးမသာယာတာတွေ အကြီးအကျယ် စိတ်ဆိုးနေတာတွေ တောင်မှ ရှုလိုက်လျှင်

ပျောက်သွားတာပါဘဲ၊ မရှုဘဲနေလျှင် တော့ တရားအားထုတ်ရာမှာတောင်မှ တခါတခါ စိဘ်မချမ်းသာမှုတွေ ဖြစ်တတ်ပါသေးတယ်၊ နေလို့ကို မဖြစ်တော့ မလောက်တောင် တခါတရံ ဖြစ်လာတတ်ပါတယ်၊ အဲဒီလိုအခါ စိတ်ကလေး ကို စိုက်ပြီးတော့ ရှုလိုက်လျှင် မကြာခင်ဘဲ ဒီစိတ်ဟာ ပျောက်ပြီးတော့ သွား ပါတယ်၊ အဲဒီနည်းကို ဒီမှာပြထားပါတယ်၊ ဒါကြောင့်မို့ သွားနေတုန်း ကိလေ သာ စိဘ်ဖြစ်လို့ရှိလျှင် သွားနေတုန်းဘဲ ငြိမ်းအောင် နှိပ်နင်းပြီး သွားကြပါ တယ်တဲ့။

အကယ်၍ သွားနေရင်း ရှုလို့တော့ဖြင့် မပျောက်ဘူးလို့ ဆိုလို့ရှိလျှင် ဘယ့်နှယ်လုပ်ရမလဲ ဆိုတော့ ရပ်နေရမယ်တဲ့၊ ရှေ့ကပုဂ္ဂိုလ်က ဒီလိုရပ်နေ တယ်ဆိုလျှင် နောက်ကပုဂ္ဂိုလ်တွေကလဲ တသီတတန်းကြီး ရပ်နေကြတယ်၊ ဒီတော့ မိမိကိုယ်ကို ဆုံးမလို့ ကောင်းတာပေါ့။ "နောက်ကလိုက်လာတဲ့ ရဟန်းတော်တွေကလဲဘဲ သင့်အကြောင်း သိကုန်ပြီ၊ မကောင်းတဲ့ ကာမ ဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်တွေ ကြံစည်နေကြောင်း သိကုန်ပြီ၊ ဒီလို အမှုဟေ့ဟာ သင်နှင့် တော်ရဲ့လား" စသည်ဖြင့် မိမိကိုယ်ကို စောဒနာ အပြစ်တင်ပြီးတော့ ဝိပဿနာ ရှုရမယ်တဲ့၊ ဒီလို ဝိပဿနာ ရှုလိုက်လို့ရှိလျှင် ဖြင့်၊ ဝိပဿနံ ဝဍ္ဎေတွာ တတ္ထေဝ အရိယဘူမိံ ဩက္ကမတိ၊ အရိယာအဖြစ် ရောက်နိုင်တယ်လို့ ဒီမှာ ပြထားပါတယ်။

အကယ်၍ ဒီလို ရှုသော်လဲ မငြိမ်းပြန်ဘူးဆိုလို့ရှိလျှင် ရပ်ရာကနေပြီး တော့ ထိုင်လိုက်ရမယ်တဲ့၊ ထိုင်ရာမှာလဲ မငြိမ်းပြန်လျှင် ဘယ်လို လုပ်ရမလဲ ဆိုတော့ မငြိမ်းငြိမ်းအောင်ဘဲ ဆုံးမရမယ်တဲ့၊ ဒီလို ဆုံးမပြီးတော့ အရိယာ အဖြစ်ရောက်လျှင်လဲ ရောက်၊ အရိယာအဖြစ် မရောက်တောင်မှ ကိလေသာ ကိုတော့ ငြိမ်းအောင် ပယ်ဖျောက်ပြီးသကာလ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသွား ရမယ်တဲ့။

သွားတဲ့အခါမှာလဲ န ကမ္မဋ္ဌာနဝိပ္ပယုတ္တေန စိတ္တေန ပါဒံ ဥဒ္ဓရတိ၊ ကမ္မဋ္ဌာန်းမပါဘဲနှင့် ခြေထောက်ကို ကြွခြင်း လှမ်းခြင်း ဒါမျိုးတွေကို မပြုရ ဘူးတဲ့၊ ခြေထောက်ကြွတိုင်း လှမ်းတိုင်း ကမ္မဋ္ဌာန်းပါရမယ်တဲ့၊ သမထ ကမ္မဋ္ဌာန်း ဖြစ်လျှင်လဲ သမထကမ္မဋ္ဌာန်း နှလုံးသွင်းရင်း ကြွရ လှမ်းရမှာပေါ့၊ ဒီမှာ ဆိုလိုတာတော့ ဝိပဿနာကို ရည်ရွယ်နေပုံ ပေါ်ပါတယ်၊ ဝိပဿနာ ကမ္မဋ္ဌာန်းဆိုလျှင်တော့ အဲဒီ ကြွချင်တဲ့စိတ်တွေ ကြွတဲ့ ရုပ်တွေ လှမ်းချင်တဲ့

စိတ်တွေ လှမ်းတဲ့ရုပ်တွေ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ ဖြစ်နေတယ်၊ ဒါတွေကို ရှုပြီးတော့ ကမ္မဋ္ဌာန်းမလွတ်ဘဲ သွားဘို့ရန် ဒီမှာပြထားပါတယ်။

## မဟာဖုဿဒေဝ မထေရ်

ဒီလို အားထုတ်ဘူးတဲ့ ပုဂ္ဂိုလ် ရှိပါသလား ဆိုတော့ ရှိပါတယ်တဲ့၊ အာလိန္ဒက အရပ်မှာ သီတင်းသုံးတဲ့ မဟာဖုဿဒေဝ မထေရ်များလို ကျင့်ရပါမယ်တဲ့ အဲဒီ မထေရ်ကြီးဟာ အဲဒီ အာလိန္ဒက အရပ်မှာ ၁၉-နှစ်ပတ်လုံး သီတင်းသုံးပြီးတော့ အသွားရော အပြန်ရော ကမ္မဋ္ဌာန်းဖြင့် မပြတ် ကျင့်သုံးနေပါတယ်တဲ့၊ အဲဒီ အသွားအပြန် လမ်းအနီးမှာ လယ်ထွန်တဲ့ လူတွေ, စိုက်ပျိုးတဲ့လူတွေ, တောထဲမှာ အလုပ်လုပ်နေတဲ့ လူတွေက မထေရ်ကြီးရဲ့ ဆွမ်းခံသွားတာဘဲ့ ပြန်တာတွေ တွေ့မြင်နေကြတယ်၊ မထေရ်ကြီးက ကမ္မဋ္ဌာန်း လွတ်သွားတိုင်း လွတ်သွားတိုင်းပြန်ပြန်ပြီး သွားနေသတဲ့၊ တလှမ်း လွတ်သွားတာလဲ ရှိမယ်၊ နှစ်လှမ်းလွတ်သွားတာလဲ ရှိမယ်၊ လေးငါးဆယ် လှမ်း လွတ်သွားတာလဲ ရှိမယ်၊ အဲဒီ လွတ်သွားတဲ့ ခြေလှမ်းတွေကို ဘယ်နားက စပြီး လွတ်သလဲလို့ ဆင်ခြင်ပြီးတော့ အဲဒီ လွတ်တဲ့ အစနေရာ ပြန်သွား၊ အဲဒီ နေရာကတဖန် ကမ္မဋ္ဌာန်းနှင့် ပြန်ပြီးတော့ ရှေ့ဆက်ရှေ့ဆက်လာသတဲ့၊ ဒီလို သွားချီပြန်ချီ သွားချီ ပြန်ချီနှင့် ခေါက်တုံ့ ခေါက်ပြန် ဖြစ်နေတာကို လူတွေကမြင်တော့ "ဒီမထေရ်ကြီးဟာ မျက်စိလည်နေလို့လား, ဘာများ မေ့နေလို့ပါလိမ့်မလဲ" စသည်ဖြင့် အမျိုးမျိုး ထင်ချက်ပေးပြီး တွေးတော ပြောဆိုကြပါတယ်တဲ့။

ဘယ်လိုဘဲ ပြောပြော မထေရ်ကြီးကတော့ ဘယ်သူကိုမှ ဂရုမစိုက်ဘဲနှင့် သူ့တရားဘဲ သူအားထုတ်ပြီးတော့ သွားတာပါဘဲတဲ့၊ အဲသလို အားထုတ်လို့ အနှစ် နှစ်ဆယ်မြောက်မှာ အရဟတ္တဖိုလ် ရောက်သွားပါတယ်၊ အဲဒီ မထေရ်ကြီးများလို ကမ္မဋ္ဌာန်း မကင်းဘဲနှင့် အသွား အပြန် အားထုတ်သွားရမယ်လို့ ဆိုလိုပါတယ်။

## မဟာနာဂ မထေရ်ကြီး

ပြီးတော့ ကာဠဝလ္လိမဏ္ဍပ်မှာ သီတင်းသုံးတဲ့ မဟာနာဂ မထေရ်ကြီးများလိုလဲ ကျင့်ရမယ်တဲ့၊ အဲဒီ မထေရ်ဟာ ပဌမရှေးဦးစွာ မြတ်စွာဘုရား၏ ဒုက္ကရစရိယာ အကျင့်ကို ပူဇော်သောအားဖြင့် ခုနစ်နှစ်ပတ်လုံး ရပ်ခြင်း

စကြံ့သွားခြင်းကိုသာ ဆောက်တည်ပြီးနေပါတယ်၊ နောက် တဆယ့်ခြောက် နှစ် တိုင်တိုင် အသွားအပြန် ကျင့်ဝတ်ကို ကျင့်ပြီးတော့ ရဟန္တာ အဖြစ် သို့ ရောက်သွားပါတယ်တဲ့။

## မထေရ် ငါးကျိပ်

နောက်ပြီးတော့ ကလမ္ဗတိတ္ထ ဆိပ်ကမ်းကျောင်းမှာ သီတင်းသုံးတဲ့ ရဟန်းငါးကျိပ်များလိုလဲ ကျင့်ရမယ်တဲ့၊ ကလမ္ဗဆိပ်ကမ်းဆိုတော့ ကိုလံဗို များ ဖြစ်မလား မပြောတတ်ဘူး၊ ဒီရဟန်းတွေဟာလဲ အဲဒီ ကလမ္ဗဆိပ်ကမ်း ကျောင်းမှာ ဝါကပ်ပြီး သီတင်းသုံးတဲ့အခါ ကတိကဝတ်များ ပြုကြပါတယ်၊ ကတိကဝတ်ပြုပုံကတော့ "အရဟတ္တံ အပ္ပတွာ အညမညံ နာလပိဿာမ" အရဟတ္တဖိုလ် မရောက်မခြင်း အချင်းချင်း စကားမပြောဘဲ နေမယ်ဆိုတဲ့ ကတိကဝတ်ကို ပြုကြတယ်လို့ ဆိုပါတယ်၊ အဲဒါကတော့ လုံးလုံးမပြောဘို့ရာ တော့ မဟုတ်ပေဘူးလို့ ယူသင့်ပါတယ်၊ ဘာဖြစ်လို့တုံး ဆိုလျှင် လုံးလုံး စကားမပြောတဲ့ ဒီအကျင့်မျိုးကို တိတ္ထိအကျင့်လို့ ခေါ်ပါတယ်၊ ဒီလို ကတိက ဝတ် ဒီလို အကျင့်မျိုး မပြုကျင့်ရဘူးလို့ မြတ်စွာဘုရားက သိက္ခာပုဒ် ပညတ် ပြီးတော့ ထားပါတယ်၊ ဒါကြောင့် ဒီရဟန်းများပြုတဲ့ ကတိကဝတ်က အရေး မကြီးဘဲ စကားတွေမပြောဘို့ ဖြစ်ပါလိမ့်မည်၊ လောကအကြောင်းအရာတွေ နှင့် စပ်ပြီးဘော့ အရေးမကြီးတဲ့ မလိုတဲ့ စကားတွေကို အချင်းချင်း မပြောဘို့ ကတိကဝတ် ပြုတာဖြစ်ပါလိမ့်မည်၊ တရားနှင့်စပ်ပြီးတော့ ဆွေးနွေးခြင်း, မေးမြန်းခြင်း, တရားနာခြင်း,တရားဟောခြင်း ဒါတွေကတော့ မုချပြောရမည့် စကားတွေပါဘဲ။

အဲဒီလို ကတိကဝတ်ပြုပြီးတော့ ရွာကို ဆွမ်းခံဝင်တဲ့အခါမှာ ဒကာ ဒကာမတွေနှင့် အလွတ်စကားတွေ ပြောမိမှာစိုးလို့ ရေမျှားငုံပြီးတော့ ဝင် ကြတယ်လို့ ဆိုပါတယ်၊ ရပ်ရွာထဲက ဒကာ ဒကာမတွေက မေးမြန်းတဲ့အခါ ကာလကျတော့မှ ရေမျှားထွေးပစ်ပြီးတော့ သူတို့မေးတဲ့ အနက်အဓိပ္ပါယ်ကို ဖြေဆိုသွားကြဘယ်လို့ဆိုပါတယ်၊ အဲသလို ကျင့်ပြီးတော့ အဲဒီပုဂ္ဂိုလ်တွေဟာ လဲ ဝါတွင်းသုံးလအတွင်းမှာဘဲ အရဟတ္တဖိုလ်ရောက်ပြီးတော့ ဝိသုဒ္ဓိပဝါရဏာ များ ပြုကြတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ယခုပြောခဲ့တဲ့ မဟာဖုဿဒေဝမထေရ်လို မဟာနာဂမထေရ်လို ကလမ္ဗဆိပ်ကမ်းကျောင်းမှာ သီတင်းသုံးဘဲ့ ရဟန်းတော် ငါးကျိပ်များလို ခြေထောက် ကြွတိုင်း လှမ်းတိုင်း ကမ္မဋ္ဌာန်းနှင့် ယှဉ်တဲ့ စိတ်ဖြင့်သာလျှင် ကြွရ လှမ်းရမယ်လို့ ဆိုပါတယ်၊ ကမ္မဋ္ဌာနယုတ္တေနေဝ စိတ္တေန— ကမ္မဋ္ဌာန်းနှင့် ယှဉ်သော စိတ်ဖြင့်သာလျှင်၊ သမထဖြင့် အားထုတ်နေလျှင်လဲ သမထကမ္မဋ္ဌာန်းနှင့်ပေါ့၊ ဝိပဿနာဖြင့် အားထုတ်နေလျှင်လဲ ဝိပဿနာကမ္မဋ္ဌာန်းနှင့်ပေါ့၊ အဲဒီ မိမိအားထုတ်နေဘဲ့ ကမ္မဋ္ဌာန်းနှင့် ယှဉ်ပြီးတော့ ကမ္မဋ္ဌာန်းမလွတ်ဘဲနှင့်၊ ပါဒံ ဥဒ္ဓရန္တော——ခြေထောက်ကို ကြွလျက် လှမ်းလျက် ဒီလို သွားရမယ်တဲ့၊ ရွာအနီးရောက်ဘဲ့အခါမှာ ရေငုံတာတွေကိုလဲ လုပ်ချင်လျှင် လုပ်ဘို့ရာ ဒီမှာ တော့ ညွှန်ကြားထားပါတယ်။

## မနှေးမမြန် ခြေလှမ်း

ပြီးတော့ ဘေးရန်ရှိတဲ့ လမ်းများ ကြည့်ပြီးတော့ ဘေးရန် ကင်းတဲ့လမ်းဖြင့် ရွာထဲဆွမ်းခံဝင်ပြီးတော့သွား၊ ဆွမ်းခံဝင်တဲ့အခါ ကာလမှာလဲ မနှေး မမြန် မှန်မှန်သွားဘို့ ဒီမှာပြောထားပါတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ န ဟိ ဇဝေန ပိဏ္ဍပါတိယဓုတင်္ဂံ နာမ ကိဉ္စိ အတ္ထိ၊ အမြန်ကြီး သွားရတဲ့ ပိဏ္ဍပါတ်ဓုတင်ရယ်လို့ မရှိပါဘူးတဲ့၊ ဘယ်လို သွားရမတုံး ဆိုလို့ရှိလျှင် ဝိသမဘူမိဘာဂပ္ပတ္တံ ဥဒကသကဋံဝိယ၊ မညီညွတ်တဲ့မြေ, မညီညွတ်တဲ့လမ်းမှာ ရောက်ပြီးသွားဘဲ့ ရေလှည်းများဟာ ရေပုန်းတွေနှင့် ဖြစ်စေ, ရေအိုးတွေနှင့် ဖြစ်စေ, တင်လာဘဲ့လှည်းဟာ ဖြေးဖြေးကလေး သွားရပါတယ်၊ ငြိမ်ငြိမ် ကလေးသွားရပါတယ်၊ မြန်မြန်ကြီးမောင်းလို့ရှိလျှင် ရေဘူးဖိတ်ကုန်မှာစိုးလို့ ဖြစ်ပါတယ်၊ အဲဒါလိုဘဲ ငြိမ်ငြိမ်သက်သက်ကလေး မနှေးမမြန် သွားရမယ် ဆိုတာ ဒီမှာ ညွှန်ပြထားပါတယ်။

ဒီလို မနှေးမမြန် သွားမှသာလျှင် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ သတိရှိနိုင်ပါတယ်၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ခြေကြွတယ်, လှမ်းတယ်, ချတယ်ဆိုဘာကလေးတွေကို အကုန်လုံး သိပြီးတော့ သွားဘို့ရာပါဘဲ၊ ဒါ တောင်မှ အားထုတ်ခါစ ဆိုလို့ရှိလျှင် သိပ်မလွယ်ပါဘူး။

အဲသလို ဆွမ်းခံကြွသွားရမယ်တဲ့၊ အဲသလို သွားပြီးတော့ အသွားရော အပြန်ရော အကုန်လုံး ကမ္မဋ္ဌာန်း မလွတ်ဘဲ သွားတာကို အသွားရော အပြန် ရော ကမ္မဋ္ဌာန်းပါတဲ့ စတုတ္ထရဟန်းဘဲလို့ ဒီမှာ အဆုံးသတ်သွားပါတယ်။

## အကျိုးထူးထွေ

အဲသလို အသွားအပြန် ကမ္မဋ္ဌာန်းမလွတ်ဘဲ မပြတ်တမ်းကျင့်နေတဲ့ ပုဂ္ဂိုလ်ဟာ ဥပနိဿယကလဲရှိမယ်ဆိုလို့ရှိလျှင် ပဌမအရွယ်မှာဘဲရဟန္တာဖြစ်နိုင်ပါတယ်တဲ့၊ ပဌမအရွယ် မဖြစ်တောင်မှ မဇ္ဈိမအရွယ် အလယ်ပိုင်းအရွယ်မှာ ဖြစ်နိုင်ပါတယ်တဲ့၊ အလယ်ပိုင်း အရွယ် မဖြစ်တောင်မှ သေခါနီးကာလကျ တော့ အရဟတ္တဖိုလ် ရောက်နိုင်ပါတယ်တဲ့၊ သေခါနီး မရောက်တောင်မှလဲ နောက်ဘဝကျလျှင် နတ်သားဖြစ်ပြီးတော့ မဂ်တရား ဖိုလ်တရား တွေကို ရောက်သွားနိုင်ပါတယ်လို့ ပြထားပါတယ်။

အကယ်၍ နတ်ဘဝတွေမှာလဲ မရောက်သေးဘူးဆိုလျှင်တော့ ပစ္စေကဗုဒ္ဓါလဲ ဖြစ်နိုင်တယ်၊ သမ္မာသမ္ဗောဓိဘုရားလဲ ဖြစ်နိုင်တယ်၊ မြတ်စွာဘုရား၏ တပည့်သား ဖြစ်လို့ရှိလျှင်လဲ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန် အစရှိသော မထေရ်မြတ်များလို အဂ္ဂသာဝက, မဟာသာဝကလဲ ဖြစ်နိုင်တယ်ဆိုတဲ့ အကြောင်းကို ဒီမှာ အများကြီး ဖော်ပြသွားပါတယ်၊ ဒါပေမဲ့ ဥပနိဿယရှိလျှင် ဆိုတဲ့ ကန့်သတ်ချက် အကြောင်းကလေးက ရှိပါသေးတယ်၊ ဒါကြောင့် ဘုရားဖြစ်တယ်ဆိုဘာကလဲ ပါရမီ ဥပနိဿယပြည့်စုံမှဘဲ ဖြစ်ပါမည်၊ ပစ္စေကဗုဒ္ဓါ,အဂ္ဂသာဝက,မဟာသာဝက ဖြစ်တယ်ဆိုဘာလဲ ပါရမီ ဥပနိဿယ ပြည့်စုံမှဘဲ ဖြစ်မည်လို့ ဒီလို ယူဆဘို့ပါဘဲ။

အဲသလို အသွားရော အပြန်ရော ကျောင်းမှာရော အမြဲမပြတ် ကမ္မဋ္ဌာန်း မလွတ်ဘဲနှင့် နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဂေါစရသမ္ပဇဉ်မှာ ခေါင်ထိပ် ရောက်ပြီးတော့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ပါဘဲတဲ့။

## အသမ္မောဟ သမ္ပဇဉ်

သမ္ပဇဉ်လေးပါးထည်းက သာတ္ထကသမ္ပဇဉ် သပ္ပါယသမ္ပဇဉ် ဂေါစရ သမ္ပဇဉ် ဆိုတဲ့ သမ္ပဇဉ်သုံးပါးကို ပြောပြီးပါပြီ၊ ယခု နောက်ဆုံး အသမ္မောဟ သမ္ပဇဉ်ခဏ်း ရောက်လာပါပြီ၊ အသမ္မောဟသမ္ပဇဉ်ဆိုဘာ မတွေမဝေ သိ တာပါဘဲ၊ အဲဒီ အသမ္မောဟ သမ္ပဇဉ်က ဘယ်လိုဟုံးဆိုလို့ရှိလျှင် ဣဓ ဘိက္ခု အဘိက္ကမန္တေ ဝါ ပဋိက္ကမန္တေ ဝါ၊ ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့ သွားသည် ဖြစ်စေ၊ နောက်သို့ ဆုတ်သည်ဖြစ်စေ၊ လောကမှာ တရားလက်

လွှာ် တွေ့ဝေနေကြတဲ့ အန္ဓဗာလ ပုထုဇဉ်ပုဂ္ဂိုလ်တွေလို သူက မတွေ့ဝေပါဘူးတဲ့။

## အတ္တစွဲကြီး

အန္ဓဗာလပုထုဇဉ်ပုဂ္ဂိုလ်တွေက ဘယ်လို တွေ့ဝေနေတုံးဆိုတော့ ရှေ့သို့ သွားခြင်း စသည်ကို ပြုတဲ့အခါမှာ အတ္တာ အဘိက္ကမတိ၊ အတ္တကောင်, ငါကောင်က ရှေ့သွားတာဘဲလို့ ဒီလိုလဲ ထင်နေကြပါတယ်တဲ့၊ အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတော၊ အတ္တကောင်, ငါကောင်ကဘဲ ရှေ့သို့သွားခြင်းကို ပြုလုပ်ထာဘဲလို့ ဒီလိုလဲ ထင်နေကြပါတယ်၊ အဲဒါဟာ ဒိဋ္ဌိနှင့် ထင်မြင်စွဲလမ်းပုံပါဘဲ၊ ဒီစွဲလမ်းပုံကို ရုပ်စွဲ, နာမ်စွဲ နှစ်မျိုးပြထားပါတယ်၊ အတ္တာ အဘိက္ကမတိ၊ အတ္တကောင်က ရှေ့သို့ သွားတယ်ဆိုတာက ရုပ်ကို အတ္တအနေအားဖြင့် စွဲလမ်းပုံ ပြတာပါ၊ အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတော၊ အတ္တကောင်က ရှေ့သိ သွားခြင်းကို ဖြစ်စေဘယ်ဆိုတာကတော့ နာမ်ဘရားကို အတ္တအနေအားဖြင့် စွဲလမ်းပုံ ပြတာပါ။

စွဲလမ်းပုံကဘော့၊ ရှေ့သို့ သွားတဲ့အခါမှာ သွားမယ်လို့ ကြံတဲ့ စိတ်ကလေးက စပြီး ဖြစ်လာတယ်၊ ပြီးတော့ အဲဒီ စိတ်အားလျော်စွာ ရုပ်ကိုယ်က ရှေ့သို့ ရွှေသွားတယ်၊ ဒီတော့ ဗာလပုထုဇဉ်ဘွေက သွားမယ်ကြံတာလဲ ငါဘဲ၊ သွားတာလဲ ငါဘဲ၊ ငါကောင်ကဘဲ သွားအောင်လုပ်တယ်၊ ငါကောင်ကဘဲ သွားတယ်လို့ ဒီလို ထင်မှတ်စွဲလမ်းနေကြပါတယ်၊ အဲဒါဟာ သွားချင်တဲ့ စိတ် နာမ်တရားနှင့် သွားတဲ့ရုပ်တရား ဒီရုပ်နာမ် နှစ်ပါးလုံးအပေါ်မှာ အတ္တကောင် အနေနှင့် စွဲလမ်းတဲ့ အတ္တဒိဋ္ဌိပါဘဲ။

ပြီးတော့ အဟံ အဘိက္ကမာမိ၊ ငါရှေ့သို့ သွားဘယ် သွားတာဟာ ငါဘဲလို့ ဒီသိုလဲ ထင်နေကြပါဘယ်၊ မယာ အဘိက္ကမော နိဗ္ဗတ္တိဘော၊ ငါကဘဲ ရှေ့သို့ သွားခြင်းကို ဖြစ်စေတယ် သွားအောင်လုပ်တာ ငါဘဲလို့ ဒီလိုလဲ ထင်နေကြပါဘယ်၊ ဒါကဘော့ မာနနှင့် စွဲလမ်းပုံပါဘဲ။

ဒီမှာလဲ မာနစွဲကို ရုပ်စွဲ နာမ်စွဲ နှစ်မျိုးခွဲပြထားပြန်ပါတယ်၊ အဟံ အဘိက္ကမာမိ၊ ငါရှေ့သို့ သွားတယ်၊ သွားတာ ငါဘဲလို့ ဆိုဘာက ရုပ်တရားကို ငါအနေနှင့် စွဲလမ်းတဲ့ မာနစွဲကို ပြတာပါ၊ ဟော့ မသွားနဲ့လို့ တစုံတယောက်က

ပြောတဲ့အခါ ငါသွားတယ် ဘာဖြစ်သလဲ စသည်ဖြင့် ပြန်ပြောတဲ့အခါမျိုးမှာ ဒိမာနစွဲပုံ ထင်ရှားပါတယ်၊ မယာ အဘိက္ကမော နိဗ္ဗတ္တိတော၊ ငါက ရှေ့သို့ သွားခြင်းကို ဖြစ်စေတယ်၊ ရှေ့သို့ သွားအောင်လုပ်တာ ငါဘဲလို့ ဆိုတာက တော့ စိတ်နာမ်တရားကို ငါအနေနှင့် စွဲလမ်းတဲ့ မာနစွဲကို ပြတာပါ။

အခုပြောခဲ့တဲ့အတိုင်း ဗာလပုထုဇဉ်တွေက သွားချင်တဲ့စိတ် နာမ်နှင့် သွားတဲ့ရုပ်ကို အတ္တကောင်, ငါကောင် အနေအားဖြင့် ဒိဋ္ဌိမာနနှင့် ထင်မှတ် စွဲလမ်းပြီး တွေဝေနေကြပါတယ်ဘဲ့။

တထာ အသမ္မုယှန္တော၊ ဤသာသနာတော်မှ ရဟန်းကတော့ အဲဒီလို တွေဝေ သိမှားပြီးတော့ ထင်မှတ်စွဲလမ်းခြင်း မရှိပါဘူးတဲ့၊ ဒါဖြင့် ဘယ်ဂို သိနေပါသလဲဆိုတော့——

အဘိက္ကမာမီတိ စိတ္တေ ဥပ္ပဇ္ဇမာနေ၊ ရှေ့သို့ သွားမည်ဟု စိတ်ဖြစ်လတ် သော်။ တေနေဝ စိတ္တေန သဒ္ဓိံ၊ ထိုစိတ်နှင့် အတူတကွပင်လျှင်။ စိတ္တသမု ဋ္ဌာနာ ဝါယောဓာတု၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည်။ ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ၊ ဝိညတ်ရုပ်ကို ဖြစ်စေလျက် ဖြစ်ပေါ်လာ၏လို့ဆိုထားတဲ့ အတိုင်း——

ရှေ့သို့ သွားမည်လို့ ကြံလိုက်တဲ့ စိတ်ကလေး ဖြစ်လာတာနှင့် အဲဒီစိတ်၏ အစွမ်းကြောင့် ဝါယောဓာတ် ဖြစ်လာပါတယ်တဲ့၊ စိတ်ကြောင့် လှုပ်ရှားမှု ဝါယောရုပ်တွေ ဖြစ်လာပါတယ်၊ ခြေထောက်ထဲကစပြီး လှုပ်ရှားမှုတွေ ဖြစ် ဖြစ်လာတယ်၊ အဲဒီ လှုပ်ရှားမှုတွေဟာ ကိုယ်အလိုရှိရာဘက်ကို တွန်းကန်တဲ့ သတ္တိ ဝိညတ်ရုပ်ကလေးနှင့် တွဲပြီးတော့ တခါတည်း ဖြစ်လာပါတယ်တဲ့။

ဣတိ စိတ္တကိရိယဝါယောဓာတုဝိပ္ဖာရဝသေန အယံ ကာယသမ္မတော အဋ္ဌိသင်္ဃာတော အဘိက္ကမတိ။

အဲဒီလို စိတ်ကြောင့်ဖြစ်တဲ့ ဝါယောဓာတ် လေရုပ်တွေက ခြေထောက် အစရှိတဲ့ ကိုယ်အစိတ်အပိုင်း တွေမှာ ပျံ့နှံ့ပြီးဖြစ်ကြတဲ့အတွက် တကိုယ်လုံး မှာ ပျံ့နှံ့ပြီး လေနှင့်တွန်းတွန်းပို့နေသလို အထပ်ထပ်ဖြစ်နေကြတဲ့အတွက် ကိုယ်လို့ ခေါ်ရတဲ့ အဋ္ဌိသင်္ဃာတ-အရိုးစုကြီးဟာ ရှေ့ဘက်သို့ တရွေ့တရွေ့ ဖြစ်ဖြစ်သွားပါတယ်တဲ့၊ သွားချင်တဲ့စိတ်ကလေးတွေက ဖြစ်လိုက်၊ကိုယ်ရုပ်

ကလေးတွေက ရှေ့ဘက်ကို တရွေ့တရွေ့ တိုးတိုးပြီး ဖြစ်လိုက်၊ ပြီးတော့တခါ သွားချင်ဘဲ့စိဘ်ကလေးဘွေကဖြစ်လိုက်၊ ကိုယ်ရုပ်ကလေးတွေက ဖြစ်လိုက်နှင့် အဲဒီလို တရွေ့ခြင်း စိတ်နှင့် ရုပ်ကလေးတွေ အဆင့်ဆင့် ဖြစ်သွားတာကို သိပုံပြဘဲ့ စကားဖြစ်ပါတယ်။

## အင်္ဂုသဃ်ာတော

အဲဒီ စကားထဲမှာ အင်္ဂုသဃ်ာတောလို့ ရှိနေပါတယ်၊ အဲဒီပုဒ်ကို စဉ်းစားဆင်ခြင်သင့်ပါတယ်၊ ဒီစကားထဲမှာဘဲ နောက်ပိုင်းကျတော့ ရုပ်နာမ်တွေ ခဏမစဲ ပျက်နေတာ သိပုံကို ပြထားပါတယ်၊ဒီလို သိတာဟာ သမထ မဟုတ်၊ ဝိပဿနာ ဖြစ်ပါတယ်၊ ဝိပဿနာဉာဏ်မှာ အရိုးစု ပညတ် အထည်ဒြပ်ကြီး ထင်တယ်လို့ ဆိုဘို့ရာကတော့ သိပ်မလျော်ပါဘူး၊ ဒါကြောင့် ဒီနေရာမှာ ရူပသဃ်ာတော၊ ရုပ်အစုအဝေးဟု ဖြစ်စေ၊ ဓာတုသဃ်ာတော၊ ဓာတ်အစု အဝေးဟု ဖြစ်စေ ရှိလျှင်တော့ သိပ်အဆင်ပြေမှာပါဘဲ၊ ဒါပေမယ့်လို့ ယခု ခေတ်မှာ ရှိနေကြဘဲ့ ဗမာ-သီဟိုဠ်-ပိုးဒယား-အင်္ဂလိပ် စာမူအားလုံးက အင်္ဂုသဃ်ာတောချည်း ညီနေပါတယ်။ ဒါကြောင့် ဒီပါဠိကို မှားတယ်လို့ ဆိုဘို့ရာလဲ ခက်ပါတယ်၊ ရှိရင်းအတိုင်းသင့်အောင် ယူမယ်ဆိုလျှင်တော့ ရုပ်အစုအဝေးကြီး တရွေ့ရွေ့နှင့် ရွေ့ရှားပြီး ဖြစ်သွားတာကိုဘဲ ရှုတ်ချ သောအားဖြင့် နှစ်သက်သာယာဖွယ်မရှိတဲ့ စက်ဆုပ်ဖွယ်အနေ တင်စား တင်စားပြီးတော့ အင်္ဂုသဃ်ာတော အရိုးစုကြီးလို့ အဋ္ဌကထာဆရာက မိန့်ဆို တော်မူတယ်လို့ ဒီလိုယူလျှင် သင့်မှာပါဘဲ၊ အာဒီနဝဉာဏ်မှာ အပြစ်မြင်ပြီး ထင်ပုံသိပုံကို ပြတယ်လို့ ယူလျှင်လဲ သင့်ဘို့ရှိပါတယ်။

ယနေ့အဘို့ နိဂုံးချုပ် လျှောက်ထားပါတော့မည်၊ ဂေါစရသမ္ပဇဉ်ဖြင့် မပြတ်ရှုနေတဲ့ပုဂ္ဂိုလ်မှာ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း စိတ်အဆင့်ဆင့်ကြောင့် တရွေ့ခြင်း တရွေ့ခြင်း ဖြစ်လာတာ ထင်ပုံများကို ဆက်လက်ပြီး ပြောစရာ တွေက အများကြီး ကျန်ပါသေးတယ်၊ ဒါပေမဲ့ ဒီကနေ့တော့ အချိန်က တော်တော်ကြာသွားပြီ ဖြစ်ဘဲ့အတွက် ဒီတွင်ဘဲ ရပ်ထားပြီးတော့ နောက် အဆင်သင့်တဲ့ နေ့များကျမှ ဒီအပိုင်းက ကျန်နေတာတွေကို ဆက်ပြီးတော့ အပြီးသတ်လျှောက်ထားပါမည်ဘုရား။

ဒီဃနိကာယ်စိစစ်ခဏ်း ပြီး၏

# အဘိဓမ္မာပိဋကတော်

ယနေ့ အဘိဓမ္မပိဋက၏အဖွင့် သံဝဏ္ဏနာဖြစ်တဲ့ အဋ္ဌကထာကို စပြီးတော့ သံဂါယနာ တင်တဲ့နေ့ဖြစ်တဲ့အတွက် အဘိဓမ္မပိဋကနှင့် စပ်ဆိုင်သော စကားများကို လျှောက်ထားပြောဆိုဘို့ရာ အလှည့်ကျပါတယ်ဘုရား။

အဘိဓမ္မာအဋ္ဌကထာမှာလဲ အဋ္ဌသာလိနီ အဋ္ဌကထာဟာ အစဆုံးဖြစ်ပါတယ်၊ ကျန်တဲ့ အဘိဓမ္မာအဋ္ဌကထာတွေကျတော့လဲ ဂန္ထာရမ္ဘစကားရယ်လို့ အထူးမဆိုပါဘူး၊ ဒါကြောင့် ဒီအဋ္ဌသာလိနီအဋ္ဌကထာက ဂန္ထာရမ္ဘဟာ အဘိဓမ္မပိဋကဆိုင်ရာ အဋ္ဌကထာအားလုံးရဲ့ ဂန္ထာရမ္ဘအဖြစ်ဖြင့် ဆိုထားပါတယ်။

## ဂန္ထာရမ္ဘ ကျမ်းဦးဂါထာများ

ဒါကြောင့် အဲဒီ ဂန္ထာရမ္ဘကျမ်းဦးဂါထာများကို အနက်မြန်မာ ပြန်ပြီးတော့ လျှောက်ထားပါမည်ဘုရား။

ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

မဟေသိနော၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လော့ကျက်တော်မူပြီးသော၊ ယဿ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး ခပ်သိမ်းသော တရားဘို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အမှန်အတိုင်း သိတော်မူသော အကြင်မြတ်စွာဘုရား၏။ ကရုဏာ၊ သနားခြင်း ကြီးစွာ မဟာကရုဏာတော်သည်။ သဗ္ဗေသု၊ ကြွင်းမဲ့ဥဿုံ အလုံးစုံ ကုန်သော။ သတ္တေသု၊ သတ္တဝါဟူသမျှတို့၌။ ယထာရုစိ၊ အလိုတော်အတိုင်း။ ပဝတ္တိတ္ထဝိယ၊ ဖြစ်လေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ ပညာအပိ၊ သဗ္ဗညုတဉာဏ်တော်အစရှိသော ပညာတော်သည်လည်း။ သဗ္ဗေသု။ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဉေယျဓမ္မေသု၊ သိသင့်သိထိုက်သော ဉေယျမံငါးပါး တရားဟူသမျှတို့၌။ ယထာရုစိ၊ အလိုတော်ရှိတိုင်း။ ပဝတ္တိတ္ထ၊ ဖြစ်တော်မူခဲ့လေပြီ။

ဒီဟာကတော့ မြတ်စွာဘုရား၏ ကရုဏာဂုဏ်တော်နှင့်ဥပမာပြုပြီးတော့ မြတ်စွာဘုရား၏ ပညာဂုဏ်တော်ကို ချီးကျူးတဲ့ ပဏာမအစဂါထာပါဘုရား။

မြတ်စွာဘုရားမှာ ကရုဏာဂုဏ်တော် ဆိုတာဟာ ပြဋ္ဌာန်းတဲ့ ဂုဏ်တော် တခု ဖြစ်ပါတယ်။ ပညာဂုဏ်တော်ဆိုတာလဲ ပြဋ္ဌာန်းတဲ့ ဂုဏ်တော်တခု ဖြစ်ပါတယ်၊ ပိဋကသုံးပုံထဲက ဝိနည်းပိဋကဆိုလို့ရှိလျှင် ကရုဏာတော် ပြဋ္ဌာန်းပြီးတော့ ပညတ်တော်မူခဲ့ပါတယ်၊ ဒါကြောင့် ဝိနည်းပိဋက၏ အဖွင့် ကို ရေးသားတော်မူတဲ့အခါမှာ အဋ္ဌကထာဆရာက မြတ်စွာဘုရားကို ကရုဏာ ဂုဏ်ကို ပဓာနပြုလျက် ချီးကျူးပြီး ပဏာမပြုသွားပါတယ်။

သုတ္တန် ပိဋကဆိုတာကတော့ ကရုဏာရော ပညာရော နှစ်ခုလုံး ပြဋ္ဌာန်းပြီး ဟောထားတဲ့ ဒေသနာဖြစ်ပါတယ်၊ဒါကြောင့် သုတ္တန်ပိဋက ဆိုင်ရာ အဋ္ဌကထာကို ရေးသားတော့မည်ဆိုတော့ အဋ္ဌကထာဆရာက မြတ်စွာဘုရားကို ကရုဏာ ပညာ နှစ်ပါးလုံးဖြင့် ပဓာနပြုလျက် ချီးမွမ်းပြီး တော့ ပဏာမပြုသွားပါတယ်။

အဘိဓမ္မာဒေသနာတော်ကတော့ ပညာ ပြဋ္ဌာန်းပြီး ဟောကြားထားတဲ့ ဒေသနာတော် ဖြစ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားကို ပညာတော်ဂုဏ် ဖြင့် ပဓာနပြုလျက် ချီးကျူးပြီးတော့ ပဏာမပြုပါတယ်၊ အဲဒီ ပညာဂုဏ် ပဓာနပြုရာမှာ ကရုဏာတော်ကိုလဲ အပဓာနအားဖြင့် ချီးကျူးပြီး ပဏာမ ပြုလိုတဲ့အတွက် ဒီဂါထာကို ဆိုပါတယ်။

ဆိုလိုရင်းကတော့ မြတ်စွာဘုရားသန္တာန်တော်မှာ သတ္တဝါတွေကို သနားတော်မူတယ်ဆိုတဲ့မဟာကရုဏာတော်ဟာ ရှိပါတယ်၊အဲဒီမဟာကရုဏာ တော်ဟာ အလုံးစုံသော သတ္တဝါတို့အပေါ်မှာ ဘုရား၏ အလိုတော်အတိုင်း တဦးတယောက်၏ အပေါ်မှာလဲ ဖြစ်ပါတယ်၊ နှစ်ဦး နှစ်ယောက်ရဲ့ အပေါ်မှာ လဲ ဖြစ်ပါတယ်၊ အများရဲ့ အပေါ်မှာလဲ ဖြစ်ပါတယ် အလုံးစုံသော သတ္တဝါ တွေရဲ့ အပေါ်မှာလဲ ဖြစ်ပါတယ်။

ဒီ ကရုဏာတော်က တဦးတယောက်အပေါ် ဖြစ်တဲ့အခါမှာ အဲဒီ တဦး တယောက်အတွက် အကျိုးများအောင် ဟောကြားညွှန်ပြဘို့ လှုံ့ဆော်တိုက် တွန်းပေးပါတယ်၊ ဒါကြောင့် အဲဒီလို အခါမှာ မြတ်စွာဘုရားဟာ အဲဒီ တဦး တယောက်သော ပုဂ္ဂိုလ်အား အလွန် သနားတော်မူတဲ့အတွက် ဝေးလံသော အရပ်သို့လဲ ကြွသွားပြီးတော့ သင့်တော်သော တရားဒေသနာကို ဟောကြား

ဘော်မူခဲ့ပါတယ်၊ အလွန် အောက်တန်းကျတဲ့သူကိုပင် ဖြစ်စေ၊ ဆန့်ကျင် ဘက် ပြုနေတဲ့သူကိုပင် ဖြစ်စေ သနားကျင်နာပြီးတော့ အခွင့်အရေးပေးကာ သည်းခံကာဖြင့် သွန်သင်ဆုံးမတော်မူခဲ့ပါတယ်။

## ပက္ကုသာတိမင်း

မြတ်စွာဘုရားလက်ထက်တော်က ဂန္ဓာရတိုင်း တက္ကသိလာမြို့မှာ ပက္ကု သာတိမင်းကြီး ဆိုတာ ရှိခဲ့ပါတယ်၊ အဲဒီ မင်းကြီးဟာ ဘုရားပွင့်တော်မူ ကြောင်း၊ တရားတော် သံဃာတော် ဖြစ်ပေါ်တော်မူကြောင်းကို ကြည်ညို ဘွယ် ဂုဏ်များပါ ကြားသိရတဲ့အတွက် သာသနာတော်ကို ကြည်ညိုပြီး သူ့ ဟာသူဘဲ ဖန်ရည်ဆိုးသော အဝတ်များကို ဝတ်ရုံကာ မြတ်စွာဘုရားထံကို ရည်စူးပြီး ထွက်လာခဲ့ပါတယ်၊ ထိုစဉ်အခါက မြတ်စွာဘုရားမှာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးလျက် ရှိပါတယ်၊ ဒါပေမယ့် သူ သတင်းကြားရတာက ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းထံမှ ဖြစ်တဲ့အတွက် အဲဒီ ရာဇဂြိုဟ်မှာဘဲ ဘုရားရှိနေလိမ့်မယ်လို့ ထင်ပါတယ်၊ ဒါကြောင့် သူဟာ တက္ကသိလာမြို့မှ ယူဇနာ (၃၀၀)ဝေးတဲ့ ရာဇဂြိုဟ်ကိုဘဲ ရောက်သွားပါတယ်၊ သူ့မှာ အသက်ရှင်နေဘို့ အချိန်ကာလဲ တညဉ့်လောက်သာ ရှိပါတော့တယ်၊ အဲဒီညဉ့်မှာ တရားမနာရလျှင် မဂ်ဖိုလ်တရားကို မရဘဲ သေဆုံးသွားဘို့ ရှိနေပါ တယ်၊ ဒါကြောင့် အဲဒီလို အကျိုးမဲ့ သေဆုံးရှာမည့် အရေးကို မြင်တော်မူလို့ မြတ်စွာဘုရားက သာဝတ္ထိမှ (၄၅)ယူဇနာဝေးတဲ့ ရာဇဂြိုဟ်ကို မဟာကရုဏာ တော်ဖြင့် ကြွသွားတော်မူပြီးတော့ အဲဒီ ပက္ကုသာတိ မင်းကြီးအား တရား ဟောတော်မူပါတယ်၊ ပက္ကုသာတိ မင်းကြီးလဲ အဲဒီ ညဉ့်မှာ တရားနာရလို့ အနာဂါမ် ဖြစ်သွားပါတယ်၊ နောက်နေ့ နံနက်မှာ နွားမကဝှေ့လို့ သေဆုံးတဲ့ အခါ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံကို ရောက်သွားပါတယ်တဲ့။

### အစေလကဿပ

ပြီးတော့ သီလက္ခန္ဓဝဂ် ပါဠိတော် မဟာသီဟနာဒသုတ်မှာ လာတဲ့ အစေလကဿပ ဆိုတာ ရှိပါတယ်၊ အစေလကဿပဆိုတာ အဝတ် မဝတ်ဘဲ နှင့် ကျင့်နေတဲ့ တက္ကဒွန်းကြီးပါ၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ မြတ်စွာဘုရားဆီမှာ လာပြီး တရားဆွေးနွေး လျှောက်ထားဘဲ့အခါကာလမှာ အဝတ်မရှိတဲ့ ဒီတက္ကဒွန်းကြီးကို မြတ်စွာဘုရားက သနားတော်မူလို့ မြတ်စွာဘုရားကလက်ခံ

ပြီးတော့ တရားတွေကို အကြာကြီးဘဲ ဟောကြားတော်မူခဲ့ပါတယ်၊ သာမန် ပုဂ္ဂိုလ်အနေနှင့်ဆိုလျှင် ဒီအဝတ်မဲ့ ကိုယ်တုံးလုံးပုဂ္ဂိုလ်ကြီးကို လက်ခံပြီး ကြာကြာ စကားပြောဘို့ရာ အကြောင်းမရှိပါဘူး၊ မြတ်စွာဘုရားမှာတော့ ဒီပုဂ္ဂိုလ်ဟာ ဒီလို လက်ခံပြီးတော့ တရားဟောသို့ရှိလျှင် လိုက်နာကျင့်သုံးပြီးတော့ တရားထူး တရားမြတ်တွေကို သိသွားလိမ့်မည်ဆိုတာ မြင်တော်မူတဲ့အတွက် ဒီပုဂ္ဂိုလ်ကို သနားပြီးတော့ အကြာကြီးဘဲ မဟာသီဟနာဒသုတ်ကြီး တသုတ်လုံးကို ဟောကြားတော်မူခဲ့ပါတယ်၊ အစေလကဿပလဲ သာသနာမှာ ဝင်ပြီး ရဟန်းပြုကာ ကျင့်သုံးတဲ့အတွက် ရဟန္တာ ဖြစ်သွားပါတယ်တဲ့၊ ဆန့်ကျင်ဘက် ပြုသူအား သနားပုံကိုတော့ အာဋ္ဌာဝကဝတ္ထုဖြင့် သိနိုင်ပါတယ်။

အဲဒီလို တဦးတယောက်အတွက်လဲ သနားပြီး တရားတွေကို ဟောကြားတော်မူခဲ့ပါတယ်၊ နှစ်ဦး နှစ်ယောက် သုံးဦး သုံးယောက် စသည်ဖြင့် သတ္တဝါအများစုအတွက်လဲ သနားပြီး ဟောကြားတော်မူခဲ့ပါတယ်၊ မဟာကရုဏာသမာပတ်ကို ဝင်စားတဲ့ အခါမှာတော့ သတ္တဝါတွေ အကုန်လုံးကိုလဲ သနားပြီး နှလုံးသွင်း ဆင်ခြင်တော်မူပါတယ်။

ဒါကြောင့် မြတ်စွာဘုရား၏ ကရုဏာတော်ဟာ အလုံးစုံသော သတ္တဝါတွေ အပေါ်မှာ အလိုတော်အတိုင်း ဖြစ်တော်မူပါတယ်တဲ့၊ ထို့အတူဘဲ မြတ်စွာဘုရား၏ သန္တာန်မှာ သဗ္ဗညုတဉာဏ်တော် အစရှိသော ပညာတော်တွေဟာလဲ သိသင့် သိထိုက်သော ဥေယျဓမ္မတရား ငါးပါး,သိသင့် သိထိုက်သော တရားဟူသမျှ အပေါ်မှာ အလိုတော်အတိုင်း ဖြစ်တော်မူပါတယ်၊ တခုသော တရားကို သိလိုတဲ့အခါမှာ တခုသော တရားကို နှလုံးသွင်းလိုက်လျှင် အဲဒီ တခုသော တရားကို ပိုင်းပိုင်းခြားခြား ရှင်းရှင်းလင်းလင်း တခါတည်း အကွယ်အခြား မရှိ သိပြီး သွားပါတယ်တဲ့၊ နှစ်ခုသောတရား သုံးခုသော တရား လေးခုသောတရား စသည် အစိတ် အစိတ် အလိုရှိတဲ့အခါ အစိတ်အစိတ် နှလုံးသွင်းလိုက်လျှင် အဲဒီ နှလုံးသွင်းတဲ့ တရားများကို ရှင်းရှင်းလင်းလင်း သိပြီးတော့ သွားပါတယ်တဲ့။

အကုန်လုံးသော တရားတွေကို အလိုရှိလို့ နှလုံးသွင်းလိုက်လျှင်လဲ အကုန်လုံးသော တရားတွေကို သိနိုင်ပါတယ်တဲ့၊ အဲဒီလို ကရုဏာတော်ကဲ့သို့ပင် အလိုရှိတိုင်း ဖြစ်နိုင်တဲ့ဉာဏ် ပညာတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားလို့ ဒီဂါထာဖြင့် ချီးကျူးပြဆိုပါတယ်။

ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။
ပါဋိဟီရာဝသာနမှိ၊ ဝသန္တော တိဒသာလယေ။
ပါရိစ္ဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ။

တာယဒယာယ၊ အလိုရှိတိုင်း သတ္တဝါတို့အပေါ်၌ သနားကြင်နာ လျက် ဖြစ်တော်မူသော ထိုကရုဏာတော်ဖြင့်။ သတ္တေသု၊ သတ္တဝါတို့၌။ သမုဿာဟိတမာနသော၊ တိုက်တွန်းအပ်သော စိတ်နှလုံး ရှိတော်မူသည် ဖြစ်၍။ ဝါ၊ တိုက်တွန်းအပ်သော စိတ်နှလုံး ရှိတော်မူသော။ ယော သမ္ဗုဒ္ဓေါ၊ အကြင်မြတ်စွာဘုရားသည်။ ပါဋိဟီရာဝသာနမှိ၊ ကဏ္ဍအမည်ရှိသော ဥယျာဉ် မှူးသည် စိုက်ပျိုးအပ်သော သရက်ပင်၏ အနီး၌ တိတ္ထိတို့အား နှိမ်နင်း ရန် အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်၏ အဆုံး၌။ တိဒသာလယေ၊ တာဝတိံသာနတ်ပြည်၌။ ဝသန္တော၊ ဝါတွင်းသုံးလပတ်လုံး ဝါကပ်သီတင်းသုံးတော်မူသည်ဖြစ်၍။ ပါရိစ္ဆတ္တကမူလမှိ၊ ပင်လယ် ကသစ်ပင် အောက်၌။ ပဏ္ဍုကမ္ဗလနာမကေ၊ ပဏ္ဍုကမ္ဗလ အမည်ရှိသော။ သိလာ သနေ၊ ကျောက်နေရာ ကျောက်ဖျာထက်၌။ ယုဂန္ဓရေ၊ ယုဂန္ဓိုရ်တောင်နှင့် ညီမျှသော ကောင်းကင် လမ်းခရီး၌။ အာဒိစ္စောဝ၊ ရောင်ခြည်ဘထောင် ဖြင့် ထွန်းပြောင် ထိန်လင်းသော နေမင်းကြီးကဲ့သို့။ သန္နိသိန္နော၊ တင့်တယ် စွာ ထိုင်နေတော်မူလျက်။

ဒီဂါထာ ၂-ခုဖြင့် မြတ်စွာဘုရားက အဘိဓမ္မာဒေသနာတော်ကို ဟော ရန် အတွက် တာဝတိံသာ နတ်ပြည်သို့ ကြွရောက်ပြီး သီတင်းသုံးတော်မူပုံ ကို ဖော်ပြပါတယ်။

စက္ကဝါဠသဟဿေဟိ၊ ဒသာဟာဂမ္မ သဗ္ဗသော။
သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော။
မာတရံ ပမုခံ ကတွာ၊ တဿာ ပညာယ တေဇသာ။
အဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။

ဒသဟိ စက္ကဝါဠသဟဿေဟိ၊တသောင်းသော စကြာဝဠာတိုက်တို့မှ။ အာဂမ္မ၊ လာလတ်၍။ သဗ္ဗသော၊ အလုံးစုံသော အရပ်ရှစ်မျက်နှာ၌။

သန္တိသိန္တေနၤ တရားနာရန် အလို့ငှါ ကောင်းစွာနေသော။ ဒေဝါနံ ဂဏေနၤနတ်ပြဟ္မာအပေါင်းသည်။ပရိဝါရိတော၊ ခြံရံအပ်၍သည်ဖြစ်၍။ ပရိဝါရိတော။ ခြံရံအပ်သော။ ယော သမ္ဗုဒ္ဓေါ၊ အကြင် မြတ်စွာဘုရား သည်။ မာတရံ၊ မယ်တော် ဖြစ်ဘူးသော သန္တုသိတ နတ်သားကို။ ပမုခံကတွာ၊အကြီးအမှူးပြု၍။ သန္တိသိန္တာနံ၊ ကောင်းစွာနေထိုင်ကြကုန် သော။ဒေဝါနံ၊နတ်ပြဟ္မာအပေါင်းတို့အား။တဿာ ပညာယ၊ ကရုဏာ တော်ဖြင့် နှိုင်းယှဉ်၍ ပြခဲ့သော အလုံးစုံသော တရား၌ အလိုရှိတိုင်း သိခြင်းငှါ စွမ်းနိုင်သော ထိုသဗ္ဗညုတဉာဏ်ပညာတော်ကြီး၏။ တေဇ သာ၊ သုံးပါးသော အစွမ်းဖြင့်။ အဘိဓမ္မကထာမဂ္ဂံ၊ အဘိဓမ္မာဒေသနာ တော် အစဉ်ကို ။သမ္ပဝတ္တယိ၊ ဝါဘွင်း သုံးလပတ်လုံး မရပ်မနား ဟော ကြားတော်မူခဲ့လေပြီ။

ဒီ ဂါထာ ၂-ခုဖြင့် မြတ်စွာဘုရား အဘိဓမ္မာဒေသနာတော်ကြီးကို တာဝတိံသာ နတ်ပြည်မှာ နတ်ပြဟ္မာအပေါင်းတို့အား ဟောခဲ့ပုံကိုရင်း ဟောတော့လဲ ဝါတွင်း သုံးလပတ်လုံး မရပ်မနား ကြာမြင့်စွာ ဟောခဲ့ပုံကို ရင်း ဖော်ပြပါတယ်ဘုရား။

အဲဒီလို ဟောရာမှာလဲ ပဌမကစပြီး ချီးမွမ်းခဲ့တဲ့ သဗ္ဗညုတဉာဏ်၏ အစွမ်းဖြင့်ပင် ဒီဒေသနာကို ဟောတယ်ဆိုတာကို ဖော်ပြပြီး သဗ္ဗညုတဉာဏ် တော်နှင့် မြတ်စွာဘုရားကို ချီးကျူးပါတယ်။

> တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။
> သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္စလိံ။

သိရီမတော၊ ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူပေသော။ တဿ သမ္ဗုဒ္ဓဿ၊ သစ္စာလေးပါး တရားအလုံးစုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန် စွာ သိမြင်တော်မူသော ထိုမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်အစုံ ကြာပဒုံတို့ ကို ။ နမဿိတွာ၊ ရိုသေမြတ်နိုး ရှိခိုးပူဇော်ပြီး၍——

အဋ္ဌကထာ ကျမ်းကြီးကို မစီရင်မီ ရှေးဦးစွာ မြတ်စွာဘုရားအား ရှိခိုးတဲ့ အကြောင်းကို ဖော်ပြပါတယ်။

အဿာ၊ ထိုမြတ်စွာဘုရား၏။ သဒ္ဓမ္မဥ္စ၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ် တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကို လည်း။ ပူဇေတွာ၊ ရိုသေကော်ရော် ပူဇော်ပြီး၍။

မြတ်စွာဘုရား ဟောကြားထားတဲ့ တရားတော် ဆယ်ပါးအားလဲ ကျမ်း မပြုမီ ရှေးဦးစွာ ရိုသေခြင်း ပူဇော်ခြင်းအမှု ပြုတယ် ဆိုတာကို ဖော်ပြပါ တယ်။

သံဃဉ္စ၊ မဂ်ပုဂ္ဂိုလ်လေးပါး ဖိုလ်ပုဂ္ဂိုလ်လေးပါး တည်းဟူသော ရှစ်ပါးသော အရိယာ ပုဂ္ဂိုလ်အပေါင်း သံဃာတော်အားလည်း။ အဉ္ဇလိံ၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို။ ကတွာ၊ ပြုပြီး၍။

အရိယာ သံဃာဘော်ကိုလဲ ရှိခိုးပါဘယ်၊ ဒီလို ရှိခိုးပြီးမှ ဒီ အဋ္ဌကထာ ကျမ်းကြီးကို စီရင်မယ်ဆိုတဲ့ အကြောင်းကို ဖော်ပြပါတယ်။

အဲသည်လို စီရင်တဲ့ အခါကာလမှာလဲဘဲ သန့်ရှင်း စင်ကြယ်သော အာစာရ သီလနှင့် ပြည့်စုံတဲ့ သိမ်မွေ့သော အပြစ်ကင်းသော ဉာဏ်ပညာနှင့် ပြည့်စုံဘဲ့ မိမိနှင့် အမည်ဘူဖြစ်တဲ့ ဗုဒ္ဓဃောသ အမည်ရှိတဲ့ ရဟန်းတော်က တောင်းပန်၍ ဒီကျမ်းကို ရေးသားတဲ့ အကြောင်းကိုလဲ ဒီမှာ ဖော်ပြထား ပါတယ်။

ပြီးတော့ ဒီအဘိဓမ္မာ ဒေသနာဘော်ကို နတ်ပြည်မှာ ဟောပြီးတော့ လူ့ပြည်သို့ ဆောင်လာပုံ အစဉ်ကိုလဲ ပြောဘို့သင့်တဲ့အတွက် ဒါကလေးလဲ ဂန္ထာရမ္ဘထဲမှာဘဲ ထည့်၍ ပြောသွားပါတယ်။

ယံ ဒေဝဒေဝေါ ဒေဝါနံ၊ ဒေဝလောကွာ နယတော ပုန။
ထေရဿ သာရိပုတ္တဿ၊ သမာစိက္ခိ ဝိနာယကော။
အနောတတ္တဒဟေ ကတွာ၊ ဥပဋ္ဌာနံ မဟေသိနော။
ယဉ္စ သုတွာန သော ထေရော၊ အာဟရိတွာ မဟီတလံ။
ဘိက္ခူနံ ပယိရုဒါဟာသိ၊ ဣတိ ဘိက္ခုဟိ ဓာရိတော။
သင်္ဂီတိကာလေ သင်္ဂီတော၊ ဝေဒေဟမုနိနာ ပုန။

ဝိနာယကော၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဟောကြား ဆုံးမ တော်မူတတ်သော။ ဝိနာယကော၊ ရှေ့ဆောင်ခရီးညွှန်ကင်း၍ မိမိ

ကိုယ်ပိုင် ဉာဏ်ဖြင့်ပင်လျှင် သိသင့် သိထိုက်သော တရားဟူသမျှကို ကြွင်းမဲ့ ဥဿုံ အလုံးစုံ သိတော်မူပေသော။ ဒေဝဒေဝေါ၊ နတ်တို့ထက် နတ်မြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။

**ကိုးကွယ်ရာ ဒေဝ**

ဒေဝ ဆိုတာက ထိုစဉ် အခါကာလတုန်းက ကိုးကွယ်ရာတွေကို ဒေဝလို့ဘဲ ဝေါဟာရ အသုံးအနှုန်းရှိနေပါတယ်၊ မိမိတို့ ကိုးကွယ် ဆည်းကပ်ပြီး နေတဲ့ နတ်တွေ၊ ယခုကာလ အများပြောနေကြပုံအတိုင်း ဆိုတော့ ဘုရားလို့ဘဲ ခေါ်ရမှာပါဘဲ၊ အဲဒါတွေကို ဟိုတုန်းက ဒေဝလို့ ခေါ်နေပါတယ်၊ လူတွေက နတ် ဗြဟ္မာ တွေကို ကိုးကွယ်နေကြပါတယ်၊ နတ်တွေကလဲ ဗြဟ္မာတွေကို ကိုးကွယ်နေကြပါတယ်၊ သက္ကပဥှသုတ်များမှာ သိကြားမင်းက မြတ်စွာဘုရား၏ တရားကို နာပြီးတော့ တရားရသွားတဲ့ အခါကာလမှာ အတိအလင်းဘဲ ထုတ်ဖော်ပြီးတော့ လျှောက်ထားပါတယ်။

ယံ ကရောမသိ ဗြဟ္မုနော၊ သမံ ဒေဝေဟိ မာရိသ။
တဒဇ္ဇ တုယှံ ကဿာမ၊ ဟန္ဒ သာမံ ကရောမ တေ။
လို့ လျှောက်ထားပါတယ်။

ရှေးအခါတုန်းက ဆိုလို့ရှိလျှင် သူတို့ နတ်ပြည်မှာ နတ်သား နတ်သမီးတွေရော သိကြားမင်း ကိုယ်တိုင်ရော ဗြဟ္မာကြီးကို ကိုးကွယ်နေကြပါတယ်တဲ့၊ လူ့ပြည်လောကမှာ မမြင်ရ မတွေ့ရတဲ့ နတ်တွေဆိုတာ တန်ခိုးကြီးတယ်၊ အင်မတန် အားကိုးရတယ်လို့ ထင်ပြီးတော့ နတ်တွေကို ကိုးကွယ်ကြပါတယ်၊ နတ်တွေကလည်း သူတို့ထက် တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးတွေကို ကိုးကွယ်ကြပါတယ်၊ ဗြဟ္မာဆိုတာကို သူတို့ မမြင်ကြရပါဘူး၊ လူတွေက နတ်တွေကို မမြင်ရသလိုဘဲ နတ်တွေကလဲ ဗြဟ္မာကို မမြင်ရပါဘူး၊ နတ်တွေကပြလို့ရှိလျှင် လူတွေက နတ်ကို မြင်ရသလိုဘဲ ဗြဟ္မာကပြတဲ့အခါကျမှ နတ်တွေလဲ ဗြဟ္မာကို မြင်ရပါတယ်။

ဒီတော့ ဒီဗြဟ္မာကြီးတွေဟာဖြင့် ဒို့ကိုးကွယ်ရာဘဲလို့ ဘုရားအနေနှင့် ကိုးကွယ်နေကြပါတယ်၊ အဲဒါကြောင့် ရှေးအခါကဆိုလျှင် နတ်တွေက ဗြဟ္မာကို ကိုးကွယ်နေကြပါတယ်၊ အရိုအသေပြုနေကြပါတယ်တဲ့၊ အဲဒီ

အရိုအသေပြုတာမျိုးဟာ ယခုတော့ဖြင့်လျှင် မြတ်စွာဘုရားကိုဘဲ ပြုပါတော့မည်ဆိုတဲ့ အကြောင်းကို သိကြားမင်းက အတိအလင်း လျှောက်ထားပါတယ်။

အဲဒါကြောင့် ဒေဝ ဆိုတာဟာ ကိုးကွယ်ရာကိုပင် ဆိုဘဲ့ အကြောင်းကို ဋီကာတွေက ဖွင့်ထားပါတယ်၊ အဲဒီ ကိုးကွယ်ရာတွေထဲမှာလဲ ဘုရားဟာ အမြင့်မြတ်ဆုံး ဖြစ်ပါတယ်၊ ဒါကြောင့်မို့—

ဒေဝဒေဝေါ၊ နတ်တို့ထက် နတ်မြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒေဝါနံ၊ နတ်ပြဟ္မာအပေါင်းဘို့အား။ ယံ၊ အကြင်အဘိဓမ္မာဒေသနာတော်ကို။ ဒေသေတွာ၊ ဟောကြားတော်မူပြီး၍။ ပုန၊တဖန်။ ထေရဿ သာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာ မထေရ်အား။ နယတော၊ အကျဉ်းချုပ် နည်းပြသောအားဖြင့်။ သမာစိက္ခိ၊ ကောင်းစွာ ဟောကြားတော်မူခဲ့လေပြီ။ သောစထေရော၊ ထိုအရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း။ အနောတတ္တဒဟေ၊ အနဝတတ်အိုင်၌။ မဟေသိနော၊ မြတ်စွာဘုရားအား။ ဥပဋ္ဌာနံကတွာ။ ခ-စားခြင်းကို ပြု၍။ ယံ၊ အကြင်အဘိဓမ္မာဒေသနာတော်ကို။ သုတွာန၊ ကြားနာခဲ့ပြီး၍။ မဟီတလံ၊ ဇမ္ဗူဒိပ် မြေအပြင်သို့။ အာဟရိတွာ၊ ဆောင်ယူခဲ့ပြီး၍။

မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်မှာ တရားဟောနေတဲ့အခါမှာ ကာလအားဖြင့် ပိုင်းခြားပြီးသကာလ လူ့ပြည်ဆင်းသက်လာတဲ့အခါ ရှိပါတယ်၊ ဒီအဋ္ဌကထာမှာဘဲ နောက်ပိုင်းကျတော့ ဒီအကြောင်းကို အကျယ်တဝင့် ဖော်ပြထားပါတယ်၊ အဲဒီမှာ အနဝတတ်အိုင်၏ အနီးတွင် မြတ်စွာဘုရား သီတင်းသုံးတဲ့အခါ အရှင်သာရိပုတ္တရာက သွားရောက်ပြီး ဆည်းကပ်ခ-စားပါတယ်၊ အဲဒီမှာ မြတ်စွာဘုရားတံမှ အကျဉ်းချုပ် အဘိဓမ္မာဒေသနာတော်ကို နာယူမှတ်သားပြီးတော့ ဇမ္ဗူဒိပ် မြေအပြင်ကို ဆောင်လာခဲ့ပါတယ်တဲ့၊ အနဝတတ်အိုင်ဆိုတာ ဟိမဝန္တာတောင်ပေါ် အမြင့်မှာ ရှိပါတယ်၊ ဒါကြောင့် အဲဒီ တောင်ပေါ်အမြင့်ကနေပြီး အနိမ့်မြေပြင်သို့ ဆောင်လာတယ်လို့ ဆိုလိုပါတယ်။

အာဟရိတွာ၊ ဆောင်ခဲ့ပြီး၍။ ဘိက္ခူနံ၊ လင်းနို့သား ဖြစ်ဘူးသော ငါးရာသော ရဟန်းတော်တို့အား။ ပယိရုဒါဟာသိ၊ ဟောကြားပို့ချခဲ့လေပြီ—

အဲဒီ ရဟန်းငါးရာတွေကို ရှေးဦးစွာ ဟောကြားခဲ့တဲ့အကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။

ဣတိ၊ ဤအစဉ်ဖြင့်။ ဘိက္ခုပုဟိ၊ ရဟန်းတို့သည်။ ယောအဘိဓမ္မော၊ အကြင်အဘိဓမ္မာကို။ ခေါရိတောစ၊ဆောင်လည်း ဆောင်အပ်လေပြီ—

ယခု ပြောခဲ့တဲ့ အတိုင်း အဘိဓမ္မာကို မြတ်စွာဘုရားက နတ်တွေကို ဟောပြီးတော့ အရှင်သာရိပုတ္တရာကို အကျဉ်းချုပ်ဟောတယ်၊ အရှင်သာရိပုတ္တရာက တဆင့် ယူဆောင်လာပြီးတော့ တပည့်ဖြစ်တဲ့ ရဟန်းတော် ငါးရာတို့ကို ဟောတယ်၊ အဲဒီ ရဟန်းတော် ငါးရာက ဒီအဘိဓမ္မာကို ရှေးဦးစွာ ဆောင်ခဲ့ပါတယ်တဲ့၊ ဒီတော့ အဲဒီ ရဟန်းတော် ငါးရာက ဆက်ပြီးတော့ တပည့်အဆက်ဆက်တွေ ဆောင်လာခဲ့တယ် ဆိုတာကတော့ ရှင်းနေပါပြီ၊ ပြောဘို့ မလိုပါဘူး၊ ဒါကြောင့် အဲဒီ အဆက်ဆက် ဆောင်လာပုံကို မပြောတော့ဘဲနှင့် သံဂါယနာ တင်ပုံကို ဆက်ပြီး ပြသွားပြန်ပါတယ်။

> သင်္ဂီတိကာလေ၊ ပဌမသံဂါယနာတင်သော အခါကာလ၌။ ဝေဒေဟမုနိနာ၊ ပညာဖြင့် ဖြစ်သော အရှင်အာနန္ဒာမထေရ်သည်။ ပုန၊ တဖန်။ ယော အဘိဓမ္မော၊ အကြင် အဘိဓမ္မာကို။ သင်္ဂီတောစ၊ သံဂါယနာလည်း တင်အပ်လေပြီ—

အဲဒီ အဘိဓမ္မာကို ပဌမသံဂါယနာတင်စဉ်က အရှင်အာနန္ဒာက ရှေးဦးစွာ ဖော်ပြပြီး သံဂါယနာ တင်ခဲ့တဲ့အကြောင်းကို ပြဆိုပါတယ်၊ အဲဒီကနောက် အဲဒီ အဘိဓမ္မာရဲ့ အဖွင့် အဋ္ဌကထာလဲ ရှိပါတယ်၊ အဲဒီ အဖွင့် အဋ္ဌကထာ ကိုလဲ ရှေးဦးစွာ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာက သံဂါယနာတင်ခဲ့တဲ့အကြောင်း၊ နောက်ကာလမှာလည်း ထပ်ပြီး ဒုတိယ တတိယ သံဂါယနာတင်ခဲ့တဲ့ အကြောင်းကိုလဲ ဒီမှာ ပြထားပါတယ်။

## မြတ်စွာဘုရားလျှင် အရင်းခံရှိသည်

အဲဒီ စကားထဲမှာ အာဒိတော ဆိုတဲ့ ပုဒ်ကို "ပဌမသင်္ဂီတိယံ မဟာအဋ္ဌကထာ"လို့ ဒီလို မူလဋီကာက ဖွင့်ထားတဲ့အတွက် ပဌမသံဂါယနာတင်စဉ်ကတည်းက ဒီအဋ္ဌကထာ ရှိနေတယ်ဆိုတော့ အဲဒီထက် ရှေးကျတဲ့ ဘုရားလက်ထက်ကတည်းက ရှိနေတယ်ဆိုတာ သိရပါတယ်၊ ဘုရားလက်ထက်က

တည်းက ရှိနေတော့ ဒီအဋ္ဌကထာဟာ မြတ်စွာဘုရားလျှင် အရင်းခံရှိတယ် ဆိုတဲ့ အကြောင်းကို အနုဋီကာက ထပ်ဆင့်ပြီးတော့ ဖွင့်ပြထားပါတယ်။

ပြီးတော့ အဲဒီကနောက် ဒီအဋ္ဌကထာကို အရှင်မဟာမဟိန္ဒ မထေရ်က သီဟိုဠ်ကျွန်းကို ဆောင်ခဲ့တဲ့အကြောင်း၊ ဆောင်ဆိုတာလဲ တနေ့ကပြောခဲ့တဲ့ အတိုင်း အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံကို အာဂုံဆောင်ထားတဲ့ အရှင် မဟိန္ဒမထေရ် သီဟိုဠ်ရောက်လာတဲ့ကာလမှာ ဆောင်ပြီးသား ဖြစ်သွားတာ ပါဘဲ။

အဲဒီ အဋ္ဌကထာကို အရှင်မဟိန္ဒမထေရ်က သီဟိုဠ်သား ရဟန်းတော် တွေကို သင်ကြားပို့ချပြီးတော့ပေး၊ အဲဒီက နောက်ကာလမှာ ဒီအဋ္ဌကထာကို သီဟိုဠ်သားတို့အတွက် သီဟိုဠ်ဘာသာဖြင့် ဘာသာပြန်ပြီး စီရင်ထားတဲ့ အကြောင်း၊ ဒီပဝါသီနံ ဘာသာယ အဘိသင်္ခတာလို့ မိန့်ဆိုသွားပါတယ်။

အဲဒီ သီဟိုဠ်ဘာသာဖြင့် စီရင်ထားတဲ့ အဋ္ဌကထာဟာ အခြားသော အရပ်ဒေသမှာရှိတဲ့ ပုဂ္ဂိုလ်တွေ မကြည့်နိုင် မရှုနိုင်တဲ့ အတွက်ကြောင့် သီဟိုဠ် ဘာသာမှ ပါဠိဘာသာသို့ ပြောင်းလဲပြီး ရေးသားစီရင်ခဲ့တဲ့အကြောင်း၊ အာရောပယိတွာ နိဒ္ဒေါသံ၊ ဘာသံ တန္တိနယာနုဂံ-ပါဠိတော်နည်းကို အစဉ် လိုက်တဲ့ အပြစ်လဲကင်းတဲ့ ပါဠိဘာသာ မာဂဓဘာသာသို့ ပြောင်းလဲပြီးတော့ အဋ္ဌကထာသစ်ကို ရေးသားမည်ဆိုဘဲ့ အကြောင်းကို ဖော်ပြထားပါတယ်။

အတ္ထံ ပကာသယိဿာမိ၊ အာဂမဋ္ဌကထာသုပိ။
ဂဟေတဗ္ဗံ ဂဟေတွာန၊ တောသယန္တော ဝိစက္ခဏေ။

တဿအဘိဓမ္မဿ၊ ထိုအဘိဓမ္မာ၏။ အတ္ထံ၊ အနက်ကို။ ပကာ-
သယိဿာမိ၊ ဖွင့်ပြပေအံ့—

သီဟိုဠ်ဘာသာမှ ပါဠိဘာသာပြန်ပြီးတော့ အဘိဓမ္မာရဲ့ အနက်ကို ဖွင့် ပြပါမည်လို့ ဆိုပါတယ်၊ ဖွင့်ပြတဲ့အခါမှာ ဝိနည်းများမှာလို တခြားသော အဋ္ဌကထာတွေ မရှိပါဘူး၊ မဟာအဋ္ဌကထာ တခုတည်းရှိပါတယ်၊ အဲဒီတော့ ရှေးကရှိတဲ့ အဘိဓမ္မာ၏ အဖွင့် မဟာအဋ္ဌကထာတခုထဲမှာ ပါဝင်တဲ့အဖွင့်

လောက်ဘဲ ရေးမလားလို့ မေးစရာရှိပါတယ်။ ဒါကြောင့် သည့်ပြင် သက်ဆိုင်ရာကလေးတွေကိုလဲ ထည့်သွင်းရေးမည့်အကြောင်း ဝန်ခံထားပြန်ပါတယ်။

အာဂမဋ္ဌကထာသုပိ၊ နိကာယ်လေးရပ်၏ အဋ္ဌကထာတို့၌လည်း။ ဂဟေတဗ္ဗံ၊ ယူသင့် ယူထိုက်သောအနက်ကို။ ဂဟေတွာန၊ ယူ၍။ ဝိစက္ခဏာ၊ ပညာရှိတို့ကို။ တောသယန္တော၊ နှစ်သိမ့်အားရစေလျက်။ အတ္ထံ၊ အနက်ကို။ ပကာသယိဿာမိ၊ ပြပေအံ့လို့ ဆိုပါတယ်။

ဒီစကားဖြင့် နိကာယ်လေးရပ် အဋ္ဌကထာတွေမှာ ဆိုထားတဲ့ အနက်အဓိပ္ပါယ်ကိုလဲ ဒီအဘိဓမ္မာအဋ္ဌကထာတွင် ထည့်သွင်းပြီး ပြသင့်တဲ့နေရာမှာ သုတ်အဋ္ဌကထာတွေမှ ယူပြီးတော့ ပြပါမည်လို့ ဆိုပါတယ်၊ အဲသလို ပြခြင်းဖြင့် ပညာရှိတွေလဲ နှစ်သိမ့်အားရပြီး သဘောကျသွားပါလိမ့်မည်တဲ့၊ သဘောလဲ ကျစရာ ပါဘဲ၊ ဘာကြောင့်တုံးဆိုလျှင် အဘိဓမ္မာ အဋ္ဌကထာထဲမှာ တိုက်ရိုက်မရှိတဲ့ အဲဒီလို အနက် အဓိပ္ပါယ်တွေကို သုတ္တန်အဋ္ဌကထာတွေမှ ရှာပြီး ကြည့်နေရမည်ဆိုလျှင် အချိန်များစွာ ကုန်သွားနိုင်ပါတယ်၊ ဒီအထဲမှာဘဲ ဆိုင်ရာ ဆိုင်ရာ ကလေးတွေကို အဋ္ဌကထာရေးကတည်းက ထည့်သွင်းရေးထားလိုက်တော့ ကြည့်ရှုတဲ့ ပုဂ္ဂိုလ်တွေမှာ အင်မတန် လွယ်ကူသွားပါတယ်၊ အင်မတန် ဝမ်းမြောက်စရာလဲ ကောင်းပါတယ်၊ အဲဒါကြောင့် တောသယန္တော ဝိစက္ခဏေ၊ ပညာရှိတွေကို နှစ်သိမ့်အားရစေလျက် ဒီ အဋ္ဌကထာကို ရေးသားပါမည်ဆိုတဲ့အကြောင်း ကို ပြပါတယ်။ နောက်ဆုံး၌—

ဣတိမေ ဘာသမာနဿ၊ အဘိဓမ္မကထံ ဣမံ။
အဝိက္ခိတ္တာ နိသာမေထ၊ ဒုလ္လဘာဟိအယံကထာ။

ဣတိ၊ ဤသို့သောအစဉ်ဖြင့်။ ဘာသမာနဿ၊ ဆိုလတ္တံ့သော။ မေ၊ ငါ၏။ဣမံ အဘိဓမ္မကထံ၊ ဤအဘိဓမ္မာ စကားကို။ အဝိက္ခိတ္တာ၊ မပျံ့လွင့်ကုန်သည်ဖြစ်၍။ နိသာမေထ၊ နာယူပါကုန် ဆိုပြီးတော့ တိုက်တွန်းသွားပါတယ်။

သူရေးတဲ့ အဋ္ဌကထာကို ရိုရိုသေသေ လေးလေးစားစားနှင့် ကြည့်ရှုကြပါလို့ ဆိုလိုတာပါဘဲ၊ ဘာကြောင့်တုံးဆိုလို့ရှိလျှင် ဒုလ္လဘာဟိ အယံ ကထာ၊ဤအဘိဓမ္မာအဖွင့် အဋ္ဌကထာ ဆိုတာဟာ အင်မတန် ရခဲပါတယ်တဲ့။

ဒီလို အလွန်ရခဲသောကြောင့် ရှိရှိသေသေ နာကြပါလို့ တိုက်တွန်းပြီးတော့ အဋ္ဌကထာ ဆရာက ဂန္ထာရမ္ဘ စကားကို အဆုံးသတ်သွားပါတယ်ဘုရား။

အဲဒီကနောက်မှာ အဘိဓမ္မာ ဆိုတာဟာ ဘာလဲဆိုတဲ့ မေးခွန်းနှင့်တကွ အဘိဓမ္မာပုဒ်ရဲ့ ဝစနတ္ထက စပြီးတော့ ဖွင့်ပြသွားပါတယ်၊ အဲဒါကိုတော့ နောက်ရက်တွေကျမှဘဲ ဆက်လက်ပြီး လျှောက်ထားပါတော့မည်ဘုရား။

ဂန္ထာရမ္ဘစိစစ်ချက် ပြီး၏

---

## အဘိဓမ္မာဆိုတာ ဘာလဲ

မနေ့က လျှောက်ထားခဲ့တဲ့ ဂန္ထာရမ္ဘ ကျမ်းဦးစကားထဲမှာ တဿ အဘိဓမ္မဿ၊ ထိုအဘိဓမ္မာ၏။ အတ္ထံ၊ အနက်ကို။ ပကာသယိဿာမိ၊ ပြပေအံ့ လို့ အဘိဓမ္မာ၏ အနက်ကို ဖွင့်ပြမည်လို့ အဋ္ဌကထာ ဆရာက ဝန်ခံခဲ့ပါတယ်။

ဒီတော့ အဲဒီ အဘိဓမ္မာဟာ ဘာကြောင့် အဘိဓမ္မာလို့ ခေါ်ရသလဲ၊ အဘိဓမ္မာဆိုတာက ဘယ်လိုဒေသနာတွေလဲ စသည်ဖြင့် မေးမြန်းစရာ ရှိပါ တယ်၊ ဒါကြောင့် အဲဒီ မေးမြန်းစရာရှိတဲ့ အချက်အလက်တွေကို ရှေးဦးစွာ ဖော်ပြလိုတဲ့အတွက် တတ္ထ ကေနဋ္ဌေန အဘိဓမ္မောဆိုဘဲ့ မေးခွန်းကစပြီးတော့ ထုတ်ပြပါတယ်၊ တတ္ထ၊ အဘိဓမ္မာ၏ အနက်ကို ဖွင့်ပြမည်ဆိုတဲ့ ထိုစကားရပ် ၌။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်သဘောကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာ မည်ပါသနည်း။အဘိဓမ္မာလို့ ခေါ်ဆိုရပါသနည်း။ဒီလို အဋ္ဌကထာ ဆရာက မေးပြပါတယ်။

အဘိဓမ္မာဆိုတာဟာ ဘာကြောင့် ခေါ်ပါသလဲလို့မေးတော့ အဖြေမှာ ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန၊ လွန်ကဲသော သာလွန်သောတရား၊ ထူးကဲ သော တရားဖြစ်သောအနက်ကြောင့် အဘိဓမ္မာ မည်ပါတယ်တဲ့၊ အဘိဓမ္မာ ဆိုတာဟာ သာလွန်သောတရား-သာလွန်သော ဒေသနာ,ထူးကဲသောတရား- ထူးကဲသောဒေသနာ ဒီလို ဆိုလိုပါတယ်။

အဲဒီ သာလွန်တာ ထူးကဲတာက ဘာလဲ၊ ဘာထက် ထူးကဲတာလဲ ဆိုလို့ ရှိလျှင် မြတ်စွာဘုရား စကားတော်, ပိဋကတ်တော်ဟာ အကျဉ်းချုပ်အားဖြင့် ဓမ္မနှင့် ဝိနယ နှစ်မျိုးဘဲ ရှိပါတယ်၊ ဝိနယဆိုတာက ဝိနည်း ပိဋကပါ၊ သုတ္တ

သီးသန့်ပါဘဲ၊ ဓမ္မဆိုတာက ဝိနယနှင့် မဘူပါဘူး၊ သူက တမျိုးပါ၊ အဲဒီ ဓမ္မ ဆိုတာက ခွဲလိုက်လို့ ရှိလျှင် သုတ္တန်နှင့် အဘိဓမ္မာ နှစ်မျိုး ထွက်လာပါတယ်၊ သုတ္တန်ဓမ္မကတမျိုး, အဘိဓမ္မာဓမ္မကတမျိုး ဒီလို နှစ်မျိုးရှိပါတယ်၊ အဲဒီ နှစ်မျိုးထဲမှာ အဘိဓမ္မာဆိုတဲ့ ဒေသနာတော်က သုတ္တန်ထက် လွန်ကဲနေတယ် လို့ ဆိုပါတယ်၊ သုတ္တန် ဓမ္မဒေသနာတော်တွေထက် အဘိဓမ္မာဆိုတဲ့ ဓမ္မ ဒေသနာတော်က လွန်ကဲနေတယ်၊ ထူးခြားနေတယ်လို့ ဒီလို ဆိုလိုပါတယ်။

အဲဒီမှာ လွန်ကဲတယ် ထူးခြားတယ်ဆိုတဲ့အနက်က အဘိသဒ္ဒါ၏ အနက် ဖြစ်ပါတယ်၊ အဲဒီ အဘိ သဒ္ဒါက လွန်ကဲတဲ့အနက် ထူးခြားတဲ့အနက်ကို ဟော တဲ့ အကြောင်း ဒီမှာ သာဓကထုတ်ပြီးတော့ ပြထားပါတယ်၊ အတိရေက ဝိသေသတ္ထဒီပကော ဟေတ္ထ အဘိသဒ္ဒေါတဲ့။ အဘိဓမ္မပုဒ်မှာပါတဲ့ အဘိပုဒ်က အတိရေက-သာလွန်သော အနက်၊ ဝိသေသ-ထူးခြားသောအနက်၊ ဒီအနက် နှစ်နက်ကို ဟောပါတယ်တဲ့။ ဒီလိုဟောတဲ့ပါဠိက ဘယ်မှာလဲ ဆိုလျှင် ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိဆိုတဲ့ ဒီပါဠိရပ်မှာ အဘိက္က မန္တိ၌ အဘိသဒ္ဒါ ပါပါတယ်၊ အဘိက္ကန္တဝဏ္ဏာဆိုတဲ့ ပါဠိမှာလဲ အဘိသဒ္ဒါ ပါပါတယ်တဲ့။

အဲဒီ အဘိသဒ္ဒါ နှစ်ခုထဲတွင် ပဌမ အဘိက္ကမန္တိက အဘိသဒ္ဒါကတော့ အတိရေက-သာလွန်ခြင်း အနက်ကို ဟောပါတယ်၊ ရှေးက ဂိလာနပုစ္ဆက အဖြစ်ဖြင့် မကျန်းမမာတဲ့ ပုဂ္ဂိုလ်တွေထံ သွားရောက်ပြီး မေးတဲ့အခါမှာ ဘယ့်နှယ်လဲ ရောဂါဝေဒနာတွေများ ဆုတ်ယုတ်ပါရဲ့လား၊ လျော့ပါရဲ့လား၊ မတိုးဘဲများ ရှိပါရဲ့လားလို့ ဒီလို မေးရပါတယ်၊ အဲဒီမတိုးဘဲ ရှိပါရဲ့လား ဆိုတာ ကို "နော အဘိက္ကမန္တိ" လို့ မေးရပါတယ်၊ အဲဒီလို မေးတဲ့အခါကျ တော့ ရောဂါ တိုးနေတဲ့ ပုဂ္ဂိုလ်က ပြန်ဖြေတော့ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ၊ ငါ၏သန္တာန်၌ ပြင်းပြစွာသော ဆင်းရဲဝေဒနာ တွေဟာ တိုးသာတိုးနေပါတယ်၊ ဆုတ်ယုတ်ခြင်း မရှိပါဘူးလို့ ပြန်ပြော ပါတယ်။

အဲဒီမှာ အဘိက္ကမန္တိ ဆိုတဲ့ ပါဠိနှင့် ညီမျှတဲ့ ဗမာစကားကတော့ တိုး နေပါတယ်လို့ တလုံးတည်း ဖြစ်နေပါတယ်၊ ပါဠိမှာ အဘိနှင့် ကမန္တိ နှစ်လုံး ရှိဘဲ့အတိုင်း သဒ္ဒါနက် အတိအကျ ပြန်မယ် ဆိုလျှင် သာလွန်ပြီး ဖြစ်နေပါ တယ်လို့ ဒီလို ပြန်ရပါမည်၊ ကမန္တိလို့ ဆိုလျှင် ဖြစ်နေတယ်လို့ အနက်ရပါတယ်၊

အဘိနှင့်တကွ အဘိက္ကမန္တိ လို့ ဆိုလျှင် ယခင်က ဖြစ်နေတာထက် ယခုသာပြီး ပိုပြီး ဖြစ်နေတယ်လို့ ဒီလို အနက်ရပါတယ်၊ ဒါကြောင့် အဘိသဒ္ဒါက အတိရေကဠ-သာလွန်ခြင်း အနက် ပိုခြင်းအနက်ကို ဟောတယ်လို့ အဋ္ဌကထာ ဆရာက ပြပါတယ်။

ပြီးတော့ အဘိက္ကန္တဝဏ္ဏာ ဒေဝတာ-အလွန်နှစ်သက်ဘွယ်အဆင်းရှိသော နတ်သားတယောက် မြတ်စွာဘုရားထံ ရောက်လာသည် စသည်ဖြင့် ပြတဲ့ ပါဠိတွေမှာ အဘိက္ကန္တဝဏ္ဏာလို့ ပါပါတယ်၊ အဲဒီ အဘိက္ကန္တဝဏ္ဏာမှာ ကန္တ-က နှစ်သက်ဘွယ်လို့ အနက်ရှိတဲ့အတွက် ကန္တဝဏ္ဏာဆိုလျှင် နှစ်သက်ဘွယ် ကောင်းတဲ့ အဆင်းရှိတယ်လို့ အနက်ရပါတယ်၊ အဘိနှင့်တကွ အဘိက္ကန္တ ဝဏ္ဏာဆိုလျှင်တော့ အထူးသဖြင့်ကို နှစ်သက်ဘွယ်ကောင်းတဲ့ အဆင်းရှိတယ်၊ သူများလို ရိုးရိုးတမ်းတမ်း နှစ်သက်ဘွယ် မဟုတ်သေးဘူး၊ ထူးပြီးတော့ကို နှစ်သက်ဘွယ်ကောင်းတဲ့ အဆင်းရှိတယ်လို့ အနက်ရပါတယ်၊ ဒါကြောင့် ဒီ အဘိသဒ္ဒါကတော့ ဝိသေသဠအထူးဆိုတဲ့ အနက်ကို ဟောပါတယ်တဲ့။

အဲဒီ နှစ်ပုဒ်မှာ အဘိသဒ္ဒါက အတိရေကနှင့် ဝိသေသအနက်ကို ဟောသလို၊ အဘိဓမ္မပုဒ်မှာပါတဲ့ အဘိသဒ္ဒါကလဲ အတိရေက သာလွန်ခြင်းအနက်၊ ဝိသေသ ထူးခြင်းအနက်-ဒီအနက်များကို ဟောတယ်ဆိုတဲ့ အကြောင်းကို အဋ္ဌကထာ ဆရာက ဖော်ပြပါတယ်။

ဒီနေရာမှာ စောဒနာစရာ မေးစရာရှိပါတယ်၊ ဘယ်လိုလဲဆိုတော့ကာ အဘိသဒ္ဒါက ဥပသာရ ဖြစ်ပါတယ်၊ ဥပသာရဆိုတာဟာ ဓာတ်နှင့်ယှဉ်ပြီး ဓာတ်၏အနက်ဖြစ်တဲ့ ဓာတွတ္ထကြိယာကို အထူးပြုတယ်၊ တားမြစ်တယ်၊ လိုက်လျောပြီး ဟောတယ်လို့ ဒီလို သုံးမျိုးသာ ရှိတယ် မဟုတ်ပါလား၊ နာမ်ပုဒ်နှင့် ယှဉ်တဲ့ပြီး နာမ်ပုဒ်၏အနက်ကို အထူးပြုတယ်၊ မြစ်တယ်၊ လိုက်လျော ပြီး ဟောတယ်လို့ မရှိဘူး မဟုတ်ပါလား၊ ယခု အဘိဓမ္မပုဒ်ထဲမှာ အဘိသဒ္ဒါ က ဓာတ်မဟုတ်တဲ့ ဓမ္မဆိုတဲ့ နာမ်ပုဒ်နှင့် ယှဉ်နေတယ် မဟုတ်လား၊ ဒီတော့ ဒီ အဘိသဒ္ဒါက နာမ်ပုဒ်၏ အနက်ကို ဘယ်လိုလုပ်ပြီး အထူးပြုပါသလဲလို့ ဒီလို မေးစရာရှိပါတယ်၊ ဒါကြောင့် အဋ္ဌကထာမှာ အတိဆတ္တ စသော ပုဒ်များကို ဥဒါဟရုဏ် အဖြစ်ဖြင့် ထုတ်ပြသွားပါတယ်။

အဲဒီ ဥဒါဟရုဏ်များဖြင့် "ဥပသာရဆိုတာ ဓာတ်နှင့် ယှဉ်တဲ့ပြီး ကြိယာ ကိုသာ အထူးပြုတတ်တာ မဟုတ်ပါဘူး၊ နာမ်နှင့် ယှဉ်တဲ့ပြီး နာမ်ကိုလဲ အထူး

ပြုတတ်ပါတယ်”လို့ ဖော်ပြပါတယ်။ ဆိုလိုရင်းကတော့ အတိစ္ဆတ္တပုဒ်ကို ကြည့်ပါ၊ အဲဒီမှာ ဆတ္တပုဒ်က နာမ်ဖြစ်ပါလျက်နှင့် အတိဆိုတဲ့ ဥပသာရနှင့် တွဲနေပါတယ်၊ ဒါလိုဘဲ အဘိဥပသာရကဘဲ ဓမ္မနာမ်ပုဒ်နှင့် တွဲနေနိုင်ပါတယ်လို့ ရှေးဦးစွာ ပြလိုရင်း ဖြစ်ပါတယ်၊ အတိနှင့် အဘိ အနက်တူတယ်လို့ ပြလိုရင်း မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဒီနေရာမှာ“ဘယ့်နှယ်လဲ အဘိဓမ္မကအဘိရှိတာဘဲ၊ အတိစ္ဆတ္တက အတိရှိတာဘဲ၊ အဘိနှင့် အတိ တခြားစီ မဟုတ်လား” လို့ ထပ်ပြီးမေးစရာ မလိုပါဘူး။

ပြီးတော့ အတိစ္ဆတ္တ အတိဓဇ အတိရာဇကုမာရ အတိဒေဝ အတိဗြဟ္မာ ဆိုတဲ့ပုဒ်များမှာ အတိသဒ္ဒါက ယှဉ်ဘက်နာမ်ပုဒ်များ၏ အနက်ကို ရိုးရိုး ထီးတံခွန်မျိုးမဟုတ်ဘူး၊ လွန်ကဲတဲ့ထီး, လွန်ကဲတဲ့တံခွန်, ထူးတဲ့ထီး ထူးတဲ့ တံခွန် စသည်ဖြင့် အထူးပြုသလိုဘဲ၊ အဘိသဒ္ဒါလဲ ယှဉ်ဘက် ဓမ္မပုဒ်၏ အနက်ကို ရိုးရိုးတရားမဟုတ်ဘူး၊ လွန်ကဲတဲ့တရား ထူးတဲ့ တရား ဖြစ်တယ်လို့ အထူးပြုပြီးတော့ အတိရေက အနက် ဝိသေသအနက်ကို ဟောနိုင်ကြောင်း ဒုတိယတဆင့် ရှင်းလင်းပြ လိုရင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် သာမန် ရိုးရိုးထီးများ တံခွန်အလံများထက် ကြီးကျယ် လွန်ကဲတဲ့ထူးခြားဆန်းကြယ်တဲ့ ထီးနှင့်တံခွန်အလံများကို အတိစ္ဆတ္တ, အတိ ဓဇလို့ ခေါ်ရသလိုဘဲ သုတ္တန်ဒေသနာတရားတော်ထက် ကျယ်ဝန်းလွန်ကဲတဲ့ တရား ထူးခြားဆန်းကြယ်တဲ့တရားတော်ကို အဘိဓမ္မာလို့ ခေါ်ရတယ်လို့ မှတ်သားဘို့ပါဘဲ။

## အဘိဓမ္မာ နှင့် ဝိနည်း

တချို့က ဝိနည်းထက် သာလွန်သောကြောင့်လဲ အဘိဓမ္မာမည်တယ်လို့ ဒီလိုအမှတ်တမဲ့ ပြောဆိုနေကြပါတယ်၊ အဲဒါကတော့ ဓမ္မနှင့် ဝိနယသရုပ် မကွဲလို့ ပြောတယ်လို့ ဆိုစရာကောင်းတော့တာပါဘဲ၊ အမှန်ကတော့ အဘိဓမ္မ လွန်ကဲသောဓမ္မ, ထူးသော ဓမ္မလို့ဆိုရာမှာ ဝိနယနှင့် ဘာမျှ မဆိုင်ပါဘူး၊ ဓမ္မမည်တဲ့ သုတ္တန်နှင့် အဘိဓမ္မာ ဒီနှစ်ခု အချင်းချင်း ထောက်ဆပြီး ခေါ်တဲ့ ဥပနိဓာအမည် ပညတ် ဖြစ်ပါတယ်၊ ဒါ့ကြောင့် မူလဋီကာမှာ “သုတ္တန္တာ ဓိကာ ပါဠိဝီတိ အတ္ထော” လို့ ထင်ရှားဖွင့်ပြထားပါတယ်။ သုတ္တန်ထက် လွန်ကဲသော ဒေသနာ စကား အစဉ်ကို အဘိဓမ္မာခေါ်တယ်လို့ ဆိုလိုပါတယ်။

သုတ္တန်ထက် အဘိဓမ္မာက သာလွန်တယ်, ထူးခြားတယ်ဆိုတာကလဲ ဟောကြားတဲ့ ဒေသနာစကားအစဉ်အားဖြင့် ကျယ်ဝန်ပြီး သာလွန်တာ, ဝေဘန်ပုံနည်းအားဖြင့် ဆန်းကြယ်တာကိုသာ ဆိုလိုပါတယ်၊ အဲဒီသာလွန်ပုံ, ထူးခြားပုံကို ဒီလို ပြသွားပါတယ်။

## သုတ္တန်ထက်သာပုံ

သုတ္တန္တဉ္ဟိ ပတွာ ပဉ္စက္ခန္ဓာ ဧကဒေသေနေဝ ဝိဘတ္တာ၊ န နိပ္ပဒေသေန။ သုတ္တန်မှာ ခန္ဓာငါးပါးဟောတယ် ဆိုလို့ရှိလျှင် တစိတ်တဒေသ ဝေဘန်ပြီး သွားပါတယ်၊ အပြည့်အစုံ အကြွင်းမဲ့ ဝေဘန်သွားတာ မဟုတ်ပါဘူးတဲ့၊ အဘိဓမ္မာရောက်တဲ့ အခါကာလကျတော့ ခန္ဓာငါးပါးကို သုတ္တန္တဘာဇနီယ နည်း,အဘိဓမ္မဘာဇနီယနည်း, ပဉ္စာပုစ္ဆကနည်းဆိုတဲ့ နည်းသုံးမျိုးဖြင့် ဝေဘန် ပြီးတော့ သွားပါသတဲ့၊ ဒါဟာ အဘိဓမ္မာမှာ သုတ္တန်ထက် လွန်ကဲနေတာ, သုတ္တန်ထက် ထူးခြားနေတာပါဘဲ ဆိုပြီးတော့ ပြသွားပါတယ်။

အနည်းငယ် ထပ်ပြီးတော့ ရှင်းပြပါဦးမည်၊ သုတ္တန်မှာဆိုလျှင် ခန္ဓာ ငါးပါးကို ဝေဘန်ဘဲ့နေရာမှာ ရူပက္ခန္ဓာကို ဆိုလို့ရှိလျှင် "စတ္တာရိ မဟာဘူတာနိ စဘုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပံ" ဆိုပြီးတော့ မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်ဘဲလို့ ဒါလောက်သာ ဝေဘန်ပြီး ပြသွားပါတယ်။

အဘိဓမ္မာကျတော့ ဒီလို တိုတိုကျဉ်းကျဉ်းကလေး မဟုတ်ပါဘူး၊ ရူပက္ခန္ဓာဝေဘန်တယ် ဆိုလို့ရှိလျှင် အတိတ် အနာဂတ် အစရှိသော တဆဲ့ တပါးသော ဌာနဘေဒဖြင့် အကျယ်ဝေဘန်သွားပါတယ်၊ ဌာနတဆဲ့တပါး ထဲမှလဲ တပါးတပါးမှာကိုဘဲ တတ္ထ ကတမံ ရူပံ အတီတံ၊ အတိတ်ရုပ်ဆိုတာ ဘာလဲ၊ ပစ္စုန်ပ္ပန်ရုပ်, အနာဂတ်ရုပ်, အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်, ဩဠာရိကရုပ်, သုခုမရုပ်, ဟီနရုပ်, ပဏီတရုပ်, ဒူရရုပ်, သန္တိကရုပ် ဆိုတာ ဘာလဲလို့ အစိတ်စိတ် မေးပြီးဖြေရှင်း ဝေဘန် သွားပါတယ်၊ အဲဒါက သုတ္တန္တဘာဇနီနည်းဖြင့် ဝေဘန်ပုံပါ။

ပြီးတော့ အဘိဓမ္မဘာဇနီနည်းဖြင့် အဲဒီရူပက္ခန္ဓာကို ထပ်ပြီးဝေဘန် ပြန်ပါတယ်၊ ဘယ့်နှယ်ဝေဘန်ပြန်တုံးဆိုတော့ တတ္ထ ကတမော ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ ဆိုတာ ဘာလဲလို့ ဒီလိုမေးခွန်းထုတ်ပြီးတော့ ဧကဝိဓေန ရူပက္ခန္ဓော

ဒုဝိဓေန ရူပက္ခန္ဓော စသည်ဖြင့် ရူပက္ခန္ဓာတပါး ဖော်ပြတယ်၊ နှစ်ပါးဖော် ပြတယ်၊ သုံးပါး, လေးပါး, ငါးပါး, ဆဲ့တပါးထိအောင် ဝေဘန်ပြီး ပြသွား ပါတယ်၊ အဲဒါက အဘိဓမ္မဘာဇနီနည်းဖြင့် ဝေဘန်ပုံပါ။

ပြီးတော့ ဒါတင်မကသေးပါဘူး၊ ပဉ္ဟာပုစ္ဆက နည်းဖြင့်လဲ ထပ်ပြီး ဝေဘန်ပြန်ပါတယ်၊ ပဉ္စန္နံခန္ဓာနံ ကတိကုသလာ၊ ခန္ဓာငါးပါးထဲမှာ ကုသိုလ် ခန္ဓာက ဘယ်လောက်လဲ၊ အကုသိုလ် ခန္ဓာက ဘယ်လောက်လဲ၊ အဗျာ ကတ ခန္ဓာက ဘယ်လောက်လဲ စသည်ဖြင့် တိက် နှစ်ဆဲ့နှစ်တိက်မှာ ဆိုလျှင် ခြောက်ဆယ်နှင့် ခြောက်ပုဒ်နှင့် ဝေဘန်ပါတယ်၊ ဒုက်တရာမှာ ဆိုလျှင်ဖြင့် ယင် ပုဒ်ပေါင်း နှစ်ရာနှင့် ဝေဘန်ထားပါတယ်၊ အဲသလိုဝေဘန်ပြီးတော့ ရူပက္ခန္ဓာက အဗျာကတဘဲ၊ ကျန်တဲ့ နာမက္ခန္ဓာလေးပါးကတော့ တချို့က ကုသိုလ်၊ တချို့က အကုသိုလ်၊ တချို့ဝိပါက်တို့ ကြိယာတို့က အဗျာကတလို့ ဆိုပြီးတော့ ဒီနည်းဖြင့် အသီးသီးဝေဘန်ပြီး သွားပါတယ်၊ ဒါကြောင့် သုတ္တန်ဒေသနာထက် အဘိဓမ္မာဒေသနာက သာလွန်နေပါတယ်၊ ထူးခြား နေပါတယ်တဲ့၊ အဲဒီ-ပိုသာလွန်နေတဲ့ အတွက် ထူးခြားနေတဲ့အတွက်ကြောင့် အဘိဓမ္မာလို့ခေါ်ပါတယ်တဲ့၊ ဒီတော့ အဘိဓမ္မာဆိုဘာ ဒေသနာ၏ အမည်ဘဲ ဆိုတာ ထင်ရှားနေပါတယ်။

## သုတ္တန်မှာလဲ ပရမတ်ဟောသည်

ဒါပေမဲ့ တချို့က "အဘိဓမ္မာဆိုလို့ရှိလျှင် ရုပ်တရား နာမ်တရားတွေကို ဟောတာဘဲ၊ သုတ္တန်ဆိုလို့ရှိလျှင် ပညတ်တွေ ဟောတာဘဲ"လို့ ဒီလို ပြောဆို စမှတ် ရှိပြီးတော့ နေပါတယ်၊ ဒီလို မဟုတ်ပါဘူး၊ သုတ္တန်ဒေသနာတော်တွေ မှာလဲ ပရမတ်ဘရားဆိုင်ရာ ကျတော့ ပရမတ်တရားကိုဘဲ ဟောပါတယ်၊ ပရမတ်တရား ဟောပြတာမှ သုတ္တန်မှာ ကျင့်စဉ်ကလေးတွေနှင့် ပြပါတယ်၊ အဘိဓမ္မာမှာတော့ ကျင့်စဉ်နှင့်မဟုတ်ဘဲ သဘာဝတွေကို ခွဲခြမ်း ဝေဘန်ရုံ သာ အကျယ် ခွဲခြား ဝေဘန်သွားပါတယ်၊ ဘယ်လို ကျင့်ရမည်၊ ဘယ်လိုလုပ်ရ မည် ဆိုတာ မပါပါဘူး၊ သုတ္တန်ကျတော့ ကျင့်ပုံကလေးတွေနှင့် လာပါတယ်၊ ရုပ်ကို ဝေဘန်ပြရာမှာ ရူပံ အနိစ္စံ၊ ရုပ်တရားဟာ မမြဲတဲ့တရားဘဲ၊ ယံ အနိစ္စံ၊ တံ ဒုက္ခံ။ အဲဒီ မမြဲတဲ့ တရားဟာ ဆင်းရဲတယ်။ ယံ ဒုက္ခံ၊ တဒနတ္တာ၊ အဲဒီ

ဆင်းရဲတရားဟာ အနတ္တတရား,အတ္တကောင်,အသက်ကောင်,လိပ်ပြာကောင်, ဝိညာဉ်ကောင် မဟုတ်တဲ့ တရားဘဲ။

ယံ အနတ္တာ၊ နေတံ မမ။ နေသောဟမသ္မိ၊ န မေသော အတ္တာတိ ဧဝမေတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ အဲဒီ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်တဲ့ တရားကို၊ နေတံ မမ-ဒါဟာ ငါ၏ ဥစ္စာအဖြစ်ဖြင့် သာယာထိုက်တဲ့ တရားလဲ မဟုတ်ဘူး၊ နေသောဟမသ္မိ-ဒါဟာ ငါဘဲဆိုပြီး မာနဖြင့် ထောင်လွှားထိုက်တဲ့ တရားလဲ မဟုတ်ဘူး၊ န မေသော အတ္တာ-ဒါဟာ ငါ၏ အတ္တကောင်ဘဲလို့ ဒီလို ဒိဋ္ဌိနှင့်လဲ စွဲလမ်းထိုက်တဲ့ တရားမဟုတ်ဘူး ဟူ၍။ ဧဝံ၊ ဤအခြင်းအရာအားဖြင့်။ ဧတံ၊ ဤရုပ်၏ အနိစ္စ ဒုက္ခ အနတ္တ သဘောကို။ သမ္မပ္ပညာယ၊ မှန်ကန်စွာ သိသော ဝိပဿနာပညာ မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုမြင်အပ်၏၊ ဝိပဿနာဉာဏ် မဂ်ဉာဏ်နှင့် တကယ်ကိုယ်တိုင်ဉာဏ်နှင့် သိအောင် ရှုရမည် အားထုတ်ရမည်လို့ ဒီလို လုပ်ငန်းစဉ် ကလေးနှင့်တကွ ပြသွားပါတယ်။

ထို့အတူဘဲ ဝေဒနာတို့ သညာတို့ သင်္ခါရတို့ ဝိညာဉ်တို့ ကျန်တဲ့ ခန္ဓာ လေးပါးမှာလဲ အနိစ္စ မမြဲဘူး၊ ဖြစ်ပြီး ပျောက်ပျောက်သွားလို့ မမြဲတဲ့ တရားဘဲ၊ အဲဒီ မမြဲတာကို မြင်အောင်ရှုရမည်၊ မမြဲဘဲ တရားဆိုလျှင် ဖြစ်ပြီး ပျက်နေတဲ့ တရားဟာ ဆင်းရဲဘဲ၊ အဲဒီ ဆင်းရဲတဲ့ တရားတွေလဲ သိအောင်ရှုရမည်၊ ဖြစ်ချီ ပျက်ချီနှင့် ဆင်းရဲနေတဲ့တရားဟာ ဘယ်မှာ အတ္တကောင် အသက်ကောင် ဟုတ်မလဲ၊ လောကမှာ သတ္တဝါတွေက စွဲလမ်းထားတဲ့အတ္တကောင်ဆိုတာဟာ တဘဝလုံး ငယ်ငယ်ကတည်းက အမြဲတမ်း အသက်ရှင်ပြီး တည်နေတယ်လို့ ထင်နေပါတယ်။ ဒီဘဝသာ မဟုတ်ပါဘူး၊ ရှေးဘဝကလဲ တည်နေတယ်လို့ ထင်ပါတယ်၊ နောက်ဘဝတွေလဲ ဆက်ပြီး တည်နေဦးမည်လို့ ထင်ပါတယ်၊ ဟိုရောက် သည်ရောက်နှင့် တကောင်တည်းကဘဲ ပြောင်းရွှေ့သွားနေတယ်လို့ ဒီလို ထင်နေကြပါတယ်။

အဲဒီတော့ ရှုနေဆဲမှာ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေဖြစ်ပြီး ပျောက်သွား၊ ဖြစ်ပြီး ပျောက်သွားနှင့် ဆင်းရဲတရားတွေဟာ ဘယ်မှာ မူလက စွဲလမ်းချက်အတိုင်း အတ္တကောင် ဟုတ်ပါမလဲ၊ အတ္တကောင် မဟုတ်ပါဘူးတဲ့၊ အဲဒီ အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို မြင်အောင်လို့ ရှုရမယ်၊ သမ္မပ္ပညာယ ဆိုတဲ့ အတိုင်း တွေးတောရုံ ဆင်ခြင်ရုံနှင့်တော့ မပြီးသေးဘူး၊ မှန်မှန်ကန်ကန်သိတဲ့

ဝိပဿနာပညာ မဂ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် သိအောင်လို့ ရှုရမည် ဆိုတာကို မြတ်စွာဘုရားက ဝေနေယျ၏ အလိုလိုက်ပြီးတော့ တကယ်ကျင့် တတ် ကြံတတ်အောင်လို့ ကျင့်နည်း ကြံနည်းနှင့်တကွ သုတ္တန်မှာ ဟောပြသွား ပါတယ်။

## ပုတ်ခတ်ရာရောက်သည်

ဒါကြောင့် ယခု ဘုရားတပည့်တော် လျှောက်ထားလိုရင်းကတော့ "အဘိဓမ္မာမှာသာ ရုပ်နာမ်ခန္ဓာ ပရမတ်တရားကို ဟောတယ်၊ သုတ္တန်မှာ တော့ ပညတ်ကိုသာ ဟောတယ်"လို့ ဒီလို သုတ္တန်တရားကို မရှိမသေ မပြော သင့် မပြောထိုက်ဘူး၊ ဒီလို မရှိမသေ ပြောလျှင် မြတ်စွာဘုရား၏ အာဏာ စက်ကို ပုတ်ခတ်ရာရောက်တယ်၊ ဝစီကံ အပြစ် ဖြစ်နိုင်တယ်ဆိုတာကို လျှောက် ထားလိုရင်း ဖြစ်ပါတယ်။

အမှန်မှာတော့ သုတ္တန်မှာလဲ ခန္ဓသံယုတ် ဆိုလျှင် ခန္ဓာငါးပါးတွေ ဟော ထားပါတယ်၊ အာယတန သံယုတ်ဆိုလျှင် အာယတနတွေ ဟောထားပါတယ်၊ ပြီးတော့ မဟာဝဂ္ဂသံယုတ်မှာ ဆိုလို့ရှိလျှင် မဂ္ဂင်ရှစ်ပါးတို့ ဗောဇ္ဈင် ခုနစ်ပါး တို့, ဣန္ဒြေတို့, ဗိုလ်တို့, သတိပဋ္ဌာန်တို့, သမ္မပ္ပဓာန်တို့ စသည်ဖြင့် ဗောဓိပက္ခိယ တရားတွေ အကျယ်တဝင့် ဟောထားပါတယ်၊ သစ္စသံယုတ်ကျတော့ သစ္စာ လေးပါးတရားတွေကို အထပ်ထပ်ဟောထားပါတယ်၊ ဒီတော့ သုတ္တန်မှာ သဘာဝဓမ္မတွေလဲ ရှိပါတယ်၊ သို့သော်လဲ သုတ္တန်မှာတော့ ဝေနေယျတို နားလည်ရုံမျှ ကျဉ်းကျဉ်းလောက်သာ ဟောထားပါတယ်၊ ကျင့်နည်း ကြံ နည်း အားထုတ်နည်းနှင့် တကွ ညွှန်ကြားပြီးတော့လဲ ဟောထားပါတယ်။

အဘိဓမ္မာမှာတော့ အဲဒီလို ကျင့်နည်း ကြံနည်း အားထုတ်နည်းကို အထူးမပြတော့ဘဲ သဘာဝဓမ္မတွေကိုဝေဘန်ရုံသာ အကျယ်ဝေဘန်သွား ပါတယ်၊ ဝေဘန်သင့်သမျှမှာတော့ အကုန်လုံး ခွဲခြမ်းစိတ်ဖြာပြီးတော့ အကြွင်းမဲ့ ဝေဘန်သွားပါတယ်၊ ဒီလို အကြွင်းမဲ့ အကျယ်ဝေဘန်တဲ့အတွက် ကြောင့်ဘဲအဘိဓမ္မာဒေသနာက သုတ္တန်ဒေသနာထက် လွန်ကဲတယ် ထူးခြား တယ်လို ချီးကျူးရပါတယ်၊ ဒီလိုလွန်ကဲ ထူးခြားတဲ့အတွက်ကြောင့် သူ့ကို သုတ္တန်လို ဓမ္မလို့သာ မဟုတ်သေးဘဲ အဘိနှင့်တွဲပြီးတော့ အဘိဓမ္မာလို့ ခေါ်ရခြင်းဖြစ်ပါတယ်။

ယခုပြောခဲ့တာဟာ အဋ္ဌကထာမှာ ပြထားတဲ့အတိုင်း သုတ္တန်ထက် အဘိဓမ္မာက သာလွန်ပုံ ထူးခြားပုံများကို ဝိဘင်း ပါဠိနှင့် နှိုင်းယှဉ်၍ ပြခြင်းဖြစ်ပါတယ်၊ ယခုသံဂါယနာဘင်ဆဲ အဋ္ဌသာလိနီအဋ္ဌကထာနှင့်ဆိုင်တဲ့ ဓမ္မသင်္ဂဏီပါဠိတော်နှင့် နှိုင်းယှဉ်ကြည့်လျှင်လဲ သာလွန်နေပုံ ထူးခြားနေပုံဟာ ထင်ရှားတာပါဘဲ။

## ဓမ္မသင်္ဂဏီ ဝေဘန်ပုံ

ဘယ်လိုလဲဆိုလျှင် သုတ္တန်မှာ ကုသိုလ်တရား, အကုသိုလ်တရားများကို ကုသလာ ဓမ္မာ အဘိဝဇ္ဇန္တိ အကုသလာ ဓမ္မာ အဘိဝဇ္ဇန္တိ စသည်ဖြင့် ဒါလောက်ဘဲဟောပါတယ်၊ အဲဒါထက် ထင်ရှားအောင်သရုပ်ဖော်ပြန်လျှင်လဲ သာဝဇ္ဇတရား, အနဝဇ္ဇတရား,၊ သုခဝိပါကတရား, ဒုက္ခဝိပါကတရား၊ သဗျာပဇ္ဇတရား, အဗျာပဇ္ဇတရားစသည်ဖြင့် ဒါလောက်သာ ဟောပါတယ်၊ ကုသလဓမ္မဆိုတာ စိတ်စေတသိက်ပေါင်း မည်မျှ ရှိတယ်၊ အကုသလဓမ္မဆိုတာ စိတ်စေတသိက်ပေါင်း မည်မျှရှိတယ် စသည်ဖြင့် ဒီလိုတော့ ဝေဘန်ပြီး မဟောပါဘူး။

အဘိဓမ္မာကျတော့ ဓမ္မသင်္ဂဏီမှာ ကုသလာဓမ္မာ အကုသလာဓမ္မာ စသည်ဖြင့် မာတိကာ ထားပြီးတော့ ကုသိုလ်တရားကို ဝေဘန်တဲ့အခါမှာ စိတ္တုပ္ပါဒ်အားဖြင့် ကာမာဝစရ ကုသိုလ်စိတ်က ရှစ်ခု၊ ရူပါဝစရ ကုသိုလ်စိတ်က ငါးခု၊ အရူပါဝစရ ကုသိုလ်စိတ်က လေးခု၊ လောကုတ္တရာကုသိုလ်စိတ်က အကျဉ်းအားဖြင့် လေးခု၊ အကျယ်အားဖြင့် နှစ်ဆယ် ဒီလိုဝေဘန်ပြီးတော့ ဟောသွားပါတယ်၊ အဲဒါဟာ အားလုံးပေါင်းလိုက်လျှင် အကျဉ်းအားဖြင့် ကုသိုလ်စိတ္တုပ္ပါဒ် ၂၁-ပါး၊ အကျယ်အားဖြင့် ၃၇-ပါးရှိပါတယ်၊ ဒီအထဲက ရူပ, အရူပ, လောကုတ္တရာစိတ်တွေကို နည်း,ပဋိပဒါ, အာရုံစသည်ဖြင့် ပွါးထားတာတွေလဲ ရှိပါသေးတယ်၊ အဲဒါတွေပါဆိုလျှင်တော့ကုသိုလ်စိတ်တွေဟာ ထောင်ပေါင်း များစွာရှိနေပါတယ်၊ ဒါတွေအားလုံးဟာ ကုသလာဓမ္မာဆိုတဲ့ပုဒ်ကလေးတခုကို ဝေဘန်ဟောကြားချက်များဖြစ်ပါတယ်။

အဲဒီထောင်ပေါင်း များစွာသော ကုသိုလ်စိတ်တွေထဲက ပဌမကာမာဝစရ ကုသိုလ်စိတ်ကလေး တခုဘည်း ဝေဘန်ပုံကို အကျဉ်းချုပ်ဖော်ပြပါမည်၊

အဲဒီမှာ ရှေးဦးစွာ "ကတမေ ဓမ္မာ ကုသလာ-ကုသိုလ်တရားဆိုတာ ဘယ်ဟာတွေလဲ" လို့မေးခွန်း ထုတ်ပြီးတော့ ယသ္မိံ သမယေ ကာမာဝစရံ ကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ စသည်ဖြင့် ကုသိုလ်စိတ်ဖြစ်ပုံကို ရှေးဦးစွာ အခြေဘည်ပြီးပြပါတယ်၊ ပြီးတော့မှ အဲဒီ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ပဌမကုသိုလ်စိတ် ဖြစ်တဲ့အခါမှာ ပါဝင်တဲ့ သမ္ပယုတ် တရားတွေကို အကျယ်တဝင့် အသေးစိတ်ဖော်ပြသွားပါတယ်။

ဖော်ပြပုံကတော့ ရှေးဦးစွာ ဖဿပဉ္စမကတရား ငါးပါးကို "ဖဿော ဟောတိ ဝေဒနာ ဟောတိ သညာ ဟောတိ စေတနာ ဟောတိ စိတ္တံဟောတိ" လို့ပြပါတယ်၊ ပြီးတော့ ဈာနင်တရားတွေကို "ဝိတက္ကော ဟောတိ ဝိစာရော ဟောတိ"စသည်ဖြင့် ငါးပါးပြပါတယ်၊ ပြီးတော့ဣန္ဒြေတရားတွေကို"သဒ္ဓိန္ဒြိယံ ဟောတိ ဝီရိယိန္ဒြိယံ ဟောတိ" စသည်ဖြင့် ရှစ်ပါးပြပါတယ်၊ ပြီးတော့ မဂ္ဂင်တရားတွေကို "သမ္မာဒိဋ္ဌိ ဟောတိ"စသည်ဖြင့် ငါးပါးပြပါတယ်၊ ပြီးတော့ ဗိုလ်တရားတွေကို "သဒ္ဓါဗလံ ဟောတိ"စသည်ဖြင့် ခုနစ်ပါးပြပါတယ်၊ ပြီးတော့ အလောဘ, အဒေါသ, အမောဟ- မူလသုံးပါးကို ပြပါတယ်၊ ပြီးတော့ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိဆိုတဲ့ ကမ္မပထတရားသုံးပါးကို ပြပါတယ်၊ ပြီးတော့ ဟိရိ,ဩတ္တပ္ပဆိုတဲ့ လောကပါလတရားနှစ်ပါးကို ပြပါတယ်၊ ပြီးတော့ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိအစရှိသော ခြောက်စုံ တဆဲ့နှစ်ပါးသော တရားများကို ပြပါတယ်၊ အဲဒီနောက်မှာ သတိနှင့်သမ္ပဇဉ်၊ သမထနှင့် ဝိပဿနာ၊ ပဂ္ဂဟနှင့် အဝိက္ခေပဆိုတဲ့ ဒုကတရားခြောက်ပါးကို ပြပါတယ်၊ အားလုံး ကုသိုလ်တရားပေါင်းမှာ အမည်အားဖြင့် ငါးဆယ်ခြောက်(၅၆)ပါးရှိပါတယ်၊ ဒါဟာ ကုသိုလ်စိတ်တခုတည်းမှာ ဝေဘန်ထားတဲ့တရားများ ဖြစ်ပါတယ်၊ ဒါလဲ ဓမ္မုဒ္ဒေသဝါရ တခုတည်း ရှိပါသေးတယ်၊ အဲဒီကနောက် အကျယ် ဝေဘန်တဲ့ ပဒဘာဇနီဆိုတာလဲ ရှိပါသေးတယ်။

အဲဒီ ပဒဘာဇနီမှာတော့"ကတမော တသ္မိံ သမယေ ဖဿော ဟောတိ၊ ထိုအခါ၌ ဖြစ်သော ဖဿဆိုတာဘာလဲ" စသည်ဖြင့် မေးခွန်း ထုတ်ပြီးတော့ အဲဒီ(၅၆)ပါးသော တရားတွေကို အသီးအသီး ဖွင့်ပြသွားပါတယ်၊ အဲဒီကနောက် ကောဋ္ဌာသဝါရ, သုညတဝါရတို့ဖြင့်လဲ ထပ်ပြီးဝေဘန်ပြန်ပါတယ်၊ အခြားစိတ်တွေလဲ ဒီနည်း အတိုင်းဘဲ ဝေဘန်သွားပါတယ်၊ အလွန်ဘဲ ကျယ်ဝန်းပါတယ်။

ယခုဖော်ပြခဲ့တာတွေဟာ သုတ္တန်က ကုသလာဓမ္မာဆိုတဲ့ပုဒ်ကလေး တခုတည်းမှာဘဲ အဘိဓမ္မာကျတော့ အလွန်အလွန်ကျယ်ဝန်းစွာ ဝေဘန်ဟောကြားထားပုံကို အရိပ်အမြွက်မျှ ဖော်ပြခြင်းဖြစ်ပါတယ်၊ ဒီအရိပ်အမြွက်မျှဖြင့် နှိုင်းချိန်ကြည့်မည်ဆိုလျှင်ပင် အဘိဓမ္မာ ဒေသနာတော်က သုတ္တန်ဒေသနာတော်ထက် သာလွန်တယ် ထူးကဲတယ်ဆိုတာ ထင်ရှားလှပါပြီ၊ ဒီလို သုတ္တန်ဒေသနာဓမ္မထက် ဟောစဉ်အားဖြင့် သာလွန်တဲ့ဓမ္မ,-ထူးကဲတဲ့ဓမ္မဖြစ်ခြင်းကြောင့်ဘဲ အဘိဓမ္မာလို့ခေါ်တယ်ဆိုတာလဲ ဒီစကားစုဖြင့် ထင်ရှားသွားပါပြီ။

ဘုရားတပည့်တော် လျှောက်ထားခဲ့တဲ့အဲဒီစကားထဲမှာ ငါးဆဲ့ခြောက် (၅၆) ပါးသော ကုသိုလ်တရားတွေဆိုတာ ပါသွားပါတယ်၊ အဲဒါဟာ ဓမ္မသင်္ဂဏီပါဠိတော်မှာ တိုက်ရိုက်လာတဲ့ တရားတွေဖြစ်ပါတယ်၊ အဲဒီ(၅၆) ပါးသော ကုသိုလ်တရားတွေကို ဓမ္မပဒအဋ္ဌကထာ ပတိပူဇိကာ ဝတ္ထုမှာ ဖော်ပြထားတာတွေ့ရပါတယ်၊ အဲဒါကလေးဟာ အလွန်သတိပြုစရာ ကောင်းလို့ အနည်းငယ် ဖေါ်ပြလျှောက်ထားလိုပါတယ်။ ။

## ပတိပူဇိကာ ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိပြည်မှာ ပတိပူဇိကာဆိုတဲ့ အမျိုးသမီးတဦး ရှိခဲ့ပါတယ်၊ အဲဒီ အမျိုးသမီးဟာ အလျင်ဘဝက တာဝတိံသာ နတ်ပြည်မှာ မာလဘာရီ ဆိုတဲ့ နတ်သားရဲ့ အလုပ်အကျွေးခင်ပွန်းမ ဖြစ်ခဲ့ပါတယ်၊ အခြွေအရံ နတ်သမီး တထောင်ရှိတယ်လို့ ဆိုပါတယ်။

တနေ့သောအခါ ပန်းဥယျာဉ်ထဲ ဝင်ပြီးတော့ ပျော်ပွဲခံနေကြပါသတဲ့၊ ငါးရာသော နတ်သမီးတွေက ပန်းပင်ပေါ်တက်ပြီး ပန်းခူးကြ ချွေကြတယ်၊ ငါးရာသော နတ်သမီးတွေက ပန်းပင်အောက်က ပန်းတွေကို ကောက်ယူ သီကုံးပြီးတော့ သူတို့ရဲ့ ခင်ပွန်းဖြစ်တဲ့ မာလဘာရီ နတ်သားကြီးကို တန်းဆာဆင်ပေးနေကြပါတယ်။

အဲဒီ အထဲမှာ နတ်သမီးကလေး တယောက်ကတော့ ကံကုန်တာနှင့် ပန်းခူးရင်းဘဲ ပန်းပင်ခွကြားမှာ စုတိစိတ်ကျသွားပါတယ်၊ နတ်ဆိုတာက သေတဲ့အခါမှာ အလောင်းကောင်ရယ်လို့ ကျန်ရစ်တာမျိုး မဟုတ်ဘူး၊ သေ

တယ်ဆိုလျှင် ခန္ဓာကိုယ်လဲ ပျောက်သွားတာဘဲ၊ ပြီးတော့ သူ့အဖော် နတ်သမီးတွေကလဲ ကခုန် သီဆို တီးမှုတ်ပြီး အပျော်ကြီး ပျော်နေကြပါတယ်၊ ဒါကြောင့် အဲဒီ နတ်သမီးကလေး သေသွားတာကို ဘယ်သူမှ မသိလိုက်ကြဘူး အမှတ်တမဲ့ဘဲ ဖြစ်နေကြပါတယ်။

စုတေလာတဲ့ နတ်သမီးကလေးကတော့ လူ့ပြည်လောကမှာ ပဋိသန္ဓေ တည်နေပြီး သာဝတ္ထိပြည်မှာ အမျိုးသမီး ကလေး ဖြစ်လာပါတယ်၊ လူ့ဘဝ ရောက်လာတော့လဲ သူ့မှာ အိပ်ရာက နိုးလာတဲ့ လူလိုဘဲ ရှေးဘဝက အကြောင်းအရာတွေကို ပြန်ပြီး အမှတ်ရနေပါတယ်၊ ဒါကြောင့် ရှေးဘဝကို ပြန်လည်စဉ်းစားပြီးဘော့ နတ်ပြည်က နတ်စည်းစိမ်များ ကောင်းမွန်ပုံတွေ, ပျော်မွေ့ဘွယ် ကောင်းပုံတွေကို မြင်နေဘဲ့အတွက် ရှေးဘဝကနေရာကိုဘဲ ပြန်ရောက်ချင်တဲ့စိတ်ဘွေ့ သူ့မှာ အားကြီး ဖြစ်နေပါတယ်။

ဒါကြောင့် သူက ကုသိုလ်ကောင်းမှုကို ပြုတိုင်း ပြုတိုင်း "သာမိကဿ သန္တိကေ အဘိနိဗ္ဗတ္တေယျံ-ခင်ပွန်းလင့်ထံမှာ ဖြစ်ရပါစေလို့"လို့ ဒိလို ချည်း ဆုတောင်းနေပါတယ်၊ အရွယ်ရောက်လို့ အိမ်ထောင်ကျနေတဲ့အခါမှာလဲ ဒီလိုဘဲ ဆုတောင်းပြီး ကုသိုလ်ကောင်းမှုများကို ပြုနေပါတယ်တဲ့၊ ဒါကြောင့် ဒီအမျိုးသမီးကလေးကို ရဟန်းတော်များက ပတိပူဇိကာလို့ နာမည် ပေးထား ကြပါတယ်၊ ပတိ ပူဇိကာ ဆိုဘဲ့ ပါဠိအမည်က ခင်ပွန်းလင်အတွက် ကောင်းမှု ပြုပြီး ပူဇော်နေတဲ့ မိန်းမလို့ ဆိုလိုပါတယ်။

အဲဒီ ပတိပူဇိကာဟာ ကိုယ်တိုင်လဲ လှူဒါန်းပြီး ကုသိုလ်တွေကို များစွာ ပြုနေပါတယ်၊ သူများက လှူတန်းစရာတွေကို ပေးအပ်ထားလျှင်လဲ သူက ဝမ်းမြောက်ဝမ်းသာနှင့် ဝေယျာဝစ္စ ဆောင်ရွက်ပြီးတော့ သံဃာတော်များ အား လှူဒါန်း ဆက်ကပ်နေပါတယ်၊ ဒါကြောင့် သူ့မှာ ကုသိုလ်တွေ မပြတ် ပွါးနေပါတယ်၊ အဲဒီ အကြောင်းကို ဓမ္မပဒအဋ္ဌကထာက "သာပိ ဒေဝနိယာမေန အာဂစ္ဆန္တိ ဂစ္ဆန္တိ ကောကပဒဝါရေ ဆပ္ပညာသကုသလဓမ္မေ ပဋိလဘတိ"လို့ ဖော်ပြထားပါတယ်။

## ခြေတလှမ်း ကုသိုလ်-၅၆

ပတိပူဇိကာဆိုတဲ့ ထိုအမျိုးသမီးကလေးဟာ ပြခဲ့တဲ့နည်းဖြင့် ကုသိုလ် ကောင်းမှုတွေကို မပြတ်ကြောင့်ကြ စိုက်ပြီး ပြုနေတဲ့အတွက် သွားရင်းလာ

ရင်း ခြေတလှမ်း တလှမ်းအတွင်းမှာဘဲ၊ ဆပ္ပဉာသ ကုသလဓမ္မ ပဋိလာဘတိ၊ ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တရားတွေကို ရနေတယ်လို့ ဆိုလိုပါတယ်၊ အဲဒါဟာ သွားရင်း လာရင်းလဲ သူ့မှာ သံဃာတော်များအတွက် ဆွမ်းက ဘယ်လိုချက်မည်၊ ဟင်းက ဘယ်လိုချက်မည်၊ ဘာကို ကပ်လှူမည်၊ ဘယ် ဝေယျာဝစ္စကို ဆောင်ရွက်မည်စသည်ဖြင့် မပြတ်ကြံစည်နေလို့ ခြေတလှမ်း တလှမ်းအတွင်းမှာ ငါးဆယ့်ခြောက် (၅၆) ပါးသော ကုသိုလ်တရားတွေ ကို ရနေခြင်းဖြစ်ပါတယ်။

အဲဒီ ငါးဆယ့်ခြောက်ပါး ဆိုတာတွေက ဘယ်ဟာတွေလဲ လို့ဆိုလျှင် ခုနက ပြောခဲ့ဘဲ့ ဓမ္မသင်္ဂဏီ ပါဠိတော်က ဆပ္ပဉာသကုသလဓမ္မဆိုတဲ့ ငါးဆယ့် ခြောက်ပါး တရားတွေပါဘဲ၊ ဒီလို ဆိုရခြင်း၏ အကြောင်းကတော့ အဋ္ဌ ကထာများမှာ ထူးသောအနက်ကို ဖော်ပြထားလျှင် ပါဠိတော်မှာ ဖြစ်စေ အခြား အဋ္ဌကထာမှာ ဖြစ်စေ သူ့ရဲ့မှီရာဟာ ရှိမြဲ ဖြစ်ပါတယ်၊ ဒီ ငါးဆယ့် ခြောက်ပါးဆိုတဲ့အနက်ဟာ ထူးလဲ ထူးပါတယ်၊ ဓမ္မသင်္ဂဏီပါဠိမှာလဲ တိုက် ရိုက် ရှိနေပါတယ်၊ အဋ္ဌသာလိနီမှာရော အခြား အဋ္ဌကထာကြီးတွေမှာရော ကုသိုလ်တရားရဲ့ သင်္ချာကို ပြရာများမှာ ရံခါ ဆပ္ပဉာသ- ငါးဆယ်ခြောက်လို့ ပြပါတယ်၊ ရံခါမှာ ပရောပဏ္ဏာသ-ငါးဆယ်ကျော်လို့ ပြပါတယ်၊ ရူပ, အရူပ ကုသိုလ်ကို ပြဘဲ့အခါမှာ ပရောပဏ္ဏာသလို့ ပြတတ်ပါတယ်၊ အဲဒီတော့ ဓမ္မပဒ အဋ္ဌကထာမှာလဲ ဒီပါဠိ,အဋ္ဌကထာတွေကို မှီပြီးတော့ ငါးဆယ့်ခြောက်ပါး ဆိုဘဲ့ ဒီအနက်ထူးကို ပြဆိုထားကြောင်း ထင်ရှားနေပါတယ်။

ဒါကြောင့် ဓမ္မပဒ အဋ္ဌကထာက ဆိုထားတဲ့ ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တရားတွေ ဆိုတာဟာ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ တိုက်ရိုက်ရှိနေတဲ့ (၅၆)ပါးသော ကုသိုလ်တရားတွေဘဲလို့ ပြဆိုရခြင်း ဖြစ်ပါတယ်၊ ဒီလိုယူ လျှင် ဓမ္မပဒ အဋ္ဌကထာ စကားလဲ ပါဠိ အဋ္ဌကထာ အားလုံးနှင့် ညီညွတ်ပြီး တော့ ပိုပြီး ခိုင်ခံ့သွားပါတယ်။

## ဓမ္မပဒဋီကာ

သို့သော်လဲ ဓမ္မပဒ ဋီကာမှာတော့ ဒီလို မဟုတ်ဘဲ တမျိုး ဖွင့်ထားပါ တယ်၊ အဲဒီ ဋီကာပေါ်လာတာကလဲ သိပ်မကြာသေးပါဘူး၊ မကြာမီကမှ

ဗမာပြည်မှာ ရေးတဲ့ကျမ်းဖြစ်ပါတယ်၊ အဲဒီ ဋီကာမှာ ရေးထားပုံကတော့ ခြေဘလှမ်းအဘွင်းမှာ မဟာကုသိုလ်စိတ် ရှစ်ခု ဖြစ်ပါသတဲ့၊ အဲဒီ ရှစ်ခုကို တဝီထိအတွင်း ပါဝင်တဲ့ ဇောခုနစ်ကြိမ်နှင့် မြှောက်လိုက်လျှင် ငါးဆယ့်ခြောက် (၅၆)ဖြစ်လာပါတယ်၊ အဲဒါဟာ ခြေတလှမ်း အတွင်းမှာ ဖြစ်ပေါ်တဲ့ ငါးဆယ့် ခြောက်ပါးသော ကုသိုလ်ဘရားတွေပါဘဲတဲ့၊ ဒီလိုပြဆို ရေးသားထားပါတယ်။

အဲဒါဟာ စဉ်းစားစရာ ကောင်းပါတယ်၊ ဘာကြောင့်လဲဆိုလျှင် ဒီ မဟာကုသိုလ်စိဘ် ရှစ်ခုထဲမှာ သောမနဿလဲပါတယ်၊ ဥပေက္ခာလဲ ပါတယ်၊ ဒီတော့ ခြေဘလှမ်းအဘွင်းမှာ သောမနဿပြီး ဥပေက္ခာ၊ ဥပေက္ခာပြီး သောမနဿ၊ ဒီသို ခြေလှမ်းတိုင်း အစုံအလင် ဖြစ်ဘို့ရာ ခဲယဉ်းပါတယ်၊ ပြီးဘော့ အဲဒီ ရှစ်ခုသဲမှာ ဉာဏသမ္ပယုတ်လဲ ပါတယ်၊ ဉာဏဝိပ္ပယုတ်လဲ ပါ တယ်၊ ဒီတော့ ခြေလှမ်းတိုင်းမှာ ဉာဏသမ္ပယုတ်ရော ဉာဏဝိပ္ပယုတ်ရော အစုံအလင် ရောပြီး ဖြစ်ဘို့ဟာလဲ ခဲယဉ်းတာဘဲ၊ ပြီးတော့ အဲဒီ ရှစ်ခုထဲမှာ အသင်္ခါရိကလဲပါတယ်၊ သသင်္ခါရိကလဲပါတယ်၊ ဒီတော့ ခြေလှမ်းတိုင်းမှာ အသင်္ခါရိကရော သသင်္ခါရိကရော အစုံအလင် ရောပြီး ဖြစ်ဘို့ဟာလဲ ခဲယဉ်း တာဘဲ၊ ဒါကြောင့် အဲဒီ ဋီကာ အဖွင့်ကို သင့် မသင့် ဆင်ခြင်ဘို့ ယခု ဒီမှာ ထုတ်ပြရခြင်း ဖြစ်ပါတယ်။

ဓမ္မသင်္ဂဏီ ပါဠိတော်မှာ တိုက်ရိုက်ရှိနေတဲ့ ငါးဆယ့် ခြောက်ပါးသော ကုသိုလ်တရားတွေ ဆိုတာကတော့ ကုသိုလ်စိတ္တုပ္ပါဒ် တခုအတွင်းမှာ ပါဝင် နေတာတွေချည်း ဖြစ်တဲ့အဘွက် ခြေတလှမ်း အတွင်းမှာ ဖြစ်လဲ ဖြစ်နိုင်ပါ တယ်၊ ဒါကြောင့် ယုတ္တတရဖြစ်တဲ့ အနက်ကို မှတ်ယူနိုင်ရန် ယခုလို အလျဉ်း သင့်တဲ့အခါမှာ ဒီ ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တရားအကြောင်းကို ထည့်သွင်းပြီး ဖော်ပြရခြင်း ဖြစ်ပါတယ်။

## အနှစ်တရာ နှင့် တရက်

အဲဒီ ပတိပူဇိကာဆိုတဲ့ အမျိုးသမီးဟာ ကုသိုလ်ကောင်းမှုတွေကို ပွါး များ အားထုတ်ရင်း သားလေးယောက်လဲရပြီးတော့၊ တနေ့သော အခါမှာ ပြုနေကျအတိုင်း ပေးလှူပူဇော်ခြင်း, တရားနာခြင်း, သီလဆောက်တည်ခြင်း များ ပြုပြီးတဲ့နောက် ထိုနေ့ကုန်တဲ့အခါမှာ တခဏခြင်း ဖြစ်ပေါ်လာတဲ့

ရောဂါဖြင့် စုတိပြတ်ကျွေ သေဆုံးသွားပါတယ်တဲ့၊ သေဆုံးပြီးတော့ သူ့ရဲ့ ဆုတောင်း အတိုင်းဘဲ မာလဘာရီနတ်သားထံ ပြန်ရောက်သွားပါတယ်တဲ့၊ ရောက်သွားတော့ နတ်သားက မေးပါတယ်၊နင် မနက်ခင်းက ပျောက်နေတယ် ဘယ်သွားနေသတုံးလို့ မေးပါတယ်၊ အဲဒါဟာ ရှေးဘဝတုန်းက ရုပ်ရေနှင့် နောက်ဘဝအသစ်က ရုပ်ရေဟာ အတူတူလိုဖြစ်နေတဲ့အတွက် ခဏတဖြုတ် တခြားသွားပြီး ပြန်လာတယ်လို့ ထင်ပြီးတော့ မေးခြင်း ဖြစ်ပါတယ်။

အဲဒီလိုမေးတော့ ပတိပူဇိကာက သူ့မှာ ပန်းခူးရင်း စုတေသွားတဲ့ အကြောင်း၊ လူ့ပြည်ရောက်သွားပြီးတော့ အိမ်ထောင်ကျလို့ သားလေးယောက် တောင် ရခဲ့တဲ့အကြောင်း၊ နတ်သားကြီးထံရောက်ဘို့ ဆုတောင်းပြီး ကုသိုလ် ကောင်းမှုတွေ ပြုခဲ့လို့ နတ်ဘဝကို ပြန်ရောက်လာတဲ့ အကြောင်းများကို ပြောပြပါတယ်၊ ဒီတော့ လူ့ပြည်မှာ အသက်တမ်းက ဘယ်လောက်ရှိသလဲ လို့ နတ်သားက မေးပြန်ပါတယ်၊ လူ့ပြည်မှာ အသက်တမ်းက လူတို့၏အရေ အတွက်အားဖြင့် အနှစ်တရာ၊ တာဝတိံသာ နတ်တို့၏အရေအတွက်အားဖြင့် တရက်မျှသာ ရှိတဲ့ အကြောင်း ကြားရတဲ့အခါ မာလဘာရီ နတ်သားကြီးရဲ့ စိတ်ထဲမှာ နတ်ပြည်က တရက်စာလောက်ဆိုတော့ လူတွေမှာ မကြာခင် သေ ရမှာဘဲလို့ ကြောက်လန့်ပြီးတော့ ကုသိုလ်ကောင်းမှုတွေကို မနေမနား ပြုလုပ် နေကြလိမ့်မည်လို့ ထင်သွားပါတယ်၊ ဒါကြောင့် အသက်တမ်းက လူတို့၏ နှစ်ဘရာဆိုတော့ တယ် အသက်တိုပါကလား၊ ဒီလို ဆိုလျှင် လူတွေဟာ စိတ်အေးလက်အေး ပျော်ပျော်ရွှင်ရွှင်မှ နေနိုင်ကြသေးရဲ့လားလို့ သူကမေးပါ တယ်။

အဲဒီလို မေးတော့ ပတိပူဇိကာက "ဟာ-လူတွေကတော့ သူတို့ဥစ္စာနှင့် သူတို့ သိပ်ပြီး အထင်ကြီးနေကြတာဘဲ၊ မအိုတော့ဘူး မနာတော့ဘူး မသေ တော့ဘူးလိုလို စိတ်က အထင်ကြီးပြီး မေ့မေ့လျော့လျော့နှင့် နတ်တွေလို ပျော်နေကြတာပါဘဲ"လို့ ပြောတော့ မာလဘာရီ နတ်သားမှာ သံဝေဂရတယ် တဲ့၊ လူတို့၏ အရေအတွက်နှင့် ဆိုသို့ရှိလျှင် အနှစ်ပေါင်းတရာမှာ ဒို့နတ်ပြည် မှာ တရက်၊အဲသလို ရက်ပေါင်း သုံးဆယ် တလ၊ အဲသလို ဆယ့်နှစ်လမှာတနှစ်၊ ဒီလို နှစ်ပေါင်းဟာ တထောင် ဒို့နတ်ပြည်မှာ အသက်ရှည်တယ်၊ လူတို့၏ နှစ်နှင့်ဆိုလျှင် သုံးကုဋေနှင့်ခြောက်သန်း အသက်ရှည်တယ်၊ လူ့ပြည်မှာ

ဒီ အနှစ်တရာလောက်ကလေးတောင်မှ မေ့မေ့လျော့လျော့ နေကြသေးတယ် ဆိုလို့ရှိလျှင် ဒီလူတွေဟာ ဘယ်အခါကာလကျမှ ဆင်းရဲကလွတ်ပါ့မတုံးလို့ ဒီလို သံဝေဂများ ဖြစ်သွားပါတယ်။

အဲဒါ ဒီဝတ္ထုကလေးကတော့ စပ်သဲ စပ်ဆိုင်နေလို့ သဒ္ဓါတရားလဲ ဖြစ်စရာကောင်းသို့ ဒီနေရာမှာ ထည့်သွင်းပြီးဘော့ လျှောက်ထားခြင်းဖြစ်ပါသည်၊ လိုရင်းကတော့ အဲဒီဝတ္ထုမှာလဲ ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တရားတွေနှင့် ဒီဓမ္မသင်္ဂဏီက ကုသိုလ်တရားတွေနှီးနှော့ပြီး ယူသင့်တယ်ဆိုတဲ့အကြောင်းဘဲ ဖြစ်ပါတယ်။

ယခု သုတ္တန်ထက် လွန်ကဲ ထူးခြားလို့ အဘိဓမ္မာ မည်တဲ့အကြောင်းကို ပြန်ဆက်ပြီး နိဂုံးချုပ် လျှောက်ထားပါတော့မည်၊ ပဌမက ပြောပြခဲ့တဲ့ အတိုင်း သုတ္တန်က ကုသလာဓမ္မာဆိုတဲ့ ပုဒ်ကလေးတခုကိုဘဲ အဘိဓမ္မာကျတော့ ဓမ္မသင်္ဂဏီမှာ ဝေဘန်ထားလိုက်တာဟာ ကုသိုလ်စိတ် တခုထဲမှာကိုဘဲ တရားပေါင်း ငါးဆယ့်ခြောက်(၅၆)ပါး ဖြစ်နေပါတယ်၊ အဲဒါက ဓမ္မုဒ္ဒေသ ဝါရ ရှိပါသေးတယ်၊ နောက် ပဒဘာဇနီ, ကောဋ္ဌာသ, သုညတဆိုတဲ့ သုံးဝါရဖြင့်လဲ ထပ်ပြီးဝေဘန်လိုက်ပါသေးတယ်၊ ဒီ့ပြင် ကာမကုသိုလ်စိတ် ခုနစ်ခုကိုလဲ အဲဒီ နည်းအတိုင်းဘဲ ဝေဘန်သွားပါတယ်၊ ရူပ, အရူပ, လောကုတ္တရာစိတ်တွေကျတော့ သာပြီးတော့တောင် ကျယ်ဝန်းပါသေးတယ်၊ ဒီလို သုတ္တန်က တပုဒ်လောက် ရှိဘဲ့နေရာမှာ အဘိဓမ္မာက ဝေဘန်ထားတဲ့ ဒေသနာတော်ကတော့ တမျှော်တခေါ်ကြီး ဖြစ်ပြီး အလွန့်အလွန်ဘဲ ကျယ်ဝန်းနေပါတယ်။

ဒါကြောင့် ဒီအဋ္ဌကထာမှာ ကေနဌေန အဘိဓမ္မော၊ အဘယ်အနက်ကြောင့် အဘိဓမ္မာ မည်ပါသလဲလို့ မေးပြီးတော့၊ ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန၊ သုတ္တန်တရားတော်ထက် သာလွန်သော ဒေသနာဖြစ်ခြင်း, သုတ္တန်တရားတော်ထက် နည်းအားဖြင့် ထူးခြားသော ဒေသနာဖြစ်ခြင်း ဆိုတဲ့ အနက်ကြောင့် အဘိဓမ္မာ မည်ပါတယ်လို့ အဘိဓမ္မာခေါ် ရခြင်း၏ အကြောင်းကို ရှင်းလင်း ဖွင့်ပြသွားပါတယ်ဘုရား။

နောက်ထပ် လျှောက်ထားဘွယ်များကိုတော့ နောက်ရက်များကျမှဘဲ ဆက်လက်ပြီး လျှောက်ထားပါတော့မည်ဘုရား။

## အဘိဓမ္မာ ပရိစ္ဆေဒ

မနေ့က အဘိဓမ္မပုဒ်ရဲ့ ဝစနတ္ထကိုလျှောက်ထားခဲ့ပါပြီဘုရား၊ ဒီနေ့ အဘိဓမ္မာရဲ့ ပရိစ္ဆေဒကို ပြထားတဲ့ စကားရပ်ကို လျှောက်ထားပါမည်။

အဘိဓမ္မာဆိုတာ ကျမ်းဂန် အပိုင်းအခြားဖြင့် ဆိုလျှင် ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း လို့ ခုနစ်ကျမ်းရှိပါတယ်။

အဲဒီ အဘိဓမ္မာ ခုနစ်ကျမ်း ရှိတယ်ဆိုတဲ့ စကားရပ်ဟာ အများနှသော ဆရာတွေ သဘောတူလက်ခံထားတဲ့ အဆုံးအဖြတ် ဖြစ်ပါဘယ်။

## ဝိတဏ္ဍဝါဒီ

အဲဒီလို အဘိဓမ္မာခုနစ်ကျမ်းရှိတယ်လို့ အများသော ဆရာတွေက ဆုံးဖြတ်ပြီးတော့ ထားရာမှာ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်က ဒီလိုမသတ်မှတ်ဘဲနှင့် တမျိုးတမည်ပြောထားတာ ရှိပါတယ်၊ အဋ္ဌကထာဆရာများရဲ့လက်ထက်ကတည်းက ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်ရဲ့ဝါဒ ပေါ်ပေါက်လာဘာ ရှိပါဘယ်၊ ဝိတဏ္ဍဝါဒီက ဘယ်နှယ်ပြောသလဲဆိုတော့ အဘိဓမ္မာခုနစ်ကျမ်းထဲမှာ ကထာဝတ္ထုကို ဘာပြုလို့ ထည့်သွင်းပြီးရေတွက်ရသလဲ၊ ကထာဝတ္ထုဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် (၂၁၈)ခု မြောက်တဲ့အခါ ကာလမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ဟောထားခဲ့ဘဲ့ ကျမ်းမဟုတ်လား၊ ဒီတော့အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဟောထားဘဲ့ ကျမ်းဟာ သာဝကဘာသိတ-တပည့် သာဝကဟောဘဲ့ ကျမ်းသာဖြစ်တယ်၊ ဘုရားဟောမဟုတ်ဘူး၊ ဒါကြောင့် အဲဒီ ကထာဝတ္ထုကျမ်းကို အဘိဓမ္မာ ခုနစ်ကျမ်းထဲက နှုတ်ပယ်ရမည်လို့ ဝိတဏ္ဍဝါဒီက ဆိုပါသတဲ့။

ဝိတဏ္ဍဝါဒီဆိုတာဟာ ပညာရှိတို့၏ စိတ်နှလုံးကို လှုပ်ရှားစေတတ်တဲ့ ကပ်ဖဲ့ဝါဒမျိုးကို ပြောဆိုတဲ့ ပုဂ္ဂိုလ်ကို ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်လို့ အဋ္ဌကထာဆရာများက ခေါ်ထားပါတယ်၊ ယခုကာလမှာလဲ ဒီလို ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်တွေဟာ ရှိဘာဘာဘဲ၊ မြတ်စွာဘုရားဟောထားတဲ့ တရားတော်တွေရယ်လို့ အများက အသိအမှတ် ပြုထားပေမဲ့ မိမိမနှစ်သက်လို့ ရှိလျှင်ဒါက ဘုရားဟော မဟုတ်ဘူးဟိုဟာက ဘုရားဟောမဟုတ်ဘူး စသည်ဖြင့်ဒီလိုဘုရားဟောအနေနှင့် အသိ

အမှတ်ပြုထားတဲ့ စာပေတွေကို ပစ်ပစ်ခါခါ ပယ်ပြီးတော့ ပြောဟောနေတဲ့ ပုဂ္ဂိုလ်တွေဟာ အခုကာလမှာလဲ ရှိပါတယ်၊

## ၂၁၈-နှင့် ၂၃၄

အဲဒီ ဝိတဏ္ဍဝါဒီရဲ့စကားထဲမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ၂၁၈-ခုလို့ ဒီမှာပြထားပါတယ်၊ ဝိနည်း အဋ္ဌကထာမှာတော့ အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်က ကထာဝတ္ထုကျမ်းကြီးကို ဟောတယ် ဆိုတာ ဟာ ဒီခုနှစ် သက္ကရာဇ်မဟုတ်ပါဘူး၊ ဒီခုနှစ် သက္ကရာဇ်ထက်နောက်ကျပြီး ဘော့ နေပါတယ်၊ ၂၁၈-ခုနှစ်ဆိုတာကတော့ ဓမ္မာသောကမင်းကြီး နန်းတက် တဲ့ နှစ် ဖြစ်နေပါတယ်၊ နန်းတက်ပြီးတဲ့နောက် သုံးနှစ်မြောက်မှာ ဗုဒ္ဓဘာသာ ဝင်ဖြစ်လာတယ်လို့ ဖော်ပြထားပါတယ်၊ အဲဒီနောက်မှာ သာသနာကိုးကွယ် လို့ သာသနာတော်မှာ အဓိကရုဏ်းတွေဖြစ်ပြီးတော့ ၂၃၄-ခုနှစ်မှာ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ကထာဝတ္ထုကျမ်းကြီးကို ဟောခဲ့တယ် လို့ ဆိုသွားပါတယ်၊ အဲဒီကနောက်မှာ သံဂါယနာတင်တာက ကိုးလနှင့် ဆို တော့ ၂၃၅-ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့မှာ သံဂါယနာတင်ပြီးလို့ သာသနာပြုစေလွှတ်ခဲ့တဲ့အကြောင်းကို ဝိနည်း အဋ္ဌကထာ စီစစ်ခဏ်းတုန်း က ရှင်းလင်းလျှောက်ထားပြီးခဲ့ပါပြီ။

အဲဒီတော့ ဝိနည်း အဋ္ဌကထာ အလိုအားဖြင့် ဆိုလျှင် သာသနာ ခုနှစ် ၂၃၄-ခုနှစ်မှာ ကထာဝတ္ထုကျမ်းကို ဟောတာ ဖြစ်ရပါမည်၊ သို့သော်လဲ ဒီမှာတော့ အဘိဓမ္မာဆောင် ဆရာတို့၏ အလိုအားဖြင့် ပြတာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်၊ ဒါမှမဟုတ်လျှင်လည်း အဲဒီ ၂၁၈-ခုနှစ်မှ နောက်ကာလ မှာ ဖြစ်သော်လဲ ဓမ္မာသောကမင်း နန်းတက်တဲ့ ၂၁၈-ခုနှစ်က ထင်ရှားတာနှင့် အဲဒါကိုဘဲ ဖော်ပြတာယင်လဲ ဖြစ်ပါလိမ့်မည်။

အဲဒီမှာ "ကထာဝတ္ထုကျမ်းဟာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် က ဟောတဲ့ သာဝကဘာသိတသာ ဖြစ်တယ်၊ ဘုရားဟော မဟုတ်ဘူး၊ ပယ်ရ မည်"လို့ ဆိုတဲ့ ဝိတဏ္ဍဝါဒီဝါဒကို အဋ္ဌကထာဆရာက ရှင်းလင်းပြီး ပြထား ပါတယ်၊ ရှင်းလင်းပြပုံကတော့—

"ဒီလိုဆိုလျှင် အဘိဓမ္မာဟာ ခုနစ်ကျမ်း မဟုတ်ဘဲနှင့် ခြောက်ကျမ်းဘဲ ယူရတော့မလား"လို့ မေးစစ်တော့ ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်က "ခြောက်ကျမ်းလဲ

မဟုတ်ဘူး၊ ခုနစ်ကျမ်းဘဲ”လို့ ဆိုပါသတဲ့။ “ခုနစ်ကျမ်းဆိုလျှင် ဘာကို ထည့်ယူရမလဲ”လို့ မေးစစ်တော့ “မဟာဓမ္မဟဒယကျမ်းကို ထည့်ပြီးရေတွက်ရမည်”လို့ သူကဆိုပါသတဲ့၊ မဟာဓမ္မဟဒယကျမ်း ဆိုတာ ဝိဘင်းကျမ်းမှာပါတဲ့ ဓမ္မဟဒယဝိဘင်းက တရားများထက် ပိုလွန်ပြီးတော့ များများမရှိပါဘူးတဲ့၊ ပဋ္ဌာလေးငါးခုလောက်ဘဲ ပိုပါတယ်ဘဲ့၊ ဒါကြောင့် ဒီကျမ်းကို မထည့်သင့်ဘူးလို့ သမာနဝါဒီက ပယ်လိုက်ပါတယ်။

ဒီတော့ ဝိတဏ္ဍဝါဒီက “မဟာဓာတုကထာဆိုတဲ့ ကျမ်းကို ထည့်ရမည်”လို့ ဆိုပြန်ပါသတဲ့၊ မဟာဓာတုကထာ ဆိုတာကလဲ ယခုအဘိဓမ္မာခုနစ်ကျမ်းထဲက ဓာတုကထာကျမ်းထက် အပိုအလွန်ရယ်လို့ ပြောပလောက်အောင် မရှိပါဘူးတဲ့၊ ဒါကြောင့် အဲဒါကိုလဲ သမာနဝါဒီကပင် ပယ်လိုက်ပြန်ပါတယ်၊ ပယ်ပြီးတော့ ကထာဝတ္ထုနှင့်ဘဲ ခုနစ်ကျမ်းရေတွက်ရမည်လို့ အတည်ပြုပါတယ်။

## နည်းပေးလမ်းပြ ဟောခဲ့သည်

အဲသလို ရေတွက်ခြင်း၏ အကြောင်းက ဘာဖြစ်လို့တုံးဆိုလို့ရှိလျှင် မြတ်စွာဘုရားဟာ အဘိဓမ္မာခုနစ်ကျမ်းကို ဟောတဲ့အခါကာလမှာ ရှေးဦးစွာ ဓမ္မသင်္ဂဏီကျမ်းကိုဟောပြီးတော့ ဝိဘင်းကျမ်းကိုဟော၊ပြီးတော့ ဓာတုကထာကျမ်းကိုဟော၊ ပြီးတော့ ပုဂ္ဂလပညတ်ကိုဟော၊ အဲဒီကျမ်းတွေဟောပြီးတဲ့ အခါကာလမှာ ကထာဝတ္ထုကို ဟောဘို့ရာ အလှည့်ကျတော့ နောင်အခါကာလမှာ ဝိဝါဒအရှုပ်အထွေးဘွေ ပေါ်ပေါက်လာမှာကို မြတ်စွာဘုရား မြင်တော်မူပါတယ်၊ အဲဒီလို ပေါ်ပေါက်လာတဲ့ အခါကာလကျတော့မှ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်က ဝါဒတွေကို ဖြေရှင်းပြီးတော့ ဒီကထာဝတ္ထုကျမ်းကြီးကို ဟောလိမ့်မည် ဆိုတာကို မြင်တော်မူခဲ့တဲ့အတွက်ကြောင့် နောင်အခါမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဟောဘို့ရာ နည်းနိဿယရင်းကလေး နည်းပေးလမ်းပြ အနေအားဖြင့် တဘာဏဝါရတောင် မပြည့်တဲ့ မာတိကာ ဒေသနာအစဉ်ကလေးကို ဟောထားခဲ့တယ်လို့ ဒီအဋ္ဌကထာမှာ ပြပါတယ်။

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကလဲ ဒီကထာဝတ္ထုကျမ်းကြီးကို ဟောတဲ့ အခါကာလမှာ မိမိ၏ ဉာဏ်စွမ်းဖြင့် ထိုးထွင်းပြီးတော့ ဟောတာ မဟုတ်ဘဲနဲ့ မြတ်စွာဘုရား ပေးထားခဲ့ဘဲ့နည်း, မြတ်စွာဘုရား ပေးထားခဲ့တဲ့

မာတိကာ ဒေသနာအရဖြင့် ယူပြီးတော့ အဲဒါကို အကျယ်ချဲ့ပြီး ဟောထား ပါတယ်ဘဲ့၊ အဲဒီလို ဘုရားဟောကိုပင် နည်းယူပြီး ဟောထားတဲ့အတွက် ဒီကျမ်းဟာ ဗုဒ္ဓဘာသိတပါဘဲတဲ့။

## မဓုပိဏ္ဍိကသုတ် ထုံး

ဥပမာအားဖြင့် ထုတ်ပြရမည်ဆိုလျှင် မဇ္ဈိမနိကာယ် မူလပဏ္ဏာသမှာ မဓုပိဏ္ဍိကသုတ်ဆိုတာ ရှိပါတယ်၊ အဲဒီသုတ်များလိုပါဘဲတဲ့၊ ဒီ့အပြင်လဲ အဲဒီသုတ်နှင့် အလားတူ သုတ်တွေမှာလဲ ရှိပါတယ်၊ မဓုပိဏ္ဍိကသုတ်ကို မြတ်စွာ ဘုရား ဟောတဲ့ အခါကာလမှာ ယတော နိဒါနံ ဘိက္ခု ပုရိသံ ပပဉ္စသညာ သင်္ခါ သမုဒါစရန္တိ၊ ဧတ္ထ စေ နတ္ထိ အဘိနန္ဒိတဗ္ဗံ အဘိဝဒိတဗ္ဗံ အဇ္ဈောသိတဗ္ဗံ ဧသေဝန္တော ရာဂါနုသယာနံ ဧသေဝန္တော ပဋိဃာနုသယာနံ စသည်ဖြင့် ဟောထားပါတယ်။

အဲဒါ ကလေးက ယခုလို ပါဠိသက်သက် ရှောက်ပြီးရွတ်သွားရုံနှင့်တော့ နားထောင်တဲ့ ပုဂ္ဂိုလ်တွေမှာ ဘာမျှ တရားအရသာ ပေါ်မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ဒါလောက်ကလေးကိုသဲ အနက်အဓိပ္ပါယ်ပါ ဖော်ပြသွားမှ နား ထောင်တဲ့ ပုဂ္ဂိုလ်တွေမှာ အရသာတွေ ပေါ်ပြီးတော့ သွားပါမယ်၊ ဒါကြောင့် အနည်းငယ် ချဲ့ပြီးတော့ ဘုရားတပည့်တော် လျှောက်ထား ပါမည် ဘုရား။

ဘိက္ခု၊ရဟန်း။ ယတောနိဒါနံ၊ အကြင်အကြောင်းကြောင့်။ ယတောနိ ဒါနံ၊ အကြင်အကြောင်း ရှိသည်ဖြစ်၍။ ပုရိသံ၊ ပုဂ္ဂိုလ်ကို။ ပပဉ္စသညာသင်္ခါ၊ ပပဉ္စသညာအစုတို့သည်။ တဏှာမာနဒိဋ္ဌိဟုဆိုအပ်သော သညာအစုတို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုး၍ ဖြစ်ကုန်၏။ ဧတ္ထ၊ ဤ ပပဉ္စသညာအစုတို့ လွှမ်းမိုး၍ ဖြစ်ကြောင်း ဖြစ်သော တရား၌။ အဘိနန္ဒိတဗ္ဗံ၊ နှစ်သက်ဘွယ်သည်။ အဘိဝဒိ တဗ္ဗံ၊ ချီးမွမ်းဘွယ်သည်၊အဇ္ဈောသိတဗ္ဗံ၊ မျိုသိပ်၍ ထားဘွယ်သည်၊ စေနတ္ထိ၊ အကယ်၍ မရှိငြားအံ့။ ဧဝံသတိ၊ ဤသို့မရှိလတ်သော်။ဧသေဝ၊ ဤသည်ပင် လျှင်။ ရာဂါနုသယာနံ၊ ကာမရာဂါနုသယတို့၏။ အန္တော၊ အဆုံးပင်တည်း။ ပဋိဃာနုသယတို့၏ အဆုံးပင်တည်း၊ ဒိဋ္ဌာနုသယတို့၏ အဆုံးပင်တည်း။ ဝိစိ ကိစ္ဆာနုသယတို့၏ အဆုံးပင်တည်း။ မာနာနုသယတို့၏ အဆုံးပင်တည်း။ ဘဝရာဂါနုသယတို့၏ အဆုံးပင်တည်း။ အဝိဇ္ဇာနုသယတို့၏ အဆုံးပင်တည်း။

ဓေတ္တေတေ ပါပကာ အကုသလာ ဓမ္မာ အပရိသေသာ နိရုဇ္ဈန္တိ။

ဧတ္ထ၊ ဤနှစ်သက်ဘွယ်စသည်မရှိသော တရားစု၌။ အပရိသေသာ၊ အကြွင်းမဲ့ဖြစ်ကုန်သော။ ပါပကာ အကုသလာ ဓမ္မာ၊ ယုတ်ညံ့သော အကုသိုလ်တရား ဟူသမျှတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကြလေကုန်၏။

**အရှင်မဟာကစ္စည်း**

ဟောဒီ ဒေသနာ အတိုကလေးကို မြတ်စွာဘုရားက မာတိကာခေါင်းစဉ်ထားခဲ့ပါတယ်၊ ဒီမာတိကာခေါင်းစဉ်ကလေးကို ဟောပြီးတော့ မြတ်စွာဘုရားသည် တရားပလ္လင်ကထပြီး မိမိ၏ဂန္ဓကုဋိကျောင်းတော်သို့ ကြွသွားပါတယ်၊ ဒီလိုကြွသွားတာဟာ အကြောင်းမဲ့လဲမဟုတ်ပါဘူး၊ မြတ်စွာဘုရားဆက်ပြီး ဟောမည်ဆိုလို့ရှိလျှင်လဲ ခဏကလေးနှင့် ပြီးသွားမှာပါဘဲ၊ ဒါကြောင့် တရားဟောရတာ သက်သာအောင်လို့ ထသွားခြင်းလဲ မဟုတ်ပါဘူး၊ ဒါဖြင့် ဘာဖြစ်လို့ ထသွားသလဲဆိုလျှင် အဲဒီအခါကာလမှာ ဒီဒေသနာတော်ကို အကျယ်ဝေဘန်နိုင်တဲ့ အရှင်မဟာကစ္စည်းမထေရ်က အသင့်ရှိနေပါတယ်။

တရားနာပုဂ္ဂိုလ်တွေကလဲ မြတ်စွာဘုရား ဆက်ပြီးတော့ဟောသွားလို့ရှိလျှင် ဒီလောက်စူးစူးစိုက်စိုက်နားဝင်ချင်မှလဲ ဝင်မည်၊ သဘောပေါက်ချင်မှ ပေါက်မည်၊ အခုလိုတရားတဝက်တပျက်နှင့် ထပြီးတော့ သွားတော့ သူတို့မှာ စဉ်းစားစရာအကွက်ပေါ်လာပါတယ်၊ ဒါက ဘာကိုရည်ပြီး ဟောတာပါလိမ့်မတုံး၊ ဘယ်လို အနက်အဓိပ္ပါယ်တွေကို ဟောတာပါလိမ့်မတုံး စသည်ဖြင့် အဲဒီပုဂ္ဂိုလ်တွေမှာ စဉ်းစားစရာ တွေ အများကြီးပေါ်လာပါတယ်၊ စဉ်းစားလို့မသိတဲ့အခါ ကာလကျတော့ သိတဲ့ပုဂ္ဂိုလ်တွေကို မေးရပါတယ်၊ မေးတဲ့အခါကျတော့ သေသေချာချာဂရုစိုက်ပြီးတော့ နားထောင်တဲ့အတွက် အဲဒီတရားရဲ့အနက်သဘောတွေကို ကောင်းကောင်းကြီး နားလည်နိုင်ပါတယ်၊ အဲသလိုအကျိုးတွေမြင်တာနှင့် မြတ်စွာဘုရားက တရားကိုဆက်ပြီးတော့ အကျယ် မဟော သေးဘဲနှင့် အကျဉ်းခေါင်းစဉ် မာတိကာကလေးထားပြီးတော့ ဂန္ဓကုဋိကျောင်းတော်သို့ ငင်ပြီးတော့သွားပါတယ်တဲ့။

အဲဒီအခါမှာ တရားနာတဲ့ ပုဂ္ဂိုလ်တွေက အချင်းချင်းနှီးနှောဆွေးနွေးကြတာကိုး၊ မြတ်စွာဘုရားက တရားအတိုကလေး ခေါင်းစဉ်ကလေးကို ဟော

သွားတယ်၊ သူ့တရားက စ- စချင်း အကြွင်အကြောင်းကြောင့်တဲ့၊ အဲဒီ အကြွင်အကြောင်းက ဘာအကြောင်းတုံး၊ အကြွင်အကြောင်းကြောင့် ပုဂ္ဂိုလ် တဦးတယောက်ကို ပပဉ္စသညာတရားတွေက လွှမ်းမိုးပြီး ဖြစ်နေတယ် လို့ ဆိုတယ်၊ အဲဒီအကြွင်အကြောင်းဟာ ဘာတရားတုံး၊ ပုဂ္ဂိုလ်ကို လွှမ်းမိုး ဖြစ်နေတဲ့ ပပဉ္စသညာတရားတွေဆိုတာက ဘယ်လို တရာတွေတုံး၊ ·ဘယ်နှယ် လုပ်ပြီး လွှမ်းမိုးဖြစ်နေတာတုံး။ အကြွင်အကြောင်းဆိုတဲ့ အကြောင်းတရား အပေါ်မှာ နှစ်သက်ဘွယ်လည်း မရှိရဘူး၊ ချီးမွမ်းဘွယ်လည်း မရှိရဘူး။ မျို သိပ်၍ထားဘွယ်လည်း မရှိရဘူး ဆိုတာက ဘာပြောတာတုံး၊ အဲဒီလို မျို သိပ်ဘွယ်နှစ်သက်ဘွယ်ချီးမွမ်းဘွယ် မရှိလျှင် အဲဒါဟာ ကာမရာဂအနုသယ အစရှိသော အနုသယခုနစ်ပါးဘွေ့ အကုန်လုံးကုန်တယ်၊ အကုသိုလ်ဟူသမျှ တွေအကုန်လုံး ချုပ်တယ်လို့ မြတ်စွာဘုရားက ဟောပြီးတော့ ထားတယ်၊ အဲဒါကလည်း ဘယ်လိုလုပ်ပြီး ချုပ်တာတုံး၊ အဲဒီလိုစဉ်းစားစရာတွေကို အချင်းချင်း ဆွေးနွေးကြတယ်၊ ဆွေးနွေးတော့ ဒါကိုအကျယ်ချဲ့ပြီးတော့ နားလယ်ဘို့ရာ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်တော့ ဒီဒေသနာကို ဘယ်သူက အကျယ်ချဲ့ပြီးဟောပါမတုံးလို့ စဉ်းစားဘဲ့အခါမှာ အရှင်မဟာကစ္စည်းမထေရ် ကို သတိရကြတယ်၊ အရှင်မဟာကစ္စည်းမထေရ်ကို မြတ်စွာဘုရားက ချီး ကျူးထားတယ်၊ ပညာကြီးတယ်လို့ ချီးကျူးထားတယ်၊ အကျဉ်းကို အ ကျယ်ချဲ့နိုင်တယ်လို့ ချီးကျူးထားဘယ်၊ ဒီတော့ ငါတို့ကို မြတ်စွာဘုရား ဟောတဲ့ အကျဉ်းဒေသနာတော်ကို ရှင်မဟာကစ္စည်းမထေရ်ထံသွားပြီးတော့ မေးလျှောက်ကြစို့ရဲ့၊ အဲဒီလို တိုင်ပင်ပြောဆိုပြီးသကာလ အရှင်မဟာ ကစ္စည်းမထေရ်ထံ ချဉ်းကပ်ပြီး မေးမြန်းလျှောက်ထားကြပါတယ်။

မေးမြန်းလျှောက်ထားတဲ့အခါကျတော့ ရှင်မဟာကစ္စည်းမထေရ်ကလဲ တရားတော်ကို လေးစားသထက် လေးစားအောင် ဟောပြောပြန်ပါတယ်၊ ဖြန်းကနဲ မဖြေသေးပါဘူး၊ "ငါ့ရှင်တို့....ငါ့ရှင်တို့တော့ လမ်းလွဲလာပြီ၊ ဥပမာ ပြောရမည် ဆိုလို့ရှိလျှင် သစ်သားနှစ် လိုချင်တဲ့ ယောကျ်ားဟာ တောထဲသွားပြီးတော့ အနှစ်ရှာမယ်ဆိုပါတော့၊ အဲဒီယောကျ်ားဟာ အနှစ် ရှိတဲ့ သစ်ပင်ကြီးကို တွေ့ပေမယ်လို့ အဲဒီသစ်ပင်ကြီးမှာ အမြစ်ကို မယူဘဲနှင့် ပင်လုံးအသားကို လဲ မယူဘဲနှင့် အဖျားက အကိုင်းအခက် အရွက်ကလေးတွေ ကို ခုတ်ဖြတ်ပြီး ယူလာတယ် ဆိုလို့ရှိလျှင် အဲဒီ ပုဂ္ဂိုလ်ဟာ မိမိရဲ့ ပဌမလိုလား

ချက်နှင့် ကိုက်ပါ့မလားဘဲ၊ အနှစ်ရှိတဲ့ သစ်ပင်ကြီးကိုလည်း တွေ့နေပါလျက်နှင့် အနှစ်ရှိဘဲ့ အမြစ်ကိုလဲ မယူဘူး၊ ပင်လုံးအသားကိုလဲ မယူဘူး၊ အကိုင်းဖျားကလေးတွေနှင့် အရွက်တွေ ခူးယူလာတယ် ဆိုလို့ရှိလျှင် ဘာအကျိုးရှိမလဲ၊ အဲဒါလိုဘဲ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သိသင့်သိထိုက်တဲ့ တရားတွေကို အကြွင်းအကျန်မရှိ အကုန်သိတော်မူသော မြင်သင့် မြင်ထိုက်တဲ့ တရားတွေကို အကုန်မြင်တော်မူတဲ့ မြတ်စွာဘုရား ထင်ရှားရှိနေတာဘဲ၊ အဲဒီ မြတ်စွာဘုရားဟာ တလောကလုံးရဲ့ မျက်စိကြီးသဖွယ်လဲ ဖြစ်နေတာဘဲ၊ တလောကလုံးက မသိတာတွေကို မြတ်စွာဘုရားက ထုတ်ဖော်ပြီး ဟောသို့ အားလုံးသိကြရတာဘဲ၊ တလောကလုံး၏ အကူအညီ ဉာဏ်တုံးကြီးသဖွယ်လဲ ဖြစ်နေပါတယ်၊ တလောကလုံး၏ တရားတုံးကြီးသဖွယ်လဲ ဖြစ်နေပါတယ်၊ ဓမ္မကြီးသဖွယ်လဲ ဖြစ်နေပါတယ်၊ အကျဉ်းလဲ ဟောတတ်ဘယ်၊ အကျယ်လဲ ဟောဘတ်တယ်၊ အနက်တွေကို ဆုံးဖြတ်ပြီးတော့လဲ ဟောတတ်တယ်၊ သေခြင်းကင်းတဲ့ အမြိုက်နိဗ္ဗာန်ကိုလဲ ပေးတတ်တယ်၊ တရား၏ အရှင်ဖြစ်ဘဲ့ ဓမ္မသာမိပုဂ္ဂိုလ်ကြီးဘဲ၊ အဲသလို မြတ်စွာဘုရား ထင်ရှားရှိနေပါလျက်နှင့် အဲဒီ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ကျော်လွန်ပြီးတော့ ငါ့ဆီလာတာကဘော့ လမ်းလွဲလာပြီ၊ တကယ်ဆိုလျှင် အဲဒီ မြတ်စွာဘုရား မေးပါမှပေါ့၊ မြတ်စွာဘုရားကို ကျော်လွန်ပြီး လာတာဟာ ခုနက ပြောခဲ့ဘဲ့ အနှစ်ရှိတဲ့ သစ်ပင်ကြီးမှ အနှစ်မယူဘဲနှင့် အခက် အရွက်ကလေးဘွေကို သိမ်းယူလာသလိုဘဲ၊ အဲဒီသူနှင့် တူနေပါတယ်လို့ ညည်းညူပြီးတော့ ငြင်းပယ်ပါတယ်။

ငြင်းပေမယ့်လို့ အကြိမ်ကြိမ်အဖန်ဖန် တောင်းပန်ဘဲ့ အခါကာလကျတော့ အရှင်မဟာကစ္စည်းမထေရ်က အဲဒီ မြတ်စွာဘုရား ဟောတော်မူတဲ့ တရားတော်ရဲ့ အကျဉ်းဒေသနာကို အကျယ်ဝေဘန်ပြီး ဟောထားပါတယ်၊ အဲဒါကလေးကလဲ မှတ်သားစရာ ကောင်းပါတယ်။

ယဘော နိဒါနံ ဘိက္ခု ပုရိသံ ပပဉ္စသညာသင်္ခါ သမုဒါစရန္တိ၊ ဧတ္ထစေ နတ္ထိ အဘိနန္ဒိတဗ္ဗံ အဘိဝဒိတဗ္ဗံ အဇ္ဈောသိဘဗ္ဗံ၊ ဧသေဝန္တော ရာဂါနုသယာနံ၊ ဧသေဝန္တော ပဋိဃာနုသယာနံ ဧသေဝန္တော ဒိဋ္ဌာနုသယာနံ၊ ဧသေဝန္တော ဝိစိကိစ္ဆာနုသယာနံ စသည်ဖြင့် မြတ်စွာဘုရားဟောထားတဲ့

အကျဉ်းမာတိကာကလေးကို တည်ပြီးတော့ အဲဒါကို အကျယ်ချဲ့ပြီးတော့ ဟောပါတယ်။ အကျယ်ချဲ့ ဟောပုံကတော့—

## အကျယ်ချဲ့ ဟောခြင်း

စက္ခုံ စာဝုသော ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ယံ ဝေဒေတိ၊ တံ သဉ္ဇာနာတိ။ ယံ သဉ္ဇာနာတိ၊ တံ ဝိတက္ကေတိ၊ ယံ ဝိတက္ကေတိ၊ တံ ပပဉ္စေ တိ၊ ယံ ပပဉ္စေတိ၊ တတော နိဒါနံ ပုရိသံ ပပဉ္စသညာသင်္ခါ သမုဒါစရန္တိ အတီတာနာဂတပစ္စုပ္ပန္နေသု စက္ခုဝိညေယျေသု ရူပေသု စသည်ဖြင့် အကျယ်ဝေဘန်ပါတယ်။

ဆိုလိုရင်းကတော့ ငါ့ရှင်တို့....မျက်စိကလဲ ရှိလို့ (စက္ခုံ စ ပဋိစ္စ)၊အဆင်း ရုပ်ကလဲ ရှိသို့ (ရူပေစ ပဋိစ္စ)။ မျက်စိနှင့် အဆင်းရုပ်ကို မှီပြီးတော့ စက္ခုဝိညာဉ်ဆိုတာကလေးဟာ ဖြစ်ရတယ်။ ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ မျက်စိ ကြည်လင်မှု ဆိုတဲ့ စက္ခုပသာဒရုပ်ကလေးကလဲ အသင့်ရှိနေလို့၊ အပြင်က ပေါ်လာတဲ့ ရူပါရုံ အဆင်းဓာတ်ကလဲ ရှိနေလို့၊ အဲဒီမျက်စိနှင့် အဆင်းနှစ်ခုကို မှီပြီးတော့ စက္ခုဝိညာဉ်ဆိုတဲ့ မြင်မှုကလေး ဖြစ်လာတယ်။

ထို့အတူ နားနှင့်အသံကို မှီပြီးတော့ ကြားမှုကလေးဖြစ်လာတယ်၊ နှာခေါင်းနှင့် အနံ့ကို မှီပြီးတော့ နံမှု ဖြစ်လာတယ်၊ လျှာနှင့် အရသာကို မှီပြီး တော့ အရသာ သိမှုဖြစ်လာတယ်၊ ကိုယ်နှင့် အတွေ့အထိ မှီပြီးတော့ တွေ့ထိမှု သိမှုဖြစ်လာတယ်၊ နှလုံးနှင့် သဘောအာရုံကို မှီပြီး စိတ်ကူးမှု ကြံစည်မှု သိမှု တွေ ဖြစ်လာတယ်၊ အဲဒီလိုအသိဝိညာဉ် ကလေး တွေ ဖြစ်နေတယ်တဲ့။

အဲဒီလို ဖြစ်တဲ့အခါကာလမှာ မျက်စိအစရှိသော အတွင်း အာယတန ခြောက်ပါးရယ်, ရူပါရုံအစရှိတဲ့ အပြင်အာယတနခြောက်ပါးရယ်, မြင်မှုစက္ခု ဝိညာဉ်အစရှိတဲ့ ဝိညာဉ်ခြောက်ပါးရယ် အဲဒီ သုံးစု သုံးစု တစုံတစုံ ပေါင်းစု နေခြင်းကြောင့် (တိဏ္ဏံ သင်္ဂတိ ဖဿော)အာရုံနှင့် စိတ်တွေ့သွားပါတယ်တဲ့၊ အာရုံကလေးက ပေါ်ပေါ် လွင်လွင်ဘဲ စိတ်ထဲမှာတွေ့သွားပါတယ်တဲ့၊ အဲဒီလို ထင်ထင်ရှားရှားတွေ့သွားတော့ (ဖဿပစ္စယာ ဝေဒနာ)ခံစားမှုကလေး ဖြစ် လာပါတယ်၊ မျက်စိက မြင်တယ်ဆိုလျှင် မြင်ရတဲ့အာရုံထင်ရှားသလောက် ဖဿကလေး ထင်ရှားလာသလောက် ဝေဒနာဆိုတဲ့ ခံစားမှုကလေးတွေဟာ

ထင်ထင်ရှားရှားဖြစ်တယ်၊ မြင်ရသို့ ကောင်းတဲ့ အာရုံတွေတွေ့လျှင် ကောင်းတဲ့ ခံစားမှုကလေးဖြစ်လာတယ်၊ မကောင်းတဲ့အာရုံတွေ့လျှင် မကောင်းတဲ့ ခံစားမှုကလေးတွေ့လာကယ်၊ ဒီလိုဖြစ်ရာမှာ ဖဿဆိုတဲ့အာရုံတွေ့ထိမှု အာရုံထင်မှုက ထင်းရှားသလောက် ဝေဒနာဟာလဲ ထင်ထင်ရှားရှား ဖြစ်လာပါတယ်၊ လွန်လွန်ကဲကဲဖြစ်လာ ပါတယ်။

ဥပမာအားဖြင့် ဆိုလို့ရှိလျှင် ဆူးကိုနင်းမိတဲ့ ပုဂ္ဂိုလ်ဟာ နည်းနည်းအသာကလေး နင်းမိလို့ရှိလျှင် နည်းနည်းဘဲနာပါတယ်၊ များများကြီးနင်းမိလို့ရှိလျှင် များများကြီးနာပါတယ်၊ မီးခဲထိတဲ့ ပုဂ္ဂိုလ်လဲ အတူတူပါဘဲ၊ နည်းနည်းကလေး ထိလို့ရှိလျှင် နည်းနည်းကလေးဘဲ ပူသွားပါတယ်၊ များများထိလျှင် များများကြီးပူပါတယ်၊ အဲဒါလိုဘဲ မျက်စိကမြင်တဲ့အခါ နားကကြားတဲ့အခါ စသည်တွေမှာလဲ အာရုံနှင့်စိတ် တွေ့သွားတဲ့ ဖဿက ထင်ရှားသလောက် ဝေဒနာဟာ ထင်ထင်ရှားရှား ဖြစ်လာပါတယ်။

အခုလူတွေမှာ လှလှပပ တင့်တင့်တယ်တယ် အာရုံတွေကို ကြည့်ရှုရတဲ့ အခါကာလရှိပါဘယ်၊ အဲသလို ကြည့်ရှုတဲ့ အခါကာလတွေမှာ အဲဒီ ဖဿက အာရုံနှင့် စိတ်ကောင်းကောင်း မတွေ့ရဘူးဆိုလျှင် ကြည့်ရတာသိပ်မကောင်းပါဘူး၊ ဒါကြောင့် လှလှပပ တင့်တင့်တယ်ဘယ် အခမ်းအနားတွေကြည့်နေကြတယ် ဆိုလျှင်အဝေးကကြည့်ရတာ လူတွေကအားမရကြပါဘူး၊ အနီးအနားသွားပြီး ကပ်ကြည့်ရမှ ပီပီသသ ထင်ထင်လင်းလင်းကြီး မြင်လိုက်ရမှ သဘောကျကြပါတယ်၊ အဲဒါဟာ ဖဿကြောင့် ဝေဒနာဖြစ်ပုံ ထင်ရှားနေတာပါဘဲ။

အဲဒီတော့ ဖဿဖြစ်လို့ရှိလျှင် ဝေဒနာဆိုတဲ့ အကောင်းအဆိုး ခံစားမှုကလေးတွေ ဖြစ်လာတယ်၊ ဝေဒနာဖြစ်လို့ရှိလျှင် (ယံ ဝေဒေတိ၊ တံ သဉ္ဇာနာတိ) ခံစားမိတဲ့ အာရုံကလေးကို မှတ်သားတဲ့ သညာကလေး ဖြစ်လာပါတယ်၊ အဲဒီမှတ်သားမိတဲ့ အာရုံကလေးကို ကောင်းလျှင် ကောင်းတယ်၊ ဆိုးလျှင် ဆိုးတယ် မှတ်သားပြီး သကာလ (ယံ သဉ္ဇာနာတိ၊ တံ ဝိဇာနာတိ) ကြံစည်ပါဘယ်တဲ့၊ ဒါကလေးက ဘယ်လိုဟာ ဘယ်လိုဟာဘဲ ဆိုတာကို ကြံစည်ပါတယ်၊ ပဌမမြင်ခါစမှာတော့ ဘာရယ် ညာရယ်လို့ မထင်ရှားသေးဘူး၊ မြင်ရတဲ့အဆင်း လောက်ဘဲ ထင်ရှားသေးတယ်၊ နောက်ဝိတက်က ကြံစည်တဲ့ အခါကာလကျတော့ ဒါက ယောကျ်ားဘဲ မိန်းမဘဲ လှပတယ် တင့်တယ်

တယ် ဘာဖြစ်တယ် ညာဖြစ်တယ် စသည်ဖြင့် ဒီလိုဟာတွေ ထင်ပေါ်လာပါတယ်၊ အဲဒီလို ကြံစည်လို့ ထင်ပေါ်လာဘဲ့အခါကာလကျတော့ အဲဒီအဆင်းက နှစ်သက်စရာ ကောင်းတယ်ဆိုလျှင် ယံ ဝိတက္ကေတိ၊ တံ ပပဉ္စေတိ ဆိုတဲ့အတိုင်း တဏှာက အကျယ်ချဲ့ပြီးတော့ လာပါတယ်၊ မာနနှင့်လဲ အကျယ်ချဲ့ပြီးတော့ လာတာရှိပါတယ်၊ ဒိဋ္ဌိနှင့်လဲ အကျယ်ချဲ့လာတာ ရှိပါတယ်၊ ဒီလိုအကျယ်ချဲ့တဲ့နေရာမှာ ဝတ္ထုသာဓကနှင့် ထုတ်ပြီးတော့ ပြောရလျှင် အင်မတန်ထင်ရှားပါတယ်၊ သို့သော်လဲ ဒီမှာတော့ အချိန်တို့ဟို့မို့ နည်းနည်းကလေးပြောပါမည်။

## မန္ဓာတ်စကြဝတေးမင်းကြီး

ရှေးတုန်းက မန္ဓာတ် စကြဝတေးမင်းကြီး ဆိုသူမှာ ဒီလို တဏှာပပဉ္စတရားနှင့် အကျယ်ချဲ့သွားတာဟာ သိပ်ထင်ရှားပါတယ်၊ အဲဒီ မင်းကြီးဟာလူ့ပြည်က စကြဝတေးမင်းကာမဂုဏ်စည်းစိမ်တွေနှင့် အားမရနိုင်လို့ စတုမဟာရာဇ်နတ်ပြည်ကို တက်သွားပါတယ်၊ အဲဒီမှာလဲ အားမရပြန်လို့ တာဝတိံသာကို တက်သွားပြန်ပါတယ်၊ တာဝတိံသာရောက်တော့ သိကြားမင်းက သူ၏အခြေအရံ စည်းစိမ်ကို တဝက်ခွဲပြီးတော့ မန္ဓာတ် မင်းကြီးအား ပေးထားပါတယ်၊ အဲဒီမှာ သိကြားမင်း သုံးကျိပ်ခြောက်ယောက် လဲသည်တိုင်အောင် နတ်စည်းစိမ် အာရုံ ကာမဂုဏ်တွေနှင့် ခံစားနေပါတယ်၊ အဲဒီတော့လဲ သူက သိကြားစည်းစိမ် တဝက်လောက်နှင့် အားမရနိုင်ဘဲ ဖြစ်လာပြန်ပါတယ်၊ သိကြားမင်း စည်းစိမ်တွေကို အကုန်လုံး သိမ်းပိုက်ချင်သည်အထိ သူ့တဏှာက ချဲ့လာပြန်ပါတယ်၊ အဲဒါကို သိကြားမင်းက သိတာနဲ့ သူ့မှာလဲ စုတေချိန်ကျနေလို့ သူကို လူ့ပြည် ပြန်ပို့လိုက်ပါတယ်၊ လူ့ပြည်ရောက်တော့ သူ့မှာဘောလုသေခါနီး ဖြစ်နေပါပြီ၊ဒါကြောင့် မကြာခင်ဘဲ စုတိပြတ်ကြွေ သေဆုံးသွားပါတယ် တဲ့၊ အဲဒီလို မီးခိုးမဆုံး မိုးမဆုံး အကျယ်ချဲ့တာလို့ တဏှာကိုပပဉ္စတရားလို့ ခေါ်ပါတယ်။

ထို့အတူ မာနနှင့် မိမိကိုယ်ကို အထင်ကြီးပြီး အကျယ်ချဲ့တာတွေလဲ ရှိပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ငါကောင်ဘဲ စသည်ဖြင့် ထင်မြင်စွဲလမ်းတဲ့ ဒိဋ္ဌိနှင့် ငါ့အမြင် ငါ့အယူ မှန်တယ်၊ ငါလုပ်တဲ့အတိုင်း ဖြစ်ရမည်လို့ စွဲလမ်းပြီးတော့အကျယ်ချဲ့တာတွေလဲ ရှိပါတယ်၊ ဒါကြောင့် ဒီမာနနှင့် ဒိဋ္ဌိကိုလဲ ပပဉ္စတရားလို့ခေါ်ပါတယ်။

ဒီတဏှာ, မာန, ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စတရားတွေက ဒွါရခြောက်ပါးမှာ မြင်မှု ကြားမှု စသော ဝိညာဉ်မှ စပြီး ဝိတက် ကြံစည်မှု တိုင်အောင် ဖြစ်သွားလျှင် အဲဒီ ပုဂ္ဂိုလ်ကို သူ့ဘိုက လွှမ်းမိုးပြီး ဖြစ်ပေါ်လာကြတော့တာဘဲ၊ လိုချင် နှစ်သက်မှု တဏှာက လွှမ်းမိုးပြီး ဖြစ်တဲ့အခါမှာ ပုဂ္ဂိုလ်က အဲဒီ တဏှာစေခိုင်း ရာကို လိုက်ပြီး ကြံစည်ရ ပြောဆိုရ လုပ်ကိုင်ရတယ်၊ မာနက လွှမ်းမိုးပြီး ဖြစ်တဲ့အခါမှာ အဲဒီမာနက စေခိုင်း တိုက်တွန်းတိုင်း ကြံစည်ရ ပြောဆိုရ လုပ်ကိုင်ရတယ်၊ ဒိဋ္ဌိက လွှမ်းမိုးပြီး ဖြစ်တဲ့အခါမှာ အဲဒီ ဒိဋ္ဌိက စေခိုင်းတိုက် တွန်းရာကို လိုက်ပြီး လုပ်ရတယ်၊ မိမိယုံကြည်စွဲလမ်းထားတဲ့ အယူဝါဒတွေကို ပြန့်ပွါးအောင် ကြီးပွါးတိုးတက်အောင် ကြံစည်ရ ပြောဟောရ အားထုတ်ရ တယ်၊ အဲဒါဟာ တဏှာ မာန ဒိဋ္ဌိတရားတွေက လွှမ်းမိုးပြီး ဖြစ်ပုံပါဘဲ။

အဲဒီလို လွှမ်းမိုးပြီး ဖြစ်ရာဌာနဖြစ်တဲ့ အာရုံတွေထဲက အကယ်၍ စက္ခုဆိုဘဲ့ မျက်စိကလဲ မရှိဘူး၊ ရူပ ဆိုတဲ့ အဆင်းကလဲ မရှိဘူးဆိုလျှင်တော့ မြင်မှု စက္ခုဝိညာဉ်ဟာ မဖြစ်နိုင်ပါဘူး၊ မြင်မှု စက္ခုဝိညာဉ်မရှိဘူးဆိုလျှင် အာရုံနှင့်တွေ့သဲ့ ဖဿဟာလဲ မဖြစ်နိုင်ပါဘူး၊ ဖဿ မရှိလျှင် ခံစားမှုဝေဒနာ လဲမရှိနိုင်ပါဘူး၊ ခံစားမှု ဝေဒနာမရှိလျှင် မှတ်သားမှု သညာလဲ မဖြစ်နိုင်ပါ ဘူး၊ မှတ်သားမှု သညာမရှိလျှင် ကြံစည်မှု ဝိတက်ကလဲ မဖြစ်တော့ပါဘူး၊ ကြံစည်မှုဝိတက်မရှိလျှင် ပပဉ္စတရားတွေ ငြိမ်းပါတယ်၊ ဒါကြောင့် အဲဒီ ပပဉ္စ တရားတွေ ငြိမ်းအောင်လို့ အားထုတ်ရမည် ဆိုတာကို ဒီသုတ်က ပြောလိုရင်း ဖြစ်ပါတယ်။

## ငြိမ်းတယ်ဆိုတာ နှစ်မျိုး

ဒီနေရာမှာ ငြိမ်းတယ်ဆို တာက နှစ်မျိုးရှိပါတယ်၊ ပဌမတမျိုးက ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဉ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး ဆိုတဲ့ ဒီအခြေခံတရားတွေပါ ငြိမ်းတာကို ဆိုလိုပါတယ်၊ အဲဒါကတော့ ပရိနိဗ္ဗာန် စံပြီးတဲ့နောက်ကာလ အချိန်နှင့် သက်ဆိုင်ပါတယ်၊ ပရိနိဗ္ဗာန် မစံရသေးမီ တော့ အဲဒီ အငြိမ်းမျိုး ငြိမ်းအောင် အားထုတ်လို့ မဖြစ်နိုင်ပါဘူး။ ဒုတိယ အငြိမ်းမျိုးကတော့ ဒွါရ, အာရုံ, ဝိညာဉ်, ဖဿ ဝေဒနာဆိုတဲ့ အခြေခံတရား တွေ ဖြစ်ပေါ်လျက် ရှိနေငြားသော်လဲ မိစ္ဆာသညာ မိစ္ဆာဝိတက်တို့နှင့် တကွ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေမဖြစ်ဘဲ ငြိမ်းတာကိုဆိုလိုပါတယ်၊ ဒီအငြိမ်းကတော့ ရဟန္တာများသန္တာန်မှာ ပြည့်စုံနေပါတယ်၊ သေက္ခပုဂ္ဂိုလ်

ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်များမှာလဲ ဝိပဿနာဖြင့် ဒီအငြိမ်းမျိုးကို ရနိုင်ပါတယ်၊ ဘယ်လိုလဲဆိုလျှင်၊ ဒွါရ ၆-ပါးက မြင်တိုင်းကြားတိုင်း သိတိုင်း ထင်ရှားပေါ်လာတဲ့ ဒွါရ,အာရုံ,ဝိညာဉ်,ဖဿ,ဝေဒနာဆိုတဲ့ ဒီတရားတွေကို အနိစ္စဒုက္ခအနတ္တအနေအားဖြင့် သိမြင်အောင် ဝိပဿနာရှုရပါတယ်၊ ဒီလိုရှုလို့ အဲဒါတွေကို အနိစ္စဒုက္ခအနတ္တထင်လျှင် အဲဒီမြင်ရကြားရသိရတာတွေကို နှစ်သက်ဘွယ်အနေဖြင့် အမှတ်မှားဘဲ့ မိစ္ဆာသညာလဲ မဖြစ်နိုင်ပါဘူး၊ကြံမှားဘဲ့ မိစ္ဆာဝိတက်လဲ မဖြစ်နိုင်ပါဘူး၊ ဒီလိုမိစ္ဆာဝိတက် မဖြစ်လာလျှင် တဏှာမာနဒိဋ္ဌိဆိုဘဲ့ ပပဉ္စတရားတွေလဲ မဖြစ်ပေါ်နိုင်ပါဘူး။

ဒါကြောင့် နှစ်သက်သာယာဘွယ်လို့ မထင်နိုင်အောင် ရှုဘို့ရန် ရည်ရွယ်ပြီးတော့ ဒီသုတ်မှာ ဧတ္တေ စေ နတ္တိ အဘိနန္ဒိတဗ္ဗံ အဘိဝဒိတဗ္ဗံ အဇ္ဈောသိတဗ္ဗံလို့ ဟောထားခြင်းဖြစ်ပါတယ်၊ ဆိုလိုရင်းကတော့ မျက်စိ အစရှိသော အဘွင်းအာယတန ၆-ပါး၊ မြင်ရတဲ့အဆင်း စရှိသော အပြင်အာယတန ၆-ပါး၊ မြင်သိမှု အစရှိသော ဝိညာဏ် ၆-ပါး၊ဖဿ ၆-ပါး ဝေဒနာ ၆-ပါးဆိုတဲ့ ဒီတရားတွေဟာ ပုဂ္ဂိုလ်တိုင်း၏ သန္တာန်မှာ အစဉ်မပြတ်ထင်ရှား ဖြစ်ပေါ်နေကြပါတယ်၊ သာမန်ပကတိ ပုဂ္ဂိုလ်တွေမှာ မြင်ရ ကြားရ သိရတဲ့ ဒီဟာတွေကို နှစ်သက်ဘွယ်အနေနှင့် ထင်မှတ်ပြီး ကြံစည်စဉ်းစားနေပါတယ်၊ ဒါကြောင့် သူတို့သန္တာန်မှာ တဏှာမာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေ မပြတ်ဖြစ်ပွါးနေပါတယ်။

## ဝိပဿနာ အမြင်သန်တဲ့ပုဂ္ဂိုလ်

ဝိပဿနာရှုလို့ ဝိဿနာဉာဏ် ပိုင်ပိုင်နိုင်နိုင် ဖြစ်နေတဲ့ ပုဂ္ဂိုလ်များမှာတော့ သူများလို မြင်ပေကြားပေမယ်လို့၊ တွေ့သိနေပေမယ်လို့ အဲဒီ သိရတဲ့အာရုံကလေးတွေကို ဖြစ်ပြီးရင်း ပျောက်သွားရင်း၊ ဖြစ်ပြီးရင်းပျောက်သွားရင်းနှင့် တပိုင်းစီတပိုင်းစီ ပိုင်းခြားပြီးသိနေပါတယ်၊ ဒါကြောင့် ဖြစ်ပြီးပျောက်,ဖြစ်ပြီးပျောက်နှင့် မမြဲတာကိုလဲ ထင်ရှား သိနေပါတယ်။

အဲဒီလို မမြဲတာကို သိနေတဲ့အတွက် ဆင်းရဲတွေဘဲလို့လဲ ထင်မြင်နေပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါကောင်မဟုတ်တဲ့ အနတ္တသဘောတရားမျှဘဲလို့လဲ ထင်မြင်နေပါတယ်၊ ဒါကြောင့် အဲဒီလိုထင်မြင်နေတဲ့ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တွေမှာ နတ္ထိ အဘိနန္ဒိတဗ္ဗံ၊ နှစ်သက်ဘွယ်မရှိပါဘူးတဲ့၊ အဘိဝဒိတဗ္ဗံ၊ ချီးမွမ်းဘွယ်လဲမရှိပါဘူးတဲ့။အဇ္ဈောသိတဗ္ဗံ၊မျိုသိပ်ထားဘွယ်လဲ မရှိပါဘူးတဲ့၊အဲဒီလို

နှစ်သက်ဘွယ်ချီးမွမ်းဘွယ် မျိုသိပ်ထားဘွယ် မရှိအောင် ထင်မြင်နေလျှင် ဝိပဿနာရှုခိုက်မှာ ရာဂါနုသယ စသော ကိလေသာတွေဟာ တဒင်္ဂ ပဟာန်ဖြင့် ငြိမ်းသွားပါတယ်၊ အရဟတ္တမဂ်ဉာဏ်ကျတော့ သမုစ္ဆေဒပဟာန် ဖြင့် အကုန်လုံး အကြွင်းမဲ့ ငြိမ်းသွားပါတယ်၊ အဲဒီလို ငြိမ်းသွားတာကိုပင် ကိလေသာ အကုသိုလ်ဟူသမျှတို့၏ ချုပ်ငြိမ်းရာ အဆုံးဘဲလို့ ဆိုလိုတဲ့ အကြောင်းကို အရှင်မဟာကစ္စည်း မထေရ်က အကျယ် ဝေဘန်ပြီး ဟောကြား လိုက်ပါတယ်။

အဲဒီလို ဝေဘန် ဟောကြားလိုက်တာကို ရဟန်းတော်များက မြတ်စွာ ဘုရားထံ ပြန်ပြီး လျှောက်ကြပါတယ်၊ ဒီတော့ မြတ်စွာဘုရားက အရှင်မဟာ ကစ္စည်း မထေရ်အား သာဓု သာဓု လို့ ကောင်းချီးပေးပြီးတော့ ဒီလို အနု မောဒနာပြုပါတယ်—

ပဏ္ဍိတော ဘိက္ခဝေ မဟာကစ္စာနော၊ မဟာကစ္စည်းဟာ ပညာရှိဖြစ် ပါပေသည် ရဟန်းတို့။ မဟာပညော ဘိက္ခဝေ မဟာကစ္စာနော၊ မဟာကစ္စည်း ဟာ ပညာကြီးပါပေသည် ရဟန်းတို့။ မံ စေပိ တုမှေ ဘိက္ခဝေ ဧတမတ္ထံ ပဋိ ပုစ္ဆေယျာထ၊ ငါဘုရားကိုလဲ ဒီအနက်ကို သင်တို့မေးမည်ဆိုလျှင်။ အဟမ္ပိ တံ တမေဝ ဗျာကရေယျံ၊ ငါဘုရားလဲ အဲဒီအကျဉ်းချုပ်မာတိကာ ဒေသနာ ကလေး၏ အကျယ်ကို မဟာကစ္စည်းလိုဘဲ ဝေဘန်ပြောကြားရမှာပါဘဲလို့ မြတ်စွာဘုရားက အနုမောဒနာပြုခဲ့ပါတယ်။

ဧဝံ သတ္ထာရာ အနုမောဒိတကာလတော ပဋ္ဌာယ စ ပန သကလံ သုတ္တံ ဗုဒ္ဓဘာသိတံ နာမ ဇာတံ။ ဤနည်းဖြင့် မြတ်စွာဘုရားက အနုမောဒနာပြု သဘောတူလိုက်တဲ့ အချိန်ကစပြီးတော့ အဲဒီ မဓုပိဏ္ဍိက သုတ် တသုတ်လုံးဟာ ဗုဒ္ဓဘာသိတ ဘုရားဟော မည်တယ်ဆိုတဲ့ အကြောင်းကို ဒီ အဋ္ဌကထာမှာ မိန့်ဆိုသွားပါတယ်။

## ဋီကာ ရှင်းချက်

အဲဒီလို ဆိုတဲ့နေရာမှာ ဋီကာဆရာက ဒီလို ဖွင့်ထားပါတယ်၊ မြတ်စွာ ဘုရား အနုမောဒနာပြုတဲ့ အခါမှစ၍ ဆိုတော့ အနုမောဒနာပြုမှဘဲ ဘုရား ဟော ဖြစ်ရမှာလား၊ ဒီလိုဆိုလျှင် ဒီကထာဝတ္ထုကျမ်းကြီးကို မြတ်စွာ ဘုရားက အနုမောဒနာ မပြုခဲ့တဲ့အတွက် ဘုရားဟောစာရင်းမဝင်ဘဲ ဖြစ်နေပါ

လိမ့်မယ်လို့ စောဒနာဘွယ်ကို ပြပြီးတော့ ဒီလို ဖြေရှင်းသွားပါတယ်၊ အင္ဂုကထာ ဆရာ၏ ဆိုလိုရင်းက အဲဒါ မဟုတ်ပါဘူးတဲ့၊ မြတ်စွာဘုရားက မဇ္ဈိမပိဋကသုတ်၏ မာတိကာကို ထားစဉ်ကတည်းက ဒီဒေသနာကို အရှင်မဟာကစ္စည်း ဒီလိုဝေဘန်လိမ့်မည်ဆိုတာ သိပြီးတော့ ထားခဲ့တဲ့အတွက် အရှင်မဟာကစ္စည်း ဝေဘန်ကတည်းက အနုမောဒနာ မပြုရသေးသော်လဲ အဲဒီမဇ္ဈိမပိဋကသုတ်ဟာ ဘုရားဟော ဖြစ်နေတာပါဘဲတဲ့၊ သို့သော်လဲ အနုမောဒနာပြုခြင်း ဘုရားဟောအဖြစ် ထင်ရှားတာကို ဖော်ပြတာပါတဲ့။

ဒါကြောင့် ယခု ဒီကထာဝတ္ထုမှာလဲ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဟာ ဒီလိုဝေဘန်ပြီး ဟောလိမ့်မည်ဆိုတာ မြတ်စွာဘုရား သိမြင်ပြီးတော့ မာတိကာ ထားခဲ့တယ်၊ ထားခဲ့ဘဲ့အတိုင်းလဲ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ်က ဝေဘန်ပြီးဟောလိုက်တော့ ဒီကထာဝတ္ထုကျမ်းဟာ ဘုရားဟောမည်တယ် ဆိုတာဟာ အင္ဂုကထာဆရာ၏ ဆိုလိုရင်း ဖြစ်တဲ့ အကြောင်းကို ဋီကာဆရာက ဖြေရှင်းသွားပါတယ်။

အဲဒါကြောင့် ဒီကထာဝတ္ထုကျမ်းနှင့်တကွဘဲ အဘိဓမ္မာ ခုနစ်ကျမ်းကို မှတ်ယူရမည် ဆိုတဲ့အကြောင်းကို ဆုံးဖြတ်ချက်ချပြီးတော့ ကျမ်းဂန်အပိုင်းအခြား ပြတဲ့စကားရပ်ကို နိဂုံးသတ် ရပ်သွားပါတယ်ဘုရား။

ယနေ့ ဒီဘွင် ရပ်ပြီးတော့ နောက်ထပ် လျှောက်စရာရှိတာတွေကို နောက်ရက်တွေကျမှဘဲ ဆက်လက်ပြီး လျှောက်ထားပါတော့မည်ဘုရား။

## သမုဒ္ဒရာကြီး လေးမျိုး

ယနေ့ အဘိဓမ္မာပိဋကတ်၏ နက်နဲပုံကို သာဂရလေးပါးနှင့် ဖွင့်ပြထားတာကစပြီးတော့ စီစစ်လျှောက်ထားပါမည်ဘုရား။

ဒီအဘိဓမ္မာပိဋကတ်၏ နက်နဲပုံသိဘို့ရန် သာဂရလေးပါးကို သိနားလည်ရမည်လို့ ပြထားပါတယ်၊ သာဂရဆိုတာ သမုဒ္ဒရာပင်လယ်ပါဘဲ၊ အဲဒီ သမုဒ္ဒရာ ပင်လယ်ဟာ သံသရာတည်းဟူသော သမုဒ္ဒရာပင်လယ်၊ ရေပြင်တည်းဟူသော သမုဒ္ဒရာပင်လယ်၊ နည်းသမုဒ္ဒရာပင်လယ်၊ ဉာဏ်သမုဒ္ဒရာပင်လယ်လို့ သာဂရမည်တဲ့ ပင်လယ်လေးခု ရှိပါတယ်ဘဲ့။

## (၁) သံသရာ ပင်လယ်ကြီး

အဲဒီအထဲမှာ သံသရာပင်လယ်က ဘာဘုံးဆိုလျှင် ဘတ္တဝါတို့၏ သန္တာန်မှာ ရှိနေတဲ့ ခန္ဓာငါးပါး, အာယတန ဘဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါး ဒီ ရုပ်နာမ်ဘရားတို့ရဲ့ မပြတ် ဖြစ်နေတဲ့ အစဉ်ကို သံသရာလို့ ခေါ်ပါတယ်။

တစုံတယောက်သော ပုဂ္ဂိုလ်ဟာ တခုခုသောဘဝက အဝိဇ္ဇာတဏှာ အကြောင်းရင်းခံပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံကို ပြုခဲ့ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ သေခါနီး အခါကာလမှာ ထိုကံကို စွဲလမ်းပြီးတော့ သို့မဟုတ် ထိုကံ၏ အာရုံကို စွဲလမ်းပြီးတော့ သို့မဟုတ် ထိုကံ၏ အစွမ်းကြောင့် ထင်ပေါ်လာတဲ့ ဂတိနိမိတ်ကို စွဲလမ်းပြီးတော့ သေသွားပါတယ်။

ဒီလို ဘဝဟောင်းက သေပြီးသည်နှင့်တပြိုင်နက် အဲဒီကံ၏အစွမ်းကြောင့် စွဲလမ်းခဲ့တဲ့ အာရုံကလေးကိုဘဲ ဆက်လက်ပြီး အာရုံပြုလျက် စိတ်ကလေးထပ်ပြီးတော့ ဖြစ်ပေါ်ပါတယ်၊ အဲဒါကို ပဋိသန္ဓေစိတ်, ဘဝအသစ်ဖြစ်တယ်လို့ ခေါ်ပါတယ်၊ အဲဒီနည်းဖြင့် ဘဝဘိုင်း ဘဝတိုင်းဟာ တဘဝပြီး တဘဝ ဆက်ကာ ဆက်ကာ ဖြစ်နေပါတယ်၊ အဲသလို ခန္ဓာ,အာယတန, ဓာတ်တရားတွေ မပြတ်မစဲ ဖြစ်နေတဲ့ အစဉ်ကို သံသရာလို့ ခေါ်ပါတယ်၊ ဒါ့ကြောင့် ပုဂ္ဂိုလ်သတ္တဝါတဦးမှာ သံသရာတခု၊ ပုဂ္ဂိုလ်သတ္တဝါတဦးမှာ သံသရာတခု အသီးအသီး ရှိကြပါတယ်။

အဲဒီ သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာ အစဉ်ဟာ ဘယ်တော့က စ၍ ဖြစ်တယ်ဆိုဘာ အပိုင်းအခြား မရှိပါဘူး၊ ပုရိမာ ကောဋိ နပညာယတိ၊ သံသရာ၏ ရှေ့အစွန်းအစဟာ နှစ်ပေါင်း ဘယ်လောက်က ဖြစ်ခဲ့တယ်၊ အနှစ်ရာပေါင်း ဘယ်လောက်, ထောင်ပေါင်း ဘယ်လောက်က, သောင်းပေါင်းဘယ်လောက်က, သိန်းပေါင်းဘယ်လောက်က,သန်းပေါင်းဘယ်လောက်က, ကမ္ဘာ ရာပေါင်း ဘယ်လောက်က, ထောင်ပေါင်း ဘယ်လောက်က, သောင်းပေါင်း ဘယ်လောက်က, ကမ္ဘာသိန်းပေါင်း, ကမ္ဘာသန်းပေါင်း ဘယ်လောက်က ဖြစ်ခဲ့တယ်လို့ အဲဒီလို အပိုင်းအခြားဟာ မရှိဘဲ ဖြစ်နေပါတယ်။

အဲဒီလို ရှေ့အပိုင်းအခြားကို မသိနိုင်၊ ရှေ့အပိုင်းအခြားမထင်၊ ရှေ့အပိုင်းအခြား မရှိလောက်အောင် ရှည်လျားပြီးနေတဲ့အတွက်ကြောင့် သံသရာကြီးဟာ အလွန်တရာ ရှည်လျားတဲ့ သံသရာကြီးဘဲ၊ အပိုင်းအခြားမရှိ

အောင် ရှည်လျားပြီးနေတဲ့သံသရာကြီးဘဲ၊ ပင်လယ်ရေပြင်ကြီးများမှာအပိုင်းအခြား မရှိသလိုဘဲ ရှည်လျားပြီးနေတဲ့ သံသရာကြီးဘဲလို့ ခေါ် ဆိုရပါတယ်။

## သံသရာ-အစရှိသတဲ့

ဒီ နေရာမှာ အချို့ အချို့ ဘာသာဝင် ပုဂ္ဂိုလ်တွေက သူတို့ဘာသာတရားမှာတော့ အစရှိတယ်လို့ ပြောကြပါတယ်၊ ဘယ် က စသတုံးလို့ မေးလို့ရှိလျှင် သူတို့မှာတော့ ကမ္ဘာလောကကြီးရော သတ္တဝါတွေရော ဘုရားသခင်က ဖန်ဆင်းပြီးတော့ ထားတယ်လို့ သူတို့က ပြောကြပါတယ်၊ ဒါဖြင့်လျှင် ကောင်းပါပြီ အဲဒီ ဘုရားကြီးကတော့ ဘယ်တုန်းကစပြီး ဖြစ်ထာလဲ၊ ဒီလောက်တန်ခိုးကြီးတဲ့ ဘုရားကြီးကို ဘယ်သူကဖန်ဆင်းထားလို့ သူက ဖြစ်နေရတာလဲလို့ လိုက်ပြီးမေးစစ်လိုက် တော့ သူတို့မှာ ဖြေစရာ မရှိပြန်ပါဘူး၊ ဒီဘုရားကြီးက အစမရှိဘဲနှင့် ဖြစ်နေပြန်ပါတယ်။

အဲဒီလိုပါဘဲ သံသရာ၏ အစွန်းအစဆိုတာ တကယ်တမ်း ရှာပြီဆိုလို့ရှိလျှင်ဖြင့် သတ္တဝါမှာ ကံကြောင့် ဘဝအသစ်ဖြစ်ပြီးတော့ နေပါတယ်၊ဘဝတခုရှိတယ်ဆိုလျှင် ရှေးဘဝက ကံဘခု ရှိခဲ့ပါတယ်၊ အဲဒီ ကံ ဖြစ်ရာဘဝလဲ ရှိခဲ့ပါတယ်၊ အဲဒီဘဝရှိပြန်တော့ သူ့ထက် ရှေးကျတဲ့ ဘဝတခုလဲ ကံဖြစ်ရာ ရှိခဲ့ပြန်ပါဘယ်၊ အဲသလို ရှေ့ကို ဆက်ဆက်ပြီး လိုက်သွားလျှင်ဖြင့် ဘဝရှိလျှင် အကြောင်းကံရှိ၊ ဘဝရှိလျှင် အကြောင်းကံရှိနှင့် အစွန်းအစဟာ မထင်နိုင်ဘဲ ရှိပါတယ်၊ ဒါကြောင့်မို့—

ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာယ၊ သစ္စာလေးပါးကို မသိသော အဝိဇ္ဇာ၏။ သတ္တဝါတွေမှာ သစ္စာလေးပါးတရားကို မသိကြလို့ ရုပ်နာမ် ဆင်းရဲတရားဘွေကိုဘဲ ချမ်းသာတွေ အကောင်းတွေ ထင်ပြီးတော့ အားထုတ်ပြုလုပ်လာခဲ့ကြလို့ ကုသိုလ်ကံ အကုသိုလ်ကံတွေ ဖြစ်လာကြပါတယ်၊ အဲဒီ ကုသိုလ်ကံအကုသိုလ်ကံတွေ၏ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာကို ဆိုလိုပါတယ်၊ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ ပုရိမာကောဋိ၊ ရှေးအစွန်းအစသည်။ န ပညာယတိ၊ မသိအပ်, မထင်ဘူးလို မြတ်စွာဘုရားက ဟောထားပါတယ်။

ဒါကြောင့် အဲဒီလို ရှေးအစွန်းအစမထင်လောက်အောင် ရှည်လျားလှတဲ့ ဒီ သံသရာကြီးဟာ သံသရာပင်လယ်ကြီးပါဘဲတဲ့။

## (၂) ရေ ပင်လယ်ကြီး

ပြီးတော့ ရေပင်လယ်ဆိုတာကတော့ ထင်ရှားပါတယ်၊ ရေတွေအများကြီး စုပေါင်းပြီးတော့နေတဲ့ ပင်လယ်သမုဒ္ဒရာကို ခေါ်တယ်ဆိုတာ ထင်ရှားနေပါတယ်၊ သူကတော့ ပြည်တောင်းနှင့် ခြင်မည်ဆိုလို့ရှိလျှင် ရေပြည်ပေါင်းမည်မျှရှိဘယ်လို့ မခန့်မှန်းနိုင်အောင်အလွန်များနေပါတယ်၊ ရှေးကတော့ပြည်တောင်းနှင့်ဘဲ ပြပါတယ်၊ ယခုကာလဆိုလျှင်တော့ ဂါလံဘို တန်တို့နှင့် တွက်ပါလိမ့်မည်၊ ပင်လယ်က ရေဘယ်ဟာ တန်ပေါင်း ဘယ်လောက်ရှိတယ်ဆိုတာ သိန်းသန်းကုဋေ ဘယ်လိုမှ ရေတွက်လို့ မရနိုင်ပါဘူး၊ အဲဒါကြောင့် သူ့ကို မရေမတွက်နိုင်သော ရေအစုကြီး ဟူ၍သာ ခေါ်ဆိုရပါတယ်။

## (၃) နည်း ပင်လယ်ကြီး

ပြီးတော့ နည်းပင်လယ်ဆိုတာကတော့မြတ်စွာဘုရား၏ ပိဋကဒေသနာတော် တရားတော်ပါဘဲ။ ပိဋကတော်မှာ သုတ် ဝိနည်း အဘိဓမ္မာ ဒေသနာ သုံးပါးထဲက သုတ္တန်ကတော့ ဝေနေယျတို့ သိနိုင်ရုံ ကျင့်ရုံ ကြံရုံ နည်းလမ်းကို ညွှန်ပြတာ ဖြစ်တဲ့အတွက် အပိုင်းအခြား အကန့်အသတ်ရှိပါတယ်၊ ဝိနည်းမှာတော့ ကျင့်ရ ကြံရမည့် ဝိနည်းသိက္ခာပုဒ်တွေ အာပတ်သင့်နိုင်တဲ့ အချက်အလက်တွေကို အကုန်လုံး စုံစုံလင်လင် သိရအောင်လို့ အစိတ်အပိုင်းများတဲ့ ဌာနတွေမှာ စက်ဘေွလှည့်ပြီးတော့ ပေယျာလတွေနှင့် ပြထားပါတယ်၊ ဥတ္တရိမနုဿဓမ္မပေယျာလ၊ နီလပေယျာလ၊ သဥ္စရိတ္တပေယျာလ၊ ဒီလို ပေယျာလကြီးတွေ အကျယ်ကြီးတွေ ရှိပါတယ်။

ပြီးတော့ အဘိဓမ္မာမှာလဲ ခန္ဓာဘေွ အာယတနတွေ ဓာတ်တွေ စသည်ဖြင့် အစိတ်စိတ်အပိုင်းပိုင်း အကန့်ကန့် စက်ဘေွလှည့်ပြီးတော့ အမေးတွေ အဖြေတွေနှင့် ဝေဘန်ပြီးထားတာ အလွန်ကျယ်ဝန်းပါတယ်၊ ပဋ္ဌာန်းကျလျှင် အကျယ်ဝန်းဆုံးပါဘဲ။

အဲသလို ကျယ်ဝန်းတဲ့ ဒေသနာတွေကို နှလုံးသွင်း ဆင်ခြင်တဲ့ ကာလမှာ အမျိုးကောင်းသားတို့အား ပီတိသောမနဿတွေ ဖြစ်ပါတယ်၊ ဒါကလဲ သဒ္ဓါသမ္ပန္န-သဒ္ဓါတရားနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာသာ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ သဒ္ဓါသမ္ပန္နာနံ၊ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော။ ပသာဒဗဟုလာနံ၊ ကြည်ညို

ခြင်း များကုန်သော။ ဉာဏုတ္တရာနံ၊ လွန်ကဲသောဉာဏ် ရှိကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား။ အနန္တံ ပီတိသောမနဿံ၊ အဆုံးအပိုင်းအခြားမရှိတဲ့ နှစ်သက် ဝမ်းမြောက်မှု ပီတိသောမနဿ ဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကို ပြထားပါတယ်။

ယခုခေတ်မှာတော့ အဲဒီလို စက်တွေလှည့်ပြီးတော့ ပေယျာလတွေ လုပ်ထားတဲ့ ဥစ္စာတွေကို "အနက်အဟောင်းတွေကိုဘဲ ထပ်ကာထပ်ကာ လာနေတာဘဲ အပိုတွေဘဲ"လို့ တချို့က ထင်မြင်ကြပါတယ်၊ အဲဒီလို ထင်မြင်တဲ့ ပုဂ္ဂိုလ်တွေကတော့ ယခု အဋ္ဌကထာဆရာပြောတဲ့ သဒ္ဓါသမ္ပန္န, ပသာဒဗဟုလ ဆိုဘဲ့ သဒ္ဓါတရား ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထဲမှာ စာရင်းမဝင်ဘဲ ဖြစ်နေပါတယ်၊ ဉာဏုတ္တရ-ဉာဏ်လွန်ကဲတဲ့ ပုဂ္ဂိုလ်ထဲမှာ သူတို့ဟာ စာရင်းမဝင်ဘူးလို့ဘဲ ယူရပါလိမ့်မည်။

## တိဿဒတ္တ မထေရ်ကြီး

ရှေးက မဟာဂဘိဂမိယ (သို့မဟုတ်)မဟာဂဘိမ္ဘယ တိဿဒတ္တ မထေရ်ကြီး ဆိုဘာ သီဟိုဠ်ကျွန်းက နေပြီးတော့ မဟာဗောဓိသို့ ဘုရားဖူးဘို့ သင်္ဘောနှင့် ထွက်ပြီးတော့ လာသော့ ပင်လယ်ထဲ ရောက်တဲ့အခါမှာ အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ မျှော်ကြည့်လိုက်တဲ့အခါ ပင်လယ်ရေပြင်ကြီးကို အဆုံးအစ မထင်အောင် တွေ့မြင်ပြီးနေတော့ "သြော်....ဒီပင်လယ်ရေပြင်ကြီးနှယ် ကျယ်ပါဘိတော့တယ်၊ သို့သော်လဲ ငါတို့ မြတ်စွာဘုရား ဟောထားတဲ့ ပဋ္ဌာန်းဒေသနာတော် ကြီးကျယ်ပုံနှင့် နှိုင်းစာကြည့်လို့ရှိလျှင် ဒီပင်လယ်ရေပြင်ကဘဲ အပိုင်းအခြားရှိသေးတယ်၊ အောက်ကလဲ မြေပြင်ရှိတယ်၊ အထက်ကလဲ ကောင်းကင်ရှိတယ်၊ ဘေးကလဲ ကမ်းရှိတယ်၊ တဖက်ကလဲ စကြာဝဠာတောင်ရှိဘယ် ဆိုတော့ သမုဒ္ဒရာက အပိုင်းအခြား ရှိသေးတယ်၊ မြတ်စွာဘုရားဟောထားဘဲ့ အနန္တနယ-အဆုံးအပိုင်းအခြားမရှိတဲ့ နည်းနှင့် ပြည့်စုံတဲ့ သမန္တပဋ္ဌာန်းကျမ်းကြီး ဆိုတာကတော့ အပိုင်းအခြားကို မရှိလောက်အောင်ဘဲ အင်မတန်ကျယ်ဝန်းပါကလား"လို့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်တဲ့ကာလမှာ အလွန်ကြီးကျယ်တဲ့ အားကောင်းဘဲ့ ပီတိတွေ ဖြစ်လာပါတယ်တဲ့။

အဲဒီ ပီတိတွေကို ခွါပြီးတော့ ဝိပဿနာရှုလိုက်ပါတယ်၊ ပီတိကို ခွါတယ်ဆိုတာဟာ အဲဒီပီတိကို ရှုလိုက်တာပါဘဲ၊ ဒီလိုရှုလိုက်တော့ ဒီ ပီတိ

ကလေးက အရှိန်သေသွားပါတယ်၊ အဲဒီ ပီတိ အရှိန်သေသွားတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တရားတွေကို ဝိပဿနာရှုပြီးတော့ ပင်လယ်ထဲ ခရီးသွားနေရင်း သင်္ဘောပေါ်မှာဘဲ အရဟတ္တဖိုလ် ရောက်ပြီးတော့ ဥဒါန်းကျူးပါတယ်တဲ့၊ အဲဒီ ဥဒါန်းကလေးကလဲ အလွန် ကြည်ညိုစရာ ကောင်းပါတယ်။

အဒ္ဓွာဝ ဂမ္ဘီရဂတံ သုဒုဒ္ဒသံ၊
သယံ အဘိညာယ သဟေတုသမ္ဘဝံ။
ယထာနုပုဗ္ဗံ နိခိလေန ဒေသိတံ၊
မဟေသိနာ ရူပဂတံဝ ပဿတိ။

သဟေတုသမ္ဘဝံ၊ အကြောင်းနှင့်တကွ အကျိုးတရားကို။ သယံအဘိညာယ၊ ကိုယ်တိုင်ဉာဏ်ဖြင့် သိတော်မူ၍။ မဟေသိနာ၊ သီလက္ခန္ဓ စသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးသော မြတ်စွာဘုရားသည်။ ယထာနုပုဗ္ဗံ၊ အစဉ်အတိုင်း။ နိခိလေန ဒေသိတံ၊ အကြွင်းမဲ့ ဟောကြားတော်မူအပ်သော။ နိခိလေန၊ ကိလေသာငြောင့်တံသင်း ကင်းတော်မူသော။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဂမ္ဘီရဂတံ၊ နက်နဲလှစွာသော။ သုဒုဒ္ဒသံ၊ အလွန်ပင် သိနိုင်ခဲသော အနန္တနယ သမန္တပဋ္ဌာန်း ဒေသနာတော်ကို။ ရူပဂတံဝ၊ လက်ပေါ်၌ တင်ထားသော ရုပ်အဆင်းကိုကဲ့သို့။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပဿတိ၊ ထင်ထင်ရှားရှား တွေ့မြင်နိုင်ပေ၏။ သော၊ ထိုကဲ့သို့ မြင်နိုင်သော ပုဂ္ဂိုလ်သည်။ လောကေ၊ လောက၌။ အဒ္ဓွာ၊ ရှိသည်သာတည်း။

အဲသလို မြတ်စွာဘုရားသခင် အကြွင်းမဲ့ဟောထားတဲ့ အင်မတန် နက်နဲတဲ့ သိနိုင်ခဲတဲ့ တရားတော်ကျေကို လက်ပေါ်မှာ တင်ထားတဲ့ ရုပ်အဆင်းဝတ္ထုများကို မြင်တာလိုဘဲ ထင်ရှားသိနိုင် မြင်နိုင်တဲ့ပုဂ္ဂိုလ်ဟာ လောကမှာ ရှိနေတာဘဲလို့ မိမိကိုယ်ကိုဘဲ ရည်ပြီးတော့ ဥဒါန်းကျူးပါတယ်တဲ့။

အဲဒါဟာ ဒေသနာတော် နည်းနိဿယတွေ ကျယ်ဝန်းတဲ့အတွက် နယသာဂရလို့ ခေါ်ရခြင်း၏ အကြောင်းဖြစ်ပါတယ်။

## (၄) ဉာဏ်ပင်လယ်ကြီး

ဉာဏသာဂရဆိုဘာကတော့ သဗ္ဗညုတဉာဏ်တော်ပါဘဲ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် သံသရာကြီး ကျယ်ဝန်းတာကိုလဲ အပြည့်အစုံ သိနိုင်ပါတယ်၊

ဇလသာဂရဆိုတဲ့ ရေပြင်ကျယ်ဝန်းပုံကိုလဲ အတိအကျဆိုလျှင် သဗ္ဗညုတဉာဏ်တော်နှင့်မှ သိနိုင်ပါတယ်၊ ဒီပြင်နည်းတွေနှင့် ယခုလောကမှာ ချင့်တွက်ပြီး သိတာတွေကတော့ အပိုအလို ရှိနိုင်ပါတယ်၊ သဗ္ဗညုတဉာဏ်ကတော့ အပိုအလိုမရှိ တိတိကျကျ သိနိုင်ပါတယ်၊ နယသာဂရဆိုတဲ့ ဒေသနာနည်းတွေကိုလဲ ဒီသဗ္ဗညုတဉာဏ်ဖြင့်ပင် သိပြီး ဟောထားရခြင်း ဖြစ်ပါတယ်။

ဒီလို သာဂရကြီးတွေကို ပိုင်ပိုင်နိုင်နိုင် သိတဲ့အဘွက် သဗ္ဗညုတဉာဏ်တော်ကြီးဟာလဲ အဆုံးအစမရှိအောင် ကျယ်ဝန်းပြီးတော့နေလို့ သူ့ကို ဉာဏသာဂရ ဉာဏ်ပင်လယ်ကြီးလို့ ခေါ်ပါတယ်။

## ပြလိုရင်းမှာ နယသာဂရ

ဒီ သာဂရလေးမျိုးထဲက ယခု ဒီ နေရာမှာ ပြလိုရင်းဖြစ်တဲ့ သာဂရကတော့ နယသာဂရ-နည်းပင်လယ်ကြီး ဖြစ်ပါတယ်၊ အဘိဓမ္မာမှာ ဒေသနာနည်းတွေဟာ အဆုံးမရှိအောင် ကျယ်ဝန်းနေပါတယ်။

အဲဒီ ဒေသနာနည်းတွေကို မြတ်စွာဘုရားဟာ ဗောဓိမဏ္ဍိုင်မှာ ဘုရားအဖြစ်သို့ ရောက်စဉ်ကာလက အပြည့်အစုံ သိမြင်တော်မူခဲ့ပါတယ်၊ သိပြီးတဲ့အခါကာလမှာ "ဒီ တရားကို သိဘို့ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီတွေကို ဖြည့်ဆည်းပူးခဲ့ရတယ်၊ ဖြည့်ဆည်းပူးပြီးတော့ ဒီပလ္လင်မှာဘဲ သိရပေတယ်၊ သိပြီးတော့ တထောင့်ငါးရာ ကိလေသာတွေကို ကုန်စေပြီးလျက် ဘုရားအဖြစ်သို့ ရောက်ရပေတယ်" လို့ ဒီလို နှလုံးသွင်းဆင်ခြင်တော်မူလျက် အဲဒီ ဗောဓိမဏ္ဍိုင် ရတနာပလ္လင်ထက်မှာဘဲ ခုနစ်ရက်ပတ်လုံး တခုဘည်းသော ထက်ဝယ်ဖြင့် သီတင်းသုံးထိုင်နေတော်မူခဲ့ပါတယ်။

အဲဒီ အခဏ်းမှာ ပစ္စဝေက္ခန္တော—တရားတော်ကို ဆင်ခြင်နေတယ်လို့ ဒီ အဋ္ဌကထာက ပြထားပါတယ်၊ ဝိနည်းပါဠိတော်, ဥဒါန်းပါဠိတော်တွေမှာတော့ ဝိမုတ္တိသုခံ ပဋိသံဝေဒိ—အရဟတ္တဖိုလ် ချမ်းသာကို ခံစားပြီးတော့ သီတင်းသုံးတော်မူတယ်လို့ ရှိနေပါတယ်၊ အဲဒီတော့ ဒီအချက်မှာ နဲနဲကဲသလို ဖြစ်နေပါတယ်၊ နှစ်ခုစလုံး သင့်အောင် ယူဘို့ကတော့ မြတ်စွာဘုရားဟာ အဲဒီ သတ္တာဟအတွင်းမှာ ဆင်ခြင်တဲ့အခါလဲ ရှိပါလိမ့်မည်၊ ဝိမုတ္တိသုခ အရဟတ္တဖိုလ်ချမ်းသာဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စားနေတဲ့ အခါလဲ ရှိပါလိမ့်မည်။

ဒီတော့ ပါဠိတော်များမှာ ဝိမုတ္တိသုခံ ပဋိသံဝေဒိလို့ ဆိုတာကတော့ များသောအားဖြင့် နိဗ္ဗာန်ကို အာရုံပြုပြီးတော့ ဖလသမာပတ်ဝင်စားနေတာကို ရည်ရွယ်ပြီး ဆိုထားတယ်လို့ ယူသင့်ပါတယ်၊ အခုတော့ ဒီ အဋ္ဌကထာများမှာ ပစ္စဝေက္ခန္တော ဆင်ခြင်တယ်လို့ ဆိုတာကတော့ ဆင်ခြင်တဲ့ အပိုင်းကလေးကို ရည်ရွယ်ပြီး ဆိုထားတယ်လို့ဘဲ ယူသင့်ပါတယ်။

အဲဒီ ခုနစ်ရက်ကျော်လို ရှစ်ရက်မြောက်တဲ့အခါကျတော့ ပလ္လင်တော်မှ ထတော်မူပြီးသကာလ ပလ္လင်တော်၏ အရှေ့မြောက်ထောင့် အရပ်မှာ "ဒီ ပလ္လင်မှာဘဲ သဗ္ဗညုတဉာဏ်တော်ကြီးရပေတယ်" လို့ ပလ္လင်ကို မမှိတ်သော မျက်လုံးတော်များဖြင့် ကြည့်ရှုပြီး ရပ်တော် မူလျက် သီတင်း သုံးတော်မူတာကလဲ ခုနစ်ရက်ရှိပါတယ်။

အဲဒီကနောက် နတ်တွေက "ကိစ္စမပြီးသေးဘူးလေလား" လို့ သံသယရှိတဲ့အတွက် တန်ခိုးပြာဋိဟာများ ပြပြီးသကာလ ပလ္လင်တော်နှင့် ရပ်တော်မူတဲ့ နေရာတို့၏ အကြား အရှေ့အနောက် စင်္ကြံကြွပြီးတော့ နေတာကလဲ ခုနစ်ရက်ရှိပါတယ်။

## ရတနာဃရ

အဲဒီ ခုနစ်ရက်သုံးလီမှာ မြတ်စွာဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်များမထွက်သေးပါဘူးတဲ့၊ အဲဒီနောက် လေးခုမြောက် သတ္တာဟ ကျတော့ ပလ္လင်တော်မှ အနောက်မြောက်အရပ်မှာ ရတနာဃရဆိုတဲ့ အရပ်ရှိပါတယ်တဲ့၊ အဲဒီရတနာဃရအရပ်မှာ ခုနစ်ရက်ပတ်လုံး သီတင်းသုံးထိုင်နေတော် မူပြန်ပါတယ်၊ ရတနာဃရဆိုတဲ့ ပါဠိကို မြန်မာလိုပြန်လျှင် ရတနာအိမ်လို့ ခေါ်ပါတယ်၊ ရတနာ ခုနစ်ပါးဖြင့် ပြီးတဲ အိမ်လို့ အဓိပ္ပါယ်ရှိပါတယ်၊ ဒါပေမယ်လို့ ဒီအဋ္ဌကထာမှာတော့ နေဝသတ္တရတနမယံ ဂေဟံ–ရတနာခုနစ်ပါးဖြင့် ပြီးတဲ့ အိမ်မဟုတ်ဘူးလို့ ဆိုပါတယ်၊ ဒါဖြင့် ဘာကြောင့် ရတနာဃရခေါ်တာတုံး ဆိုတော့ သတ္တန္နံ ပန ပကရဏာနံ သမ္မသိတဋ္ဌာနံ ရတနာဃရန္တိ ဝေဒိတဗ္ဗံ။ အဘိဓမ္မာခုနစ်ကျမ်း တည်းဟူသော ရတနာတွေကို နှလုံးသွင်းရာ ဌာနဖြစ်တဲ့ အတွက် ရတနာဃရ ခေါ်တယ်လို့ ဒီအဋ္ဌကထာကဆိုပါတယ်။

ဝိနည်း အဋ္ဌကထာမှာတော့ ဒီနေရာမှာ နတ်တွေက ရတနာခုနစ်ပါးဖြင့် ပြီးတဲ့အိမ်ကြီး ဖန်ဆင်းပြီး ပေးလှူတယ်၊ ကျောင်းဆောင်ကြီးပေါ့လေ၊

အဲဒီ ရတနာကျောင်းဆောင်ကြီးမှာ ဘီတင်းသုံးလို့ ရတနာဃရ မည်တဲ့ အကြောင်းပြဆိုထားပါတယ်။

အဲဒီလို ရတနာဃရမှာ မေ့သင်္ဂဏီကျမ်း ရှေးဦးမှာ သုံးသပ်ပါတယ်၊ အဲဒီအခါမှာ မြတ်စွာဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော် မထွက်သေးပါဘူးတဲ့၊ ဝိဘင်း ဓါတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု ယမိုက် ကျမ်းများကို သုံးသပ်၊ အဲဒီအခါမှာလဲ ရောင်ခြည်တော်မထွက်သေးပါဘူးတဲ့၊ အဲဒီနောက် ပဋ္ဌာန်းကျမ်းကြီးကို ဟေတုပစ္စယော အာရမ္မဏပစ္စယော စသည်ဖြင့် သုံးသပ်တော် မူပါတယ်၊ ပဋ္ဌာန်းကျမ်းကြီးဆိုတာ အင်မတန် ကျယ်ဝန်းပါတယ်၊ အင်မတန် ကျယ်ဝန်းတဲ့အတွက် အဲဒီ ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်တဲ့အခါ ကာလ ကျတော့ ဉာဏ်နှင့် နှလုံးသွင်းရမည့်တရားဟာ အံကျဖြစ်သွားပါတယ်၊ ဒီတော့မှ ဉာဏ်တော် ကွန့်မြူးခွင့်ရဘဲ့ အတွက်ကြောင့် အဲဒီအခါမှာ ဉာဏ်တော် ထက်ထက်သန်သန် ဖြစ်ရလို့ ကိုယ်တော်မှရောင်ခြည်တော်တွေထွက် ပြီးတော့ လာပါတယ်ဘဲ့။

## သမုဒ္ဒရာ ငါးကြီးများလို

ဥပမာအားဖြင့်ဆိုလျှင် သမုဒ္ဒရာမှာ အလွန်ကြီးတဲ့ ဝေလငါးကြီးတွေဆိုတာ ရှိပါတယ်၊ တိမိမည်တဲ့ ငါးကြီးက ယူဇနာနှစ်ရာရှိတယ်လို့ဆိုပါတယ်၊ တိမိင်္ဂလငါးကြီးက ယူဇနာ သုံးရာရှိတယ်လို့ ဆိုပါတယ်၊ တိမိပိင်္ဂလ ငါးကြီးက ယူဇနာလေးရာရှိတယ်လို့ ဆိုပါတယ်၊ တိမိရပိင်္ဂလငါးကြီးက ယူဇနာ ငါးရာရှိတယ်လို့ဆိုလိုပါတယ်၊ သူထက်ကြီးတဲ့ အာနန္ဒငါး တိမိနန္ဒငါး အဇ္ဈာရောဟငါး မဟာတိမိငါး ဆိုတဲ့ ဒီလို ငါးကြီးတွေလဲ ရှိပါသေးတယ်၊ အဲဒီလို ငါးကြီးတွေကတော့ ယူဇနာ တထောင်တောင် ရှိတယ်လို့ ဆိုပါတယ်။

ဒီမှာတော့ အသတ်စားနှင့် ပြထားပါတယ်၊ ယူဇနာ ငါးရာရှိတဲ့ တိမိရပိင်္ဂလ ငါးကြီးများဟာ (ဝေလငါးကြီးများဟာ) ချောင်းတွေမြောင်းတွေ တော်ရုံတန်ရုံ အင်းအိုင်တွေထဲမှာ သူတို့ပျော်မွေ့ဘို့ရာ မဖြစ်နိုင်ပါဘူးတဲ့၊ မြစ်ဆိုလျှင် သူတို့ဆန့်ချင်မှဆန့်မယ်၊ ယူဇနာရှစ်သောင်းလေးထောင် အနက်ရှိတဲ့ သမုဒ္ဒရာထဲမှာ သူတို့အလိုရှိတိုင်းသွားနိုင် လာနိုင် ပျော်မွေ့နိုင်ပါတယ်ဘဲ့

## ရောင်ခြည်တော်တွေ

အဲဒီလို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးဟာလဲ အင်မတန်ကျယ်ပြန့်စွာ အဆုံးအပိုင်း အခြားမရှိ သိနိုင်တဲ့ အစွမ်းသတ္တိ ရှိနေတဲ့အတွက် ဘော်ရှံ တန်ရှိတရားကလေးတွေ နှလုံးသွင်းလိုက်လျှင် ဖြတ်ကနဲဆိုကုန်ကုန် သွားလို့ ဉာဏ်ကျက်စားခွင့် မရပါဘူးတဲ့၊ ယခုပဋ္ဌာန်းဒေသနာတော်မှာတော့ ဒေသနာတော်က အင်မတန် ကျယ်ဝန်းနေတော့ ဉာဏ်တော်ဟာလဲ ကွန့်မြူး ခွင့် ကျက်စားခွင့် ရသွားပါတယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်တွေ ထွက်လာကြပါတယ်၊ ဆံပင်တော် မျက်နက်င်န်းတော် အစရှိသော ညိုသောကိုယ်တော် အစိတ်အပိုင်းတွေမှ ညိုပြာသောရောင်ခြည်တော်တွေ ထွက်ပြီးတော့ လာပါတယ်၊ ရောင်ခြည်တော်တွေဟာ ကိုယ်တော်မှ ထွက်ပြီးတော့ အရပ်မျက်နှာ ကောင်းကင်ပြင်တွေ လျှောက်ပြီး သကာလ ပျံ့နှံ့သွားကြပါတယ်တဲ့။

ထို့အတူ ဝါသော ကိုယ်တော် အစိတ်အပိုင်း တွေက ဝါရွှေသောရောင်ခြည်တော်၊ နီသောကိုယ်တော် အစိတ်အပိုင်းတွေက နီသောရောင်ခြည်တော်တွေ၊ ဖြူသောကိုယ်တော် အစိတ်အပိုင်းတွေက ဖြူသောရောင်ခြည်တော်တွေ ထွက်ပါတယ်၊ ပြီးတော့ ထိုထိုကိုယ်အရပ်အစိတ်အပိုင်းက မောင်းသောရောင်ခြည်တော်နှင့် ပြိုးပြိုးပြက်သော ရောင်ခြည်တော်များထွက်လာပါတယ်တဲ့၊ ပြိုးပြိုးပြက်ပြက်ဆိုတာကတော့ တလက်လက်နှင့် လက်ပြီးနေတဲ့ အရောင်တွေပါဘဲ ၊ ဒါကတော့ ထင်ရှားပါတယ်။

မောင်းတယ်ဆိုတဲ့ ဗမာဝေါဟာရကိုတော့ ဘယ်လိုအရောင်ရယ်လို့ မသိကြတာဘဲ များပါတယ်၊ ဒါကြောင့် မောင်းတယ်ဆိုတဲ့ အရောင်ကို အဋ္ဌကထာဖွင့်နှင့်တကွ ဖေါ်ပြလိုပါတယ်၊ မူလပဏ္ဏာသအဋ္ဌကထာ ဝတ္ထသုတ်အဖွင့်မှာ အဲဒီ မဉ္ဇဋ္ဌခေါ်တဲ့ မောင်းသော အရောင်ဆိုးရေကို ကနဝီရပုပ္ဖသဒိသေ မန္ဒရတ္တရင်္ဂေလို့ ဖွင့်ပြထားပါတယ်၊ ကနဝီရပန်း ဆိုတာ ကုလားဇလပ်ပန်းလို့လဲ ခေါ်ပါတယ်၊ နွယ်သာကီပန်းလို့လဲခေါ်ပါတယ်၊ ယခုကာလမှာ အသုံစိုက်ထားတာတွေရှိပါတယ်၊ သူ့အပွင့်ကလေးတွေက နီပြေပြေကလေးရှိပါတယ်၊ မန္ဒရတ္တရင်္ဂ-အနည်းငယ်နီသောအနီနုကလေးလို့ဆိုပါတယ်၊ အဲဒီ ကနဝီရ ကုလားဇလပ်ပန်းအရောင်လို အနီနုရောင်ဆိုးရေဟာ အမောင်း

ရောင်ဆိုးရေဘဲလို့ အဲဒီ အဋ္ဌကထာက ပြထားပါတယ်၊ ဒါကြောင့် မဥ္ဇိဋ္ဌ မောင်းသောရောင်ခြည်ဆိုတာဟာ အနီနုရောင်ခြည်လို့ဘဲ မှတ်သား ရပါ မည်။

အဲဒီ ရောင်ခြည်တော် ခြောက်သွယ်ဟာ ကိုယ်တော်မှ ထွက်ပြီးသကာလ ကွန့်မြူးသွားကြတာဟာ အရပ်ဆယ်မျက်နှာအကုန်လုံးပါဘဲတဲ့၊ အထက် ကောင်းကင်ဘွေလဲ ပျံ့သွားပြီးတော့ မရပ်မနား ပြေးသွားကြတယ်၊ ဘေးပတ်ဝန်းကျင်တွေလဲ ပျံ့ပြီးတော့ မရပ်မနားပြေးသွား ကြတယ်၊ အောက်လဲ မြေကြီးထဲကဖောက်ထွင်းပြီး ရေထုထဲရောက်၊ အဲဒီ ရေထုကိုလဲ ဖောက်ထွင်းပြီးတော့ အောက်ကောင်းကင်ကြီးထဲမှာ ပျံ့ပြီးမရပ်မနား ပြေး သွားကြတယ်၊ ယခုထက်ဘိုင် သွားနေတုန်းဘဲလို့ အဋ္ဌကထာ ဆရာက ဒီမှာ ပြသွားပါတယ်။

အဲဒီလို ရောင်ခြည်တော်တွေဟာ ထွက်သွားတာ မြတ်စွာဘုရားက အဓိဋ္ဌာန်လို့ဖြစ်ထာလဲ မဟုတ်ပါဘူးတဲ့၊ ဘာဝနာ၏ တန်ခိုးလဲ မဟုတ်ပါဘူးတဲ့၊ အမှန်အားဖြင့် ဆိုလို့ရှိလျှင် အလွန်နူးညံ့သိမ်မွေ့တဲ့ တရားတွေကို နှလုံးသွင်း သုံးသပ်တဲ့ အခါကာလမှာ မြတ်စွာဘုရား၏ ကိုယ်တော်မှာ သွေးတော်တွေက ကြည်လင်သွားပါတယ်၊ ဝတ္ထုရုပ်များလဲ ကြည်လင်ပါတယ်၊ အရေအဆင်း များလဲ ကြည်လင်ပါတယ်ဘဲ၊ ဒီတော့ စိတ်ကြောင့် ဖြစ်တဲ့ အဆင်းဓာတ်, အရောင်ဓာတ်တွေဟာ ကိုယ်မှ ထက်ဝန်းကျင် အတောင်ရှစ်ဆယ်ရှိတဲ့ အရပ် မှာ ရောင်ခြည်တော်တွေဖြစ်ပြီး မလှုပ်မရှား တည်နေပါတယ်တဲ့။

ဤနည်းဖြင့် စတုတ္ထသတ္တာဟမှာ ရောင်ခြည်တော်တွေလဲ ကွန့်မြူးနေပါ တယ်၊ မြတ်စွာဘုရားကလဲ တရားတော်တွေကို ခုနစ်ရက်ပတ်လုံး သုံးသပ် ဆင်ခြင်ပြီး နေပါတယ်။

## အဘိဓမ္မာ ဟောချိန်

ဒီလို ခုနစ်ရက်ပတ်လုံး သုံးသပ်ဆင်ခြင်တော်မူခဲ့တဲ့ တရားတွေကို ခုနစ်ဝါ မြောက်မှာ ဟောတော်မူခဲ့ပါတယ်၊ အဲဒီအခါမှာ သာဝတ္ထိပြည်တောင်ဘက် ကဏ္ဍအမည်ရှိသော ဥယျာဉ်မှူး စိုက်ပျိုးတဲ့ သရက်ပင်၏ အနီးမှာ တိတ္ထိတို့ကို နှိမ်နင်းဘို့ရာ တန်ခိုးပြာဋိဟာ ပြတော်မူခဲ့ပါတယ်၊ အဲဒီ တန်ခိုးပြာဋိဟာ ပြတဲ့ အရပ်မှာ စေတီတော်ပျက်ကြီးတခု ရှိနေပါတယ်၊ သာဝတ္ထိမြို့နေရာရဲ့

တောင်ဘက် ဇေတဝန်ကျောင်းတော်ရာမှ အရှေ့တောင်ဘက် လမ်းဘေးမှာ အဲဒီစေတီတော်ပျက်ကို တွေ့ရပါတယ်၊ အဲဒါဟာ တန်ခိုးပြတဲ့ နေရာ အထိမ်းအမှတ်စေတီဘဲလို့ ပြောကြပါတယ်။

အဲဒီ ဌာနမှာ တန်ခိုးပြာဋိဟာ ပြပြီးဘဲ့အခါ တာဝတိံသာ နတ်ပြည်သို့ ကြွပြီးတော့ ပင်လယ် ကသစ်ပင်အောက် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပေါ်မှာ သီတင်းသုံး ထိုင်နေတော်မူခဲ့ပါတယ်၊ ထိုအခါမှာ တသောင်းသော စကြာဝဠာက နတ်ဗြဟ္မာတွေ တရားနာရအောင် လာရောက်ကြပါတယ်၊ မြတ်စွာဘုရား၏ မယ်တော်ဖြစ်သော ပုဂ္ဂိုလ်ကို အကြီးအမှူးပြုပြီး တော့ တရားနာရန် အသင့်ထိုင်နေကြပါတယ်၊ အဲဒီ နတ်ဗြဟ္မာပရိသတ်တို့အား မြတ်စွာဘုရားက စတုတ္ထသတ္တာဟမှာ နှလုံးသွင်း ဆင်ခြင်ခဲ့ဘဲ့ အဘိဓမ္မာဒေသနာတော်ကို ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ စသည်ဖြင့်ဟောကြားတော်မူပါတယ်။

အဲဒီလို ဟောကြားနေတဲ့အခါမှာ မြတ်စွာဘုရား၏ ဆွမ်းကိစ္စကို ပြောဘို့ လိုလာပါတယ်၊ နတ်များမှာတော့ လူ့ပြည်က အနှစ်ဘရာမှ နတ်ပြည်က တရက်ဆိုတော့ အနှစ်တရာမှ သူတို့မှာ တကြိမ်စားမလား နှစ်ကြိမ်စားမလား သူတို့ အစာစားတဲ့ အချိန်ဟာ ဝေးပါလိမ့်မည်။ လူ့ပြည်မှာတော့ ၂၄-နာရီ တပတ် ရက်တိုင်း ရက်တိုင်း အနည်းဆုံး တကြိမ်ကျ ကဗဠီကာရ အာဟာရကို မှီဝဲပြီး နေကြရပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားမှာလဲ လူ့ပြည်သားဖြစ်တဲ့ အတွက် လူ့ပြည်က အချိန်ကို ကြည့်ပြီးတော့ နံနက်ဆွမ်းခံချိန်ကျလျှင် လူ့ပြည်သို့ ကြွလာတော်မူရပါတယ်၊ ကြွလာတော်မူတဲ့အခါ နတ်ပြည်မှာလဲ တရားဟောမြဲ ဟောပြီးတော့ နေရအောင် တရားနာဘဲ့ နတ်ဗြဟ္မာတွေလဲ နာမြဲမပြတ် နာပြီးတော့ နေကြရအောင် ကိုယ်တော်မြတ်နှင့် အကုန်လုံး အခြင်းအရာတူတဲ့ နိမ္မိတ-ရုပ်ပွါးဘုရားကို ဖန်ဆင်းပြီး ထားခဲ့ရပါတယ်၊ ဖန်ဆင်းပုံကတော့ သက်န်းကိုလဲ "ဒီလိုကိုင်စေ၊ နေပုံကလဲ ဒီလိုနေစေ၊ အသံကလဲ ဒီလိုဖြစ်စေ၊ ဟောတဲ့တရား ကလဲ ဤမျှဤမျှ ဟောစေ"လို့ အဓိဋ္ဌာန်ပြုလျက် ဖန်ဆင်းပြီးတော့ နိမ္မိတဘုရားကို ကိုယ်စားထားကာ လူ့ပြည်လောကသို့ ကြွလာခဲ့ပါတယ်။

ကြွလာတဲ့အခါ ဟိမဝန္တာ တောင်ပေါ်ရှိ အနဝတတ် အိုင်ကို ရောက်ပါတယ်၊ အဲဒီကျတော့ နတ်တွေက ကွမ်းရိုး ဒန်ပူများ ကပ်လို့ ကိုယ်လက်သုတ်

သင်ခြင်း အမှုများ ပြုပြီးတော့ ဥတ္တရကုရု မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူတယ်လို့ဆိုပါတယ်၊ အဲဒီက ဆွမ်းခံကြွ-ဆွမ်းဘုဉ်းပေးပြီးတဲ့အခါကာလမှာ နေ့ခင်းအတွက်ကတော့ စန္ဒကူးတောမှာ သီတင်းသုံး နေတော်မူပါတယ်၊ ထိုအခါမှာအရှင်သာရိပုတ္တရာကလဲ မြတ်စွာဘုရားထံကို သွားရောက်ပြီးတော့ ဝတ်ကြီးဝတ်ငယ်များပြုလို့ သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ ထိုင်နေလျက် ရှိပါတယ်၊ထိုအခါမှာ အရှင်သာရိပုတ္တရာအား မြတ်စွာဘုရားက တာဝတိံသာ နတ်ပြည်၌ မိမိတနေ့လုံး ဟောခဲ့တဲ့ တရားတွေကို ဤမျှ ဤမျှ ဟောခဲ့ ရတယ်ဟု အကျဉ်းချုပ် နည်းပေးသောအားဖြင့် ဟောကြားတော်မူ ခဲ့ပါတယ်။

အဲဒီလို အကျဉ်းချုပ်အားဖြင့် နည်းပေးလိုက်ရုံနှင့် အရှင်သာရိပုတ္တရာမှာ ပင်လယ်ကမ်းက ရပ်တည်ပြီးတော့ ဒါဟာ ပင်လယ်ကြီးပါဘဲလို့ လက်ညှိုး ထိုးပြလိုက်လို့ရှိလျှင် ပင်လယ်ကြီးကို အကုန်လုံးရှောက်ပြီး မြင်သိနိုင်သကဲ့သို့ ထို့အတူဘဲ အရှင်သာရိပုတ္တရာမှာ အဘိဓမ္မာဒေသနာတော် အကျယ်ကြီး တွေကို အကုန်လုံးသဘောပေါက်ပြီးတော့ နားလည်သွားပါတယ်ဘဲ့။

မြတ်စွာဘုရားလဲ ညနေချမ်းမှာ တာဝတိံသာ နတ်ပြည်သို့ ပြန်တက် ပြီးတော့ ဟောမြဲ ဟောနေခဲ့ပါတယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်လဲ အဲဒီကတရားတော်ကို မှတ်သားနာယူ ပြီးတော့ မိမိနေရာသို့ ပြန်လာတဲ့အခါ မိမိ၏ တပည့်ငါးရာတို့အား ထို အဘိ ဓမ္မာတရားကို တဆင့် ဟောကြားတော်မူခဲ့ပါတယ်။

## လင်းနို့သား ရဟန်းငါးရာ

ကိုတပည့်ငါးရာတွေက ဘယ်ကဖြစ်ထာလဲ ဆိုလျှင် မြတ်စွာဘုရား တာဝတိံသာ ကြွခါနီး တန်ခိုးပြာဋိဟာပြစဉ် အခါကာလက ကြည်ညိုပြီး တော့ သာသနာတော် ဝင်လာတဲ့ ရဟန်းသစ် ငါးရာ ဖြစ်ပါတယ်၊ ဒီ ရဟန်း ငါးရာကလဲ ထူးခြားပါတယ်၊ ရှေးအခါက ကဿပမြတ်စွာဘုရားလက်ထက် တုန်းက သူတို့ဟာ လင်းနို့သားတွေ ဖြစ်နေကြပါတယ်၊ လင်းနို့သား ငါးရာ ဟာ တခုသော တောင်ခေါင်းဂူမှာ နေကြပါတယ်၊ အဲဒီမှာ အဘိဓမ္မာဆောင် တဲ့ ရဟန်းတော်များက အဘိဓမ္မာကို ရွတ်ဘတ်သရဇ္ဈာယ်ကြတော့ အဲဒီ ရွတ်ဘတ်သံကို ကြားရတဲ့အခါ "ဒီအသံဟာ တရားသံဘဲ"လို့ သူတို့ အာရုံ

ပြုကာ ကြည်ညိုခဲ့ကြပါတယ်၊ အဲဒီတရားရဲ့ ကဏ္ဍပက္ခ,သုက္ကပက္ခ-မည်းညစ်သောအဘို ဖြူစင်သောအဘို ကိုတောင် သူ့ဘို့မသိကြပါဘူး၊ မည်းညစ်သောအဘိုဆိုတာ အကုသိုလ်ကို ပြောတာပါ၊ ဖြူစင်သောအဘိုဆိုတာ ကုသိုလ်ကို ပြောတာပါ၊ အဲဒီတရားထဲမှာ ဒါက ကုသိုလ်ကို ဟောတာဘဲ၊ ဒါက အကုသိုလ်ကို ဟောတာဘဲ၊ ဒီလို အဓိပ္ပါယ်ကို ဘာမျှ သူတို့ နားမလည်ကြပါဘူးဘဲ့၊ ဒါပေမယ်သို့ တရားတော်ဘဲလို့ နှလုံးသွင်းပြီး ကြည်ညိုတဲ့ ကုသိုလ်ကြောင့် သူတို့ အဲဒီဘဝက သေဘဲ့အခါ တာဝတိံသာ နတ်ပြည်ရောက်ပြီးတော့ ဘုရားနှစ်ဆူ အကြားကာလပတ်လုံး အဲဒီနတ်ပြည်မှာဘဲ ကျင်လည်ပြီးနေကြရပါတယ်၊ ယခု ဂေါတမ မြတ်စွာဘုရား လက်ထက် ကျတော့ သူတို့က လူ့ပြည်မှာ အမျိုးကောင်းသားတွေ ဖြစ်နေလို့ တန်ခိုးပြာဋိဟာ ပြတဲ့အခါ ကြည်ညိုတဲ့အတွက် သာသနာဘောင်သို့ ဝင်ပြီးတော့ လာကြပါတယ်။

အဲဒီ သာသနာဘောင် ဝင်တဲ့အခါ ကာလမှာလဲ အရှင်သာရိပုတ္တရာထံမှာဘဲ သူတို့ ရဟန်းပြုကြပါတယ်၊ အဲဒီ တပည့်ရဟန်းငါးရာအား အရှင်သာရိပုတ္တရာက နေ့စဉ်နေ့တိုင်း မြတ်စွာဘုရားထံက အဘိဓမ္မာတရားကို ယူဆောင်ပြီး ဟောကြားတော်မူခဲ့ပါတယ်၊ အဲဒီဟောကြားတဲ့ ဒေသနာအစဉ်ဟာ ယခုထက်တိုင်တည်ပြီးနေပါတယ်၊ အဘိဓမ္မာ ဝါစနာ မဂ္ဂေါနာမ၊ အဘိဓမ္မာမှာ ယခု ပို့ချနေတဲ့အစဉ်ဟာ။ သာရိပုတ္တပ္ပဘဝေါ၊ အရှင်သာရိပုတ္တရာဟောကြားထားတဲ့ အစဉ်ဘဲလို့ ဒီ အဋ္ဌကထာက ပြသွားပါတယ်။

သို့သော်လဲ ဒီ အဘိဓမ္မာတရားအစဉ်ဟာ မြတ်စွာဘုရားထံက နည်းရပြီးတော့ နည်းယူပြီးတော့ ဟောထားတဲ့ တရားအစဉ် ဖြစ်သောကြောင့် ဒါဟာ ဘုရားဟောဘဲလို့ ဆိုသင့်တဲ့ အဓိပ္ပါယ်များသို ဖော်ပြပြီးတော့ ဒီ စကားရပ်ကို အဆုံးသတ်သွားပါတယ်။

ဤမျှဖြင့် အဘိဓမ္မာဒေသနာတော်ဟာ တာဝတိံသာနတ်ပြည်မှာ ဟောတယ်၊ လူ့ပြည်မှာတော့ အရှင်သာရိပုတ္တရာက ဘုရားထံကယူလာပြီးတော့ တဆင့်ဟောတယ်၊ ဒါကြောင့် ယခုထက်တိုင် ဒီအဘိဓမ္မာဒေသနာတော်ဟာ အစဉ်အဘိုင်း တည်လာခဲ့တယ်ဆိုဘဲ့ အဓိပ္ပါယ်ဟာ ပြည့်စုံသွားပါပြီ၊ သို့ဖြစ်ပါ၍ ဒီနေ့တော့ ဒီမျှဖြင့် ရပ်ပြီးတော့ နောက်ထပ်လျှောက်ထား

စရာရှိတာများကို တော့ နောက်ရက်များမှ ဆက်လက်ပြီး သကာလ လျှောက်ထားပါတော့မည် ဘုရား။

## ကာယဝိညတ် စီစစ်ခြင်း

ဒီ ကနေ့ ဒွါရကထာလာ စာမျက်နှာနံပါတ် ၁၂၄-မှာ ကာယဝိညတ်နှင့် စပ်ပြီး ဖွင့်ဆိုထားတဲ့ စကားကို စိစစ်လျှောက်ထားပါမည်ဘုရား။

ဒီ စကားရပ်များဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အဘိဓမ္မာ ဒေသနာတော်မှာ နက်နဲတဲ့ အနက်အဓိပ္ပါယ်တွေထဲက တခုသောအစိတ်အပိုင်း ဖြစ်ပါတယ်။

ဒီလို အဘိဓမ္မာက နက်နဲတဲ့ အစိတ်အပိုင်း ဖြစ်သော်လည်း ဒီ ဒေသနာတော် အရနှင့် ဖြစ်နေတဲ့ အခြင်းအရာတွေကတော့ သုတ်ပါဠိတော်လာ သတိသမ္ပဇည တရားတွေနှင့် လဲ သက်ဆိုင်နေပါဘယ်၊ ဒါကြောင့် မြတ်စွာဘုရား၏ ညွှန်ကြားချက်အတိုင်း အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဆိုလျှင် နက်နဲ တဲ့ အဓိပ္ပါယ်တွေကို ကိုယ်ဘိုင်လဲ တွေ့ပြီးတော့ သိချင်တဲ့ အချက်အလက်ဖြစ်နေ ပါတယ်၊ ဒါကြောင့် ထိုအချက်အလက်များကို ဘုရားတပည့်တော် လျှောက်ထားပါမည်။

အဘိက္ကမိဿာမိ ပဋိက္ကမိဿာမီတိ ဟိ စိတ္တံ ဥပ္ပဇ္ဇမာနံ ရူပံ သမုဋ္ဌာပေတိ။

ရှေ့သို့သွားမည် နောက်သို့ဆုတ်မည်လို့ စဉ်းစားတဲ့ ကြံစည်တဲ့ စိတ် ဖြစ်ပေါ်လာလို့ရှိလျှင် အဲဒီစိတ်က ရုပ်ကို ဖြစ်စေပါတယ်၊ အဲဒါကို စိတ္တဇရုပ် လို့ ခေါ်ရပါတယ်၊ ရှေ့သို့သွားမည် နောက်သို့ ဆုတ်မည်လို့ ကြံတိုင်း ကြံတိုင်း ဒီစိတ်ဖြစ်သည်နှင့် တပြိုင်နက်တည်း မိမိအလိုရှိရာဘက်သို့ တွန်းကန်ရွေ့ရှား တဲ့ အဲဒီစိတ္တဇရုပ်တွေဟာ တကိုယ်လုံးမှာ ပျံ့နှံ့ပြီး ဖြစ်လာပါတယ်၊ အထူး အားဖြင့် ဆိုလျှင် လှုပ်ရှားတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းတိုင်းမှာ ဘောလုံးထဲ မှာ လေထိုးလိုက်ဘော့ လေတွေပြည့်လာသလို အဲဒီရုပ်တွေ ဖြစ်လာပါတယ်။

ရုပ်ဆိုတာဟာ တခုတည်း ဖြစ်ထာ မဟုတ်ပါဘူး၊ အနည်းဆုံးအားဖြင့် ရုပ်ဓာတ်ရှစ်ပါးပေါင်းပြီးတော့ဖြစ်ပါတယ်၊ ဒါကြောင့် ပထဝီဓာတ်-ခက်မာတဲ့ သဘောလဲပါပါတယ်။ အာပေါဓာတ်-အရည်သဘောလဲ ပါပါတယ်၊တေဇော ဓာတ်-အခိုးအငွေ့သဘောလဲ ပါတယ်၊ ဝါယောဓာတ်-တောင့်တင်း လှုပ်ရှားတဲ့

သဘောလဲ ပါပါတယ်၊ အဲဒီဓာတ်ကြီးလေးပါးကို မှီပြီးတော့ ဖြစ်တဲ့ အဆင်း‧ ဓာတ်,အနံ့ဓာတ်,အရသာဓာတ်, အဆီအစေး ဩဇာဓာတ်ဆိုတဲ့ဥပါဒါရုပ်ကလဲ လေ‧ခုပါပါတယ်၊ ဒီရုပ်ရှစ်ခု အပေါင်းကို ရုပ်ကလာပ်တခုလို့ ခေါ်ရပါတယ်၊ ဒီလိုရုပ်ကလာပ်ပေါင်း မရေမတွက်နိုင်အောင် များစွာလှုပ်ရှားတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းမှာ အနှံ့ အပြည့် ဖြစ်ပေါ်ပြီး သွားပါတယ်။

အဲဒီ စိတ္တဇရုပ်တွေထဲမှာ တောင့်တင်း လှုပ်ရှားတဲ့ သဘောကို စိတ္တသမုဋ္ဌာန ဝါယောဓာတ်, စိတ္တဇဝါယောဓာတ်လို့ ခေါ်ပါတယ်၊ အဲဒီ စိတ္တဇ ဝါယောဓာတ်က မိမိနှင့် အတူတကွ ဖြစ်တဲ့ ရုပ်အပေါင်းကို သန္ထမ္ဘေတိ၊ ကောင်းစွာ တောင့်တင်းစေ၏။ သန္ဓာရေတိ၊ကောင်းစွာ ဆောင်ထား၏။ စာလေတိ၊လှုပ်ရှားစေ၏။အဘိက္ကမာပေတိ၊ရှေ့သို့ သွားစေ၏။ပဋိက္ကမာပေတိ၊ နောက်သို့ ဆုတ်စေ၏။ အဲဒီ ဝါယောဓာတ်၏အစွမ်းအားဖြင့် တောင့်ပြီးတော့ နေတာ တည်ပြီးတော့ နေတာ ထိုထိုဤဤ လှုပ်ရှားတာ ရှေ့ဘက်လှုပ်ရှား တာ နောက်ဘက်လှုပ်ရှားတာ အဲဒါတွေဟာ ဝါယောဓာတ်၏ အစွမ်းအားဖြင့် ဖြစ်သွားတဲ့ ရုပ်တွေဘဲလို့ ပြဆိုပါတယ်။

## လှုပ်ရှားလာနိုင်ပုံ

ဒီလို လှုပ်ရှားပြီး သွားတယ် ဆိုပေမယ်လို့လဲ စိတ်ကလေးတခုဖြစ်ရုံနှင့် ထိုစိတ်ကလေး တကြိမ်ကြောင့်ဖြစ်တဲ့ ရုပ်လောက်နှင့် လှုပ်ရှားတာ မဟုတ် သေးပါဘူးတဲ့၊ တခုသော ဝီထိမှာ ဇောခုနစ်ကြိမ် ရှိပါတယ်၊ ထိုဇောခုနစ် ကြိမ် ထဲမှာ ပဌမဇောကြောင့် ဖြစ်တဲ့ ဝါယောဓာတ်ဟာ မိမိနှင့်တကွ ဖြစ်တဲ့ ရုပ်အပေါင်းကို တောင့်တင်းစေရုံ တည်တံ့စေရုံသာလျှင် စွမ်းနိုင်ပါတယ်တဲ့၊ ထိုမှ ဤမှ လှုပ်ရှားအောင်တော့ မတတ်နိုင်သေးပါဘူးတဲ့၊ ထို့အတူ ဒုတိယ ဇောကြောင့် ဖြစ်သော ဝါယောဓာတ်, တတိယ,စတုတ္ထ,ပဥ္စမ, ဆဋ္ဌဇော ကြောင့် ဖြစ်တဲ့ ဝါယောဓာတ်တွေလဲ နည်းတူဘဲ တောင့်တင်းရုံ လှုပ်ရှားရုံ သာ စွမ်းနိုင်ပါတယ်တဲ့၊ တနေရာမှ တနေရာသို့ ရွှေ့အောင် မတတ်နိုင်သေးပါ ဘူးတဲ့၊ ဒါပေမယ်လို့ အဲဒီမလှုပ်ရှားစေနိုင်တဲ့ စိတ္တဇရုပ်တွေထဲမှာ ပါဝင်တဲ့ ဝါယောဓာတ်မှာလဲဘဲ အလိုရှိရာဘက်သို့ တွန်းကန်တတ်တဲ့ အလိုရှိရာဘက်သို့ တွန်းကန်နေတဲ့ ဆွဲနေတဲ့ သဘောသတ္တိ ဝိညတ်ရုပ်ကတော့ ပါဝင်နေတာပါ ဘဲတဲ့။

သတ္တမဇောကြောင့်ဖြစ်တဲ့ ဝါယောဓာတ်ဖြစ်ပေါ်လာတဲ့ အခါကျတော့ ယခင်ကခြောက်ကြိမ်သော ဇောဘူကြောင့်ဖြစ်တဲ့ ဝါယောဓာတ်တို့၏ တွန်းကန်မှု အထောက်အပံ့တွေ ရနေတဲ့အတွက် အဲဒီ သတ္တမဇောကြောင့်ဖြစ်သော ဝါယောဓာတ် ဖြစ်ပေါ်လာသည်ဖြင့် တပြိုင်နက်တည်း မိမိနှင့်တကွဖြစ်သော ရုပ်အပေါင်းကို တောင့်တင်းစေခြင်းငှါလဲ စွမ်းနိုင်တယ်၊ ကောင်းစွာ ဆောင်ထားခြင်းငှါလဲ စွမ်းနိုင်တယ်၊ ရွေ့ရှားစေခြင်းငှါလဲ စွမ်းနိုင်တယ်၊ အလိုရှိရာဘက် ရှေ့ဘက်သို့လဲ သွားစေနိုင်တယ်၊ နောက်ဘက်သို့လဲ သွားစေနိုင်တယ်၊ အာလောကာပေဘို ဝိလောကာပေဘို၊ တည့်တည့်ကြည့်ခြင်းကိုလဲ ဖြစ်စေနိုင်တယ်၊ တည့်ဘည့်ကြည့်ဘဲ့ အခါကာလမှာ မျက်လုံးစူးစိုက်ပြီး တည်နေအောင် ရွေ့ရှားဘာတွေ ရှိပါတယ်၊ အဲဒါတွေကို ဖြစ်စေတယ်လို့ ဆိုလိုပါတယ်၊ စောင်းငဲ့ကြည့်ခြင်းကိုလဲ ဖြစ်စေနိုင်တယ်၊ လက်ခြေ ကွေးခြင်း ကိုလဲ ဖြစ်စေနိုင်ဘယ်၊ လက်ခြေ ဆန့်ခြင်းကိုလဲ ဖြစ်စေနိုင်တယ်၊ အဲဒီလို ဖြစ်စေနိုင်တဲ့ အတွက်ကြောင့် အဲဒီလို တရွေ့ခြင်း ရွေ့ရှား၍ သွားခြင်းကြောင့် ဂမနံ နာမ ဇာယတိ၊သွားတယ် ဆိုတာလဲ လောကမှာ ဖြစ်ပေါ်ရတယ်၊ အာဂမနံ နာမ ဇာယတိ၊ ပြန်လာဘယ်ဆိုဘာလဲ ဖြစ်ပေါ်ရဘယ်၊ ဂမနာဂမနံနာမ ဇာယတိ၊ သွားတယ် လာဘယ်ဆိုဘဲ့ ဝေါဟာရလဲ ဖြစ်ပေါ်ရတယ်၊ ယောဇနံဂတော၊ ဒသယောဇနံ ဂဘောတိ ဝတ္တဗ္ဗတံ အာပဇ္ဇာပေတိ၊ တယူဇနာ သွားတယ်, နှစ်ယူဇနာ သွားတယ်, ဆယ်ယူဇနာ သွားတယ်၊ ယခုခေတ် ဝေါဟာရနှင့် ဆိုလျှင်တော့ တမိုင်သွားတယ်၊ နှစ်မိုင်သွားတယ်၊ ဆယ်မိုင်သွားတယ် စသည်ဖြင့် ခေါ်ဝေါ်ခြင်းသို့လဲ ရောက်သွားပါတယ်ဘဲ့။

## နွားခုနစ်ရှဉ်း ဥပမာ

အဲဒီ နေရာမှာ ဥပမာကိုလဲ ပြပြီးထားပါတယ်၊ နွားခုနစ်ရှဉ်း ထမ်းပိုး ခုနစ်ခုနှင့် တပ်ပြီးတော့ ရုန်းရမည့် အင်မတန်လေးတဲ့ လှည်းတခု ရှိပါတယ်တဲ့၊ အဲသလို လှည်းကို နွားတရှဉ်း ထမ်းပိုးတခု တပ်ပြီး ရုန်းရုံနှင့်တော့ တောင့်ရုံဘဲ တောင့်ပြီးဘော့ နေဘယ်၊ လှည်းဟာ ဘာမျှ လှုပ်ရှားခြင်း မရှိဘူး၊ နွားနှစ်ရှဉ်းနှင့် ထမ်းပိုးနှစ်ခုဘပ်၊ သုံးရှဉ်းနှင့် သုံးခုတပ်၊ လေးရှဉ်း၊ ငါးရှဉ်း၊ ခြောက်ရှဉ်းနှင့် ထမ်းပိုးခြောက်ခုတပ် ပြီးတော့ မောင်းလိုက်ပေမယ်လို့လဲ လှည်းဝန်ကို တောင့်နေစေရုံသာ ရှိပါဘယ်တဲ့၊ မရွေ့စေနိုင်ဘူး။

နောက် သတ္တမ-ခုနစ်ခုမြောက်တဲ့ နွားရှဉ်းနှင့် ထမ်းပိုးကို တပ်ပြီး မောင်းလိုက်ဘဲ့အခါကျတော့မှ ယခင်က နွားခြောက်ရှဉ်းက ဆွဲထားတဲ့ အား နှင့် အကုန်လုံးပေါင်းပြီးတော့ ဆွဲလိုက်တဲ့အတွက် လှည်းဟာရွေ့ရှားသွားပါ တယ်တဲ့။

အဲဒီ ဥပမာလိုပါဘဲ၊ တခုသော ဝီထိအတွင်းမှာ ပါဝင်တဲ့ ဇောခုနစ်ကြိမ် ထဲက ပဌမဇောမှ ဆဋ္ဌဇောဘိုင်အောင်သော ဇောခြောက်ကြိမ်ကြောင့် ဖြစ်ဘဲ့ ဝါယောဓာတ်တွေက တောင့်ရုံသာ တောင့်စေနိုင်တယ်၊ လှုပ်ရှား အောင် မဘတ်နိုင်ဘူး၊ ခုနစ်ကြိမ်မြောက် ဖြစ်တဲ့ ဇောကြောင့်သာလျှင် လှုပ်ရှားသွားတယ်လို့ ဒီအဋ္ဌကထာမှာ ရုပ်တို့၏ရွေ့ရှားပုံကို ဖော်ပြပြီး ထားပါ တယ်။

ဒီစကားရပ်ဖြင့် ယခုလောကမှာ ငါသွားတယ် သူသွားတယ် ပုဂ္ဂိုလ် သွားဘယ် စသည်ဖြင့် ထင်မြင်နေတာတွေဟာ ဒီစိတ္တဇရုပ်တွေ၏ တွန်းကန်မှု ကြောင့် ရွေ့ရှားသွားလာနေခြင်းမျှဘဲ ဆိုတာကို ဖော်ပြခြင်း ဖြစ်ပါတယ်။

ပြီးတော့ကာ စိတ္တဇရုပ် ရွေ့ရှားသွားလို့ရှိလျှင် စိတ္တဇရုပ်နှင့် တွဲပြီး ဖြစ်နေတဲ့ ကမ္မဇရုပ်တွေလဲ ကိုယ်ထဲမှာ အပြည့်ရှိပါတယ်၊ ဥတုဇရုပ်တွေလဲ အပြည့်ရှိပါဘယ်၊ အာဟာရဇရုပ်တွေကလဲ အပြည့်ရှိပါတယ်၊ အဲဒီ ရုပ်တွေ ဟာလဲ စိတ္တဇရုပ် လှုပ်ရှားရာသို လိုက်ပါပြီးတော့ ရွေ့ရှားကြပါတယ်။

ဥပမာဆိုလို့ရှိလျှင် ရေပေါ်မှာ မျောပြီးဘော့နေတဲ သစ်ကိုင်းချောက် များ မြက်များ သစ်ရွက်များ ရှိပါဘယ်၊ အဲဒါဘွေဟာ ရေကလှုပ်ရှားလျှင် သူဘို့လဲ လှုပ်ရှားသွားပါဘယ်၊ ရေကငြိမ်နေလို့ရှိလျှင်လဲ သူတို့လဲ ငြိမ်နေပါ တယ်၊ ဒါသိုပါဘဲလို့ ဥပမာ ပြသွားပါတယ်၊ အဲဒါဟာ အဋ္ဌသာလိနီ အဋ္ဌ ကထာက ပြဆိုသော စကားများ ဖြစ်ပါတယ်။

## ဒီဃနိကာယ်တုန်းက စကားဆက်

အဲဒီ အဋ္ဌကထာစကားနှင့် ယခင်က ကြွင်းကျန်နေခဲ့တဲ့ သီလက္ခန် အဋ္ဌကထာ အသမ္ဘောဟ သမ္ပဇဉ်ပိုင်းက စကားနှင့် အလွန်စပ်ဆိုင်နေပါတယ်၊ တသဘောတည်းလည်း ဖြစ်နေပါတယ်၊ ဒါကြောင့် အဲဒီ အကြွင်းအကျန် ကလေးကို ယခု ဆက်ပြီးတော့ လျှောက်ထားပါမည်ဘုရား။

ဂေါစရသမ္ပဇဉ်ဖြင့် အမြဲမပြတ် ဘာဝနာကို နှလုံးသွင်းနေတဲ့ ပုဂ္ဂိုလ်မှာ အသမ္မောဟသမ္ပဇဉ် ဖြစ်လာပါတယ်၊ အသမ္မောဟသမ္ပဇဉ် ဖြစ်တဲ့ ပုဂ္ဂိုလ်မှာ တနေ့က သျှောက်သွားခဲ့တဲ့အတိုင်း ဘာဝေခြင်း အသိမှားခြင်း မရှိပါဘူး၊ လောကမှာ မိမိတို့ သန္တာန်က ဖြစ်ပျက်နေ တဲ့ ရုပ်နာမ်တွေကို မသိသေးတဲ့ အန္ဓဗာလပုထုဇဉ် ပုဂ္ဂိုလ်တွေကတော့ သွားမယ်လို့ကြံတဲ့ စိတ်ကလေးကိုလဲ အတ္တဘဲလို့ စွဲလမ်းနေကြပါတယ်၊ ဒါကြောင့် အတ္တကဘဲ သွားအောင် လုပ်ပေးတယ်လို့ ဒီလို ထင်မှတ် စွဲလမ်းနေပါတယ်။

လှုပ်ရှားတဲ့ ရုပ်တွေကိုလဲ အတ္တလို့ စွဲလမ်းနေကြပါတယ်၊ ဒါကြောင့် အတ္တကဘဲ ရှေ့သို့ သွားတယ်လို့ ဒီလို ထင်မြင်စွဲလမ်းနေပါတယ်။

အသမ္မောဟသမ္ပဇဉ် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာတော့ အဲဒီလို ထင်မှတ်ခြင်း စွဲလမ်းခြင်း သိမှားခြင်း မရှိတော့ပါဘူးတဲ့၊ ဒါဖြင့် ဘယ်လို သိနေတုံး ဆိုတော့ အဋ္ဌသာလိနီ အဋ္ဌကထာမှာပြထားတဲ့ စိတ်ကြောင့် ရုပ်တွေ အဆင့်ဆင့် ဖြစ်ပြီးတော့ ရွေ့ရှားနေပုံကို သိလာပါတယ်၊ အဲဒီ သိပုံတွေကို သီလက္ခန် အဋ္ဌကထာမှာ အကျယ်ကြီးဘဲ ပြထားပါတယ်၊ သုတ်အဋ္ဌကထာ ပေမယ်လို့ အဘိဓမ္မာလိုဘဲ တော်တော်စိတ်စိတ်မွှာမွှာ ခွဲခြမ်းပြီး ပြထားပါတယ်။

အဘိက္ကမာမီတိ စိတ္တေ ဥပ္ပဇ္ဇမာနေ၊သွားမည်လို့ ကြံလိုက်ထာနှင့် အဲဒီစိတ်ကြောင့် စိတ္တသမုဋ္ဌာန် ဝါယောဓာတ် ဖြစ်ပါတယ်တဲ့၊ အဋ္ဌသာလိနီက ပြောတဲ့ ဝါယောဓာတ်ပါဘဲ၊ အဲဒီ ဝါယောဓာတ်က ဝိညတ်ကို ဖြစ်စေပါတယ်တဲ့၊ ဒါဟာ ဒီလို "ဝိညတ်ကို ဖြစ်စေတယ်ဆိုပေမယ်" လို့ ဝိညတ်နှင့် ဝါယောဓာတ်ဟာ တပေါင်းတည်းပါဘဲ၊ ဝိညတ်ဟာ ဝါယောဓာတ်၏ သတ္တိဘဲ ဖြစ်ပါတယ်၊ အလိုရှိရာဘက်သို့ လှုပ်ရှားတွန်းကန်တဲ့ သတ္တိအထူးပါဘဲ၊ ဒီလို တပေါင်းတည်း ဖြစ်လာတာကိုပင် ရှင်းလင်းစွာ သိအောင်လို့ ဝါယောဓာတ်က ဝိညတ်ကို ဖြစ်စေတယ်လို့ ဆိုထားပါတယ်။

ဒါကို စဉ်းစားကြည့်ဘို့ကတော့ ရုပ်ဆိုတာဟာ ကမ္မဇ, စိတ္တဇ, ဥတုဇ အာဟာရဇလို့ လေးမျိုးသာ ရှိပါတယ်၊ ဝါယောဓာတ်ကြောင့် ဖြစ်တဲ့ ဝါယောဇရုပ်ရယ်လို့တော့ မရှိပါဘူး၊ ဒီလို မရှိပေမယ်လို့ ဝါယောဓာတ်၏ သတ္တိအထူးကို တင်ရှားအောင်သို့ ဝါယောဓာတ်က ဝိညတ်ကို ဖြစ်စေတယ်လို့ ဆိုထားပါတယ်။

အဲဒီလို စိတ်ကြောင့် ဖြစ်တဲ့ လှုပ်ရှားမှု ဝါယောဓာတ်တွေက ခုနက ပြောခဲ့တဲ့အတိုင်း တကိုယ်လုံးမှာ အနှံ့အပြား ဖြစ်ပြီးတော့ တရွေ့ခြင်း ရွေ့ရွေ့သွားတိုင်း သူတို့နှင့် တပေါင်းတည်းဆက်စပ်နေတဲ့ ကမ္မဇရုပ်,ဥတုဇရုပ်, အာဟာရဇရုပ်တွေကလဲ ရေလှုပ်လျှင် ရေပေါ်က အမှိုက်သရိုက်တွေလဲ လှုပ်လှုပ် သွားသလိုဘဲ ရွေ့ရွေ့ပြီးတော့ လိုက်ပါသွားကြပါတယ်။

ဒီလို တကိုယ်လုံးရှိရုပ်တွေ အသစ် အသစ် ဖြစ်ပြီး တရွေ့ခြင်း ရွေ့ရွေ့ သွားသောကြောင့်၊ ကာယသမ္ဘတော အင်္ဂသဏ္ဍာတော အဘိက္ကမတိ၊ ကိုယ်လို့ ခေါ်တဲ့ အရိုးစုကြီး ရှေ့သို့တိုးသွားဘယ်လို့ ဆိုထားပါတယ်၊ အင်္ဂသဏ္ဍာတော အစား "ရူပသဏ္ဍာတော- ရုပ်အပေါင်း"လို့ ရှိနေလျှင် သာပြီး ရှင်းမှာပါဘဲ၊ ဓာတုသဏ္ဍာတော-ရှိလျှင်တော့ နောက်နားမှာ ဆိုထားတဲ့ "ဓာတူနံ ဂမနံ ဓာတူနံ ဌာနံ"အစရှိတဲ့ စကားနှင့်သာပြီး ဆီလျော်မှာပါဘဲ၊ ဆိုလိုရင်းက တော့ ရုပ်အပေါင်း တရွေ့ခြင်း ရွေ့ရွေ့သွားတာကိုဘဲ ဆိုလိုပါတယ်။

## ဓာတ်လေးပါး၏ အချင်းချင်း ဦးဆောင်ချိန်

အဲဒီလို ရွေ့သွားတဲ့အခါ ခြေဘလှမ်းအဘွင်း ခြေထောက်ကြွခိုက်မှာ ပထဝီဓာတ်နှင့် အာပေါဓာတ်က အားနည်းပြီးတော့ ဝါယောဓာတ်နှင့် တေဇောဓာတ်က အားကြီးပါဘယ်၊ ပြီးတော့ တဘက်ခြေကို ဆွဲဆောင် ခိုက်နှင့် တဖက်ခြေကို ကျော်လွန်ပြီး ရှေ့လှမ်းခိုက်များလဲ အတူတူပါဘဲတဲ့။

ဒီနေရာမှာ ဋီကာအဖွင့်က မှတ်သားဘွယ်ကောင်းပါတယ်၊ ဝါယော ဓာတုယာ အနုဂတာ တေဇောဓာတု ဥဒ္ဓရဏာသာ ပစ္စယောတဲ့။ နောက်လိုက် ဝါယောဓာဘ်နှင့်တကွ တေဇောဓာဘ်, ဝါယောဓာတ်က အားပေး ထောက်ပံ့ နေတဲ့ တေဇောဓာဘ်ဟာ ခြေထောက်ကြွခြင်း၏ အကြောင်း ဖြစ်ပါတယ်တဲ့၊ ခြေထောက်ကြွခိုက်မှာ တေဇောဓာတ်က လွန်ကဲနေတယ်၊ အဲဒီ တေဇော ဓာဘ်ကို ဝါယောဓာဘ်က အားပေးနေတယ်လို့ ဆိုလိုပါတယ်။

ဘာကြောင့်ဘုံးလို့ဆိုတော့၊ ဥဒ္ဓရဏဂတိကာ ဟိ တေဇောဓာတု၊ တေဇောဓာတ် ဆိုတာ အထက်သို့ဆောင်ခြင်း, ကြွတက်စေခြင်း သဘောရှိလို့ ပါဘဲဘဲ၊ ဘေဇောဓာဘ်က အနိုးအငွေ့သဘော ဖြစ်တဲ့အတွက် သူကိုယ်တိုင် က ပေါ့ပြီး ကြွတက်တတ်လို့ ကြွတက်စေခြင်း သဘောရှိပါတယ်၊ ဒါကြောင့် ခြေထောက်ကြွခိုက်မှာ အဲဒီ ကြွတဲ့ ခြေထောက်ဘက်မှလှုပ်ရှားအောင် အား

ပေးဘဲ့ ဝါယောဓာတ်နှင့် ပေါ့ဘက်လာဘဲ့ တေဇောဓာတ်တွေ ထင်ရှားနေ တယ်၊ ပထဂီ အာပေါဆိုဘဲ့ အလေးဓာတ်တွေကတော့ အဲဒီ အခိုက်မှာ အဲဒီ ခြေဘက်မှ အားနည်းနေဘယ်လို့ ဆိုပါတယ်။

ပြီးတော့ တဘက်ခြေဆီသို့ ဆွဲဆောင်ခိုက် ရှေ့သို့လှမ်းခိုက်များမှာလဲ နည်းဘူဘဲလို့ အဌကထာက ညွှန်းသွားပါတယ်၊ ဒီမှာလဲ ဋီကာက"ဆွဲ ဆောင်ခိုက်, ရှေ့သို့ လှမ်းခိုက်များမှာတော့ ဘေဇောဓာတ်က နောက်လိုက် အားပေးဖြစ်ပြီး ဝါယောဓာဘ်က လွန်ကဲဘယ်"လို့ ခွဲခြားပြီး ပြဆိုထားပါ တယ်၊ တိရိယဂဘိကာ ဟိ ဝါယောဓာဘု၊ ဝါယောဓာဘ်ဟာ ဘေးသို့ သွား တဘ်ဘဲ့ သဘောရှိဘယ်သို့ အကြောင်းလဲ ပြထားပါတယ်၊ ဒါကြောင့် ဘေး ကို ရွေ့ရှားသွားဘဲ့အခါမှာ ဝါယောဓာဘ် လွန်ကဲဘယ်၊ ဝါယောဓာတ် ထင် ရှားတယ်လို့ မှတ်ရပါတယ်။

ပြီးဘော့ ခြေလှမ်းအရှိန်ကို လွှတ်လိုက်ဘဲ့အခါမှာ လေးလေးပြီး ကျ သွားပါတယ်၊ အဲဒီ အခါမှာ ပထဝီဓာတ်နှင့် အာပေါဓာဘ်က အားကြီးပြီး ဘော့ ဘေဇောဓာဘ်နှင့် ဝါယောဓာတ်က အားနည်းသွားတယ်လို့ အဌ ကထာက ပြပါဘယ်၊ ဒီနေရာမှာလဲ ဋီကာက ပထဝီဓာဘ်က နောက်လိုက် အားပေးဖြစ်ပြီး အာပေါဓာဘ်က အားကြီးဘဲ့အကြောင်း,ခြေလှမ်းအရှိန်ကို စွန့်လွှတ်ခြင်းအား ကျေးဇူးပြုဘဲ့အကြောင်းကို ခွဲခြားပြီး ပြဆိုပြန်ပါတယ်၊ အာပေါဓာတ်က အားကြီးတယ်လို့ ဘာကြောင့် ဆိုရပါသလဲလို့ဆိုတော့၊ ဂရု တရသဘာဝါ ဟိ အာပေါဓာတု၊ အာပေါဓာဘ်က ဂရုတရ-သာလွန်ပြီး လေး ခြင်း သဘောရှိသောကြောင့်ပါသို့ အကြောင်းသဲ ပြသွားပါတယ်၊ အဌ သာသိနီအဌကထာ ရူပကဏ္ဍမှာ ဂရုကံ-လေးဘယ်ဆိုဘဲ့ ပုဒ်ဖြင့် ပထဝီကို ဝေဘန် ဖွင့်ပြဘဲ့ အကြောင်း မိန့်ဆိုထားပါတယ်၊ ဒါပေမယ့် ဒီ ဋီကာမှာ အာပေါဓာဘ်ကို ဂရုတရသဘာဝါလို့ တရပစ္စည်းနှင့် ဆိုထားတဲ့အတွက် ပထဝီ ထက် အာပေါက သာပြီး လေးဘယ်လို့ ဆိုလိုကြောင်း သိရပါတယ်။

ဒါကြောင့် ခြေလှမ်းအရှိန်ကို လွှတ်လိုက်လို့ ကျသွားတဲ့အခါမှာ သာပြီး လေးဘဲ့ အာပေါဓာဘ်က လွန်ကဲပြီးတော့ ထင်ရှားတယ်လို့ မှတ်ရပါတယ်။

ပြီးတော့ ခြေထောက်ကို ကြမ်းပြင်မြေပြင်ပေါ် ချလိုက်တဲ့အခါမှာ အဲဒီကြမ်းဘော့မြေပြင်နှင့် ထိပြီး တည်နေပါတယ်၊ အဲဒီအခါမှာတော့ ပထဝီ ဓာဘ်က လွန်ကဲတယ်လို့ ဆိုပါတယ်၊ ပထဝီဓာတ်ဆိုတာ သမ္ဗဋ္ဌိစ္ဆနလက္ခဏာ

ထိပါးတိုက်ခိုက်လာသမျှကို ခံလင့်ခြင်း, တောင့်ခံထားခြင်း, တိုက်ခံထားခြင်း သဘောရှိပါတယ်၊ ဒါကြောင့် အဲဒီလို မြေပြင် ကြမ်းပြင်နှင့် ထိပြီး တန့်ခံနေတဲ့အခါမှာ အာပေါဓာတ်က နောက်လိုက်ဖြစ်ပြီး ပထဝီဓာတ်က အားကြီးနေတယ်လို့ ဆိုပါတယ်၊ ဖိပြီး နင်းခိုက်မှာလဲ အတူတူပါဘဲ၊ အာပေါက နောက်လိုက်ဖြစ်ပြီး ပထဝီက အားကြီးနေတာပါဘဲတဲ့။

ယခု ပြောခဲ့ဘာဘွေဟာ ခြေတလှမ်းအတွင်းမှာ ဓာတ်လေးပါးလုံး သူ့အခိုက်နှင့် သူ အသီးအသီး လွန်ကဲပုံ ထင်ရှားပုံများ ဖြစ်ပါတယ်၊ အကျဉ်းအားဖြင့်ဆိုလျှင် ခြေကြွခိုက်မှာ တေဇောက လွန်ကဲထင်ရှားတယ်၊ ဆွဲခိုက် လှမ်းခိုက်များမှာ ဝါယောက လွန်ကဲ ထင်ရှားတယ်၊ ခြေလှမ်း အရှိန်လွှတ်ခိုက်မှာ အာပေါက လွန်ကဲ ထင်ရှားတယ်၊ ချခိုက် နင်းခိုက်များမှာ ပထဝီက လွန်ကဲ ထင်ရှားတယ်လို့ ဆိုလိုပါတယ်၊ ဒါဟာ အဋ္ဌကထာနှင့် ဋီကာ အဖွင့် နှစ်ရပ်ကို ပေါင်းစပ်ပြီး ပြခြင်း ဖြစ်ပါတယ်။

## အကြွ, အချ ရှုနည်း

အဲဒီလို ခြေတလှမ်းအတွင်း ဓာတ်လေးပါး အသီး အသီး လွန်ကဲနေတဲ့ အခိုက်အတန့် ခြောက်ခုရှိရာမှာ ဥဒ္ဓရဏေ ပဝတ္တာ ရူပါရူပမ္မာ အတိဟရဏံ န ပါပုဏန္တိ၊ ခြေထောက်ကြွခိုက်က ဖြစ်နေတဲ့ ရုပ်နာမ်ဟာ ဆွဲဆောင်ခိုက်သို့ မရောက်ပါဘူးတဲ့၊ ခြေထောက်ကြွမယ်လို့ ကြံတဲ့ စိတ်ရယ်၊ ကြွတက်လာတဲ့ ရုပ်ရယ်၊ အဲဒီ နာမ်ရုပ် တစုံဟာ တဘက်ဆီ ဆွဲယူမယ်လို့ ကြံတဲ့ စိတ်နှင့်ဆွဲယူလိုက်ဘဲ့ ရုပ်ဆိုတဲ့ ဆွဲဆောင်ခိုက် ထိအောင် မရောက်ဘဲ ချုပ်ပျောက်သွားပါတယ်ဘဲ့။

ထို့အတူ ဆွဲခိုက်က နာမ်ရုပ်ဟာ လှမ်းခိုက်သို့ မရောက်၊ လှမ်းခိုက်က နာမ်ရုပ်ဟာ ခြေလှမ်းအရှိန် လွှတ်ခိုက်သို့ မရောက်၊ လွှတ်ခိုက်က နာမ်ရုပ်ဟာ အောက်ချထားခိုက်သို့ မရောက်၊ ချထားခိုက်က နာမ်ရုပ်ဟာ ဖိပြီး နင်းခိုက်သို့ မရောက်ဘဲ၊ တတ္ထ တတ္ထေဝ၊ ထိုထို သူ့အခိုက်အတန့်၌သာလျှင်။ ပဗ္ဗံ ပဗ္ဗံ၊ အဆစ် အဆစ် အပိုင်း အပိုင်း။ သန္ဓိ သန္ဓိ၊ အစပ် အစပ်။ ဩဓိ ဩဓိ၊ အကန့် အကန့်။ ဟုတွာ၊ ဖြစ်၍။ တပိုင်းစီ တပိုင်းစီ ပြတ်ပြီး ပျက်ပျက်သွားတယ်လို့ ဆိုလိုပါတယ်။ ဘယ်သို့လဲဆိုတော့ကာ တတ္တကပါလေ ပက္ခိတ္တတိလာဝိယ ပဋပဋာယန္တာ၊ အလွန်ပူနေတဲ့ ဒယ်အိုးကင်းထဲမှာ ထည့်လိုက်တဲ့ နှမ်းလုံး

ကလေးတွေဟာ ဖတ်ဖတ်မြည်ပြီး ပျက်ကွဲသွားကုန်ဘိသကဲ့သို့။ ဘိဇ္ဇန္တိ၊ ပျက်သွားကြပါတယ်တဲ့။

ဒါဟာ ဂေါစရသမ္ပဇဉ်နှင့် အားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာ အသမ္မောဟသမ္ပဇဉ်ဖြစ်ပြီး သိလာပုံပါဘဲ၊ တကယ်တမ်း အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဒီအတိုင်းဘဲ သိရပါတယ်၊ အကြောင်းစိတ်ကလေးတွေနှင့် အကျိုးရုပ်ကလေးတွေဟာ သူ့စိတ်နှင့် သူ့ရုပ် အဘွဲလိုက် အတွဲလိုက် တပိုင်းစီ ဖြစ်ပြီး ပျက်ပျက်သွားဘာကို ထင်ရှားတွေ့ပြီး သိရပါတယ်၊ လက်ခြေများကို ကွေးချင်ဆန့်ချင်ဘဲ့အခါမှာ ဆိုလျှင် အကြောင်းစိတ်ကလေးတွေဟာ သာပြီး ထင်ရှားတတ်ပါတယ်၊ ကွေးမယ်၊ ကွေးမယ်၊ ဆန့်မယ် ဆန့်မယ်နှင့် ဆင့်ကာဆင့်ကာ ဖြစ်တဲ့ စိဘ်ကလေးတွေ တော်တော်များလာမှ ကွေးမှု ဆန့်မှု တခုဖြစ်ပေါ်လာတာကို တွေ့ရတယ်၊ ဒါကြောင့် မပြတ်ရှုနေတဲ့ ပုဂ္ဂိုလ်မှာ ခြေလှမ်းတိုင်းခြေလှမ်းတိုင်း သွားချင်တဲ့စိတ်နှင့် လှုပ်ရှားရုပ်,သွား ရုပ် အဆင့်ဆင့် တပိုင်းစီ တပိုင်းစီ ဖြစ်ပျက်သွားဘာကို ယခုပြောခဲ့ဘဲ့အတိုင်း တွေ့ပြီး သိရပါတယ်။

ဒီလို သိရတဲ့အတွက် တတ္ထ၊ ရှေးရှေးအခိုက်တန့်မှ နောက်နောက်အခိုက်အတန့်သို့ မရောက်ဘဲ ပျက်ပျက်သွားသော ထိုရုပ်နာမ် အပေါင်းထဲ၌၊ ကော ကော အဘိက္ကမတိ၊ ရှေ့သို့သွားတဲ့ ပုဂ္ဂိုလ်တယောက် ဘယ်မှာရှိပါမည်လဲ။ ကဿ ဝါ ဧကဿ အဘိက္ကမနံ၊ ဘယ်သူ တဦးတယောက်၏ ရှေ့သို့သွားခြင်း ဖြစ်နိုင်ပါမည်လဲ။ ပရမတ္ထတော ဟိ၊ အမှန်အားဖြင့်မူကား။ ဓာတူနံ ယေဝ ဂမနံ၊ ရုပ်နာမ်ဓာဘ်တို့၏ သွားခြင်းမျှဘဲတဲ့။ သွားချင်တာက စိတ်နာမ်ဓာတ်တွေ၊ သွားတာ ရွေ့ရှားတာက ရုပ်ဓာတ်တွေ၊ အဲဒီနာမ်ဓာတ်နှင့် ရုပ်ဓာတ်တွေ တပိုင်းစီ တပိုင်းစီ အဆင့်ဆင့် ဖြစ်ပြီး ရွေ့ရွေ့သွားနေတာကိုသာ တွေ့ရတယ်လို့ ဆိုလိုတယ်၊ ဓာတူနံယေဝ ဂမနံ၊ ဓာတ်တို့၏ သွားခြင်းမျှဘဲ။ ပုဂ္ဂိုလ်၏ သွားခြင်းမဟုတ်။ ဓာတူနံ ဌာနံ၊ ရပ်နေလျှင်လဲ ဓာတ်တို့၏ ရပ်ခြင်းမျှဘဲ။ ဓာတူနံ နိသဇ္ဇနံ၊ ထိုင်နေလျှင်လဲ ဓာတ်တို့၏ ထိုင်ခြင်းမျှဘဲ။ ဓာဘူနံ သယနံ၊ လဲလျောင်းနေလျှင်လဲ ဓာတ်ဘို့၏လဲလျောင်း အိပ်ခြင်းမျှဘဲဘဲ။ အဲဒီလို ရှင်းရှင်းလင်းလင်း မဘွေ့မဝေ သိသွားပါတယ်တဲ။

ဒီနေရာမှာ မှတ်သားဘွယ် ကောင်းတဲ့ ဋီကာအဖွင့်ကလေးကို ပြပါဦးမည်၊ ပဗ္ဗံ ပဗ္ဗံ စသည်ဖြင့် တပိုင်းစီ တပိုင်းစီလို့ ဆိုတာဟာ၊ သဘာဂသန္တတိ

ဝသေန ဝုတ္တံ၊ ကြွခြင်း ဆွဲခြင်း အစရှိသော သဘောတူရာ တူရာ ရုပ်မျိုးများကို ရည်ပြီးတော့ ဆိုပါတယ်ဘဲ့။ ခြေတလှမ်းအတွင်းမှာ ခြေထောက် ကြွနေတာ အကုန်လုံးက ကပိုင်း၊ ဆွဲဆောင်နေတာ အကုန်လုံးကလဲ တပိုင်း၊ ရှေ့ကိုလှမ်းနေတာ အကုန်လုံးကလဲ တပိုင်း စသည်ဖြင့် သဘောတူတဲ့ ရုပ်အမူအရာ တစုလုံး တစုလုံးကို တပိုင်း တပိုင်းလို့ ဆိုလိုပါတယ်၊ ရုပ်တခု တခုကို တပိုင်း တပိုင်းလို့ မဆိုလိုပါဘူးတဲ့။

ပြီးဘော့ အဲဒီ ရုပ်ဘွေ့ အဖြစ်မြန်ပုံကိုလဲ အတိ ဠုတ္တရော ဟိ ရူပဓမ္မာနမ္ပိ ပဝတ္တိက္ခဏော၊ နာမ်တရားတို့၏ ဖြစ်ခိုက်သာ တိုတောင်းတာ မဟုတ်ပါဘူး၊ ရုပ်တရားတို့၏ ဖြစ်ခိုက် ခဏလဲ အလွန်တိုတောင်း အလွန်လျှင်မြန်ပါတယ်တဲ့၊ အဲဒါကို၊ ဂမနဃာဒါနံ ဒေဝပုတ္တာနံ ဟေဋ္ဌုပရိယေန ပဋိမုခံ ဓာဝန္တာနံ သိရသိ ပါဒေ စ ဗဒ္ဓခုရဓာရာသမာဂမတောပိ သီဃတရော လို့ ဥပမာနှင့်တကွ ပြထားပါတယ်။

## ရုပ်နာမ်လျှင်မြန်ပုံ ဥပမာ

ဒီ ဥပမာကလေးကလဲ အနက်အဓိပ္ပါယ် မလွယ်လှပါဘူး၊ ရှင်းပြီး ပြောသွားပါမည်၊ အမြန်ပြေးသွားမှုကို သာယာနေတဲ့ နတ်နှစ်ယောက် ရှိတယ်လို့ ထားပါတဲ့၊ အရှေ့အရပ်က နတ်က အနောက်အရပ်သို့ အစွမ်းကုန် အမြန်ပြေးတယ်၊ အနောက်အရပ်က နတ်ကလဲ အရှေ့အရပ်ကို အမြန်ပြေးလာတယ်၊ ပြေးတဲ့လမ်းကလဲ အရှေ့နတ်ကအောက်၊ အနောက်နတ်က အထက် ဒီလို အထက် အောက်တည့်တည့် ဖြစ်နေရမည်၊ ပြီးတော့ အောက်နတ်၏ ခေါင်းမှာ သင်ဓုန်းသွားထောင်ပြီး တပ်ထားရမယ်၊ အထက်နတ်၏ ခြေဖဝါးမှာ သင်ဓုန်းသွားစိုက်ပြီး တပ်ထားရမယ်၊ အဲဒီ နတ်နှစ်ယောက် ယခုပြောခဲ့တဲ့ အတိုင်း သူ့ လမ်းနှင့် သူ ရင်ဆိုင်အစွမ်းကုန် အမြန်ပြေးလာကြတယ်ဆိုလျှင် သူတို့နှစ်ဦး ဆုံမိတဲ့နေရာမှာ အောက်နတ်၏ ခေါင်းက သင်ဓုန်းသွားနှင့်အထက်နတ်၏ ခြေက သင်ဓုန်းသွားများဟာ အထက်အောက် တည့်တည့်မတ်မတ် ဖြစ်တဲ့အချိန်ကလေး ရှိပါတယ်၊ အဲဒါဟာ ဘယ်လောက်မှ မကြာပါဘူး၊ လှစ်ကနဲ တည့်ပြီး လွန်သွားကြမှာပါဘဲ၊ ယခု ကာလမှာဆိုလျှင် အထက်အောက် ရင်ဆိုင်ပျံလာတဲ့ လေယျာဉ်ပျံ နှစ်စင်းနှင့် ဥပမာပေးလျှင် သာပြီး ထင်ရှားပါသိမ့်မည်၊ အောက်လမ်းက ပျံမည့် လေယျာဉ်ပျံ၏ ကျောမှာ

အသေးဆုံး အမျှင်ကြောင်းကလေး ကန့်လန့်ဖြတ် ရေးထား၊ အထက် လေယာဉ်၏ ဝမ်းမှာလဲ ထိုအဘူတဲ ရေးထား၊ အဲဒီ လေယျာဉ်ပျံ နှစ်စင်း အထက် အောက် ဆင့်ပြီး ရင်ဆိုင် အမြန်ဆုံး ပျံလာကြမည်ဆိုလျှင် သူတို့ နှစ်စင်း ဆုံမိတဲ့နေရာမှာ သူ့ဘို့မှာ ရေးထားတဲ့ အစင်းကြောင်းကလေးနှစ်ခု ဆုံမိပြီး သွားတဲ့အချိန်ဟာ အင်မတန် တိုတောင်းမယ် ဆိုတာ ထင်ရှားပါတယ်၊ ရှေးကတော့ ယခုလို လေယာဉ်မျိုးက မပေါ်သေးလို့ နတ်နှင့်ဘဲ ဥပမာ ပေးထားပါတယ်၊ နတ်က ဘယ်လောက် မြန်တယ် ဆိုတာကိုတော့ လက်ဆုပ် လက်ကိုင်ပြဘို့ မလွယ်ပါဘူး၊ ဒါပေမဲ့ နတ်ဆိုတာ အင်မတန် မြန်တယ်၊ လေယာဉ်ပျံထက် အဆပေါင်း များစွာ မြန်တယ် ဆိုတာကို အများက လက်ခံ ယုံကြည်ထားပြီးဖြစ်ပါတယ်၊ ဒါကြောင့် ဒီဥပမာကို ပေးထားခြင်း ဖြစ်ပါတယ်။

အဲဒီ ဥပမာထဲက အထက်နတ်၏ ခြေက သင်ဓုန်းသွားနှင့် အောက်နတ်၏ ခေါင်းက သင်ဓုန်းသွား ဘို့ တည့်တည့်ဆုံမိတဲ့ အချိန်ကလေးဟာ အင်မတန် တိုတောင်းမယ် အင်မတန် လျှင်မြန်မယ် ဆိုတာ ထင်ရှားပါတယ်၊ ယခု ခြေလှမ်းခိုက်မှာ ရုပ်တွေ ဖြစ်ပျက်တာက အဲဒီ သင်ဓုန်းသွားဆုံမိတဲ့ အချိန်ထက်တောင် လျှင်မြန်ပါသေးတယ်၊ အသမ္မောဟ သမ္ပဇဉ်ဖြစ်တဲ့အခါမှာ ဒီလို အင်မတန် လျှင်မြန်တဲ့ ရုပ်တရားတွေ ဖြစ်ပျက်ပုံကို သိရတယ်ဆိုတဲ့ အကြောင်းကို ဋီကာက ထပ်ဆင့်ပြီး ဖွင့်ပြသွားပါတယ်။

## ရုပ်သိလျှင် နာမ်ပါသိ၏

အဲဒီလို လျှင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်တွေကို သိတဲ့အခါမှာ နာမ် တရားတွေကိုလဲ သိတဲ့အကြောင်းကို အဋ္ဌကထာက ဆက်ပြီး ပြပြန်ပါတယ်၊ တသ္မိံ တသ္မိံ ကောဋ္ဌာသေ၊ ကြွခိုက်, ဆွဲဆောင်ခိုက် စသော ထိုထိုအပိုင်း၌။ သဒ္ဓိံ ရူပေန၊ ကြွမှု ဆွဲဆောင်မှု စသော ရုပ်နှင့်တကွ။ အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ တခြားသော စိတ်အသစ် ဖြစ်ပေါ်လာပါတယ်တဲ့။ အညံ စိတ္တံ နိရုဇ္ဈတိ၊ တခြားသော စိတ်အဟောင်းက ချုပ်သွားပါတယ်တဲ့။ ကြွခိုက်မှာ ကြွချင်တဲ့ စိတ်နှင့် ကြွတာကို သိတဲ့စိတ်-ဒီနှစ်မျိုးဟာ ရှေ့ဆင့် နောက်ဆင့် ဖြစ်ပြီးတော့ ချုပ်သွားပါတယ်၊ ဆွဲဆောင်ခိုက်မှာလဲ ဆွဲဆောင်ချင်တဲ့ စိတ်နှင့် သိတဲ့ စိတ်များ ဖြစ်ပြီး ချုပ်သွားကြပါတယ်၊ ဒီနည်းနှင့် ရှေ့စိတ်နှင့် နောက်စိတ်

ဟာ တခုပြီး တခု အဆက်မပြတ် ဖြစ်နေပါတယ်၊ ဒါကြောင့်၊ အဝီစိ၊ အပြတ် အခြားမရှိဘဲ။ အနုသမ္ဗန္ဓော၊ တဆက်တည်းစပ်လျက်။ ဝတ္တတိ၊ ဖြစ်နေတယ် လို့ ဆိုထားပါတယ်။

ဒီနေရာမှာလဲ ဋီကာက တစပ်တည်း ဖြစ်ပုံကို ဖွင့်ပြပြန်ပါတယ်၊ ယထာ၊ အကြင် အခြင်းအရာဖြင့်။ ဂဂိစိအန္တရော၊ အပြတ်အခြားကို။ န လဗ္ဘတိ၊ မရအပ်။ ကြားထဲက ပြတ်နေတာရယ်လို့ မတွေ့ရလောက်အောင်ဘဲ တသား တည်းလိုပင် ဆက်စပ်ပြီး ဖြစ်နေပါတယ်ဘဲ့။ တော၊ ယခု ဖြစ်လျက်ရှိသော ဤစိတ်သည်။ တဒေဝ၊ အလျင်ကတည်းက ရှိနေတဲ့ ထိုစိတ်ဘဲလို့။အဝိသေသ- ဝိဒုနော၊ ရှေ့စိတ် နောက်စိတ်တို့၏ အထူးကို မသိကြသော ပုဂ္ဂိုလ်တို့သည်။ မညန္တိ၊ ထင်မှတ်ကြပါတယ်ဘဲ့။

ဝိပဿနာ ဉာဏ်အမြင် မရှိသေးတဲ့ ပကတိပုဂ္ဂိုလ်တွေမှာ ဒီဋီကာက ပြဆိုထားတဲ့အတိုင်းဘဲ ထင်မှတ်နေကြပါတယ်၊ စောစောပိုင်း အချိန်များက စိတ်လဲ ယခုလက်ရှိ စိတ်ဘဲ၊ မနေ့ကစိတ်လဲ ယခုလက်ရှိစိတ်ဘဲ၊အလျင့် အလျင် နေ့များက စိတ်လဲ ယခုလက်ရှိ စိတ်ဘဲ၊ တသက်လုံး တဘဝလုံး ဒီတစိတ်တည်း ဘဲလို့ ထင်နေကြပါတယ်၊ ဒါဟာ ရှေ့စိတ်နှင့် နောက်စိတ်၏ အထူးအပြားကို မသိသေးတဲ့ ပုဂ္ဂိုလ်တွေ၏ ထင်မြင်ပုံပါဘဲ၊ ဒီလို အပြတ်အခြား မရှိဘူးလို့ ထင်ရလောက်အောင် ရှေးရှေးစိတ်နှင့် နောက်နောက်စိတ်ဟာ ဆက်စပ်ပြီး ဖြစ်နေပါတယ်တဲ့။

ဒါကြောင့် စိတ္တသန္တာနေ၊ စိတ်အစဉ်သည်ရင်း။ ရူပသန္တာနေ၊ ရုပ်အစဉ်သည်ရင်း။ နဒီသောတောဝ၊ မြစ်ရေအလျဉ်ကဲ့သို့ ။ ဝတ္တတိ၊ မပြတ် ဖြစ်နေပါတယ်တဲ့။ မြစ်ရေများဟာ ရောက်လာတဲ့ ရေဟောင်းက အောက်ကို စီးဆင်းသွားပါတယ်။ အထက်က ရေအသစ်တွေက အဲဒီ နေရာမှာ ရောက် လာပြန်ပါတယ်၊ ဒါကြောင့် မြစ်ကို ကြည့်လိုက်လျှင် ဒီရေတွေဘဲ အမြဲတမ်း ပြည့်နေသလိုလို ထင်ရပါတယ်၊ သို့ပေမဲ့ တနေရာရာမှာ စူးစိုက်ပြီး ကြည့်နေ မယ် ဆိုလျှင် ကြည့်ဘိုင်း ကြည့်ဘိုင်းဟာ ရေအသစ်အသစ်ကိုချည်း မြင်တွေ့ နိုင်ပါတယ်၊ အဟောင်းကိုတော့ မတွေ့နိုင်ပါဘူး၊ အဲဒါကို ဥပမာပေးထားပါ တယ်၊ ခန္ဓာကိုယ်ထဲက ရုပ်နာမ်တွေ တခုပြီး တခု ဆက်စပ်ပြီး ဖြစ်နေတာကလဲ အဲဒီ မြစ်ရေအလျဉ် ပြောင်းလဲပုံနှင့် တူပါတယ်တဲ့၊ အဲဒီ မြစ်ရေလျဉ်လို

ခဏမစဲ ပြောင်းပြီး ရုပ်နာမ်တွေ ဖြစ်ပျက်နေပုံကို အသမ္မောဟသမ္ပဇဉ်ဖြင့် သိဘယ်ဆိုတဲ့ အကြောင်းကို ဒီမှာ ပြသွားပါတယ်။

အဲဒီ သုတ်အဋ္ဌကထာ စကားရပ်မှာ ဣဓ ဘိက္ခုလို့ အစက ကတ္တားပုဒ် ရှိခဲ့ပါတယ်၊ အလယ်မှာလဲ အသမ္မုယှန္တော၊ မတွေဝေသည်ဖြစ်၍လို့ ဆိုပြီး တော့ အဲဒီ ဘိက္ခု ကတ္တားစပ်ဘို့ အဆုံးသတ် ပဓာန ကြိယာကတော့ မရှိဘဲ ဖြစ်နေပါတယ်၊ အဲဒါကို သတိပြုတော်မူကြပြီး ဖြစ်လိမ့်မည်လို့ အောက်မေ့ ပါတယ်၊ အမှန်ကတော့ အဲဒီမှာ ဝတ္တတီတိလို့ ဆိုပြီးတဲ့နောက်မှာ ဇာနာတိ ဖြစ်စေ ပဇာနာတိ ဖြစ်စေ ရှိမှ ပြည့်စုံပါမည်၊ သို့သော် ယခုလက်ရှိမူ အားလုံး မှာပင် မရှိဘဲ ဖြစ်နေတဲ့အတွက် အဲဒီ ကြိယာကို ဆောင်ပြီးတော့ဘဲ ယူနေရ ပါတယ်။

## လက္ခဏာရေးဖြင့်သိလျှင် အသမ္မောဟ

ဧဝံ အဘိက္ကမာဒီသု အသမ္မုယှနံ အသမ္မောဟသမ္ပဇညံ နာမ တဲ့၊ ယခုပြောခဲ့တဲ့အတိုင်း ရှေ့သို့သွားခြင်း, နောက်သို့ ဆုတ်ခြင်း, ကွေးခြင်း, ဆန့်ခြင်း အစရှိသော ကိုယ်အမူအရာဒွဂကို ပြုတိုင်း ပြုတိုင်း ရုပ်နာမ်တရား တွေဟာ တဆင့်က တဆင့်သို့ မရောက်ဘဲနှင့် ကုန်ကုန်သွားကြတယ်၊ ပျက် ပျက် သွားကြတယ်ဆိုတာကို တွေးပြီးတော့ မမြဲတဲ့သဘောချည်းဘဲ,ဆင်းရဲတဲ့ သဘောချည်းဘဲ,ပုဂ္ဂိုလ်သတ္တဝါကောင် မဟုတ်တဲ့ အနတ္တသဘောချည်းဘဲလို့ ရှင်းရှင်းလင်းလင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိတာဟာ အသမ္မောဟသမ္ပဇဉ် မတွေ မဝေသိတာပါဘဲလို့ အသမ္မောဟသမ္ပဇဉ်အကြောင်းကို ဖွင့်ပြသွားပါတယ်၊ အဲဒါက သုတ်အဋ္ဌကထာအဖွင့် ဖြစ်ပါတယ်။

ဒီ အဋ္ဌသာလိနီ အဘိဓမ္မာအဋ္ဌကထာက ပြထားတဲ့ ရုပ် ဖြစ်ပုံဟာလဲ အဲဒီသုတ်က ပြပုံနှင့် တူနေပါတယ်၊ ဒါကြောင့် ယခင်က ကြွင်းကျန်နေတဲ့ သုတ်အဋ္ဌကထာအဖွင့်ကို ယနေ့အဘိဓမ္မာက အဖွင့်နှင့် ပေါင်းစပ်ပြီးတော့ လျှောက်ထားရခြင်း ဖြစ်ပါတယ်၊ ယနေ့အတွက် ဒီဘွင်ဘဲ ရပ်ပြီးတော့ နောက် ထပ် လျှောက်စရာများကို နောက်ရက်မှဘဲ ဆက်လက်ပြီး လျှောက်ထားပါ တော့မည်ဘုရား။

## နိယာမတရားဖြင့် စီစစ်ခဏ်း

ယနေ့ အဋ္ဌသာလိနီ အဋ္ဌကထာ နံပါတ် ၃၁၂-က ဝိထိစိတ် အစဉ် ဖြစ်ပုံကို နိယာမငါးပါးဖြင့် ထုတ်ဆောင်ပြီးတော့ပြတဲ့ အခဏ်းကို စီစစ်လျှောက် ထားပါမည်ဘုရား။

ဝိထိစိတ် ဖြစ်ရာမှာ ရှေးဦးစွာ အာဝဇ္ဇန်းဖြစ်ဘို့ အာဝဇ္ဇန်းပြီးလျှင် စက္ခုဝိညာဉ် ဖြစ်ဘို့၊ ထို့နောင် သမ္ပဋိစ္ဆိုင်း၊ ထို့နောင် သန္တီရဏ၊ ထို့နောင် ဝုဋ္ဌော၊ ထို့နောင် ဇော စသည်ဖြင့် ဝိထိစိတ်များ အစဉ် ဖြစ်ဘို့ရာမှာ တစုံ တယောက်သော ပုဂ္ဂိုလ်က ပြုလုပ်ပေးနေတာလဲ မဟုတ်၊ အဲဒီလို ဖြစ်ဘို့ရာ ပြုလုပ်ပေးဘတ်တဲ့ ပုဂ္ဂိုလ်လဲ မရှိဘူးလို့ ပြဆိုတဲ့နေရာမှာ ငါးပါးသော နိယာမ ကို အဋ္ဌကထာဆရာ ထုတ်ပြခဲ့ပါတယ်။

နိယာမ ဆိုတာ ဖြစ်မြဲသဘော ဓမ္မတာကို ဆိုလိုပါတယ်၊ ဒီဃနိကာယ် မဟာဝဂ္ဂ အဋ္ဌကထာမှာ ဓမ္မတာဆိုတဲ့ ပုဒ်ကို နိယာမဆိုတဲ့ ပုဒ်ဖြင့် ဖွင့်ပြထား ပါတယ်၊ ဒီတော့ ဓမ္မတာနှင့် နိယာမဟာ အနက်အားဖြင့် အတူတူပါဘဲ၊ ဒါကြောင့် နိယာမဆိုတာ ဖြစ်မြဲရိုးရာ ဓမ္မတာဘဲလို့ မှတ်ရပါတယ်။

အဲဒီ ဖြစ်မြဲရိုးရာ ဓမ္မတာ နိယာမက ငါးမျိုး ရှိပါတယ်ဘဲ့။ (၁) ဗီဇ နိယာမ-မျိုးစေ့၏ ဖြစ်မြဲရိုးရာ။ (၂) ဥတုနိယာမ-ဥတု၏ ဖြစ်မြဲရိုးရာ။ (၃) ကမ္မနိယာမ-ကံ၏ ဖြစ်မြဲ ရိုးရာ။ (၄) ဓမ္မနိယာမ-တရားသဘော၏ ဖြစ်မြဲရိုးရာ။ (၅) စိတ္တနိယာမ-စိတ်၏ ဖြစ်မြဲရိုးရာလို့ နိယာမတရား ငါးပါး ရှိတဲ့ အကြောင်းကို ဖော်ပြထားပါတယ်။

## (၁) ဗီဇနိယာမ

ထိုငါးပါးထဲက ဗီဇနိယာမဆိုတာဟာ သူ့ဆိုင်ရာ မျိုးစေ့ကြောင့် သူ့ ဆိုင်ရာ အပင်ဖြင့် သူ့ဆိုင်ရာ အပွင့်အသီးတွေ ပွင့်သီးပြီးတော့ သွားတဲ့ သဘောမျိုးကို ဆိုလိုပါတယ်၊ ပဲပိစပ် အနွယ်ပင်ဟာ မြောက်ဘက်သို့ အညွန့် သွားခြင်း၊ အဲဒါဟာ ဗီဇနိယာမလို့ ဆိုလိုပါတယ်၊ လကျ်ာရစ် ရစ်ပတ်တတ်တဲ့ နွယ်ဟာ သစ်ပင်တက်ဘဲ့အခါ လကျ်ာရစ် ရစ်ပြီး တက်ထာဟာလဲ ဗီဇနိယာမ လို့ ဆိုပါတယ်၊ နေကြာပန်းများ နေဆီကို မျက်နှာမူနေတာလဲဘဲ ဗီဇ နိယာမအားဖြင့် ဖြစ်နေကာယ်လို့ ဆိုပါတယ်။ မာလုဝ-မာလောနွယ် ဆိုတဲ့

နွယ်ပင်က သစ်ပင်ရှိရာဆီသို့ ရှေ့ရှုပြီး သွားတာဟာလဲ ဗီဇနိယာမဘဲ ဆိုပါတယ်၊ အုန်းသီးများမှာ အထက်ဘက်က အပေါက်ကလေးရှိပြီးတော့ နေတာဟာလဲ ဗီဇနိယာမဘဲလို့ ဆိုပါတယ်။

ဤနည်းဖြင့် သရက်မျိုးစေ့ကို စိုက်၊ အဲဒီ မျိုးစေ့က ပေါက်လာလျှင် သရက်ပင် ဖြစ်ဘယ်၊ သရက်ပင်က ပွင့်တဲ့ သီးတဲ့အခါလဲ သရက်ပွင့်တွေပွင့်၊ သရက်သီးမျိုးသီးတယ် စသည်ဖြင့် ကိုယ်ထို သူ့မျိုးစေ့အား လျော်စွာ သူ့ အပင် အကိုင်းအခက် အရွက်အပွင့် အသီးတွေ ဖြစ်ပြီးတော့ နေတာဟာ ဗီဇနိယာမကြောင့် ပါဘဲတဲ့၊ ဘယ်သူကမှ လုပ်ပေးရတာ မဟုတ်ဘူးလို့ ဒီလို မှတ်ရမည့် အကြောင်းကို ပြဆိုသွားပါတယ်။

## (၂) ဥတုနိယာမ

ပြီးတော့ ဥတုနိယာမ ဆိုတာကတော့ ကိုယ်ထိုဥတုအားလျော်စွာ သစ်ပင်တွေ ပွင့်ကြ သီးကြ ဖြစ်နေတာမျိုးကို ဆိုလိုပါတယ်၊ တချို့အပင်များက မိုးဉ်းတွင်းအခါကာလပွင့်ပြီး သီးပါတယ်၊ တချို့က ဆောင်းတွင်းအခါကာလ၊ တချို့က နွေအခါကာလ၊ သူ့ဥတုရာသီ အခါကာလ ရောက်လို့ရှိလျှင် သူ့ အမျိုးတူတဲ့ သစ်ပင်တွေဟာ အနှံ့အပြား တပြိုင်နက် ပွင့် တပြိုင်နက် သီးကြပါတယ်၊ အဲဒါဟာ ဥတုက ပြုပြင်ပေးတာပါဘဲ၊ ဘယ်သူကမှ အမိန့်ပေးနေရတာ မဟုတ်၊ ဘယ်သူကမှ ဖန်ဆင်းနေတာ မဟုတ်ပါဘူး၊ ဥတုသဘောအား လျော်စွာ ဖြစ်နေတယ် ဆိုပြီးတော့ ဥတုနိယာမသဘောကို ဖော်ပြသွားပါတယ်။

## (၃) ကမ္မနိယာမ

ပြီးတော့ ကံ့ကံ၏ အကျိုးကို သိပြီးသကာလ ဒါန သီလ ကုသိုလ်ကောင်းမှုတွေ ပြုတဲ့အခါကာလ အဲဒီကံဟာ တိဟိတ်ကံလို့ ခေါ်ပါတယ်၊ အဲဒီ တိဟိတ်ကံဟာ ထက်ထက်သန်သန်နှင့် ပြုလို့ရှိလျှင် တိဟိတ်ဥက္ကဋ္ဌကံလို့ ခေါ်ပါတယ်၊ အဲဒီ တိဟိတ်ဥက္ကဋ္ဌကံက အကျိုးပေးလို့ ဘဝသစ်ဖြစ်တဲ့အခါ လူ့ဘဝ နတ်ဘဝတွေ မှာ တိဟိတ်ပုဂ္ဂိုလ်တွေ ဖြစ်ရပါတယ်။

အဲဒီ တိဟိတ်ကံကို ပြုစဉ်ဘုန်းက သိပ်မထက်သန်လို့ရှိလျှင် ဩမကကံလို့ ခေါ်ပါတယ်၊ အဲဒီ တိဟိတ် ဩမကကံက အကျိုးပေးတဲ့ အခါမှာ ဒွိဟိတ် ပဋိသန္ဓေ ဒွိဟိတ်ဘဝများကို ရပါတယ်။

ကံ ကံ၏ အကျိုးရှိတယ်လို့ မသိဘဲနှင့် ပြုထားတဲ့ ကုသိုလ်ကံကို ဒွိဟိတ်ကံလို့ ခေါ်ပါတယ်၊ အဲဒီ ဒွိဟိတ်ကံက အကျိုးပေးတဲ့အခါ မှာတော့ အမြင့်ဆုံး ဒွိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးပါတယ်၊ နိမ့်လို့ရှိလျှင် တော့ သုဂတိ အဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါတယ်၊ အကုသိုလ်ကံများကတော့ အပါယ်လေးဘုံမှာ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေအကျိုးကို ပေးပါတယ်။

အဲဒီလို သူ့ကံအားလျော်စွာ သူ့အကျိုးဘွဲကို ပေးသွားတာကတော့ ကမ္မနိယာမပါဘဲဘဲ့ ဘယ်သူကမှ အမိန့်ပေးနေရတာမဟုတ်ဘူး၊ ဒီပုဂ္ဂိုလ်ဟာ တိဟိတ်ဖြစ်စေ, ဒီပုဂ္ဂိုလ်ဟာ ဒွိဟိတ်ဖြစ်စေ, ဒီပုဂ္ဂိုလ်ဟာ လူဖြစ်စေ, နတ်ဖြစ်စေ, ငရဲ ဖြစ်စေ စသည်ဖြင့် ဘယ်သူကမှ အမိန့်ပေးရတာမဟုတ်ဘူး၊ သူ့ကံ၏ အစွမ်းကြောင့် သူ့အကျိုးဘွဲ ဖြစ်သွားတာပါဘဲဘဲ့၊ အဲဒါဟာ ကမ္မနိယာမဘဲလို့ ပြပါတယ်။

## ကံနှင့်တူသော အကျိုး

ဒီ့ပြင်လဲ ကမ္မနိယာမ တမျိုးရှိပါသေးတယ်၊ အဲဒါကတော့ ကံနှင့် အလားတူ အကျိုးပေးတာကို ဆိုပါတယ်၊ အဲဒီ မိမိပြုတဲ့ ကံအားလျော်စွာ အကျိုးပေးပုံကို ဝတ္ထုကလေးများနှင့် ထုတ်ပြထားပါတယ်၊ အဲဒီဝတ္ထုက ဓမ္မပဒမှာ လာပါတယ်၊ ဓမ္မပဒမှာတော့ ကျယ်ကျယ်ဝန်းဝန်း အပြည့်အစုံ ဖော်ပြထားပါတယ်၊ ဒီမှာတော့ အကျဉ်းချုပ်လောက် ပြတားဘဲ့အတွက် ဓမ္မပဒက ပြဆိုပုံနှင့် အနည်းငယ် ကွဲလွဲချက် ကလေးတွေလဲ ရှိပါတယ်၊ ဒါကြောင့် ပြည့်ပြည့်စုံစုံရှိတဲ့ ဓမ္မပဒက ယူဆောင်ပြီးတော့ ဒီဝတ္ထုကလေး ဘွဲကိုလဲ ဒီအဋ္ဌကထာက ပြတဲ့အတိုင်း ဘုရားတပည့်တော် လျှောက်ထားပါမည် ဘုရား။

---

၁။ ဓမ္မပဒအဋ္ဌကထာ တဃောဇနဝတ္ထု။

## ကျီးတကောင် ဖြစ်ထွေ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီးနေတဲ့ အခါကာလမှာ မြတ်စွာဘုရားကို ဖူးမျှော်ဘို့ရန် အတွက် ရဟန်းတော်ကစု ကြွလာကြပါတယ်တဲ့၊ ရွာတရွာသို့ ရောက်သည့်အခါ ဆွမ်းခံဝင်ပြီး ဆွမ်းစား စရပ်မှာ ခေတ္တမျှ ထိုင်နေခိုက်ဘှင် ချက်ပြုတ်ရာ ဌာနက အိမ်တအိမ်ကို မီးစွဲ လောင်ပါတယ်၊ အဲဒီအိမ်က သက်ငယ်ပြစ်ဘခုဟာ မီးလောင်ပြီး မီးအဟုန်နှင့် ကောင်းကင်သို့ လွင့်တက်သွားပါတယ်၊ အဲဒီလို လွင့်တက်သွားတဲ့အခါ ကျီး တကောင်ကလဲ ကောင်းကင်က ပျံသန်းလာရင်း အဲဒီ မီးလောင်ပြီးတော့ လွင့်တက်သွားတဲ့ သက်ငယ်ပြစ်နှင့် တိုက်မိပြီး လည်ပင်းမှာ စွပ်မိလို့ မီးလောင် ပြီးတော့ မြေပြင်ကျကာ သေဆုံးသွားပါတယ်။

ဒါကို ရဟန်းတော်များက မြင်တော့ ဩော်....ဒီကျီးမှာ ဒီလို မီးလောင် တော့ သေဘို့ရန် အကြောင်းကံတော့ ရှိနေတာဘဲ၊ ဒီလို အကြောင်းကံဟာ အင်မတန် ဝန်လေးတဲ့ ကံဘဲ၊ ဒီကံရဲ့ အကြောင်းကို မြတ်စွာဘုရားမှ သိမှာဘဲ၊ မြတ်စွာဘုရားထံ ရောက်မှ မေးမြန်းလျှောက်ထားကြမယ်လို့ ရည်ရွယ်ပြီး တော့ အဲဒီ ရဟန်းတော်တွေဟာ မြတ်စွာဘုရားထံ သို့ ဆက်လက်ပြီး လာခဲ့ ကြပါတယ်။

## သင်္ဘောသူကြီးကတော်ကလေး

ပြီးတော့ အခြားရဟန်းတော် တစုကလဲ ပင်လယ်ခရီးဖြင့် မြတ်စွာ ဘုရားထံ ဖူးမျှော်ဘို့ရန် ကြွလာ ကြပါတယ်။

အဲဒီ ဝတ္ထုထဲမှာ ပင်လယ်ခရီးဖြင့် ရဟန်းတော်တွေ ကြွလာကြတယ် ဆိုဘဲ့ စကားကို ထောက်ဆလျှင် မြတ်စွာဘုရား၏ လက်ထက်တော်အခါကလဲ မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်ကြီးဟာ ပင်လယ်ခရီးဖြင့် သွားရမည့် နေရာဌာနတွေ တော်တော်နှံ့နှံ့ပြန့်ပြန့်ရောက်နေတယ်ဆိုတဲ့ အဓိပ္ပါယ်တွေ ပေါ်ပေါက်နေပါတယ်။

အဲဒီလို ပင်လယ်ကို ဖြတ်သန်း၍ လာကြဘဲ့အခါမှာ သူတို့ စီးလာတဲ့ ရွက်သင်္ဘောက သမုဒ္ဒရာပင်လယ်ထဲမှာ မလှုပ်မယှက် ရပ်တန့်နေပါတယ်တဲ့၊ ထိုအခါမှာ သင်္ဘောသားတွေက တစုံတခုနှင့် ဘိုက်မိပြီး ငြိတွယ်နေလို့ ရပ်တန့်

နေတာ လေလားလို့ စမ်းသပ်ရှာဖွေကြည့်ကြတော့ ဘာနှင့်မျှ တိုက်ခိုက် ငြိတွယ်ခြင်း မရှိဘဲ အလိုလိုပင် ရပ်တန့်နေကြောင်းကို တွေ့ကြရပါတယ်၊ ဒီတော့ လူတွေက "ဒို့ သင်္ဘောပေါ်က လူထဲမှာ ကံဆိုးတဲ့ ကာဠကဏ္ဏီခေါ် သူယုတ်မာတယောက်တော့ ကေန်ပါနေပြီ၊ သူယုတ်မာမဲ ချကြစို့ရဲ့"လို့ ဒီလို တိုင်ပင်ပြီးတော့ သူယုတ်မာမဲ, ကံဆိုးမဲ ချကြပါတယ်၊ အဲဒီလို ကံဆိုးမဲ ချတဲ့ အခါမှာ သင်္ဘောသူကြီးကတော်ကို မဲကျနေပါတယ်၊ ဒီတော့ သင်္ဘောသူကြီး ကို ငဲ့ပြီးတော့ "ဒို့ မဲချနေတာ နေရာမကျသေးဘူး၊ မသေချာသေးဘူး၊ အဲဒါကို ထပ်ပြီးတော့ ပြင်ချကြဦးစို့"လို့ ဆိုပြီး သုံးကြိမ်တိုင်တိုင် ပြင်ပြီး ချကြ ပါဘယ်၊ သုံးကြိမ်လုံးပင် သင်္ဘောသူကြီးကတော်ချည်း ထပ်ကာ ထပ်ကာ ကျနေပါတယ်တဲ့။

ဒီတော့ လူတွေက "ဘယ့်နှယ် လုပ်ရမလဲ"ဆိုတဲ့ အနေနှင့် သင်္ဘော သူကြီး၏ မျက်နှာကို ကြည့်ကြပါတယ်၊ သင်္ဘောသူကြီးက "ဒီကိစ္စဟာ အများနှင့် ဆိုင်ပါတယ်၊ သူတယောက်အတွက်နှင့် အများကို သေကြေပျက် စီးစေဘို့ကတော့ မသင့်ပါဘူး၊ ဒါကြောင့် သင်္ဘောကုံးစံအတိုင်း သူ့ကို ရေထဲ ပစ်ချကြပါ"လို့ အခွင့်ပြုလိုက်ပါတယ်၊ သင်္ဘောသားတွေက ရေထဲပစ်ချဘို့ ဆွဲငင်ကြတဲ့အခါမှာ အဲဒီ သင်္ဘောသူကြီးကတော်က သေရမှာ ကြောက်ရှာ လွန်းလို့ သည်းထန်စွာ ငိုကြွေးမြည်တမ်းပါတယ်၊ အဲဒီလို ငိုကြွေးမြည်တမ်းတဲ့ အသံကို သင်္ဘောသူကြီးက ကြားရတော့ "ဒီမိန်းမရဲ့ ကိုယ်က အဝတ်တန်းဆာ တွေဟာ ရေထဲမှာ အလကား ပျက်စီးကုန်ဘော့မယ်၊ သူ့ ကိုယ်က အဘိုးထိုက် အဘိုးတန် အဝတ်တန်ဆာတွေ အကုန်ဖြုတ်ပြီးတော့ အဝတ်ကြမ်းကလေး တထည်သာ ဝတ်ပေးကြရမယ်၊ ပြီးတော့ ရေထဲမှာ ယက်ကန် ယက်ကန်နှင့် သူပေါ်နေတာကို ငါမကြည့်ရက်ဘူး၊ အဲဒါကို မြင်ရလျှင် ငါ့မှာ အများကြီး စိတ်မချမ်းမသာ ဖြစ်နေဦးမယ်၊ ဒါကြောင့် ဒီလို မမြင်ရအောင် သူ့ လည်ပင်း မှာ သဲအိုးဆွဲပြီးတော့ ပစ်ချကြပါ"လို့ သင်္ဘောသူကြီးက အမိန့်ပေးပါတယ်၊ ဒီတော့ သင်္ဘောသားတွေက အဲဒီ အမိန့်အတိုင်းဘဲ သင်္ဘောသူကြီးကတော် အမျိုးသမီးကို အဝတ်ကြမ်းတထည်မျှနှင့် လည်ပင်းမှာလဲ သဲအိုးဆွဲပြီးတော့ ပင်လယ်ရေထဲ ပစ်ချလိုက်ကြပါတယ်၊ ဒီလို ပစ်ချလိုက်သည်နှင့် တပြိုင်နက် သင်္ဘောကလဲ ပစ်လိုက်ဘဲ့မြားများလို တဟုန်တည်းထိုးပြီးတော့ ပြေးသွားပါ တယ်တဲ့။

အဲဒါကို တွေ့မြင်ကြရဘဲ့ ရဟန်းတော်တွေကလဲ မြတ်စွာဘုရားအား လျှောက်ထားဘို့ရာ စဉ်းစားပြီးတော့ လာခဲ့ကြပါတယ်။

## ရဟန်းတော် ခုနစ်ပါး

နောက်ပြီးတော့ ခုနစ်ပါး အရေအတွက်ရှိတဲ့ အခြားရဟန်းတော်တစု ကလဲ မြတ်စွာဘုရားထံ ဖူးမျှော်ကန်တော့ရန် လာခဲ့ကြရာ လမ်းခရီးအကြား မှာ ကျောင်းတိုက်တခုကို တည်းခိုဘို့ ဝင်ရောက်ကြပါတယ်၊ အဲဒီ ကျောင်း တိုက်မှာ အားလပ်နေတဲ့ လိုဏ်ဂူကြီး တခုထဲမှာ တည်းခိုနေထိုင်ကြဘို့ ကျောင်းနေ ရဟန်းတော်များက နေရာချထားပေးပါတယ်၊ ဒါကြောင့် အာဂန္တုရဟန်းတော် ခုနစ်ပါးဟာ အဲဒီ လိုဏ်ဂူကြီးထဲမှာ သီတင်းသုံးနေကြ ပါတယ်။

ဒီလို သီတင်းသုံးနေခိုက် ညဥ့်အခါမှာ အိမ်ထွင့်လောက်ရှိတဲ့ ကျောက် တုံးကြီးတခုက တောင်ကမ္ဘားရံမှ ပဲ့ကျလာပြီးတော့ အဲ့ဒီ လိုဏ်ဂူရဲ့အဝမှာ ပိတ်ဆို့ပြီး နေပါတယ်တဲ၊ ဒီတော့ ကျောင်းနေ ရဟန်းတော်များက အနီး ပတ်ဝန်းကျင်ရှိ ရွာပေါင်း ခုနစ်ရွာမှ လူများကို ဘိတ်ခေါ်ပြီးတော့ အဲဒီ ကျောက်တုံးကြီးကို ဖယ်ရှားဘို့ တွန်းကြ ဆွဲကြနှင့် အားထုတ်ကြပါတယ်၊ ဒီလို ခုနစ်ရက်ပတ်သုံးလူထုအင်အားနှင့် ဖယ်ရှားဘို့ အားထုတ်နေကြသော်လဲ ကျောက်တုံးကြီးကတော့ လှုပ်လို့ ရွှေ့လို့ မရဘဲ ရှိနေပါတယ်တဲ့၊ ဒါကြောင့် အတွင်းမှာ ပိတ်မိနေတဲ့ အာဂန္တု ရဟန်းတော် ခုနစ်ပါးမှာ ဆွမ်းလဲ မဘုဉ်း ပေးရ၊ ရေလဲမသောက်ရဘဲနှင့် ခုနစ်ရက်ပတ်သုံး ဒုက္ခရောက်နေကြပါတယ်၊ ခုနစ်ရက်စေ့တဲ့ အခါကျတော့ အဲဒီ ကျောက်တုံးကြီးက သူ့ဟာသူ အလိုလို လိမ့်ကျသွားပြီးတော့ လိုဏ်ဂူအပေါက် ပွင့်သွားပါတယ်တဲ့။

အဲဒီ ထူးထူးဆန်းဆန်း ဒုက္ခရောက်ပုံကို ကိုယ်တွေ့ခံစားကြရတဲ့ အာ ဂန္တု ရဟန်းတော် ခုနစ်ပါးဟာလဲ မိမိတို့ ကြုံတွေ့ရပုံကို မြတ်စွာဘုရားထံ လျှောက်ထားဘို့ နှလုံးသွင်းပြီးတော့ အဲဒီက ထွက်ခွါလာခဲ့ကြပါတယ်။

အဲဒီလို လျှောက်ထားဘို့ အကြောင်းထူး အသီးအသီးနှင့် လာခဲ့ကြတဲ့ ရဟန်းတော် အဖွဲ့ သုံးစုဟာ မြတ်စွာဘုရားထံ တပေါင်းတည်းဆုံပြီး ရောက် လာကြပါတယ်၊ မိမိတို့ တွေ့ကြုံလာခဲ့တဲ့ အကြောင်းထူးများကိုလဲ မြတ်စွာ

ဘုရားအား လျှောက်ထားပြီးတော့ အကြောင်းကံကိုလဲ မေးလျှောက်ကြပါတယ်၊ ဒီတော့ မြတ်စွာဘုရားက အဲဒီ အကြောင်းအရာတွေဟာ ခံစားရတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်တိုင်ပြုခဲ့တဲ ရှေးကံ၏ အကျိုးများ ဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြပါတယ်။

## ကျီးရဲ့ အတိတ်ကံ

ရှင်းလင်းပြပုံကတော့၊ အဲဒီ ဒုက္ခတွေရဘဲ့ သုံးဦးထဲက မီးလောင်ခံရတဲ့ ကျီးဟာ ရှေးတခုသောဘဝက လယ်သမားဖြစ်ခဲ့လို့ နွားတကောင်ကို ဝန်ရှုန်းခိုင်းဘို့ရာ ထမ်းပိုးကျင့်ခဲ့ပါတယ်၊ အဲဒီလို ထမ်းပိုးကျင့်တဲ့အခါမှာ နွားက နွားဆိုး နွားပေဖြစ်နေလို့ ခဏလောက် သွားလိုက်ရင်း ဝပ်နေလိုက်ရင်း၊ ခဏလောက် သွားလိုက်ရင်း ဝပ်နေလိက်ရင်းဖြင့် ဒီလို ခဏခဏ ဝပ်နေဖန်များလာတော့ အဲဒီ လယ်သမားက အလွန် စိတ်ဆိုးလာပါတယ်၊ ဒါကြောင့် သူက နွားရဲ့ လည်ပင်းမှာ ကောက်ရိုးတွေနဲ့ ရစ်ပတ်ပြီးတော့ "ဒီလောက် ဝပ်ချင် အိပ်ချင်တဲ့နွား တခါတည်း ချမ်းသာစွာ အိပ်နေပေတော့"လို့ ဆိုပြီး မီးနှင့် ရှို့လိုက်ပါသတဲ့၊ အဲဒီ နွားခမျာလဲ အဲဒီနေရာမှာဘဲ မီးလောင်ပြီး သေသွားရရှာပါသဘဲ့၊ အဲဒီ လယ်သမားဟာ ထို အကုသိုလ်ကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ငရဲမီး အလောင်ခံခဲ့ရပြီးတော့ အဲဒီ ငရဲက လွတ်လာတဲ့ အခါမှာလဲ အဲဒီ အကုသိုလ်ကံကြွင်းကြောင့် ကျီးဖြစ်ပြီးတော့ ခုနစ်ဘဝ တိုင်တိုင် ဒီလိုဘဲ မီးလောင်ပြီး သေရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

## သင်္ဘောသူကြီးကတော်ရဲ့ အတိတ်ကံ

ပြီးတော့ ပင်လယ်ထဲ ပစ်ချခံရဘဲ့ သင်္ဘောသူကြီးကတော်ကတော့ ရှေးတခုသော ဘဝက အိမ်ရှင်မ အမျိုးသမီး ဖြစ်ခဲ့ပါတယ်၊ အဲဒီအိမ်မှာ သူ့ကို အင်မတန် ခင်မင်နေဘဲ့ ခွေးတကောင်ကလဲ ရှိပါတယ်တဲ့၊ အဲဒီ ခွေးက အင်မတန် ခင်မင်နေတဲ့အတွက် အိမ်ရှင်မသွားလေရာရာကို အမြဲ လိုက်နေပါတယ်၊ အဲဒီလို ခွေးက နောက်မှ အတူတကွ တကောက်ကောက် လိုက်နေတာကို မြင်ကြရတော့ အရပ်ထဲက လူတွေက "ဟေ့ ခွေးမုဆိုး တောသွားပြီ၊ ဒီကနေ့ ဒို့ အမဲသားရလိမ့်မည်"စသည်ဖြင့် သရော်ကြ ပြောင်လှောင် ကြ ပါသတဲ့၊ ဒါကြောင့် အဲဒီ အမျိုးသမီးလဲ ရှက်ထာနှင့် ခွေးကို သူ့ အနား

မလာအောင် ခဲနှင့်ပစ်, ဒုတ်နှင့်ရိုက်ပြီး အမျိုးမျိုး ချောက်ပါတယ်၊ ဘယ်လို ဘဲ ရိုက်သော်လဲ ခွေးကတော့ မေတ္တာမပျက်ရှာဘူး၊ သူ့နောက်ကို လိုက်မြဲ လိုက်, လာမြဲ လာနေတာပါဘဲဘဲ့။

ဒါနဲ့ တနေ့သ၌တော့ အဲဒီ အမျိုးသမီးက ခွေးကို အသာတကြည် ခေါ် လိုက်ပါတယ်၊ ခွေးကလဲ ဒီလို အသာတကြည် ခေါ်တာကို ကြားရတော့ ဝမ်းပန်းတသာနှင့် အမြီးနှံ့ပြီး ချဉ်းကပ်လာပါတယ်၊ ဒီတော့ လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ခွေးကို ရေထဲ တွန်းချလိုက်ပါတယ်၊ ခွေးခမျာမှာ ရေထဲ နစ်ပြီး သေရရှာပါရောတဲ့၊ အဲဒီ မကောင်းမှု အကုသိုလ်ကံကြောင့် ဒီအမျိုး သမီးဟာလဲ ငရဲမှာ နှစ်ပေါင်းများစွာ ခံရပြီးတော့ ငရဲက လွတ်လာတဲ့အခါ မှာလဲ အဲဒီ အကုသိုလ်ကံကြွင်းကြောင့် ဘဝပေါင်း တရာတိုင်တိုင် ယခုလိုဘဲ လည်ပင်းမှာ သဲအိုးဆွဲပြီး ရေထဲပစ်ချခြင်းခံရတဲ့ အကြောင်းကို မြတ်စွာ ဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

## ရဟန်းတော်ခုနစ်ပါး၏ အတိတ်ကံ

နောက်ပြီးတော့ လိုဏ်ဂူထဲ အပိတ်ခံရတဲ့ ရဟန်းတော်ခုနစ်ပါးကိုလဲ ချစ်သား ရဟန်းတို့....သင်တို့လဲ မိမိတို့ ပြုခဲ့တဲ့ မကောင်းမှု၏ အကျိုးကို ခံစား ကြရပေသည်လို့ မိန့်တော်မူပြီးတော့ ရှေးအတိတ် အကြောင်းကို ထုတ်ဖော်ပြီး ပြတော်မူပါတယ်။

ချစ်သားတို့....သင်တို့ ခုနစ်ဦးဟာ ရှေးကာလ တခုသောဘဝက ဗာရာ ဏသီမြို့နယ်မှာ နွားကျောင်းသား ခလေးသူငယ်များ ဖြစ်ခဲ့ကြတယ်၊ အဲဒီ နွားကျောင်းသား ခလေးသူငယ် ခုနစ်ယောက်ဟာ အတူတကွ စုပေါင်း ပြီးတော့ နွားများကို ထိန်းကျောင်းနေကြရာ တနေ့သောအခါမှာ ဖွတ်ကြီး တကောင်ကို တွေ့သဖြင့် အဲဒီ ဖွတ်ကြီးကို လိုက်ကြတယ်၊ ဖွတ်ကြီးက တောင်ပို့ထဲ ဝင်သွားတဲ့အခါမှာ နွားကျောင်းသား ခုနစ်ယောက်က သဘော တူ တိုင်ပင်ပြီး တောင်ပို့ကြီး၏ အပေါက် ခုနစ်ခုကို အသီး အသီး ပိတ်ဆို့ ထားခဲ့ကြပါတယ်၊ နောက်ရက်မှာ အဲဒီတောင်ပို့ကို တူးပြီး ဖွတ်ကြီးကို ဖမ်း ဘို့ ရည်ရွယ်ထားကြသော်လဲ နောက်ခုနစ်ရက် အတွင်းမှာ အခြား နွား စားကျက်များသို့ အလှည့်ကျပြီး သွားကြရပါတယ်။

ခုနစ်ရက်မြောက်လို့ အဲဒီ နွားစားကျက်ကို ပြန်ရောက်လာကြတဲ့အခါမှာ ဖွတ်ကြီးကို သတိရပြီးတော့ တောင်ပို့မှ အပိတ်အဆို့များကို ဖွင့်ကြည့်ကြပါတယ်၊ အဲဒီတော့ ခုနစ်ရက်ဘိုင်တိုင် အစာရေစာ မစားသောက်ရလို့အင်မတန် ဆာလောင်မွတ်သိပ်ပြီး ပိန်ချုံးနေရှာတဲ့ ဖွတ်ကြီးဟာ ဆာလောင်ရှာလွန်းလို့ ကိုယ်အသက်ကိုတောင် မငဲ့ကွက်နိုင်တော့ဘဲ တုန်တုန်ချိချိနှင့် ထွက်လာရှာတယ်၊ ဒီလို အရိုးအရေမျှ ပိန်ချုံးပြီး တုန်တုန်ချိချိနှင့် ထွက်လာတာကို မြင်ရတော့ ခလေးတွေပေမယ်လို့ သူတို့မှာ သနားတဲ့စိတ် ဖြစ်ပေါ်လာပါတယ်၊ ဒါကြောင့် သူတို့က "အေးကွာ သူ့ခမျာ ခုနစ်ရက်တောင်မှ အစာတော်ရေတော် ဖြစ်နေရှာတယ်၊ သနားစရာကောင်းပါတယ်၊ ဘယ့်နှယ်မှ မလုပ်ကြ မသတ်ကြပါနှင့်ဟ"လို့ ဆိုပြီးတော့ ဖွတ်ကြီးရဲ့ ကျောကုန်းကို လက်နှင့် သာသာယာယာ ပွတ်သတ်ပြီး "ကဲ မင်းအလိုရှိရာ ချမ်းချမ်းသာသာ သွားပေတော့"လို့ ဆိုပြီး ဘေးမဲ့ လွှတ်လိုက်ကြပါတယ်။

အဲဒီ နွားကျောင်းသား ခလေးသူငယ်များမှာဘော့ ဖွတ်ကို မသတ်တဲ့ အတွက် ပါဏာတိပါတ အကုသိုလ်ကံ မမြောက်ဘူး၊ ဒါကြောင့် သူတို့မှာ ငရဲကိုတော့ မကျရဘူး၊ ဒါပေမဲ့ ဖွတ်ကြီးကို တောင်ပို့ထဲမှာ ခုနစ်ရက်ဘိုင်တိုင် ပိတ်ထားခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံကြောင့် ယခု နောက်ဆုံးဘဝမှာလိုဘဲ ဘောင်ခေါင်းထဲမှာ သူ့အလိုလို ပိတ်မိပြီးတော့ ခုနစ်ရက်တိုင်တိုင် အစာတော်ရေတော်နှင့် တဆယ့်လေးဘဝတိုင်တိုင် ဆင်းရဲဒုက္ခကို ခံစားကြရတဲ့ အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူခဲ့ပါတယ်။

## အကုသိုလ်ကံဆိုက်လျှင် ပြေးမလွတ်

ဒီလို အကြောင်းအရာတွေကို အကျယ်ဟောကြားပြီးတော့၊ "အကုသိုလ်ကံ ဆိုတာ ဘယ်မှာဘဲနေနေ သူကလိုက်ပြီး အကျိုးပေးနိုင်တယ်၊ ကောင်းကင်မှာ ပျံတက်နေပေမယ်လို့လဲ သူ့အကျိုးပေးမှ မလွတ်နိုင်ဘူး၊ သမုဒ္ဒရာထဲ သွားနေလို့လဲ မလွတ်နိုင်ဘူး၊ တောင်ခေါင်းထဲ ဝင်နေလို့လဲ မလွတ်နိုင်ဘူး၊ မြေပြင်မှာဘဲ ဖြစ်ဖြစ်, ရေပြင်မှာဘဲဖြစ်ဖြစ်, ကောင်းကင်မှာဘဲ ဖြစ်ဖြစ် အကုသိုလ်ကံရဲ့ အကျိုးပေးမှ လွတ်နိုင်တဲ့နေရာရယ်လို့ မရှိဘူးဆိုတဲ့

အကြောင်းကို အကျဉ်းချုပ်အားဖြင့် မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပြန်ပါတယ်။

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

အန္တလိက္ခေ၊ ကောင်းကင်၌။ ဌိတောပိ၊ ပျံတက်၍ တည်၍နေသော သူသည်လည်း။ ပါပကမ္မာ၊ မကောင်းမှု အကုသိုလ်ကံ အကျိုးပေးခြင်းမှ။ န မုစ္စေယျ၊ မလွတ်မြောက်နိုင်သည်သာတည်း။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ဌိတောပိ၊ တည်နေသော ပုဂ္ဂိုလ်သည်လည်း။ န မုစ္စေယျ။ မကောင်းမှု အကုသိုလ်ကံ၏ အကျိုးပေးခြင်းမှ မလွတ်မြောက်နိုင်သည်သာတည်း။ ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊ တောင်ခေါင်းသို့ ဝင်၍။ ဌိတောပိ၊ တည်သော ပုဂ္ဂိုလ်သည်လည်း။ နမုစ္စေယျ၊ မကောင်းမှုအကုသိုလ်ကံ၏အကျိုးပေးခြင်းမှ မလွတ်မြောက်နိုင်သည်သာတည်း။ ယတ္ထ၊ အကြင် အရပ်၌။ ဌိတော၊ တည်နေသော ပုဂ္ဂိုလ်သည်။ ပါပကမ္မာ၊ မကောင်းမှုကံမှ။ ဝါ၊ မကောင်းမှု အကုသိုလ်ကံ၏ မကောင်းကျိုးပေးခြင်းမှ။မုစ္စေယျ၊ လွတ်မြောက်ရာ၏။ သော-တာဒိသော၊ထိုသို့ သဘောရှိသော။ ဇဂတိပ္ပဒေသော၊ မြေပြင်အရပ်, ရေပြင်အရပ်, ကောင်းကင် အရပ်မည်သည်။ နဝိဇ္ဇတေ၊ မရှိသည်သာတည်း လို့ မြတ်စွာဘုရားက ဒီဒေသနာကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒါဟာ အကုသိုလ်ကံက အလားဘူ အကျိုးပေးပုံ ကမ္မနိယာမပါဘဲ။

## ကုသိုလ်ကံ အကျိုးပေး

ကုသိုလ်ကံက ဒီလို အကျိုးပေးတာတွေလဲ ရှိပါတယ်။ရှေးက ဝေသာလီပြည်က လူတယောက်ဟာ အဲဒီ မြို့ထဲ လမ်းမှာ ရွှံ့ဗွက် ဖြစ်နေရာတွင် ခြေနင်းကွက်ရအောင် နွားခေါင်းရိုးတခုဖြင့် လမ်းခင်းခဲ့တဲ့အတွက် နောက်ဘဝကျတော့ ယက္ခနတ်မျိုး ဖြစ်ပြီး နတ်မြင်းဖြူကြီးကို ရနေပါတယ်။

ဟိုတနေ့က ပြောခဲ့တဲ့ အင်္ဂုရဝတ္ထုက ရက္ခစိုးနတ်ကြီးမှာလဲ အလှူခံ ပုဂ္ဂိုလ်တွေအား လက်ညှိုးညွှန်ခဲ့ဘူးတဲ့ ကောင်းမှုကြောင့် သူ့လက်က အလို ရှိသမျှ စားသောက် သုံးဆောင်ဘွယ် ဝတ္ထုပစ္စည်းတွေကို ရနေပါတယ်၊ ဒါမျိုး တွေကတော့ ကုသိုလ်ကောင်းမှုက အလားတူ အကျိုးပေးတာတွေပါဘဲ၊ အဲဒီ လို ပြုလုပ်ခဲ့တဲ့ ကံနှင့် အလားတူ အကျိုးပေးတာတွေကိုလဲ ကမ္မနိယာမလို့ မှတ်ရမည့် အကြောင်း ဒီမှာ ပြဆိုသွားပါတယ်။

## (၄) ဓမ္မနိယာမ

ဓမ္မနိယာမ ဆိုတာကတော့၊ ဘုရားအလောင်းတော်များ ပဋိသန္ဓေ နေတဲ့အခါ၊ ဖွားမြင်တော်မူတဲ့အခါ၊ သစ္စာလေးပါးတရား သိမြင်ပြီး ဘုရား ဖြစ်တော်မူတဲ့အခါ၊မြတ်စွာဘုရားက ဓမ္မစကြာတရားဦးဟောတော်မူတဲ့အခါ၊ အာယုသင်္ခါရ လွှတ်တော်မူတဲ့အခါ၊ ပရိနိဗ္ဗာန် ပြုတော်မူတဲ့အခါ၊ ဒီအခါ များမှာ စကြာဝဠာ တသောင်းဘိုင်တိုင် မြေလျှင် တုန်လှုပ်ခြင်း အစရှိ သော ထူးခြားတဲ့ နိမိတ်တွေ ထင်ရှားပေါ်လာပါတယ်၊ အဲဒါတွေဟာ ဓမ္မနိ ယာမဘဲဘဲ၊ ပါရမီ ကုသိုလ်ဓမ္မတွေ, ဂုဏ်ကျေးဇူးဓမ္မတွေ၏ အစွမ်းအာနုဘော် ကြောင့် ဖြစ်ပေါ်လာတဲ့ နိမိတ်အထူးတွေလို့ ဆိုလိုပါတယ်။

## (၅) စိတ္တနိယာမ

နောက်ဆုံး စိတ္တနိယာမ ဆိုတာကတော့ စိတ်၏ ဖြစ်ရိုး ဖြစ်စဉ်ပါဘဲ၊ အဲဒါက ဘယ်လိုလဲ ဆိုလျှင် မျက်စိ နား နှာခေါင်း လျှာ ကိုယ် ဆိုတဲ့ ဒွါရ ငါးပါးမှာ အဆင်း အသံ အနံ့ အရသာ အတွေ့ဆိုတဲ့ အာရုံငါးပါးက ကျရောက် ထင်ပေါ်လာလျှင် ဘာပါလိမ့်မလဲလို့ ဆင်ခြင်တဲ့ အာဝဇ္ဇန်းစိတ်က ရှေးဦးစွာ စပြီးတော့ ဖြစ်ပေါ်ပါတယ်၊ ထိုနောင် အဆင်း ရူပါရုံ ဆိုလျှင် စက္ခုပသာဒ- မျက်စိ ရုပ်ကို မှီပြီးတော့ မြင်တဲ့ စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်ပါတယ်၊ အသံ သဒ္ဒါရုံ ဆိုလျှင် သောတပသာဒ- နားရုပ်ကို မှီပြီးတော့ ကြားတဲ့ သောတ ဝိညာဉ်စိတ် ဖြစ်ပေါ်ပါတယ်၊ အနံ့ ဂန္ဓာရုံ ဆိုလျှင် ဃာနပသာဒ-နှာခေါင်းရုပ် ကို မှီပြီးတော့ နံသိတဲ့ ဃာနဝိညာဉ်စိတ် ဖြစ်ပေါ်ပါတယ်၊ ရသာရုံဆိုလျှင် ဇိဝှါပသာဒ-လျှာရုပ်ကို မှီပြီးတော့ အရသာသိတဲ့ ဇိဝှါဝိညာဉ်စိတ် ဖြစ်ပေါ်ပါ တယ်၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ ဆိုလျှင် ကာယပသာဒ-ကိုယ်ရုပ်ကို မှီပြီးတော့

ထိသိတဲ့ ကာယဝိညာဉ်စိတ် ဖြစ်ပေါ်ပါတယ်၊ အဲဒီနောက်မှာ အဲဒီစိတ်ကလေးတွေက သိထားတဲ့ အာရုံကို လက်ခံဘဲ့ သမ္ပဋိစ္ဆိုင်း စိတ် ဖြစ်ပေါ်ပါတယ်၊ အဲဒါပြီးတော့ စဉ်းစားဆင်ခြင်တဲ့ သန္တီရဏစိတ် ဖြစ်ပေါ်ပါတယ်၊ အဲဒါပြီးတော့ ကောင်းတယ်, မကောင်းဘူး စသည်ဖြင့် ဆုံးဖြတ်ဘဲ့ ဝုဋ္ဌောစိတ် ဖြစ်ပေါ်ပါတယ်၊ အဲဒီကနောက် ဇောစိတ်က ခုနစ်ကြိမ်, တဒါရုံ စိတ်က နှစ်ကြိမ်, အစဉ် အတိုင်း ဖြစ်ကြပါတယ်၊ ဒီလို စိတ်တွေ အစဉ်အတိုင်း ဖြစ်ဘို့ရန်အဘွက် စီမံ ဖန်ဆင်းပေးဘဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိပါကူး။

ဘယ်ထာဝရဘုရား ဘယ်ပြဟ္မာ ဘယ်နတ်ကမှ ဖန်ဆင်းပေးတာ မဟုတ်ပါဘူး၊ အမှန်မှာတော့ စိတ်နှင့်ဆိုင်တဲ့ အာရမ္မဏ ပစ္စယသတ္တိ, အနန္တရ ပစ္စယသတ္တိ စသော စိတ်ရဲ့ သဘောဓမ္မဘာအတိုင်း ဆိုင်ရာ ဆိုင်ရာ စိတ်တွေ တခုပြီးတခု သူ့အလိုလို အစဉ်အဘိုင်း ဖြစ်ပေါ်နေကြတာပါဘဲ၊ အဲဒီလို စိတ်တို့၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ဖြစ်နေတာကို စိတ္တနိယာမလို့ မှတ်ရမည့် အကြောင်း ဒီမှာပြဆိုသွားပါဘယ်၊ အဲဒါဘွေဟာ အဋ္ဌကထာမှာ ပြထားတဲ့ နိယာမ ငါးပါးပါဘဲ။

## အဋ္ဌသာလိနီ နိဂုံး

ယခု အဋ္ဌကထာ၏ နိဂုံးစကားကို လျှောက်ထားပါတော့မည်၊ ဓမ္မသင်္ဂဏီ ပါဠိတော်၏ အဖွင့်ဖြစ်တဲ့ ဒီအဋ္ဌကထာကို ဘာကြောင့် အဋ္ဌသာလိနီလို့ ခေါ်ရပါသလဲလို့ ဆိုတော့၊ အနာကုလာနမတ္ထာနံ၊ သမ္ဘဝါ အဋ္ဌသာလိနီတဲ့၊ အနာကုလာနံ အတ္ထာနံ သမ္ဘဝါ၊ အရှုပ်အထွေးမရှိ သန့်ရှင်း စင်ကြယ်သော အနက်ဘို့၏ ဖြစ်ရာ ဖြစ်ကြောင်း ဖြစ်သောကြောင့်။ ဝါ၊ အနက်တို့ကို ဖြစ်ပေါ်စေတတ် ပြတတ်သောကြောင့်။ အဋ္ဌသာလိနီ၊ အဋ္ဌသာလိနီလို့ ခေါ်ရပါတယ်တဲ့၊ ဆိုလိုရင်းကတော့ သန့်ရှင်း စင်ကြယ်တဲ့ အနက်ဘွေကို ပြထားတဲ ကျမ်းဖြစ်လို့ အဋ္ဌသာလိနီ ခေါ်ရတယ်လို့ ဆိုလိုပါတယ်၊ သာရအတ္ထ-အတ္ထသာရ-စင်ကြယ် ကောင်းမြတ်သော အနက် အဓိပ္ပါယ်၊ အတ္ထ မှ တ္ထ ကို ဋ္ဌ-ပြု၊ သာရမှ ရ-ကို လ-ပြုပြီးတော့ ဣတ္ထိလိင်ဇောတက ဣနီ-ပစ္စည်းနှင့် ဆက်လိုက်လျှင် အဋ္ဌသာလိနီဆိုဘဲ့ ပုဒ်ပြီးပါတယ်၊ ဒါကြောင့် အနာကုလာနမတ္ထာနံ၊ သမ္ဘဝါ အဋ္ဌသာလိနီ ဆိုဘဲ့ စကားဖြင့် "သန့်ရှင်းစင်ကြယ်တဲ့အနက်

အဓိပ္ပါယ်တွေကို ဖော်ပြထားတဲ့ ကျမ်းဖြစ်သောကြောင့် အဋ္ဌသာလိနီလို့ ခေါ်ရတဲ့ အကြောင်း" ပြဆိုထားပါတယ်။

ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဥတွာ ဓမ္မံ သုခါဝဟံ။
ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။

ဓမ္မဿ၊ တရားတော်၏။စိရဋ္ဌိတတ္တံ၊ ရှည်မြင့်စွာ တည်တံ့ရန်အလို့ငှါ။ တံ၊ ထိုအဋ္ဌသာလိနီ အမည်ရှိသောကျမ်းကို။ နိဋ္ဌာပေန္တေန၊ ပြီးဆုံးအောင် စီရင်ရေးသားရသော။ မယာ၊ ငါသည်။ တံ၊ ထိုအဋ္ဌသာလိနီ အမည်ရှိသော ကျမ်းကို။ နိဋ္ဌာပေန္တေန၊ ပြီးဆုံးအောင် စီရင်ရေးသားရသဖြင့်။ ယံ ကုသလံ၊ အကြင် ကုသိုလ်ကောင်းမှုကို။ ပတ္တံ၊ ရောက်အပ် ရအပ်လေပြီ။တဿ ကုသလဿ၊ ထိုရအပ်သော ကုသိုလ်ကောင်းမှု၏။ အာနုဘာဝေန၊အစွမ်းကြောင့်။သဗ္ဗေ ပါဏိနော၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့သည်။ သဒ္ဓမ္မရာဇဿ၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်တတ် ပေးတတ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဥတွာ၊ သိ ကြ၍။ ဥတွာ၊သိမြင်နားလည်ကာ ကျင့်ကြံ အားထုတ်ကြသည်ဖြစ်၍။ အသောကမနုပါယာသံ၊ စိုးရိမ်ပူပန်မှုတို့၏ လုံးဝ ကင်းငြိမ်းရာ ဖြစ် သော။ ဥတ္တမံ၊ မြတ်လှစွာသော။နိဗ္ဗာနသုခံ၊ နိဗ္ဗာန်တရားတော် တည်း ဟူသော ချမ်းသာမြတ်သို့။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ သုခါယ ပဋိ ပတ္တိယာ၊ ချမ်းသာ လွယ်ကူသော အကျင့်ပဋိပတ်ဖြင့်။ ပါပုဏန္တု၊ မကွေ့မကောက် ဆိုက်ရောက်ကြပါစေသတည်း။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံပဇံ။

သဒ္ဓမ္မော၊ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မတည်း ဟူသော သုံးဖြာသော သူတော်

ကောင်း တရားသည်။ လောကေ၊လောက၌။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊
တည်တံ့ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ
သတ္တဝါတို့သည်။ ဓမ္မေ၊ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော
တရားတော် မြတ်၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိသဖြင့် ကောင်
စွာ ကျင့်သုံး အားထုတ်ကြကုန်သည်။ဟောန္တု၊ဖြစ်ပါစေကုန်သတည်း၊
ဒေဝေါ၊ မိုးသည်။ ကာလေန၊ ရွာသင့် ရွာထိုက်သော အချိန်အခ
ကာလ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာသွန်းပါစေသတည်း၊
ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ မင်းကောင်း မင်
မြတ်တို့သည်။ ပဇံ၊ တိုင်းသားပြည်သူ အပေါင်းကို။ ဓမ္မေန၊ တရာ
သဖြင့်။ ရက္ခိံသုယထာ၊ စောင့်ရှောက်ကြကုန်ဘိသကဲ့သို့။ တထေဝ
ထိုအတူပင်လျှင်။ ဣမံ ပဇံ၊ ဤတိုင်းသားပြည်သူအပေါင်းကို။ ရာဇာ
မင်းသည်။ အတ္တနော ပဇံ ဣဝ။ မိမိ၏ အိမ်တော်သူ အိမ်တော်သာ
အပေါင်းကိုကဲ့သို့။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပ
စေသတည်း။

အဲဒါက အများအဘွက်ပြုတဲ့အာသီသ ဖြစ်ပါတယ်၊ အဲဒီလိုအာသီသ
ပြုပြီးတော့ ဒီအဋ္ဌသာလိနီကျမ်းကြီးကို ကြာရှည်စွာ တည်တံ့ပါစေဆို
အကြောင်းကိုလဲ အာသီသပြုသွားပါတယ်။

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ ပညာဝိသုဒ္ဓိယာ။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သုဒ္ဓစိတ္တဿ
စင်ကြယ်သောစိတ်နှလုံးရှိတော်မူသော။ တာဒိနော၊ ဣဋ္ဌ,အနိဋ္ဌအာ
နှစ်ခုကို အဘူပြု၍ ရှုနိုင်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူ
သော။ လောကဇေဋ္ဌဿ၊ တလောကလုံးထက်အကြီးအကဲ အမြင့်မြ
ဆုံး ဖြစ်တော်မူပေသော။မဟေသိနော၊သီလက္ခန္ဓ စသည်ကျေးဇူး ဂု
အထူးကို ဆည်းပူးရှာမှီးလေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား
ဗုဒ္ဓေါတိ နာမမ္ပိ၊ ဗုဒ္ဓဟူသောအမည် ဘုရားဟူသောအမည်မျှ

လည်း။ လောကမှိ၊လောကဌ်။ ပဝတ္တတိ၊ ဖြစ်လျက်ရှိသေး၏။ တာဝ၊ ထိုသို့ ဗုဒ္ဓဟူသော အမည်နာမ ဘုရားဟူသော အမည်နာမ တည်ရှိသေး သမျှကာလပတ်လုံး။ လောကနိတ္ထရဏေသီနံ၊ လောကမှထွက်မြောက်ရာ နိဗ္ဗာန်ကို ရှာမှီးလေ့ရှိကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား။ ပညာဝိသုဒ္ဓိယာ၊ ဉာဏ်ပညာစင်ကြယ်ခြင်း၏။ နယံ၊ နည်းနိဿယကို။ ဒဿေန္တီ၊ ဖော်ပြလျက်။ အဋ္ဌသာလိနီနာမ၊ အဋ္ဌသာလိနီအမည်ရှိသော။ အယံ ဓမ္မသင်္ဂဟအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီပါဠိတော် အဖွင့်ဖြစ်သော ဤအဋ္ဌကထာကျမ်းကြီးသည်။လောကသို့၊ လောကဌ်။ တိဋ္ဌတု၊ မကွယ်ပဘဲ တည်မြဲဘည်ဘုံ့ပါစေသတည်း။

အဲဒီလိုအာသီသပြုပြီးတော့ ဒီအဋ္ဌသာလိနီကျမ်းကို အပြီးအဆုံးသတ်သွားပါတယ်ဘုရား။

သို့ဖြစ်၍ ဘုရားတပည့်တော်လျှောက်ထားခဲ့သော ကြည်ညိုဘွယ်ရာမှတ်သားဘွယ်ရာ ဂုဏ်များနှင့်တကွ မလျှောက်ထားရဘဲ ကြွင်းကျန်နေသော များလှစွာသော ကြည်ညိုဘွယ် မှတ်သားဘွယ် အနက် အဓိပ္ပါယ်တို့နှင့်ပြည့်စုံသော အဋ္ဌသာလိနီအမည်ရှိသော ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းကြီးကို အစဉ့်ရောက်ရာအရပ်မှစ၍ တပေါင်းတည်းအညီအညွတ်ရွတ်ဆိုကာ ဝမ်းမြောက်ဝမ်းသာနှင့် သံဂါယနာတင်ကြပါစို့ သက်တော်ရှည် အရှင်ဘုရားတို့။

# အဋ္ဌကထာသံဂါယနာ ပဌမသန္နိပါတ စီစစ်ခဏ်း ပြီးပြီ။

ကောင်း တရားသည်။ လောကေ၊လောက၌။စိရံ၊ကြာမြင့်စွာ။တိဋ္ဌတု၊ တည်တံ့ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော တရားတော် မြတ်၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိသဖြင့် ကောင်းစွာ ကျင့်သုံး အားထုတ်ကြကုန်သည်။ဟောန္တု၊ဖြစ်ပါစေကုန်သတည်း။ ဒေဝေါ၊ မိုဃ်းသည်။ ကာလေန၊ ရွာသင့် ရွာထိုက်သော အချိန်အခါ ကာလ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာသွန်းပါစေသတည်း။ ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ မင်းကောင်း မင်းမြတ်တို့သည်။ ပဇံ၊ တိုင်းသားပြည်သူ အပေါင်းကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခိံသုယထာ၊ စောင့်ရှောက်ကြကုန်ဘိသကဲ့သို့။ တထေဝ၊ ထို့အတူပင်လျှင်။ ဣမံ ပဇံ၊ ဤတိုင်းသားပြည်သူအပေါင်းကို။ ရာဇာ၊ မင်းသည်။ အတ္တနော ပဇံ ဣဝ။ မိမိ၏ အိမ်တော်သူ အိမ်တော်သား အပေါင်းကိုကဲ့သို့။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။

အဲဒါက အမျှားအဘွက်ပြုတဲ့အာသီသ ဖြစ်ပါတယ်၊ အဲဒီလိုအာသီသ ပြုပြီးတော့ ဒီအဋ္ဌသာလိနီကျမ်းကြီးကို ကြာရှည်စွာ တည်တံ့ပါစေဆိုတဲ့ အကြောင်းကိုလဲ အာသီသပြုသွားပါတယ်။

တာဝ တိဋ္ဌတု လောကသ္မိံ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တီ ကုလပုတ္တာနံ၊ နယံ ပညာဝိသုဒ္ဓိယာ။
ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနော။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သုဒ္ဓစိတ္တဿ၊ စင်ကြယ်သောစိတ်နှလုံးရှိတော်မူသော။ တာဒိနော၊ ဣဋ္ဌ,အနိဋ္ဌအာရုံ နှစ်ခုကို အဘူပြု၍ ရှုနိုင်သောကြောင့် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူပေသော။ လောကဇေဋ္ဌဿ၊ တလောကလုံးထက်အကြီးအကဲ အမြင့်မြတ်ဆုံး ဖြစ်တော်မူပေသော။မဟေသိနော၊သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ် အထူးကို ဆည်းပူးရှာမှီးလေ့ကျက်တော်မူပြီးသော မြတ်စွာဘုရား၏။ ဗုဒ္ဓေါတိ နာမမ္ပိ၊ ဗုဒ္ဓဟူသောအမည် ဘုရားဟူသောအမည်မျှသည်

လည်း။ လောကမှိ၊လောကဥ္စ။ ပဝတ္တတိ၊ ဖြစ်လျက်ရှိသေး၏။ တာဝ၊ ထိုသို့ ဗုဒ္ဓဟူသော အမည်နာမ ဘုရားဟူသော အမည်နာမ တည်ရှိသေး သမ္မာကာလပတ်လုံး။ လောကနိတ္ထရဏေသိနံ၊ လောကမှထွက်မြောက်ရာ နိဗ္ဗာန်ကို ရှာမှီးလေ့ရှိကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား။ ပညာဝိသုဒ္ဓိယာ၊ ဉာဏ်ပညာစင်ကြယ်ခြင်း၏။ နယံ၊ နည်းနိသျှယကို။ ဒဿေန္တီ၊ ဖော်ပြလျက်။ အဋ္ဌသာလိနီနာမ၊ အဋ္ဌသာလိနီအမည်ရှိသော။ အယံ ဓမ္မသင်္ဂဟအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီပါဠိတော် အဖွင့်ဖြစ်သော ဤအဋ္ဌကထာကျမ်းကြီးသည်။လောကသ္မိံ၊ လောကဥ္စ။ တိဋ္ဌတု၊ မကွယ်ပဘဲ တည်မြဲဘည်ဘုံပါစေသတည်း။

အဲဒီလိုအာသီသပြုပြီးတော့ ဒီအဋ္ဌသာလိနီကျမ်းကို အပြီးအဆုံးသတ်သွားပါတယ်ဘုရား။

သို့ဖြစ်၍ ဘုရားတပည့်တော်လျှောက်ထားခဲ့သော ကြည်ညိုဘွယ်ရာ မှတ်သားဘွယ်ရာ ဂုဏ်များနှင့်တကွ မလျှောက်ထားရဘဲ ကြွင်းကျန်နေသော များလှစွာသော ကြည်ညိုဘွယ် မှတ်သားဘွယ် အနက် အဓိပ္ပါယ်တို့နှင့် ပြည့်စုံသော အဋ္ဌသာလိနီအမည်ရှိသော ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာကျမ်းကြီးကို အစဉ်ရောက်ရာအရပ်မှစ၍ တပေါင်းတည်း အညီအညွတ်ရွတ်ဆိုကာ ဝမ်းမြောက်ဝမ်းသာနှင့် သံဂါယနာတင်ကြပါစို့ သက်တော်ရှည် အရှင်ဘုရားတို့။

# အဋ္ဌကထာသံဂါယနာ ပဥ္စမသန္နိပါတ စိစစ်ခဏ်း ပြီးပြီ။

နှ·ဗ·သ စ—၈၁၂—၁၉·၈·၅၈—၃,၀၀၀